www.burmeseclassic.com

BURMESE CLASSIC .com

# ကလျာ(ဝိဇ္ဇာ၊သိပ္ပံ)

## နွမ်းအတိတ်ဆီမှ..

လုံးချင်းဝတ္ထု

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# နွမ်းအတိတ်ဆီမှ

## ကလျာ(ဝိဇ္ဇာ–သိပ္ပံ)

ပထမအကြိမ် – ၁၉၇၇ ခုနှစ်၊ ဇူလိုင်လ
ဒုတိယအကြိမ် – ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၇၂ /၂၀၀၂ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၀၉၃/၂၀၀၂ (၁၂)
ထုတ်ဝေသူ
ဦးတင့်လွင်
အမှတ် (၆၀၅)၊
ဩဇမွှာလမ်း
ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁)

တီးတိန်းမြို့
ဒီဇင်ဘာ ၁၅ ရက်။

ကိုထွေးရေ

ငေးသီမြင့်ခေါင်တဲ့ ချင်းတောင်တစ်ပြင်လုံး နှင်းငွေ့တွေ ဖုံးနေပြီကွယ်။

ဝဲယာရှေ့နောက် မျက်စိတစ်ဆုံး၊ ဟိုး မိုးကုတ်စက်ဝိုင်းတွေထိအောင် လွင့်ပြန့်ကျယ်ဝန်းလှတဲ့ တောင်သွယ်တောင်တန်းတွေ အားလုံးမှိုင်းပြ ညိုမောင်းလို့နေတယ်ကွယ်။

တောင်တွေကလည်း အထပ်ထပ်အလွှာလွှာ အမြင့်မြင့်အနိမ့်နိမ့်တွေနဲ့ဆိုတော့ မလေးတို့ဆီက မြစ်ပြင်မှာ လှိုင်းတွေ ထန်နေသလိုပါပဲလေ။

မြင်ကွင်းရှေ့မှာ နှင်းလွှာတွေ တစ်ထပ်ပြီးတစ်ထပ် ခံနေလေတော့ အားလုံးသော ရှုခင်းတွေဟာ ဝေသီမှိုင်းဝါးနေပါတယ်ကိုထွေး။

ထာဝရမကြည်သာတဲ့ မလေးရဲ့ ရင်ကို ဒီပတ်ဝန်းကျင်တွေက ပိုမို လေးလံစေတယ်၊ နာကျင်စေတယ်။ ပင်ပန်းစေတယ်။ အို ဓေဒနာ အထွေထွေကို ပေးခွင်း ဖြစ်ထွန်းစေခဲ့ပါတယ် ကိုထွေးရယ်။



www.burmeseclassic.com

www.burmeseclassic.com

မလေး ဘာရေးရမလဲ။ မရေးချင်ဘူး၊ ငိုချင်တယ်
ကိုထွေး...။

ကိုထွေးနဲ့ အဝေးဆုံးနေရာကို ပြေးလာရတဲ့ မလေးဟာ ကိုထွေးနဲ့ အနီးဆုံးနေရာကို ပြန်ရောက်နေပြန်တယ်။ မလေးရဲ့ ခန္ဓာတော့မဟုတ်ဘူး။ စေတနာတွေ၊ မေတ္တာတွေ၊ ကရုဏာတွေ၊ သံယောဇဉ်တွေ အုံဖွဲ့ထားတဲ့ မလေးရဲ့စိတ်။

သား... နေကောင်းလားဟင်။ မလေးရဲ့ စိတ်စေတနာအတိုင်းသာ ဖြစ်လာစတမ်း ဆိုခဲ့ရင် ကိုထွေးတို့သားအဖဟာ ကမ္ဘာပေါ်မှာ အကြွယ်ဝဆုံး၊ အမြင့်မားဆုံး၊ စွမ်းပကားအရှိဆုံး တန်ခိုးတော်ရှင်ကြီး တွေ ဖြစ်လာမှာ အသေအချာပါပဲ။

မလေးတို့အိမ်ရှေ့က တောင်ရိပ်ကျနေတဲ့ မြေမြင့်မှာလေ ဖွေးဆွတ် ဖြူလွနေတဲ့ နှင်းခဲမွှမွှလေးတွေ၊ ရေစက်လေးတွေ စုခဲနေတဲ့ ရေခဲစုလေးတွေကို ကြည့်ပြီး ကိုထွေးကို ပြချင်စိတ်နဲ့ မလေး လွမ်း လိုက်တာကွယ်။

အို... ရေခဲပြင်ကို မြင်လည်းလွမ်းတာပဲ၊ နေခြည်နုထွေးကို မြင်လည်း မလေး လွမ်းတာပဲ ကိုထွေးရဲ့။

တော်ပြီကွယ်။

မလေးရဲ့ စာတွေဟာ ဟိုရောက် ဒီရောက်နဲ့ အဓိပ္ပာယ်ကောက်ရ ခက်လှမယ်နော်။

မလေး နိဂုံးချုပ်မယ်။

ကိုထွေးကိုချစ်တယ်။
လွမ်းတယ်။
ဒါပဲကွယ်။





ထုံးစံအတိုင်းပင် မလေး၏ စာရွက်လေးများသည် ယခင် ရေးပြီးသား စာရွက်ထပ်များအောက်သို့ ထပ်ထည့်လိုက်ရပါ၏။

ရက်ကြာလာသည်နှင့်အမျှ စာရွက်ထပ်က မြင့်မြင့်တက်လာသည်။ မလေးသည် ကိုထွေးအတွက် ထာဝရ စာရေးနေသူ ဖြစ်ပါ၏။ ရင်မှ ခံစားချက်များကို စာရွက်ပေါ်သို့ ဖွင့်အံ ပို့ချနေခြင်းလည်း ဖြစ်ပါသည်။

သို့ပါသော်လည်း မလေးရေးသမျှ စာများစွာမှာ ကိုထွေးထံသို့ တစ်စောင်တလေမျှ ရောက်ရှိလာမည်မဟုတ်ပါ။ ရေးပြီးသမျှ စာများစွာမှာ မလေး၏ စာအုပ်စင်တွင်သာ တင်ရှိနေဆဲ ဖြစ်ပါသည်။

မလေး၏ ရင်တွင်းခံစားမှုများကို ကိုထွေး သိစေချင် သည်ကဖြင့် အမှန်ပါ။ မလေးဘဝက မတင်ပြရဲသော၊ မသိ စေဝံ့သော အဖြစ်မျိုးမို့၊ မလေး ပုန်းလျှိုးကွယ်ပျောက်နေရုံမက စာလွှာလေးများပင် မစေပါးနိုင်သော ဘဝပါ။ ကိုထွေးတို့သာ အဆင်ပြေကြပါစေရှင်။

"ဆရာမ...ဆရာမ"

အပြင်မှ ခေါ်သံကြောင့် စီးနေဆဲမျက်ရည်များကို သိမ်းဆည်းသုတ်သင်ရပါ၏။

"ဆရာမ ခေါ်ပြည့်ပြည့်ဖြိုးခင်ဗျား"

ချင်းသံဝဲဝဲနှင့် ဆက်လက်ခေါ်နေသံကြောင့် မလေးမှာ ထာဝရ ပိတ်ထားသော တံခါးတစ်ချပ်ကို လှစ်ဟ ကြည့်လိုက်ရသည်။

"ဪ၊ လှျံဇာကမ်းပါလား"

"ဟုတ်တယ်"

"ဦးမြင့်အောင်က ဆရာမကို ကြေးနန်းစာ ပေးခိုင်းလိုက်လို့ပါ"

"အင်း၊ ကျေးဇူးပဲ၊ ကျေးဇူးပဲ"

"ကျွန်တော် သွားမယ်"

"ကောင်းပါပြီ လှျံဇာကမ်း"

တရားယောဆရာ လှျံဇာကမ်းသည် နှင်းကြွေတောထဲသို့ထွက်ခွာသွားလေပြီ။

www.burmeseclassic.com

လမ်းမပေါ်မှ နှင်းစက် နှင်းငွေ့လေးများသည် လေနှင့် အတူ ပွင့်ဟနေသော တံခါးရှေ့မှ မလေးကို အတင်း တိုးဝှေ့ တိုက်ခတ်သည်။ ချင်းတောင်၏ ဆောင်းဒဏ်ကို ကျင့်သားရ ပြီးသား မလေးပင်လျှင် အသည်းခိုက်အောင် ရိုးတွင်းချင်ဆီ တစ်လျှောက် အေးစက်ကျင်ခဲ့သွား တော့သည်။

"ကြေးနန်းစာက ဘာများပါလိမ့်"

သိချင်ဇောဖြင့် တံခါး အမြန်ပိတ်ပြီး စာအိတ်ကို ဖွင့် ဖတ်ရသည်။

*"ဒီဇင်ဘာ ကျောင်းပိတ်ရက်မှာ သမီး ဆက် ဆက် ပြန်ခဲ့ပါ"*

*မေမေဒေါ်အေးသွယ်*

*တွံတေးမြို့။*

စာရွက်ကို ပြန်ခေါက်ပြီး စာအိတ်တွင်းသို့ထည့်သော မလေး၏ လက်များသည် လေးကန်လှပါချေ၏။

"မေမေရယ်၊ ဒီမြေကို သမီး ခြေမချချင်တော့ဘူးဆိုတာ မေမေ သိပါစေတော့၊ မတင်ပြရဲတဲ့ သမီးရဲ့အဖြစ်တွေ မေမေ သိနှင့်ပြီး ပါစေတော့ရှင်"

"သမီး မလာပါရစေနဲ့၊ ကိုထွေးနဲ့ တွေ့ရမှာ ကြောက်လွန်းလို့ပါ မေမေရယ်"

မတွေ့မမြင်နိုင်သောနေရာမှ ချစ်မေမေ၏ မှာတမ်းကို ငြင်းဆို နေမိသည်။ မလေးဖြတ်သန်းခဲ့ရသော အတိတ်လမ်းတွင် အခန်းကဏ္ဍ များစွာဖြင့် ရှုပ်ထွေးနေခဲ့သည်။ ယင်းပြဿနာများကို မေမေ မသိ၍သာ တစ်မှာတည်းမှာနေခြင်း ဖြစ်ပါမည်။

ဆရာမလေး ပြည့်ပြည့်ဖြိုး အမည်ခံ မလေးဆိုသော မိန်းမလှလေး တစ်ယောက် ဤလောကအတွင်း မှီတင်းနေထိုင်ခြင်း ရှိနေသေးသည် ဆိုသောစာရင်းမှပင် ပယ်ဖျက်စေချင်သည်။ အသက်ရှင်ခြင်း၏ ဟိုမှာ





ဘက်ဖြစ်သော သေလွန်ခြင်းဟူသည့် ငြိမ်သက်ခြင်း ကမ္ဘာဆီသို့ ဖြတ်ကျော်ရန် ဝံ့ရဲသောသတ္တိ မလေးမှာ မရှိ၍သာ ဤခန္ဓာဖြင့် မလေး ဆက်လက်လှုပ်ရှားနေရခြင်း ဖြစ်ပါ၏။

ဤဝေးခေါင်လှသော ချင်းတောင်သို့ ထွက်ပြေးလာပြီး ရာသက် ပန်ဘဝကို မြှုပ်နှံ၍ နေပါတော့မည်ဟူ၍ ဆုံးဖြတ်ခဲ့ မိသော်လည်း...

ကိုယ့်မိဘ ကိုယ့်ညီအစ်ကို မောင်နှမ စသော မိသားစုများက မလေးကို မစွန့်လွှတ်နိုင်ကြ။ သောကအဟုန်ကြီးစွာဖြင့် ဆက်သွယ် မှာယူနေကြသည်။

မလေး အနေနှင့်လည်း တစ်ဖက်သော ပြဿနာများ ရှိ၍သာ ထွက်ပြေးလာရခြင်း ဖြစ်သော်လည်း ကိုယ့်မိသားစုအပေါ် တွင် သံယော ဇဉ် ကြီးမားနေဆဲသာ။

သို့ပါသော်လည်း ဇာတိမြေသို့ ခြေမချချင်မိ။ ရန်ကုန် ဆိုသော မြို့ကိုလည်း ခြေဦးပင် မလှည့်ချင်။ ဤမြို့ရှိ တက္ကသိုလ် ပရဝုဏ်တွင် ပြဿနာပေါင်းစုံတို့ ဖြစ်ထွန်းခဲ့ရာ အသည်းနှလုံးတို့ ကြေကွဲခဲ့ရာ မြေဖြစ်သဖြင့် မလေး တွေးပင်မတွေးချင်။ မေ့ပစ်ချင်သည်။ မလေး၏ မွေးရပ်မြေ "တွံတေးမြို့"သို့ ပြန်လျှင် ကိုထွေးရှိရာ မြေကို ခြေချရပေ ဦးမည်။ တွေ့ဖို့ ခဲယဉ်းမည်၊ ဆုံဖို့မလွယ် ဆိုသော်လည်း ရင်နာဖွယ် ဒေသကို ခြေမချလို တော့ပါ။ ဝေးလက်စနှင့် မလေး တစ်ယောက် ပို၍ဝေးသော ဒေသမှာသာ ထာဝရ နေလိုပါပြီမို့...

"မေမေရယ်၊ သမီး မပြန်ပါရစေနဲ့၊ သမီး မလာခဲ့ပါရ စေနဲ့နော်"

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

"မြန်မာချင်းမို့ မိတ်ဆွေ ဖြစ်ချင်တာကလည်း အဓိကပါပဲ"

"ဪ ဟုတ်ကဲ့ပါ"

"နောက်ပြီး မှန်တာပြောရရင် ပြည့်ပြည့်ဖြိုးဆိုတဲ့ နာမည်ကိုလည်း စိတ်ဝင်စားမိလို့ ကြည့်ချင်တာလည်း ပါပါတယ်"

"ကလေးဘဝကစလို့ အမေ မှည့်ပေး ထားခဲ့တာပါ ရှင်၊ ခုတော့လည်း မြင်တဲ့အတိုင်း နာမည်နဲ့ တခြားစီ ပိန် ကပ်လို့ပဲနော်"

"မပိန်ပါဘူး၊ ကျစ်လျစ်တောင့်တင်းတာပါ၊ နာမည်နဲ့ သိပ်လိုက်ပါတယ်"

"ကိုရဲဇော်လင်း"၏ စကားကြောင့် မလေးမှာ တိမ်ညွှန့်များဆီသို့ မော့ကြည့်ထားလိုက်ရသည်။

"ကျွန်တော့်နာမည်ကိုရော ပြည့်ပြည့်ဖြိုး ဘယ်လို မြင် သလဲ"

"တောက်ပ လွှမ်းမိုးမယ့် အဓိပ္ပာယ်ပါပဲ"

သူက လှိုက်လှဲ နှစ်ခြိုက်စွာ ပြုံးသည်။ မလေးမှာ မိတ်ဆက်ပေးသော ချင်းအမျိုးသား ကျောင်းဆရာ ဦးတောင်ဇာခမ်းကို အားနာ၍သာ ဆက်လက်၍ ရပ်နေရသည်။ ဤနေရာမှ ထွက်ခွာလိုလှပါပြီ။ ရုတ်တရက်မို့ စကားစကလည်း ရှာမရကြ။ နာမည်များကို အဓိပ္ပာယ်မဲ့ သရုပ်ခွဲနေမိကြသည်။





"ဆရာမ မပြန်သေးဘူးလား"

"အခု ပြန်တော့မှာပဲ ဦးတောင်ဇာခမ်း၊ အတော်ပဲ၊ မလေးလည်း 'ဇကိုးလမ်း' ဘက်သွားမလို့"

မလေးက ကျောင်း၏ ရှေ့မျက်နှာစာဘက်ရှိ သူ နေထိုင်ရာ သေးလမ်းရပ်ကွက်ဆီသို့ မပြန်သေးဘဲ ဦးတောင်ဇာခမ်း နေထိုင်သည့် ဇကိုးလမ်းဘက်ဆီသို့ လိုက်ခဲ့ရန် စကားစလိုက်သည်။ သို့မှသာ ရဲဇော်လင်းနှင့် လမ်းခွဲနိုင်ပါလိမ့်မည်။ ရဲဇော်လင်းက မြို့လယ်မှ ဆောက်လုပ်ရေး ဗိုလ်တဲတွင် လာရောက် တည်းခိုနေသည် ဆိုသူ။

"ကျွန်တော် အိမ်မပြန်သေးဘူး၊ ကျွန်တော့်အစ်မ အိမ်မှာ ဝင်သွား သွားယူဦးမယ်၊ ကဲ၊ ဆရာနဲ့ ဆရာမ စကား ပြောနေခဲ့ကြပါဦး၊ ကျွန်တော့်ကို ခွင့်ပြုပါ၊ ကျွန်တော် သွားတော့မယ်"

ချင်းသံဝဲဝဲဖြင့် တစ်ဆက်တည်း ပြောဆိုပြီး ထွက်သွားသော ဆရာဦးတောင်ဇာခမ်းကို ကြည့်ပြီး မလေး စိတ်ညစ်သွားမိသည်။

"မလေးလို့လည်း ခေါ်တယ်လား"

"ဟုတ်ကဲ့ပါ၊ မလေးကိုယ်တိုင်လည်း မလေး ဆိုတာကို ပိုပြီး နှစ်ခြိုက်ပါတယ်"

"ကျွန်တော်ကတော့ မလေးဆိုတာ ရိုးတယ် ထင်မိတယ်၊ ပြည့်ပြည့်ဖြိုး ဆိုတာက ပိုလှတယ်၊ ပိုပြီး လိုက်တယ်"

"ဟုတ်ကဲ့ ကိုရဲဇော်လင်း၊ မလေးကို ခွင့်ပြုပါဦးရှင်၊ မလေး သွားတော့မယ်နော်"

"ကျွန်တော်လည်း ဇကိုးလမ်းဘက် လမ်းလျှောက် လိုက်ခဲ့ပါရစေ"

"အဲဒီဘက် မသွားတော့ပါဘူးလေ၊ သိပ် အေးလာပြီ၊ အိမ်ပဲ ပြန်တော့မှာပါ"

"ဒါဖြင့်လည်း ကျွန်တော်ပါ မလျှောက်တော့ပါဘူး၊ ပြည့်ပြည့်ဖြိုးနဲ့ပဲ လိုက်ခဲ့တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ခက်ချေပြီ။ ငေါက်ငမ်း၍ နှင်လွှတ်ရမည့် အရွယ်လည်း မဟုတ်။ ကွေ့ရှောင်စရာ နည်းလမ်းလည်း မရှိတော့ပါ၍ မလေးမှာ ဖြည်းညင်း ညင်သာစွာ လှမ်းထွက်လာရသည်။ မလေး၏ နောက်တွင် ရဲဏီလင်းက ထက်ကြပ်မကွာ လိုက်ပါလျက်။

ပတ်လည်တွင် ချယ်ရီပင်နှင့် ထင်းရှူးပင်များ စီခြယ် စိုက်ပျိုးထားသော စတုရန်းတစ်ဖက်ဖွင့်ပုံ တစ်ထပ်ကျောင်းဆောင် ပုပုလေးများ ရှိရာ တီးတိန်မြို့၏ တစ်ခုတည်းသော အထက်ကျောင်းကို ကျောခိုင်းလျက် မလေးတို့ ထွက်လာခဲ့ကြခြင်း ဖြစ်သည်။

ကျောင်းရှေ့ရှိ တင်းနစ်ကွင်းဘေးမှ ဖြတ်လျှောက်လာ ခဲ့ကြရသည်။ လွန်ခဲ့သည့် သုံးရက်က ကိုရဲဏီလင်းကို ဤ တင်းနစ်ကွင်း၌ မလေး စတင်တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။

နှစ်ရက်တိုင်တိုင် ရက်ကက်ကို ကိုင်ပြီး မလေးကို အသေအချာ ငေးကြည့်နေ၍ ကစားဖော်များပင် ရပ်တန့်နေ ကြရသည့် အဖြစ်ကို မလေး မြင်ခဲ့ရသည်။ ရှက်ရှက်နှင့် ခေါင်းငုံ့လျက်ပင် တင်းနစ်ကွင်း၏ အထက်ဆင့် တောင်ကုန်းပေါ်တွင် ရှိသော မလေး၏ စာသင်ဆောင်သို့ တက်လှမ်းခဲ့ ရပြီးလေပြီ။

ယနေ့တွင်မူ သဘောကောင်းလှသော ဆရာ ဦးတောင်ဖာခမ်းကို ဘယ်လိုက ဘယ်လို စည်းရုံးခဲ့သည် မသိ၊ မလေး ကျောင်းဆင်းချိန်တွင် ဦးတောင်ဖာခမ်း နှင့်အတူ ကိုရဲဏီ လင်း ရောက်ရှိနေခြင်း ဖြစ်သည်။ မလေးနှင့် မိတ်ဆက်စကားဆိုအပြီး မိတ်ဆွေများ အဖြစ် သတ်မှတ်ပြီး ချိန်တွင် တစ်ယောက်တစ်လမ်းစီလမ်းခွဲကြရုံသာရှိသော်လည်း မလေး၏ ဘေးတွင် ကိုရဲဏီလင်း ပါရှိလာနေဆဲ ဖြစ်သည်။

"သိပ်လှတဲ့ ရှုခင်းတွေပါပဲဗျာ၊ ဒီဇင်ဘာဆိုတော့ ချယ်ရီတွေက လည်းပွင့်နေပြန်၊ တောင်ခိုးနဲ့ နှင်းငွေ့တွေကလည်း ရောယှက်လွှမ်းမိုးနေတာ တကယ် ချစ်စရာပါပဲ"

"ကဗျာဆန်တဲ့ အမြင်နဲ့ ဆိုရင်တော့ ဟုတ်ပါရဲ့ရှင်၊ ဒါပေမယ့် ချမ်းလိုက်ကတော့ အရိုးကွဲမတတ်ပါပဲ"

"ဟဲ...ဟဲ၊ ကျွန်တော် ကဗျာဆရာ မဟုတ်ပါဘူး ပြည့်ပြည့်ဖြိုးဖြိုးပဲ၊ ခံစားရတာတွေ၊ မြင်ရတာတွေကို တင်ပြနေတာပါ"

"ရာသီဥတုက သိပ်ပြီး ပြင်းထန်တယ်"

"အသေအချာ မခံစားရသေးလို့လားတော့ မသိဘူး၊ ကျွန်တော်ကတော့ ချင်းတောင်ကို သိပ် သဘောကျနေပါပြီ၊ ဒါပေမယ့် ကျွန်တော်က ဧည့်သည်ပါ၊ ပြန်ရတော့မှာပါ"

"ဪ ဟုတ်လား"

မလေးက ဝမ်းပန်းတသာ တုံ့ပြန်မိသည်။ သူက ဧည့်သည်ပါ၊ ကြာမီ ပြန်ရမည်ဆို၍ မလေးရင်ပေါ့သွားမိသည်။ သူနှင့် ပတ်သက်လို့ စိတ်ကျဉ်းကြပ်နေမှုများပင် ပြေလျော့ကုန်တော့သည်။

အမှန်တော့ မလေး၏ ကိုယ်ခန္ဓာဝန်းကျင် အသည်း နှလုံးသားအနီးနားတွင် ဘယ်သို့သော အမျိုးသားမှ နားခိုတွယ်တာခွင့် မပေးခဲ့ပါ။ ကိုထွေးကို ချစ်ရသော မေတ္တာအဟုန်သည် ကြီးမားသော တံတိုင်းကြီးများသဖွယ် မလေး၏ကိုယ်ခန္ဓာနှင့် အသည်းနှလုံး၏ ဘေးပတ်လည်ဆီ၌ ဆီးတား ကွယ်ကာ ထားကြလေသည်သာ။

"ဒါနဲ့ ဒီမြို့ ရောက်တာ ကြာပြီလား"

"တစ်နှစ်ရှိပါပြီ"

"မိသားစုနဲ့ နေတာပေါ့နော်"

"မဟုတ်ပါဘူး၊ မိတ်ဆွေတစ်ယောက်အိမ်မှာ နေတာပါ၊ မိဘတွေက တွံတေးမှာပါ"

"ဟင်၊ တွံတေးမှာ"

"ဟုတ်ပါတယ်"

"တွံတေးသူက တီးတိန် ရောက်ရတယ်လို့ဗျာ၊ တဝဲမှု မြို့တွေချည်းပဲ၊ တိုက်တိုက်ဆိုင်ဆိုင်"

"ဒီလိုပေါ့လေ"




www.burmeseclassic.com

www.burmeseclassic.com



"ဒီကို ပို့စတင် ချလိုက်လို့လား၊ ဝေးလိုက်တာဗျာ၊ တစ်ယောက်တည်း လာနေရတာ"

"သက်ဆိုင်ရာ ပညာရေးဌာနက စေလွှတ်တာ မဟုတ်ပါဘူး၊ မလေး ကိုယ်တိုင် ချင်းတောင်ကို လာချင်လို့ တမင်လျှောက်ယူတာပါ"

"ဘာလဲ၊ ကိုယ့်သွေးချင်း တိုင်းရင်းသားတွေကို အကျိုးပြုကျေးဇူး ဆပ်မယ်ဆိုတဲ့ ခံယူချက်ကြောင့်လား ပြည့်ပြည့်ဖြိုး"

"မှန်တာ ဝန်ခံရရင်တော့ မဟုတ်ဘူးရှင့်"

"ဗျာ"

"ဒီချင်းတောင်ကို လာဖို့ ရည်ရွယ်တုန်းကတော့ ချင်း သွေးမျိုးတွေနဲ့နေချင်လွန်းလို့ မဟုတ်ပါဘူး၊ ကိုယ့် ဇာတိမြေမှာ မနေချင်လွန်းလို့ အဝေးခေါင်ဆုံးနေရာကို ရှာပြီးပြေးလာခဲ့တာပါ၊ ဒါပေမယ့် ခုတော့လည်း"

"ခုတော့ ပြန်ချင်နေပြီလား"

"ဒီမှာပဲ တစ်သက်လုံး နေဖြစ်လိမ့်မယ် ထင်ပါရဲ့ကို ရဲဏီလင်း မလေး စကားမဆုံးသေးပါဘူးရှင်"

"လုပ်ပါ၊ ဆက်ပါဦး"

"အဲဒီကို လာတုန်းက ကိုယ့်အကြောင်းနဲ့ ကိုယ်ပါပဲ၊ ဒါပေမယ့် ဒီကို ချစ်လို့လာတာ မဟုတ်ပေမယ့် အခုတော့ ဒီမှာ လာနေရင်းနဲ့ ချစ်သွားရပါပြီ၊ မလေး ဒီမှာ အကြာကြီး ဆက်နေမှာပါ ကိုရဲဏီလင်း"

"ဒီလောက် နုနယ်လှပတဲ့ မိန်းကလေးတစ်ယောက်မှာ ကြမ်းတမ်းတဲ့ အတိတ်နွမ်း ရှိခဲ့လိမ့်မယ်လို့ ကျွန်တော် မယုံကြည်ပါဘူး ပြည့်ပြည့်ဖြိုး၊ ဒါပေမယ့် ဘယ်လိုအကြောင်းတွေကြောင့်များ ဒီနေရာထိအောင် ထွက်ခဲ့ရတယ် ဆိုတာလေးတော့ ကျွန်တော် သိခွင့်ရရင် သိပါရစေလားဗျာ"

"ဝမ်းနည်းပါတယ် ကိုရဲဏီလင်း၊ မလေး ဘယ်သူ့ကိုမှ မပြောနိုင်ပါဘူးရှင်"





"အကြမ်းဖျဉ်းလောက်ရောဗျာ၊ ဥပမာ- အိမ်တွင်းရေးလား၊ အချစ်ရေးလား ဆိုတာမျိုးလောက်ပါ"

ကိုစပ်စုကို မလေး လှည့်ကြည့် မိလိုက်သည်။ အားတိုက်ခွင့်ရသော သူ့အနေအထားက မာဒဂ်သေလွန်းပြီး ဝင်စားသူ ဖြစ်ဟန် မတူသည်။ သူသိချင်သော ပြဿနာကို မသိရမချင်း တစ်ဆစ်ပြီးတစ်ဆစ်၊ တစ်ရစ်ပြီးတစ်ရစ် လှည့်ပတ် မေးနေမည်မှာ သေချာပါ၍ မလေးက...

"မလေးဟာ အသည်းနုလုံးသေပြီး ဘဝကြေခဲ့ရတဲ့ မိန်းကလေး တစ်ယောက်ပါ ကိုရဲဏီလင်း"

"ကျွန်တော် မယုံဘူး"

"မလေး မညာတတ်ဘူး"

"တကယ်"

"သိပ်ကို သေချာပါတယ်"

"ဒီလောက် အလှတွေဝေနေတဲ့ မိန်းကလေး တစ်ယောက်မှာ အသည်းနုလုံးဒဏ်ရာဆိုတာ မရှိထိုက်ပါဘူး"

"ကိုယ့်အကြောင်းနဲ့ ကိုယ်ပေါ့လေ"

"ကုစားတတ်သူနဲ့တွေ့ရင် အမြန်ဆုံး ပျောက်ကင်းနိုင်တဲ့ ရောဂါမျိုးပါ"

"ကဲ၊ မလေး သွားပါရစေတော့ရှင်"

"ပြည့်ပြည့်ဖြိုး နေတဲ့အိမ်ရဲ့ ရှေ့ထိတော့ လိုက်ခွင့်ပြုပါဗျာ၊ နောက်ရက်တွေလည်း ကျွန်တော် မလာနိုင်တော့ပါဘူး၊ ကျွန်တော် မနက်ဖြန် ပြန်တော့မှာပါ"

"သြော် ဟုတ်ကဲ့"

သူ ပြောသည်များကို နားထောင်ပြီး ကိုယ့်အကြောင်း တစ်စိတ်တစ်ဒေသ ပြောပြသည်မှအပ ရဲဏီလင်း၏ အကြောင်းအရာများကို မလေးမမေးမြန်း မစပ်စုမိ။ ဆရာတောင်ဇာခမ်းက မြေပြန့်မှ ခေတ္တရောက်ရှိလာသော ဧည့်သည် ကိုရဲဏီလင်းဆိုသည်မှ လွဲ၍ မလေး



www.burmeseclassic.com

www.burmeseclassic.com

ဘာမှ ပို၍ မသိခဲ့ရ။ သိလည်း မသိချင်ပါ။

ခဏာတာကြုံ၍ ဆုံကြသည့်မှလွဲ၍ ရင်းနှီးခင်မင်စရာ၊ ပတ်သက်လာစရာ အကြောင်းမရှိပါ။ ခုတွေ့၊ ခုမြင်၊ ခုမေ့၊ ခုပျောက် ဆိုသည့် သဘောလောက်သာ စိတ်မှာမှတ်ယူပြီး ရဲဏီလင်းကို မိမိ၏ အနားမှ အမြန် ခွာစေလိုသည့်ဆန္ဒသာ မလေးတွင် ရှိသည်မို့...

"ကဲ၊ မလေးရဲ့အိမ်ကို ရောက်ပါပြီ၊ မလေးဝင်တော့ မယ်နော် ကိုရဲဏီလင်း"

"ကျွန်တော် တစ်ခါတည်း နှုတ်ဆက်ခဲ့ပါတယ်၊ မနက်ဖြန် ပြန်တော့မယ်"

"ကောင်းပါပြီရှင်"

"ကျွန်တော့်ကို မဖိတ်ခေါ် လက်မခံလိုတဲ့ ပြည့်ပြည့်ဖြိုး ရယ်၊ နောက်ထပ် ဆုံစည်းဖြစ်အောင် ကျွန်တော် ကြိုးစားပါဦးမယ်"

* * *





## အခန်း(၃)

လှိုင်းတို့မည်သည် ရေခြံသာဖြစ်ထွန်း၍ တွန့်ကောက် လှုပ်ရှားနေသည့် အသွင်ကို ပင်လယ်ပြင်၌ မျက်စိတစ်ဆုံး မြင် ရသည်သို့ပင်။

မြေလှိုင်းများအဖြစ် ကွေ့ကောက် နိမ့်မြင့်နေသော တောတောင်တန်း အသွယ်သွယ်မှာ မိုးကုတ်စက်ဝိုင်းတွင်းသို့ တိုးဝင်သွားသည့်အထိ ကျယ်ပြန့်စွာ လှိုင်းထန်နေသည့် အဖြစ်ကို ဤ ချင်းတို့တောင်တွင်သာ မြင်ခဲ့ရပါ၏။

တိမ်ငွေ့တိမ်မှိုင်ခဲတို့သည်ပင် ထာဝရတောင်၏ အထက်ကောင်းကင်ပြင်တွင် မရှိတတ်ကြပါ။ တစ်ခါတစ်ရံ တောင်ထက် နိမ့်ကျသော နေရာတွင်ရှိတတ်သည်။ အောက်ခြေ မြေပြန့်မှသာ မော့ကြည့်ခဲ့လျှင် မလေးရောက်ရှိနေသော တီးတိန်မြို့မှာ မိုးကောင်းကင်ကို ဖောက်ထွင်း ထိုးထွက်နေလောက်အောင် ရှည်ဝေး လွင့်မြင့်ပါလေမည်။

"ဆရာမ ထမင်းစားကြရအောင်ပါ"

ပြတင်းမှတစ်ဆင့် ချင်းတောင်ပြင် တစ်ပြန့်ကြီးကို ငေး မော ကြည့်နေသည့် မလေးမှာ ထမင်းစား ဖိတ်ခေါ်လာသော ဒေါ်လမ်းကျင်ဘက်သို့ လှည့်၍...

"ဒီနေ့ စောလှချည်လား အမေ"

"နွားနောက်သား ရထားလို့ သမီးကို ကျွေးချင်လှပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လမ်းကျင်မှာ အသားဟင်းလျာလေး ပါသည့်နေ့တွင် သူ့မျက်နှာ ရွှင်ပြနေတတ်သည်။ ချင်းတို့၏ ပင်တိုင်အစာ ဖြစ်သော မုန့်ညင်းရွက်ကို ရေလဲနှင့်ချက်ရသည့်အခါတိုင်း သူ့မျက်နှာ ညှိုးငယ်နေတတ်သည်။

အောက်ပြည်တွင်နေစဉ်က မလေး အမဲသားပင်မစား။ အခုလို ချင်းတောင်သို့ ရောက်လာပြန်တော့သည် အမဲ၊ ကြက်၊ ဝက်ရခိုက်လေးမှ မစားလျှင် စားစရာ မရှိ။ မုန့် ညင်းချဉ်နှင့် ပြီးရမည်။ သည့်အတွက် မလေးမှာ ရရာကြုံရာကို ဖြစ်သလို စားသောက်တတ်သည့် အကျင့်ရနေပါပြီ။

နွားနောက် ဆိုသည်မှာ အောက်အကြေ အရပ်ဒေသများ၌ မတွေ့မြင်ဖူးကြ။ အေးသော တောင်ပေါ်ဒေသများတွင် နွား နောက်ကို ဟင်းလျာအတွက် မွေးမြူလေ့ရှိကြပါသည်။ ကျွဲလို ချို ခပ်ကြီးကြီး ဝိုက်ဝိုက်၊ ခန္ဓာကိုယ်က မည်းနက်နက်နှင့် တုတ်ခိုင်ပြီး၊ နွားနှင့် တူလှသည်။

"နွားနောက်သားက အသားကလည်း နူ၊ ချိုလည်း ချိုတယ်နော်၊ ဘွား သမီး၊ အားရပါးရ စား၊ စားနေတုန်း ဘာမှတွေးမနေနဲ့"

ဒေါ်လမ်းကျင်၏ စကားကြောင့် မလေး၏ ထမင်း လုတ်ပင် တုန့်နေးရပါ၏။ ဒေါ်လမ်းကျင်၏အိမ်သားများက မလေးကို အပူသည် မလေးတစ်ယောက်အဖြစ်နှင့် လက်ခံထား ကြပြီးမို့ ယင်းစကားကို ပြောကြားလိုက်ခြင်း ဖြစ်ပါ၏။

ဒေါ်လမ်းကျင်မှာ ချင်းစစ်စစ် ဖြစ်ပါ၏။ သူ့ခင်ပွန်း ဗိုလ်ကြီး အောင်ဟိန်းက မြန်မာစစ်စစ်ပါ။ ချင်းတို့၏ အိမ်ထောင်ရေး လွတ်လပ်မှု အရ မြန်မာစစ်ဗိုလ်နှင့် ချင်း အမျိုးသမီး အကြောင်းပါပြီး တာဝန်ကျရာ မြန်မာပြည်အနှံ့ နေထိုင်ခဲ့ကြသည်။ ဗိုလ်ကြီးအောင်ဟိန်းမှာ ရှမ်းပြည် နယ်၏ ရှေ့တန်း တစ်နေရာတွင် တာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့ရသည်။ ဒေါ်လမ်းကျင်မှာ သားသမီးသုံးဦးကို လက်ဆွဲလျက်ဆွေမျိုး





များရှိရာ ဇာတိ ချင်းမြေမြင့်ဆီသို့ ပြန်လာခဲ့ခြင်း ဖြစ်ပေသည်။

ဒေါ်လမ်းကျင်၏ သမီးကြီးငွိုင်သည် မလေး၏ ချစ် သူငယ်ချင်း။ ငွိုင်၏ နာမည် အရှည်မှာ "ငွိုင်လွန်းကျင်"

ငွိုင်လွန်းကျင်နှင့် မလေးမှာ မေဂျာချင်း မတူသော်လည်း မလေး၏ သူငယ်ချင်း တစ်ယောက်မှတစ်ဆင့် သိကျွမ်း ရင်းနှီးခဲ့ရသည်။ သဘောဖြူအူစင်း သူငယ်ချင်းမလေး ငွိုင်နှင့် မလေးတို့မှာ တက္ကသိုလ် နယ်မြေတွင် ရင်းနှီးခဲ့ကြဖူးသည်။

လိုအပ်နေသော ကျောင်းဆရာ တစ်နေရာအတွက် မလေး လျှောက်ထား၍ အလုပ်ခန့်စာ ရရှိပြီးသည်နှင့်ငွိုင် ရှိနေရာ တီးတိန်မြို့သို့ ငွိုင်ကို အားကိုးတကြီးနှင့် မလေး ရောက်လာခဲ့ခြင်း ဖြစ်ပေသည်။

"ဝမ်းသာလိုက်တာ၊ ငွိုင့် အိမ်ဟာ မလေးအိမ်၊ ငွိုင့် အမေဟာ မလေး အမေပါပဲ၊ သူငယ်ချင်း စိတ်ပျော်အောင် တို့ ထားပါမယ်"

အားကိုးလောက်အောင် လှိုက်လှဲ နွေးထွေးသော စေတနာ များဖြင့် ငွိုင်က မလေးကို လက်ကမ်း ကြိုဆိုခဲ့သည်။

"အင်း ကိုထွေး တစ်ဦးတည်း အတွက် အားလုံးကို စွန့်ခွာပြီး ထွက်လာတဲ့ ငါ့ကို ငွိုင်က အားရဝမ်းသာ ကြိုလို့ တော်ပါသေးရဲ့"

မလေး၏အတွေးများသည် ချင်းတောင်သို့ လာရောက်ကာစ ဝမာဏ အဖြစ်အပျက်များဆီသို့လည်း ပျံ့ဝဲသွားမိသည်။

"ဟော သမီး၊ ထမင်းစားရင်း ဘာလို့ ငေးသွားရ ပြန်တာလဲ"

"သမီး အရိပ်ကိုပဲ စိုက်ကြည့်နေတဲ့ အမေရယ်၊ သမီး စားပါ့မယ်ရှင်"

မလေး ပြောသလိုပင် သံယောဇဉ် ကြီးတတ်ရှာလွန်း သော ဒေါ်လမ်းကျင်၏ အကြိုက်ကိုလိုက်၍ မလေး မြိန်ရည် ယှက်ရည် စားသုံးရပါ၏။

ငွိုင် မရှိမှ မလေးကို အမေ မို၍ ဂရုစိုက်သည်။

မလေး ရောက်ပြီး လေးလ အကြာတွင် ငွိုင်မှာ ဘွဲ့နှင်းပြ



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းတက်ခွင့် ရသဖြင့် မန္တလေးသို့ ဆင်းသွားရရှာသည်။ ငွိုင့်တစ်မျက်နှာကိုအားကိုး၍ အားလုံးကို စွန့်ခွာ ထွက်လာသော မလေးမှာ ငွိုင် သွားသည့်နေ့က လိုက်လှဲ့စွာ ငိုရှိုက်မိပါ၏။

"သမီး ဘာမှ အားမငယ်ပါနဲ့၊ အမေက သမီးငွိုင်လွန်း ကို အစားရသလို၊ သမီးကလည်း သမီး အမေ ဒေါ်အေးသွယ် ပါကွယ်၊ အဲဒီလို အမေ့ကို သတ်မှတ်လိုက်ရင် အမေတို့အားလုံး ပြည့်စုံသွားမှာ ပေါ့နော်"

ချင်းသဲခဲသော်လည်း မြန်မာပြည်မှာ အနေကြာ မြန်မာစကား တတ်လွန်းလှသော အမေ ဒေါ်လမ်းကျင်၏စကားက မလေး အတွက် အားတက်ဖွယ်ရာပါပင်။

ဒေါ်လမ်းကျင် ပြောသလိုပင် တစ်ယောက်နှင့် တစ်ယောက် သားအမိသဖွယ် သံယောဇဉ် တွယ်လျက်ဖြင့် ဒေါ်လမ်းကျင်က တခြားသော သားနှစ်ယောက်နှင့်အတူ ကိုယ့်မိသားစုပမာ ချင်းတို့မြေ တွင် နေခဲ့သည်မှာ တစ်နှစ်ပြည့် မြောက်ပေတော့မည်။

ချင်းတောင်၏ ဆောင်းရာသီက ဒုက္ခဝေဒနာတစ်ခုကို ခံစားနေရ သည့်ပမာ အနေထိုင် ခက်လှပါသည်။ အိမ်တိုင်း အိမ်တိုင်းမှာ မီးဖို ရှိရသည်။ ဧည့်ခန်းမှ မီးဖိုသည် မရှိမဖြစ်သောပစ္စည်း ဖြစ်ပါ၏။ မီးမကူလျှင် မနေနိုင်သော ဆောင်းဒဏ်ကို မလေးတစ်ယောက် ကြံ့ကြံ့ခံနိုင်ခဲ့ပါပြီ။

ဤသို့ဖြင့်....

ဒီဇင်ဘာ၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများကို ဖြတ်ကျော် အပြီးတွင်....

*မလေး...*

*အမေ အိပ်ရာထဲ လဲနေပြီ၊ မလေး စိတ်ကြောင့် ရလာတဲ့ ရောဂါက ကုစားလို့ လွယ်မည် မထင်။*

*အမေ့ကို အသက်ရှင်လျက် တွေ့ချင်တဲ့ ဆန္ဒ ရှိရင်တော့ ဒီ*





*နွေကျောင်းပိတ်ရက်မှာ ပြန်ခဲ့ပါ။*

*မလတ်*

မလတ်၏စာက မလေး၏ ငြိမ်သက်စ ကမ္ဘာလေးကို လှုပ်ရှား သည်ပတ်စေပြန်သည်။

"ဘုရား ကယ်တော်မူပါ"

"အမေ ဘာမှ မဖြစ်ပါစေနဲ့"

"အမေ့ကို အသက်ရှင်လျက် ပြန်တွေ့ပါရစေ"

ဟူသော ဆုတောင်း ပတ္ထနာများဖြင့် ပေပေါင်း ၅၆၆၇ ပေ မြင့်သော တီးတိန်မြို့မှသည် ပင်လယ်ရေမျက်နှာပြင်နှင့် တစ်ပြေးတည်း အညီဋ္ဌ တည်ရှိသော တူးမြောင်းဘေးမှ တွံတေးမြို့သို့ မလေး ဆင်းသက်ခဲ့ရပါချေပြီ။

ဤ ချင်းတောင်သို့ နောက်တစ်ခေါက် ပြန်အရောက်တွင် မလေး၏ဘဝမှာ တစ်ဖက်သော စာမျက်နှာသို့ ရောက်ရှိ သွားဘိသည့် ဝမ်းကြီးမားသော ပြောင်းလဲခြင်းများနှင့်အတူ ပြန်လည်၍ ရောက်ရှိ ရဦးမည့်အဖြစ်ကို မလေး ကိုယ်တိုင်ပင် မတွေးထင် မမျှော်မှန်းနိုင် ခဲ့ပါချေတကား။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

ကလေးမြို့၏လေယာဉ်ကွင်းက မြန်မာပြည်ရှိ လေယာဉ်ကွင်းများစွာအနက် ဆန်းပြားစွာ တည်ရှိနေပါ၏။

ကွင်းကျယ်ကျယ်နှင့် မြို့လယ်တည့်တည့်တွင်ဖြစ်ပါ၏။ ကြိုတင်လက်မှတ် ရယူပြီးဖြစ်သော်လည်း လေယာဉ်ကွင်းသို့ မလေးတို့ကြို၍ ရောက်နှင့်နေကြသည်။

ကလေးမြို့တွင် လေယာဉ်မှူးများ၊ လေယာဉ်မောင်မယ်များ နံနက်စာစားကြ၍ လေယာဉ်စီးရသည်မှာ သိပ်ပြီး မကသီလှပါ။ လေယာဉ် မရောက်မီတွင် ကွင်း၏အပြင် ကုက္ကိုလ်ပင် အောက်တွင် မလေးတို့ ရှိနေကြသည်။ လမ်း၏ ဟိုမှာ ဘက်တွင် လေယာဉ်ရုံးက မျက်နှာချင်းဆိုင် ရှိနေသည်။

ကလေးမြို့တွင် တစ်ညအိပ် တည်းခိုရသော အိမ်မှ မလေးကို လိုလေသေး မရှိ ပြုစုကြပါ၏။ မလေး တပည့်မလေး၏ အဒေါ်အရင်း မြန်မာအိမ်တွင် ဖြစ်ပါသည်။ ယခု ကလေးမြို့၏ အိမ်ရှင် ဒေါ်ညိုသောင်းနှင့် သူ့သား ကိုးတန်း ကျောင်း သားလေး မောင်လှမြင့်အောင်တို့က လေဆိပ်သို့ လိုက်ပို့မို့ဆောင်ရင်း လေယာဉ် မထွက်မချင်း စောင့်နေကြပေမည်။

"အိန္ဒိယဘက်က လာတဲ့ မှောင်ခိုပစ္စည်းကလွဲရင် ဒီမြို့ ရဲ့ ထွက်ကုန်ဆိုလို့ ဘာမှမရှိလှဘူး၊ ဆရာမကိုတောင် ဘာမှ ဝယ်မပေး





လိုက်ရဘူး၊ အားနာစရာပဲ၊ သားနဲ့ခဏနေခဲ့ကြဦးနော်၊ လမ်း စားသွားဖို့ ခယ်ခြမ်းပေးလိုက်ဦးမယ်"

"ဟာ နေပါစေ၊ မလုပ်ပါနဲ့"

တား၍ မရ။ ဒေါ်ညိုသောင်း ထွက်သွားလေပြီ။ လှမြင့်အောင်မှာ ကိုးတန်း ဆိုသော်လည်း အမျိုးသားပျို တစ်ယောက်ပုံစံဖြင့် ထွားကျိုင်းလှပါ၏။ မလေးက လှမြင့်အောင်၏ ရှက်အားနာတတ်သော အမူအရာကြောင့် စကားစရှာ၍ ပြောရပါ၏။ လိုက်ပို့သူအတွက် ဝတ္တရားကြေရန်ပါ။

"နွေဆိုတော့ လိမ္မော်သီးလည်း တုံးသွားပြီ၊ ချင်းတောင်လိမ္မော်သီးဟာ မြန်မာပြည်မှာ အချိုဆုံး အကောင်းဆုံးမို့ အိမ်ပြန်လက်ဆောင် ဝယ်သွားချင်လိုက်တာကွယ်"

"ဟုတ်တယ်၊ မရှိတော့ဘူး"

သူက စကားဖြင့် အလိုက်သင့် ထောက်ခံလိုက်သော်လည်း မလေးဘက်သို့ မျက်နှာမလှည့်။ လေယာဉ်စီး ခရီးသည် တည်းခိုခန်း၏ မျက်နှာစာဘက်ဆီသို့ မျက်နှာမူထားပါ၏။ မလေးကပင်...

"ချင်းတောင် လိမ္မော်၊ ချင်းတောင်လိမ္မော်နဲ့ နာမည် သိပ်ကြီးနေတော့ မသိသူတိုင်းက တောင်ပေါ်ကလာတဲ့ လိမ္မော်လို့ပဲ ထင်ကြတာကွယ့်"

"ဟုတ်တယ် ဆရာမ"

"တကယ်တော့ စော်ဘွားရေရှင်၊ ဘုရားရေရှင် စတဲ့ မြေပြန့် ချင်းရွာတွေက ထွက်တဲ့ လိမ္မော်သီးကိုလည်း ချင်း တောင် လိမ္မော်သီးလို့ ခေါ်ကြတာကိုး၊ အောက်ကလူတွေက ချင်းဆိုရင် တောင်ပေါ်မှာချည်း နေကြတယ်လို့ ထင်နေကြတာ၊ ကလေး-တမူးလမ်းက မြေပြန့်တွေမှာ ချင်းရွာတွေ ပြည့်လို့ ပဲနော်၊ တကယ်တော့ ချင်းရွာ လိမ္မော်သီးပါ"

မလေးက စကား အရှိန်ရစွာဖြင့် ဆက်နေသော်လည်း လှမြင့်အောင်က အင်းပင် မလိုက်တော့ပါဘဲ ကြည့်မြဲနေရာ ဆက်လက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေရာမှ…

"ဆရာမ"

"ဟင်၊ ဘာလဲ မောင်လှမြင့်အောင်"

"ဟောဟို ... ည်းခိုရိပ်သာ ရှေ့တည့်တည့်မှာ ရပ်နေတဲ့ လူကို ဆရာမ သိသလား ကြည့်စမ်းပါ"

မလေးမှာ လှမြင့်အောင် ညွှန်ကြားသည့် နေရာသို့ ဝေ့ကြည့်လိုက်မိသည်။ ဘောင်းဘီရှည်အနက်နှင့် အိန္ဒိယပြည် ဘက်မှ လာသော စစ်ဝတ်စုံရောင် ဂျာကင်အင်္ကျီနှင့် ဗလ ကောင်းကောင်း အရပ်ရှည်ရှည် လူ တစ်ယောက်ကို မြင်ရသည်။ သူ့မျက်နှာ အနေအထားကို တိတိကျကျ မမြင်နိုင်၍ မမှန်းမိသော်လည်း မလေး၏ အသိအကျွမ်းထဲမှ မဟုတ်သည်မှာ သေချာနေပါ၍…

"မသိဘူး မောင်လှမြင့်အောင်၊ တစ်ခါမှတောင် မမြင်ဖူးပါဘူး၊ ဘာဖြစ်လို့လဲဟင်"

"မနေ့ ညနေက ကျွန်တော်တို့ အာလိန်ငါးဆင့်ကျောင်း သွားတုန်းကရော၊ ဒီနေ့ မနက် ကလေးဈေးထဲမှာရော သူ တကောက်ကောက် လျှောက်လိုက်နေတယ်"

"ဟုတ်လား၊ မမ တစ်ခါမှ သတိ မထားမိဘူး"

"တစ်ချိန်လုံး လိုက်ရိုက်နေတာ၊ ဆရာမနဲ့ မသိဘူးဆိုရင် ကျွန်တော် သွားရှင်းမယ်"

"ဟဲ့၊ အို၊ မောင်လှမြင့်အောင်ရယ်၊ မဟုတ်တာပဲ၊ ဒီလို မြို့လယ်ခေါင်ကြီးမှာ သူ ဘာလုပ်နိုင်မှာလဲ၊ ကြည့်စမ်းပါစေ၊ မသိချင်ယောင် ဆောင်နေလိုက်ရုံပေါ့ကွယ်"

"မဟုတ်ဘူး၊ သူ ကြည့်ပုံက ရေရှေရလည်လည် ကျောတယ်"

မောင်လှမြင့်အောင်က မကြေနိုင်မချမ်းနိုင်နှင့် ယခုပင် ထရိုက်တော့မည့် ပုံလိုပင်။

"ကဲ- မောင်လှမြင့်အောင်၊ ဆရာမလည်း သွားကာနီး လာကာနီးကွယ်၊ ရှိပါစေတော့၊ ဟိုမှာလည်း ဒေါ်ညိုသောင်း ပြန်လာနေပါပြီ၊ သာလာ၊ လေယာဉ်ကွင်းထဲ သွားနေကြစို့ရဲ့"

မလေးက ဦးဆောင်၍ ခေါ်လေမှ မောင်လှမြင့်အောင်မှာ မကြည်မသာနှင့် လိုက်လာတော့သည်။ ဒေါ်ညိုသောင်းကဖြင့် ယင်း အဖြစ်အပျက်များကို ဘာမှ သိလိုက်ခြင်း မရှိပါ။ လေယာဉ်ကွင်းထဲမှ နီပ်သာ အဆောက်အဦလေးထဲတွင် ထိုင်နေမိကြသည်။ အကောက်ခွန်မှ စစ်ဆေးရန် မခေါ်မီ မလေး နှင့် ဒေါ်ညိုသောင်းတို့ စကားကောင်းနေမိကြသည်။

"မောင်လှမြင့်အောင် ပြောလည်း ပြောစရာပဲ၊ ဟိုလူ ဒီနားကို လာပြန်ပြီ၊ သူ ဘယ်သူလဲ၊ ဘာ လုပ်မလို့လဲ"

စသော စိတ်တွင်း မေးခွန်းများကို ဒေါ်ညိုသောင်းနှင့် စကားပြောနေရာမှ မလေး မေးနေမိသည်။

သံချောင်းခေါက်ပါပြီ။

လေယာဉ် မန္တလေးမှ ထွက်လာပြီဖြစ်ကြောင်း အချက်ပေးလေပြီမို့ မလေး၏ပစ္စည်းကို သယ်ယူ၍ အကောက်ခွန် စစ်ဆေးရန် စားပွဲပေါ်သို့ တင်ပြီး တစ်ယောက်ချင်း ဝင်ရပါ၏။

ကလေး လေယာဉ်ကွင်း၏ သစ်သားတန်းလေးများကြားမှ အပြင်သို့ လှမ်းကြည့်မိသည်။ မောင်လှမြင့်အောင် ပြောသည့်မလေးကို ခြေရာခံ၍ လိုက်နေသည်ဆိုသော စာစောကလူကို မမြင်ရတော့။ အပြင်တွင် လိုက်ပို့သောသူများ များများစားစား မတွေ့ရ။

မောင်လှမြင့်အောင်တို့ သားအမိနှင့် အခြားလေး ငါးယောက်သာ ရှိပါ၏။ ပိုင်းခြား ကန့်သတ်ထားသော ဟိုဘက်ခန်းတွင်မူ မန္တလေးမှ လာသည့် လေယာဉ်ကို ကြိုကြမည့်သူများဖြင့် ပြည့်သိပ်နေသည်။

"ခရီးသည်အားလုံး မန္တလေး ဆင်းကြမှာဗျ၊ ရန်ကုန်ကို တိုက်ရိုက်သွားမယ့် ခရီးသည်က ဒီနေ့မှ နှစ်ယောက်တည်း ရှိတယ်၊ ကျွန်တော်နဲ့ ဟောဟိုက အမျိုးသမီး"







www.burmeseclassic.com

www.burmeseclassic.com

"အမယ်လေး"

ဟု မလေး လန့်မအော်မိအောင် ပါးစပ်ကို လက်ဝါးနှင့်ကာလိုက်မိလျက်သား ဖြစ်သွားသည်။

"သူ၊ မလေး နောက်သို့ လိုက်နေသည် ဆိုသည့်လူ"

နဂိုကမှ ရန်ကုန် မပြန်ချင်၍ ရင်လေးနေသည့် မလေး။

"သူ ဘယ်သူလဲ၊ ငါ့နောက် လိုက်နေတယ်ဆိုတာ တကယ်လား။ တိုက်ဆိုင်တာလား၊ ငါကြည့်တိုင်း သူ ငါ့ကို ကြည့်နေပါလား၊ ဒုက္ခပါပဲ"

မလေး ရင်လှိုက်ခုန်လာသည်။ ထိုလူစိမ်း၏ အကြည့်က မေတ္တာမှ လာသော ကြည့်ခြင်းမျိုး မဟုတ်။ အသက် နှစ်ဆယ်ကျော် သုံးဆယ်တွင်း အရွယ်မျိုးလည်းမဟုတ်။ သား နှင့်မယားနှင့် ဖြစ်နိုင်သည့် အရွယ်ပင်။

မေတ္တာနှင့်ယှဉ်သော ကြည့်ခြင်းမျိုး မဟုတ်လျှင် ဒုက္ခပေးရန် အခြေအနေကို လေ့လာ အကဲခတ်နေခြင်းမျိုးပါဟုလည်း မလေး မထင်မိပါ။ မေတ္တာ မပါသည်မှန်သော်လည်း ရက်စက်မှုနှင့် ယှဉ်သော မျက်ဝန်းများ မရှိပါဟု မလေး သက် သာသည့်ဘက်က တွေးမိသည်။

လေယာဉ်ဆိုက်ပါပြီ။

ပါလာသည့် ခရီးသည်များ ဆင်းပြီးသည့်အခါ မလေးတို့ တက်ရပါ၏။ မလေးမှာ ရှေ့မှ ခပ်သုတ်သုတ်သွားသည်။ သူ့ကို လှည့်မကြည့်မိတော့ပါ။ ရှေ့ဆုံးခုံမှရေတွက်လျှင် ဒုတိယခုံ ပြတင်းပေါက်ဘက်၌ မလေးနေရာယူသည်။ မလေး၏ဘေးတွင် ချင်းအမျိုးသမီးတစ်ယောက် ရောက်လာလေမှ မလေး ဟင်းချရသည်။ မကြာပါ။

"ဟိုက်"

လမ်းခြားသည့် ဟိုဘက်ထိုင်ခုံ၏ အတွင်းဘက်နေရာ သို့ သူ ရောက်လာသည်။ မလေးနှင့် တစ်ယောက်ခြား တစ် လံကွာမျှသာ။

"သူ...သူ ငါ့ကို ဒုက္ခပေးဖို့ ရောက်လာတာ မဟုတ်ပါစေနဲ့"

လေယာဉ်စတင်ပျံသန်းပါပြီ။





## အခန်း(၅)

တိမ်ကမ္ဘာ၏ အလယ်တွင် မလေး ရှိနေသည်။

တိမ်ထူထပ်သောနေ့ ဖြစ်ပါ၏။ မိုးကုတ်စက်ဝိုင်းအထိ တိမ်များ ဖုံးနေသည်။ မလေး စီးလာသော လေယာဉ်မှာ ဆ သောင်းလေးထောင် အမြင့်မှ ပျံသန်းခြင်း ဖြစ်ပါ၍ တိမ်များသည် လေယာဉ် အောက်တွင် ရှိနေကြသည်။ ဂွမ်းဆိုင် ဂွမ်း ထွေးများလို အိထွေး ဖြူဖွေးနေသော တိမ်ပွင့် တိမ်ဆုပ်များပေါ်၌ အသစ်ကျပ်ချွပ် နေရောင်ခြည်ကလွှမ်းမိုးထားသည်။ အရိပ်ကျသည့်ဘက်များက ညိုမှောင်နေပါသည်။

တိမ်တန်းကြီးပေါ်တွင် မလေး၏ လေယာဉ်ရိပ်ကလေးက ပြေးနေပေသည်။ မလေး၏ စိတ်အစဉ်သည်လည်း ဤလေယာဉ် ရိပ်နှယ် ပြေးလွှားနေမိသည်။

အောက်ခြေကမ္ဘာမြေကို ဘာမှ မမြင်ရပါ၍ တိမ်တောင် တိမ်ခဲများအကြားတွင် မလေးမြင်ချင်သော၊ တွေးချင်သော အရာများ သည် ရုပ်လုံးကြွလာသည့်နှယ် ပုံပေါ်လာခဲ့ပါပြီ။

မလေး ပထမဆုံး မြင်ရသည်က "ကိုထွေး"ပါ။

ပြီးတော့မှ ဖွန်။

သည့်နောက်တွင် ဦးမန်းဖေ၊ မေသန်းစိုး၊ ဦးဥာဏ်ဖူး၊ ဒေါ်ပြုံးစိုး၊ ကိုကိုကြီး၊ ကိုကိုငယ်၊ အစ်ကိုအောင်ဒင် ခေါ် ကိုအောင်ကျော်ဇောသူ၊


www.burmeseclassic.com

www.burmeseclassic.com



မခင်မိုး၊ မလတ်နှင့် မိဘများ၊ အပေါင်း အသင်း ရောင်းရင်းဟောင်းများ။

စသောသူများနှင့်အတူ ကိုထွေးနှင့် မလေးတို့၏ နွမ်းအတိတ်ဆိမ့ လွမ်းရိပ်တွေ သိသိထင်စရာ မေတ္တာဇာတ်လမ်း တစ်ပုဒ်သည် ပြန်လည်၍ ရုပ်လုံးကြွလာခဲ့ချေပြီတကား။

* * *

"မိန်းကလေးချင်း စာပေးရတယ်လို့ အရှူးလား၊ သွား"

"ဩော်၊ နင်ကလည်းဟယ်၊ မိန်းကလေးချင်းရော မချစ်ရတော့ဘူးလား၊ ဒီမှာ ဖတ်ကြည့်စမ်းပါ"

"သွားစမ်းပါဆို၊ အရူးအလုပ်တွေ"

ကိုထွေးက အသံမာမာမျက်နှာတည်တည်နှင့် ဟောက် ပြန်တော့လည်း မလေးငြိမ်ကုပ်သွားရသည်။ လက်ထဲက စာလေးကို ဘလောက်(စ)အင်္ကျီ၏ ရှေ့အိတ်တွင်းသို့ ပြန်ထည့် လိုက်ရသည်။

ထိုနေ့က ဖွန်ဟူသော မိန်းကလေး တစ်ယောက်၏ သတင်းကို ကိုထွေးထံ ဆောင်ကျဉ်းလာမိသော အရိုးခံမလေး မလေးသည် နောင်အခါတွင် ချောက်ချား တုန်လှုပ်ဖွယ်ရာ ပြဿနာပေါင်းစုံနှင့် ရင်နာစရာ ကြေကွဲစရာ အဖြစ်တို့နှင့် ပတ်သက် ဖြစ်ထွန်းပေတော့မည် ဟူ၍ မလေး မတွေးမိလေခြင်း။

"အစ်မလေး၊ ဟိုဘက်ခန်းက အစ်မက စာပေးခိုင်းပါတယ်၊ ဖတ်ကြည့်"

မလေး၏ မောင်ဝမ်းကွဲလေး အတူးက စာတစ်စောင် မလေးထံသို့ ယူလာသည်။ ထိုနေ့က မလေး ရန်ကုန်သို့ ကူးလာသည့်နေ့။

မလေးက တွံတေးသူ။ ရန်ကုန်မြို့၊ မဟာဗန္ဓုလပန်းခြံ လမ်း၏ ပထမထပ် တစ်နေရာတွင် မလေး၏ ဒေါ်ဒေါ်အိမ် ရှိသည်။ ယင်းအိမ်သို့ မေမေနှင့်အတူ နေ့ချင်းပြန် လာလည်ရာမှ စာတစ်စောင်ရခဲ့ခြင်း ဖြစ်သည်။





ပထမတော့ စာပေးခံရသည် ဆို၍ မလေး လန့်သွားသည်။ ဟိုဘက်ခန်းက အစ်မက ဆို၍တော်သေးသည်ဟူသော အသိ ဝင်လာသော်လည်း ဘာများပါလိမ့်။ ဘာမှ ပတ်သက်စရာလည်း မရှိပါလား ဟူသော အတွေးများဖြင့် စာကို ဖတ်ကြည့်မိသည်။

*တို့နာမည် "ဖွန်"ပါ။*
*ပြည့်ပြည့်ဖြိုးရဲ့ နာမည်ကိုရော အလှကိုရော*
*တို့ စိတ်ဝင်စားတယ်။*
*တို့ကို တုန့်ပြန်မှုရှိနိုင်မယ် ဆိုရင်တော့*
*စာပြန်ပေါ့။*

အားလုံးကိုချေချင်တဲ့
"ဖွန်"

"ဟယ်တော့၊ မိန်းကလေးချင်း စာပေးတာကလည်း ရည်းစား စာလိုပဲ၊ တစ်မျိုးပဲ"

မလေး ရင်ခုန်ရသည် အထိ စိတ်လှုပ်ရှားခြင်း ဖြစ်မိသည်။ စာပြန်ရမလား၊ မပြန်ဘဲ နေရမလား ဟူ၍ မလေး မဝေခွဲတတ်။ စာ မပြန်ရမည်ကို အားနာမိသလိုလို၊ ကြောက်ရွံ့မိသလိုလို ရှိသော်လည်း စာပြန်ရမည်ကိုလည်း ရှက်ရွံ့နေမိသည်။ ဘာ စာကို ဘယ်လို ရေးရမည်မှန်း မလေး မသိပါ။

သည်လိုနှင့် နေ့လယ်ပိုင်း ရောက်လာသည်။ နေ့လယ်ပွဲ မြန်မာရုပ်ရှင်ကို မလေးအား အိမ်သားများက လိုက်ပြကြသည်။ ခရီးက အနီးလေးမို့ အသွားအပြန် ခြေလျင်။ အပြန်တွင် မလေးတိုက်ပေါ် မော့ကြည့်မိသည်။ တစ်ဖက်ခန်း ဝရံတာတွင် ဆံပင်များ ဝဲယာသွယ်ကျ နေသည့်ကြားမှ မျက်နှာဖြူဖြူတစ်ခုကို မလေး မြင်လိုက်သည်နှင့် ခေါင်း ပြန်ငုံ့ လိုက်ရသည်။ အကြည့်ကို လွှဲလိုက်မိပါ၏။ အိမ်ရှင်များ၏ နောက်ဆုံးမှ



www.burmeseclassic.com

www.burmeseclassic.com



မလေး ဖြည်းဖြည်းချင်း တက်ခဲ့မိသည်။

မလေး လှေကားထိပ် အရောက်တွင် တစ်ဖက်ခန်းမှ ရုတ်တရက် တံခါးချပ် ပွင့်သွားပြီးသည်နှင့်…

"ဟေး တို့စာ ရတယ်နော်"

"ရှင်"

ဖွန်ပါပင်။ စောစောက အလှပိုင်ရှင်လေးပါပင်။ ဖြူနု ညက်သော အသား၊ ကိုယ်ခန္ဓာ သွယ်သွယ်နှင့် မျက်နှာ ဝိုင်း ဝိုင်းလေးပေါ်တွင် ခေတ်အမီဆုံး မှုန်းခြယ်ထားသော ဖွန်။

"မတုန့်ပြန်ရင်လည်း ရပါတယ် ယူရယ်"

မဲ့သလိုလို ခနဲ့သလိုလို လေသံနှင့် မျက်နှာထားနှင့် လှလှ လေးပြုံးရင်း ပြောလာလေမှ မလေးက…

"ဩော် ဒီလို မဟုတ်ပါဘူး၊ မလေး၊လေ၊ ဟို အချိန်မရလို့ပါ၊ ရုပ်ရှင် သွားနေလို့ပါ"

စတင် တွေ့စကပင် ဖွန်သည် မလေးကို လွှမ်းမိုး ထားနိုင်သူ။ မလေးက တောင်းပန်စကားများကို ဆက်တိုက်ဆိုမိသည်။

"ဟုတ်လား၊ လာလေ၊ ထိုင်ပါဦး"

"နေနေ၊ မလေးတို့ ပြန်ရတော့မှာ"

"တွဲတေးမှာ နေတာယ်နော်"

"ဟုတ်ကဲ့"

"ရန်ကုန်မှာ ဆိုရင်တော့ ဖလားပဲ၊ တို့များ ကျောင်းမှာဆိုရင် ပြည့်ပြည့်ဖြိုးဆို သိပ်စိတ်ဝင်စားကြမှာ"

"ဖွန်ကလည်း လှရဲ့သားနဲ့"

"ပြည့်ပြည့်ဖြိုးကို မမီပါဘူး"

"သွားမယ်နော်"

မလေး ဆက်ပြီး ရင်မဆိုင်ရဲတော့။ ပြိုင်မပြောတတ်၍ အချစ် စော်ဖွဲ့လာသူကို နှုတ်ဆက်လိုက်ရသည်။





"နောက် လာရင် ဝင်လည်နော်၊ ခင်မင်သူလို့ သတ်မှတ် လိုက်မယ်၊ ဟုတ်လား"

"ကောင်းပါပြီ ဖွန်"

မလေး ပြုံးပြုံးလေး ပြောရင်း အခန်းတွင်း ဝင်ခဲ့ရသည်။ အပြန်တွင် မလေး ဖွန်ကို မမြင်ရတော့။

ယင်း အကြောင်းအရာများကို အသေးစိပ် ပြောပြလိုပါ၍ ဖွန့် အလေးကို အရင်ပြမိသည်။ မိန်းကလေးချင်း ပေးတဲ့ စာပေါ်ဟူ၍ နိဒါန်းကို ပြောမိပြီးသည်နှင့် ကိုထွေး၏ အဟောက်ကို မလေးခံရသည်။ မျက်နှာငယ်လေးနှင့် ကိုထွေးတို့အိမ်ပေါ်မှ မလေးဆင်းမိပြန်တော့ လည်း…

"လေးမရ၊ ပြန်တော့မလားဟ"

"အေးပေါ့၊ နင်ကမှ ငါ့စကား နားမထောင်ချင်ဘဲဟာ"

မလေးက ဝမ်းနည်းဟန် မကျေနပ်သံလေးများနှင့် ချေပပြန်တော့ ကိုထွေးက မလေး လက်ကိုဆွဲပြီး…

"နင့်စကားက ရှူးသလိုလို၊ ပေါသလိုလိုနဲ့မို့ ငါက ဟောက် လိုက်တာပါ၊ ကဲ…ကဲ၊ လာ၊ ပြော…ပြော၊ ငါ နား ထောင်ပါ့မယ်"

ကိုထွေးက လက်တစ်ဖက်က မလေးကိုဆွဲ၍ လက်ဝါး တစ်ဖက်က သူ့နားကို ကာလျက် ပြောင်ပျက်ပျက် အမူအရာလုပ်နေဆဲ ကြီးကြီးငြိမ်းက…

"ဟို မောင်နှမ ဘာဖြစ်နေကြပြန်ပြီလဲ"

"ကိုထွေးပေါ့၊ သမီးကို ဟောက်လို့ သမီးက ပြန်တော့ မလို့ လုပ်မှ သူ လိုက်ချော့တာ ကြီးကြီးငြိမ်းရဲ့"

"ဟင် နင်တို့မလဲ၊ ခွေးနဲ့ကြောင် ကျနေတာပဲ၊ အမြဲ ရန်ဖြစ် နေတယ်"

ကိုထွေး၏မိခင်ကြီး ဒေါ်ငြိမ်းစိုးက ဆေးပေါ့လိပ် ခဲရင်း ပြုံးပြုံးကြီးကြည့်ပြီး ဟိုဘက်ခြံရှိရာသို့ ဆင်းသွားလေ သည်။ ဒေါ်ငြိမ်းစိုး



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွားသည်က မလေးတို့အိမ်။

ကိုထွေး မိခင်နှင့် မလေး မိခင်တို့မှာ စပ်နိုင်မှတော်သည် ဆိုသည့် ဆွေမျိုး စာရင်းဝင် သူငယ်ချင်း ညီအစ်မ။ ဖခင်နှစ်ဦးကလည်း အိုးလုပ်ငန်းနှင့် ခြံလုပ်ငန်း လုပ်ကိုင်စား ကြသည်။ သမ္မာအာဇီဝ စီးပွားရေးသမားများ၊ ရိုးသား ရိုင်းပင်း ကူညီကြသူများမို့ တစ်ဦးနှင့် တစ်ဦး ကောင်းတိုင်ပင်၊ ဆိုးတိုင်ပင်၊ မရှိတာလည်းသိ၊ ရှိတာလည်း သိကြပြီး ကူညီ ကြ၊ ဖေးမကြ၊ အကြံပေးကြနှင့် တစ်ဦးနှင့် တစ်ဦး အလွန်အမင်း ခင်မင် ရင်းနှီးကြ၍ နှစ်အိမ့်တစ်အိမ် နေကြသူများ ဖြစ်ပေသည်။

ဦးညာဏ်ဖူးနှင့် ဒေါ်ငြိမ်းစိုးတို့တွင် သားချည်း သုံးယောက် ရှိပေသည်။ ကိုကြီးနှင့် ကိုငယ်ဟူ၍ ရှေ့ဆင့်နောက် ဆင့်ရပြီး နှစ် အတော်ကြာမှ မွေးဖွားလာသူမို့ ကိုထွေးကျောင်းအမည် "မြင့်ထွေးမောင်"။

မလေးတွင် အစ်မကြီးတစ်ယောက်က အိမ်ထောင်သည်၊ အစ်မ လတ်တစ်ယောက်၊ အစ်ကို ခပ်စောစောနှင့် အထွေးဆုံးက မလေး။ မလေးက မောင်နှမချင်း မပေါင်း။ မလေးထက် အသက် တစ်နှစ်သာ ကြီးသော ကိုထွေးနှင့် ကစားအတူ၊ စားအတူ၊ ကျောင်းသွားအတူ။

"ဒါ ကလေးတွေမို့"

မိဘနှစ်စုံလုံးက ကလေးနှစ်ယောက်အတွက် အဝတ်အစားကို မခွဲခြားတတ်ကြ။

"ကိုထွေး၊ ညီမလေးကို ကောင်းကောင်း ခေါ်သွားနော်"

ဟူ၍ ကျောင်း စ,နေသည့်နှစ်များတွင် မလေးမှာ ကိုထွေး အားကိုးနှင့် စာသင်ခန်းသို့ ခြေ စတင်လှမ်းခဲ့ရသူ။

တစ်ယောက်နှင့် တစ်ယောက် အပျောက်မခံနိုင်လောက် အောင် သန့်သန့်စင်စင် ချစ်ကြင် မြတ်နိုးကြသော ကိုထွေးနှင့် မလေးတို့မှာ ယနေ့လို ရန်ပွဲလေးမျိုးကို မကြာခဏ ဖန်တီး တတ်ကြသည်။





ကိုထွေးက ထာဝရ စ,တတ် နောက်တတ်သည်။ ပြီး တော့ အသာစီးယူတတ်သည်။ ထာဝရ သည်းခံရသူက မလေး။ သို့သော်လည်း တစ်ခါတစ်ရံ မခံနိုင်သည့် အဖြစ်မျိုးနှင့် ကြုံကြိုက်သည့်အခါ မလေး စိတ်ကောက်ပြန်တော့လည်း ကိုထွေးမနေသာ။ အမြဲလိုက်၍ ချော့ တတ်သည်။

ယနေ့ ဖွန့်ကိစ္စနှင့် ပတ်သက်၍ မပြေလည်ကြရာမှ ကိုထွေး လိုက်ချော့ပြန်တော့လည်း မလေး ပြေလျော့ရသည်။ ပြောချင်လွန်းသော ဖွန့် အကြောင်းများကို ခရေစေ့တွင်းကျ အစမှ အဆုံးတိုင် ဇာတ်လမ်း တစ်ပုဒ်လို ပြန်ပြောပြမိသည်။ မဖြစ်လောက်သော အကြောင်းအရာ ဖြစ်သော်လည်း မလေး အတွက် ဆန်းသစ်သော အတွေ့အကြုံဦး မဟုတ်ပါလား။

"နင့် ဖွန့်က ဒီလောက်တောင် ချောရင် နင် ယောင်းမ မတော် ချင်ဘူးလား"

"ဟင်း၊ ငါ့အစ်ကိုက လူပေလူတေ၊ ဟိုက ရန်ကုန်သူ သူဌေး သမီး ကြိုက်ပါလိမ့်မယ် အားကြီးကြီး"

"ဟဲဟဲ၊ နင်ကလည်း အ,ပါ့ဟာ၊ အစ်ကိုက တို့ထက် ကြီးတယ်၊ သူ့ကို ပြောပါ့မလား၊ ငါ့အတွက် ပြောတာပေါ့ မလေးမရဲ့"

"ဟင်၊ နင်က ဖွန့်ကို ..."

တစ်ခါမှ မဖြစ်ထွန်းဖူးသော ဝေဒနာဆန်းတစ်ခု မလေး အသည်းနှလုံးဆီသို့ ဖြတ်သန်းသွားသည်။

"ဘာ ငိုင်သွားတာလဲ၊ ဒီမှာ ဖွန့်ကို ပြောမပေးချင်ရင် သူ့ညီမ မဇူလိုင်ကို ပြောပေး၊ ဒါမှမဟုတ် သြဂုတ်"

"တော်ဟယ်၊ နင် ငါ့ကို ဘယ်တော့မှ စကားကောင်း မပြောဘူး"

"ဩော်၊ ဟေး မပြန်ပါနဲ့ဦးဟ၊ ဒီမှာ ဒီတစ်ခါ ငါ ဘာကယ် အကောင်းပြောမလို့ပါ၊ ငါ့ကို ဘိုင်အိုဒ တစ်ပုဒ် လောက် ရှင်းပြခဲ့စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com

"နင်ဟာလေ၊ ဆယ်တန်းမှာ နှစ်နှစ် ရှိနေတာတောင် ငါ့ကို ဆရာ တင်ရတယ်၊ တကယ် ညံ့တယ်"

"ဟုတ်ကဲ့ ခြာမ၊ ကျွန်တော့်ကို ဒီပုံလေးဆွဲပြီး ရှင်း ပြပေး ပါခင်ဗျာ"

ဇီဝဗေဒ ဘာသာရပ်၏ သတ္တဗေဒအပိုင်းမှ "ပလတ်စမို ဒီယမ်ဗိုင်းဗက်၏ ဘဝဖြစ်စဉ်"အကြောင်းကို ပုံဆွဲတော်သော မလေးက အသေးစိတ်ဆွဲပြီး ခြင်မများမှတစ်ဆင့် လူကို ရောဂါ ကူးစက်ပြန့် ပွားခြင်း အကြောင်းများ ရှင်းပြ အပြီးတွင်...

"ငါ တတ်သားပဲ၊ ပုံဆွဲရမှာ ပျင်းလို့ နင့်ကို ညာပြီးဆွဲခိုင်းတာ၊ ဟား...ဟား"

"ကြည့်၊ နင်ဟာ ငါ့ကို အမြဲ ဒုက္ခပေးတယ်၊ ဖယ်ပါ၊ မြန်မြန် ပြန်မှ အေးမယ်၊ တစ်မျိုး မဟုတ် တစ်မျိုးတော့ ဒုက္ခ ပေးရမှ"

"ဟဲ...ဟဲ၊ ဒီတစ်ခါ ဒုက္ခ မပေးတော့ပါဘူးဟာ၊ လာ လာ၊ တို့ခြံက မာလကာသီး အကြီးဆုံးကြီး နင့်ဖို့ ဝှက်ထားတယ်၊မှည့်နေပြီ၊ လာ သကြားနဲ့ သွား တို့စားကြရအောင်"

မာလကာသီး ကြိုက်တတ်သော မလေးမှာ ကိုထွေး ဂရုတစိုက် သိမ်းဝှက်ထားသည် ဆိုသော အလုံးကြီး မာလကာ သီး မှည့်ကြီးကို ရေဆေးခွဲစိတ်ပြီး သကြားကို ပန်းကန်ပြားတွင် ထည့်၍ နှစ်ယောက်သား တို့စားနေမိကြသည်။ သရက်ကင်းလေးများ ပေါ်စဦးတွင်လည်း သရက်သီးနှင့် ငံပြာရည်၊ မရမ်းသီးလေးများ ပေါ်ဦးစတွင်လည်း စိမ်းစားငါးပိနှင့်၊ ကို ထွေးတို့ ခြံမှ ထွက်သမျှ သီးနှံများကို ယခုလို တစ်ပန်းကန်တည်း နှစ်ယောက် ခေါင်းချင်းဆိုင်၍ စားရသည်မှာ အရသာရှိရှိနှင့် ပျော်ရွှင်စရာ ကောင်းလှပါဘိ။

"မနှစ်က ငါ သိပ်ပြီး စာမကြိုးစားတာ သိလား"

"ဟင့်အင်း"

"နင် ဆယ်တန်း ရောက်လာအောင်လို့"





"ဟုတ်ဖြင့် မဟုတ်ဘဲနဲ့"

"တကယ်ပါ"

"သူ့ဟာသူ ကျပြီး ငါ့ကို ဖြီးတာ"

"တကယ်ပါ မလေးရဲ့၊ ငါ စဉ်းစားကြည့်တယ်၊ နင်နဲ့ ငါနဲ့ နှစ်ရက်ပြည့်အောင် မခွဲဖူးဘူးနော်၊ ငါ တစ်ယောက်တည်း ကောလိပ် သွားရမှာ ပျင်းသလိုကြီးပဲ၊ နင့်ကို ထား ရစ်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်ကို ကျောင်းသွားတက်ရမှာ ငါ မသွားရက်ပါဘူး၊ ငါ စာညံ့တာလည်း ပါတာပေါ့လေ၊ ဒါပေမယ့် အဲဒီအကြောင်းကလည်း အဓိကမို့ သိပ်လည်း မကြိုးစား မိဘူး၊ ငါ ပြောရင် အခုလိုပဲ နင်က ယုံမှာ မဟုတ်လို့ ငါ မပြောတာ"

"ကိုထွေးရယ်၊ နင် ငါ့ပေါ်မှာ ဒီလောက် သံယောဇဉ် ရှိလိမ့်မယ်လို့ ငါ ဘယ်တုန်းကမှ မထင်ခဲ့မိဘူး"

မလေး၏ ရင်၌ လှိုက်ခနဲစွာ ဝမ်းသာ သွားမိသည်။ မလေး ဘက်ကသာ သံယောဇဉ် ရှိခဲ့သည်၊ အလေးအနက် စေတနာထား၍ ထာဝရ အနစ်နာခံခဲ့ရသည်၊ စမ်းရေအသွင် တစ်ဖက်သတ် စီးဆင်းခဲ့ ရသော အေးမြသန့်စင်သည့် မေတ္တာမျိုးဟု မလေး စွဲမြဲစွာ ယုံကြည် မိခဲ့ရာမှ...

ကိုထွေး၏ စကားကို ကြားနာလာရသည့်အခါ အတုမဲ့သော ပီတိ အဟုန်ဖြင့် ရင်များပင် သိမ့်သိမ့်တုန်ခဲ့မိသည်။

"ကိုထွေးရယ်၊ ဒါဖြင့်ရင် တို့နှစ်ယောက်လုံး အတူတူ အောင်အောင်အစွမ်းကုန် ကြိုးစားကြစို့ရဲ့နော်"

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

"ကိုထွေးရေ၊ ဒါ ငါ ပြောပြောနေတဲ့ ဖွန့်"

"တွေ့ရတာ ဝမ်းသာပါသတဲ့ရှင်"

ကိုထွေးက ကြောင်ငေးငေးနှင့် ကြည့်နေပါ၍ မလေးက…

"ကိုထွေးဆိုတာက ငယ်နာမည်ပါ၊ သူ့ ကျောင်းနာမည်က မြင့်ထွေးမောင်"

"သြော် သြော်၊ ဖွန့် နာမည်ကတော့ ဖွန် ပါပဲ၊ ဂျူ(န်)လ မှာ မွေးတာရော၊ မာမီသိပ်ကြိုက်တဲ့ ဖွန်ပန်းရုံတွေရှိတဲ့ ခြံမှာ မွေးတာရောကြောင့် ဖွန်တဲ့၊ ဖွန်တော့ ဖွန့် နာမည်လေးကို သိပ်ချစ်တာပဲ"

ဖွန်က သူ့နာမည် ဖြစ်ပေါ်လာပုံကို ရာဇဝင်ခင်းနေ၍ မလေး ငြိမ်နေရသည်။ တခြား စကားလွှဲပစ်လိုက်ရပါ၏။ မပြည့်ဖြိုး ဟူသော အမည်မှာ မလေး မေမေ၏ ရှာမှဘုန်းကြီး ပေးသော အမည် ဖြစ်ပေသည်။ "ပြည့်"တစ်လုံး ဖြည့်ထည့်လိုက် ရခြင်းပါ။

"ဖွန့်မှာ အကူညီ လိုလာခဲ့ရင်တော့ ကိုမြင့်ထွေးမောင် ဆီက တောင်းမှာပဲနော်"

"ဟဲဟဲ၊ ရပါတယ်ဗျာ"

"တော်ကြာ အကူအညီ ပေးရမှာ စိုးတာနဲ့ ဖွန့်လည်း မြင်ရော အင်းယားကန်ထဲလည်း ဝင်ပုန်း မနေနဲ့ဦးနော်"





"ကျွန်တော် ဒီလို လူစားမျိုး မဟုတ်ပါဘူး ဖွန်ရယ်"

"ကဲ– ဒါဖြင့် ပထမဆုံး ဆုံကြတဲ့နေ့မှာ အမှတ်တရဖြစ်အောင် ဖွန်က ဒကာခံပါရစေ၊ ကဲ(န်)တင်း(န်)မှာ သွားစားရအောင်"

"နေပါစေ ဖွန်ရယ်၊ မလေးတို့နှစ်ယောက် ထမင်းစား ပြီးကြပါပြီ"

"မရပါဘူး၊ မငြင်းပါနဲ့ကွယ်၊ လာပါ ကိုမြင့်ထွေးမောင်ကိုပါ ခေါ်ခဲ့ပါ"

ထိုနေ့က မလေးတို့မှာ သဘာဝသိပ္ပံတက္ကသိုလ် ပရဂုဏ် ရှိ ဘုံကော်ဆောင်၊ နှင်းဆီဆောင်နှင့် အာရ်အိုင်တီကြား ကွက်လပ်ကြီးမှ စားသောက်ဆိုင်တန်းသို့ ရောက်ခဲ့ကြသည်။

အလှူရှင် ဖွန်၏နေ့ ဖြစ်တော့သည်။ သူ့အကြောင်း၊ သူနေခဲ့သည့် ကျောင်း၊ သူ့မိသားစု ဖွဲ့စည်းပုံမှအစ အမျိုးသား နှစ်ယောက်ကို ခေါက်ထားခဲ့ပြီးပြီနှင့် နိဂုံးချုပ်သည်။

ဖွန့်ကို ကြည့်ပြီး မလေး အံ့သြမိသည်။ ရည်းစား နှစ်ယောက်နှင့် တွဲခဲ့ပြီးသည့် မိန်းမလှလေးမှာ စိတ်နွမ်းသည့်အသွင် နည်းနည်းလေးမှ မမြင်ရပါ၊ ပျော်၍ မော်နေပါသည်။

မလေးနှင့် ဖွန် ယှဉ်လျှင် ရုပ်တရက် ဖွန်၏ အလှက ပိုမို၍ ပေါ်လွင်နေသလို ရှိသည်။ ဖွန်က သူ့မျက်နှာနှင့် သူ့ ခန္ဓာကိုယ် အလှ လိုက်ဖက်ကလေးများကို ဖြည့်တင်းတတ်သူ။

မျက်ဝန်းက ကျဉ်း၍ မျက်တောင်တိုသည်ကို အိုင်း လိုင်နာ၊ အိုင်းရှဲဒိုးများနှင့်ရစ်ဝိုင်း၍ မျက်တောင်တု တပ်ထားခြင်းဖြင့် သဘာဝ လှပြီးသား မလေး၏မျက်ဝန်းထက်ပေါ်လွင်၍ မလေး မျက်တောင်ထက် ပိုမို၍ ရှည်သွယ် ကော့ညွတ်နေပေသည်။ အသားကဖြင့် မလေးကို မမီ။ ဖြူသည် ချင်း တူသော်လည်း မလေး၏အသားက အဝါရောင်လေး နှော၍ ပိုမို အိစိုဝင်းညက်နေပေသည်။ နှစ်ဦးလုံး ကျက်လျစ် တောင့်တင်းသော ကိုယ်ခန္ဓာရှိသူများ ဖြစ်သော်လည်း ဖွန်က


www.burmeseclassic.com

www.burmeseclassic.com

မလေးထက် ပုသည်။ ဤသည်ကိုလည်း နိုင်ငံခြားဖြစ် ဖိနပ်မြင့်မြင့်ကြီး စီးထားခြင်းဖြင့် မလေး၏ အရပ်ကို မီလုနီးပါး ဖြစ်လာသည်။

ရုတ်တရက် ကြည့်လျှင်၊ တတ်ပုံရိုက်သည့်အခါများတွင် ဖွန်၏ အလှကပိုမို၍ ထင်ရှားနေတတ်သော်လည်း ဤမိန်းကလေး နှစ်ယောက်ကို အနီးကပ်ကြည့်ခွင့်ရခဲ့လျှင် မလေး၏အလှက တည်ငြိမ်ခြင်း ကျက်သရေ ရှိခြင်း၊ မြတ်နိုးဖွယ်ကောင်းခြင်း ဟူသော အနှစ်သာရ အလှများနှင့် ပြည့်လျှမ်း နေခဲ့သည်။

ဘာပဲဖြစ်ဖြစ် မလေးထက် တစ်နှစ်နီးပါးမျှ ငယ်ရွယ်သော ဖွန်တို့ မလေးနှင့် ကိုထွေးတို့က ကြင်နာခွင့်လွှတ်ခြင်း၊ ကူညီ ပေးမ ပေးခြင်းများစွာဖြင့် နေလာခဲ့ကြသည်။ ဖွန့်ဘက် ကလည်း…

"ဟော့ ဒီမှာ ဘာလဲ ကြည့်စမ်း"

"ဟယ်၊ သမ္မတရဲ့ လော့(ချ်)က လက်မှတ် သုံးစောင်ပါလား"

"မနေ့က သောကြာပတ်မှာမှ ဝင်တဲ့ ဂျမ်း(စ်)ဘွန်းကားပဲ၊ ဒါ ဘာလက်(က) ဆိုရင် အစိတ် သုံးဆယ်ပဲ၊ ဖွန် ဘယ်လို လုပ်ပြီး ရလာတာလဲ၊ ဘွတ်ကင် လုပ်ဖို့လည်း ဖွန် တန်းမစီနိုင်ပါဘူး"

မလေး၏ စကားအဆုံးတွင် ကိုထွေးက လက်မှတ်များကို ကြည့်ရင်းကပြောသည်။ ဖွန်က အောင်မြင်သော အပြုံး ဖြင့်…

"အကြံအဖန်ပေါ့"

"ဒီတစ်ခါ လက်မှတ်ဖိုးတော့ယူပါ၊ ဖွန်ကချည်း ကျွန်တော် တို့ နှစ်ယောက်ကို ခဏခဏ ပြနေရတာ"

"အသေးအဖွဲတွေ ထည့်ပြောမနေစမ်းပါနဲ့ ကိုထွေးရာ၊ ဒီမှာ ရုပ်ရှင်ပြရုံတင် မဟုတ်ဘူးရှင့်၊ သမ္မတမှာလည်း လန့်(ချ) ကျွေးဦးမယ်၊ လော့(ချ်) ပြီးတော့ လန့်(ချ)"

"တယ် သားနားနေပါလား"

မလေးစကားအပြီးတွင်ဖွန်က…

"ဟဲဟဲ၊ မိုက်တယ်နော်"





အမျိုးသမီး နှစ်ယောက်၏ စကားကို ကိုထွေးက နားခံ ပြီးမှ နှင်ပြိုး ကြည်သာစွာဖြင့်…

"ဘာဖြစ်လို့ ဒီလောက်တောင် ဒကာခံနေတာလဲ ဖွန်"

"ဖွန့် မွေးနေ့လေ"

"နေ့တိုင်း ဖွန့်မွေးနေ့ ဖြစ်ပါစေဗျာ"

"ကိုထွေးနော်၊ နင် ဘယ်တော့မှ အားမနာဘူး"

"နင်ကမှ မကျွေးဘဲ မလေးရဲ့၊ ဖွန် ကျွေးတာ ပေးတာ စောင့်ယူရမှာပေါ့"

"ငါ ဘာကြောင့် မကျွေးနိုင်တာ ဆိုတာ နင် အသိဆုံး ပဲနော် ကိုထွေး၊ စကား မရှည်နဲ့"

မလေးက မျက်စောင်း ထိုး၍ ဟိန်းဟောက်ပြန်တော့ လည်း ကိုထွေး ငြိမ်သွားရသည်။ မငြိမ်၍လည်းမဖြစ်။ အသုံး အစွဲ ကျစ် လျစ်သော၊ နှမျော စုံမက်တတ်သော မလေး၏ ငွေပိုငွေလျှံလေးများကို ကိုထွေးက အမြဲ ယူသုံးတတ်လေ သည်မို့ တစ်နေ့က လကုန်ကာနီးတွင် မလေး၏ရှိစုမဲ့စု ငွေလေးဆယ်ကို ကိုထွေး ယူသွားခဲ့လေပြီ။ ယင်း အကြောင်းကို စောင်း၍ ပြောမှန်း ကိုထွေးလည်း သိရှိလေသည်မို့ ပြုံးဖြီးဖြီး နှင့် စကား မဆက်ရဲရှာတော့။

ကိုထွေးမှာ မြို့ထဲမှ သူငယ်ချင်း တစ်ယောက်၏ အိမ်တွင် ဆမင်းလခ ပေးစားရင်း ကျောင်းတက်နေသူ ဖြစ်ပေသည်။ မြို့လယ် ခေါင် ၃၄ လမ်းတွင် နေထိုင်၍ ကိုထွေး ငွေကုန်ကြေးကျများလှသည်။ ရုပ်ရှင်ဖိုးက တစ်လတစ်လ အတော်ထိသည်။

စည်းကမ်းကြီးသော၊ စနစ်ကျသော ကိုထွေးနှင့် မလေးတို့၏ မိဘများက ကျောင်းစရိတ်၊ စားစရိတ်များကို လုံလောက်ရုံသာ တိုင်းထွာ၍ ပေးကြသည်။ ငွေပိုသုံးတတ်စ ပြုနေပြီဖြစ်သော ကိုထွေးမှာ တစ်လနှင့်တစ်လ အလျဉ်မမီ။

မလေးရော ကိုထွေးပါ အခြေခံအထက်တန်း ပြီးတူ အောင်၍



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ရောက်ခဲ့ကြသော်လည်း နှစ်ဦးလုံးအဆောင် နေခွင့် မရကြ။

မလေးက ကမာရွတ် နယ်မြေ၊ စံရိပ်ငြိမ်ရှိ ပြင်ပ ဘော်ဒါဆောင်၌ နေရသည်။ မှာစားသည့် ထမင်းချိုင့်နှင့် ဝအောင် မလေး စားရသည်။ အပို မသုံး။ အိမ်မှ ချုပ်ပေးသော အဝတ်ကိုသာ မလေး ဝတ်ပါ၏။ ပြင်ပဘော်ဒါမို့ လူစုံလှသည်။ ရုံးသမား၊ ကျောင်းသမား၊ ဘွဲ့လွန် သင်တန်း တက်နေသူ၊ အလုပ်ရှာနေသူ အစုံရှိပါ၏။ အချို့က ထမင်း စုချက်စားကြသည်။

ငွေကြေးကိစ္စ၊ လုပ်အားကိစ္စနှင့် ခဏခဏ စကားများ တတ်ကြသည်။ ဘယ်သူနှင့်မှ မပူးပေါင်း၍ မလေး ထမင်း ချက်မစား။ ဈေးကြီးပါစေ၊ တစ်ဦးတည်းစာ ချိုင့်မှာ၍ သီးသန့်စားကာ သပ်သပ် ရပ်ရပ် မလေးက နေသည်။ အမျိုး သမီး ပေါင်းစုံမို့ ပစ္စည်းပေါင်းစုံ ပြကြ၊ သုံးကြ၊ ရောင်းကြ ဝယ်ကြသော်လည်း "မလေး မဝယ်သေးပါဘူး"ဟူ၍ ထာဝရ ငြင်းခဲ့ရသည်။

သည့်အတွက် မလေးမှာ ငွေ ပိုလာသည်။ ပိုအောင်လည်း မလေး သုံးပါ၏။ မလေးမှာ ငွေပိုလေမှ…

"ကိုထွေး သုံးပါစေလေ၊ သူက ယောက်ျားလေး ဆိုတော့ အဖျော် ရုပ်ရှင်လေး ဘာလေးလည်း ကြည့်ချင်ရှာမှာ၊ သူ့သူငယ်ချင်းတွေ ကြားမှာ ကိုထွေး မျက်နှာ မငယ်ပါစေနဲ့"

ဟူသော မလေး၏ စံတင်ထိုက်စရာ သန့်စင်သော စေတနာ ကြီးမားစွာဖြင့် နေလာခဲ့ရာမှ ဒုတိယနှစ် ကုန်ဆုံး ကာနီးအချိန်ပိုင်း တွင်…

"နင် လာခေါ်မယ်ဆိုလို့ ငါဖြင့်စောင့်လို့၊ အိပ်(တ်) ကလပ်(စ်) တောင် လွတ်သွားပြီ"

မလေး၏ ပြင်ပဆောင်ရှိရာမှ ပြည်လမ်းဘက် ဖောက်ထွက် လျက် ဂျပ်ဆင်နှင့် မျက်နှာချင်းဆိုင်ရှိ ပြည်လမ်းထိပ်တွင် ကိုထွေးက အမြဲလောက် နီးနီး လာ၍ စောင့်နေတတ်သည်။





မနေ့ညနေက ကိုထွေးက ခေါ်ပါ မှာ၍ ယနေ့ နံနက်တွင် မလေး လမ်းထိပ်တွင် အကြာကြီး စောင့်နေသည်။ မလာနိုင်သည့် အဆုံးတွင်မှ တစ်ယောက်တည်း ထွက်လာ၍ အတန်းတက်လေမှ ကိုထွေးကို တွေ့လိုက်ရသည်။ ကိုထွေး ဘေးမှာ ဖွန့်။

"ဆောရီးပဲ ပြည့်ပြည့်ဖြိုးရယ်၊ ဖွန့်တို့အိမ်က ကားပျက်နေလို့ ကိုထွေးက ဖွန့်ကို ခေါ်လာရလို့ပါ"

ဖွန့်နှင့် ကိုထွေးတို့က ရန်ကုန်မြို့လယ်တွင် လမ်းချင်း ကပ်လျက် နေကြသူများမို့ အဆက်အသွယ်ရှိသည်။ ဖွန့်တို့ အိမ်က လွတ်လပ် လှသည်။ ဖွန့် မိတ်ဆွေ အမျိုးသားပေါင်းစုံ အချိန်အခါ မရွေး ဝင်နိုင် ထွက်နိုင်သည်။ ည ကိုးနာရီ ဆယ် နာရီ ဖွန့် အိပ်နေသည့်တိုင် အမျိုးသား မိတ်ဆွေများ လာလျှင် ဖွန့်ကို နှိုးပေးရသည်။ သည်အထိ လွတ်လပ်လှပါ၏။ ဖွန့် နေထိုင်မှုကို မလေး၏ ဒေါ်ဒေါ်အိမ်သို့ သွားလေတိုင်း မလေး တွေ့ရ မြင်ရ သိခဲ့ရပါ၏။

ဖွန့် အိမ်သို့ မကြာခဏ ကိုထွေး ရောက်ဖြစ်ပေလိမ့် မည်သာ။

"ဘာလဲ၊ ဖွန့်ဆီ ရောက်နေတာနဲ့ ကိုထွေးရဲ့ မလေးက စိတ် ကောက်သွားပြီလား"

"မလေးနဲ့ ကိုထွေးနဲ့က မွေးကတည်းက အတူတူ နေလာခဲ့ကြ သူတွေပါ ဖွန့်၊ မလေးတို့နှစ်ယောက်မှာ စိတ်ကောက်တယ် ဆိုတာ မရှိပါဘူးကွယ်၊ မလေး စိတ်ကောက်လည်း သူက ဂရုမစိုက်ပါဘူး"

မလေးက ကိုထွေးကို ပြောချင်သော စကားများကို ဖွန့်မှတစ်ဆင့် ပြောလိုက်သည်။ ကိုထွေးက မလေးကို အသေအချာ ငေးကြည့်နေရုံမှ တစ်ပါး ဘာစကားမှ မပြော။

"သြော်… ပြောရဦးမယ်၊ လာမယ့်ဆန်းဒေးမှာ ဘော်တနီ မေဂျာက အီးစီတွေ ဦးဆောင်ပြီး ပဲခူးကို ပျော်ပွဲစား သွားကြမလို့၊ ဖွန့်တို့ သုံးယောက် လိုက်သွားကြရအောင်နော်၊ နော် ကိုထွေး"

ဖွန့်သည် ဘာကိုမှ အလေးအနက် ထားတတ်သူ မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ယခု မလေးမျက်နှာ ညှိုးနေသည်ကိုလည်း သူမသိ၊ မရိပ်မိ။ မလေး တို့လိုလည်း ရင်၌ ပူပန်ခြင်း၊ ကြောင့်ကြ လှုပ်ရှားခြင်း မရှိလှ၊ ပြီးခဲ့သည့် ကိစ္စကို ဘယ်သောအခါမှ အမှတ်ထားခြင်း မရှိ။ ထာဝရ ပျော်ရွှင်စရာကိုသာ ရှာနေ တတ်လေသူ။

"ဘယ့်နဲ့လဲ၊ ပြည့်ပြည့်ဖြိုး လိုက်မှ ကိုထွေးကြီးက လိုက်မှာပါ"

"မဟုတ်ပါဘူး ဖွန်၊ သူ လိုက်ချင် လိုက်ပါစေ၊ မလေး မလိုက်အားပါဘူး၊ ဒီ ဆန်းဒေးမှာ လျှော်ဖွပ်စရာတွေလည်း ရှိတယ်၊ မေမေလည်း ကူးချင် ကူးလာဦးမှာ"

"ထားလိုက်စမ်းပါ၊ အဝတ်လည်း ငှားလျှော်လိုက်ပါ ပြည့်ပြည့် ဖြိုးရယ်၊ အဝတ်လျှော်ဖို့ ကုလားမတွေ ရှိပါတယ်၊ ဖွန် ငှားပေးပါ့မယ်"

"နေပါစေ ဖွန်ရယ်၊ ဘယ်နည်းနဲ့မှ လိုက်လို့ မဖြစ်လို့ပါ"

"ဒီမှာ ကလပ်(စ်)ပြီးရင် လှည်းတန်းဈေးကို သွားရအောင် နော်၊ ဖွန်နဲ့ လိုက်ခဲ့ကြပါကွယ်"

ဖွန် ခေါ်လျှင် မငြင်းနှင့်၊ မရနိုင်။ သုံးယောက်သား လှည်းတန်း ဈေးသို့ ထိုနေ့က ရောက်ဖြစ်ခဲ့ကြသည်။ ထုံးစံ အတိုင်းပင်၊ဖွန်သာလျှင် ဒကာခံရုံမက မလေးနှင့် သူ ဆင်တူ ဝတ်ရန် အင်္ကျီအဝတ်အစားပင် ဝယ်လိုက်ကြသေးသည်။ ထိုငွေ ကိုဖြင့် စိတ်ဆိုးမာန်ဆိုးဖြင့် မလေး အတင်း ပေးမှ ဖွန်က ယူသည်။ ဖွန်သည် ငွေရေးကြေးရေးကို လုံးဝ မြော်မြင်။ သူ ရှိလျှင် ကုန်ပါစေ၊ ကျွေးတတ်သည့် အကျင့်ရှိ၍ မလေးတို့ အမြဲ အားနာခဲ့ကြရသည်။

"ဖွန်၊ ကျွန်တော် ညက အိပ်မက် မက်တယ်ဗျ"

"ဘာတဲ့လဲ"

"ကျွန်တော်က ပိတ်ဖြူစင်ကြယ် ဝတ်ပြီး တရားကျင့် နေတုန်း"

"ဘာလဲ၊ ဒကာမလေးတွေ ရေချိုးခန်းထဲ ရှာန်နဲ့ ကြွနိုင်ဖို့ ကျင့်တာလား"

ဖွန့် စကားကြောင့် ငယ်ပေါင်း မလေး ပင်လျှင် ကို ထွေးနှင့် မျက်နှာချင်း မဆိုင်ရဲလောက်အောင် ရှက်ရွံ့သွားမိသည်။ သူတို့ နှစ်ယောက်ကမူ ပြုံးရွှင် ရယ်မောစရာများကို ဆက်လက်၍ အပြော ပျော်ကြ။

"မဟုတ်ပါဘူး ဖွန်ရဲ့၊ ကျွန်တော် တရားကျင့်နေတုန်း အာရုံ ရတယ်၊ ဖွန် ဆိုတဲ့ မိန်းကလေးကို ပြောလိုက်ပါတဲ့၊ စနေအရပ်က နေသားနဲ့ ကြာသပတေးသမီးကို စောင့်ရှောက်၊ ကြီးပွားမယ်တဲ့"

ဖွန်က ကိုထွေးကို လှမ်းထုသည်။ တွံတေးမြို့ဟူသည် စနေနံမြို့ ဟု၍ ဖွန် သိရှိမည် မဟုတ်။ ဖွန်သည် မြန်မာ့ရိုးရာ ဆိုင်ရာ ကိစ္စရပ်များကို ဘာတစ်ခုမျှ နားမလည်။ နေ့သင့် နံသင့်လည်း မတွက်တတ်။ မှတ်ပုံတင်ထဲတွင် ကိုးကွယ်သည့် ဘာသာ ဗုဒ္ဓဘာသာ ဟု၍ ဖြည့်စွက်ထားသော်လည်း ငါးပါးသီလကို ဖွန် မရ။ သရဏဂုံတည်သည် ဆိုခြင်းကို နားမလည်။ ဖွန့်တွင် ဖခင် မရှိ။ ဖွန့် မိခင်၏ အလုပ်က ဘာမှန်း မသိသော်လည်း ဖွန်တို့မှာ ငွေရွှင်လှသည်။ သုံးနိုင် ဖြုန်းနိုင်ကြသည်။ ကားနှင့်၊ တယ်လီဖုန်းနှင့်၊ ဆိုဖာနှင့်၊ ရေခဲသေတ္တာနှင့်။ အဝတ်က နှစ်လလောက် မထပ်အောင် ဝတ်နိုင်သည်။

ဖွန့် ဘဝကို ငယ်ရွယ်သူမို့ အားကျမိသော်လည်း ကိုယ့်ဘဝကို ကိုယ်သိသော မလေး လိုက်၍ မတုပါ။ သန့်စင် မွန်မြတ်လွန်းသော ခြံအလုပ်ဖြင့် ခက်ခက်ခဲခဲရလည့် မိဘများ၏ငွေကို မလေး တန်ဖိုး ထားပါသည်။ လွယ်လွယ်ကူကူ မသုံးနိုင်ပါ။ သို့အတွက် တခြားသော အပေါင်းအသင်းများနှင့် ကင်းကင်းနေသော်လည်း ဖွန်နှင့်က ကင်း၍ မဖြစ်။ သူ ဒါ ကို ငြင်းမရ။ ယခုလိုပင် မလေးတို့ သုံးယောက်က အမြဲတွဲ လျက်သာ။

"မလေး၊ ငါ ဖွန့်ကို လိုက်ပို့တာ နင် စိတ်ဆိုးလားဟင်"

လူချင်း ခွဲအပြီးတွင် ကိုထွေးက မလေးကို တောင်းပန် အသံ လေပျော့လေးနှင့် ဆိုသည်။

"အိုး၊ ဘာ စိတ်ဆိုးစရာ ရှိလဲ၊ ငါနဲ့မှ မဆိုင်ဘဲ"







www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ ငါနဲ့ မဆိုင်ဘူး ဟုတ်လား"

"အေးလေ၊ ဘာဆိုင်တာ မှတ်လို့"

မလေးကို မေ့ထားပြီး ဖွန့်ကို လိုက်ပို့နေသည့် ဆိုသည့် ကိုထွေးကို မလေး မကြည်ပါ။ ဖွန့် ရှေ့တွင် ကျေနပ်သည့် ပုံစံဖြင့် နေပြခဲ့ရသော်လည်း နှစ်ယောက်တည်းရှိသည့်အခါ မလေး၏ ဆန္ဒများ ပေါ်လွင်လာခဲ့ရလေပြီ။ မလေး၏ စကားကြောင့် ကိုထွေးက...

"ပြောရက်လိုက်တာ မလေးရယ်၊ ငါကတော့ နင်နဲ့ ငါနဲ့ဟာ တစ်ကန်ထဲကရေ၊ တစ်ပင်တည်းက ပန်းတွေလိုပဲ ပြည့်ဖြိုးစရာ ရှိလည်း အတူတူ၊ ညှိုးနွမ်းစရာ ရှိလည်း အတူတူ ပဲလို့ မှတ်ယူခဲ့ပါတယ်၊ ခုတော့ နင်မို့ ပြောရက်တယ်ဟာ၊ ဘာဆိုင်တာမှတ်လို့၊ လို့"

ကဗျာဆန်၍ ကာရန်နွယ်သော စကားလုံးလေးများကို ကိုထွေး နှုတ်မှ ပွင့်ကျလာခဲ့သည်။ စေတနာပါသော စည်းလုံးသော စကားများကို ပြောကြားရာသူ ကိုထွေးအား မလေး အားကိုး မြတ်နိုးစွာဖြင့် ကြည့်လိုက်မိသည်။

"ကိုထွေး"

"ဟင်"

"နင် ငါ့ကို စိတ်ဆိုးသွားလား"

"ငယ်ငယ်တုန်းက ငါ စိတ်ဆိုးလို့ ရိုက်နှက်ခဲ့တဲ့ ဒဏ်ရာလေးတွေ နင့်ကိုယ်မှာ ရှိနေဦးမှာပါ မလေး၊ ဒါတွေကိုတောင် ငါ နှောင်တ ရနေမိပါတယ်၊ ငါ နင့်ကို ဘယ်တော့မှ စိတ် မဆိုးရက်ဘူး၊ ငါ့ရဲ့ အန္တအတာကို ခံလွန်းလို့ သနားတယ်၊ ညီမရင်းလေးလို နင့်ကို လှိုက်လှိုက်လှဲလှဲ ချစ်တယ်၊ ဘာပဲ ဖြစ်ဖြစ် ငါ့ကို ခွင့်လွှတ်ပါ မလေးရယ်"

ကိုထွေး၏ တောင်းပန် စကားကြောင့် မလေးမှာ ကိုထွေးကို သနားလိုက်ရသည့် ဖြစ်ခြင်း။ ကိုထွေး ဘာတွေပဲ လုပ်လုပ်၊ မလေး ကျေနပ်ပြီးသား၊ ခွင့်လွှတ်ပြီးသားပါ။ မိမိကို မေ့ပြီး ဖွန့်နှင့်အတူ





ကျောင်းလာသည် ဆိုသည့်အဖြစ်ကို မလေး၏ ရင်၌ ဝန်တိုမိချင် သလိုလို ဖြစ်သွားသော်လည်း...

"အို၊ ဖွန့်က ကိုထွေးလို ဟာကို မှန်းမှာ မဟုတ်ပါဘူး၊ အိုင်အမ်(မ)ဝမ်းက ဆရာဝန်လောင်း တစ်ယောက်နဲ့လည်း တွဲနေတာ၊ ခရင်းအင်ဂျင်နီယာ တစ်ယောက်ကလည်း မြန်မာပြည်ပြန်လာတိုင်း ဖွန့်အိမ်မှာချည်းမို့ ဘာလိုလို၊ ဖွန့်က ကို ထွေးလို ရူပဗေဒအဓိကနဲ့ ဘီအက်စ်စီ ဘွဲ့ရမယ့် လူတစ်ယောက် ကို မှန်းမှာ မဟုတ်ပါဘူးလေ"

ကိုထွေးနှင့် မလေးတို့ အကြေအလည် ဆွေးနွေးပြီးနောက် နှစ်ယောက်သား လမ်းခွဲ လာခဲ့ကြရာမှ မလေး တွေးလာခဲ့ခြင်း ဖြစ်ပေသည်။ မလေး၏ နောက်ဆက်တွဲ အတွေးလေးများ ကလည်း...

"အို၊ ငါ ဘာတွေ တွေးနေပါလိမ့်၊ ကိုထွေးနဲ့ ပတ်သက်ပြီး ငါ့ရင်မှာ ဘယ်လို ဝန်တိုစိတ်တွေ ဝင်နေပါလိမ့်ကွယ်"

"ခုနပဲ ကိုထွေး ပြောသွားတယ်လေ၊ ညီမ အရင်းလေး လို လှိုက်လှိုက်လှဲလှဲ ငါ့ကို ကိုထွေးက ချစ်တယ်တဲ့၊ အင်း... ဟုတ်ပါတယ်၊ ကိုထွေးနဲ့ ငါက ငယ်ငယ်လေး ကတည်းက မောင်နှမ အရင်းလို နေလာခဲ့ကြတာပါ၊ နီးနီးကပ်ကပ် ဆက်ဆံ ခဲ့ကြတာပါ"

"မလေးရယ်၊ ကိုထွေးနဲ့ ပတ်သက်ပြီး နင့်စိတ်ကွေ့ တစ် ပတ်လောက် လျှော့ပါဦးဟယ်"

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဗုဒ္ဓဝင်ထဲကလို အသစ်အဆန်းသော ဖြစ်ရပ်များနှင့် ကြုံရသည့်အခါ မဟာပထဝီမြေကြီး အိုးထိန်းစက်ကဲ့သို့ လည့်စတမ်းဆိုပါလျှင်...

မလေးတို့၏ တွဲတေးမြို့လေးမှာ ဆုလည်စက်လို သွက်သွက်ခါ လည်ပတ်ပါလိမ့်မည်။

အကြောင်းမူ...

မလေးထက် အသက် ငါးနှစ်ကြီး၍ အခြေခံပညာ အထက်တန်းကို ခြောက်ကြိမ်မြောက် ဖြေဆိုပြီးသည့်နောက်တွင် မလေး၏ အစ်ကို ကိုအောင်ဒင် တစ်ယောက် တက္ကသိုလ်သို့ ရောက်လာခဲ့ခြင်း ဖြစ်ပေသည်။

"မအေးသွယ်၊ မင်းသား သုံးမရတော့ဘူးလို့ ကျုပ်က ထင်နေတာဗျ၊ ခုတော့လည်း ဟုတ်လိုက်လေဗျာ"

"တော့် ကျုပ် မပြောဘူးလား၊ ကျုပ်သားက မလုပ်ရင်လည်း နေရော၊ လုပ်ရင်လည်းအကြဲကြီးထဲကပါလို့၊ ခု ကြည့်လေ၊ ဟိုတုန်းက စာဆို လက်ဖျားနဲ့တောင်တို့ဖော် မရတဲ့ကောင်က သူ စိတ်ပါတော့လည်း ဂုဏ်ထူးတောင် တစ်ခုပါလိုက်သေး၊ အောင်ရုံ တောင်မကဘူး"

ဒေါ်အေးသွယ်က ဆေးပေါ့လိပ်ကို အားပါးတရ ဖွာလျက်





ခင်ပွန်းသည် ဦးကြီးမောင်နှင့် ဘောတိုက် ထိုင်ရင်းက အားပါးတရ ပြုံးရင်း ပြောသည်။

"အဲဒါ ဘာကြောင့်လဲ သိလား"

"သိပေါင်ဗျာ"

"မလေးနဲ့ ငထွေး အောင်သွားလို့လေ၊ သူတို့ဆီ သူ ငွေ သွားပို့ရ၊ သွားကြည့်ရတော့ တက္ကသိုလ် ဆိုတာကို သူ မက်မောသွားတော့တာပေါ့၊ အမေတဲ့ ဒီနှစ် သားအောင်ရင် သား ကို ပူဆာတာ ဝယ်ပေးပါတဲ့"

"အေးပေါ့၊ တို့မလည်း ဒီသား တစ်ယောက်တည်း အမွှန်း တင်စရာရှိတာ မအေးသွယ်ရယ်၊ မင်းသားကို လိုတာ ဖြည့်ပေးလိုက်ပါကွာ"

မလေး အောင်စဉ်က အိမ်မှ မလှုပ်ရှားကြ။ ဒီလောက် စာကြိုးစားတာ အောင်မှာပေါ့ ဟူသော မထူးဆန်းသည့် ဓာတ်လမ်းတစ်ခုပမာ ခပ်အေးအေး ရှိနေကြသော်လည်း အစ်ကို ကိုအောင်ဒင် အောင်လာသည့်အခါတွင် အကြီးအကျယ် အိမ်ခြံ လှုပ်ရှားသွားကြ တော့သည်။

သုံးမရသော လူပေလူတေ တစ်ယောက် ဖြစ်နေပြီ ဟူသော အသိဖြင့် ရှိနေရာမှ ခက်ခဲသော၊ အောင်မြင်ဖို့ မလွယ်ကူသော အခြေခံ အထက်တန်း စာမေးပွဲကြီးကို ဂုဏ်ထူးတစ်ဘာသာဖြင့် အောင်မြင်လာခဲ့၍ မလေး၏ မိဘနှစ်ပါးမှာ မကြုံဖူးသော ပီတိ အဟုန်ဖြင့် ဆွေ့ဆွေ့ခုန်နေကြပေတော့သည်။

တက္ကသိုလ်ကျောင်းသား လောင်းလျာ ကိုအောင်ဒင်မှာဆောင်းဘီ ချွတ်တော့။ နိုင်ငံခြားမှ ချုပ်ပြီးသား အင်္ကျီမှ ဝတ်သည်။ ဖိနပ်ဆို တစ်ရာကျော်တန်မှ။ နာရီက သုံးထောင် ကျော်။ စိန်လက်စွပ်နှင့်၊ ရွှေကြိုးနှင့်။ မလေးမိဘများ စုဆောင်းလာခဲ့သမျှ သားအတွက် သွန်ချလိုက်သလို အကုန်ခံသည်။

ကိုအောင်ဒင် ဟူသော အမည်မှသည် 'အောင်ကျော်ဇောသူ'



www.burmeseclassic.com

www.burmeseclassic.com



ဟူသော အမည်ဖြစ်လာအောင် သတင်းစာမှနေ၍ အမည်ပြောင်းခဲ့သည်။

ယင်းသို့ဖြင့် ကိုအောင်ဒင်အမည်ခံ ကိုအောင်ကျော်အေးသူ တစ်ယောက် တက္ကသိုလ်နယ်မြေသို့ ရောက်ရှိလာခြင်းသည် နောင်အခါ၌ မလေး၏ ဘဝတစ်ခုလုံး ပြောင်းလဲသွားရမည့် အဖြစ်မျိုးနှင့် ရင်ဆိုင်တိုးရပေတော့မည်ဟု မလေးခမျာ ကြိုတင်၍ မသိနိုင်ရှာခဲ့ပါ တကား။

* * *

"ဗွန်ရယ် မလွန်ဘူးလား"

"မလွန်ပါဘူး၊ လွန်တာက ပြည့်ပြည့်ဖြိုး"

"မလေး ဘာလွန်လို့လဲ"

"တစ်ခါတည်း အသွားကြီးအိုလေး ကျနေတာပဲ၊ အမြဲတမ်း တကုပ်ကုပ်နဲ့၊ ရုပ်ရှင်ကြည့်တာလောက်တော့ ထမင်းစား ရေသောက် ကိစ္စပါ"

"ဟုတ်ပါတယ်၊ ရုပ်ရှင်ကြည့်တာ မဆန်းပါဘူး၊ ဒါပေမယ့် မင်္ဂလာဒုံက တပ်မတော် ရုပ်ရှင်ရုံမှာ သွားကြည့်ရမယ် ဆိုတာတော့ လည်း လွန်ရာကျပါတယ် ဗွန်ရယ်၊ ပြီးတော့ ဒီနေ့ ကိုထွေးလည်း မလိုက်နိုင်ဘူးလေ"

"အမလေး ပြည့်ပြည့်ဖြိုးရယ်၊ စစ်ဗိုလ်ကတော်များ ဖြစ်မလား ဆိုပြီး သွားကြည့်တာမှ မဟုတ်ဘဲ၊ ဈေးသက်သာအောင်ဆိုပြီး တစ်ကျပ် နှစ်ကျပ်ကို ကြည့်တာလည်း မဟုတ်ပါဘူး၊ ကားသစ်မို့ ...ကားသစ်မို့၊ ဗွန့် အသည်းစွဲ 'ဂျူလီယာနီးဂျယ်မာ' ရဲ့ သေနတ် ပစ်ကား"

"ရန်ကုန် မြို့လယ်မှာ လာတော့မှာပဲ ဗွန်ရယ်"

"မစောင့်နိုင်လို့ပါ၊ လိုက်ခဲ့စမ်းပါ ပြည့်ပြည့်ဖြိုးရယ်နော်"





"စာမေးပွဲ နီးပြီ၊ စာကြည့်စရာတွေရော၊ လုပ်စရာတွေ များလွန်းလို့ပါ"

"မငြင်းပါနဲ့ကွယ်၊ ပြည့်ပြည့်ဖြိုး မလိုက်လည်း ဗွန် တော့ သွားဖြစ်အောင်ကို သွားမှာပဲ၊ ဗွန့်ကို ခင်ရင် လိုက်ခဲ့ စမ်းပါနော်...နော်"

ဗွန်က နှုတ်ခမ်းစူသည်။ ဗွန့် နွဲ့ဆိုးကို မလေး အရှုံးပေး လိုက်ရပါတော့သည်။

ရုပ်ရှင် ဈေးသက်သာပါသည် ဆိုသော်လည်း ထိုနေ့က ဗွန်နှင့် မလေးတို့၏ အသွားခရီးစရိတ်က တစ်ယောက် လေးကျပ်၊ နှစ်ယောက် ရှစ်ကျပ်။

ရုပ်ရှင်မှ အပြန်တွင် မလေး၏ နှမျောမှုကြောင့် အမှတ် ကိုး ဟီးနိုးကားဖြင့် ပြန်ခဲ့ကြသည်။

ထိုနေ့က ဦးမန်းဖ၏ အိတ်ကြီးကို မလေးတို့ ကောက်ရ ခဲ့ကြခြင်း ဖြစ်ပေသည်။

အဖြစ်က ဘတ်(စ်)ကားစီး ခရီးသည်များ ကြုံတွေ့နေကျ ကိစ္စပါ။ ဟီးနိုးကားက လေဆိပ်လမ်းခွဲ မရောက်ခင် ပျက်တော်မူသည်။ တစ်စီးလုံးစာ လူများပြည့်နေသော အခြား ကားပေါ်သို့ ပြည့်ပြည့်ဖြိုး တက်နိုင်။ လေးငါးယောက်ပါ သွားလိုက်၊ ကိုးယောက် ဆယ်ယောက် ပါသွားလိုက်နှင့်။

မိန်းမလှလေး နှစ်ယောက် ယင်း လူထုအားကြီးကို ဖြိုခွဲ၍ အထဲရောက်အောင် မတိုးနိုင်ကြ။

"လာ ပြည့်ပြည့်ဖြိုး၊ ဒီကား စောင့်နေရင် ဆံဖြူ သွားကျိုး ဘုန်းလိမ့်မယ်၊ လျှောက်ရင်း သုံးဘီးဖြစ်ဖြစ်၊ ဖယ်မလီယာ တက္ကစီ ဖြစ်ဖြစ် လက်တားပြီး စီးကြတာပေါ့၊ လာ"

ဗွန်၏ ဦးဆောင်မှုဖြင့် မလေးတို့နှစ်ယောက် ပြည်လမ်းမကြီး အတိုင်း နောက်လှည့်ကြည့် လှည့်ကြည့်နှင့် လျှောက် လာခဲ့ကြသည်။ နောက်က အငှားကားလေးများ လာလိုလာငြား။



www.burmeseclassic.com

www.burmeseclassic.com



"ဖွန် ဟိုမှာ ကြည့်စမ်း"

"ဟုတ်တယ်၊ ဖွန်လည်း မြင်တယ်၊ လာ၊ သွားကောက်ရအောင်"

"ဖြစ်ပါ့မလား၊ တော်ကြာ ပိုင်ရှင်ပေါ်ရင်"

"အို၊ ဒီနားမှာ ဘယ်သူမှ မရှိဘူး၊ ရှိလည်း တစ်ဝက်တော့ရမှာပဲ ရေအဆုံး ကုန်းတစ်ဝက်တဲ့"

ဖွန်က သွက်သွက်လေး လှမ်းရင်း အိတ်မဲကြီးကို ကုန်းကောက်ယူလိုက်သည်။ အရှည်တစ်ပေခန့်၊ အလျား ခြောက် လက်မခန့်ရှိ သုံးဘက်ပတ်လည် ဇစ်တပ်ထားသော အိတ် ပြားပြား မဲမဲ။

"အမ်(မ)ယူအဲန် ဇက်အေအဲန်(Mun Zan)တဲ့၊ ဖွန်ရဲ့၊ မန်းဇ ပေါ့နော် ဖွန်"

"အေး၊ လာလာ၊ ဘာတွေပါလဲ ဖွင့်ကြည့်ရအောင်"

"အို၊ မလေး ကြောက်တယ်၊ ဖြစ်ပါ့မလား၊ ပိုင်ရှင် တွေ့သွားလို့ မလေးတို့ သက်သက် ဒုက္ခရောက်နေပါဦးမယ် ဖွန်ရယ်"

မလေးက အနက်ပေါ်တွင် အဖြူရောင် ဖောင်းကြွ စာလုံးဖြင့် ပလတ်စတစ်ပြားလေး ကပ်ထားသည်ကို ဖတ်ကြည့် ပြီးနောက် ဖွန့် အပြုအမူကို ထိတ်လန့်စွာ ဟန့်တားမိသည်။

"အသာ နေစမ်းပါ ပြည့်ပြည့်ဖြိုးရယ်"

ဖွန်က ပတ်လည်ဇစ်ကို ဆွဲဖွင့်ပြီး ပစ္စည်းများကို တစ်ခုချင်း ကြည့်သည်။ ပြီးမှ...

"အလကား လူကြီး မွဲလိုက်တာ၊ ငွေလေး သုံးဆယ်ကျော်ပဲ ပါတယ်"

"လိပ်စာပါလားဟင်"

"ဒုက္ခပါပဲ၊ လိပ်စာ သိရင်တော့ မလေးတို့ သွားပြန်ပို့ ... အကောင်းသား"

"အလကား ဒုက္ခရှာလို့ ပြည့်ပြည့်ဖြိုးရယ်၊ ကိုယ့်ပစ္စည်း ကျခဲ့လို့မှ ကိုယ် မသိတဲ့ လူကြီး၊ ဆုံးစမ်းပါစေရှင်"





သည်သို့ဖြင့် ဦးမန်းဇ၏ အရေးကြီးသော စာရွက် စာတမ်းများ၊ ဘားလိုင်စင်၊ ပစ္စည်းထုတ်ရန် ပါမစ်များ၊ လျှောက်လွှာများ စသည့် စာရွက်မျိုးစုံပါသော အိတ်ကြီးမှာ မလေးတို့နှင့်အတူ ပါရှိလာခဲ့တော့သည်။

"ဖွန် ဟိုအိတ်ကြီး ယူသွားလေ"

ဖွန်ပြန်ခါနီးတွင် မလေးက သတိပေးသည်။

"မဟုတ်တာ ပြည့်ပြည့်ဖြိုးကလည်း၊ နက်ဖြန်ကျတော့ ကောက်ရတဲ့ ပိုက်ဆံနဲ့ ကိုထွေးပါ မုန့် ဝယ်စားကြတာပေါ့၊ ကျန်တာတွေတော့ ရှာဖွေပြီး လိုက်ပေးမနေနိုင်ပါဘူး၊ အလုပ် ရှုပ်လှတယ်"

"ဒါဖြင့် ဒါကြီး ဘယ်လို လုပ်မလဲ"

"လွှင့်ပစ်လိုက်ရုံပေါ့"

"အင်"

ဖွန်က ပေါ့ပေါ့လွယ်လွယ်လေး ပြောပြီး ရယ်ရယ်မောမောဖြင့် မလေးထံမှ ပြန်သွားတော့သည်။ ဘာကြောင့်မှန်း မသိ၊ အိတ်ကြီး ပါလာသည့်နေ့က မလေး စိတ်ထင့်နေမိ သည်။ စိတ်လေးနေမိသည်။ လုံမလဲ ဖြစ်နေမိ၍ ခုတင်နှင့် မွေ့ရာကြားသို့ ထိုးထည့်ထား လိုက်ရသည်။ နောက်တစ်ကြိမ် ပြန်၍ ဖွင့်မကြည့်မိတော့။

မလေးတို့၏အဆောင်တွင် ကျောင်းသူ နှစ်ဆယ်ကျော် ရှိသော် လည်း မလေးတို့၏ အခန်းတွင် မလေး အပါအဝင် လေးယောက်သာ ရှိကြပါ၏။

တစ်ယောက်က ဘွဲ့ရပြီးသား။ ပုလဲနဲ့ငါးမှာ အလုပ် လုပ်နေသူ မိမိနွယ်။ ခင်ဥမ္မာက အယ်(လ)အယ်(လ)ဘီ တက်နေသူနှင့်တစ်ယောက် က ရေပန်းအစားဆုံးလူတန်းစား ဘွဲ့ရသမား အလုပ်လက်မဲ့ မေသန်းစိုး။

မေသန်းစိုးက အလုပ်လက်မဲ့ဟုသာ အမည်တပ်ရသည်။ ဤ လေးယောက်ထဲတွင် မေသန်းစိုး အလုပ်အများဆုံး။ သူ့မှာ အားရသည် နားရသည် မရှိ၊ တစ်နေကုန် တစ်နေခန်း မမောမပမ်းလမ်းလျှောက်သည်။



www.burmeseclassic.com

ပြန်လာလိုက်၊ အဝတ်လဲလိုက်၊ ပြန်ထွက်လိုက်နှင့်။ ညဘက်ကျပြန်တော့လည်း ကျောင်းသူများထက် သူက အလုပ် ပိုရှုပ်သည်။ ပို၍ အိပ်ပျက်သည်။ စားပွဲ မှ မထ၊ ရေးလိုက်ရသည့် စာ၊ တွက်လိုက်ရသည့် စာရင်း၊ လူခြေတိတ်လေ မေသန်းစိုး အလုပ်လုပ်လေပင်။ တစ်ခါတစ်ရံတော့လည်း သီချင်း တအေးအေးနှင့်။ တစ်ခါတလေကျပြန် တော့လည်း ဆံပင်ဖြန့်ကြဲလျက် အိပ်ရာထဲလှဲနေတတ်သည်။တစ်နေကုန်မထ,တော့။

အသားညိုညို၊ ကိုယ်လုံး ကျစ်ကျစ်နှင့် ကုလားဆင် မျက်နှာရှိသူ အသက် အစိတ်တွင်းမို့ နုနယ်လှပခြင်း သိပ် မရှိလှ။ ကြည့်ပျော်ရှု ပျော်ရုံသာ ရှိသည်။

မြန်မာ အမျိုးသမီးတို့၏ လွတ်လပ်မှုသည် တစ်နေ့ တခြား အရှိန်မြင့်မားလာခဲ့သည်။ ဆော်ဒါဆောင်တွင်နေ၍ ကိုယ့်ငွေ ကိုယ်ရှာ ရာမှ တဖြည်းဖြည်းချင်း ဘဝဆုံး၍ လုံးပါးပါးရသည့် အဖြစ်မျိုးက အနန္တ။

မေသန်းစိုးက ယင်းသို့သော ပျက်စီးမှုမျိုး၏ လမ်းစကိုခြေချ နေခြင်း မဟုတ်တာဖြင့် သေချာသည်။ ဘာတွေလုပ်၍ ဘာတွေ ရှုပ်နေသည်သာ မသိရ။

"ပြည့်ပြည့်ဖြိုး ဧည့်သည်လာတယ်"

ရုပ်ရှင်ပြန်လာပြီးသည့် ညနေတွင် မလေး မီးပူတိုက် နေစိုက် အပြင်မှ လှမ်းအော်ခေါ်သည်။ ဧည့်ခန်းပါလာစောင့် မရှိ။ ကြုံသူတွေ သူက လှမ်းအော်ခေါ်ပေးရရိုး ထုံးစံ ရှိသည်။

"ဘယ်သူလဲဟင်၊ ကိုထွေး၊ ဟို...ကိုမြင့်ထွေးမောင်လား"

"မဟုတ်ဘူး၊ ယူ့ အစ်ကို"

ဒီနေ့ မလေး ကိုထွေးကို မတွေ့ရသေး။ မနက်ပိုင်းက သူ မလာ။ နေ့လယ်ကျပြန်တော့ မလေးနှင့် ဖွန် ရုပ်ရှင် သွားကြည့်ကြသည်။ ညနေပိုင်း မျှော်နေဆဲ၊ ဧည့်သည် ဆို၍ မလေး ဝမ်းသာသွားမိသော်လည်း အစ်ကို အောင်ဒင်(ခေါ်) ကိုအောင်ကျော်ဇောသူ ဖြစ်နေပြန်သည်။





သူက ကိစ္စရှိမှ လာတတ်သည်မို့ အိမ်က ဘာကိစ္စများ ရှိလို့ပါလိမ့် ဟုသော သိလို ဇောဖြင့် မလေး ဧည့်ခန်းရှိရာသို့ ထွက်လာခဲ့မိသည်။

"မေမေ လွှတ်လိုက်လို့လား အစ်ကို၊ ဟုတ်လား"

"မဟုတ်ပါဘူး၊ ငါ့ဟာငါ လာတာပါ"

"ဘာကိစ္စလဲဟင်"

"ကိစ္စရှိမှ လာရမှာလားဟ"

"ကိစ္စမရှိဘဲနဲ့ အစ်ကို မလေးဆီမှ မလာဖူးဘဲ"

"အေး ဟုတ်တယ်၊ ဒီနေ့ နင်ဘယ်သွားလဲ"

မလေး လန့်ဖျပ်သွားရသည်။ အစ်ကို တစ်ယောက်၏ စစ်မေးခြင်းကို မလေး ပထမဦးစွာ ကြားနာရပါ၍ စိုးကြောက် ရွံ့ထိတ်ခြင်းများဖြင့် ကိုအောင်ဒင်၏ မျက်နှာကို မော့ကြည့် မိသည်။

မလေး မျှော်လင့်သလို မဟုတ်ပါ။ အလည်ကျူးသော ညီမငယ်အား ဆူပူကြိမ်းမောင်းတော့မည့် အစ်ကိုတစ်ယောက်၏ ဒေါသမျက်နှာ မဟုတ်ပါ။ မြင်နေကျအတိုင်း ပြုံးစ ရယ်ကျဲသော မျက်နှာနှင့်မို့ မလေး ဟင်းချနိုင်ခဲ့သည်။

"သူငယ်ချင်းက ခေါ်လို့ မင်္ဂလာဒုံမှာ ရုပ်ရှင် သွားကြည့်ခဲ့တယ် အစ်ကို"

"အဲဒါ ဘယ်က ကောင်မလေးလဲ"

"မဟာဗန္ဓုလပန်းခြံလမ်းကပါ၊ မလေးတို့ မက်(သ်စ်) ကပဲ"

"သူက စစ်ဗိုလ်သမီးမို့လား"

"မဟုတ်ပါဘူး၊ မင်္ဂလာဒုံမှာ ကားသစ်ရုံတင်လို့ သွားကြတာပါ"

"ကလပ်(စ်)ခေါက်ပြီး မင်္ဂလာဒုံသွားကြတာ၊ ဒီလိုကိုး"

တက္ကသိုလ်ကျောင်းသားသစ်က ယခုမှ သည်လမ်းစကို မြင်တွေ့သွားတော့သည်။

"အဲဒီ အမျိုးသမီး နာမည်က ဘယ်သူတဲ့လဲ"

"ဖွန်တဲ့"

www.burmeseclassic.com



"ဘာ၊ ဖွန် ဟုတ်လား၊ သိပ်လှတဲ့ နာမည်ပဲ"

"ဖွန်နဲ့ မပတ်သက်ချင်ပါနဲ့ အစ်ကိုရယ်"

ခေါင်းနင်းဆင်းရသည်ဆိုသော မောင်နှမအရင်းမို့ ကိုအောင်ဒင့်အကြောင်း မလေးကောင်းစွာ သိရှိပါသည်။ မိန်းမချောတိုင်းကို သဘောတွေ့တတ်သူ၊ စိတ်ဝင်စားတတ်သူ။

ဖွန့်ကို မလေးချစ်ပါသည်။ သို့သော်လည်း ဖွန်သည် အိမ်ရှင်မကောင်း တစ်ယောက် ဖြစ်လာမည့်သူ မဟုတ်နိုင်။ အမျိုးသားများစွာနှင့်လည်း ဖွန်က ရင်းနှီးကျွမ်းဝင်ပြီးသား။

ဖွန့်ဘက်က ကြည့်ပါဦး။ ဖွန်က ကားရှိသည်၊ မောင်းတတ်သည်။ ငွေသုံးနိုင်သည်။ လွတ်လပ်သည်။ ခေတ်မီသည်။ ပြီးတော့ လှသည်။

အစ်ကိုက မိန်းကလေးများစွာ၏ အသည်းအိမ်များဆီသို့ ခိုနားလှည့်လည်နေခဲ့သူ။ တစ်ယောက်ပြီးတစ်ယောက် တစ်ခါ တစ်ရံပြိုင်တူများပင် ရည်းစားထားခဲ့သေးသည်မို့ သစ္စာတရား ဆိုသည်ကို ကိုအောင်ဒင်တို့ မကြားဖူးသူပါ။

သည့်အတွက် ဖွန့်ဘက်ကလည်း နစ်နာပါမည်။ သူတို့ နှစ်ဦး မကြုံဆုံဖြစ်ပါစေရန် မလေး ဆုတောင်းရပါသည်။

"အေးပါ၊ ငါကလည်း နင်က တစ်ဆင့် ဘယ်တော့မှ မပတ်သက်စေရပါဘူး၊ နင် ဖွန်နဲ့ တွဲလာတဲ့အခါ ငါ့တွေ့ရင် မခေါ်ပါနဲ့၊ အစ်ကိုလို့လည်း မသိပါစေနဲ့လေ၊ နင် ငါ့အတွက် မျက်နှာမပူစေရပါဘူး"

"ဘာပဲဖြစ်ဖြစ်၊ မလေး ပြောသလို ဖွန်နဲ့ မပတ်သက်ချင်စမ်းပါနဲ့လေ"

"စိတ်ချပါ၊ နင့်ရှေ့မှာ ငါ လုံးဝ မပတ်သက်ရင် ပြီး ရောမဟုတ်လား၊ တခြားမှာ ငါ့နည်း ငါ့ဟန်နဲ့ ဖွန့်ကို ငါ လိုက်မယ်"

* * *





## အခန်း(၈)

*အထူးဆုငွေပေးပါမည်။*

*အောက်တိုဘာ ၉ ရက်နေ့က ထောက်ကြန့်နှင့် မင်္ဂလာဒုံသွားအားလမ်းပေါ်တွင် အိတ်အနက်တစ်လုံး ကျပျောက်ခဲ့ပါသည်။*

*အရေးကြီးသော စာရွက်စာတမ်းများပါရှိ သွားပါ၍ အောက်ပါလိပ်စာအတိုင်း ပြန်ပို့ပေးပါက အထူး ကျေးဇူးဆပ်ပါမည်။*

*မန်းဖေ*

ကြေးမုံ၊ လုပ်သားနှင့် ဗိုလ်တစ်ထောင် သတင်းစာ သုံးစောင်တွင်ဆက်ရက်ဆက်၍ ကြော်ငြာပါလာသည်။ သည်တော့မှ မလေးစိတ်က...

"အရေးကြီးသော စာရွက်စာတမ်း၊ ဘာတွေများပါလိမ့်၊ဖွန်လည်း လာသေးဘူး"

ဦးမန်းဖေ၏ အိတ်နက်ကြီးကို မလေး အာရုံစူးရောက် သွားမိသည်။ မရဲတရဲဖြင့် အိပ်ရာအောက်မှ ထုတ်ယူ ဖွင့်ကြည့် လိုက်ရသည်။ အထမတွေ့လိုက်ရသည်က ဘာမှ မထူးခြားလှ၊ သာမန် စာရွက်စာတမ်းများသာ။ မလေးတို့ အတွက်က လွှင့်ပစ် ရန်သာ ဖြစ်သော်လည်း သူ့အတွက် အကျိုးရှိမည့်သစ်ထုတ်ရန်ပါမစ်များနှင့် သံနင့်မှန်လျှောက်လွှာများ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူကြီး တိုက်ဆောက်နေတယ် ထင်ပါရဲ့"

ဟူသောအတွေးဖြင့် မလေးမှာ အတွင်းမှ အိတ်ဇုက် ကလေး၏ ဇစ်ကို ဆွဲဖွင့်လိုက်သည်။

အတွင်း၌ စာတစ်စောင်...။

"မအူပင်မြို့ဆိုတဲ့ စာကြောင်းကလွဲလို့ အပေါ်စာ လုံးဝဖတ်မရပါလား၊ အားလုံး ရေတွေနူးပြီး ပျက်ကုန်ပြီ၊ အထဲက ဘာစာပါလိမ့်"

တရိုတသေ သီးသန့် သိမ်းဆည်းထားသော အိတ်ဖွင့် စာမို့ သိလိုဇောဖြင့် မလေး ဖွင့်ဖတ်လိုက်သည်။ ဤစာမှာ ရေနှင့် ထိတွေ့ထားသော၊ သို့မဟုတ် ရေထဲမှ ဆယ်ယူထားသော စာလွှာ ဖြစ်ဟန်တူသည်။ စာအားလုံး တစ်ဝက်တစ်ပျက်သာ အကောင်းပါသည်။ မင်က ရေထိခံမဟုတ်ပါ၍ စာများက ပြန့်နှံ့နေသည်။ သို့သော် ဖတ်၍ဖြင့် ရပါ၏။

*ဦးမြဝင်း*

*စိုးသိန်းနှင့်အတူ ပစ္စည်းများအားလုံး ပါလာပြီ။ အထူးဂရုစိုက်၍ ပြောင်းလဲပေးပါ။ အမြန် ဆုံးလုပ်ပေးပါ။*

*ယခုကိစ္စတွင် ဦးမန်းဖံ မပါဝင်။ သူ့ကို လုံးဝ အသိမပေးပါနှင့်။*

*အလုပ်ပြီးလျှင် အကြောင်းကြားပါ။*

*အားလုံး သေသပ်ပိရိပါစေ။*

စိတ်ချယုံကြည်လျက်
ဦးကျော်ဆင့်

ယင်း စာ ဖတ်အပြီးတွင် မလေး၏စိတ်၌ လှုပ်ရှား လာမိသည်။ ထိတ်လန့် ကြောက်ရွံ့လာမိသလိုလိုပင်။ ယင်း စာမှာ လျှို့ဝှက်စာ၊ တစ်စုံတစ်ခုသော တရားမဝင် ကိစ္စကို တိတ်တခိုး ဆောင်ရွက်ကြမည့် ပြဿနာ။ သို့ပါလျက်...





"နေပါဦး၊ ဒီစာထဲမှာက ယခုကိစ္စတွင် မန်းဖံ မပါဝင်၊ သူ့ကို လုံးဝ အသိမပေးပါနဲ့လို့ ပါရက်သားနဲ့ စာက ဘယ့်နဲ့ ဘယ့်နဲ့ ဦးမန်းဖံရဲ့ လက်ထဲကို ရောက်နေရတာပါလိမ့်"

မလေး ဆက်မတွေးတတ်တော့။ ယင်းအိတ်ကြီး မှီမိ လက်ဝယ် အားရှိနေမိသည်ကိုပင် အန္တရာယ်တစ်ခု သယ်ပိုးထားရသလို စိတ်၌ လေးလံနေမိသည်။

စိတ်အာရုံက သည်အိတ်၏ ရာဇဝင်ဆီသို့ ရောက်နေပါ၍ လက်မှစာကို မလေးမေ့သွားသည်။ တစ်ခါတစ်ရံ စိတ်ဇော ကြီးသူတို့ ဖြစ်လေ့ဖြစ်ထ ရှိတတ်ကြသလို လက်က အရှိန်နှင့် လုပ်နေမိသော်လည်း စိတ်က မသိ။ အာရုံက တခြား၌ လွင့်ပျံ့ နေလေ့ ရှိသည့်အတိုင်း...

ထိုနေ့က စာကို အိတ်ထဲပြန်ထည့်ပြီး ခေါင်းအုံးအောက် သို့ ထိုးထည့်လိုက်သည်။ ပြီးမှ အိတ်ကိုပိတ်၍ စာ၏အပေါ် ခေါင်းအုံး၏ အောက်သို့ထပ်၍ ထည့်လိုက်မိလေတော့သည်။

"ဟေး ပြည့်ပြည့်ဖြိုး"

ဖွန် တစ်ယောက် ခုန်ပေါက်မတတ် မလေး ရှိရာသို့ အရှိန်နှင့် ပြေးဝင်လာသည်။

"အမယ်လေး လန့်လိုက်တာ ဖွန်ရယ်"

"ဘာတွေများ တွေးနေလို့လဲ"

"ဘာတွေးရမလဲ၊ ဟိုအိတ်ကြီးပေါ့"

"အေး ဒါ...ဒါ ဒီကိစ္စလာတာ"

မလေး စကားမဆုံးမီ ဖွန်က ဖြတ်မေးလိုက်သည်။

"ရေရေလည်လည် အကွက်ဝင်ပြီ သူငယ်ချင်းရဲ့၊ တို့တော့ အပြတ် ထောဦးမယ်"

မလေး စိတ်လေးနေသလောက် ဖွန်က စိတ်၌ ပေါ့ပါးရွှင်လန်းနေသည်။ တက်ကြွနေသည်။ မျှော်လင့်ချက် ကြီးနေပုံ ရသည်။

"ဖွန် ဘာတွေ လုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ယူ သတင်းစာ ကြော်ငြာ မတွေ့ဘူးလား"

"တွေ့ပါတယ်"

"ဒါနဲ့များ ဘာငြိမ်နေရတာလဲ၊ အဝတ်လဲလေ"

"ဘာလုပ်ဖို့လဲ"

"ဟာ ဆွေးရပါ့လား"

"ဘာဖြစ်လို့လဲ"

"စိန်ကြောကြီး နင်းမိမှပဲ ပြည့်ပြည့်ဖြိုးရယ်၊ တူးမယူ လိုက်ရင် ဒီတစ်သက် ဒီအကွက်မျိုး ဘယ်တော့မှ ဆိုက်မှာ မဟုတ်ဘူး"

"ဒါတော့ ဇွန်သဘောပဲလေ"

"ကဲပါ၊ သွားကြရအောင်ပါ"

"မလေး မလိုက်ချင်ဘူး ဇွန်၊ ရရှိမယ့် အကျိုးအမြတ်ကိုလည်း မလေးကို မပေးပါနဲ့"

"ဘယ်ဟုတ်မလဲ၊ တူတူ တွေ့ကြတာပဲ"

"ဘာ အခွင့်အရေးမှ မလေး မယူပါရစေနဲ့၊ လိုက်လည်း မလိုက်ခဲ့ပါရစေနဲ့"

"ကောင်းပြီ၊ ရလာတာတော့ ဝေစုယူရမှာပဲ၊ ကဲ- ဇွန် တစ်ယောက်တည်းပဲ သွားလိုက်ဦးမယ်၊ ဦးမန်းဖဲဆိုတဲ့ လူကြီးတော့ ဇွန်တို့နဲ့ တွေ့ရင် ဖျားသွားစေရမယ်"

ဇွန်က ရွှင်ရွှင် သောသော ရယ်မောရင်း ခေါင်းအုံး အောက်မှ လက်ကိုင်ကြိုးစလေး ထွက်နေသည့် အိတ်မဲကြီးကို ဆွဲယူလိုက်ပြီး မလေး၏ အခန်းမှ လျင်လျင်မြန်မြန် ထွက်ခွာ သွားတော့သည်။ဇွန်က သူ့ ဖယ်မလီယာကားကို သူကိုယ်တိုင် မောင်း လျက် ထွက်သွားပြီးလေမှ မလေးက အခန်းတွင်းသို့ ပြန်ဝင်ခဲ့ တော့သည်။

"ဟယ် ဟိုစာ ကျန်ရစ်ခဲ့ပြီ"

ခေါင်းအုံး၏ အပြင်ဘက်သို့ ထွက်နေသော မင်ရည်ပျက်နေသည့် စာကို မလေး တွေ့လိုက်မှ သတိရတော့သည်။





"နေပါစေတော့၊ ဒီစာ ငါ့ဆီမှာ သိမ်းထားပြီး နောက်မှပဲ ဆုတ်ပစ်လိုက်တော့မယ်၊ ဒီစာ ကျန်ခဲ့မှန်းသိရင် ဇွန်က အကွက် အစ်မျိုး ထွင်ချင် ထွင်နေဦးမှာ"

ယင်းသို့ စိတ်ကူးများဖြင့် မလေးမှာ ၎င်းစာကို သိမ်းထား လိုက်မိသည်။

အမှန်က မမြင်ဖူးသော ဦးမန်းဖဲအတွက် စေတနာပါ။

ဇွန်က ထပ်ပြီး မနှောင့်ယှက်ရအောင်ပါ။

မလေး၏ စေတနာများသည် နောင်ခါတွင် ယင်း စာတစ်စောင် အတွက်နှင့် ပြေးကြ လွှားကြ၊ ပုန်းကြ လျှိုးကြ၊ သတ်ကြ ဖြတ်ကြ သည်အထိ ကြောက်ခမန်းလိလိ ကြီးကျယ်ဆန်းပြားသော ပြဿနာများ နှင့် ကြုံရဆုံရ၊ ထိတွေ့ရမည့် အဖြစ်များနှင့် ရင်ဆိုင်ရပေဦးတော့ သည်ဟူ၍ မလေးခမျာ မသိ နိုင်ရှာခဲ့ပါချေတကား။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

"အဲဒီလို မျက်နှာကြီးနဲ့မလေးကို မကြည့်ပါနဲ့လား ကိုထွေးရယ်"

"ငါ အသေအချာ ပြောထားရဲ့သားနဲ့များ"

"အခု ခဏလေးမှာပါ၊ တကယ့်ကို ငါးမိနစ်အတွင်းမှာ ပါ ကိုထွေးရာ"

"ဘာပဲဖြစ်ဖြစ် ဒီ မေသန်းစိုးဟာ သိပ်ရှုပ်တယ်ဆိုတာအားလုံး သိကြတယ်၊ သူ့ဆီ လာနေတဲ့ သူ့မောင်ဝမ်းကွဲဆိုတဲ့ ကောင်က... တောက်၊ မပြောလိုက်ချင်ဘူး၊ နင့်ကို ကြည့်တဲ့ မျက်လုံးတွေက အနိုးတွေတောင် ထွက်မတတ်ပဲ"

ကိုထွေး တကယ် ဒေါသ ထွက်နေမှန်း သိ၍ မလေး ငြိမ်သွားသည်။ ယင်းပြဿနာက ပြီးခဲ့သည့် စနေကမှ စခဲ့သည်။ ဧည့်ခန်းတွင်း၌ ကိုထွေးနှင့် မလေးတို့ ထိုင်၍ စကား ပြောနေကြစဉ် ဧည့်သည်တစ်ယောက် ဝင်လာသည်။ မေသန်းစိုး၏ အမည်ကိုမေး၍ အခန်းဖော်ချင်းမို့ မလေး သွားခေါ်ပေး မိသည်။ လိုက်ပါလာသော မေသန်းစိုးက ငြိမ်ငြိမ်မနေ၊ ကိုထွေး နှင့် မလေးနားသို့ ဧည့်သည်ကို ခေါ်လာ၍...

"မိတ်ဆက်ပေးရဦးမယ်၊ ဒါ မေစိုးရဲ့ ကာစင်၊ သက်ဝေစိုး တဲ့၊ အမ်(မ)အိုင် တီစိန်ကင်းကလပ်(စ်) အောင်ပြီးလို့ နိုင်ငံခြား





သင်္ဘောလိုက်တော့မှာ ပြည့်ပြည့်ဖြိုးရဲ့"

"ဪ၊ ဟုတ်ကဲ့၊ မမစိုး"

"သက်ဝေစိုး၊ ဒါ မမစိုးရဲ့ အခန်းဖော် မိတ်ဆွေပဲ၊ မက်(သ်စ်) ဆရာမ၊ စကဲန်းယီးယားက ပြည့်ပြည့်ဖြိုးတဲ့၊ ဟိုက သူ့အစ်ကို ကိုမြင့် ထွေးမောင်၊ သူလည်း ရာဇူးကပါ၊ ပြည့်ပြည့်ဖြိုး နဲ့ တစ်တန်းတည်း"

"ဪ၊ နာမည်က ပြည့်ပြည့်ဖြိုးတဲ့လား၊ ပြည့်ဖြိုးရုံမက ချိုကျနေတဲ့ အလှပိုင်ရှင်နဲ့ သိခွင့်ရတာ ကျွန်တော့်အတွက် ဂုဏ်ယူစရာ ပါပဲဗျာ"

ဒီတည်းက ကိုထွေး မကြည်။ သူ့ကို စောင်းလှည့်၍မျှ မကြည့်ပါဘဲ မလေးကိုသာ အာရုံစိုက်နေမှန်း သူရော မလေး ရော သိသည်နှင့် မလေးနှင့် ကိုထွေးတို့ အပြင်ဘက် ခြံဝင်းတွင်းဆင်းလာ ခဲ့မိကြသည်။

"အလကား ကောင်၊ ရှိတ်ပုံကိုက အပြတ်ကြောင်တယ်၊ ဒီကောင်ကို နောက်တွေ့ရင် ခပ်တည်တည်နေ"

ထိုနေ့က ကိုထွေး ဒေါပွပုံကို မလေး ရယ်ချင်သော်လည်း သူ ဆက် ဟောက်နေမည် စိုး၍ ငြိမ်နေလိုက်ရသည်။ ယင်းကိစ္စကို ပြီးတော့လည်း မေ့ပျောက်သွားသည်။

ယနေ့ မေသန်းစိုး ရေချိုးခန်းက အထွက်တွင် ဧည့်သည် လာသည်ဆို၍ မလေးကို အကူအညီတောင်းသည်။ တိုက်ဆိုင် လာသလား၊ ဖန်တီးထားလေသလားဖြင့် မသိ။

"ဘယ်သူပါလိမ့်၊ အတော်ပဲ၊ ပြည့်ပြည့်ဖြိုးက ရေချိုး ပြီးပြီ၊ မစိုးကို ကူညီပါကွယ်၊ မမစိုး ဧည့်သည်ကို ခဏ စကား သွားပြော ထားနှင့်ပါ၊ ခုပဲ ထွက်လာခဲ့ပါမယ်လို့၊ မမ ထွက်လာမှ ပြန်လာ ခဲ့နော်"

မေသန်းစိုး အကြံအဖန်ဖြင့် မလေး ဧည့်ခန်းသို့ ထွက်လာ ကြည့်တော့...



www.burmeseclassic.com

www.burmeseclassic.com



"ကိုသက်ဝေစိုး"

လှည့်ပြန်၍ မကောင်းသဖြင့် အကျိုးအကြောင်းပြောပြီး မလေး ထိုင်နေမိခိုက် တိုက်တိုက်ဆိုင်ဆိုင် ကိုထွေး ရောက်လာတော့သည်။

လမ်းသွယ်မှ ပြည်လမ်းပေါ်သို့ ရောက်လာခဲ့ကြသည်။ လက်ဝဲသို့ ချိုးပြီး ရှေ့သို့ကူး၊ ဂျပ်ဆင်ရှေ့တွင် ပတ်လျှောက် ပြီးမှ မာလာဆောင်နှင့် အင်းယားလမ်းကို ဖြတ်လျက် အင်းယား ကန်ဘောင်ရိုးကြီးပေါ်တွင် ဖြည်းဖြည်းချင်း လေညင်းမြမြကို ဖြတ်တိုက်၍ ကိုထွေးနှင့် မလေးတို့ လျှောက်လာကြသည်။ ယင်း လမ်းခရီးတစ်လျှောက်တွင်...

"မေသန်းစိုး တကယ် ရေချိုးပြီးစမို့ ခဏလေး မလေး ထွက် ပြောပေးတာပါ ကိုထွေးရယ်၊ ဒီလူကို မလေး လုံးဝ စိတ်မဝင်စားပါဘူး၊ ကိုထွေးစကားကို မလေး အမြဲ နာယူတယ်ဆိုတာ ကိုထွေး အသိပါကွယ်၊ ဒီမှာ ကိုထွေး"

"ဟင်"

"အဲဒီ သက်ဝေစိုး ဆိုတဲ့ လူနဲ့ မဆက်ဆံရဘူးဆိုတဲ့ အသေးအဖွဲ ကိစ္စလေးကို မဆိုထားနဲ့၊ ဟောဒီလောက၊ ဟောဒီ ဘဝမှာ ကိုထွေး မကြိုက်ဘူးဆိုတဲ့ အရာအားလုံးကို မလေး စွန့်လွှတ်ရဲတယ်၊ သိလား ကိုထွေး"

"ဒီလောက်တောင်တော့ မဟုတ်နိုင်ပါဘူးကွယ်၊ နင်က ရန်ကုန် ရောက်မှ ပိုလှတယ်၊ သိပ်ကိုလှလာတယ်၊ လူတွေက ဝိုင်းကြည့်နေတာ ငါ မခံချင်ဘူး၊ အကုန် လိုက်ထိုးပစ်ချင်တယ်၊ ငါ့ဆန္ဒအတိုင်းသာ နင့်ကို ပိုင်ပိုင်နိုင်နိုင် ခြယ်လှယ်ခွင့် ရမယ် ဆိုရင် နင့်ကို ကျောင်းတောင် မနေစေချင်ဘူး"

"တကယ်လား ကိုထွေး"

"ငါ ဆန္ဒ လွန်ကဲမိတာပါ"

"အေး တကယ်တော့ အမေက ထားချင်တာ မဟုတ်ဘူး မိန်းကလေးဆိုတာ ကိုယ့်မိခင်ရဲ့ ရင်ခွင်အောက်က မထွက် သင့်ဘူး





ထွက်ဖြစ်ပြီဆိုရင်လည်း အားကိုး မြတ်နိုးထိုက်စရာ ခင်ပွန်းသည်ရဲ့ ရင်ခွင်ထဲကို ပြောင်းသင့်တယ်လို့ အမြဲပြောတယ်"

"ဘာ၊ ဘယ်လို"

"ဆိုလိုတာက မြန်မာမိန်းကလေးတို့ရဲ့ ဘဝမှာ အုပ်ထိန်း ခြင်း မကင်းသင့်ဘူးဆိုတဲ့ အဓိပ္ပာယ်ပါ၊ ခု မလေးတို့လို ကင်းနေတာ ပြောနဲ့၊ မိဘရဲ့အုပ်ထိန်းမှု လျော့ရဲရဲနဲ့အတူ တွဲနေရင် ပျက်စီးတတ် တယ်လို့ မေမေ အမြဲပြောတယ် ကိုထွေးရဲ့"

"ဒီတော့..."

"ဦးတည်ချက်တောင် ပျောက်သွားပြီ၊ ကိုထွေး မနေ့ စေချင်ရင် အမေ့ဆန္ဒနဲ့အညီ မလေး တွဲတေးကိုပြန်မယ်၊ အပြင်ကနေ ဖြေယူမယ် ဆနော်"

"မလေးရယ်၊ နင် ငါ့ပေါ်မှာ ဒီလောက်တောင်ပဲလားဟင်"

"မလေးကို နားလည်နိုင်ဆုံးဟာ ကိုထွေးပါပဲလေ"

"အေးဟာ၊ တို့နှစ်ယောက်ဟာ မွေးတည်းက အတူ နေလာ ကြတာ၊ ငါလည်း နင့်ကို မခွဲနိုင်ပါဘူး၊ နင့်ကို ကျောင်း မတက်စေချင် တဲ့ဆန္ဒ ငါ့မှာ မရှိပါဘူး၊ နင့်ကို ဝိုင်းကြည့်ကြ တာ မခံနိုင်လို့ ငါ ပြောနေမိတာပါ"

ဝန်တိုခြင်း ဆိုသည်မှာလည်း ချစ်မေတ္တာ ပင်စည်၏ တစ်ခုသော အကိုင်းအခက်ဟု မလေး နားလည်ထားမိသည်။

နမရင်းလေးလို ချစ်ပါသည်ဆိုသော ကိုထွေး၏ရင်မှ မေတ္တာ တရားများကို မလေး သရုပ်ခွဲ ကြည့်ချင်လှပါသည်။ ဘယ်သို့သော မေတ္တာဓာတ်က လွှမ်းကဲနေလေသနည်းဟု ဓာတ်ခွဲခန်း၌ စမ်းသပ်ကြည့် သို့ရလျှင် ကြည့်ချင်မိပါသည်။

မောင်နှမစိတ်မျိုးဖြင့် ရိုးရိုးမေတ္တာ ဖြစ်ဖြစ်၊ ကိလေသာအသွင် ဆောင်ကြယ်သော မေတ္တာသဘောနှင့်ဖြစ်ဖြစ် ကိုထွေးသာ ချစ်နေမည် ဆိုပါလျှင် မလေး၏ ဘဝ၌ ပြည့်စုံသော အဓိပ္ပာယ်ကို ဆောင်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မလေး၏ ရင်တွင်း၌မူ ဘယ်ပုံစံနှင့် ချစ်ရ ချစ်ရပါ။ မိမိ၏ နှလုံးအိမ်တွင်း၌လည်း မည်သို့သော မေတ္တာတရားများ လွှမ်းကဲနေမ သလဲဟူ၍ မလေး ကိုယ်တိုင်ပင် မဆန်းစစ် တတ်တော့။

မလေး၏ ရင်၌ ကိုထွေးနှင့်ပတ်သက်ပြီး ကြီးမားသော ဆန္ဒ တစ်ခုသာ ရှိပါသည်။

ကိုထွေးနှင့် မခွဲနိုင်။

မည်သို့သော ပုံစံမျိုးဖြင့် နေရနေရ ကိုထွေး၏ အနီးပါးမှာသာ မလေး နေလိုသည်။

ကိုထွေးကို စွန့်လွှတ်ရသည့် အဖြစ်မျိုး ဒီတစ်သက်မှာ မကြုံရ မတွေ့ရပါစေနဲ့သား။

"ဩော်၊ ဟော့...မလေး"

အတွေး လွှမ်းနေရာမှ ကိုထွေးအသံကြောင့် မလေး ခေါင်းမော့ လာရသည်။

"ဖွန်ရော နင့်ဆီ လာသေးလား"

"ဟင့်အင်း"

"အေး၊ ငါ သူ့ကို မနေ့တည်းက မတွေ့ဘူး"

"ဘာလုပ်မလို့လဲ"

"ဩော်ဟော၊ မလုပ်ပါဘူး၊ မတွေ့လို့ မေးကြည့်တာပါ၊ ဖွန် ကတော့ တကယ့်ကို ဘက်စုံရတယ် မလေးရ၊ ငါ့ဆိုလည်း ဖောင်တိန်ကအစ သူ့ လိုက်ရှာထုတ်ပေးတယ်၊ အပေါင်းအသင်း ကလည်း တကယ်များတာပဲ၊ ဟိုတစ်နေ့က ငါ့နာရီ ပျက်တာလည်း သူ့အသိဆိုင်မှာ သွားပြင်ပေးတာ တစ်ပြားမှ မပေးရဘူး"

"အင်း"

"ပြီးတော့ နင်က တူးမြောင်းဘောင်မှာ မေးတင်နေတဲ့တွဲတောမို့သူ ဖြစ်ပြီး ရေမကူးတတ်ဘူးနော်၊ ဖွန်က သူ့ကား သူ မောင်းပြီးရေကူးကန် ရေသွားကူးတာဆရာ၊ ဖျံမလေး ကျနေတာပဲ၊ လျင်လိုက်တာ"





"နင် လိုက်သွားလို့လား"

"အေးပေါ့၊ သူခေါ်လို့ပါ၊ သူက အိုရီယင့်ကလပ်မှာ အသင်း ဝင်လေ၊ အဲဒီကန်မှာ အမြဲသွားကူးတာ"

"နင်ပါ ကူးတာလား၊ ဟုတ်လား ကိုထွေး"

"ငါက အသင်းဝင်မှ မဟုတ်တာ၊ အဲဒီဆိုင်က အအေးသောက်ပြီး မုန့်ကြော်စားပြီး ဖွန် ရေကူးတာ စောင့်ကြည့်နေတာပါ"

ခါးသေး၍ တင်နှင့်ရင် ဖွံ့ထွားလွှမ်းသော ဖွန်။ ပြည့်ဖြိုးသော ပေါင်တံကြီးများနှင့် ဖြူဆွတ်အိထွေးသော အသားစိုင်များပေါ်၌ ရေကူးဝတ်စုံလေးသာ တင်ထားမည့် ဖွန်။

မလေး ပင့်သက် ဖြာရင်း ခေါင်းလေးပင် ယမ်းခါ လိုက်မိသည်။ ထိုအဖြစ်ကို မလေး ဆက် မတွေးရဲ။ ဆက် မစဉ်းစားချင်။

"ငါ မနေ့ ညနေက သွားမေးသေးတယ်၊ ဖွန် သူ့ အိမ် မှာ မရှိဘူး၊ မလာသေးဘူးတဲ့၊ နင့်ဆီကို သူ မနေ့က လာ သေးလား"

"အေး လာတယ်"

"မနေ့က ကလပ်(စ်)လည်း မတက်ဘူးနော်၊ သူ ဘယ် သွားမယ် ပြောသွားလဲ"

"ဦးမန်းဇံဆီ..."

"ဘာ...ဘယ်သူ၊ ဦးမန်းဇံ ဟုတ်လား၊ ဘယ်က ဦး မန်းဇံလဲ"

"မသိပါဘူး ကိုထွေးရယ်၊ တို့ အိတ်တစ်လုံး ကောက်ရလာတယ်၊ ဦးမန်းဇံတဲ့၊ အဲဒါနဲ့ အဲဒီလူကြီးဆီ သွားပေးတယ်၊ ငါ့တောင် ခေါ်သေးတယ်၊ ငါ မလိုက်ချင်လို့ လိုက်မသွားဘူး၊ ဒါဖြင့်လည်း မလာသေးသားပဲ၊ ဖွန့်ကို သွားရှာလိုက်ပါဦးလား ကိုထွေး"

မလေးက လက်မှ နာရီလေးကို ကြည့်ပြီး အင်းယားကန် ဘောင်း၏ မြက်ခင်းပြင်မှ ထ,ရပ်လိုက်သည်။

ကိုထွေးက ထိုင်ရာမှ မထ,သေးဘဲ မလေး၏လက်ကို တအား ဆွဲ၍ ပြန်ထိုင်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖွန်က ငါ့အတွက် နှင့်ထက် ပိုပြီး အရေးကြီးစရာ အကြောင်း မရှိပါဘူး မလေးရယ်"

စာစာဆီက ရင်ခွင် တည်ရှိ ဖြစ်ထွန်းနေမိသော သံသယ စိတ်၊ ဝန်တို မစ္ဆရိယစိတ်များ အားလုံးကို ကိုထွေး၏ စကားလေးက သိမ်းကြုံး ဖယ်ရှားပစ်နိုင်လေပြီ။

"ကိုထွေးရယ်..."

မလေးက တိုးတိုးညင်းညင်းလေး ခေါ်လိုက်ရင်း မြက်ခင်း ပေါ်သို့ မညင်မသာ ပစ်ထိုင်ချလိုက်သည်။ ဆွဲထားသည့်လက်ကို ကိုထွေးက မလွှတ်သေး၍ မလေးလည်း မရုန်းဖယ်မိ။

"တကယ်လား ကိုထွေးရယ်၊ မလေးနဲ့ နေရတဲ့ အချိန်လေးတွေ ထဲက ဖဲ့ခွဲပြီး ဖွန်နဲ့နေမယ့် အဖြစ်ကို မလေး မခံ နိုင်ဘူး၊ ဖွန့်ဆီ မသွားပါနဲ့၊ မလေးနဲ့ နေပါ၊ မလေးရဲ့ အနား မှာ ခုလိုပဲ နေစမ်းပါ ကိုထွေးရယ်"

ကိုထွေး၏ လက်ကို တင်းကြပ်စွာ ဖြစ်ညှစ်ရင်း မလေးက ပြောမိသည်။ နှုတ်ကဖြင့် မဟုတ်ပါ၊ ရင်တွင်းမှသာ...

"မလေး"

"ဟင်"

"နင် ဒိုင်းနမစ်(စ်)တူးအိုဖိုက်က ပစ်တုံးပုန္နာတွေ တွက်ပြီးပြီလား နားရောလည်လား"

"ပြီးပြီ၊ နားလည်သားပဲ၊ ဘာဖြစ်လို့လဲ၊ ဒိုင်းနမစ်(စ်) တူးအိုဖိုက် ကို လူတိုင်း ကြောက်ပေမယ့် ငါ မကြောက်ပါဘူး"

မလေးစိတ်မဝင်စားမိသော အကြောင်းအရာများဆီသို့ ကိုထွေး ၏ စကားက လှည့်သွားသည်။

"ငါ အတန်းလစ်တာတွေ များနေလို့"

"နင် ဘယ်တွေလျှောက်သွားနေလို့လဲ"

"ငါ စိတ်ပါလုလို့ မဟုတ်ပါဘူး၊ နောက်ကွယ်ကျရင်တော့





တော်မှန်း မကောင်းမှန်း ငါ သိတယ်၊ ဒါပေမယ့် သူ့ရှေ့ကျရင် အားနာသလိုလို၊ ကြောက်ရွံ့သလိုလိုနဲ့ ငါ မလွန် ဆန်ဝံ့ဘူး၊ သူက ငါ့ကို သိပ် လွှမ်းမိုးနိုင်တာပဲ"

"ဘယ်သူလဲ၊ ဖွန်လား၊ ဟုတ်လား ကိုထွေး"

"မ...မဟုတ်ပါဘူး မလေး၊ ငါ့ သူငယ်ချင်းတွေကို ပြောတာပါ"

"ငါ မယုံဘူးဟယ်၊ ဖွန်ပါ၊ ဖွန် မဟုတ်ရင် ဒီပြင် မိန်းကလေး တစ်ယောက်ယောက်ပဲ ဖြစ်ရမယ်"

"မဟုတ်ပါဘူး မလေး၊ အေး၊ ငါပြောချင်တာက နင် ငါ့ကို ကူညီပါဦး၊ တူးအိုဖိုက်တင် မရရုံမဟုတ်လို့ပါ၊ နင် တတ်တာလေးတွေ ငါ့ကို ပြောပြပါဦး"

"အေးပါ၊ နင်သာ ငါနဲ့နေဖို့ အချိန်ပေးပါ၊ တို့ မတတ်ရင်လည်း ဆရာဦးအေးလှိုင်ကို သွားမေးကြတာပေါ့၊ ဆရာက ဟိုက်ဒရိုစတက် တစ်တွေ အရှင်းကောင်းသလို သဘောလည်း ကောင်းပါတယ်"

"အေး၊ ငါလည်း မနက်ဖြန် ဒီအချိန် လာခဲ့မယ်လေ"

"တကယ်လည်း လာနော်၊ လာမယ် လာမယ် ဆိုပြီး ငါမျှော် လိုက်ရတာ မောလှပြီ"

"အေးပါဟ"

ကိုထွေးက ရယ်ရင်း ပြောသည်။ အသားညိုရှိ၍ မျက်နှာပုံလှသော ကိုထွေးမှာ အပြုံးက ပိုလှသည်။ ရယ်လိုက်သည့်အခါ သွားတက်စွန်း လေးနှင့် မျက်နှာက ဝင်းကြည်သွားလေ့ရှိသည်။

"မလေး"

"ဟင်"

"နင် အောင်ပြီးရင် ရန်ကုန်မှာပဲ အလုပ်လုပ်မှာပေါ့"

"ဟင့်အင်း၊ ငါ အိမ်ကိုပဲ ပြန်မယ်၊ ဟိုမှာ နေရတာပဲ စိတ်ချမ်းသာတယ်၊ နင့်ကို မကြိုက်တာရှိရင်လည်း ကြီးကြီးငြိမ်း တို့ကို တိုင်လိုက်ရုံပဲ၊ နင့်ကိုလည်း အမြဲတွေ့မြင်ခွင့်ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာဖြင့် ငါးရှဉ့်ဖမ်းရသလိုပဲ”

“နင့် ဥပမာကလည်းဟာ၊ ကဲပါ၊ ငါ မနက်ဖြန် လာ ခဲ့မယ်၊ ကျောင်းမှာလည်း တွေ့ကြဦးမှာပဲ၊ ကဲ၊ ပြန်ကြဦးစို့”

ကိုထွေးနှင့်နေရသော ညနေတွင် အင်းယားကန်၏ နေဝင်စောလှသည်ဟု မလေး ထင်မြင်မိသည်။ အင်းယားကန်၏ လေပြည်လေညင်းထက် ကိုထွေးနှုတ်မှ စကားသံလေးများက ပိုမို၍ မလေး၏ ရင်ကို အေးမြစေသည်။

မလေးတို့နှစ်ယောက် ကန်ဘောင်ပေါ်မှ လျှောက်လာရင်း ကနုတ်ပန်း ဖော်ထားသည့် ရွက်လှနီနီလေးများကို စိတ်တွင်းမှပုံဖော်၍ ကြည့်လာခဲ့မိကြပါ၏။ ပြည်လမ်းမပေါ်မှ ဖြတ်သန်း သွားသော ကားများကမူ...

ဆယ်ကျော်သက်တို့၏ မေတ္တာတရားများ ထုံမွှန်းရာ တက္ကသိုလ်ပရိဝုဏ်မှ အချစ်အဖြစ်သည်းသော အသစ် စုံတွဲလေး တစ်တွဲအဖြစ်နှင့် ကြည့်ကြည့်သွားကြလေသည်။

အင်းယားကန်ကို ကွေ့ပတ်လျက် စီးပွားရေးတက္ကသိုလ် စာသင်ခန်းမများကို မျက်နှာမူပြီးမှ တက္ကသိုလ်ရေကူးကန်ဘေးမှ ဝိုက်လျက် လမ်းလျှောက်နေမိကြသေးသည်။

“ဟေး ကိုထွေးတို့”

အသံဝါကြီးနှင့် အော်ရင်း မလေးတို့ ရှိရာသို့ ပြေးလာသော ကိုအောင်ဒင် သို့မဟုတ် ကိုအောင်ကျော်ဇောသူ။

“ဟာ-အစ်ကို၊ တကယ် သားနားနေပါလား၊ အပြတ်မိတယ်နော်”

အင်္ကျီ အနက်ပွင့်လက်ရှည်၊ ဘောင်းဘီရှည် အဖြူနှင့် ဖိနပ်မြင့်ကြီး စီးထားသော ကိုအောင်ကျော်ဇောသူကို ကိုထွေးက ပြုံးရွှင်စွာဖြင့် ဆီးကြို ပြောလိုက်သည်။ ကိုအောင်ကျော် ဇောသူက သူ့ကိုယ်သူ လက်ညှိုးညွှန်ပြရင်း...





“ဟဲဟဲ၊ မိုက်တယ်နော်၊ ဒီမှာ ကိုထွေးရေ၊ ငါ့ကောင်မလေး စောင့်နေပြီကွ”

“တကယ် ငြိမ့်ပါလား၊ ဘယ်လိမ့်မလို့လဲ”

“မလိမ့်ခင် မင်းတို့ ရှာရတာနဲ့ မျှားနေပါပြီ”

“ဘာလုပ်မလို့လဲ အစ်ကိုရ”

“ဒါလေကွာ”

ကိုအောင်ဒင်က လက်ညှိုးနှင့်လက်မကို ဝိုင်းပြပြီးမှ...

“မ,စ ကြစမ်းပါဦးကွာ၊ ငါ တကယ် ပြတ်နေလို့ပါ”

“ကျွန်တော့်မှာ တိုးနယားတစ်ကောင်ပဲ လက်ကျန်ရှိတော့တယ်”

“ဟာ၊ ဒါလောက်နဲ့ အလုပ်မဖြစ်ဘူး၊ မလေး၊ နင့်မှာ ရှိတာ ပေးလိုက်စမ်းပါဟာ၊ ငါ ဒီတစ်ပတ်ပြန်ရင် အမေ့ဆီက တောင်းခဲ့ပြီး ဆက်ဆက် ပြန်ပေးပါ့မယ်”

“တစ်ပြားမှ မပါဘူး”

“ငါ ပြန်ပေးမှာပါဆိုမှ”

“ငါမှ မပါဘဲ”

“နင့်အဆောင်မှာရော ရှိလား”

“ဆယ့်ငါးကျပ်ပဲ မုန့်ဘိုးပဲ ရှိတယ်”

“ခုမှ လဆန်းပဲ ရှိသေးတာ၊ နင် တကယ် ကပ်တယ်”

မလေး ဘာမှ ပြန်မပြောတော့၊ အမြဲ အရေးကြီးနေသော၊ ထာဝရ လိုငွေပြနေသော အစ်ကို အောင်ကျော်ဇောသူ တောင်းလေတိုင်း မလေးထံမှ တစ်ပြားမှ မရ။

“ကဲ၊ ကိုထွေးဆီမှာ ရှိတဲ့ငွေလေး အစိတ်ပဲ ယူပြီး လိမ့်လိုက်ဦးမယ် ကိုထွေးရေ၊ တီကောင်ဆီကသာ မျက်ချေး နှိုက်ယူလို့ ရချင်ရမယ်၊ မိလေးဆီကတော့ ငွေတစ်ပြားမှ နှိုက် လို့ရမှာ မဟုတ်ဘူး၊ ကဲ၊ သွားမယ်၊ ဟိုမှာ ဘော်ဒါတွေ စောင့်နေတယ်”

သရက်ပင်အောက်မှ စောင့်ကြို့နေကြသော သူ့သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



မျှားထံသို့ ကိုအောင်ကျော်ဇောသူ ပြေးလွှား၍ ထွက်သွားသည်။

အမှန်ကတော့ လမ်းဆုံ ကြုံကြိုက်၍ မလေးထံမှ ငွေ နှိုက်ရန် အစ်ကို ရောက်လာခဲ့ခြင်း ဖြစ်သည်။ ထုံးစံအတိုင်း မလေးထံမှတစ်ပြားမှ ရမသွားပါ။ ကိုယ့်နှမရင်း တစ်ယောက်လုံး ကိုထွေးနှင့် နှစ်ကိုယ်တည်း တွဲသွားနေသည်ကို သူ နည်း နည်းလေးသော်မှ ဂရုမထား၊ ငြိုငြင်ခြင်း မရှိ။ ကိုထွေးနှင့် မလေးတို့ တွဲနေကြသည်မှာလည်း အနှစ်နှစ်ဆယ်နီးလေပြီမို့ မထူးဆန်းသော ဖြစ်ရပ်တစ်ခု၊ ကြည်ဖြူပြီးသား ကိစ္စတစ်ခုမျှသာ ဖြစ်ပေတော့သည်။

"အစ်ကိုအောင်ဒင်တော့ မလွယ်ဘူး၊ တကယ် ငွေသုံးတယ်"

"အမေကလည်း သိပ်အလိုလိုက်တာ၊ အရမ်းပေးတာပဲ၊ ငါ့ကို ပုံသေ သတ်မှတ်တဲ့အတိုင်း တစ်လ နှစ်ရာ့ငါးဆယ်ပဲ"

"ဪ ဒါတော့ နင်ကမှ မတောင်းတာကို"

"အမေတို့က ခြံထဲမှာ ကိုယ်တိုင် ပေါင်းသင်၊ မြေဆွ ပြီးမှ ရတဲ့ပိုက်ဆံမို့ ငါ မသုံးရက်တာပါ၊ အစ်ကိုကတော့ ခက်ပါသေးတယ်"

မလေးတို့ နှစ်ယောက် အင်းယားလမ်းအတိုင်း လျှောက်ပြီး မိန်းရှေ့တစ်ပတ်လမ်းကို ဖြတ်၍ ဂျပ်ဆင်ဘက်မှ ဖောက် ထွက်ပြီး သီရိဆောင်ရှေ့မှ ဖြတ်ကာ ပြည်လမ်းပေါ်သို့ ပြန် လည်ခြေချမိလေမှ...

"ဪ၊ ကိုထွေး၊ မေ့နေလို့"

မလေးက ဘလောက်(စ်)၏ ရှေ့အိတ်တွင်းမှ လက်ကိုင် ပဝါခေါက်ကလေးကို ထုတ်ယူ ဖြေဖြန့်လိုက်ပြီး...

"ရော့ ငွေငါးဆယ်၊ ဟိုတစ်နေ့တည်းက ပေးမလို့ စောင့်နေတာ နင် မလာလို့၊ ဪ၊ လှည်းတန်းဈေးကို သူငယ်ချင်းတွေနဲ့သွားရင်း နင့်ဖို့ မျက်နှာသုတ်ပဝါလေး တစ်ထည်နဲ့ ယိုးဒယား ဆပ်ပြာမွှေး တစ်တုံးတောင် ဝယ်ထားသေးတယ်၊ ခု တစ်ခါတည်း လိုက်ယူသွား မလားဟင် ကိုထွေး"

စေတနာရှင်မလေး၏ အပြစ်မဲ့ မျက်နှာလှလှလေးကို ကိုထွေး





ကြည့်နေမိသည်။

"ရော့လေ"

"ငါ မယူရက်ပါဘူး မလေးရယ်"

"အမယ်၊ ခါတိုင်း အမြဲကောင်းပြီး၊ ခုမှ ဘာဖြစ်ရပြန်တာလဲ"

"ဒီနေ့ စရိတ်နဲ့ဆိုရင် ကျောင်းသူတစ်ယောက်အတွက် ပိုငွေ ဆိုတာ မရှိနိုင်ပါဘူးလေ၊ ဒီအထဲက နင် အဆင်းရဲခံ စုဆောင်းပြီး ငါ့ကို ပေးပေးနေတာပါ၊ နင် ခက်ခဲဆင်းရဲခံပြီး ပို့လျှံအောင်သုံးခဲ့ရှာ ပေမယ့် ငါကတော့ တစ်နေ့တည်းနဲ့ကုန်အောင် သုံးပစ်ချင် သုံးပစ်မိ တာပဲ"

"နင် သုံးဖို့ ပေးတာပဲ၊ နင် သုံးရရင် ငါ ကျေနပ်ပါပြီ ကိုထွေးရယ်"

"ဒီတစ်ခါတော့ ငါ မယူတော့ပါဘူး မလေး"

"အို ယူသွားစမ်းပါ၊ ခုနလည်း အစ်ကိုက နင့် ရှိတဲ့ ငွေလေး ယူသွားသေးတယ်၊ ရော့ရော့၊ ငါ အိတ်ထဲ ထည့် လိုက်မယ်"

ကိုထွေး၏ အိတ်တွင်းသို့တိုင် မလေး ထည့်ပေးလိုက် ရသည်။ ဘာကို နောင်တ ရနေသည် မသိ။ သည်တစ်ခါ ခါတိုင်း ငွေရသလို ကိုထွေး၏ မျက်နှာ မကြည်ရွှင် ညှိုမှိုင်းနေသည်။

"ကိုထွေး"

"ဟင်"

"စိတ်မကောင်း မဖြစ်ပါနဲ့၊ အားလည်း အားမနာပါနဲ့ ကိုထွေးရယ်၊ ဒီမှာ ငါ ပြောမယ်၊ ငါကိုယ်တိုင် သုံးရစားရတာထက်ကို နင် သုံးရစားရမှာကို ငါ ပိုပျော်တယ်၊ ပိုပြီး စိတ်ချမ်းသာတယ်"

"နင့်စေတနာကို ငါနားလည်ပြီးသားပါ မလေး"

"အေး၊ ငါ တစ်ခုတော့ ပြောချင်တယ် ကိုထွေးရယ်"

"ပြောပါ မလေး"

"ဒီလောကမှာလေ၊ အင်း၊ လောကကြီးနဲ့ကိုချိပြီး ပြောကျယ်တယ်



www.burmeseclassic.com

မထင်ပါနဲ့နော်"

"မထင်ပါဘူး၊ ပြောပါဦး"

"အေး၊ ဒီလောကမှာ နင့်အတွက် အနစ်နာခံနိုင်ဆုံး၊ စေတနာ ထားနိုင်ဆုံးသော သူဟာ မလေးပါပဲလို့ ကိုထွေး စိတ်ထဲမှာ အ မှတ်ယူထားပါနော်"

* * *





## အခန်း(၁၀)

နွန့်ကို ပြန်လည် တွေ့ရှိသည့်နေ့က သီသီသာသာကြီး မူပျက်ကြောင်း မလေး တွေ့လိုက်ရသည်။

"နွန့်ကို ပြည့်ပြည့်ဖြိုး စိတ်ဆိုးနေလားဟင်"

"ဘာအတွက် စိတ်ဆိုးရမှာလဲ"

"နွန် ပေါ်မလာလို့ပေါ့"

"ဒီလိုပဲ ခဏခဏ နွန် ပျောက်နေကျပဲ"

"မဟုတ်ဘူးလေ၊ ဒီတစ်ခါက ဝေစုရမယ် ဆိုပြီးမှ"

"ဘာဝေစုလဲ၊ သြော်...သိပြီ၊ ဟိုအိတ်ကြီးကိစ္စ မဟုတ်လား"

"ဟုတ်တယ်လေ"

"ပြောပြီးပြီပဲ နွန်ရယ်၊ မလေးအတွက် မလိုပါဘူးလို့၊ နွန်ဟာနွန် လောက်ပဲ ရ,ရ"

"ဘယ်လောက်မှမရတဲ့အပြင် အဘိုးကြီးနဲ့ နွန်နဲ့ အပြတ် လာခဲ့ရတာပေါ့"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ သူ့အိတ်ကြီးကို အငမ်းမရ ဖမ်းယူပြီးရှာတယ်၊ တလည်း မပါ,ပါလား ဆိုပြီး နွန့်ကိုတောင် မသင်္ကာတဲ့မျက်နှာနဲ့ သေးတယ်၊ ပြီးတော့ ငွေတစ်ရာ ထုတ်ပေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

"ဦး ငွေတစ်ရာက ဖွန့်ဖိနပ် တစ်ရံစာတောင် မရှိပါ ဘူး… ဖွန့်လည်း ပြန်ကောတာပေါ့"

"ဒီတော့…"

"ဒီတော့ အဘိုးကြီးက စာတစ်စောင် ပါမလာဘူးတဲ့၊ စာ… အရေးမကြီးလှပေမယ့် အစုံအလင်မပါလို့ ဖွန့် တောင်းသလော… မပေးနိုင်ဘူးတဲ့"

"ဖွန့်က ဘယ်လောက် တောင်းလို့လဲ"

"သုံးထောင်"

"အို…"

"ဘာဖြစ်လို့လဲ ပြည့်ပြည့်ဖြိုးရဲ့၊ ဒီအဘိုးကြီးက သူ့ အိတ်ကြ… လိုချင်လိုက်တာမှလည်း ရှားလို့ပါ၊ ဖွန့်က အိတ်ကို ကားထဲမှာထားခဲ့… အိတ်ပြန်ပေးရင် ငွေသုံးထောင် ပေး မလား ဆိုတော့ အလွယ်တကူ… ပေးမယ်တဲ့၊ ဒါနဲ့ ဖွန့်လည်း အိတ် ယူပေးလိုက်တာပေါ့၊ အဘိုးကြီး… ဖွင့်ကြည့်ပြီး မျက်နှာ သိပ်ပျက်သွားတယ်၊ သူ့ ပစ္စည်း မပြည့်စုံ… ငွေတစ်ရာပဲ လမ်းစရိတ် ပေးနိုင်မယ်တဲ့၊ အလကား အချဉ်ကြီး"

ဖွန့်က မဲ့မဲ့ရွဲ့ရွဲ့ဖြင့် ပြောနေသည်။ မလေးမှာ သူ ယူထားမိသော… စာတစ်စောင်အတွက် မပြေမလည် ဖြစ်နေကြသည် ဆို၍ ဖွင့်ပြော… ဆဲဆဲတွင်…

"ဖွန့်တို့ တွေ့ကြတဲ့အထဲမှာ စာတစ်စောင် မပါ,ပါဘူး နော်… ပြည့်ပြည့်ဖြိုး"

ဖွန့်အမေးကို မဖြေဖြစ်မီမှာပင် ဖွန့်က တစ်ဆက်တည်း…

"သူ့ဟာသူ ဘယ်နေရာ ကျကျန်ခဲ့မှန်း မသိတာ၊ သူ ဟာ… ဒီစာကို သိပ်အရေးကြီးနေပုံရတယ်၊ တောက်၊ ခုနေများ ဒီစာလက်ထဲ… ရှိရင် အဘိုးကြီးတော့ စိမ့်ပြီမှတ်၊ ရေရေလည် လည် နှာပစ်မယ်… ငွေကို ညှင်းပြီး တောင်းပြမယ်၊ ဖွန့် ညစ် ရင် ညစ်သလောက်…





…ကြောပဲ"

ဖွန့်စကားကြောင့် မလေး နှုတ်ဆိတ်သွားရတော့သည်။ ဖွန့်သည် …လည်ပတ်သည်။ လည်ပတ်နိုင်ခြင်းထက် ပိုမို အစွမ်းထက်သော …င်အားလည်း ဖွန့်တွင် ရှိသည်။ ဖွန့်မာမီသည် ဖွန့်အတွက် …ကောင်း၊ ထောက်ကူနိုင်သူ၊ လမ်းညွှန် နိုင်သူလည်း ဖြစ်သောသူ။ …တို့ သားအမိက မိတ်ဆွေ သူငယ်ချင်းလို ပေါင်းသင်းကြသည်။ …စ်ယောက်ယောက်ကို ချပြီဟေ့ ဆိုလျှင် အတိုင်အဖောက် ညီကြသည်။ …စ်ဦးဦးကို နှာပြီ ဆိုလျှင်လည်း အပေးအယူ အချိတ်အဆက်မိကြ …သည်။ ဖွန့်တို့ သားအမိ၏ အရည်အချင်းကို သိရှိပါသော မလေးမှာ …ပြာအံ့ဆဲဆဲ စကား၊ စာထုတ်ယူအံ့ဆဲဆဲ အမူအရာများကို ပြန်လည် …မ်းရတ်ရသည်။

"သူတို့ လက်ထဲကို အပ်လိုက်တာနဲ့ စာရင် ငါ့ဟာငါ …စ်နည်းနည်းနဲ့ ပို့ပေးလိုက်တာပဲ ကောင်းမယ် ထင်ပါတယ်လေ"

ယင်းသို့ဖြင့် ဦးမန်းခံ၏ လျှို့ဝှက်စာမှာ မလေး၏လက်တွင် …တင်နေရစ်ခဲ့ရပြန်လေပြီ။

"ဩော် ပြည့်ပြည့်ဖြိုး"

"ပြောပါ ဖွန့်"

"ယူ့ကို ဖွန့် တစ်ခု မေးချင်တယ်၊ စိတ်မဆိုးဘူး ဆို ရင်ပေါ့"

"ဖွန့်ပေါ်မှာ ဘယ်တုန်းက စိတ်ဆိုးဖူးလို့လဲကွယ်"

"တကယ်နော်"

"အင်းပါ"

"ကိုထွေးနဲ့ ပတ်သက်ပြီး မေးချင်လို့ပါ"

"ဘာများပါလိမ့်"ဟူသော ဆန္ဒဖောကြီးစွာဖြင့် မလေးဖွ… …ကို မျက်လုံးအဝိုင်းသားနှင့် ကြည့်လိုက်မိသည်။

"ကိုထွေးနဲ့ ပြည့်ပြည့်ဖြိုးဟာ ကိုထွေး ပြောသလို သူငယ် …ချင်းလိုပဲ ခင်တာပါ ဆိုတာ ဟုတ်ရဲ့လားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုထွေးက ဗွန့်ကို ဘယ်လို ပြောလို့လဲ"

"ဪ…ပြည့်ပြည့်ဖြိုးနဲ့ တွဲလွန်းတယ်၊ ပြည့်ပြည့်ဖြိုး လည်း သိပ်ပြီး ကိုထွေးက သံယောဇဉ်ကြီးတာပဲ၊ ဘာလေး ဖြစ်ဖြစ် မလေးရဲ့အကြောင်း မပါရင် မပြီးဘူး၊ ဒါနဲ့ ဗွန်က ရိုးရိုး ခင်တာ ဟုတ်ရဲ့လားလို့ မေးကြည့်တော့ ကိုထွေးက ငယ်သူငယ်ချင်း ချစ်တာထက် မပိုပါဘူးဆို၊ အဲဒါ ဟုတ်လား"

မလေးမှာ ဗွန့်ကို အကြောက်ကြောက် အလန့်လန့်ဖြင့် စိုးရိမ် တကြီး ကြည့်လိုက်မိသည်။

"ကိုထွေးကို ဗွန် ချစ်နေ၍များ ဒီစကား မေးလေသလား" ဟူသော ပူပန်စိတ်က မလေး၏ ရင်မှာ လျှံကဲလာသည်။

ကိုထွေး ဆိုသည်မှာ မလေး၏ အဓိပ္ပာယ်၊ မလေး၏ ဘဝ မလေး၏ အမြတ်နိုးဆုံး အသည်းနှလုံး။

မလေး၏ ရင်မှအသည်းနှလုံးကို ဗွန့် လက်ဖြင့် ဖွင့်ခွဲ ဆွဲယူ သွားလေမည့် အဖြစ်မျိုးနှင့် မလေး ရင်ဆိုင်ရမှာ ကြောက်ရွံ့လှချည်ရဲ့

"ဗွန် မေးတာ ဖြေပါဦး၊ ကိုထွေး ပြောသလို ဟုတ် လားလို့"

မလေး ဘာဖြေရမလဲ၊ ဘာမှ ဖြေစရာ မလိုပါ။ ကိုထွေး ပြောခဲ့သည့်အတိုင်း ဟုတ်ပါသည်ဟူ၍ ခေါင်းညိတ်ရုံမှလွဲ၍ မလေး ဘာများ ကွန့်နိုင်ပါဦးမည်နည်း။

မလေး၏ ရင်ထဲမှာသာ ဘာတွေပဲ ဖြစ်နေဖြစ်နေ၊ ဘယ် လို တောင့်တနေ တောင့်တနေပါ။ ကိုထွေးနှုတ်က တစ်ခွန်းမှ မဟ လေသမျှ မလေး၏ အသည်း ရင်တွေ ကွဲထွက်ပါစေ၊ ဆိတ်ဆိတ် နေရလေမည်မို့။

"ဟုတ်ပါတယ် ဗွန်"

"အင်းနော်၊ ယူတို့နှစ်ယောက်လောက် ချစ်တဲ့သူငယ်ချင်း ဗွန်ဖြင့် မတွေ့ဖူးသေးပါဘူး"

"ကိုထွေးနဲ့ ဗွန် တွေ့သေးလား"





"အင်း တွေ့ပါတယ်"

"ဘယ်တုန်းကလဲ"

"မနေ့ကလည်း တွေ့တယ်၊ ဟိုနေ့တွေကလည်း တွေ့ပါတယ်၊ ဘာဖြစ်လို့လဲ"

"မဖြစ်ပါဘူးကွယ်"

"ဗွန် ဘာပြောပေးရမလဲ"

"နေပါစေ၊ သူ မလေးဆီလည်း လာပါတယ်"

ထိုနေ့က ဗွန် ပြန်သွားပြီးသည့်နောက်တွင် မလေး စာကျက် ကျက်ရသည်။

"ဗွန်နဲ့ ကိုထွေး ရင်းနှီး ရောဝင်နေကြတာကို ငါ့စိတ်မှာ ကြည်ဖြူနိုင်ဘူး ကိုထွေးရယ်၊ မလေးထက် အစစအရာရာ သာတဲ့ နှ့ဘက်ကိုများ ယိမ်းသွားရင်ဖြင့်…"

"အို ဒီအတွေးတွေ တွေးရတာတောင် ရှက်စရာပါလား၊ ဒါကို သက်ဝေစိုး ကြည့်တုန်းက ကိုထွေး မခံမရပ်နိုင် ဖြစ်ခဲ့ သားပဲ၊ ကော်တယ် ကိုထွေးရယ်၊ အရွယ်တွေရောက်ပြီး အချိန် တွေကျပါပြီ၊ ဘာလို့ မပြတ်သားသေးတာလဲ၊ ဘာလို့ မဖွင့်ဟ သေးတာလဲ"

"ဟာ၊ သွား…သွား၊ ငါ ဘာတွေများ တွေးနေမိပါလိမ့်၊ ကိုထွေး ပြောသလိုပဲ သူငယ်ချင်းချစ်လို သိမ်မွေ့ ရိုးစင်းတဲ့မေတ္တာတွေနဲ့ သက်ပန် နေသွားကြမှာပဲ ထင်ပါ ရဲ့လေ"

"ဪ ကိုထွေးရယ်၊ မလေး ရင်ထဲက စိတ်ဆန္ဒအမှန်ကို လေး ကိုယ်တိုင် နားမလည်နိုင်တော့ပါလားကွယ်"

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

ယင်းပြဿနာတွင်းသို့ မေသန်းစိုး ပါဝင်လာပေလိမ့်မည် ဟု မလေး လုံးဝ မမျှော်လင့်ခဲ့။

ရန်ကုန်မြို့၏ လည်ပတ်ရှုပ်ထွေးသော အမြင့်လွှာ အသိုင်းအဝိုင်းလေးမှာ မကျယ်ပြန့်လှပါ၍ တစ်ဦးနှင့်တစ်ဦး မတိမ်းသာ မရှောင်သာ မကွေ့သာမပတ်သာဖြင့် တစ်ယောက်အကြောင်း တစ်ယောက် တစေ့တစောင်းဖြင့် သိရှိကြ ကြားနာ ကြနှင့်။

မေသန်းစိုးဆိုသို့ သူ့မောင်၊ သူ့အစ်ကို၊ သူ့ဦးလေး စသော အမျိုးသားများစွာ လာနေကျဖြစ်ပါ၍ မလေးသတိ ထား၍ မကြည့်မိ ဘယ်သူဘယ်ဝါ ဟူ၍လည်းမသိရှိပါ။ မိတ်ဆက်ပေးဖူးသော ကိုသက်ဝေစိုးမှ လွဲ၍ တခြား သူများ၏ အမည်နာမများကို မသိ၊ မေးလည်း မမေးပါ။ ထိုနေ့ကမှ မေ သန်းစိုးက မလေးကို စကားစ,လာခြင်း ဖြစ်ပေသည်။

"ပြည့်ပြည့်ဖြိုးရေ၊ ဒီအဆောင်မှာ သရဖီလှိုင် ဆိုတဲ့ မိန်းကလေးကို တွေ့ဖူးသလားဟင်"

"သရဖီလှိုင်"

"ဟုတ်တယ်"

"မလေး မကြားဖူးပါဘူး၊ မမစိုးက ဒီအဆော င်ကို မလေးထ...



...ဆာပြီး ရောက်တာပဲ"

"ဟုတ်တယ်၊ တစ်ယောက်ယောက်များ နာမည်ပြောင်းထားသလားလို့ မမစိုး လိုက်မေးနေတာလည်း နှံ့နေပြီ"

"ဘာဖြစ်လို့လဲ မမစိုး"

"ဪ... ဒီလိုကွယ်၊ မမစိုးရဲ့ ဦးလေး ဦးမန်းဖဲရဲ့ ကိစ္စပါ"

"ရှင်..."

မလေးမှာ ပါးစပ်လေး ပွင့်ဟ,သွားမိသည်။ မျက်လုံး အဝိုင်းသားနှင့်-မေသန်းစိုးကို ကြည့်နေမိစဉ်...

"ဒီလိုပါ ပြည့်ပြည့်ဖြိုးလည်း တွေ့မိမလားပဲ၊ သတင်း စာမှာ ကြော်ငြာတယ်လေ၊ ဦးလေးက သူ့ လက်ဆွဲအိတ်လေး တစ်လုံး ပျောက်သွားတယ်၊ တွေ့ရင် ပြန်ပို့ပေးပါ ဆိုတဲ့ ကြော်ငြာလေ"

"အင်း"

"အဲဒီအိတ်ကို မိန်းကလေးတစ်ယောက်က ကောက်ရလို့ ပြန်ပို့တယ်၊ လာပို့တဲ့ မိန်းကလေးနာမည်က သရဖီလှိုင်၊ နေတာက ဟောဒီ စံရိပ်ငြိမ်ထဲက မမစိုးတို့ရဲ့ အဆောင်မှာလို့ လိပ်စာပေးသွားသတဲ့"

"ဟင် ဘယ်...ဘယ်သူများပါလိမ့်"

"ဟုတ်တယ်၊ အဲဒါကို သိဖို့ သိပ်အရေးကြီးနေတယ်"

"ဘာကြောင့်လဲဟင်"

"အဲဒီမိန်းကလေးနဲ့ ကိစ္စ မပြီးပြတ်ကြသေးလို့"

"သူ...သူက ဒီ စံရိပ်ငြိမ်ထဲက အဆောင် တစ်ခုခုကများလားမှ ထင်တာ မမစိုးရယ်"

"နီး၊ အသေအချာ ပြောခဲ့တာ ပြည့်ပြည့်ဖြိုး၊ ဟောဒီနံပါတ်နဲ့ အန်တီခင်မကြီးရဲ့ ဘော်ဒါဆောင်၊ အတူနေသူတွေက ခင်ဥမ္မာ၊ ပြည့်ပြည့်ဖြိုး၊ မိမိနွယ် ဆိုတဲ့ နာမည်တွေတောင် ရွတ်ပြသွားသေးသတဲ့၊ ... ဦးလေးက ဒါဖြင့် အဲဒီမှာ သူ့တူမ တစ်ယောက်ဟောင်

www.burmeseclassic.com



ရှိတယ်၊ မေသန်းစိုးလို့ ပြော တော့ သိတာပေါ့၊ မအူပင်သူ၊ ဘွဲ့ရပြီး အလုပ်ရှာနေတာတဲ့၊ သူက ရောက်တာ မကြာသေးပေမယ့် အားလုံးကို ခင်ပါတယ် လို့ ပြောခဲ့သတဲ့ ပြည့်ပြည့်ဖြိုးရဲ့၊ အဲဒါကြောင့် မမရဲ့ဦးလေး ဦးမန်းဖဲတို့ ထင်တာကတော့ ဒီဘော်ဒါဆောင်ထဲက တစ်ယောက် ယောက် နာမည်ပြောင်းပြီး သွားပေးတာ ဖြစ်လိမ့်မယ် လို့ထင်မိကြ တယ်"

"အင်း၊ ဟုတ်...ဟုတ်မှာပေါ့နော်"

"အဲဒီကိစ္စမှာ ပြည့်ပြည့်ဖြိုးကို ညီမလေးလို သဘောထားပြီး မမစိုး ပြောပြချင်လို့ ညီမရဲ့"

လောကကြီးနှင့် အထိအတွေ့ များသော၊ သူ့အသိုင်းအဝိုင်း အတွင်းသို့ ရှုထောင့်မျိုးစုံမှ ဝင်ရောက် ပြွမ်းတည်းဖူးသော မေသန်းစိုးမှာ ပြည့်ပြည့်ဖြိုးလို အသိမကြွယ် အမြင်မကျယ်သော အရိုးခံလေး၏ လှုပ်ရှားမှုကို ကောင်းစွာ အကဲခတ်နိုင်စွမ်း ရှိ သွားသည်။

"ဒီပြင့်သူ အတွက် စက္ကူစုတ်ကလေး တစ်ခုသာ ဖြစ်ပေမယ့် ဦးလေး အတွက် အင်မတန်မှ အဖိုးတန်နေတဲ့ စာ လေး တစ်စောင်ဟာ အဲဒီ သရဖီလှိုင် ပို့လာတဲ့ အိတ်ထဲမှာလည်း ပါမလာဘူး၊ ဦးလေးကို လူတစ်စုက လိမ်သွားကြ တယ်ကွယ်၊ ဒီစာကို လက်ဆုပ်လက်ကိုင် ပြနိုင်မှ သူ့ပစ္စည်းတွေ ပေးပို့ပြီးကြောင်း သက်သေပြနိုင်မယ်၊ဦးလေးပိုင် ပစ္စည်းတွေမို့ ဦးလေး မသိအောင် တစ်ပတ်လှည့်ပြီး အကွက်ရိုက် သွားကြတာပေါ့၊ အဲဒီပစ္စည်းတွေ ပြန်ရအောင် အဲဒီစာ ရှိမှ သက်သေ ခံရမယ်ညီမရဲ့၊ အဲဒီစာများ ဦးလေး ပြန်ရရင် တကယ့်ကို ကျေးဇူး ဆပ်မှာပါ၊ ထိုက်ထိုက်တန်တန် တုန့်ပြန်မှာပါ"

"ဩော်"

"အေး ဒါကြောင့် မမစိုးက ပြောချင်တယ်၊ လက်ထဲများ ရှိရင် သူ့ ကြည်ကြည်ဖြူဖြူ တောင်းတုန်း ပေးလိုက်ပါလို့၊ ဒါမှ နှစ်ဦးလုံး အကျိုးရှိမှာ၊ ဦးလေး ဦးမန်းဖဲ ဒေါသဖြစ်ပြီးမှ ဆိုရင်





မခွယ်တော့ဘူး၊ သူက အဖွဲ့တောင့်တယ်၊ တန်ခိုး ရှိတယ်"

မလေး ဘာပြောရမှန်း မသိ၊ ဘာလုပ်ရမှန်း မသိ။ ရှေ့ပါဟု ထုတ်ပေးလိုက်ရအောင်လည်း မနေ့ညနေကပင် ဤအကြောင်း အရာများကို ပြောကြားပြီး ကိုထွေး လက်ထဲသို့ စာပေးလိုက်မိလေပြီ။

"ဦးမန်းဖဲ လိုချင်သောစာ ကိုထွေး လက်မှာ ရှိနေပါသည်"

ဟူ၍ မလေး မပြောလိုက်နိုင်ပါ။ ကိုထွေးကို ရန်ရှာမှာ စိုးပါသည်။ အန္တရာယ် အသွယ်သွယ်တို့ ကိုထွေးထံ မရောက် စေအောင် ရှေ့မှ ဆီးကာပေးချင်သည့် ဆန္ဒ မလေးရင်မှာ အပြည့်ပါ။

"ဩော် ဒါနဲ့ ပြည့်ပြည့်ဖြိုး ကားမောင်းတတ်သလားဟင်"

"ကြဲကြဲဖန်ဖန်၊ တောသူပဲ မမစိုးရယ်၊ ကားပိုင်မှမရှိတာ၊ ဘယ်လိုလုပ် ကားမောင်းတတ်မှာလဲလို့"

"အင်း ဟုတ်သားပဲနော်"

မေသန်းစိုးက သူ့အဓိပ္ပာယ်နှင့်သူ ပြောပြီး မလေး၏ အနားမှ ခွာတော့သည်။ မေသန်းစိုး၏ ဦးလေး ဖြစ်သူသည် စံရိပ်ငြိမ် ဆောင်မကြီး၏ ဘော်ဒါဆောင်မှ ချောချောငယ်ငယ် ပြည့်ပြည့်ဖြိုး ဆိုသူလေးမျိုးဟု ပြောလိုက်ပေမည်။

သည့်အတွက် မေသန်းစိုးမှ လာရောက် အစ်အောက် ခြိမ်းချောက် ပြီးမှ မလေး ကားမမောင်းတတ်ပါဟူသော အကြောင်းအရာက မေသန်းစိုး၏ သံသယစိတ်များကို ပြေလျော့ သွားစေခဲ့ပါပြီ။

ဖယ်မလီယာကား ကိုယ်တိုင်မောင်း၍ ဦးမန်းဖဲထံ သွားခဲ့သော သူကို သူတို့ ခြေရာခံရန် မလွယ်တော့။ ဖွန် လိမ်ညာ၍ ခြေရာဖျောက် သူကို မေသန်းစိုးတို့ တူဝရီး အဟုတ်မှတ်၍ ဤနေရာမှာ ရပ်ကြလေပြီ။

အမှန်တော့...

သည်စာကို သိမ်းဆည်းထားလို့၍ မလေး သိမ်းထားခြင်း မဟုတ်ပါ။ အကြောင်းတွေက ဖြစ်ပျက် ဆုံစည်းလာကြ၍သာ ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

မနေ့ ညနေက ကိုထွေး ရောက်အလာမှာ အသင့် ပါလာသော စာကို ထုတ်ပြပြီး မလေးက အကြောင်းစုံ ရှင်းပြ သည်။ မင်္ဂလာဒုံ ရုပ်ရှင်သွားကြည့်ရာမှ အစဦး၊ မန်းဓနှင့် နွန် မပြေမလည် ဖြစ်ခဲ့ကြသည့် အကြောင်း အဆုံး၊ တစ်လုံး မကျန် ပြောပြအပြီးတွင် ကိုထွေးက...

"အင်း၊ နွန်ကတော့ မလွယ်ဘူး၊ နင် အ,သလောက် နွန်က လျှင်တယ်နော်၊ တော်ကြာ သူ့အရှုပ်တွေ နင့်ပေါ် ပုံ ကျလာနေမယ် မလေး၊ ဒီတော့ ဒီစာ ရှိနေရင် အဘိုးကြီးကို သူ နှောက်နေလိမ့်မယ် နင့်ဆီမှာ ဒီစာ ကျန်ရှိနေတယ်ဆိုတာ နင်နဲ့ ငါနဲ့ကလွဲလို့ ဘယ်သူမှ မသိဘဲ မလေး၊ ဒီတော့ ဒီစာ ငါပဲ ယူထားလိုက်မယ်၊ နင်လည်း မေ့ပစ်လိုက်တော့၊ ဒီစာကို ငါ ဆုတ်ပြီး လွှင့်ပစ်လိုက်မယ်၊ ဟုတ်လား"

"ဆုတ်တော့ မဆုတ်ပါနဲ့လေ၊ လူတစ်ဦးဦး အတွက် တက အသုံးကျ အဖိုးတန်နေတဲ့ စာမျိုး ဖြစ်နေရင် ဒုက္ခပဲ၊ နင်ပဲ လုံခြုံအောင် သိမ်းထားလိုက်ပါလား"

"အေးအေး"ဟူ၍ ကိုထွေးက အလွယ်တကူပင် လိုက် ရာသည်။ ယင်းကိစ္စ ပြီးပြတ်လေပြီဟု မှတ်ယူထားကာမှ...

မေသန်းစိုးက အရေးတကြီး ဆက်သွယ်လာပြန်သည်။ ယ စာပြဿနာနှင့် ပတ်သက်၍ မလေး ဘာကို ဆုံးဖြတ်ရမှန်း မသိတော့

"နက်ဖြန်မှ မမစိုး ပြောတဲ့အကြောင်း ကိုထွေးနဲ့ တိုင်ပင် ဘာလုပ်မယ် ဆိုတာ တို့နှစ်ယောက် ဆုံးဖြတ်ကြရ မှာပဲလေ"

မိမိ၏ ပြဿနာ အလုံးစုံကို ကိုထွေးပေါ်သို့ အားကိုးတ ပုံချလိုက်ပြီးလေမှ မလေး၏ ရင်မှာ အနည်းငယ် ပေါ့ပါးသွားရသည်

"ဩော်...မလေးရဲ့ ကိစ္စ အဝ,ဝ ပြဿနာ အဖုံဖုံကို ကိုထွေး ရှေ့က ရပ်မပေးနိုင်ရင် ရှိပါစေ၊ အတူ လက်တွဲပြီး ဖြေရှင်း အောင်ပါနော် ကိုထွေး၊ မလေးဟာ ကိုထွေးအတွက် ထာဝရ မ ဖြစ်ပါရစေမယ်၊ ဒီအတိုင်း တုန့်ပြန်နိုင်မှာ လားကွယ်"

* * *





## အခန်း (၁၂)

"နွန် ခုတလော ကျောင်းမှ တက်ရဲ့လား၊ ကျောင်းမှာ လည်း ရှာမတွေ့၊ မလေးဆီလည်း ရောက်မလာပါလား"

နွန်က မလေး၏ အမေးကို ဘာတစ်လုံးမှ မဖြေ၊ မလေးကိုသာ ငေးငေးတွေးတွေးလေး ကြည့်နေသည်။

"နွန်၊ မင်း ဘာဖြစ်နေသလဲဟင်"

"နွန့်ကို ဘာလို့ လိုက်ရှာရတာလဲ ပြည့်ပြည့်ဖြိုးရယ်"

နွန် အတန်းတက် မမှန်။ နွန့်ကို မတွေ့ရသည်မှာ ကြာခဲ့ပြီ။ အမေးပွဲကြီး နီးလေပြီမို့ နွန် မနေသာတော့။ ယနေ့ ကျောင်းလာသည့် အခါတွင်း ကြားရ၍ အတန်းထိပ်မှ သွား စောင့်နေမိသည်။ ပြန်အဲ့ဆဲဆဲ နွန့်ကို မလေးက လက်ဖမ်းဆွဲ၍ မနည်း မေးရ ပြောရသည်။

"နွန့်ကို ခွင့်လွှတ်ပါ ပြည့်ပြည့်ဖြိုးရယ်၊ နွန် သွားပါရစေတော့"

"နွန် ဘာဖြစ်နေသလဲကွယ်"

"နွန့်မှာ ပြဿနာတစ်ခု ရှိနေလို့ပါလို့သာ ပြောပါရစေ၊ နွန် ပြောနိုင်တာ ဒါပဲ ရှိပါတယ်"

"ဘာများလဲ နွန်၊ မလေး မသိရဘူးလားဟင်"

"နွန် သွားပါရစေတော့"

"တစ်ခုပဲ မေးလိုက်စမ်းပါရစေ နွန်"

"ကဲ မေး...မေးပါ"


www.burmeseclassic.com

www.burmeseclassic.com



"ဖွန့် ပြဿနာဟာ ဦးမန်းဖဲနဲ့ ပတ်သက်လားဟင်"

"ဦးမန်းဖဲ၊ ဟုတ်လား"

"ဟုတ်တယ် ဖွန့်"

"ဘာ ပတ်သက်စရာ ရှိတော့လို့လဲ ပြည့်ပြည့်ဖြိုးရဲ့၊ သူ နဲ့က ပြီးပြီ ပြတ်ပြီပဲ၊ ခဏလေး တွေ့တာပဲ၊ ဘာဖြစ်လို့လဲ ပြည့်ပြည့်ဖြိုး၊ ဒီမေးခွန်းကို ဘာလို့ မေးရတာလဲဟင်"

ဖွန့်က တအံ့တဩဖြင့် မလေးလက်ကို ဆွဲကိုင်လှုပ်ခါ၍ မေးနေသည်။ ဖွန့်စကားကြောင့် ဦးမန်းဖဲနှင့် မပတ်သက် မဆက်သွယ်တော့သည်ကဖြင့် သေချာသည်။ ဖွန့်၏ အံ့ဩ စိတ်၊ သံသယစိတ်များကို ပြီးပြေစေလိုသော မလေးက စကားကို ဖာထေးရပါ၏။

"ဘာမှ မဖြစ်ပါဘူး ဖွန့်ရဲ့၊ ဖွန့်က မလေးကို ပြောသွားတာ သတိရနေလို့ပါ၊ အဘိုးကြီးက အချဉ်ကြီး ဆိုပြီး ပညာပြပေးဦးမယ် သဘော ပြောသွားလို့ ထပ်ပြီး တွေ့သေး လားလို့ပါ၊ ဒီအဘိုးကြီးက တစ်ခုခု နောက်နေလို့ ဖွန့်များ စိတ်ညစ်နေသလားလို့ပါ"

"မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ်လေ မလေးကတော့ အရင်တုန်းကလိုပဲ တို့သူငယ်ချင်းတွေ ပျော်ပျော်ပါးပါး တတွဲတွဲ နေချင်လို့ပါ"

"အင်း၊ ဆောရီးပါပဲကွယ်"

"ဪ၊ ဖွန့်နဲ့ ကိုထွေး တွေ့သေးလားဟင်"

"ဟင့်...ဟင့်အင်း"

"သူ မလာတာ လေးရက်ရှိနေပြီ၊ ဖွန့်နဲ့များတွေ့ရင် ပြောလိုက်စမ်းပါနော်၊ မလေး မျှော်နေတယ်လို့"

"ကောင်း...ကောင်းပါပြီ၊ ဖွန့် သွားပါရစေတော့ ပြည့်ပြည့်ဖြိုးရယ်နော်"

ဖွန့်၏ တောင်းပန်ပုံလေးက ကရုဏာဖြစ်ဖွယ် မျက်နှာငယ်လေးနှင့်မို့ ဖွန့်၏ လက်ကို မလေးက ဆွဲထားရာမှ ဖြေ လွှတ်လိုက်ရသည်။





ဖွန့်ကို နှုတ်ဆက်ပြီး သူ့ကား ထွက်သွားပြီးသည်အထိ ဖွန့်နှင့်ပတ်သက်သောပုစ္ဆာများ မလေး၏ ရင်တွင် ကျန်ရစ် တင်ရှိနေတော့သည်။

ဪ...ဝိဇ္ဇာသိပ္ပံ တက္ကသိုလ် တစ်ကျောင်းတည်း ဆိုသော်လည်း၊ မေဂျာချင်း တူသော်လည်း၊ မလေး၊ ဖွန့်နှင့် ကိုထွေးတို့မှာ ခွဲ၍ မလွယ်ကြပါချေ။

ကိုထွေး မလေးထံ ရောက်မလာ။

"ကိုထွေး တွံတေး ခဏ ပြန်သွားတယ်"

ဟူသော ပြန်ကြားချက်ကိုသာ ကိုထွေး၏ သူငယ်ချင်းများထံမှ မလေး သိရှိခဲ့ရသည်။

ဖွန့် ပြန်သွားပြီးသည့်နောက် ကိုထွေးထံ ရောက်အောင်သွားခဲ့သော ...လေးမှာ ကြားရသော သတင်းစကားကြောင့်...

"ဘာဖြစ်လို့ပါလိမ့်၊ ငါ့တောင် မပြောဘဲ တွံတေး ပြန်သွားရအောင် ကိုထွေး ဘာဖြစ်လို့ပါလိမ့်၊ အိမ်ကများ ဘာဖြစ် လို့ပါလိမ့်၊ ...ကြီးငြိမ်းတို့ရော နေမှကောင်းကြရဲ့လား မသိ"

စာအုပ်ကလေးပိုက်လျက် အမိပတိ လမ်းတစ်လျှောက် ဘွဲ့နှင်း...ဆောင်သို့ ဦးတည်၍ လျှောက်လာရင်း မလေးအမျိုးမျိုး တွေးလာမိသည်။

ဆယ်ကျော်သက်ရွယ် တက္ကသိုလ်မောင်မယ်တို့၏ နှလုံးသား...ရာ ပြဿနာများကို ဥဒါန်းကျူးရာ၊ တိုင်တည်ရာ၊ မျက်ရည်ဥများ ...သီရာ၊ ကြည်နူးမှု ရင်လှိုင်းလေးများနှင့်ရော ထွေးရာ အင်းယား ...ကန်သာနံဘေးသို့ မလေး လျှောက်ခဲ့သည်။

ကိုထွေးကို အလွမ်းပြေဟူသော အာသီသဖြင့် ရောက် လာခဲ့သော်...ည်း အလွမ်းမပြေသည့်အပြင် ပို၍ပင် လွမ်းနေမိသောအဖြစ်ကြောင့်...

"နက်ဖြန် စနေနေ့ပဲ၊ ငါ တွံတေး လိုက်သွားဦးမယ်၊ တနင်္ဂနွေ...မှ ပြန်လာတော့မယ်၊ မေမေတို့နဲ့လည်း တွေ့ရအောင်၊ ကိုထွေးကို...ည်း လိုက်ခေါ်ရအောင်ပါ၊ သူ ဘာများ ဖြစ်နေပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်မဲ၊ မော်ကျွန်း၊ ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲ စသော မြစ်ဝကျွန်းပေါ်သွား သင်္ဘောများ အားလုံး တွံတေးတူးမြောင်း မှ ဖြတ်ကြရသည်။ ပုသိမ်၊ မြောင်းမြ၊ ဝါးခယ်မ စသော သင်္ဘောလိုင်းများနှင့်မှ လမ်းမကြုံပေ။

စောစောထွက်သော ဘိုကလေးသင်္ဘောနှင့် လှည်းတန်းဆိပ်ကမ်းမှ လိုက်ပါလာခဲ့သည်။ တွံတေးနှင့် ရန်ကုန်မှာ ၁၅ မိုင်သာ ရှိသော်လည်း သင်္ဘောခုတ်မောင်းနှုန်းနှင့် အနည်းဆုံး တစ်နာရီ စီးရသည်။ ၂၀ မိုင် ရှည်လျားသော တွံတေး တူးမြောင်း၏ နှုတ်ခမ်းပေါ်တွင် တည်ရှိ၍ သီးနှံပေါလှသော၊ အိုးထွက်ကုန် များလှသော မြို့လေးအဖြစ်နှင့် ကျော်ဇောသည်။

ကိုးနာရီတွင် မလေး စီးနင်းလာသော သင်္ဘော တွံတေးမြို့သို့ ဆိုက်ကပ်သည်။ ပစ္စည်းမပါလျှင် တစ်ခါတစ်ရံ မလေး ခြေလျင်လျှောက်သည်။ ယခု လွယ်အိတ်ကလေးတစ်လုံးမှလွဲ၍ မလေးတွင် ဘာပစ္စည်းမှ မပါသော်လည်း ဆိုက္ကားစီးခဲ့ မိသည်။ အိမ်သို့ ရောက်ချင်သည့် စောကြောင့်ပင်။

မလေး၏ အိမ်က ရွှေဆံတော် ဘုရားသွားသည့် လမ်းပေါ်တွင် ခြေတံရှည်အိမ်၊ ခြံဝင်းကျယ်ကျယ်နှင့် ပျဉ်ထောင်သွပ်မိုးပါ။ အိမ်နှင့် ကပ်လျက် ပျဉ်ထောင်နှစ်ထပ်အိမ်ကြီးက ကိုထွေးတို့အိမ်။

"ကိုထွေးရေ"

ဟူ၍ မလေး ပြေးဝင်သွားချင်သော်လည်း ကိုယ့်အိမ်သို့ အရင် ဦးတိုက်ပါမှ သဘာဝကျလေမည်မို့ မလေးမှာ တစ် ဖက်အိမ်သို့ လှည့်ကြည့် လှည့်ကြည့်နှင့် မိမိအိမ်သို့ ဝင်ခဲ့ ရသည်။

"ဟဲ့ မလေး နင်တစ်ယောက်တည်း…"

"ဟုတ်တယ် အစ်မ၊ ကျောင်းပိတ်လို့ ပြန်ချင်တာနဲ့ အမေ အဖေရော နေကောင်းတယ် မဟုတ်လား"

"အေး"





"ဟိုဘက်အိမ်က ကြီးကြီးငြိမ်းတို့ရော"

"အေး၊ သူတို့လည်း နေထိုင်ကောင်းကြပါတယ်"

မလေး၏ အစ်မအိမ်ထောင်သည် မခင်မိုးက လှမ်းကြို နှုတ်ဆက်သည်။ မလေး ရင်အေးရပါပြီ။ နှစ်အိမ်လုံး၌ ထူးခြားသော အကြောင်းအရာများ မရှိ။ အမင်္ဂလာ သတင်းစကားများ မကြားရပါ။

"ဟယ် သမီး တစ်ယောက်တည်း ပြန်လာတယ်"

အမေ့စကားမှာ အပြစ်တင်သံလေးများ ပါနေသော်လည်း အမေ့မျက်နှာက ကြည်ဝင်းနေပေသည်။ ကွဲကွာနေသော သမီးကို ပြန်လည်တွေ့ရှိရ၍ အမေ ကြည်နူး ချမ်းမြေ့ နေပုံရပေသည်။

"အန်တီလေး ရောက်လာပြီ"

"ဘာပါရဲ့ အန်တီရေ"

ဟူသော အစ်မမိုး၏ ကလေးများ ပြေးလွှား အော်ဟစ် သံကို တစ်ဖက်အိမ်မှ ကြားသွားပြီ ထင်ပါသည်။ ဆေးပေါ့လိပ်ကြီး လက်ကြား ညှပ်ရင်း ကြီးကြီးငြိမ်းတစ်ယောက် ရောက်လာသည်။

"ဟဲ့၊ ဒီဘက်အိမ်က ဆူညံဆူညံနဲ့၊ ဘယ်သူ ပြန်လာ လို့လဲ"

"မလေးပါ၊ မလေး ပြန်ရောက်လာတာပါ ကြီးကြီးငြိမ်းရဲ့"

"ဟော၊ ကိုထွေးလည်း ပါတယ် မဟုတ်လား"

"ဟင်"

"ကိုထွေးနဲ့ အတူလာကြတာ မဟုတ်လား သမီး"

"ဟင့်အင်း၊ မဟုတ်ဘူး ကြီးကြီးငြိမ်း၊ သူ…သူ ဒီမှာ မဟုတ်ဘူးလား"

"မရှိဘူး သမီး"

မျှော်လင့်ခြင်း အားမာန်များ ပြေလျော့သွားသည့်အခါ မလေး ငိုင်ကျသွားရသည်။ ကိုယ့်ဇာတိမြေမှာ ကိုထွေး ရှိမနေပါ ဟူသော အသိက မလေး၏ ရင်ကို ပူလောင်လာစေသည်။

"အိမ်ကိုလည်း မပြန်၊ မလေးဆီလည်း မလာနဲ့ ကိုထွေးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကိုများ သွားနေတာလဲ”

အိမ်သားများနှင့် ရောနှော၍သာ နေရ၍၊ စကားပြော၍သာ နေရသည်။ မလေး၏ ရင်မှာ မကြည်လင်။

“ကိုထွေး ဘယ်များ သွားပါလိမ့်”

ဟူသော သောကစိတ်သည်သာ မလေး၏စိတ်အာရုံကို ကြီးစိုး နေပါတော့သည်။

မလေး ထမင်းစားပြီးသည် အထိ ကြီးကြီးငြိမ်း ရှိနေသည်။ မလေးကိုသာ ကြီးကြီးငြိမ်းက ဂရုတစိုက် အကဲခတ်၍ ကြည့်နေကြောင်း မလေး သတိထားလာမိသည်။ မလေးအား နှစ်ကိုယ်ကြား တစ်စုံတစ်ရာ စကား ပြောကြားစရာ ကြီးကြီးငြိမ်းတွင် ရှိနေပြီဟု မလေး တွေး လာသည်။

အမြဲတိုင်း တွေ့နေကျ ဖြစ်ပါလျက်နှင့် စကားပြော၍ မကုန် နိုင်အောင် ရှိနေသော အမေနှင့် ကြီးကြီးငြိမ်းတို့အပါးမှ မလေး ထ,လာခဲ့သည်။

မလေး၏ အစ်မ မခင်မိုး အိမ်ထောင်ခွဲ ဆင်းသွားပြီးသည် နောက်တွင် အလယ်တန်းကျောင်းဆရာမ ဖြစ်နေသော မလတ်နှင့် အစ်ကို ကိုအောင်ဒင်တို့သာ အမေ့အိမ်တွင် ရှိနေကြသည်။ အစ်မနှင့် ကလေးများက နေ့စဉ် လာနေကျ။ မလေးနှင့် မလတ်က တစ်ခန်းတည်း အိပ်ကြရသည်။ မလေးက သူ ပိုင်သော တစ်ဝက်ဆိုင် အခန်းတွင်းသို့ ဝင်လိုက်သည်နှင့် ...

“ဟင် အစ်ကိုက ဒီ ရောက်နေတယ်၊ ဘယ်တုန်းက ရောက်နေ တာလဲ၊ ကြည့်စမ်းပါဦး၊ မလေးဆီတောင် မလာဘူး”

အစ်ကိုအရင်းနှင့် တစ်ကျောင်းတည်း နေရပါလျက်နှင့် မတွေ့ ကြုံရပါဘဲ သူက အိမ်သို့ အရင်ရောက်နှင့်နေ၍ မလေး အပြစ်တင်မ မိသည်။

ကိုအောင်ကျော်ဇောသူ အမည်ခံထားသူ ကိုအောင်ဒင် ခုတင် ပေါ်တွင် စန့်စန့်ကြီး လဲလျောင်းနေရာမှ ခြုံထားသော မှဒ့်စောင်ကို မျက်နှာနေရာမှ လှစ်ဖော်လိုက်ပြီး ...



“နင့်ဆီ ဘယ်လာနိုင်မှာလဲ၊ ငါ ဒီရောက်နေတာ တစ်ပတ်ရှိပြီ”

“ဟင် စာမေးပွဲနီးမှ ဘာဖြစ်လို့ ပြန်နေရတာလဲ အစ်ကို၊ နေမကောင်းလို့လား”

“ကောင်းပါတယ်၊ ကိုထွေး ပါသလား”

“ဟင့်အင်း မပါဘူး၊ အစ်ကို တွေ့သေးလား”

ကိုအောင်ကျော်ဇောသူက ခေါင်းခါပြလိုက်သည်။ သည်ဘက် အိမ်ကရော ဟိုဘက်အိမ်ကပါ မလေးရှိလျှင် ကိုထွေးရှိရမည်။ကိုထွေး ပါလျှင် မလေး ပါရမည် ဟူသော ယုံကြည်ချက် ရှိကြလေသည်။ ခု ကိုထွေး ရောက်မလာဘဲနှင့် တစ်ယောက်တည်း ပြန်လာသော မလေး၏ အဖြစ်ကို အားလုံးက ဝိုင်း၍ အံ့သြနေကြပေသည်။

နေ့လယ်ပိုင်းတွင် မလေးမနေနိုင်တော့။ ကြီးကြီးငြိမ်း အိမ်ဘက် သို့ ကူးလာခဲ့သည်။

“လာ သမီး၊ ကြီးကြီးငြိမ်းလည်း စောင့်နေတာ”

မလေး ရောက်လာမည်ကို တပ်အပ်သိဟန်ဖြင့် ဒေါ်ငြိမ်းစိုးက ဆီးကြိုသည်။ အိမ်ရှေ့တွင် ခြံကိုစွနှင့် စကားပြောနေကြသော အစ်ကိုကြီးနှင့် အဘတို့နားမှ ဖဲကြဉ်၍ မလေးနှင့် ကြီးကြီးငြိမ်း တို့ နောက်ဖေး ရေစင်သို့ ထွက်ခဲ့ကြသည်။

“ကြီးကြီးငြိမ်း သမီးကို မေးစရာရှိလို့”

မလေးမှာ ကြီးကြီးငြိမ်း၏ လက်ကိုကိုင်၍ စိုးရိမ်တကြီးနှင့် ကြီးကြီးငြိမ်း၏ စကားကို စောင့်မျှော်နေမိသည်။

“သမီးတို့ ဘာဖြစ်နေကြသလဲ”

“ဘာကို မေးတာလဲ၊ ကြီးကြီးငြိမ်းကလည်း”

“အသမီးရယ်၊ ကိုထွေးရယ်၊ ပြီးတော့ အောင်ဒင်ရယ်မှာ ပြဿနာတွေ ရှိနေကြသလဲ၊ ကြီးကြီးငြိမ်းကို ဖွင့်ပြောစမ်း”





www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒုက္ခပါပဲ၊ ဘာမှလည်း မဖြစ်ရပါလား ကြီးကြီးငြိမ်းရဲ့"

"မဟုတ်သေးဘူး၊ ကြီးကြီးငြိမ်း ရင်ခွင်ထဲမှာ ကြီးလာ ကြတဲ့ ကလေးတွေပဲကွယ်၊ ဘယ်လိုနေရင် ဘယ်လိုဖြစ်ကြလို့ဆိုတာ ကြီးကြီးငြိမ်း သိနားလည်ပါတယ်၊ ကြီးကြီးငြိမ်းကို လူကြီး တစ်ယောက် လို သဘောမထားဘဲ ပွင့်ပွင့်လင်းလင်း တိုင်ပင်စေချင်တယ် သမီး မလေး"

"မလေး ဘယ်တုန်းကမှ မညာတတ်တာ ကြီးကြီးငြိမ်း အသိပါပဲ"

"အေး၊ အဲဒါကြောင့် ပြောတာပေါ့၊ သမီးဟာ ကြီးကြီးငြိမ်းကို အမှန်အတိုင်း ပြောလိမ့်မယ်လို့ ကြီးကြီးငြိမ်း ယုံ ကြည်ပြီးသားပါ၊ သမီးတို့ မောင်နှမ သုံးယောက်လုံး သိသိ သာသာ မျက်နှာပျက်နေကြ တယ်၊ ဒီပြဿနာကို ကြီးကြီးငြိမ်း သိပါရစေ"

"သမီး အမှန်အတိုင်း ပြောမယ်နော်"

"သမီး"

"သမီးဆီကို ကိုထွေး မလာတာ လေးရက်ရှိပြီ၊ ဒီနေ့ပါဆိုရင် ငါးရက်ပေါ့၊ သတင်းကြားတော့ တွံတေး ပြန်သွားတယ်လို့ ကြားတာ သမီး လိုက်လာခဲ့တာ၊ ကိုထွေးနဲ့ တွေ့ချင်လို့ လိုက်လာခဲ့တာ ကိုထွေးက ဒီမှာ ရှိမနေဘူး ဆိုတော့ သမီး စိတ်ညစ်သွားမိတယ် ကိုထွေး အတွက် ပူပန်မိတယ်၊ သူ့ကို တွေ့ချင်တယ်၊ အဲဒါ သမီးရဲ့ ရင်ထဲမှာ ဖြစ်နေတဲ့ သောကစိတ် အကုန်ပါပဲ"

"ကိုထွေးနဲ့ မောင်အောင်ဒင်ကရော၊ သူတို့ချင်း ဘာဖြစ်ကြတာ တွေ့လဲ"

"မတွေ့ဘူး ကြီးကြီးငြိမ်း၊ သူတို့ချင်းလည်း မဆုံဖြစ် ကြပါဘူး အစ်ကိုက လူလည်ပဲ၊ သူ့ပြဿနာနဲ့ သူ ဒီမှာ လာရှောင်နေတာ ဖြစ်မှာပေါ့၊ သူ့ အတွက် မပူပါဘူး၊ ကို ထွေး အတွက်သာ သမီး ပူကယ်၊ သူ ဘာတွေ ဖြစ်နေလဲ မသိဘူး"





ဒေါ်ငြိမ်းစိုးက ဆေးလိပ်ဖွာရင်း ပြုံး၍ မလေးကို ကြည့်သည်။ အမျိုးသမီးကြီး အပြုံး၏ နောက်ကွယ်တွင် အဓိပ္ပာယ် များစွာနှင့် ပြည့်နှက်နေပေသည်။ မလေး၏ ရင်တွင်းစိတ်ကို ဒေါ်ငြိမ်းစိုး သိရှိပါ သည်။ ယင်းအတွက် ပီတိဖုံးသော အပြုံးဖြစ်ပါသည်။

"သမီး မနက်ဖြန်မှ ပြန်မယ်မဟုတ်လား"

"ဟုတ်ကဲ့ ကြီးကြီးငြိမ်း၊ ဒလဘက်ကမ်းက ကားနဲ့ ပြန်မယ်"

"အေးအေး၊ ကြီးကြီးငြိမ်း သိချင်တာ ဒါပါပဲ၊ သမီး တို့ချင်း ဘာပြဿနာမှ မရှိရင် ကြီးကြီးငြိမ်း တစ်မျိုး စိတ် အေးရပါပြီလေ"

"ဟုတ်ကဲ့"

"ကိုထွေးကတော့ ယောကျ်ားလေး၊ အရေးမကြီးပါဘူး၊ သူ စိတ်လေနေတုန်း ခဏ သွားချင်တဲ့နေရာ သွားနေတာမျိုး ဖြစ်မှာပဲ၊ နောက်ဆုံးမှာ သူ သမီးဆီ ပြန်လာမှာ မုချပဲ၊ ကို ထွေးဟာ သမီးကို သိပ် သံယောဇဉ်ကြီးတာပါ၊ သူ ပြန်လာမှာပါ"

"ဟုတ်တယ်နော် ကြီးကြီးငြိမ်း၊ သူ ပြန်လာမှာပါနော်၊ မလေးလည်းသိပါတယ်၊ သူ မလေးနဲ့ ဝေးတဲ့နေရာကို ဘယ်တော့မှ သွားပါဘူးလို့"

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

အမေ့ တစ်ခြံလုံး စိမ်းစို အုံ့မှိုင်းနေသည်။

တွင်းရေ လှိုင်လှိုင်ရ၍ သီးနှံများများ ထွက်ရှိသည်။ မြေသြဇာ ကောင်းသဖြင့်လည်း သီးစားပင်များ အရသာ ထူး ကဲသည်။ ပိန္နဲ၊ မရမ်းချို၊ ဒညင်း၊ သရက်၊ အုန်း စသော ပင် စည်ကြီးများမှ သီးနှံ အထွက်ကောင်းသလို မာလကာ၊ နာနတ်၊ သဘော်၊ ငှက်ပျော၊ ရှောက်၊ သံပုရာစသော အပင်ငယ်များမှ လည်း အသီးများက ခူးမနိုင်အောင် လှိုင်လှသည်။

ဆယ်ဧကမျှ ကျယ်ဝန်းသော ခြံကြီးကို အမေတို့ ဘိုးဘွားမိဘ လက်ထက်မှ စ၍ ပိုင်ဆိုင်ခဲ့ကြသည်။ ဤမြေ၏ အသီးအပွင့်များကြောင့် မလေးတို့မိသားစု တင့်တောင့် တင့်တယ် နေနိုင်ခဲ့သည်။ ဝ,ဝစား၍ လှလှဝတ်နိုင်ရုံမျှမက တက္ကသိုလ်၏ ပညာသင်စရိတ်ကိုလည်း ဤ မြေကြီးမှ သီးနှံများဖြင့် အထောက်အပံ့ ဖြစ်စေခဲ့သည်။

"ဒီနေရာမှာ ကိုထွေး ဝါးချွန်နဲ့ ထိုးမိတာပေါ့"

ဝါးနက်ပင်စုစု တစ်အုပ်၏အောက် အရောက်တွင် မလေး ပြန်လည် စဉ်းစားလာမိသည်။ "အကြီးခင်"တို့ ပေါင်းသင် နေသည့် နေရာထိ မလေး မသွားတော့ပါဘဲ ဝါးရုံပင်အောက်မှ ဝါးကွပ်ပျစ်လေး တွင် မလေး ထိုင်ချလိုက်သည်။

ဝေးလံသော အတိတ်သည် ဝိုးဝါးရာမှ ပီပြင်လာခဲ့သည်။





နာနတ်ပင်တန်းလေးများကို ဟိုဘက် ကူးလိုက်၊ သည် ဘက် ခုန်လိုက်ဖြင့် ကျော့်လွှားပြေးနေသော မလေးကို...

"မိပြီကွ"

ဟူသော ဟစ်အော်သံနှင့်အတူ ကိုထွေးက တဟုန်ထိုး ခုန်၍ မလေးကို လက်နှစ်ဖက်ဖြင့် လှမ်းဖမ်းလိုက်သည်။

"အား...ဟား...ဟား"

ဟူသော အသံများ စီစီညံညံ ထွက်သွားရသည်။ ပြေးနေသော မလေး၏ ကိုယ်ခန္ဓာက တောင့်မတ် မထား၍ ကိုထွေး၏ အားကို ခံနိုင်။ နှစ်ယောက်သား မြေကြီးပေါ်သို့ လုံးထွေးရစ်ပတ် လဲကျသွား ခဲ့ရသည်။

"မကောင်းဘူးဟယ်၊ ငါ ခြစ်မိကုန်ပြီ"

နာနတ်ဆူးများနှင့် ခြစ်မိသွားသော မလေး၏ လက်မောင်းနှင့် ခုံးစွန်းများမှ အနီစင်းများကို ကိုထွေး ကြည့်ရင်း...

"ဟာ အများကြီးပဲ၊ နာသလားဟင်၊ ငါ့ပဲ ခြစ်မိပါ တော့ဟယ်၊ နင့်အသားက သိပ်နုတာ"

ကိုထွေးက မျက်နှာငယ်လေးဖြင့် အနာနေရာများကို ဆုပ်နယ်ပေး နေရှာသည်။

"သွားပါ၊ နင် လုပ်ရင် အရမ်းကြီးပဲ"

မလေးက ဆူဆူအောင့်အောင့်ဖြင့် မြေကြီးပေါ်မှ ထ၍ ထမီပြင် ဝတ်ရင်း မျက်စောင်းထိုးပြီး ပြောလိုက်သည်။

ထိုစဉ်က ထမီ ပြင်ဝတ် နေရသည်ကပင် မလေးမှာ အလုပ်ကြီး ...ခဲ့။ အမေက ထမီ ဝတ်သင့်ပြီ ဆို၍သာ မနိုင့် တနိုင် ဝတ်ထား ...ရသည်။ ကိုထွေးက ခုနစ်တန်းကျောင်း သား၊ ဘောင်းဘီတို ...နှင့်။

"ငါ တောင်းပန်ပါတယ်ဟာ၊ နင် နာရင် ငါ နာသလို ပါပဲ ...ရာ"



www.burmeseclassic.com

www.burmeseclassic.com



မလေး လက်မောင်းကို ဆွဲ၍ မျက်နှာငယ်လေးနှင့် တောင်းပန်ရှာသည်။ မလေးက စိတ်ပြေနေပြီ ဖြစ်သော်လည်း ဘယ်အတွက်ကြောင့် စိတ်မပြေဟန်နှင့် အချော့ခံလိုစိတ် ရှိ နေမိသည် မသိ။ လက်မောင်း ဆောင့်၍ ရုန်းလိုက်မိသည်။

"ကဲ- နင် မကျေနပ်ရင် ငါ နှာနုတ်ဆူးတွေနဲ့ ပြန်ခြစ်လိုက်မယ်"

"ဟဲ့...ဟဲ့၊ မလုပ်ပါနဲ့"

ကိုထွေးနာအောင် လုပ်မည်ဆိုတော့လည်း မလေးမှာ အလန့်တကြားနှင့် ဖက်တွဲ၍ ဆွဲလိုက်ရသည်။ သည်တော့မှ နှစ်ယောက်သား အားပါးတရ ရယ်မောမိကြတော့သည်။

"ပျော်တယ်ဟာ၊ ဆက်ပြေးရအောင်"

"အေးနော်"

"နင် ပြေးလေ"

"ဟော့အေး၊ နင်က ငါ့ကို မီထားတာ၊ နင်ပြေး၊ ငါလိုက်မယ်"

မလေး၏ ဆုံးဖြတ်ချက်ကို ကိုထွေးက နာခံသည်။

အားသွန်ပြေးသော ကိုထွေးနောက်သို့ မလေး တအားလိုက်သည်။ ကိုထွေး ခြေကို မီအောင် ပြေးနိုင်သော မလေးမှာ ကိုထွေးနှင့် မနီးမဝေးမှ လိုက်နေသည်။

"မှီပြီ၊ အယ်..."

မိကာနီးဆဲဆဲတွင်မှ လွတ်သွားသည်။ မလေး လှမ်းဆွဲလိုက်သော်လည်း သီသီလေး လွတ်သွားရသည်။ ဤ ဝါးရုံပင်ကွေ့တွင် ကိုထွေးက လှည့်ပတ် ပြေးနေသည်။ မလေးက နောက်က စက်ဝိုင်းလိုက်နေရာမှ အကြံရ၍ ကျော့ခိုင်းသည့်ဘက်သို့ မျက်နှာမူ၍ ပြောင်းပြန်လိုက်သည်။ အရှိန် နှင့် ပြေးနေသော ကိုထွေးနှင့် ဘွားခနဲ မျက်နှာချင်းဆိုင် တွေ့ကြသည်။

"ဟ"

ဟူ၍ အလန့်တကြား ဖြစ်သွားပြီးမှ နောက်ပြန် ခုန် လှည့်ပြေးလိုက်သည်နှင့်...





"အာ...အမလေးဗျ"

ဟူသော အသံနှင့်အတူ ကိုထွေး ခွေကျသွားတော့သည်။

"ဟာ...ဟာ၊ ကိုထွေး ဘာဖြစ်လဲဟင်"

မလေး မြင်ရပါပြီ။ ခုတ်ပိုင်းထားသော ဝါးငုတ်ချွန် ခပ်စောင်းစောင်းက ချွန်မြနေပေသည်။ ယင်းအပေါ်သို့ တည့်တည့် လဲကျသော ကိုထွေး၏ ပေါင်လယ်တွင် ဓားချွန်နှင့် ခွဲချလိုက်သလို သွေးများ ခနဲ ဖြာဆင်းလာသည်။

"အမယ်လေး ကိုထွေးရယ်၊ ဖြစ်မှဖြစ်ရလေ"

မလေး ဘာလုပ်ရမှန်း မသိ။ မလေး ကြက်သွန်လှီးရင်း ဓားရှခဲ့ဉ်က ကိုထွေးက လက်ကိုင်၍ သွေးများကို စုပ်ယူ ပေးဖူးသည်။

"ဟ၊ မလုပ်နဲ့လေ၊ သွေးတွေက အများကြီး"

မလေးက စုပ်ယူရန် ပါးစပ်နှင့် အပ်လိုက်၍ ကိုထွေးကတွန်းရင်းအားသည်။

ကိုထွေးက သူ့အနာကို လက်နှင့်ပိတ်၍ မလေးပါးစပ်မှတစ်စွန်းတစ်စ ပေနေသော သွေးစများကို သူ့လက်ညှိုးလေး နှင့် ပွတ်သုတ်ပေးရှာသည်။

"အဲဒါ ငါ့ကြောင့်၊ အဲဒါ ငါ့ကြောင့်ပါဟယ်"

မလေးမှာ သနားကြင်နာခြင်း များစွာဖြင့် ကိုထွေးကို ဖက်၍ ငိုသည်။

"တိတ်ပါ မလေးရ၊ နင့်ကြောင့် မဟုတ်ပါဘူး၊ ငါ့ဟာ ငါ ဖြစ်တာပါ၊ တိတ်ပါဟာ၊ မငိုပါနဲ့ဟာ၊ ငါ မနာပါဘူး၊ နင်ငိုရင် ငါလည်း ငိုချင်တယ်"

သူ့ အနာကိုပင် သူ သတိမရ။ မလေး ငိုနေသည်ကိုသာ မှာ ကရုဏာ မကင်းစွာဖြင့် အာရုံ ရောက်နေရှာတော့သည်။

သည်အဖြစ်ကို ကြီးကြီးငြိမ်း တွေ့သွားတော့မှ ဆူပူကြိမ်းမောင်း



www.burmeseclassic.com

www.burmeseclassic.com



ကာ အနာကို ဆေးထည့်မေးသည်။

မလေးမှာ ဝါးတန်းလျားလေးတွင် ထိုင်နေရာမှ ငယ်စဉ်က ဤနေရာတွင် ဖြစ်ပျက်ခဲ့ကြသော အကြောင်းအရာများကို ယခုပင် မြင်ရသကဲ့သို့ စိတ်ဝယ် ပြန်လည်၍ အမှတ်ရနေမိပါ၏။

"ဪ၊ ကိုထွေးရယ်၊ ကိုယ့်အနာတောင် ကိုယ် သတိမရနိုင်ဘဲ မလေးရဲ့ပါးစပ်က သွေးစလေးတွေကို သုတ်ပေး နေတာတွေ၊ ငိုနေတဲ့ မလေးကို ပါးချင်းအပ်ပြီး ငိုမလို ပြော ခဲ့တာတွေကို မလေး ပြန်ပြီး သတိရလိုက်တာဟယ်"

မလေးမှာ ကိုထွေးကို တမ်းတနေမိသော်လည်း ဤ ခြံကြီး အတွင်း၌ ငယ်ငယ်က ဆော့ကစား ပြေးလွှားခဲ့ပုံများ၊ အတူ အတူစား၊ အတူသွားလာခဲ့ကြပုံများကို ပြန်လည် မြင်ယောင်လာရာ၌ ယခုပင် ဖြစ်ပျက်နေသည့်ပမာ ပျော်ရွှင် သာယာမိပြန်သည်။ ထို ကိုအောင်ဒင် ရောက်လာပြီး...

"မလေး၊ နင် ဒီမှာ ဘာ လာလုပ်နေတာလဲ"

"အလကား၊ ပျင်းလို့ လာတာ၊ အစ်ကိုကရော"

"ငါကတော့ နင့်ကို ပြောစရာ ရှိလို့"

မိသားတစ်စုလုံး မှီခိုအားထားနေရသော ဤခြံကြီးကို ကိုအောင် ဒင်ကြီးက လမ်းပေါ်မှ ခြေနှင့်နင်းရသော မြေကြီးလိုပင် သဘောထား သည်။ တန်ဖိုး ထားအပ်သော၊ မြတ်နိုးအပ်သော မြေဟူ၍ တစ်ခါ တလေသော်မှ သူ တွေးမိပုံမရ။ ခြံအလုပ်ကို ဘယ်သောအခါက ဝင်၍ မကူခဲ့။ အမေတို့ကလည်း တစ်ဦးတည်းသောသားမို့ မြတ်နိုးလွန်း အားကြီးသည်။ ဘာ တစ်ခုမျှ မခိုင်းရက်၍ လက်ကြောမတင် ခါးချိုးခြင်း မရှိသော ကိုအောင်ဒင်။ ခြံသို့ သူ့သူငယ်ချင်းများနှင့် အလည်အပတ် ပျော်ပွဲစား၊ ထွက်တတ်သည်မှ လွဲ၍ တစ်ခါ ဝင်လေ့ ထွက်လေ့ မရှိသောသူ။ ယခုမှ မလေးထံ လိုက်လာသည် သူ ပြောသလို အကြောင်းခြင်းရာ တစ်စုံတစ်ရာ ရှိပေလိမ့်မည်။





"မလေးကို ဘာပြောစရာ ရှိလို့လဲ အစ်ကို"

"ကိုထွေးနဲ့ ပတ်သက်လို့ပဲ"

"ရှင်၊ ကိုထွေးနဲ့ ပတ်သက်လို့ ဟုတ်လား၊ ကိုထွေး ဘာဖြစ် လို့လဲဟင်"

ထိုင်ရာမှ မလေး ခုန်ထမိသည်။ ကိုအောင်ဒင်နှင့် ရင် ဆိုင်၍ စလောတကြီး မေးသည်။ မျှော်လင့်ခြင်းကြီးစွာဖြင့် စောင့်စားသည်။ အဖြစ်မှန်ကို သိလိုလှပါပြီ။ ကိုအောင်ဒင်က မလေးကို သေသေချာချာ ကြည့်ပြီးမှ မျက်နှာကို တည်တည် ထားလိုက်သည်။ အကြည့်ကို လွှဲလိုက်သည်။

"ကိုထွေးနဲ့ ပတ်သက်ပြီး သိပ်မလှုပ်ရှားစမ်းနဲ့ မလေး"

သည်တော့မှ ကိုယ့်အဖြစ်ကို ဆင်ခြင်မိတော့သည်။ နှမ တစ်ယောက်၏ စောင့်စည်းအပ်သော အိန္ဒြေမှ နောက်ထပ် ခွဲ ထွက် သွားမိစေရန် မလေး မျက်လွှာချ၍ ခေါင်းငုံ့ရသည်။ ကိုအောင်ဒင် ပြောမည့် စကားကို စိတ်ဖြင့်သာ စောင့်စားဝံ့ တော့သည်။

"အခု နင် တွဲတေးပြန်လာတာ ကိုထွေးကို လာရှာတာ ဟုတ်လား"

အမေတို့ပင် မမေးဖြစ်ကြသော မေးခွန်းကို ကိုအောင် ဒင်က ဖြတ်တို့ မေးလိုက်သည်။ မလေး မဖြေရဲပါ။ အဖြစ် မှန်ကိုဝန်မခံဝံ့ပါ။

ကိုအောင်ဒင်က မလေး ထိုင်ခဲ့သော ဝါးကွပ်ပျစ်ပေါ်တွင် ထိုင်လိုက်သည်။ မလေးကလည်း မြေကြီးပေါ်တွင် ဆောင့်ကြောင့် ထိုင်၍ အနီးရှိ ဝါးကိုင်းခြောက်ကလေးဖြင့် မြေကြီးကို ခြစ်နေမိ သည်။ ဘာ စကားမှ မတုန့်ပြန်ရဲ။

"ငါ သိပါတယ် မလေး၊ နင် ကိုထွေးကို ဘယ်လောက် ချစ်တယ် ဆိုတာ ငါသိပါတယ်၊ လူကြီးချင်းပါ ကျေနပ်ကြပြီးသား ဆိုတော့ ငါ နားလည်လို့ တက္ကသိုလ်မြေမှာ နင်နဲ့ ကိုထွေး အမြဲတွဲ နေတာ ငါ ဘာဝင်ပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



မလေး ဘာစကားမှ မပြောရဲပါ။ စိတ်ရှုပ်ထွေးခြင်း၊ လှုပ်ရှား ခြင်း၏ သရုပ်အဖြစ် မြေကြီးကိုသာ တုတ်နှင့် တွင်တွင် ခြစ်နေ မိတော့သည်။

"အခုတော့ ငါ ပြောချိန်ရောက်လို့ ပြောရတော့မယ်"

"မလေး သိချင်လှပါပြီ"

"အေး၊ ငါကလည်း ပြောချင်လှပါပြီ"

"အစ်ကိုရယ် ကိုထွေး ဘာဖြစ်လို့လဲ"

"မိန်ကလေး တစ်ယောက်နဲ့ ကိစ္စပဲ"

မလေး၏ ရင်မှာ ငလျင်လှုပ်ခါပါလေပြီ။

"သူ့...သူ့ရည်းစားလား"

"ယောကျ်ား ရည်းစားများတာ မဆန်းပါဘူး၊ တစ်နေ့ နင်နဲ့ ယူရင်တောင် ငါ ကျေနပ်ပါပြီ၊ ခုတော့..."

"ခု...ခုတော့ ဘာတွေ ဖြစ်နေလို့လဲဟင် အစ်ကို"

မလေး အသံတုန်၍ မျက်ရည် ဝဲတက်လာပါပြီ။

"မရှင်းဘူးလား၊ ငါ ဒီလောက်ပဲ ပြောချင်တယ်"

"အာ... မဟုတ်နိုင်ပါဘူး၊ မဖြစ်နိုင်ပါဘူး၊ ကိုထွေး အာ"

"အေးအေး၊ နင်ကသာ အထင်ကြီးနေပါ၊ ငထွေး လုပ်ပုံ ပြချင်တယ်"

မလေးမထိန်းနိုင်တော့၊ မျက်ရည်များလည်း လိမ့်ဆင်း လာကြ မျက်ရည်ဥများကို မြေကြီးပေါ်သို့ ခြွေသီပစ်အောင် မလေး ခေါင် ထားဆဲပါ။

"အေး၊ ငါပြောချင်တာကတော့ ကိုထွေးကို နင် မဆက် ပါနဲ့တော့၊ မဆက်သွယ်နဲ့တော့၊ သူ့ကို ဆက်သွယ်ရင် နင်လ စိတ်ဆင်းရဲရမယ်၊ ငါတို့လည်း အားလုံး အရှက်ကွဲမယ်၊ အ ငါသွားမယ်"

* * *





## အခန်း (၁၄)

ရေတမာနှင့် ကံ့ကော်ပင်အုပ်အုပ်လေးများ စိမ်းစိုရာ မြကျွန်း သို့ တက္ကသိုလ်နယ်မြေသို့ မလေး ပြန်ရောက်ခဲ့ရသည်။

"အစ်ကို ဘယ်လိုပဲ ပြောပြော ကိုထွေးကို ငါ တွေ့ချင်လှပါ တယ်၊ ကိုထွေးမှာ ဘယ်လို အခက်အခဲတွေ ရှိနေ တယ်ဆိုတာ ငါ သိချင်လှပါတယ်၊ ကူညီချင်လှပါတယ်"

ကြီးမားသော ဝေဒနာဖြင့် မလေးမှာ ကိုထွေးကို မျှော်နေမိသည်၊ ရှာမိသည်။ ကိုထွေးကို နောက်ထပ် သုံးရက်လုံးလုံး ရှာမတွေ့ခဲ့ပါ။ သူ့အတန်းလည်း မတက်တော့။

"ပြည့်ပြည့်ဖြိုးရေ"

လေးကန်သော ခြေလှမ်းများဖြင့် အဆောင်ရှိရာ ခြံဝင်းတွင်းသို့ စာအုပ်များ ပွေ့ပိုက်၍ ဝင်လာသော မလေးကို မေသန်းစိုးကလှမ်း၍ ခေါ်လိုက်သည်။

သူ့ဘေးတွင် သက်စေစိုး ပါရှိနေ၍ မလေး ခြေလှမ်းတွေ တုန့်သွားရသည်။ ဆက်လျှောက်သွား၍လည်းမတော်။ သူ လှမ်းခေါ်နေ သဖြင့် မလေး ရပ်စောင့်နေရပါ၏။ ကိုထွေး မကြည်ဖြူပါ ဆိုသော သက်စေစိုးကို မလေး ပြုံး၍သော်မှ မပြမိ။

"ဒီနေ့ အပြန်နောက်ကျတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ သူငယ်ချင်း တစ်ယောက်ဆီ သွားနေလို့ပါမမစိုး အမှန်က ကိုထွေးကိုများ တွေ့လိုတွေ့ငြား ရှာနေ၍ပါ။

"ပြည့်ပြည့်ဖြိုးရဲ့ ဧည့်သည် လာသွားလို့"

"ဘယ်သူလဲဟင်"

"မြင့်ထွေးမောင်"

"အို…ကိုထွေး လာသွားတယ်လား"

မလေး၏ကိုယ်ခန္ဓာပါ မြောက်ကြွသွားပြီ ထင်မိသည်။ ကိုထွေ… မိမိဆီ ရောက်လာပြီဆို၍ ဝမ်းသာအားရ ရှိလိုက်ရသည့် ဖြစ်ခြင်…

"သူ…သူ ကိုထွေးက ဘာမှာသွားလဲဟင် မမစိုး"

"သူပြည့်ပြည့်ဖြိုးနဲ့ ပြောစရာ အရေးကြီးတဲ့ကိစ္စရှိလို့တဲ့၊ ဒီည… ငါးနာရီမှာ တက္ကသိုလ် လေ့လျှော့အသင်းဝင်းထဲက အင်းယားကန်စပ်… စောင့်နေမယ်တဲ့၊ ဒီနေရာကို မလေး သိပါတယ်တဲ့၊ ဆက်ဆ… လာခဲ့ပါတဲ့"

"ဟုတ်ကဲ့…ဟုတ်ကဲ့၊ ကျေးဇူးတင်လိုက်တာ မမစိုးရယ်"

မေသန်းစိုးနှင့် တွေ့လိုက်၍ ပြေပြေလည်လည် ပြန်၍ သိရှိ… ရသဖြင့် မလေး အမှန်ပင် ကျေးဇူးတင်မိပါသည်။

ယခုအချိန်က သုံးနာရီ မိနစ်ငါးဆယ်။ မလေး ရေ အမြန်ချိုး… ဇာအစိမ်းနုရောင် ရင်စေ့ ဝတ်လိုက်ပြီး ဇာအောက်ခံ ဖော့ရှမ်း… အရောင်တစ်ထပ်တည်း တူသော အစိမ်းနုရောင် တက်ထရွန် လုံချည်… တင်းတင်းရင်းရင်း ဝတ်လိုက်သည်။ နုညက်ချောဝါသော အသားနှ… ကျစ်လျစ်ပြည့်ဖြိုးသော ကိုယ် ခန္ဓာ အချိုးအစားများက ပေါ်ပေါ်လွင်လွ… ထွန်းထွန်းပပ လှလာသည်။

မျက်နှာကို အနုစိတ် မခြယ်မှုန်းတော့။ သနပ်ခါး ပါးပါးပေါ်တွ… ကရင်ပတ်(ဖ) ပန်းရောင်လေး တင်လိုက်သည်။ အညိုရောင် မျက်ခုံးချ… တံဖြင့် သေးသေးခုံးခုံးလေးဆွဲလိုက်သည်။ အိုင်းလိုင်နာလေး နည်းနည်… မျက်ခွံပေါ်တွင် တင် သည်။ ဆံပင်ကိုမူ အလယ်မှခွဲ၍ သည်တိုင်းပေ…





…နှံ့ချထားလိုက်သည်။ စလင်းဘက်(က်) အဖြူ လွယ်၍ ဒေါက်မြင့်ဖိနပ် …ဖြူလေး စီးလျက် မလေးထွက်လာခဲ့သည်။

"သွပ်…သွပ်၊ လှလိုက်တာကွာ၊ သွားတော့မလို့လား"

"အဟင်း…ဟင်း"

မေသန်းစိုးက လှမ်း၍ လှောင်သည်။

မလေးက ရှက်ရှက်နှင့် ရယ်ကျဲကျဲလေးလုပ်ရင်း အပြေးကလေး …င်း ခြံဝင်းတွင်းမှ ထွက်ခဲ့ရတော့သည်။ ကိုသက်ဝေစိုး လည်းမပြန်သေး။ …ကိုထွေးထံ သွားတော့မည်ဟု သိကြသော သူတို့နှစ်ယောက်ကို …လေး ရှက်လှပါသည်။

ခရီးက မဝေးသော်လည်းမနီးလှပါ။ ဂျပ်ဆင်မှဖြတ်၍ အင်းယား …မ်းဘက် ထွက်ခဲ့သည်။

တက္ကသိုလ်၏ ဆည်းဆာ စုံတွဲများကို ဖြတ်ကျော်ပြီးသည့် …ခါတွင် ကိုထွေး ချိန်းဆိုခဲ့ရာ နေရာသို့ မလေး ရောက်ရှိလာပါပြီ။

သရက်ပင်စည်ကို လက်ဝါးဖြင့် ထောက်၍ လက် တစ်ဖက်က …းထောက်လျက် အင်းယားရေပြင်ဘက်သို့ မျက်နှာမူ၍ ရပ်နေသော …ထွေးကို မလေး တွေ့ရပါပြီ။ မလေးဘက်သို့ ကျောပေးလျက်နှင့်။

"ကိုထွေးနဲ့ ငါနဲ့ ခုနစ်ရက်ပြည့်အောင် တစ်ခါမှ မခွဲခွာ …သေးဘူး၊ ခု ရှစ်ရက်မြောက်နေ့မှ ငါ သူ့ကို ပြန်တွေ့ ရတော့တယ်၊ …ကြီးကြီးငြိမ်းကို ပြောခဲ့သလိုပဲလေ၊ သူ မလေးနဲ့ ဝေးတဲ့နေရာကို …ယ်တော့မှ မသွားပါဘူး၊ သူ ပြန်ရောက်လာမှာပါ ဆိုတဲ့အတိုင်း …ခု ပြန်လာပါပြီ"

"ကိုထွေး ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ပါ၊ ငါဆီ ပြန်ရောက် လာတဲ့ …ထွေးကိုတော့ ခွင့်လွှတ်ခြင်း ကြီးစွာနဲ့ ငါ အစွမ်းကုန် ကူညီပါ့မယ်၊ …ားပါတယ်"

ယင်းအတွေးများဖြင့် မလေးမှာ ကိုထွေးဘေးသို့ ရောက် …ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မလေး"

"ဟင်"

ကိုထွေး၏ အသံကြောင့် မလေးပင် တစ်မျိုး ခံစား လိုက်ရသည်။ သူ့အသံက ကွဲအက်အက်နှင့်။ ပြီးတော့ ညနေကြီး နေကာမျက်မှန် တပ်လျက်နှင့်မို့ပါ။

"ဟယ် နင် ဘယ်တွေ လျှောက်သွားနေတာလဲ၊ ငါဖြင့်ရှာလိုက်ရတာ၊ တွံတေးတောင် ငါရောက်သေးတယ်၊ သိလား"

"သိတယ်"

"နင် ဘာဖြစ်နေလဲဟင်၊ နင့်မှာ ဘယ်လို အခက်အခဲတွေ ရှိနေလဲ ကိုထွေးရယ်၊ ပြောစမ်းပါဦး"

ကိုထွေးက ဘာမှ ပြန်မပြော။ သစ်ပင်ခြေရင်းတွင် ထိုင်ချလိုက်သည်။ မလေးကလည်း ကိုထွေးအနီးမှ သစ်မြစ်တစ်ခုပေါ်တွင်ထိုင်လိုက်ရပါ၏။ ကိုထွေးနှင့် မလေးမှာ အနီးကပ် မျက်နှာချင်းဆိုင်။

မလေးက အင်္ကျီ၏အတွင်းဘက်မှ ရွှေဆွဲကြိုးလေးကို လက်လှမ်း၍ ထုတ်ယူလိုက်ပြီး...

"ငါ ဆွဲကြိုးလေး ယူလာခဲ့တယ်၊ နင်က အမြဲ ငွေလိုတတ်တယ် မဟုတ်လား၊ ငါ့မှာ ငွေ သိပ်မရှိဘူး၊ နင် လိုချင် ရင် ရအောင်လို့ ယူလာခဲ့တာ ကိုထွေး၊ အမေ မေးရင် အပြုတ်ခံရတယ်လို့ အပြတ်ပြော လိုက်မယ်၊ တို့ အလုပ်လုပ်နိုင် တော့မှ အစား ပြန်လုပ်ကြမယ်နော် ကိုထွေး"

"မလေးရယ်"

"နင် ဘာဖြစ်နေတာလဲ ကိုထွေး၊ ငါ့ကို ပြောစမ်းပါဦး"

ကိုထွေးက ဘာတစ်လုံးမှ မပြော။ ဆွဲကြိုးလေး ကိုင်ထားသော မလေး၏ လက်ကိုသာ ဆွဲယူလိုက်သည်။

မလေး၏ လက်ကို သူ့ လက်နှစ်ဖက်ဖြင့် ဖျစ်ညှစ် ဆုပ်ကိုင်ပြီး အံခဲထားသည်။ နေကာမျက်မှန်ကို ချွတ်လိုက် သည်။ သည့်နောက်တွင်





ကိုထွေး ခေါင်းက တဖြည်းဖြည်း ညွတ်ကျလာခဲ့သည်။ မလေး၏ လက်ခုံလေးနှင့် သူ့နဖူးကို ဖိကပ် ပွတ်တိုက်နေရှာသည်။

မလေးမှာ ကိုထွေး၏ နှိမ့်ချမြတ်နိုးဖွယ်ရာ အပြုအမူ လေးကြောင့် ကြည်နူးစွာ ငြိမ်သက်နေမိသည်။ ခဏအကြာတွင် မလေး၏ လက်ခုံ ပေါ်သို့ ပူနွေးစိုစွတ်သော ထိတွေ့မှုများ ရှိ လာတော့မှ...

"အို ကိုထွေး ငိုနေတယ်"

"မလေးရယ်"

"ဟာ နင် သိပ်စိတ်ခိုင်တာပါ၊ ဘာဖြစ်လို့လဲကွယ်၊ ဘာ ဖြစ်လို့လဲ၊ မလေးကို ပြောစမ်းပါဦး ကိုထွေးရယ်"

ကိုထွေး၏ ပခုံးကို ကိုင်လှုပ်၍ မလေး အလန့်တကြား နှင့် မေးမိသည်။ ကိုထွေးက မဖြေနိုင်ရှာ။

"ကိုထွေးရယ်၊ မလေး မကြည့်ရက်လိုက်တာ၊ ကိုထွေးငိုတာကို မလေး မမြင်ရဲဘူး၊ မလေး ဘာလုပ်ပေးရမလဲဟင်၊ ဘာပဲဖြစ်ဖြစ် ကိုထွေးအတွက် မလေး အကုန် စွန့်စားရဲတယ် သိလား"

"တော်...တော်ပါတော့ မလေးရယ်၊ ငါလေ၊ ငါ...ငါ မကောင်းဘူး၊ ငါ့ကို ရိုက်စမ်းပါ၊ ငါ့ကို သတ်ပစ်စမ်း"

"အို"

ကိုထွေး၏ ခံစားမှုများက သူ့ရင် ပေါက်ကွဲမတတ်ပါပင်။ မလေး၏လက်ကို မလွှတ်သေးပါဘဲနှင့် သူ့ပါးကိုသာ ဆက်ကာ ဆက်ကာ ရိုက်နေပါ၍ မလေး ရုန်းလိုက်ရသည်။

"မလေး"

ကိုထွေးက အံကို ခဲရာက မချိတင်ကဲ ခေါ်လိုက်သည်။

"ကိုထွေးရယ်၊ ငါ ရင်ကွဲတော့မယ်၊ ပြောစမ်းပါ"

"ငါ...ငါ နင့်ကို စွန့်လွှတ်ရမှာ အကြောက်ဆုံးပါ၊ နင်နဲ့ ဝေးရမယ့် အဖြစ်မျိုး မကြုံပါရစေနဲ့လို့ ငါ အမြဲ ဆု တောင်းခဲ့တာပါ"

"အေးလေ၊ ငါလည်း ဒီလိုပဲဆိုတာ နင် အသိပဲ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လားလို၊ အခု ငါ့ကို ဘာလို့ ခွင့်လွှတ်ရမှာလဲ၊ ငါဟာ နင့် အတွက် အမြဲ ရှိနေတာပါ ကိုထွေး၊ နင်သာ ဘာတွေ ဖြစ်နေသလဲ"

"နင်နဲ့ ငါနဲ့ ခုတွေ့တာ နောက်ဆုံးပဲ မလေးရဲ့"

"အို မပြောနဲ့ဟာ၊ ငါ ကြောက်တယ်"

ကိုထွေး လက်ကို အလန့်တကြား ချုပ်ကိုင် ဖမ်းဆွဲ ထားရင်းက မလေး ပြောမိသည်။ အခုပင် ကိုထွေး တစ်ယောက်ထပ်၍ ပျောက်သွားမှာကို မလေး စိုးကြောက်လှချည်ရဲ့။

"တကယ်...တကယ်ပါ၊ ငါ နင့်ဆီကို ဘယ်တော့မှ လာလို့ မရနိုင်တဲ့အဖြစ်မျိုး ရောက်အောင် ငါ မိုက်ခဲ့ပြီ မလေး"

"အမယ်လေး ကိုထွေးရယ်၊ နင် ဘာတွေပြောနေတာလဲ"

"ငါ...ငါ ဖွန့်နဲ့လက်ထပ်လိုက်ပြီ"

"အာ..."

မလေး၏ ကမ္ဘာမှာ မိုးမှောင်ကြီးကျလေပြီ။

မှန်တိုင်းကျခြင်း၊ လှိုင်းကြီးခြင်း၊ လျှောင်လှုပ်ခြင်း စသော ပြင်းထန်သည့် လှုပ်ရှားမှုအားလုံး မလေး၏ အသည်းနှလုံးတွင် စုပြီ ဖြစ်ထွန်းသည်။

မလေးမှာ အသိမဲ့သွားသူပမာ ကိုထွေးကို တွန်း၍ ကြောင်ကြောင်ကြီး ကြည့်နေသည်။ ဘာ လှုပ်ရှားမှုမှ မပြုနိုင်။ မျက်တောင်သော်မှ ခတ်မိမည် မထင်။

"ငါ ဘာ့ကြောင့် ဒီလို ဖြစ်သွားရတယ် ဆိုတာတွေလည်း မသိချင်ပါနဲ့တော့၊ ငါ ပြောချင်တာ တစ်ခုတော့ ရှိပါတယ်၊ ငါ့ ရင်ထဲမှာလေ နင်နဲ့ ဝေးရပြီ ဆိုတဲ့ အသိက ဘယ်ထိအောင် ခံစား နေရပါတယ် ဆိုတာ ဖွင့်ခွဲပြီး ပြလိုက်ချင်တာ မလေးရယ်"

ကိုထွေး ငိုနေသည်။

မလေးမှာ ကိုထွေးကို ကြာမြင့်စွာ ငေးကြည့်နေပြီးမှ သတိ တရားများ ပြန်လည် ဝင်ရောက်လာသည့်ပမာ လှုပ်ရှား လာနိုင်သည်။





ကိုထွေး၏ ပခုံးပေါ်သို့ လက်တင်မည်ဟု ဟန် ပြင်ပြီးကာမှ...

"ကိုထွေးဟာ ဖွန့်ခင်ပွန်း"

ဟူသော အသိကြောင့် မလေး၏လက်ကို ပြန်ရုပ်လိုက်ရသည်။

ယင်းအသိမှာ ကိုထွေးနှင့် မလေးတို့၏ ကြားတွင် သမုဒ္ဒရာထက် ကျယ်သော၊ တောင်ထက်မြင့်သော၊ ပင်လယ်ထက်ကျယ်သော အဆီး အတားများဖြင့် မလေးနှင့် ကိုထွေးအား ခွဲခွာ ပိုင်းခြားစေခဲ့ပါပြီ။

"ကိုထွေး"

"ပြောပါဦး မလေးရယ်"

"မလေး အနေနဲ့ ဘာမှ ပြောစရာ မရှိပါဘူး၊ ဘာမှလဲ ပြောဖို့ မလိုတော့ပါဘူး၊ ကိုထွေးသာ မလေးနားက သွားပါတော့၊ မလေးကို ထားရစ်ခဲ့ပြီး ဖွန့်ဆီကို ပြန်သွားပါတော့ကွယ်"

ထိန်းထားပါလျက်နှင့်ပင် မလေး၏ မျက်ဝန်းအစုံမှ မျက်ရည် များက သွန်ကျလာတော့သည်။ ကိုထွေးက ထိုင်ရာမှ မထ။

ကိုထွေးနှင့် မျက်နှာချင်းဆိုင် ထိုင်နေရာမှ မလေး ဖြည်းဖြည်းချင်း ထသည်။ ကိုထွေး၏ ရှေ့မှ ဖဲကြိုး၍ မလေး ခြေလှမ်းစ၍ လှမ်းရသည်။

ယင်းခြေလှမ်းသည် ထာဝရ ဝေးကွာဖို့အတွက် ပထမ ခြေလှမ်း...။

"ဝေးကြရပြီ"

ဆိုသည့် အသိက ရင်ထဲမှ နှလုံးသားကို လောင်မြိုက်သော မီးတိုက်တွင်းသို့ အသွင်းခံလိုက်ရသည့်ပမာ။

"မလေး"

ကိုထွေးက ဆို့ဆို့နင့်နင့် ခေါ်လိုက်၍ မလေးမှာ လှမ်းနေဆဲ ခြေလှမ်းကို တုန့်လိုက်ရသည်။

"ငါ့ကို ခွင့်မလွှတ်ပါနဲ့၊ ငါ့ပေါ်မှာ စေတနာ မထားနဲ့ တော့၊ ထားခဲ့တဲ့ မေတ္တာစေတနာတွေ ကြီးမြင့်သလောက် ငါ ဒုက္ခတွေ ပါစေ၊ ပူလောင်ပါစေ"

www.burmeseclassic.com



"အို…ကိုထွေး"

"ဟုတ်တယ် မလေး၊ ငါ့ ရင်ထဲမှာ ပြင်းပြင်းထန်ထန် ခံစား နေရသလို နှင့်မှာလည်း ခံစားရရှာမှာပဲ ဆိုတာ ငါ စာနာ မိပါတယ် မလေး၊ တို့နှစ်ယောက် ရင်ထဲ အသည်းထဲမှာ…"

"တော်…ကိုထွေး"

"မတော်ဘူး၊ ငါ နင်နဲ့ တွေ့ရတုန်းလေးမှာ ငါ့ရင်ထဲက ခံစားမှု မေတ္တာတွေ အကြောင်း ပြောပြပါရစေဦး"

"ဒီမှာ ကိုထွေး"

"ဟင်"

"နင်နဲ့ ငါနဲ့ဟာ သူငယ်ချင်း အဆင့်နဲ့ သံယောဇဉ် ရှိကြရုံ ပဲလေ၊ ဒီထက်ပိုပြီး နင် ဘာများ ငါ့ဆီက တောင်း ခဲ့ဖူးသေးလို့ ဘာမှ မပြတ်သားခဲ့ကြခဲ့တဲ့ တို့နှစ်ယောက်ပါ၊ တစ်သက်လုံး လက် လာခဲ့ကြသူ နှစ်ယောက် လမ်းခွဲကို ရောက်ကာမှ နင့်ဆီက မေတ္တာ စကားကို ငါ မကြား ပါရစေနဲ့"

"ဟုတ်ပါရဲ့ မလေးရယ်၊ ဒါပေမယ့် ငါ့ စိတ်ထဲမှာ အမြဲ…"

"တစ်ယောက်တည်း သွားရတော့မယ့် မလေးကို ဝေဒနာ အများကြီး မပေးလိုက်ပါနဲ့ ကိုထွေးရေ"

"မလေးရယ်၊ ငါ…ငါလေ"

"တော်ပါ၊ မလေးကို မေတ္တာ မထားနိုင်တော့ပေမယ့် သနား ကိုထွေး၊ မလေးနားက သွားပါတော့၊ မလေးလက်ကို ဖြုတ်ချ ရစ်ခဲ့ရက်တဲ့ ကိုထွေး သွားပါ၊ သွားနှင့်ပါ တော့ကွယ်၊ မ တောင်းပန်ပါတယ်၊ သွားပါတော့"

ရွက်ခြောက်ကြွေများကို နင်းလျှောက် ထွက်သွားသော ကို ၏ ခြေသံကို မျက်စိမှိတ်ထားသော မလေး ကြားနာ လိုက်ရသ

ကိုထွေး နင်းလျှောက်သွားတာ ရွက်ခြောက်ကြွေ မဟု





ဘူး၊ မလေးရဲ့ အသည်း၊ မလေးရဲ့ နှလုံးသားကိုပါ ကိုထွေး၊ မလေး အချစ်ရယ်…။

မြကျွန်းသာ၏ အင်းယာနန္ဒာကန်သာ တစ်ဝိုက်ရှိ ကံ့ကော် ပင်၊ သရက်ပင်၊ သစ်ပုပ်ပင်၊ စိန်ပန်းပင် စသော အရိပ်ပင်များ၏ အောက်တွင် ယခင်ယခင်ကလည်း မျက်ရည်ပုလဲဥများ ခြွေသွား ခဲ့သူတွေ ရှိပါလေမည်။

သို့ပါသော်လည်း…

ယခု အထီးကျန်မလေး၏ ငိုရှိုက်ခြင်းလောက် ရင်နာကြေကွဲစရာ ကောင်းပုံကို မတွေ့ဖူးသေးပါဟု အင်းယားရေပြင် ကြီးသာ စကား ပြောတတ်ပါလျှင် ဤအသည်းကွဲမလေး၏ အကြောင်းများကို စံထား၍ ပြောကြားနေမည်သာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

တတိယနှစ် ဖြေဆိုပြီးသည့် ကျောင်းပိတ်ရက် အတွင်း၌ အဘ ဦးဉာဏ်ဖွား ဆုံးသည်။

မလေးမှာ ကိုထွေး၏ဖခင်ကို ဦးလေးသားချင်းအရင်းလို ချစ်ခင်၍ ငိုရှိုက်မိသည်။ အသုဘကိစ္စ အဝဝကိုလည်း မလေးတို့ တစ်အိမ်လုံး ကိုယ်ဖိရင်ဖိ ပြုစုကူညီပေးကြပါ၏။

"သမီး မလေး"

ခင်ပွန်းသည်အတွက် ပရိဒေဝ လောင်မြိုက်နေဆဲ ဒေါ်ငြိမ်းစိုးက မီးဖိုတွင်းရှိ မလေးနား ရောက်လာသည်။

"ဘာလဲ ကြီးကြီးငြိမ်း၊ သမီး ဘာ လုပ်ပေးရလဲ"

"ဟင်း"

ဒေါ်ငြိမ်းစိုးက သက်ပြင်းရှည်ကြီးချပြီး မလေး၏ ပခုံးလေးကို ကိုင်၍...

"ကိုထွေးတောင် ရောက်လာပြီ သမီး၊ သူ့ကို တွေ့ချင်ရဲ့လား"

"ကိုထွေးလား ကြီးကြီးငြိမ်း"

ဒေါ်ငြိမ်းစိုးက မျက်ရည်ရစ်ဝဲသော အကြည့်ဖြင့် မလေး ကို ကြည့်နေရာက ခေါင်းညိတ်ပြသည်။





"သမီး သူ့ကို မတွေ့ပါရစေနဲ့ ကြီးကြီးငြိမ်းရယ်"

"ကြီးကြီးငြိမ်း ထင်လို့ တမင် ဝင်ပြောတာ၊ ဒါဖြင့် သမီး ပြန်တော့လေ"

"ကြီးကြီးငြိမ်း"

"ဟင်"

"သူ့ကို ပစ်ထားကြတယ်လား၊ အဘ ဆုံးမှပဲ သူ လာရဲတော့တယ်နော်"

"စွန့်ပစ်တာတော့ မဟုတ်ပါဘူး၊ သူ့အပြစ်နဲ့သူ မလာရဲတာပါ၊ ဒီလောက် မိုက်လုံးကြီးတဲ့ကောင်ကို ကြီးကြီးငြိမ်း စွန့်ပစ်ရဲပါတယ်"

"မလုပ်ပါနဲ့၊ သူတို့ရော ပြေပြေလည်လည် ရှိကြရဲ့ မဟုတ်လားဟင်"

သံယောဇဉ်၏ လှုပ်ခတ်မှုကြောင့် ကိုထွေးတို့၏ မင်္ဂလာသတင်းစကားလေးများကို မလေး ကြားနာလိုပါသည်။

"မပြောတတ်ပါဘူး၊ သူ့မိန်းမကလည်း ကိုယ်ဝန်ကြီးနဲ့ပဲ"

"ဖွန်လည်း ပါလာတာကိုး"

"ကြီးကြီးငြိမ်းတို့ ခုမှပဲ ဖွန် ဆိုတာကို မြင်ဖူးတယ်"

"အင်း၊ သူတို့ နှစ်ယောက်လုံးကို သမီး မတွေ့ပါရစေနဲ့နော်"

"ကြီးကြီးငြိမ်း နားလည်ပါပြီ၊ ကဲ...ကဲ၊ သမီး ဒီနောက်ဖေးဘက်ကပဲ ပြန်တော့"

အိမ်ဘက်သို့ မလေး ခပ်သွက်သွက်လေး ပြန်၍ ကူးလာခဲ့မိသည်။ လူငယ်များ၏ အကဲကို နားလည်မှုရှိလွန်းသော ကြီးကြီးငြိမ်းကို လေး ကျေးဇူးတင်ပါသည်။ သူ့ခမျာ အနှစ်သုံးဆယ်ကျော် ပေါင်းသင်းခဲ့သော ခင်ပွန်းသည်၏ ဈာပန မြေမကျသေးမီမှာပင် မလေး၏ ဝေဒနာကို ပိုင်းကူ ဖြေ ရှင်းပေးရှာသည်။ အမေရော ကြီးကြီးငြိမ်းပါ ...က တစ်လုံး တစ်ပါဒမျှ ဖွင့်ဟပြောဆိုခြင်း မရှိကြသော်လည်း ...သား၏အပြစ်ကို စာနာစိတ်ဖြင့် ဖေးဖေးမ,မ ရှိကြသည်။ ကရုဏာ



www.burmeseclassic.com

www.burmeseclassic.com



ပို့ခဲ့ကြသည်။

တပ်အပ်သေချာ ဖြစ်လာမည်ဟု မျှော်လင့်ထားကြသော ကိုထွေ တစ်နေ့တွင် ဤသားနှင့် ဤသမီး ဟူ၍ စိတ်အေးလက် အေး ရှိရာ မမျှော်လင့် မထင်မှတ်သော ပြဿနာ ဖြစ်လာ သည့်အခါ မလေးကိုသာ အသနား ပိုနေကြရှာသည်။ မလေးဘက်က လုံးလုံးလျားလျား ရှိ ခဲ့သော ကြီးကြီးငြိမ်းတို့ မိသားစုမှာ ကိုထွေးကို ပစ်ပယ် လျစ်လျူ ထားခဲ့ကြသည်။

"သြော်... မခေါ်သာလို့ တော်ရာက နေခဲ့ရပေမယ့် မလေးလေး ကိုထွေးကို ကြည့်ချင် မြင်ချင်လှပါတယ်ကွယ်"

မလေး၏ သံယောဇဉ်တွင် တပ်မက်ခြင်း နှယ်ငင်သော မစ ကြယ်သည့် မေတ္တာ မျှုတစ်ရွေ့မျှ မပါရှိပါ။

ပကတိ သန့်ရှင်းသော မေတ္တာအဟုန်ဖြင့် ငယ်စဉ်ကလို ကိုထွေးပေါ်တွင် ချစ်ခင်မြတ်နိုးဆဲစိတ်ဖြင့် ခွင့်လွှတ် လျက်သာပင် ကြည်ဖြူလျက်ပါပင်။

မလေး တွေးကြည့်သည်။

ကိုထွေးကို ခွန့်ထံမှ ပြန်လည် ရယူလိုစိတ် အလျဉ်း မရှိပါ အကြောင်း တစ်စုံတစ်ရာကြောင့် ခွန်နှင့်ခွဲခွာ၍ မလေးထံ ပြန်လာ စေလိုသည့် မျှော်လင့်ချက်မျိုးလည်း မထားမိရိုး အမှန်ပါပင်။

ဤသည်ကပင် ကိုထွေးပေါ်၌ သန့်စင်သော မေတ္တာနှင့်တုန့်ပြန် မျှော်လင့်ခြင်း ကင်းမဲ့သည့် အတုမဲ့ စေတနာများ ထားရှိနေခြင်း၏ သင်္ကေတများပါ။

မလေး ဖြစ်စေချင်သည်က...

ကိုထွေးနှင့် ခွန် ခွန်တွဲလျက် ချစ်ခင်ကြင်နာမှုများစွာဖြင့် ပျော်ရွှင်ကြည်နူးနေကြစေချင်ပါသည်။ စီးပွားရေး ပြေလည်၍ ဝင်ငွေ ထည်ထည် ရှိနေစေလိုပါသည်။ ခွန်၏ ကြင်နာခြင်းဖြင့် ပြုစုသော ယုယမှုများကို ကိုထွေး အပေါ်၌ ကျရောက်စေ ချင်ပါသည်။





"သြော် သူတို့ နှစ်ယောက် အိမ်ထောင်ရေးသုခ ရကြ ပါစေ"

ဟူသော ဆုမွန်များဖြင့်သာ မလေးမှာ အသုဘအိမ်သို့မသွားတော့ဘဲ အိမ်ထဲမှသာ မေတ္တာပို့နေရတော့သည်။

အမေနှင့် အဖေတို့ကသာ သွား၍ ကူညီနေရသည်။ မခင်မိုးကလည်း သူ့အိမ်ထောင်နှင့် သူ့ကလေးများနှင့်။ မလတ်ကလည်း ကျောင်းတက် မပျက်။ မလေးကလည်း သွား၍ မရသည့် ဘဝ။

အရေးထဲ ကိုအောင်ကျော်ဇောသူကလည်း မရှိ။

ကိုထွေး မိန်းမ ယူသွားသည့်အတွက် ကျန်ရစ်မလေး အဖြစ်နှင့် လေးကို သိရှိကြပြီး ဖြစ်သည်။

"မလေး အသုဘ ပို့ဦးမလား"

ဟူ၍ပင် မည်သူမျှ မမေးကြ။

ကိုထွေး ရောက်ပြီး နောက်တစ်နေ့တွင် အသုဘ ချသည်။ ရောက်သာ ထားပါ၏။ ထိုနေ့ နံနက်ပိုင်းက...

မလေးမှာ အိမ်နောက်ဖေးရှိ ရေတွင်းမှ ရေငင်၍ နေအိမ် နှင့် ဝင်ရှိ ရေအိုးများတွင်သို့ ရေဖြည့်တင်းပြီးသော်လည်း ရေတွင်း ဘေးခမ်းကို ကိုင်၍ ငေးနေမိသည်။

မလေး ရေငင်,ငင်ချင်း၊ ခြံရှင်းလျှင်ရှင်းချင်း၊ ပိုင်းဝန်းကူညီမြဲသော ကိုထွေး။ ထာဝစဉ် တတွဲတွဲ မခွဲမခွာ နေခဲ့ကြသော အဖြစ်ကို မလေး ပြန်လည် မြင်ယောင်နေ မိဆဲပါ။

"သြော်... မေတ္တာ မြင့်မားခြင်းရဲ့ ပြယုဂ်ဟာ စွန့်လွှတ်နိုင်ခြင်း၊ နစ်နာ ခံနိုင်ခြင်းနဲ့ ခွင့်လွှတ်နိုင်ခြင်းပဲ မဟုတ်လားကွယ်"

"ကိုထွေး ကျန်းမာချမ်းသာပါစေ၊ ရင်ငြိမ်းပါစေ"

ပို့ဝေမေတ္တာ များစွာဖြင့် မလေးမှာ နောက်ဘက်လမ်းမှအိမ်ဆီသို့ ဖြည်းဖြည်းချင်း လျှောက်ခဲ့သည်။

"အို...ကိုထွေးပါလား"

မလေးတို့ တက်ဆော့နေကျ ကနစိုးပင်ကြီး၏ ခြေရင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသော ကိုထွေး၊ ကိုက်နှစ်ဆယ်ခန့်ဝေးသော နေရာ ဟိုဘက်ခြံအစပ်မှာ။

လက်တွင် သစ်ကိုင်းခြောက်လေးတစ်ခုကို ကိုင်လျက်ညှိုးငြိုးသော အကြည့်များဖြင့် မျှော်ကြည့်နေရှာသော ကိုထွေး၏ နွမ်းလျလွန်းသော မျက်နှာနှင့် ရင်ဆိုင်ဆုံကြသည်။

မလေးမှာ နှုတ်ဆက်ရမည်လား၊ လျှောင်ထွက်သွားရမည်လားဟူ၍ မဝေခွဲနိုင်မီ ကိုထွေးကို စူးစိုက်ကြည့်နေမိဆဲ. . .။

ကိုထွေးက အရင် အကြည့်ကို လွှဲလိုက်သည်။ သူ ခေါင်းငုံ့ချပစ်လိုက်သည်။ ကိုယ်ပါ ကိုင်းညွတ်သွားတော့သည်။

မခေါ်သာသည့် အဖြစ်မို့ မလေးမှာ ငုံ့နေသော ကိုထွေး၏ရင်ညှိုးညှိုးနွမ်းနွမ်းလေးကို ခဏမျှ ငေးကြည့်ပြီးမှ လေးကန်သောခြေလှမ်းများဖြင့် မလေး အိမ်ထဲဝင်ခဲ့ရသည်။

"သြော်. . .ကိုထွေးရယ်၊ မလေးကိုများ စောင့်ကြည့်နေ သလားကွယ်၊ မလေးနဲ့ပတ်သက်ပြီး ကိုထွေးရင်မှာ တစ်ခုခုများ ခံစားနေရသလားဟင်"

"အို. . .မဟုတ်နိုင်ပါဘူး၊ မဖြစ်နိုင်ပါဘူးလေ၊ သူ့ဆန္ဒ သူသဘောနဲ့ ဖွန့်ကို သူ လက်ထပ်ခဲ့တာပဲ၊ ဖွန့်နဲ့ တွဲနေလို့ အစ်ကိုကတောင်ငါ့ကို သတိပေးခဲ့ဖူးသားပဲ၊ သူ. . .သူ အဘ ဉာဏ်ဖူးဆုံးလို့ နုံးနွမ်းနေတာ ဖြစ်မှာပါလေ၊ ဖွန့်မှာလည်း ကိုယ်ဝန်နဲ့မို့ သူတို့အိမ်ထောင်ရေးမှာအသီးအပွင့်တွေနဲ့ ဝေဝေ ဆာဆာ သာသာယာယာ ရှိသွားကြမှာပါ"

ထိုနေ့က အဘ၏ရျာပန ချကာနီး ကြေးစည်ရိုက်သံ ကြားတော့မလေး ငိုမိပါသေးသည်။

ထိုနေ့ ညနေပိုင်းကားနှင့်ပင် "ကိုထွေးတို့ ပြန်သွားကြပြီ" ဟူသော သတင်းကို မလေး ကြားလိုက်ရပါသတည်း။

* * *





## အခန်း(၁၆)

စတုတ္ထမြောက် နောက်ဆုံး ပညာသင်နှစ်များသည် မလေးအဖို့၏အသွေ့ခြောက်ဆုံး၊ အခွေးမြေ့ဆုံးသောနှစ် ဖြစ်ပေသည်။

ထိုနှစ်က ဖွန့်ရောကိုထွေးပါ ကျောင်းမတက်ကြတော့။ ကျောင်းထွက် သွားကြလေပြီ။ တတိယနှစ် စာမေးပွဲလည်း မဖြေဆိုကြ။

မမြင်နေရ၍ တော်သေးသော်လည်း ကိုထွေး၏ ပညာရေးနောင့်နှေးမှုများအတွက် မလေး ပူပန်မိပါသည်။ ဘဝ ခရီး အတွက် ထိုသို့သော စွမ်းဆောင်မှုများဖြင့် အသက်ဆက်ကြ လေမည်နည်းဟူ၍. . .

ထွက်ပြေးသွားသည့်သူ တစ်ယောက်ကို မမီမကမ်း လိုက်ဖမ်းနေရသည့် ပမာ အချိန်တို့သည် ကုန်မြန်လွယ်လှသည်။ မလေး၏စတုတ္ထစာသင်နှစ်လယ်လောက်တွင်. . .

"ဖွန့်တစ်ယောက် ယောကျ်ားလေး မွေးသတဲ့"

ဟူသော သတင်းစကားများက မလေးထံ အရောက် ထိုးဖောက်ဝင်ရောက်လာတော့သည်။

ထိုနှစ်က မလေးတို့၏ အဆောင်တွင် လူသစ်များဖြင့်ဆည်နေသည်။ နယ်ကောလိပ်များမှ ရန်ကုန်တက္ကသိုလ်သို့ ပြောင်းရွှေ့ရွှင်ရပြီး၊ အဆောင်မရသော ကျောင်းသူများ များစွာ ရှိပါ၏။

မေသန်းစိုး တစ်ယောက်ကိုလည်း မတွေ့ရတော့။

www.burmeseclassic.com



မသန်းစိုးတို့ မောင်နှမ၏အကြောင်းအရာများနှင့်အတူ မလေး ထိန်ဝှက်လျက် ကိုထွေး လက်သို့ အပ်ထားခဲ့သော ဦး မန်းဇံအတွက် လျှို့ဝှက်စာတစ်စောင် အကြောင်းအရာတို့သည်...

ယခုမှစ၍ ပြည်ဖုံးကားချကာ ပြီးဆုံးသွားလေပြီ ဟူ၍ မလေး၏ စိတ်တွင် တစ်ထစ်ချ ထင်မှတ်ခဲ့မိသည်။ ဇွန်နှင့် ကိုထွေးတို့၏ အကြောင်းအရာများကို မကြာခဏ သတိရရှိနေမိ သော်လည်း...

မသန်းစိုး၊ ဦးမန်းဇံ၊ လျှို့ဝှက်စာ စသော အကြောင်းအရာ တို့ကိုမူ သတိပင်မရတော့။

နောင်တစ်ချိန်တွင် ယင်း အကြောင်းခြင်းရာများသည် မလေး ထံသို့ တစ်ကျော့ပြန်၍ပတ်သက် ရှုပ်ထွေးလာပေဦးမည်၊ ခက်ခဲ နက်နဲသော ပြဿနာကြီး အတွင်းသို့ ပါဝင်လှုပ်ရှား ရပေဦးမည်ဟူ၍ မလေးမှာ တွေးပင်မတွေးမိခဲ့၍ မေ့မေ့ပျောက် ပျောက်ပင် နေခဲ့မိ တော့သည်။

* * *

"ဟင် ကြီးကြီးငြိမ်း၊ တစ်ယောက်တည်းလား"

မလေး၏ အဆောင်သို့ တိုင်အောင် ရောက်လာသော ဒေါ်ငြိမ်း စိုးကို မလေးက အံ့သြဝမ်းသာစွာ ကြိုဆိုမိပါသည်။

"မြေးကြီး အတွက်နဲ့ လာခဲ့တာ"

"အမေတို့ရော နှစ်အိမ်လုံး နေကောင်းကြရဲ့လား"

"ကောင်းတယ် သမီး၊ ကောင်းတယ်၊ စိတ်မပူနဲ့၊ အားလုံး နေထိုင်ကောင်းကြပါတယ်"

မလာဖူးသော ဧည့်သည်ထူးမို့ စိတ်ပူပန်စွာ မေးမိသည် ဒေါ်ငြိမ်းစိုးကလည်း ရိပ်မိ၍ စိတ်အေးစေရန် အမြန် ဖြေကြား ရှာပါ၏။





"မအေးသွယ်တော့ မလိုက်နိုင်ဘူး၊ ဟောဒီမှာ သမီး အတွက် ဝက်ဆံ၊ ကွမ်းခြံကုန်းဘက်က ငါးသလောက်လတ်လတ် ရတာနဲ့ သမီးဖို့ ကြီးကြီးငြိမ်း ကြော်ယူခဲ့တယ်၊ ဟော ဒါက မအေးသွယ် ပေးလိုက်တဲ့ ငပိကြော်နဲ့ သရက်သီးသနပ်"

မလေးမှာ စားစရာများကို အခန်းတွင်း၌ စနစ်တကျ သိမ်း ဆည်းရသည်။ ပြီးမှ ကြီးကြီးငြိမ်း၏ လက်ကိုဆွဲလျက် ခြံတွင်း ခုံတန်းလျားလေး ရှိရာသို့ ခေါ်လာခဲ့ရပါ၏။

"သမီး ပိန်သွားတယ်နော်၊ နေကောင်းရဲ့လား"

"နေလို့တော့ ကောင်းပါတယ် ကြီးကြီးငြိမ်း"

"အင်း..."

ဒေါ်ငြိမ်းစိုးက သက်ပြင်းချသည်။ နှစ်ယောက်သား စကားပြော ငြိမ်သွားကြသေးသည်။ ပြီးမှ မလေးကပင် စတင်၍ ကိုကိုကြီး အကြောင်း၊ မခင်မိုးနှင့် မလတ်တို့ အကြောင်း၊ သူ့ သူငယ်ချင်းများ အကြောင်းကို ဝေဝေဆာဆာ မေးမြန်းပြီး ကာမှ...

"အစ်ကိုအတွက် အမေ အတော် ငိုသေးလားဟင် ကြီးကြီးငြိမ်း"

"အေး၊ သွားစ တုန်းကတော့ ငိုသပေါ့၊ ခုတော့လည်း တဖြည်း ဖြည်းနဲ့ အေးသွားပါပြီ၊ ဒီလိုပဲ သားသမီးဆိုတာ မိခင်က ရင်ခွင်ထဲ ပိုက်ထားချင်ပေမယ့် ကြီးလေ ဝေးရာကို ခွာလေ ပါပဲ၊ ဒါ ဓမ္မတာပဲ သမီး"

"ဟုတ်ပါရဲ့၊ အစ်ကို တစ်ယောက်ကလည်း ဘယ်လို စိတ်ရူး ပေါက်သွားတယ် မသိပါဘူး"

ကိုအောင်ကျော်ဇောသူ တစ်ယောက် တက္ကသိုလ် ကျောင်းသား ဘဝနှင့် ပျော်လှချည့် မြူးလှချည့် ဟူ၍ အားလုံး သိကြသည်။ သူ ကိုယ်တိုင်လည်း ကံ့ကော်တောမှ မပြန်ချင်ဆိုသည့် အထဲကပင်။ ယခုမူ တောက်ကာငင်ကာ သူ စစ်ထဲ ဝင်သွားခဲ့သဖြင့် အားလုံး အံ့အား သင့်ခဲ့ကြရသည်။ အမေဆို ငို၍မဆုံး။



www.burmeseclassic.com

www.burmeseclassic.com



"မောင်အောင်ဒင် အဖြစ်က သိပ်တော်တာပေါ့ သမီးရယ်၊ ဆယ်တန်း အောင်အောင် ဖြေတယ်၊ ကျောင်း ဆက် တက်ပြီးတော့ ခု သူ စစ်ထဲဝင်တာပါ၊ တိုင်းပြည်ကို ချစ် လို့ပဲဖြစ်ဖြစ်၊ စစ်ဗိုလ် လုပ်ချင်လို့ပဲဖြစ်ဖြစ် ကောင်းမြတ်သော လမ်းပေါ်မှာ သူ့ဘဝအတွက် သူ လျှောက်သွားနိုင်ပြီပဲ"

ဒေါ်ငြိမ်းစိုးသည် ယင်းစကားများကို အဝေးသို့ ငေး မျှော်ရင်းက ပြောကြားခြင်း ဖြစ်ပါ၏။ ဒေါ်ငြိမ်းစိုး၏ ဆိုလိုရင်းကို မလေး သိပါသည်။ ကိုယ့်ဘဝကိုယ် ခြေဖျက်သွားသော သားမိုက် ကိုထွေးကို ရည်ရွယ်ပါသည်။ မလေး သိသော်လည်း ကိုထွေးနှင့် ပတ်သက်သော သတင်းစကားများကို နားမထောင်လိုပါ၊ မပြောကြားလိုပါ။

သို့သော်လည်း ကြီးကြီးငြိမ်းက...

"သမီး မလေးကို ကြီးကြီးငြိမ်း ပြောချင်တာလေးတွေ ရှိလို့ တမင် လိုက်လာခဲ့တာပါ"

မလေး တိတ်တခိုး သက်ပြင်းချရပါပြီ။ ကိုထွေးနှင့် ပတ်သက် သော သတင်းစကားသာ ဖြစ်ပါလေမည်။ ထင်သည့် အတိုင်းပင်...

"ဟိုကောင် အိမ်ပြန်ရောက်နေပြီလေ"

မလေးမှာ ဘာစကားမှ မတုန့်ပြန်မိပါဘဲနှင့် ဒေါ်ငြိမ်းစိုးကိုသာ ငေးမျှော် ကြည့်နေမိသည်။

"ဖွန့်အမေက နောက်အိမ်ထောင်ပြုသတဲ့၊ သမီး အိမ်ထောင် သည်နဲ့ တွဲနေလို့ မဖြစ်ဘူးပေါ့၊ ဟိုကောင်ကလည်း ပညာမရှိ၊ အလုပ်က ဘာမှ မတတ်နဲ့ဆိုတော့ ကိုယ့်သားမယား အတွက် နေဖို့ စားဖို့ ဘယ်မှာ ဖန်တီးတတ်မှာလဲ"

"ဟင်း"

ရင်၌ ပြည့်သိပ်နေသည်များ ပေါ့လျော့ပါစေရန် သက်ပြင်းရှိုက် ရသည်။

"ဒီတော့ အမေ့အိမ်ပဲ ထိုးတက်လာတော့တာပေါ့"



"ဟင်၊ ခု တွဲတေးမှာ"

"ဟုတ်တယ်၊ သူ့မိန်းမက ပြောသတဲ့၊ သူ့အမေက ကျွေး ခဲ့ပြီ၊ ရှင့်အမေကလည်း ကျွေးပါစေဦးပေါ့လို့ ဆိုတာနဲ့ ရောက်လာ ကြတာတဲ့ မလေးရယ်၊ ကြီးကြီးငြိမ်း သိပ်စိတ်ဆင်းရဲရပါတယ်၊ ဖွန် ဆိုတဲ့ မိန်းကလေးကလည်း ကြီးကြီးငြိမ်းတို့ စရိုက်နဲ့တော့ မကိုက် လိုက်တာမှ ကိုယ့်ကလေးလည်း ကိုယ် မကြင်နာ၊ သူ့ ယောကျ်ား ကိုထွေးကလည်း..."

"တော်...တော်ပါတော့ ကြီးကြီးငြိမ်းရယ်၊ သူတို့ရဲ့ အကြောင်း တွေကို သမီး သိချင်စိတ် မရှိတော့ပါဘူး"

"ဟုတ်တယ်၊ ဟုတ်တယ်၊ အမေ နားလည်ပါတယ် သမီး၊ အကြောင့်လည်း ဒီကို တမင် လိုက်လာခဲ့တာပါ၊ ကြီးကြီးငြိမ်း စိတ်ထဲမှာ မချိတင်ကဲ ဖြစ်လွန်းလို့ ပြောချလိုက်မိတာပါ၊ ကြီးကြီးငြိမ်းကို ခွင့်လွှတ်ပါ"

"ရပါတယ် ကြီးကြီးရယ်၊ ပြောပါ"

"ပြောချင်တာရဲ့ အဓိက,ကတော့ ခုရက်ပိုင်းအတွင်း ကျောင်း ပိတ်ခင်မှာပေါ့လေ၊ သမီး မြှုန်းစားကြီး တွဲတေးမြို့ကို ပြန်လာမှာ လို့ပါ"

"သူတို့ ရှိနေတဲ့ အတွက်လား"

"ဟုတ်တယ်"

မလေး ဘာမှမတုန့်ပြန်နိုင်တော့။ ဒေါ်ငြိမ်းစိုးကလည်း ခဏကြာ အောင် စကားစရပ်သွားပြီးမှ...

"သမီး တွဲတေး ပြန်ဦးမှာလား"

"မပြန်တော့ပါဘူး၊ အကြောင်းထူးလည်း မရှိဘဲလေ၊ စာမေး ပွဲကြီး ပြီးတဲ့အထိ ပြန်လာစရာ အကြောင်း မရှိတော့ ပါဘူး"

"ဟုတ်ပြီ၊ ဒါဖြင့်လည်း သူတို့ကို ကြီးကြီးငြိမ်း လက်ခံထား လိုက်တော့မယ်၊ သမီး ကျောင်းပိတ်လို့ ပြန်လာရင်တော့ သူတို့

www.burmeseclassic.com



ရှိမနေခဲ့စေရပါဘူး”

မလေးမှာ ဒေါ်ငြိမ်းစိုး စကားကြောင့် ဆတ်ခနဲ မော့ကြည့် လိုက်မိသည်။ ဒေါ်ငြိမ်းစိုး၏ လက်မောင်းကို လှမ်း၍ ဆုပ်ကိုင် ထားမိသည်။

“ကြီးကြီးငြိမ်းရယ်”

ဒေါ်ငြိမ်းစိုးက ဘာမှ ဆက်မပြော။ မလေး၏လက်ခုံ ကလေး ကိုသာ ပွတ်သပ်ပေးနေရှာသည်။

“ကြီးကြီးငြိမ်း ဘာကြောင့် ဒီလို လာပြောရတာလဲဟင်”

“သမီး ဘာကို ဆိုလိုတာလဲ”

“ကိုထွေးဟာ ကြီးကြီးငြိမ်း သားပါ၊ ကြီးကြီးငြိမ်း ပိုင် သီးခြားအိမ်ပေါ်မှာ ကိုယ့်သားကို ကိုယ် ခေါ်တင်ထား တာ မလေး ဘာဆိုင်လို့လဲရှင်၊ မလေး ရောက်လာတာနဲ့ သူတို့ကို ဘာဖြစ် နှင်လွှတ်ရမှာလဲ ကြီးကြီးငြိမ်းရဲ့”

“ဒါဖြင့် သမီးကို ကြီးကြီးငြိမ်း တစ်ခု မေးမယ်”

“သူတို့နှစ်ယောက်ကို သမီး မြင်နိုင်ရဲ့သလား၊ ဆက်ဆံ ဖြစ်မလား”

“ကိုထွေးနှင့် ဖွန့်”

မလေး ရင်ထဲမှာ မြည်တမ်းမိသည်။ ဖွန့် ပေါ်တွင် အကော မမြင် နိမ့်ချချင်သောစိတ် မလေးတွင်မရှိ။ ကိုထွေး ကိုမူ အသက်နှင့် ထားခဲ့သော စေတနာ အတိုင်းပင် ရှိနေဆဲပါ။

သို့ပါသော်လည်း...

သူတို့ နှစ်ယောက်ကို တွဲ၍ မလေး မမြင်ရဲသည်က အမှန်

မလေးမှာ ဒေါ်ငြိမ်းစိုး၏ စကားကြောင့် တွေတွေငေး ဖြစ်သွားရသည်။ ဒေါ်ငြိမ်းစိုးကပင် စကားကို ဆက်လက်ရပါ

“ကိုညာဏ်ဖူး ဆုံးတည်းက ကြီးကြီးငြိမ်း သတိထားမိတ သူတို့ကို သမီး မမြင်ချင်ဘူး ဆိုတာ”





“ဩော်...ဘာရယ်မဟုတ်ပါဘူး ကြီးကြီးငြိမ်းရယ်၊ မလေး ဘာမှ မသိဘဲနဲ့ ခုလို ဖြစ်သွားရလို့ စိတ်ဆိုး နေမိတယ် ထင်ပါရဲ့”

မလေး၏ မပြတ်မသားနှင့် ဖုံးဖိသောစကားကို ဒေါ်ငြိမ်းစိုး က လက်မခံ။ ဖြည်းညင်းညင်သာစွာ ခေါင်းခါရမ်း၏။

“မဟုတ်သေးပါဘူး၊ သမီး ဘယ်လောက် ခံစားနေရ တယ် ဆိုတာ ကြီးကြီးငြိမ်း သိပါတယ်ကွယ်၊ သမီးဟာ ကိုထွေး အပေါ်မှာ ဘယ်လို သံယောဇဉ်မျိုးနဲ့ တွယ်တာမှု ရှိတယ် ဆိုတာ မအေးသွယ်ရော၊ ကြီးကြီးငြိမ်းတို့ပါ သိကြပါတယ်၊ ဒါကြောင့် ကိုထွေးအတွက် ဟ္ဘာအများကြီး ပေးနိုင်မယ့် မိန်းကလေးတော့ ရှိနေပြီ ဆိုပြီး မေလည်း စိတ်ကို အေးလို့ပါ၊ အမေတို့ မိန်းမချင်း ကျေနပ်ရုံတင် ဘူး၊ ကိုညာဏ်ဖူးနဲ့ သမီးတို့ အဖေပါ ကျေကျေနပ်နပ် ရှိနေကြတာပါ မီး၊ ဘယ်လိုက ဘယ်လို ဖြစ်သွားရတယ်လို့ အမေဖြင့် မတွေးတတ် င်ပါပဲလေ၊ အကြောင်းရှိရမယ် ကိုထွေး ခုလို ဖြစ်သွားရတာ င်လုံတဲ့ အကြောင်း ရှိရမယ်”

“သူ ဖွန့်ကို ယူတာ ချစ်လို့ပဲပေါ့ ကြီးကြီးငြိမ်း၊ ဒါ ထက် င်လုံတဲ့အကြောင်း ဘာရှိရဦးမှာလဲ၊ ပြီးတော့လည်း၊ အင်း... ထွေးဟာ သူ အိမ်ထောင်ပြုသွားတဲ့ အချိန်ထိ မရိုးသားတဲ့ စိတ်နဲ့ ထောင်ဖက် လက်တွဲဖို့ ကိစ္စကို တစ် ခါမှ မပြောခဲ့ဘူး၊ သူဟာ လေးကို ငယ်ငယ်က ချစ်ခင် သံယောဇဉ် ရှိတာတော့ မှန်ပါတယ်၊ က်ပိုင်းမှာတော့ ဘာသံယောဇဉ်မှ မရှိတော့လို့ ခုလို ဖြစ်သွားရတာ လေ၊ မလေးဘက်ကသာ သူ့ကို သံယောဇဉ်ရှိရတာပါ၊ မျှော်လင့် ခဲ့ပါ ကြီးကြီးငြိမ်းရယ်၊ မလေးလေ ရင်ကွဲမတတ်ပဲ ခံစားရပါတယ်၊ လည်း သိပ် ရှက်မိတာပဲ”

“အို၊ သမီး ပြောရင်း ငိုပြီကွယ်”

“တိတ်တိတ် သမီး၊ တခြားလူတွေလည်း ကြည့်နေတယ်၊ စာနာပါတယ်ကွယ်၊ ကိုယ့်လက်ပေါ်မှာကြီးတဲ့ သမီး မလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲက ဒုက္ခဝေဒနာတွေကို အမေသိနားလည်ပါတယ်ကွယ်"

"ကြီးကြီးငြိမ်းရယ်၊ သမီးတို့ရဲ့ အပေါင်းအသင်း သူငယ်ချင်းတွေနဲ့လည်း မတွေ့ရဲလောက်အောင် သမီး ရှက်တယ်၊ သိပ်ရှက်တယ်"

"သစ္စာတရားနဲ့ အမှန်တရားကို ပိုင်ဆိုင်သူဟာ ဘာမှ ရှက်စရာ မလိုပါဘူး သမီး၊ သမီး စိတ်ကိုသာ ပြေငြိမ်းအောင် ကြိုးစားပါ"

မလေးမှာ မျက်ရည်ကို တိတ်တခိုး သုတ်ရသည်။ နောက်ထပ် မျက်ရည်မကျဖြစ်အောင် မနည်းပင် ထိန်းထားပါသေးသည်။ ဒေါ်ငြိမ်း၏ လက်ကို အားကိုးတကြီး ဆုပ်ကိုင် ထားမိပါ၏။

"ပြီးတော့ တစ်ခုတော့ ကြီးကြီးငြိမ်း ပြောချင်ပါတယ်"

"ဘာများလဲ ကြီးကြီးငြိမ်း"

"ကြီးကြီးငြိမ်း ကိုယ်တိုင်လည်း ကိုထွေး အပေါ်ကို ဒေါသဖြစ်လွန်းလို့ ပစ်ထားတာသာ ကြည့်ပါ၊ ဒါပေမယ့် အခု သူ့ကို ပြန်တွေ့ရတော့လည်း ကြီးကြီးငြိမ်းတို့ ထင်ခဲ့သလောက်၊ ဒေါသဖြစ်ခဲ့သလောက် မဟုတ်ပြန်ဘူး၊ ဒါကြောင့် အကြောင်းရှိ ရမယ်လို့ ပြောတာပေါ့"

"ဘာလို့လဲဟင်"

"ကိုထွေးဟာ သမီး မလေးကို ပစ်ပယ် စွန့်လွှတ်လိုတဲ့ စိတ်လုံးဝ မရှိပါဘူး၊ သူဟာ မလေးနဲ့ ပတ်သက်ပြီး အလေးအနက် ထားလွန်းနေတာ တွေ့ရပြန်တယ်၊ ကိုထွေး ကိုယ်တိုင် ဘယ်လောက်များ စိတ်ပင်ပန်း ဆင်းရဲခြင်းနဲ့ ကြုံနေရတယ်ဆိုတာ သူ့ရုပ်ကို မြင်တာနဲ့ သိနိုင်တယ် သမီး"

"ဟင်း..."

"ကိုထွေးဟာ သမီးအပေါ်မှာ သံယောဇဉ် နည်းနည်း လေးမှ မကုန်ရှာသေးသူပါ။ တစ်နေ့ကပဲ သမီးတို့အိမ်မှာ သမီး သိမ်းခဲ့တဲ့ သမီးနဲ့ ငယ်ငယ်ကကစားကြတဲ့ ဂျက်(စ်)ရုပ် သေတ္တာလေးကိုကြည့်ပြီး သူ ငိုနေတယ်"





"သူ ငိုနေတယ်"

ဆိုသော စကားသံက မလေး၏နှလုံးသားကို ရိုက်နှက် လိုက်သည်သို့ ဖြစ်သွားရသည်။ သို့ပါသော်လည်း ဆင်ခြင် တွေးခေါ်သင့်သော အချိုင်းကိုလည်း မလေး မမေ့ပါ။

"တော်ပါတော့ ကြီးကြီးငြိမ်းရယ်၊ မလေး မကြားချင် တော့ဘူး၊ ဘာပဲဖြစ်ဖြစ်လေ၊ သူ့မှာ ဖခင်း ရှိရုံမကဘူး၊ မေတ္တာ နဲ့ တာဝန်တွေကို ဆက်ဆပ်ရင်း သူ အားလုံးကို မေ့သွားမှာပါလေ"

သည်တစ်ခါဖြင့် ကြီးကြီးငြိမ်းထံမှ သက်ပြင်းချသံလေးကို မလေး ကြားလိုက်ရပါ၏။

"ကြီးကြီးငြိမ်း လာခဲ့တဲ့အတွက် သမီး စိတ်ညစ်ရပြီနော်"

"ကိစ္စ မရှိပါဘူး သမီးအတွက် သမီးဘက်က ရောက် လာတဲ့ ကြီးကြီးငြိမ်းကို ကျေးဇူးတင်လှပါတယ်"

"အေး၊ ကြီးကြီးငြိမ်းရဲ့ လာရင်းကိစ္စကတော့ ဒါပါပဲ၊ ခုတလော သမီး တွဲတေးကိုပြန်လာမှာစိုးလို့ရယ်၊ ကျောင်းကြီးပိတ်ပြီးလို့ သမီး ပြန်လာရင် သူတို့ကို မမြင်မတွေ့စေရပါဘူး ဆိုတာရယ် ကြီးကြီးငြိမ်း ပြောချင်လို့ပါ"

"မဆုံချင်တာကတော့ အမှန်ပါပဲ၊ ဒါပေမယ့် သူတို့ ဘယ် သွားနေမလဲ ကြီးကြီးငြိမ်း"

"သူ ဖန်တီးပေါ့၊ မိဘပေးတဲ့ ပညာကို မယူဘဲ မိန်းမ စောပြီး ယူတဲ့ကောင် ပင်ပန်းပေဦးတော့ပေါ့၊ သမီးတို့အဘလည်း မရှိတော့ဘူး၊ ကြီးကြီးငြိမ်း တတ်နိုင်သလောက်တော့ ထောက်မှာ ပေါ့၊ အိမ်မှာတော့ မထားပါဘူး၊ သမီး ပြန်လာတဲ့အခါ သူတို့ကို နှင်ချပြီးသားဖြစ်နေရမှာပါ"

ဒေါ်ငြိမ်းစိုးက သူ့လာရင်းကိစ္စ၏ အဓိက ကျသော အကြောင်းအရာများဖြင့် နိဂုံးချုပ်၍ မလေးကိုလည်း နှစ်သိမ့်အားပေး စကားများ ပြောပြီးမှ ပြန်သွားရှာလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၇)

တက္ကသိုလ်စာသင်နှစ်၏ နောက်ဆုံးရက်များက အကုန်မြန်လွ
လှချေသည်။ မလေးတို့၏ စာမေးပွဲကြီးလည်း နီးကပ် နေလေပြ
အတန်းတက်မပျက်ဘဲ စာဖိကျက်ခဲ့သော၊ ဖောင်တိန် လက်
မချဘဲ ထာဝရတွက်ချက်နေခဲ့သော မလေးအတွက်ဘွဲ့ရရှိမည့် စာမေ
ပွဲကြီး ဆိုသည်မှာလည်း မခက်ခဲပါ။ အောင်မြင်မည် သေချာပါသည
ဟုလည်း ယုံကြည်ပြီး ဖြစ်ပါ၍...

သည့်အတွက် မခက်ခဲသော်လည်း မလေးတွင် နက်နဲသော
ပြဿနာတစ်ရပ်ဖြင့် ရှိနေခဲ့သည်။

"သမီး ပြန်လာတဲ့အခါ သူတို့ကို မမြင်တွေ့စေရပါဘူး၊နှင်
ပြီးသား ဖြစ်နေရမှာပါ"

ဟူသော ကြီးကြီးငြိမ်း၏ စကားသံကို မလေး ပြန်၍ ပြန်
ကြားနေမိသည်။

"သြော် ကြီးကြီးငြိမ်းဟာ ကိုထွေးပေါ်မှာ ဘယ်လိုပဲ ဒေါသ
ဖြစ်နေပေမယ့်၊ စိတ်တွေ ဆိုးနေပေမယ့်၊ သူဟာ မိခင် တစ်ယောက်
ကြီးမားတဲ့ စေတနာတွေ၊ ကရုဏာတွေကို ရှိနေရှာမှာပဲ၊ သူ့သမီးလေး
ချစ်ခင် သံယောဇဉ်ရှိတဲ့ ငါက အမှန်တရားဘက်က ရှိနေလို့သ
ကြီးကြီးငြိမ်းဟာ ငါ့ ဘက်က ရပ်ပေးနေရှာမှာပါ"

ပြီးတော့ ကိုထွေး...

မလေး၏ စိတ်တို့သည် ကိုထွေးထံသို့ ပျံဝဲ သွားမိပြန် သည





"သူ့မှာ သားနဲ့ မယားနဲ့၊ သူ့မိခင် အိမ်ပေါ်မှာ တင့်တင့်တယ်
ယ် ရှိနေပြီပဲ၊ ဘာပဲဖြစ်ဖြစ် နေမှုနဲ့ စားမှုက မပူပင်ရတဲ့ ဘဝကို
ရောက်နေပြီးမှ သူ လွှင့်ရှာဦးမယ်"

"ခွန့် အိမ်ကိုလည်း ပြန်ကပ်လို့မရဘူးတဲ့၊ အလုပ်မရှိ အကိုင်
ရှိနဲ့ ဘယ်လို လုပ်ပြီး နေထိုင်ကြမလဲကွယ်၊ ဟင်း ခက်ပါတယ်"

ကိုထွေးကိုလည်း မမြင်ချင်၊ ကိုထွေးကိုလည်း မလွှင့်စေချင်သော
လေး၏ အဖြစ်က ခက်လှပါဘိသည်။

ယင်းအတောအတွင်း၌...

မလေးထံသို့ သတင်းစကားနှစ်ရပ် ရောက်ရှိလာခဲ့သည်။

မခင်မိုး တစ်ယောက် သူ့ယောက်ျား မယားငယ်ယူ၍ စိတ်ဆိုးပြီး
ဲကွာမည်ဟု ကြုံးဝါးသည်။ ကလေးသုံးယောက် လက်ဆွဲလျက်
မေ့အိမ်ကို ပြန်တက်လာခဲ့ပြီဟူသော သတင်း နှင့်...

မလတ် တစ်ယောက် သူတို့၏ကျောင်းမှ အလယ်တန်းပြဆရာ
တစ်ယောက်နှင့် ချစ်မေတ္တာရှိနေကြောင်း ဖွင့်ပြောလာသည်။ တစ်မြို့
သည်းနေ တစ်ရေတည်းသောက်၍ မျိုးရိုး ကောင်းသောသူ၊ ရိုးသားသူမို့
အမေတို့အားလုံး ကြည်ဖြူကြသည်။

သည် နွေကျောင်းပိတ်ရက်တွင် မလတ်ကို လက်ထပ် ပေးမည်။
လတ်၏ ခင်ပွန်းလောင်း ဆရာကိုလှသောင်းက မိသားစုများ၍
လတ်ကို သူတို့အိမ်သို့ ခေါ်မသွား၊ မလတ်ရှိရာ အိမ်သို့ အတူ
က်လာနေပါမည်ဟူသော ကတိကြောင့်လည်း အမေတို့ ပေးစား
ပါသည် ဟူ၍ မလေး သတင်း ကြားရပါ၏။

အစ်ကို ကိုအောင်ဒင် စစ်ထဲဝင်သွားခဲ့သော်လည်း အိမ်တွင်
သမီးနှစ်ယောက်၊ သမက်တစ်ယောက်၊ မြေးသုံးယောက်တို့နှင့် အမေ
အမေတို့ သိုက်မြိုက်ဝေစည်စွာဖြင့် ရှိနေကြပေရော့မည်။

ညှော်သည်သွား ညှော်သည်ပြန် အနေမျိုးလောက်သာ အိမ်နှင့်
တွေ့မှု ရှိခဲ့ရသော မလေး အိမ်နှင့် ဝေးခဲ့သည်မှာ လေးနှစ်တာ



www.burmeseclassic.com

www.burmeseclassic.com



ကြာမြင့်ခဲ့ပါပြီ။

မလေးတစ်ယောက် အိမ်သား အဖြစ်မှ လျော့နည်းသွားခဲ့သ
အဖြစ်ကိုလည်း အိမ်သားများအနေနှင့် နေသားကျနေ လောက်ပေပြ

အိမ်ထောင်ဖက်များ ကြားတွင်လည်း မလေး မနေချင်သ
ကလည်း ဒုတိယအချက် အနေဖြင့် ပါဝင်ပါသည်။

ပထမအချက်ကမူ...

"သြော်ငါ မမြင်ချင်ပါဘူး၊ စိတ်မချမ်းသာပါဘူး ဆို တာကြော
ကိုထွေးမှာ အိမ်နဲ့ရာနဲ့ ဝေးရတော့မယ့် အဖြစ် ပါလား၊ ငါ့ကိုသ
သူ ဒုက္ခပေးချင်သလောက် ပေးပါစေ၊ ငါ့ ကြောင့် သူ ဒုက္ခ မရော
စေရဘူး၊ မွန်မြတ်သန့်စင်တဲ့ မေတ္တာတရားဆိုတာ စေတနာ အများကြ
ထားနိုင်ရမယ်ပေါ့၊ သူ့အတွက်၊ ကိုထွေးအတွက် စေတနာ ထားနိုင်လေ
ငါ့ကိုယ် ငါ အနစ်နာခံရလေ ဖြစ်မှာပဲ၊ သူသာ ချမ်းသာပါစေ၊ကိုထွေ
သာစိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ အစစအရာရာမှာ ရင်မပန်းရပါစေ
နဲ့ကွယ်"

### အလိုရှိပါသည်

သင်္ချာဘာသာရပ်ကို ကောင်းမွန်စွာ ပြသ
နိုင်သော ဆရာ (သို့မဟုတ်) ဆရာမ တစ်ယောက်
အလိုရှိပါသည်။

အလယ်တန်းနှင့် ညီမျှသော လစာ ရရှိ မည့်အပြင်
စားသောက် နေထိုင်မှုပါ ပြေလည်အောင် စီစဉ်ပေး
ပါမည်။

အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပါ။

ဆရာဦးတောင်ဇာခမ်း
ဇကိုးလမ်းရပ်ကွက်၊
တီးတိန်မြို့၊
မြောက်ပိုင်းချင်းပြည်နယ်။





ေ၊ အမေနဲ့ ကြီးကြီးငြိမ်း...

ကျော်ဩလေးပါ ဖြတ်ထည့်ပေးလိုက်ပါတယ်။
အဲဒီ ကြော်ငြာရှင်ထံ သမီး ဆက်သွယ်ပြီးပါပြီ။ သမီးကို
အလုပ်ခန့်အပ်လွှာ တစ်ပါတည်း ပေးပို့ခေါ် ယူခဲ့ပါပြီ။

သမီးကို ခွင့်လွှတ်ကြပါ။

ကိုယ့် အကြောင်းနဲ့ကိုယ်ပဲဖြစ်ဖြစ်၊ ကိုယ့် တိုင်းရင်း
သားတွေကို ချစ်လွန်းလို့ပါလို့ ဟစ်အော် လို့ပဲဖြစ်ဖြစ်
သမီးတို့လို ပညာရှင်တွေဟာ မြေပြန့်မြို့ကြီးမှာပဲ စုစည်း
မနေသင့်ကြတာတော့ အမှန်ပါပဲ။ တောင်ပေါ်မြို့တွေဟာ
ဆက်သွယ်မှု ခက်ခဲလေတော့ တိုးတက်မှု သိပ်ပြီး
နှောင့်နှေးနေရှာ ပါတယ်။

ပြည့်ပြီးသား ရေအိုးထဲကိုရေတွေ လျှံကျအောင်
ထပ်ဖြည့်နေမယ့်အစား တကယ်လိုအပ်နေတဲ့၊ အမှန်
တကယ် ငတ်မွတ်စွာနဲ့ တောင့်တနေကြတဲ့ အိုးထဲကို
ရေထပ်ဖြည့်ပေးတာဟာ သိပ်ပြီး လျော်ကန် သင့်မြတ်တဲ့
အလုပ် တစ်ခုပါလို့ သမီးယူဆပါတယ်။

ဗုဒ္ဓဘာသာ တစ်ယောက်အနေနဲ့ ကြည့်ရင် လည်း
တကယ် လိုအပ်တဲ့နေရာမှာ ပညာ ပေးလှူခြင်းဟာ
အမြတ်ဆုံး ဒါနပါပဲလို့ ဆုံးဖြတ်ပေး ကြမှာပါ။

ဒါကြောင့် ကျေးဇူးရှင်များနဲ့ မိဘများရဲ့ ကျေးဇူး
တရားကို ဦးထိပ်မှာထားပြီး ကိုယ့်အမျိုးသား တိုင်းရင်း
သားများရဲ့ ရင်သွေးလေးတွေကို ပညာပေးဖို့ သမီး
ထွက်သွားပါပြီ။

"သွားခြင်းကောင်းသော သမီးအတွက် ခွင့်လွှတ်
နိုင်ကြပါစေ"

သမီး
ပြည့်ပြည့်ဖြိုး(မလေး)



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

စိမ်းစိုသော သစ်ပင်ငယ်များ၏အလယ်တွင် နီကျင်ညိုမော သော အုတ်ဟောင်းများဖြင့် တင့်တယ်စံပယ်နေဆဲ၊ စေတီပုထိုးအမျိုး လက်ညှိုးထိုးမလွဲ တွေ့မြင်နေရဆဲပင်။

အရိုပ်မဲ့သော စေတီးကြီး စေတီငယ်များ၊ သစ်ပင်ငယ်မျ ကပ်ပေါက်၍ အုတ်နှင့်အပင် ရောယှက်နေသော စေတီ အဆူဆူမျ ပြိုပျက်ခြင်းများသောစေတီနှင့် ပြိုပျက်ခြင်းနည်းသော စေတီ များ လည်း ရှိပါသည်။ ဝေးဝေးဆီ၌ ရောဝတီမြစ်သည် တွန့်ခေါက်ယိမ်းနွဲ့ စီးဆင်းသွားနေပေသည်။

ဘုရားပုထိုးပေါင်း များစွာ၏ အပေါ်စီးက ဖြစ်ပါ၍ မလေး လက်အုပ်ကလေး ချီထားမိသည်။

ပုဂံမြို့၏ မြင်ကွင်းများကို ဖြတ်သန်းပြီးသည်နှင့် မလေးစီးန လာသော လေယာဉ်မှာ ညောင်ဦးမြို့၏ လေဆိပ်တွင်းသို့ ညင်သာ သက်ဆင်းခဲ့လေပြီ။

ယင်းသို့ဖြင့် မလေးတွေးလာခဲ့သော နှမ်းအတိတ်ဆီမှ လွမ်း တွေ့သိဝေ့ဆဲ အပစ်ပယ်ခံမလေး မလေး၏ အကြောင်း စုံတို့သည်လည ဤ ဖော်တဲ့ လေယာဉ်နှင့်အတူ ရပ်နားသွားခဲ့ရလေပြီ။

ကလေးမြို့မှ လေယာဉ် စ,ထွက်ကတည်းက မလေး တွေးလ





ခြင်းဖြစ်သည်။ မန္တလေး၏ချမ်းမြသာစည် လေဆိပ်တွင် တစ်ထောက် းသည်။ ဆိဖြည့်သည်။ ခရီးသည် အဆင်းများပါ၏။ တက်သူ ည်းသည်။ ဤတွင် မလေး၏ အတွေးလည်း တစ်ထောက်နားခဲ့သည်။ ္တလေးမှထွက်ပြီး ယခုညောင်ဦးလေဆိပ် အရောက်တွင်မူ နှမ်း အတိတ်ပုံပြင် ပြီးဆုံးခဲ့ပါလေပြီ။

ပုဂံမြို့သို့ လေ့လာရေးလာသော ကမ္ဘာလှည့်ခရီးသည် (Tour- ) နှစ်ဆယ်ခန့်ကို တင်ဆောင်သည်။ ငါးမိနစ်မျှသာ ရပ်နားပြီးနောက် ညောင်ဦးလေဆိပ်မှ ပြန်လည် ထွက်ခွာခဲ့လေပြီ။ တိုက်ရိုက်ရန်ကုန် သို့...။

ဝေသီမြင့်ခေါင်သော ပေသောင်းလေးထောင်ကျော် တိမ်တိုက် များအပေါ်မှ ပျံသန်းလာခဲ့ရသော မလေး၏ စိတ်သည် ရန်ကုန်နီးလေ သာမငြိမ်လေပါပင်။

"အမေ့ကို အသက်ရှင်လျက်နှင့် တွေ့ချင်လျှင် မြန်မြန်လာပါ"

ဟူသော မလတ်၏စာကို မလေး သတိရမိသည်နှင့် ချောက်ချား သာမိသည်။

"အမေ...အမေ နေလို့မှ ကောင်းရဲ့လား"

"အို၊ အမေ့ကို အသက်ရှင်ရက်နဲ့မှ တွေ့ရပါဦးမလား"

ဟူသော ပူပန်သောကစိတ်များကြောင့် မလေး ရင်လှိုက်ခုန်ရ ပြီ။

လူးလွန့်သော လေလှိုင်းများ၏ ဒဏ်ကိုခံရသော လေယာဉ်စီး သည်တို့၏ ရင်လှပ်ဟာမှုထက်ပင် မလေးမှာ ပို၍ ခံစားနေမိရပါ၏။

"ငါ အိမ်နဲ့ ခွဲနေတာ တစ်နှစ်ကျော်သွားပြီ၊ အိမ်မှာ ဘာတွေများ ပြောင်းလဲကုန်ကြပြီလဲကွယ်၊ ကိုထွေးတို့လည်း ကြီးကြီးငြိမ်းရဲ့ အိမ်မှာပဲ နေကြမှာပါ၊ သူတို့ကို ငါ ဘယ်လို များ ရင်ဆိုင်ရပါ့မလဲကွယ်"

"အို ဘာပဲဖြစ်ဖြစ် အမေသာ ကျန်းမာပါစေ၊ နောက်ဆုံး ကျန်းမမာ ဖြစ်နေဦးတော့၊ အမေ့ကို အသက်ရှင်လျက် တွေ့ရပါစေ



www.burmeseclassic.com

www.burmeseclassic.com



ဘုရား၊ အမေ့ကို ပြုစုခွင့်လေးများ ရရှိနိုင်ပါစေသား"

မလေးမှာ လက်အုပ်ကလေးချီ၍ မျက်စိမှိတ်ပြီး ဆုတောင်းနေမိသည်။ အမေနှင့် နီးလေ၊ ပူပန်မှုကြီးလေပါပင်။

"ကျေးဇူးပြု၍ နားဆင်ကြပါရှင်"

ဟူသော ချိုလွင်သည့် လေယာဉ်မယ်၏အသံကို ကြားရသည်နှင့် ဪ-တစ်နှစ်ခွဲခန့်ကြာ ကွဲကွာနေသည့် ရန်ကုန်မြို့တော်ဆီသို့ ပြန်လည်၍ ရောက်ရပါချေပြီ ဟူသော အသိဖြင့် လေယာဉ်ပေါ်မှ ဆင်းသက်ရန် မလေးအသင့်ပြင်ရပါ၏။

ကလေးမြို့မှ ဆယ့်နှစ်နာရီတိတိ ထွက်၍ ရန်ကုန်သို့ သုံးနာရီတိတိတွင် ဆိုက်ရောက်ပေသည်။ လေယာဉ် တငြိမ့်ငြိမ့် ဆင်းခဲ့၍ ရင်လှပ်ဟာခဲ့ရသော မလေးမှာအဝတ်ထည့် သားရေအိတ်ကို လွယ်၍ နောက်ဆုံးမှ အေးအေး ဆင်းရန် ရပ်နေမိစဉ်...

"တွဲတေးကို တိုက်ရိုက်သွားမှာလား၊ ရန်ကုန်မှာ နားဦးမှာလား"

"ရှင်၊ တွဲတေးကို ခုပဲ သွားမှာပါ၊ အို..."

နှမ်းအတိတ်ဆီမှ အကြောင်းအရာများကို စေ့ငုံစွာ တွေးလာခဲ့မိသော မလေးမှာ မျက်မှောက် ရောက်ရှိနေသော လေယာဉ် အိမ်တွင်းမှ အကြောင်းအရာများကို မေ့လျော့သွားမိသည်။

အမှတ်မထင် ဖြစ်သွားမိသည်။

ယင်းအခိုက် နောက်ဖက်ဆီမှ မေးသံ ကြားလိုက်ရ၍ ရုတ်တရက် ဆင်ခြင်အောက်မေ့ချိန် မရလိုက်။ အမှတ်မထင်ပင် ဖြေကြားလိုက်မိသည်။ အလွယ်တကူပင် လွှတ်ခနဲ ပြောဆိုလိုက် မိသည်။

အမေးရှင်က မလေးကိုတစ်ချက် မျက်ဝန်းချင်းဆုံအောင် ကြည့်လိုက်သည်။ ခေါင်းတစ်ချက် ဆတ်ညိမ့်ပြီးမှ မလေးဘေးမှ ပွတ်ကပ်လျက် တိုးရစ်(စ်)များကို ထိုးဖောက် ဖြတ်ကျော်ကာ လေယာဉ်ပေါ်မှ သက်ဆင်းသွားခဲ့ချေပြီ။

"သူ ကလေးမြို့မှာတည်းက မလေးနောက်သို့ တကောက်





ကောက် လျှောက်လိုက်နေသည့် သူ"

"သူ...သူ ဘယ်သူပါလိမ့်"

"ဘာလို့ ငါ့နောက်က လိုက်လာသလဲ"

"ငါ့ ခရီးစဉ်ကို သူ ဘာလို့ ကြိုတင် သိနှင့်နေလဲ"

ဟူသော သိလိုဇောကြီးသည့် မေးခွန်းများစွာတို့သည် မလေး၏ ရင်၌ အလုအယက် တိုးဝှေ့နေကြသည်။

"ငါ သူ့ကို မသိပါဘဲနဲ့ သူက ငါ့ကို တွဲတေးသူ့ရယ်လို့ သိနေနှင့်ပါလား"

"ငါ တိုက်ရိုက် တွဲတေး ပြန်မယ်လို့ ပြောလိုက်မိပြီ"

"သူ ဘာလုပ်မလဲ၊ ငါ့ ခရီးစဉ်ကို သူသိသွားပြီ၊ ငါ ဘာလုပ်မလဲ"

ဟူသော ပူပန်တွေဝေစိတ်က စောစောဆီမှ အမေ့အတွက်၊ အိမ့်အတွက် ဆူဝေခဲ့သော သောကများပေါ်မှပင် လွှမ်းအုပ်သွားခဲ့ချေပါပြီ။

"အငှားကားနဲ့ ငါ တစ်ယောက်တည်း သွားရမှာ"

"ဖြစ်မှဖြစ်ပါ့မလား၊ ငါ ဘာလုပ်ရရင် ကောင်းမလဲ"

"ရဲကို တိုင်ရမလား"

"အို ရဲတိုင်ရအောင်လည်း သူက ဘာများ ခြိမ်းခြောက်စကား ပြောသွားလို့လဲ၊ သာမန် အမေးစကားတစ်ခုကို မေးသွားတာပဲ၊ပြီးတော့ လေယာဉ်ကွင်း အဆောက်အဦထဲမှာလည်း သူ့ကို ငါ မမြင်တော့ဘူး၊ တွေ့မိတော့ပါဘူး"

"ငါ့ ကြောက်ပြီးနေလို့လည်း ဘာ ထူးလာမှာလဲ၊ ခရီးသည်တွေအတွက် ခရီးသည်တွေဘာက်ကရှိနေတဲ့ ကုန်းလမ်း သယ်ယူ ပို့ဆောင်ရေးပိုင် အငှား ဖယ်မလီယာကားနဲ့ပဲ သွားတော့မယ်၊ ဒါဆို ပိုပြီး ... မှာပါ၊ လုံခြုံမှာပါ"

ယင်း အတွေးများဖြင့် လေယာဉ်ကွင်း အဆောက်အဦ



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပသို့ မလေးထွက်ခဲ့သည်။ အအေးခန်းမှ ထွက်လာသော မလေးကို ပြင်ပမှ အပူရှိန်က လှမ်း၍ လွှမ်းခြုံလိုက် သည်။ ရေခဲအမှတ် ရှိသော ချင်းတောင်မှာ တစ်နှစ်ကျော်ကြာခဲ့သောမလေး၊ အအေးခန်းမှ ထွက်လာခဲ့သောမလေးကို ရန်ကုန်၏ ရှိန်ရှိန်တောက်သော အပူဓာတ်က ဆီးကြို ဒဏ်ခတ်လိုက်သလို၊ မလေးမှာ ခြားနားသော ထိတွေ့မှုဒဏ်ကို ခံစား လိုက်ရပါ၏။

မလေး၏ ရင်တွင်း၌ သည်မျှမက ပူလောင်ခြင်းမျိုးကို ခံစားခဲ့ဖူးပြီမို့ ပြင်ပအပူဒဏ်ကို မလေး ခံနိုင်ရည် ရှိရပါပြီ။

"ပန်းဆိုးတန်းဆိပ်ကမ်းကို သွားမယ်၊ ကျသင့်သလောက်ယူပါ၊ နောက်ထပ် လူ မတင်ပါနဲ့နော်"

"စိတ်ချပါခင်ဗျာ"

ပြည်သူပိုင် အငှားယာဉ်၏ ရှေ့ခန်းတွင် မလေးဝင်ထိုင်သည်။ ယာဉ်မောင်းသူနှင့် ယှဉ်ထိုင်ရသည်ကို မလေးအားရှိ လာမိသည်။ ဖယ်မလီယာ၏ နောက်ခန်းမှာ မလေး တစ်ယောက်တည်း မထိုင်ရဲပါ။ စောစောက ရုတ်တရက် တက်လာလျှင် အခက်။

အမောင်း ကျွမ်းကျင်သူ၏ ပြေးနှုန်းမြန်သောကားသည် လေယာဉ်ကွင်းလမ်းဆီမှ ပြေးထွက်ပြီးသည်နှင့် ပြည်လမ်းပေါ်သို့ မြန်မြန်ကြီး ကွေ့ချိုးလိုက်သည်။

မရမ်းကုန်း၊ ခုနစ်မိုင်၊ လှိုင်နယ်မြေများကို ဖြတ်ကျော်ပြီးသည့် အခါ...

"ဩော်- တက္ကသိုလ် ပရိဝုဏ်ကိုတောင် ရောက်လာပါပေါ့လား၊ ဟော၊ အင်းယားလမ်းထဲ ချိုးချလိုက်ပြီ"

မလေး၏ စိတ်မှ လိုက်လံ မှတ်သားနေမိသည်။ တက္ကသိုလ်သို့ သွားသော အင်းယားလမ်းလေး ဆီမှ မျှော်ကြည့်လိုက်မိသည်နှင့် မလေး ပေါ်မှ လိုက်ခုန်တုန်ယင်လာရသည်။

"ကိုထွေးရယ်..."





ရင်မှ မြည်တမ်းမိသည်။ ရေကူးကန်ဆော နှင်းဆွယ် လေးထိပ်ရှိ ရှက်မဲ့ သစ်ပင်ကလည်း ယခင်အတိုင်းပါပင်။ အင်းယားနှင့် နာဆောင်တို့၏ မျက်နှာစာတွင် ခြေရာချင်း ထပ်ခဲ့ကြသော...

"ကိုထွေးနှင့် မလေး"

တို့ ယခုဖြင့် အဝေးကြီး ဝေးရပါပေါ့လား ဟူသော အသိဖြင့် ကိုထွေးနှင့် နောက်ဆုံးအကြိမ် ခွဲခွာခဲ့ရာ လှေလှော်အသင်း အတွင်းဘက်သို့ ငေးမျှော်ရင်း မလေး၏ မျက်ဝန်းမှာ မျက်ရည်များ သီဝေ့လာတော့သည်။

"ဩော်၊ ဟောဒီ အင်းယားကန်စပ်မှာ အသည်းလေး တွေတစ်စစီ ကြွေကျရစ်ခဲ့တဲ့ အသည်းမဲ့ မလေးတစ်ယောက် တက္ကသိုလ် နယ်မြေက ထွက်ပြေးသွားခဲ့ရတဲ့ အဖြစ်ကို အင်းယားရယ်၊ မှတ်တမ်းလေးများ တင်ထားရဲ့လားကွယ်"

ချစ်မေတ္တာ၏ ဂယက်ကြောင့် နုညက်သော အတွေးလေးများနှင့် မလေးမှာ ခဏအကြာ၌ပင် တက္ကသိုလ်ရိပ်သာလမ်းမပေါ်သို့ ရောက်ခဲ့ရသည်။ ခဏချင်းမှာပင် တက္ကသိုလ်နယ်မြေသည် မလေး၏ နောက်တွင် ကျန်ရစ်ခဲ့လေပြီ။

"အမေ့ကို ကျန်းကျန်းမာမာနဲ့ တွေ့ပါရစေ"

ဟူသော ဆုတောင်းလေးများနှင့် အတူ...

"ကိုထွေးနဲ့ ဖွန့်ကို ငါ ဘယ်လို ရင်ဆိုင်ရပါ့မလဲ"

ဟူသော မလုံမလဲ စိတ်ကလည်း လျှံကဲနေမိခြင်းဖြင့် မလေးမှာ ဟိုဘက်ကမ်းသို့ ကူးရမည့် ပန်းဆိုးတန်းဆိပ်ကမ်း သို့ ရောက်ခဲ့ရလေပြီ။

ကံကောင်းထောက်မ,ပါ၏။ သင်္ဘောချိန်နှင့် ကိုက်ညီ လုနီးနီး ဖြစ်၍ မလေး ကြာရှည်စွာ မစောင့်ရပါ။ တစ်ဖက်ကမ်းမှ သင်္ဘော ဆိုက်နေပြီဖြစ်၍ ဆိပ်ခံသောပေါ်သို့ တစ်ဆက်တည်း၊ လျှောက်ဆင်း ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မလေးမှာ လေယာဉ်ပေါ်မှ သက်ဆင်းကာနီး အဖြစ် ကိုလည်
သတိမမူပါ၍ ဘေးပတ်ဝန်းကျင်ဆီသို့ ရိုင်းစိုင်းသော မျက်ဝန်းများဖြ
လှည့်ပတ်ကာ ရှာမိသည်။

လှလွန်းသော မလေးကို ငေးငေးမောမော ကြည့်ရှုနေကြသည
လူငယ်များ၊ ကိုယ့်အုပ်စု ကိုယ့်အလုပ် ကိုယ့်အတွေးများဖြင့် မလေး
သတိပင် ထားမိဟန်မတူသော လူကြီးများကိုသာ မလေး မြင်
တွေ့ရသည်။

သံသယ မျက်လုံးများဖြင့် မလေးကို တစေ့တစောင်း ကြည့်
သည့် သူ၊ ချောင်းမြောင်းကြည့်ရှုကာ ခြေရာခံ၍ လိုက်လာမည့်သူဟူ
မသင်္ကာဖွယ် မတွေ့ရှိရပါပေ။

သဘော်ာ ဆိုက်ကပ်ပါလေပြီ။

မလေးတို့ တက်ကြသည်။ ရုံးဆင်းချိန်နှင့် ကြုံ၍ လူစုံသည
သို့သော် မတိုးဝေ့ရပါ၊ သဘော်ာက ကျယ်ပြန့်ပါ၏။

ရန်ကုန်နှင့် ဒလဘက်ကမ်းမှ ကူးရသည့် အချိန်သည် ငါးမိနစ်
သာ ကြာသည်။

ယင်းသို့ မကျယ်ဝန်းလှသောမြစ်အတွင်း၌ တစ်ချိန်က တိုးအေ
သဘော်ာမှာဂျပန်သဘော်ာနှင့် တိုက်မိနစ်မြုပ်၍ အသက်များစွာ ဆုံး
ခဲ့ရသည့် အဖြစ်မှာ ရင်နာ ကြေကွဲစရာ ကောင်း လွန်းလှပါချေသည
မိမိတစ်ဦး၏ ပေါ့ဆမှုကြောင့် အပြစ်မဲ့ ခရီးသည်များ၏ အသ
ဆုံးရှုံးရသည်။ သေဆုံးသူများ၏ နောက်ဘက်ပိုင်းတွင် အတိဒုက္ခ
ကြုံကြရသော၊ အားကိုးရာမဲ့ခဲ့သော အိမ်ထောင်စု မိသားစု များစွာလည
ရှိပေဦးမည်။ ရေပြင်ယာဉ်၊ မြေပြင်ယာဉ် မောင်းနှင်သူများ အား
ဤအဖြစ်ကို သံဝေဂယူ၍ စာနာစိတ်ဖြင့် မောင်းနှင်ကြစေချင်
သည်ဟူ၍ ဘယ်သူ့မှ မပြောဖြစ်သော်လည်း မလေး၏စိတ်မှာ မြ
တမ်းနေမိသည်။

ကော့မှူး၊ ကွမ်းခြံကုန်းနှင့်တွံတေးမြို့များသို့ သွားမည့် အ





ဗ္ဗစ်ကားများက အရုံသင့်ပါပင်။ လူစည်ချိန်မို့ လူပြည့်အောင်မစောင့်
ပါ။ မလေးတက်ပြီးသည်နှင့် ကားကစ၍ ထွက်ပါလေပြီ။ တွံတေး
မြောင်းနှင့် မျဉ်းပြိုင်လမ်းမှ မောင်းနှင်လျက် တွံတေးမြို့ဆီသို့ ...။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၉)

"သမီး...သမီးလေးရယ်"

အမေက မလေးကို ဖက်၍ လှိုက်လှဲစွာ ငိုရှိုက်ရှာတော့သည်။

"မငိုပါနဲ့ အမေရယ်၊ သမီး စိတ်ပူလိုက်ရတာ၊ အမေ ဘာ မဖြစ်ဘူးနော်၊ အမေ အရင်အတိုင်းပဲ၊ သမီး စိတ်ပူလိုက်ရတာ အမေရယ်၊ ခုလိုပဲ တွေ့ရပါစေလို့ သမီး ဆုတောင်းလိုက်ရတာ"

"ဒီလောက်အကြာကြီး အမေတို့ကို ခွဲသွားရက်တဲ့သမီး၊ အမေ လွမ်းလွန်းလို့ မှာတာ"

အမေ၏ ကြီးမားနိုင်မာသောမေတ္တာကို မလေးမှာ ပြည့်ဝစွာ ခံယူရပါပြီ။

"ငါသေလို့တောင် သင်္ဂြိုလ်မီအောင် ရောက်နိုင်မှာ မဟုတ်တဲ့ နေရာထိအောင်များ သွား နေရသတဲ့ကွာ၊ မိဘကတော့ တွေးလိုက်ရင် အိပ်မပျော်ဘူး၊ စိတ်ပင်ပန်းလိုက်ရတာ၊ မေတ္တာ ပို့ပြီး ဆုတောင်းနေရတာ အခု သမီးပြန်လာလို့သာ တွေ့ရတာ"

အဖေက ကရုဏာများစွာ မေတ္တာများစွာဖြင့် မကျေမနပ် အပြစ်တင်လိုဟန်လေးများဖြင့် ရောစွက်၍ ပြောကြားသည်။

"အပြစ်ရှိသူ သမီး နေရဲအောင် ခွင့်လွှတ်ကြပါနော်၊ အဖေ အမေ့ကို သမီး တောင်းပန်ပါတယ်"





ချစ်သမီး၏ တောင်းပန်စကားက မိဘနှစ်ပါး၏ နှလုံးသားကို ကိုင်ငြိသွားလေပြီ။ ဝေးလံသော အရပ်ဆီမှ ပြန်လည်၍ ရောက်ရှိလာသည့် [redacted] သမီးလေးကို ယုယ ဖေးမစွာ ဆက်ဆံပါတော့မည်။ အပြစ်တင်သည့် စကားများဖြင့် မဆီးကြိုတော့ပါ ဟူသော သဘောဆောင်သည့် အကြည့်များဖြင့် အဖေ နှင့်အမေမှာ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြသည်။ သမီးနားမှ မခွာကြ။

"သြော်-အမေနဲ့ အဖေဟာ ငါ့အပေါ်မှာ တကယ့်ကို လှိုက်လှိုက်လှဲလှဲ ချစ်မြတ်နိုးကြရှာတာပါလား"

မိဘ ဆိုတာ ဒီ သားသမီး အနားမှာ ရှိလို့ ဖူလုံပြီ။ ဟိုသားသမီးအဝေးမှာ နေချင်နေပါစေဟူသော သဘောမျိုး အလျဉ်းမရှိပါကြောင်း မလေး နားလည်လာရသည်။

ကိုယ်သာ စိတ်ပင်ပန်းရပါစေ၊ မိဘများ ရင်မငြိမ်းစေသည့် အပြုအမူမျိုးကို နောင်အခါတွင် အတတ်နိုင်ဆုံး ရှောင် ကြဉ်ပါတော့မည်ဟု၍လည်း မလေးတွေးမိလာသည်။

"ကိုထွေးတို့ ကြီးကြီးငြိမ်း အိမ်မှာပဲလား"

ဟူသော မေးခွန်းကို မလေးနှုတ်က မေးချင်လှပါသော်လည်း ရလာမည့် အဖြေကိုလည်း မကြားရဲ။ သူတို့နှင့်လည်း မဆုံချင်ပါ။ အချိန်များစွာ ကြာမြင့်သွားသည့်တိုင် ဖွန့်ကိုလည်း မျက်နှာချင်းမဆိုင်လိုပါပေ။ ကိုထွေးတို့၏ သားလေးပင် ကြီးလှရော့မည်။ ဟိုဘက်အိမ်က အကြောင်းအရာများကို ဘာ တစ်ခုမှ မလေး မမေးဖြစ်အောင် ထိန်းချုပ်၍ နေ,နေရပေသည်။

အိမ်တွင် မခင်မိုး မရှိတော့။ သူ့ ခင်ပွန်းက သူ့ နောက်ဇနီးနှင့် ပြတ်ပါပြီ ဆိုပြီး တောင်းပန်၍ လာခေါ်သွားသည်ဟုအမေကပြောသည်။ တကယ် ပြတ်သည် မပြတ်သည်ဖြင့် မသိ။

လက်ရှိ နေကြသည်က မလတ်တို့ ဇနီးမောင်နှံ။ မလတ် ၏ ခင်ပွန်းက ရိုးသားအေးငြိမ်းသူ ဖြစ်၍ အမေတို့နှင့် သင့်တင့်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မလေး တွေ့ရသည်။ မလတ်တွင် ကိုယ်ဝန်နှင့်။ ကြီးကြီးငြိမ်း
အမေတို့ မြေးထိန်းရပေဦးမည်။

ကိုအောင်ခင် တစ်ယောက် ရှမ်းပြည်နယ်တော[redacted]တို့
တွင် တာဝန် ထမ်းဆောင်နေကြောင်း မလေး ကြားသိရပါ၏။ သူ
ကျိုင်းတုံမှာ ရှိနေစဉ်က မလတ်ထံမှ လိပ်စာရ၍ မလေး စာတစ်စောင်
ရေးလိုက်သေးသည်။ ပြန်စာ မရ။

"သြော်-သားလေးက ရှမ်းပြည်နယ်မှာ၊ သမီးလေးက ချင်းပြည်
နယ်မှာ ရောက်နေကြတာ၊ သားလေးက လက်နက်ကိုင်ဆိုတော့
ဘာမှများကြားရမလဲနဲ့ ပူပန်လိုက်ရတာ မပြောပါနဲ့တော့"

ဟုတ်ပေမည်။ အမေသည် တစ်ဦးတည်းသောသား အစ်ကို့
အလွန်အမင်း ချစ်မြတ်နိုးရှာသည်။ ရန်သူနှင့် ယှဉ်ပြိုင် တိုက်နေရသော
ချစ်သားအတွက် သောကကြီးစွာ ပူပန်ရှာပေမည်။

ညနေစာကို မိသားစုများအားလုံး စုစည်း၍ တစ်ဝိုင်းတည်း
ထိုင်၍ စားကြသည်။ ထိုနေ့ညနေတွင်ပင် အမေက မလေးဘဝအတွက်
အရေးကြီးလွန်းသော စကားတစ်ရပ်ကို ဆိုလာသည်။

ယင်းကိစ္စမျိုးဆိုသည်က အေးဆေး ငြင်သာ၍ အခွင့်အခါသ
သည့် အချိန်မျိုးတွင်မှ ပြောကြားထိုက်သော်လည်း ခရီးရောက်မဆိုက်
ချက်ချင်းကြီး အမေ ဘာကြောင့် ပြောကြားလာသည် ဆိုသည်ကို
နောက်ပိုင်းမှသာ မလေးသိခွင့် ရလာသည်။

ယခု လောလောဆယ်မှု မလေးမှာ အံ့ဩ၍ပင် မဆုံးနိုင်အောင်
ပါ။

"သမီးကို အဲဒီကိစ္စ အရေးတကြီး ပြောချင်လို့ တမင်မှာယူ
တာပဲ"

အမေက နိဒါန်းချီပြီးနောက် အကြောင်းအရာ၏အစကို ထု
ဖော်သည်။ မလတ်ကပါ အမေနှင့် မလေး အနားတွင် ရှိနေသည်

"အမေတို့ကတော့ ခေတ်နောက်ကျတယ်ပဲ ပြောပြော၊ မ





လေးတစ်ယောက်တည်း တသီးတခြားကြီး နေတာကို မကြိုက်ဘူး၊
န်းမဆိုတာ မိဘဖြစ်ဖြစ်၊ အုပ်ထိန်းသူနဲ့ဖြစ်ဖြစ် နေရမယ်၊ ဒါမှမဟုတ်
အိမ်ထောင်ပြုသင့်တယ်"

"သြော် အမေတို့က သမီးကို ယောက်ျား ပေးစားကြမလို့လား"

"ဟုတ်တယ် မလေး"

မလေးက အလေးအနက်မထားဘဲ တုန့်ပြန်လိုက်မိသော်လည်း
အမေက လေးလေးနက်နက် ပြောကြားသည်။

"ဟုတ်တယ်၊ သမီးမှာ ပညာနဲ့ အလုပ်နဲ့၊ အချိန်ရွယ်လည်း
က်နေပါပြီ၊ ပြီးတော့ အမေတို့နဲ့လည်း သမီးက အတူမနေချင်ဘူး
တ်လား၊ ဒီတွဲတေးမှာ သမီး မနေချင်တာလည်း အမေသိပါ
ယ်လေ၊ ဒီတော့ အမေတို့လည်း စိတ်အေးသွားရအောင် သမီးဘဝ
ည်း အတည်တကျ ဖြစ် သွားရအောင် အမေ့စကားကို နားထောင်ပါ
မီး၊ အိမ်ထောင်ပြုပါလို့ အမေ တိုက်တွန်းပါရစေ"

"ဒီတစ်သက်မှာ သမီး အိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်ပြီး
ပြီ အမေ၊ ဒီအတိုင်းပဲ နေသွားပါရစေတော့၊ သမီးအတွက် အားလုံး
တ်ချစမ်းပါ၊ သမီး ဘာမှ မဖြစ်စေရဘူး"

"အေးလေ၊ ဒါတော့ သမီး သိပ်ငြင်းရင်လည်း အမေ တို့က
တတ်နိုင်မှာလဲ၊ အမေတို့ကိုတောင် ဥပေက္ခာပြုပြီး တမင်တောင်
က်သွားခဲ့ပြီပဲ"

"ဒီလိုလည်း မဟုတ်ပါဘူး အမေရာ၊ အမေကလည်း"

"ခုကိစ္စမှာ သမီး အဖေကပါ သဘောကျတာ၊ ဒီလို ရှိတယ်
မီး၊ မိဘတို့ ဝတ္တရား ငါးပါးရဲ့ နောက်ဆုံးတစ်ပါး ကို အမေတို့
သောခင်မှာ ထိုက်ထိုက်တန်တန် ဆောက်ရွက် သွားချင်တယ်၊ သမီး
က် စိတ်ချလက်ချထားခဲ့ပြီး သေသွားချင်တယ်၊ ခုလို တကွဲတပြားနဲ့
ထားခဲ့ရရင် အသေတောင်ဖြောင့်မှာ မဟုတ်ဘူး၊ အမေ့စေတနာ
သမီး နားလည်စေချင်တယ်၊ မိဘတို့ရဲ့ မေတ္တာကို ခံယူတတ်စေချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သမီး စဉ်းစားပါ"

အမေ့စကားကို မလိုက်နာနိုင်သော်လည်း အမေနှင့် အဖေ ကိုမူ စိတ်ချမ်းသာစေချင်ပါသည်။ မလေး ထွက်သွားခြင်းအတွက် အမေနှင့် အဖေတို့ ကြီးစွာသော ပူပန်ခြင်း၊ မြင့်မားသော ချစ်ခြင်းတို့ ရှိနေကြောင်းကို ယခု မလေး ပြန်လာမှပင် အသေအချာ သိခဲ့ရပြီ လေပြီ။ အမေတို့ မလေးအတွက် ရင်ငြိမ်းစေလိုသော ဆန္ဒ မလေးတွင် ရှိပါသည်။

သို့ပါသော်လည်း...

မလေး၏ ရင်ထဲ၌ ရှိခဲ့ဖူးသော ကိုထွေးသည် ယခုတိုင်ပင် မလေး၏ ရင်၌ ရှိနေဆဲပါ။ အသည်းနှလုံးတွင် နောက်ထပ် နေရာ မရှိပါဘဲနှင့် ပြင်ပအရပ်မှ သူတစ်ယောက်ကို မလေး လက်ထပ် မယူလိုပါ။

"နင် ချင်းပြည်နယ်မှာ ရည်းစား ရှိခဲ့သလား မလေး"

"ကြဲကြဲဖန်ဖန် မလတ်ရယ်"

"ဒါဖြင့်လည်း အမေတို့ စီမံရာကို နာခံလိုက်ပါတော့ မလေးရယ် နင့်အတွက် ဇော်တို့အားလုံး စိတ်ချမ်းသာသွားရအောင် ပါလေ"

မလတ်ကပါ ဆွယ်ယူနေပါ၍...

"နေပါဦး၊ ငါက ဘယ်သူ့ကို ယူရမှာလဲ၊ နင် မြင် ဖူးလား"

"အေး သူကိုယ်တိုင်လည်း ဒီအိမ်ကို နှစ်ခေါက် ရောက် လာတယ်"

"ဘယ်သူလဲ"

"ရဲဏီလင်းတဲ့၊ သိပ်ထွန်းတောက်ဦးမယ့် နာမည်ပဲနော်"

"ရဲဏီလင်း...ရဲဏီလင်း၊ ဒီနာမည် ငါ ကြားဖူးသလိုပါပဲ"

"ဟဲ့ မလေးရဲ့၊ နင်နဲ့ သိတယ်ဆို၊ တီးတိန်မှာ နင့်ကို တွေ့ ပြီးပါပြီ၊ မိတ်ဆွေ ဖြစ်ခဲ့ပြီးပါပြီဆို"

သည်တော့မှ မလေး စိတ်မှာ ပြန်ပေါ်လာသည်။





တီးတိန်မြို့ တင်းနစ်(စ်)ကွင်းတွင် တွေ့ခဲ့ရသော သူ၊ မလေးနှင့် အတူ လိုက်လာ၍ စကားပြောဖူးသောသူ၊ နောက်ပိုင်းတွင် သူ့ကို ထပ်မံ မမြင့်ရတော့၍ မလေးလည်း တစ်ကြိမ်တစ်ခါမှ ပြန်လည်သတိ မရှိမိတော့။

"ဟယ်၊ သူက ငါ တွဲတေးကလို့ သိတယ်လား၊ ငါလည်းသူ့ကို အမှ မပြောလိုက်မိပါလား၊ ဘယ်လိုက ဘယ်လိုများ ဆက်စပ်မိသွား ပါလိမ့်"

"ဒီလိုလေဟယ်၊ နင့်ကို တီးတိန်မှာ တွေ့ရတော့ တအံ့တသြနဲ့ တစ်ယောက်ယောက်ကို မေးမှာပေါ့၊ တွဲတေးမြို့က ရောက်လာတဲ့ ဆရာမလေး ပြည့်ပြည့်ဖြိုး ဆိုတာ သူ သိခဲ့ မှာပေါ့"

"အင်း ဟုတ်မယ်၊ သူက ငါ့မိတ်ဆွေ ဆရာဦးတောင်ဇာ ခမ်းနဲ့ သိတယ်"

"အေး အဲဒီတော့ ဒီတွဲတေးမြို့မှာ လာရှာရင် အလွယ်လေး၊ ငါတို့တွေကိုလည်း မသိသူက ချယ်ရှားရှား၊ ပြီးတော့ နင် ကလည်း တီးမိုးပေါ်တက်သွားသလို တို့မြို့မှာ ပေါ်ထင်နေ တဲ့သူ မဟုတ်လား၊ ပြည့်ပြည့်ဖြိုး တစ်ယောက် တွဲတေးကနေ တီးတိန် ရောက်သွားသတဲ့ ဆိုတာ အားလုံးက သိနေ အံ့သြနေ ကြရတာ"

"ချင်းတောင် သွားတာများ ဒီလောက်တောင် ထူးခြားနေရ သလား၊ ကိုယ့် မြန်မာပြည်ထဲပဲဟာ"

"နင် ထွက်သွားရပုံက ထူးတယ်မဟုတ်လား မလေး၊ ကဲလေ၊ ထားပါတော့၊ ဒီမှာ ရဲဏီလင်းရဲ့ အမေ့ဘက်က တွဲတေး ဆက်ပဲ၊ စက်ပိုင်လယ်ပိုင်တွေနဲ့ ချမ်းသာတဲ့ မျိုးရိုးပဲ၊ အမေတို့က ရဲဏီလင်းရဲ့ မိဘဘိုးဘွားတွေကို အကုန်သိတယ်၊ ဒါကြောင့် သိပ်ဝမ်း သာနေကြတယ်၊ ရဲဏီလင်းက အင်ဂျင်နီယာ ဘွဲ့ ရပြီးသား၊ အရာရှိ ဖြစ်ပြီးသား၊ အမွေ ရစရာလည်း အများကြီး၊ ဒါကြောင့် အမေတို့က သိပ်သဘောကျနေကြတာ၊ ဒီမှာ မလေး"



www.burmeseclassic.com

www.burmeseclassic.com



"အေး၊ ပြောပါ မလတ်ရယ်၊ ငါ နားထောင်နေပါတယ်"

"ဒီတစ်ခါတော့ အမေတို့ စကားကို နားထောင်လိုက်ပါလို့ ငါ တိုက်တွန်းချင်တယ်၊ နင့်အတွက် သူတို့ သောက ရောက်လှပါပြီ မိဘ စိတ်ချမ်းသာအောင် နင် ပြန်ပြီး ဖန်တီး ပေးပါဦး၊ ပြီးတော့ ရဲဏီလင်းကိုလက်ထပ်ပြီးရင် နင် နောင်တရစရာအကြောင်း မရှိနိုင်ပါဘူး၊ ဘက်စုံ ပြည့်စုံပြီးသားမို့ နင် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိမှာပါ၊ နင့်ကိုယ်တိုင်အတွက် ဒါတွေ မမက်ပါဘူးလို့ ဆင်ခြေပေးချင် ပေးပါ၊ ဒါပေမယ့် အမေတို့အတွက် နင် ငဲ့ညှာပါ"

မလတ် ထွက်သွားပြီးသည့် နောက်တွင်မလေး၏ အပါး၌ မလတ်၏ စကားများက ဝဲပျံ ကျန်ရစ်နေခဲ့သည်။

* * *





## အခန်း(၂၀)

"သမီး မလေး၊ နေကောင်းတယ်နော်"

"ဟင်၊ ကြီးကြီးငြိမ်း"

"မနေ့တည်းက လာချင်နေတာပါ၊ သမီးတို့ မိသားစုတွေ ...ကြပါစေဦး ဆိုပြီး ဒီမနက်မှ ကူးလာခဲ့တာ"

"ကြီးကြီးငြိမ်းရယ် ပိန်သွားလိုက်တာ၊ ရုပ်ကျသွားလိုက်တာ၊ ...မှကောင်းရဲ့လားဟင်"

မလေးမှာ ချစ်လှစွာသော ဒေါ်ငြိမ်းစိုး၏ ပခုံးကိုကိုင်၍ အနီး ...ပ်ကြည့်ရင်းက ပြောကြားလိုက်မိသည်။ အသက်ချင်း မတိမ်းမယိမ်း ...သော အမေနှင့် ကြီးကြီးငြိမ်းမှာ ကွာချင်တိုင်း ကွာနေလေပြီ။ ...ပင်များက တစ်ခေါင်းလုံးအနှံ့ ကျိုးကျဲစွာ ဖြူဆွတ်နေသည်။ သုံးပုံ ...စ်ပုံမျှ ယခင်ထက် ပိန်ကျသွားခဲ့ပြီး အသားအရေ ညှိ၍ ခြောက်ကပ်ပြီး ...ရေးအကြောင်းများက ထင်းရှင်းစွာ ယှက် နေပေသည်။ ကြီးကြီးငြိမ်းကို ...လးမှာ ကရုဏာသက်ခြင်း များစွာဖြင့် ဖက်တွယ်ထားလိုက်မိသည်။

"ကြီးကြီးငြိမ်း ပင်ပန်းလွန်းလို့ပါ၊ ကိုယ့် အင်အားနဲ့ အလုပ်က ...ဘူးလေ၊ အသက်ကလည်း ကြီးလာတော့ အင်အားကလည်း ...ည်းလာပြီ သမီးရယ်၊ စိတ်ပင်ပန်းလူပင်ပန်းပေါ့လေ၊ သမီးရဲ့ အဘ ...ကဖူး တာဝန်တွေပါ အမေ တစ်ယောက်တည်း ထမ်းနေတာကို"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငြိမ်းစိုးက မလေးကို အသေအချာ ကြည့်၍ ပြောရာက မျက်ရည်များ ကျလာသည်။

အမေနှင့် တွေ့စက ခံစားမှုထက် မလျော့နည်းသော ဝမ်းနည်းခြင်းမျိုး၊ မလေး ခံစားရပါ၏။ ကြီးကြီးငြိမ်းကို မလေး ဒုတိယအမေ အဖြစ်နှင့် ချစ်ခင်၊ သံယောဇဉ် ရှိလှပါသည်။ အခုလို စိတ်ဆင်းရဲခြင်း၊ လူ၏ ပင်ပန်းခြင်းများနှင့် ရုပ် သွင်ပါ ကျဆင်းသွားသော ကြီးကြီးငြိမ်းအတွက် မလေး စိတ် မကောင်းကြီးစွာ ဖြစ်ရပါသည်။

ဒေါ်ငြိမ်းစိုးက သူ့ စိတ်ညှိုးနွမ်းမှုများ မလေးထံသို့ပါ ကူးစက်သွားမှန်း သိသည်နှင့် ဘယ်လက်မှ အင်္ကျီလက်ဖျားကို ညာလက်ဖြင့် သယ်ယူ၍ သူ့မျက်ဝန်းမှ မျက်ရည်များကိုတို့သုတ်ရှာပါ၏။

"ကြီးကြီးငြိမ်း"

"ဟင်၊ ကြီးကြီးအတွက် စိတ်မကောင်း မဖြစ်ပါနဲ့နော်"

"ကြီးကြီးငြိမ်း"

မလေးက သက်ပြင်းရှိုက်ရင်း ထပ်၍ ခေါ်လိုက်ပြီးမှ...

"သူတို့ရော ကြီးကြီးငြိမ်းဆီမှာပဲလား"

ဒေါ်ငြိမ်းစိုးက မလေးကို ဆွေးဆွေးမြေ့မြေ့ ဟန်ဖြင့် ကြည့်လိုက်သည်။ ချက်ချင်း သူ အဖြေ မပေးနိုင်။ ခဏ ကြာလေမှ...

"အင်း ရှိ...ရှိပါတယ်ကွယ်"

"ခု ကိုထွေး ဘာလုပ်နေလဲ"

"အလုပ် မရသေးပါဘူး"

"ဒါဖြင့် ကြီးကြီးငြိမ်းက သူတို့ အတွက်ပါ တာဝန်ယူ နေရတယ်ပေါ့နော်"

"ဒါပေါ့ကွယ်"

"အင်း"

ကိုထွေး၏ ဘဝ သိမ်ငယ်နေမှုကို ကြားလာရသဖြင့် မလေး ရင်နှင့်ရပြန်သည်။





သြော်- ကိုထွေးအတွက် မလေး ဘာများတတ်နိုင်တော့မှာလဲကွယ်၊ ဖြူစင်တဲ့စေတနာတွေ အနန္တ ရှိပေမယ့် မလေးနဲ့ ကိုထွေးက ဆုံးလိုက်တာမှ ကမ္ဘာတစ်ရာ ခြားနေ သလိုပဲလေ။

"ဘွား"

"ဟယ်၊ ကလေးတစ်ယောက်တည်း လိုက်လာပါလား"

ဝကာစ် ဖြူစင်၍ ချစ်စရာကောင်းလှသော နှစ်နှစ်နီးပါးအရွယ် ကလေးငယ်လေး တစ်ယောက်ကို ဒေါ်ငြိမ်းစိုးက ပြေးချီရင်း ပြောလိုက်သည်။

"ကလေးက လှလိုက်တာ၊ ချစ်စရာကြီးနော်၊ ဖြူလည်း ဖြူသည်း၀၊ ဒါ ကိုကိုကြီး ကလေး အငယ်လားဟင် ကြီး ကြီးငြိမ်း"

ဒေါ်ငြိမ်းစိုးက ကလေးကို မလေး ရှေ့ ဖျာပေါ်တွင် ချလိုက်ပြီးမှ မူက နေးကွေးစွာ ထိုင်သည်။ ပြီးမှ မလေးကို လက်ညှိုးညွှန်၍...

"သား၊ ဒီ ဒေါ်ဒေါ်ကို သိလား"

"သိဘူး"

"ဒါ မင်းအဖေရဲ့ အချစ်မြတ်နိုးဆုံး သူငယ်ချင်းပေါ့ ကွယ်"

"ဟင်၊ ဒါ ကိုထွေးသား"

သံယောဇဉ် ဆိုသည်များ အခက်သားပါလား။

အချစ်မြတ်နိုးဆုံးသော သူ၏ရင်သွေး ဆိုသည်နှင့်ပင် မေတ္တာစိတ် ဝင်သွားမိသည်။ ချစ်စရာကောင်းလွန်းသော ကလေးငယ်၏ ရုပ်သွင်ကြောင့်လည်း ကလေးချစ်တတ်သော မလေးမှာ မြင်မြင်ချင်းပင် ချစ်ခင်စိတ်၊ ကရုဏာစိတ်များ ယို ဖိတ်သွားမိသည်။

"သြော်- ဒီအရွယ်တောင် ရှိပြီလား၊ လာပါဦး သားလေးရယ်၊ ဒေါ်ဒေါ်တီလေး ချီချင်လို့ပါ"

ကလေးက မဆိုင်းမတွပင် ထ၍ မလေး ကမ်းထားသည့် လက်ကြားသို့ တိုးဝင်လာသည်။ မလေးမှာ ထွေးထွေးအိအိ ရှိလှသော ကလေးငယ်လေးအား ပွေ့ပိုက်ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား ဘယ်နှနှစ် ရှိပြီလဲ"

"နှစ်"

"အို၊ ပြောတတ်လိုက်တာ၊ ကြည့်ပါဦး၊ လက်ကလေး နှစ်ချောင်းထောင်လို့၊ သားလေး နာမည်ကရော ဘယ်သူလဲကွယ်"

"တေးရောင်ပြေ့"

"ဘာ...ဘယ်သူ"

"တေးရောင်ပြေ့"

"ဟင်–အန်တီလေး နားမလည်ဘူး၊ သားက စကားမှ မပီသေးဘဲ၊ ကြီးကြီးငြိမ်း သူ ဘာပြောတာလဲဟင်"

"ထွေးအောင်ပြည့်တဲ့"

"ဟင်..."

မလေး ငိုင်သွားမိသည်။ မိခင်ရင်း ဖွန့်အမည် မပါဘဲ 'ပြည့်'ဟူသော မိမိ၏အမည် ပါဝင်မှည့်ခေါ်ထားခြင်းအတွက် အနှောင့်အယှက် ဖြစ်မိသလိုလို၊ ဖွန့်ကိုအားနာမိ သလိုလို၊ ရှက် သလိုလိုဖြင့် မလေးမှာ ဘာစကားမှ မဆက်ရဲလောက်အောင် ရှိနေမိ တော့သည်။

"မလေးက ကလေး သိပ်ချစ်တတ်တာ၊ ကျွန်တော့် သားလေး ကိုသာ သူမြင်ရင် ချစ်မှာပဲနော် အမေလို့ သူ့အဖေ ကတော့ အမြဲ ပြောလျက်ပါပဲ"

မလေးမှာ ကလေး၏ ခေါင်းပေါ်သို့ ပါးအပ်ချလိုက်ရာ သက်ပြင်းလေးများ ရှိုက်မိသည်။

"သမီး မလေး"

"သမီး ဘာကိုမှ မသိရခင် သမီးကို ကြီးကြီးငြိမ်း ပြောချင် တိုက်တွန်းချင်စရာတွေ ရှိလို့ ဒီနေ့မနက်အစော ကြီး သမီး ကူးလာခဲ့တာပါ"

"ဟုတ်ကဲ့၊ ပြောပါ ကြီးကြီးငြိမ်း"





"သမီးနဲ့ မောင်ရဲဏီလင်းတို့ရဲ့ ကိစ္စကိုပါ"

"ရှင်၊ ကြီးကြီးငြိမ်းလည်း သိနေတယ်"

"ဒီနှစ်အိမ်မှာ ထိန်ဝှက်ထားတဲ့ အကြောင်းအရာများ ရှိ ခဲ့ဖူးလား သမီးရယ်"

နှစ်အိမ်တစ်အိမ် အဖြစ်နှင့် စည်းလုံးခဲ့ကြသည့် အဖြစ်များကို လေး သိရှိပါသည်။ ကြီးကြီးငြိမ်း ဆက်လက်ပြော ကြားလာမည့် အားများကိုသာ စောင့်မျှော်နေတော့သည်။

"မအေးသွယ်တို့၊ ကိုကြီးမောင်တို့ကတော့ သိပ် သဘောကျနေပြီ၊ သမီးသာ ဒီသူငယ်ကို ယူဖြစ်ရင် သူတို့ ဝမ်းသာ မဆုံးအောင် ကြရမှာပါ၊ ဒီကိစ္စ ဖြစ်မြောက်အောင် မငြိမ်းစိုးတို့ပါ တိုက်တွန်းပါလို့ အကူအညီတောင်းခံထားကြတယ် သမီး၊ ဒီမှာ မလေး"

"ဟုတ်ကဲ့"

"အမေဟာ သူတို့ပြောခိုင်းလို့ တာဝန်အရ ဝိုင်းပြော ပေးတာ ဟုတ်ပါဘူး၊ အဘက်ဘက်က ပြည့်စုံနေတဲ့ ဒီသူငယ်နဲ့ တင့်တင့်တယ်တယ် လက်ထပ်စေချင်တဲ့ဆန္ဒမျိုး ကြီးကြီးငြိမ်းမှာလည်း သူတို့နဲ့ တူ ရှိနေတယ်ဆိုတာ ယုံပါသမီး၊ ပြီး တော့လေ..."

"ဘာများလဲ ကြီးကြီးငြိမ်း"

"သမီးကို နှစ်မွန်းအောင် အမေတို့ဘက် ဆွဲယူလိုတဲ့ ဆန္ဒ မရှိပါဘူးကွယ်၊ ဇာတ်လမ်းတစ်ခုက ဆုံးခဲ့ပြီ၊ သိမ်း ခဲ့ပြီးပြီပဲ"

"ကြီးကြီးငြိမ်း ဘာကို ပြောတာလဲ"

"သမီး မကြာခင်မှာပဲ သိလာရမှာပါ၊ သမီးသာ ကြီးကြီးငြိမ်းရဲ့ စကားကို အလေးအနက်ထားပါ၊ မိဘစကား မပယ်ရှားတဲ့ သမီးဟာ ကောင်းစား တတ်ပါတယ်ကွယ်၊ သမီး အချိန်အရွယ် လည်း ရောက်ပြီ၊ မောင်ရဲဏီလင်းဟာ တို့ တွံတေးမြို့ရဲ့ မျက်နှာဖုံး ကြီးရဲ့ မြေးလည်း ဖြစ်တယ်၊ ဇာတ်မြစ်ကိုလည်း သိတယ်၊ နဲ့၊ ပစ္စည်းနဲ့၊ ဘာမှ ငြင်းစရာမရှိဘူး၊ ဒီမှာ တကယ်လို့

www.burmeseclassic.com



သမီးက မကြိုက်နှစ်သက်ဘူး ထားဦးတော့၊ ကိုယ့်မိဘများရဲ့ စိတ်ချမ်း သာမှုကို ရှေ့ရှုပြီး သမီးလက်ခံလိုက်ပါလို့သာ ကြီးကြီးငြိမ်း တိုက်တွန်း ပါရစေ၊ ဒါပဲ ပြောချင်လို့ပါ၊ ကြီးကြီးငြိမ်း ပြန်တော့မယ်နော်"

ဒေါ်ငြိမ်းစိုး ကလေးကို ပြန်ခေါ်ရန် လက်ကမ်းရင်းက မလေး နှုတ်ဆက်သည်။

"အိမ်ဝအထိ သမီး ချီပြီး လိုက်ပို့ပါမယ်"

မလေးမှာ ကလေး၏ ပါးဖောင်းဖောင်းကို နမ်းရှိုက်ရင်းချီပိုး ခဲ့သည်။

"သားလေး မေမေရော"

သည်တစ်ခေါက်ဖြင့် မလေးဖွန်နှင့် တွေ့မှပင် တော်ပေမည် လုံးဝ အတွေ့မခံသည့်အဖြစ်က ကိုယ့်အကြောင်း ကိုယ်မလုံ ကျပေမည်။ ရင်းနှီးလွန်းသော သူငယ်ချင်းမို့ မလေး ဆက်ဆံရပါမည် ခေါ်ပြောထိုက်ပါသည်။

"မေမေ ချီဘူး"

"ဟုတ်လား ကြီးကြီးငြိမ်း၊ ဖွန် ဘယ်သွားလဲ"

ဒေါ်ငြိမ်းစိုးက ဘာမှ မဖြေပါဘဲနှင့် ကလေးကို ဆွဲချီလိုက် မလေးနှင့် အကြည့်ချင်းလွှဲပြီး ဖြည်းလေးစွာ လျှောက်လှမ်းသွား မလေးက ဒေါ်ငြိမ်းစိုး၏ လက်ကိုဆွဲလျက်...

"ဖွန်ရော ကြီးကြီးငြိမ်း"

"ဒီကောင်လေး လ,သားတည်းက သူ ပြန်သွားတယ်၊ လွန်ခဲ့ နှစ်လလောက်က သူဆုံးပြီ"

"ဟင်...ဘာ...ဘာ၊ ဖွန်...ဖွန် ဆုံးပြီ၊ ဟုတ်လား"

"ဟုတ်တယ်၊ ဒီမိန်းကလေးက တကယ့်ကို အဖြစ်ဆိုးရှာပါ လေ၊ သမီး ခုမှ သိတယ်ပေါ့နော်"

"ဟုတ်တယ်၊ ခုမှ သိရတော့တယ်၊ ဖြစ်မှဖြစ်ရလေ ဖွန် ဘယ်လို ဖြစ်သွားရတာတဲ့လဲဟင်"





"ကိုထွေးကို စိတ်ဆိုးပြီး မပေါင်းနိုင်ပါဘူးဆိုပြီး သူ ပြန်သွား တာပဲ၊ တစ်နှစ်ကျော်ကြာမှ သူ ဆုံးတာ၊ ရိုးရိုးကံကုန် နေ့စေ့မဟုတ်ရှာ ဘူး"

"ဟင် ဘယ်လို ဖြစ်တာလဲ"

"သူများသတ်လို့ သေရရှာတာ"

"မြတ်စွာဘုရား၊ ဘယ်မှာ ဘယ်လို သေတာလဲဟင်"

"ကြီးကြီးငြိမ်းတို့လည်း သူများတွေသိတာထက် ပိုပြီး မသိပါဘူး သမီး၊ သတင်းစာထဲမှာ တွေ့ရတော့မှ သိရတာ"

"အို မလေး မတွေ့မိပါလား"

"လုပ်သားမှာ ပါတယ်"

"တီးတိန်က သမီးတို့အိမ်မှာက လုပ်သား မရဘူး၊ ဗိုလ်တထောင် လေးဟံသာဝတီပဲရလို့ မတွေ့ရတာ ဖြစ်မှာပါ၊ ဘယ်လိုများ သွားရတာလဲ"

"သူ့အိပ်ခန်းထဲမှာပဲ ဓားနဲ့ ထိုးသတ်ခံရတာ၊ ကိုထွေးနဲ့က ဝင် ကွာရှင်းစာနဲ့ ကွာရှင်းထားကြတာ မဟုတ်လေတော့ သူပဲ ပြီး တာဝန်ယူ သင်္ဂြိုဟ်လိုက်ရတာပေါ့၊ ဒီအမှုကလည်း ခုထိ သေးဘူး၊ သူတို့ နောက်ကွယ်မှာလည်း အရှုပ်အထွေးတွေ များပါဘိနဲ့၊ ကြီးကြီးငြိမ်း သိရတာတော့ ဒါ အကုန်ပါပဲ၊ ကဲ– ကြီးကြီးငြိမ်းပြန်မယ်"

"ဟုတ်...ဟုတ်ကဲ့ပါ ကြီးကြီးငြိမ်း"

"ဘာပဲဖြစ်ဖြစ် သူများကိစ္စတွေကို ခေါင်းထဲက ဖယ်ထုတ်လိုက်၊ ဘဝရဲ့ အေးငြိမ်း ချမ်းသာမှု၊ မှီခို အားထားရမှု အတွက်သာ စဉ်းစားပါ၊ ကြီးကြီးပြောတာ သမီး သဘော ပေါက်ပါတယ်နော်၊ သွားပြီ"

တံခါးတိုင်ဖုံးကို အားနွဲ့စွာ မှီရင်း မလေးမှာ ဒေါ်ငြိမ်းစိုး လမ်းကို ငေးကြည့်နေမိသည်။

"ဖွန်ဆုံးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဗွန် အသတ်ခံရသတဲ့"

စသော သတင်းစကားများက မလေးကို ကြီးစွာသော ထိတ်လ
တုန်လှုပ်ခြင်းကို ဖြစ်တည်စေပါ၏။ ဗွန့်အတွက် လည်
ကရုဏာများစွာဖြင့် နမြောတ,သမိပါဘိ။

"ကိုထွေး"

အထီးကျန် ကိုထွေး၊ လူလွတ် ကိုထွေး၊ မလေးကို ချစ်မြတ်နိ
လွန်းသော ကိုထွေး၊ မလေးက အသည်းကွဲမတတ် ချစ်ရပါလွန်းသော
ကိုထွေး...။

ဟင်း၊ ကိုထွေးနှင့် မလေးတို့ ပြန်လည် နီးစပ်ပေါင်း ဆုံမိ
မည့် အဖြစ်များကို ကြီးကြီးငြိမ်း အပါအဝင် လူကြီး မိဘများ
မလိုလားကြ၍သော အင်နှင့်အားနှင့် မေတ္တာများစွာ နှင့် ဝိုင်းဝန်းကာ
ထိန်းသိမ်းနေကြလေပြီတည်း။

* * *





## အခန်း(၂၁)

တဟဲဟဲဖြင့် ရဲရဲနီနေသော မီး၏အရှိန်က ကြီးလှပါဘိသည်။
၏အပြင်ဘက်သို့ပင် လောင်ကျွမ်းမတတ် အပူရှိန်က ဟပ်၍နေသည်။

တွံတေးမြို့၏ အဓိကစီးပွားရေးဖြစ်သော အိုးလုပ်ငန်း၏ လုပ်ငန်း
သို့ မလေးရောက်နေခြင်း ဖြစ်သည်။ အိုးထိန်း ဆိုလည်း ကိရိယာမှ
၍ စက် လုံးဝ မပါ။ လက်ဖြင့်သာ ပုံသွင်း ပြုလုပ်ရပါသော
ထိန်းသည်၏ အတတ်ပညာမှာ မလေး တို့လို မြင်နေကျ မဟုတ်
များအဖို့ အံ့မခန်းအောင် ထူးဆန်း လှပါဘိသည်။ အိုးငယ်များကို
ချိန်တည်း ပုံသွင်းနိုင်သော် လည်း ပိသာအစိတ်ဝင်အိုးလောက်ကိုမူ
အောက်ပိုင်းသပ်သပ် အပေါ်ပိုင်းသပ်သပ် ပုံသွင်းပြီးမှသာ ဆက်၍
ရသည်။ ရွှံ့နှင့်မြေတို့ အချိုးကျရောစပ်၍ အချိန်အဆဖြင့် အလုံးကြီး
ကာ အိုးထိန်းစက်အပေါ်တွင် လှည့်ပတ်ရစ်ခွေ၍ လက်ဖြင့်
ပြ ပုံသွင်းရုံဖြင့် အိုးပုံစံ ဖြစ်လာတော့သည်။ မျက်လှည့်ပြလိုက်
လို၊ မန်းမှုတ်ထုတ်လိုက်သလို တော်ကြ,တတ်ကြပါပေသည်။

အိုး အကြီးအငယ်၊ သောက်ရေအိုး၊ အင်တုံ၊ ပန်းအိုးမှ အစ
စားစရာ အိုးပုတ်အထိ အစုံ တစ်ဖိုစာ ပြည့်စုံအောင် ပုံသွင်းပြုလုပ်
မှ အိုးဖိုတွင်းသို့ စနစ်တကျထည့်ရသည်။ တစ်ဝဂူကြီးလို မြင့်မြင့်
လုံးကြီးအတွင်း သူ့အဆင့်နှင့်သူ အိုးများ နေရာချပြီးသည့်အခါ
အောက်ခြေမှ မီးထိုးပေးရတော့သည်။ မီးခိုးထွက်ရန်အပေါက်နှင့်
ထည့်ရန် အပေါက်မှ လွဲ၍ အားလုံး အုတ်နှင့် ရွှံ့နှင့်မံ၍ သောက်



www.burmeseclassic.com

www.burmeseclassic.com



ထားသောအိုးဖိုကြီးမှာ အလုံအပိတ်ကြီးပါ။ မီးထည့်ကောင်းမှ၊ မီးညီ
ခိုင်မာသော အိုးကောင်းများ ဖြစ်လာနိုင်ပေမည်။

"ကိုကြီးရဲ့ အိုးဖိုကို ကိုထွေး သွားတယ်"

ဟူသော စကားအရ မလေး လိုက်လာခဲ့မိခြင်း ဖြစ်ပေသည်။
အစ်ကိုကြီးက အိုးလုပ်ငန်းကို လုပ်ကိုင်ပါ၏။ သူတို့လည်း အိုးဖိုရပ်တွ
နေထိုင်ကြသည်။ မလေးမှာ ကိုထွေး သွားနေသည်ဆိုသော အိုးဖိုတွင်း
လိုက်လာခဲ့ခြင်း ဖြစ်ပါ၏။ အိုးလုပ်ငန်း ခေတ္တပြီးစီးချိန်မို့ အစ်ကိုကြီး
အိုးဖိုမှာ လူရှင်း၍နေပေသည်။ မီးထိုးနေသော စကားမပြောတတ်သ
'ကိုသာထူး' တစ်ယောက်သာ ရှိနေပါ၏။

အိုးဖိုကြီး၏ အရှေ့ဘက်ဆီ၌ သားလေးကို ပွေ့ချီလျက်ထိုင်
သော ကိုထွေးကို ကျောခိုင်း အနေအထားဖြင့် မလေး မြင်ရသည်။

အိုးဖိုမှ မီးနှင့် အပြိုင်ပင် မလေး၏ရင်၌ လောင်မြိုက် မတ
ပူလောင်နေမိသည်။ မလေး ဝင်လာသည်ကို ကိုထွေး မမြင်၊ မလေ
သည့်သာ သူ ရှိရာသို့ တရွေ့ရွေ့ တိုးသွားမိ သည်။

"ကို...ထွေး"

"ဟင်...မ...မလေး...လိုက်လာတယ်"

အံ့သြဟန် သူ့ လေသံက လှိုက်လှိုက်တုန်သွားသည်။ အိပ်ပျေ
နေသော သားလေးကို ယုယုယယပွေ့ရင်း မလေးဘက်သို့ ဖြည်းညှ
ညင်သာစွာ လှည့်လာသည်။

တစ်ချိန်က ကံ့ကော်တောမှာ ကြားရှား တင့်မောစွာဖြ
ယောကျ်ားပီပီသသ လုပချောမွေ့သော 'မြင့်ထွေးမောင်' ပါဟု ယ
ပြောလျှင် မည်သူမျှ ယုံအံ့မထင်တော့။ ပိန်လှီလွန်းသော ကိုယ်ခန္ဓ
မွဲညစ်သော အသားအရေ၊ နွမ်းဟောင်းသော အဝတ် ဖြင့်၊ ညှိုးရော်သော
မျက်နှာနှင့် ကိုထွေး။

ကိုထွေးက သူ့ရှေ့မှ မတ်တတ်ရပ်နေသော မလေး၏ မျက်န
ပြည့်ပြည့်လှလှလေးကို ငေးစိုက်စွာ မော့ကြည့်နေသည်။ မလေးကလည်
နွမ်းနွမ်းညှိုးညှိုး ဖြစ်နေရှာသော ကိုထွေး၏ မျက်နှာကို မလွှဲတမ်း
ကြည့်နေမိသည်။

"မလေးရယ်"





ကိုထွေး အသံက တိုးတိတ်လွန်းသော်လည်း တုန်လှိုက်၍
နေပေသည်။ ယင်း အသံလှိုင်းဆုံးသည်နှင့် မျက်ရည်များ ဝိုင်းလာ
ခဲ့သည်။ မျက်ရည်ပြည့်နေသော မျက်ဝန်းများဖြင့် ကြာရှည်စွာ သူ
မကြည့်တော့။ ခေါင်းပြန်ငုံ့သွားသည်။

"ငါ့အတွက် နင် အနစ်နာခံလှချည်လား မလေးရယ်"

"နင် ဘာကို ပြောတာလဲ ကိုထွေး"

"ချင်းတောင်ကို လွင့်သွားရတာ ငါ့ကြောင့်ပါ၊ ငါ သိပါတယ်၊
ငါ ဖယ်ပေးချင်ပါရဲ့၊ ဒါပေမယ့် အမေ့ကို ဒီကလေး ပေးခဲ့ပြီး ငါ
ကိုယ်လွတ်ရုန်းသွားလို့ မရတဲ့ ဘဝမို့ ငါ တွယ်ကပ်နေမိတာပါ၊ ခု
နင် ငါ့ကို မမြင်ပါစေနဲ့ဆိုတဲ့ စိတ်နဲ့ တို့ သားအဖ ဒီမှာ တစ်နေကုန်
တစ်နေခန်း လာနေကြတာပါ"

"ငါ့ကို နင် ဘာဖြစ်လို့ ရှောင်နေရတာလဲ"

"မလေး"

"ဟင်"

"ငါ့ရင်ထဲမှာ ပြောချင်စရာတွေက များလွန်းလို့ ပေါက်ကွဲ
ခတတ်ပါပဲ၊ ဒါပေမယ့် ငါ...ငါ ဘာမှ မပြောပါရစေနဲ့ဟာ"

"ဟင်၊ နင် ငိုနေတယ်..."

နှစ်ယောက်လုံး စကားမဆက်ဖြစ်ကြနိုင်။ ကိုထွေး၏ မျက်ရည်
စက်များသည်သာ သားငယ်၏ ကိုယ်ပေါ်သို့ ကျရောက်လာသည်။

"ငါ ဖွန့်အတွက် စိတ်မကောင်းပါဘူး ကိုထွေး၊ ငယ်ငယ်လှလှ
လေးနဲ့ ခုလိုဖြစ်သွားရတာ တကယ်ပဲ နှမြောစရာ ကောင်း လှပါတယ်၊
နင် သိပ်ပြီး ခံစားလိုက်ရမှာပဲနော် ကိုထွေး"

"ငါ ဖွန့်ကို မုန်းတယ်"

"အို"

ကိုထွေးက အံကိုခဲရင်း ပြောလိုက်သည်။ သူ့ထံမှ ယင်းစကားမျိုး
ကြားရလိမ့်မည်ဟု မလေး မထင်မှတ်ခဲ့မိပါ။

"ဒီမှာ မလေး"

"အင်း..."

"သေဆုံးသွားပြီးတဲ့ ကိုယ့်ရဲ့ တရားဝင်ဇနီးကို မုန်းတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ လူမဆန်ဘူး၊ ပြီးတော့ မျက်ရည်ကျတဲ့ ယောက်ျားဟာလည်း လူပျော့လူညံ့၊ အလကားကောင်ဆိုတာ ငါ နားလည် ပါတယ်၊ သိပါတယ် မလေး၊ ဒါပေမယ့် ငါဟာ စိတ်ယုတ်မာ ရှိခဲ့သူမဟုတ်ဘူး၊ မျက်ရည်လွယ်ခဲ့သူ မဟုတ်ပါဘူး ဆိုတာ နင် အသိဆုံးပါနော်"

"အေးပါဟယ်"

"ဒါပေမယ့် ငါ့ရင်ထဲမှာ ခံစားနေရတာတွေက ပြင်းထန်လွန်းလို့ပါ၊ ဘာတွေဖြစ်နေလို့လဲလို့တော့ ငါ့ကို နင် မေးခွန်း မထုတ်နဲ့တော့ မလေး၊ ငါ နင့်ကို ဘယ်တော့မှ ဖွင့်မပြောဘူး"

"မေးလည်း မမေးလိုပါဘူးရှင်၊ အမြဲ အတူနေခဲ့ကြရတဲ့ ဟိုတစ်ချိန်တုန်းကတောင် အထူး လျှို့ဝှက်ခဲ့တဲ့သူပဲ"

"ပြောပါတော့လေ"

မလေး ဘာမှ ဆက်မပြောနိုင်သလို၊ ကိုထွေးလည်း ဆိတ်ငြိမ်သွားတော့သည်။ နှစ်ယောက်လုံးမှာ နှစ်ခြိုက်စွာ အိပ်ပျော်နေရှာသော သားလေးကိုသာ ပြိုင်တူ ကြည့်နေမိကြသည်။

"မလေး"

"ဟင်"...

"ငါ့ရင်နဲ့တစ်လုံး ပြောစရာတွေက အနန္တပေမယ့် ပြော မပြနိုင်တဲ့ ဘဝပါ၊ ဒါကြောင့် ငါ့မိုက်ပြစ်နဲ့ ငါ၊ နင့်မေတ္တာဒဏ်တွေ သင့်နေတဲ့ ငါ့ရဲ့အကြောင်းကို ချန်လှပ်ထားလိုက်ပါတော့ လေ၊ နင်ကရော ဘာများ ငါ့ကို ပြောချင်စရာရှိလို့ လိုက်လာ တာလဲဟင်"

"ရှိတယ် ကိုထွေး"

"နင်နဲ့ ပတ်သက်ပြီး သေတဲ့အထိ ငါ အလေးအနက်ထားသွားမှာပါ မလေး၊ နင် ပြောလာမယ့် အကြောင်းအရာကိုလည်း ငါ သိချင် လှပါပြီ"

"ငါ့ဘက်ကသာ ထာဝရ အလေးအနက် ထားခဲ့ရတာ ပါလို့ ငါ အမြဲယုံကြည်ခဲ့မိတယ်"

"မဟုတ်ဘူး မလေး၊ အင်အားကြီးမားသလောက် တုန့်ပြန်ခြင်းလည်း ကြီးမားတတ်တာမျိုးပါ၊ ကဲပါ၊ ဒါတွေ ထားလိုက်ပါတော့၊ နင် ပြောမှာကိုသာ ပြောပါတော့"





"ကိုထွေး"

"ဟင်..."

"ငါ့ကိုလေ..."

"အင်း..."

"အမေနဲ့ ကြီးကြီးငြိမ်းက အိမ်ထောင်ပြုစေချင်ကြတယ်"

"အင်း..."

"နင် သိလား"

"သိတယ်"

မလေးမှာ ကိုထွေးနှင့် မနီးမဝေးမှာ ထိုင်၍ အနီးမှ အင်တုံလေးတစ်ခု၏ နှုတ်ခမ်းသားကို လက်ညှိုးလေးဖြင့် လိုက်လံ ရစ်ဝိုင်းနေမိသည်။ အချိန်ကြာမြင့်သည့်တိုင် ဘာစကားမှ မဆက်နိုင်ကြသေးပါ။ နောက်ကြာမှ မလေးက စွန့်စားခြင်း ကြီးစွာဖြင့် စကား စ,ရသည်။

"အဲ...အဲဒါ ငါ ဘာလုပ်ရမလဲ"

ကိုထွေးက ငုံ့နေသော မလေး၏ တစ်ကိုယ်လုံးကို ငေး စိုက်ကြည့်နေရာမှ...

"သမုဒ္ဒရာရဲ့ ဟိုဘက်ကမ်းက ကိစ္စကို ဒီဘက်ကမ်းက ငါက ဘာများ ပြောနိုင်မှာတဲ့လဲ မလေးရယ်"

"ဒါဖြင့်လည်း ပြီးရောပေါ့လေ"

မလေးက လက်မှ သဲပွင့်လေးများကို ခါချပြီး နေရာမှထသည်။

"မလေး..."

မလေးက မထူး။ ကိုထွေးနှင့် ခေါင်းချင်းတိုက် အနေ အထားနှင့် ရပ်နေသည်။

"မလေး..."

"မလေး ပြန်တော့မလို့လားဟင်"

"ကိုထွေးအကြောင်းလည်း မလေးကို မပြောနိုင်ဘူးဆို၊ မလေး ကိစ္စကိုလည်း ဘာမှ ဝင်မဆွေးနွေးနိုင်ဘူး ဆိုတဲ့နောက်တော့ မလေး ပြန်ရုံပဲ ရှိတော့တာပေါ့"

"မဟုတ်ဘူး၊ ဒီလိုလည်း မဟုတ်သေးပါဘူး မလေးရယ်၊ ပြဿနာတိုင်းကို မလေးအတွက် မလေးဘက်ကချည်း စဉ်းစားနေမိလို့

www.burmeseclassic.com



ခုလို ဥပေက္ခာစကားမျိုး ပြောကြားမိသလို ဖြစ်သွားရတာပါ၊ ခွင့်လွှတ်ပါ မလေးရယ်"

"ကိုထွေး"

"ဟင်"

"မလေး ပြန်ပါရစေတော့"

"နေပါဦး မလေး၊ မလေးမှာ ပြောစရာ ပါလာတယ် ဆိုတာ သိပါတယ်၊ ငါ့ရဲ့အကြောင်းက တစ်ခုမှ မကောင်းလို့ မပြောကြားဝံ့တဲ့ အဖြစ် ဖြစ်နေပေမယ့် မလေးရဲ့ မင်္ဂလာသတင်း စကားကိုတော့ ငါ ကြားနာချင်လှပါတယ်လေ"

"အဲဒါ ပြောပြီးပြီပဲ၊ ငါ ဘာလုပ်ရမလဲလို့"

"ကိုရဲဇော်လင်းနဲ့ လက်ထပ်ဖို့ကိုလားဟင်"

"အင်း..."

"ငါ ဘယ်လိုလုပ်ပြီး ဆုံးဖြတ်ပေးရမှာလဲ မလေးရယ်"

"မလေး ပြောချင်တယ် ကိုထွေး"

"ပြောပါ"

"အင်း၊ မလေး ပြောချင်တာတွေကတော့ ကိုထွေး ပြောသလို ရင်နဲ့မဆုံအောင်ပါ၊ ဒါပေမယ့် မလေး မပြောရဲဘူးကွယ်"

"ဟင်း– ခက်လှတယ်၊ တို့နှစ်ယောက်ကြားမှာ သမုဒ္ဒရာခြား တယ် မလေးရေ"

"ဟုတ်ပါလိမ့်မယ်၊ ဒါပေမယ့် ဘယ်လောက် ကျယ်ဝ နက်ရှိုင်းတဲ့ အရာတွေက ပိုင်းခြားထားပေမယ့် မလေး စိတ်ထဲမှာတော ကိုထွေး အပေါ်မှာ အရင်နှစ်များစွာက အတိုင်းပါပဲ ကိုထွေး"

"မလေးရယ်"

"ကိုထွေးဟာ မလေးကို စိတ်အင်အားနဲ့ လွှမ်းမိုးဆဲပါ၊ စိုးမိုး နေဆဲပါ ကိုထွေး၊ ဒါကြောင့် အခု မလေးရဲ့ပြဿနာကို ဆုံးဖြတ် စမ်းပါ၊ အမေတို့ ကြီးကြီးငြိမ်းတို့ ဖြစ်စေချင်တာကို နာခံလိုက် မလားလို့"

"မလေး..."

ကိုထွေး၏ ခေါ်လိုက်သံက လှိုက်သံပါလာသည်။ အား





လေခြင်းလား၊ ဆောက်တည်ရာမရ၍လေလားမသိ၊ သားကို ပွိုမှို၍ င်းကျပ်စွာ ကိုထွေးက ဖက်တွယ်ထားရာက...

"မလေး ဆန္ဒကရော"

"ကိုထွေးရဲ့ ဆုံးဖြတ်ပေးချက်ဟာ မလေးရဲ့ ဆန္ဒပါ၊ မလေးရဲ့ ဖြေပါ"

"ဟင်း..."

"မလေးအတွက် ကိုထွေးဟာ 'ဖန်ဆင်းရှင်'ပါ၊ မလေး လောက်ပဲ ပြောပါရစေတော့ကွယ်"

မလေးက အရင်စ၍ ကျောခိုင်းလိုက်သည်။ အနီးရှိ ဝါး ိုင်ကို လက်ဖြင့်ကိုင်၍ ခေါင်းကို မှီကပ်လိုက်မိသည်။ နောက် က်တွင် သားကို ကျစ်ကျစ်ပါအောင် ပိုက်ပွေ့လျက် ခေါင်းကြီး နေမည်ဖြစ်သော ကိုထွေးကိုလည်း မလေး မကြည့်ရဲတော့။

"မလေး"

"မလေး"

"ပြောပါ"

"ငါဟာ နင့်အပေါ်မှာ နမလေးလို ချစ်မြတ်နိုးတယ်၊ မိခင် စ်ယောက်လို အားကိုးတွယ်တာတဲ့ စိတ်တွေ အပါအဝင် နဲ့ နင့်ကို မ်းတခဲ့၊ မျှော်ခဲ့၊ လွှမ်းခဲ့သူပါ မလေး"

"ဟင်..."

"ဒါပေမယ့် ငါ့ရဲ့ စေတနာတွေကို ပေါ်လွင်အောင် မစွမ်း ောင်နိုင်တဲ့ ငါ့ဘဝထဲမှာ နင် မရှိစေရဘူး၊ ငါ့ဘဝ နံ့ချာစမ်းပါစေ၊ ်ကိုတော့ ကောင်းစား တင့်တယ်စေချင်တဲ့ ဆန္ဒတွေ လှိုက်လှိုက်လှဲလှဲ တယ်"

ကိုထွေးအသံက တုန်လှိုက်လာသည်။ ငိုရှိုက်၍များ ပြောကြား သလား၊ မလေး မသဲကွဲ။ သူကပင် ဆက်သည်။

"ကိုရဲဇော်လင်းလို အစစ ပြည့်စုံပြီးသူရဲ့ ဘဝထဲကို ဝင်သွားရင် ်ဘဝဟာ စည်းစိမ်ချမ်းသာနဲ့ ရှိသွားမှာပဲ"

ကိုထွေး၏အသံ ပြတ်သွားပြန်သည်။ ခဏကြာမှ...

"သြော်– ဒီ သုံးနှစ်ဆိုတဲ့ ကာလကြီးများကို ချေဖျက်လို့ရမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်...၊ အို...တော်ပြီ၊ ငါ စကား ကြာကြာမပြောရဲဘူး၊ များမျာ
ပြောလို့ မဖြစ်ဘူး မလေး၊ ငါ့ ဆုံးဖြတ်ပေး ချက်ကိုသာ နာယူပြီးရင်
မလေးရယ်၊ နင် ပြန်ပါတော့..."

"ပြော...ပြောပါ"

"နင် ကိုရဲဇော်လင်းကို လက်ထပ်လိုက်ပါ"

ကိုထွေးအသံက အားမာန်ပြည့်လာသလို ထန်နှင့်မာန်နှင့်ပါပင်

"ကောင်းပြီ ကိုထွေး"

နွဲ့မှိုနေသော ကိုယ်ကို တောင့်မတ်လိုက်ပြီးမှ မလေးက...

"ငါ့ဘဝမှာ ရယူခြင်းဆိုတာ မရှိခဲ့ဖူးဘူး၊ ထာဝရ ပေးဆ
နေခဲ့ရတဲ့ မိန်းမတစ်ယောက်ပဲ၊ ခုလည်း မိဘတွေအတွက်၊ နင့်
ဆုံးဖြတ်ပေးချက်အတွက် ငါ့ဘဝကို ပေးဆပ်လှူဝေရဦး တော့
ပေါ့လေ"

"ဩော်၊ မလေးရယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့ ကိုထွေးရယ်၊ တကယ့် သွေးရင်း မေတ္တာမျ
နင့်ပေါ်မှာ သံယောဇဉ် အထားနိုင်ဆုံး မိန်းမသားဟာ ငါပဲလို့ဆေ
နင်သိထားပါ၊ ငါ့ရဲ့ မေတ္တာဟာ အဖြူရောင်ပါနော် ကိုထွေး"

"နင့်ရင်ထဲက ခံစားမှုအတိုင်းပဲ ငါ့ရင်ထဲမှာလည်း မလျော့နည်း
ပါဘူး ဆိုတာလေးတော့ ပြောလိုက်ပါရစေလား မလေး"

"ကိုထွေး"

"ဟင်"

"ငါ ပြန်တော့မယ်နော်"

"ကောင်းပါပြီ မလေးရယ်"

"ဒီတစ်ခါတော့ ငါက နင့်ကို နှုတ်ဆက်ခဲ့ရပြီပေါ့ ကိုထွေး
ရယ်၊ ကိုရဲဇော်လင်းရဲ့ ဘဝထဲကို မလေး သွားတော့မယ်နော်"

* * *





## အခန်း(၂၂)

ပန်းစည်းရှားသည်၊ အစစ ခက်ခဲသည် ဆိုသော်လည်း ငွေ လမ်း
...င်းလိုက်သည့် အခါတွင်မူ အားလုံး ရှောရှောရှုရှုပင်။

နေ့ရက်များ မကုန်ဆုံးမီမှာပင် ရဲဇော်လင်းနှင့် ပြည့်ပြည့်ဖြိုး
...၏ လက်ထပ်မင်္ဂလာပွဲကို တွံတေးမြို့၌ သိုက်မြိုက် စည်ကားစွာဖြင့်
...င်ယင် ကျင်းပနိုင်ခဲ့သည်။

ကြိုတင် စီစဉ်ထားခဲ့သည့် အတိုင်း လက်ထပ်ပြီးသည့်နောက်
...ရက်မြောက်နေ့တွင် မလေးတို့ ရန်ကုန်သို့ ကူးလာခဲ့ကြသည်။
...မေ၊ အဖေနှင့်တကွ မိတ်ဆွေသင်္ဂဟများ၊ ဆွေမျိုးနှင့် သူငယ်ချင်းများ
... မလေးကို လိုက်ပို့ကြသော်လည်း ယင်း လူစုထဲတွင် ကိုထွေးမပါဝင်။
...လေး အမြဲ သတိရနေစေရန် ဟူ၍ ကဗျာဆန်ဆန် စာလုံးများဖြင့်
...ချယ်ကာ ပန်းစည်းလေး တစ်ခုခုသော်မှ လက်မဖွဲ့ပါ။ မလေးတို့၏
...လာပွဲ မတိုင်မီ မဝေသဇာကပင် ကိုထွေး တွံတေးတွင် မရှိတော့။
...ကို ပိုက်ချိုလျက် ကြီးကြီးငြိမ်း၏ ညီမရှိရာ 'ကွမ်းခြံကုန်းမြို့'သို့
...သည့်လမ်းပေါ်မှာတည်ရှိသော 'ကော့မှူးမြို့'သို့ ကိုထွေး ထွက်သွား
...သည်ဟု ကြားရသည်။

ကိုထွေးနှင့် ပတ်သက်၍ မလေးဘက်က လိုလေသေးမရှိ
...ကြီးယွင်းခြင်း မရှိပါ၍ ယခုအခါတွင် မလေးမှာ စိတ်ကို ပြင်ဆိုက်ရ
...ပြီ။ လက်တွဲခေါ်လေသူ ခင်ပွန်းသည် အတွက်ပင် အစစအရာရာ
...င်စေရပါမည်ဟူ၍။



www.burmeseclassic.com

www.burmeseclassic.com



"ပြည့်"

"ရှင်"

"ဒါ မောင် ပိုင်တဲ့ အိမ်နော်၊ ဘာမှ အားမငယ်နဲ့၊ ရဲ
တင်းတင်း နေပါ"

"ဟုတ်ကဲ့ပါ"

ရဲအောင်လင်းက 'မလေး'ဟု မခေါ်။ 'ပြည့်'ဟူ၍ သုံးနှုန်းသည်

"မောင်တို့ တီးတိန် မပြန်ရခင် အိမ်က အဖိုးကြီးနဲ့တော့အပြ
ရှင်းသွားရမှာပဲ"

"မောင့်ပထွေး ဆိုတာက ခုထိ ဒီအိမ်မှာ ရှိတယ်ပေါ့နော်"

"ရှိတယ် ပြည့်၊ ဒါပေမယ့် သူ့ကို ဘာမှ ဂရုစိုက်မနေပါနဲ့"

"ပြည့် အတွက်တော့ ဘာ ပြဿနာမှ မရှိစေရပါဘူး မော
စိတ်ချပါ"

"ပြည့်၊ တကယ့် အစစ ပြည့်စုံတဲ့ ပြည့်ပဲ၊ မောင် မိန်းမ
သိပ်ကံကောင်းတာပဲနော်"

"မောင်ကလည်း..."

"ဒီမှာ ပြည့်၊ မောင့်ပထွေးက သိပ်လည်တာ၊ ပြည့်ကိုစည်းရုံး
စည်းရုံးနေမှာ၊ တည်တည်နေနော်"

"စိတ်ချပါ၊ မောင့်ကိုကျော်ပြီး ပြည့် ဘာမှ မလုပ်ပါဘူး မောင်"

ရဲအောင်လင်း စားပွဲပေါ်မှ ဓာတ်ပုံနှစ်ခု ယှဉ်ထောင်ထားသ
မှန်ဘောင်ကိုယူ၍ မလေးကို ပြသည်။

"မေမေ သွင်းခဲ့တဲ့ မှန်ဘောင်လေးမို့ ဒီတိုင်း ထားရ
ဒီလူကြီးကို မကြည်ပါဘူး"

"ဒါ မောင့် ပထွေး ဆိုတာနော်"

"ဟုတ်တယ်၊ ဒါ မောင့်မေမေ 'ဒေါ်ခင်ခင်မြင့်'၊ နာမည်
ပြည့်သိပြီးပါပြီလေ၊ ချောတယ်နော်၊ ဟဲ...ဟဲ၊ မောင်နဲ့ တူတ

" မောင်က ပိုချောပါတယ်"

"ဟား၊ မောင့် မိန်းမကမှ တကယ် ဂုဏ်ပြုထိုက်တဲ့ မိန်းမ
ကဲ၊ ဂုဏ်ပြုရဦးမယ်"

ပွေ့နွေးမှုဖြင့် ထိကပ်ပြီးသော ပါးလေးကို မလေးက လက်





ခပ်ကိုင်လိုက်ပြီး...

"မောင် သိပ်နောက်တာပဲ၊ ပြည့်က တကယ် ပြောတာပါ"

"မောင်တို့ဖေဖေပုံ ပြဦးမယ်၊ တကယ်ချောတာ၊ ဒီ လူကြီး
တော့ ကြည့်ပါဦး၊ ပန်ချာပီကုလားကြီး ဦးထုပ်ဖြုတ်ထား သလိုပဲ"

"ကြည့်ကွယ်၊ ရှာရှာဖွေဖွေ နိမ်တတ်တယ်"

"နာမည်ကလည်း မြန်မာပြည်မှာ မရှိတဲ့ နာမည်လေ"

"ဘယ်သူတဲ့တုန်း"

"ဦးမန်းဇံတဲ့"

"ဟာ..."

"ကြည့်၊ ပြည့်တောင် အံ့သြသွားပြီ၊ သူနဲ့ မောင်နဲ့ အခု ရုံးမှာ
ရားဆိုင်နေရတယ် ပြည့်ရဲ့"

မလေး အမှန်ပင် အံ့သြမဆုံးတော့။ ယခင် တစ်ချိန်က
တ်မဲရှင်နှင့် ပြန်လည် ဆုံဆည်းရလိမ့်မည်ဟူ၍ မလေး လုံးဝ
သွားမိခဲ့။ မေ့လည်း မေ့နေခဲ့ပါပြီ။ ယခုမူ ဦးမန်းဇံဆိုကာမှ
တီတ်က အကြောင်းအရာများသည် ထင်းခနဲ ပေါ်လာခဲ့ရပါလေပြီ။

ဦးမန်းဇံ၊ အိတ်မဲကြီး၊ နှမ်း၊ မေသန်းဘီး၊ သက်ဝေစိုး စသော
အတိတ်ဆိမ့် အကြောင်းအရာတို့သည် ယခုပင် မလေး မျက်မှောက်
က်လာသည့်ပမာ ပြန်လည်၍ ရှင်သန် ရပြန်သည်။

မလေးမှာ အံ့သြရုံမှလွဲ၍ နှမ်းလည်း သေဆုံးပြီးလေပြီ။
လည်း ကိုထွေး လက်တွင် ရှိနေတော့မည် မထင်ပါ၍ပြဿနာ
တ်လည်လာစရာ မရှိတော့ပါဟု ထင်မြင်လိုက်မိသော မလေး

သူ ထင်မြင်သလို မဖြစ်လာရုံမျှမက၊ မလေး ကိုယ်တိုင်ပင်
ထွေး ဝက်ပါအတွင်းသို့ အမှတ်မထင် ရောက်ရှိသွားရ တော့မည့်
ကို မလေးမှာ ရေးရေးမျှ မတွေးမိရှာခဲ့ပါတကား။

*

"နှမ်း အသတ်ခံရသည်ဆိုခြင်းမှာ ဦးမန်းဇံတို့၏ ပယောဂ
ပါရှိလေသလား"

မလေး၏ စိတ်တွင် သံသယ ဝင်ရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မလေးသည် ချင်းချောင်းရိပ်သာလမ်း အိမ်သို့ ရောက်ရှိသည်မှ ပင် သုံးရက်တာ ကြာခဲ့လေပြီ။ ဦးမန်းဖဲကို မတွေ့ရသေး။ မတွေ့ သေးဆိုသည်မှာလည်း ဦးမန်းဖဲ မရှိ၍မဟုတ်၊ သည်အိမ်တွင် ညအခါ လာ၍အိပ်ပါသည်ဟု သိရပါ၏။ မလေးတို့ အိပ်ရာဝင်ချိန်လောက် သူ ရောက်လာတတ်ပေသည်။ မလေး တို့က တိုက်၏အပေါ်ထပ်တွင် နေကြရပြီး ဦးမန်းဖဲက အောက်ထပ်တွင် နေသည်။

ဒေါ်ခင်ခင်မြင့် ဦးမန်းဖဲနှင့် နောက်အိမ်ထောင် ပြုကာနီး တွင် သားကို အပေါ်ထပ်၌ နေစေ၍ သူတို့ ဇနီးမောင်နှံက အောက်ထပ်တွင် နေကြသည်။ အဖျားကြီး 'ဒေါ်ခင်ခင်ဆင့်'က ရဲဏီလင်းကို ချက်ပြုတ် ကျွေးမွေး ပြုစုစောင့်ရှောက်ရန် အပေါ် ထပ်တွင် တူဝရီး နှစ်ယောက် နေထိုင်ကြလေသည်။

ရဲဏီလင်းတီးတိန်မြို့တွင် တာဝန်ဖြင့် ခေတ္တရောက် ရှိနေခိုက် ဒေါ်ခင်ခင်ဆင့်၏ လက်ပေါ်တွင် ဒေါ်ခင်ခင်မြင့် သေဆုံးသွားခဲ့ရသည် အဖြစ်ကို ရဲဏီလင်း အပါအဝင် မည်သူ့ ကမျှ ယခု အချိန်ထိသံသယ မရှိကြသေးပါချေ။

ရဲဏီလင်း၏ ဖခင် 'တိုင်းမင်းကြီး ဦးအောင်လင်း'၏ အမွေ အချင်းဖြင့် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်ကြီး ဖြစ်သော်လည်း ချစ်မြတ်နိုးလွန်းသော ဇနီးသည်၏ အမည်နှင့် သူ မသေမီကပင် ထားရှိပေးခဲ့သည်။

ဦးမန်းဖဲကလည်း သူ့ ဇနီး၏ အမည်နှင့် ထားရှိသော ဤတိုက် နှင့်ခြံမှာ သူ့ တရားဝင်ဇနီး၏ ပစ္စည်းသာ ဖြစ်၍ သူ ဆိုင်ထိုက်သည် ဦးတိုက်လျှောက်သည်။ ရဲဏီလင်းကလည်း သူ့ မိဘပိုင်ပစ္စည်း သူလည်း လက်ရှိ နေထိုင်၍ သူသာ ပိုင်ဆိုင်သင့်သည်ဟု ချေပသည်။

ယင်း ပြဿနာက မပြီးပြတ်သေး၍ နှစ်ဦးလုံး ဤတိုက် ကြီးတွင် အထက်ထပ်နှင့် အောက်ထပ်တွင် နေထိုင်နေကြဆဲ မလေး ရောက်ရှိလာခဲ့ရခြင်း ဖြစ်ပေသည်။

"နေပါစေလေ၊ ကြီးဆင့် ချက်ပါ့မယ်"

"မဟုတ်တာ၊ ကြီးဆင့်ရဲ့၊ မလေး အားလည်းနေတယ်၊ ကို... ချက်ကျွေးမယ့် ထမင်းကိုလည်း မြိမကျပါဘူး... လေး လက်ရာကို ကြီးဆင့် စားကြည့်စမ်းပါ ဦးနော်"





ရဲဏီလင်း ခေါ်သည့်အတိုင်း 'ကြီး' တစ်လုံး ဖြုတ်၍ 'ကြီးဆင့်' ဟုပင် မလေး လိုက်၍ ခေါ်ရပါသည်။

ရေခဲသေတ္တာတွင်းမှ ထုတ်ယူကာ တောင့်ခဲနေသော ကြက် တစ်ကောင်နှင့် အာလူး၊ အသီးအရွက်များကို ဖိုကိုင်ရနိုး၊ သည်ကိုင် ...နှင့် ရှိနေသော ဒေါ်ခင်ခင်ဆင့်ကို မလေးကပြောဆိုရင်း ကြက်ကို ...စိမ်ထားလိုက်ပြီး အသီးအရွက်များကို စ၍ကိုင်သည်။

"မြင့်မြင့် မြင်စမ်းစေချင်ပါဘိတော့ကွယ်"

"ရှင်"

"သြော်၊ ဒီလို ချက်တတ်ပြုတ်တတ်၊ အိမ်ထောင် ထိန်းသိမ်း တတ်တဲ့ ချွေးမလေးကို သူ တွေ့သွားစေချင်လှတယ်"

"ဟုတ်ပါရဲ့၊ မောင့်မေမေဟာ ဆုံးတော့မှ လေးဆယ့်ငါးနှစ်ပဲ ...သေးတယ်ဆို၊ အများကြီး နေနိုင်သေးတဲ့ အရွယ်ပဲ၊ သနားပါတယ်၊ ဘာဖြစ်လို့လဲဟင် ကြီးဆင့်"

"သွေးဆုံးကိုင်တာပေါ့၊ လင်းကတော့ ဆရာဝန်နဲ့ ကုပါလို့ ...ခဲ့ရှာသား၊ ဒီလို မီးယပ်နာဆိုတာကလည်း ခက်သားပဲ၊ မြန်မာဆရာမှ ...တာ မဟုတ်လား"

ဒေါ်ခင်ခင်ဆင့်၏ ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာ ...ပါးမှုကို မလေး အကဲခတ်မိပါပြီ။

"အင်းနော်၊ သားအမိ နှစ်ယောက်တည်း ရှိကြတာ၊ နောက်ဆုံး အချိန်မှာ တွေ့မသွားရတာ ဝမ်းနည်းစရာ ကောင်းလှတယ်"

"သင်္ဂြိုဟ်တာတောင် မမီတော့ဘူး"

"ဟင်၊ ဒီသားတစ်ယောက်တည်း ရှိတာတောင် အသုဘ ကို ...လို့ စောင့်ပြီး မသင်္ဂြိုဟ်တာလဲ"

"နာရီပဲ လွဲသွားတာ၊ လင်းက ညနေ သုံးနာရီ ရောက်တယ်၊ အသုဘက ဆယ့်နှစ်နာရီ ချတယ်"

"ဟင်၊ ဘာဖြစ်လို့ မစောင့်တာပါလိမ့်"

"မပြောတတ်ပါဘူး၊ ကိုမန်းဖဲက ဒီအချိန်ပဲ ရတယ်ဆိုပြီး ...လိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်ဆင့်တို့တွင် ဆွေမျိုးရင်းချာ မရှိကြ။ တစ်ဝမ်းကွဲ ညီအစ်ကို မောင်နှမများဖြင့် ရှိကြပါ၏။ မလေးတို့၏ မင်္ဂလာအခမ်း အနားကို ရဲဏီလင်း၏ဘကြီးလုပ်သူက ဦးဆောင် စီစဉ် ပေးရသည်။ ဒေါ်ခင်ခင်မြင့် ဆုံးစဉ်က ထိုအစ်ကိုကြီးလည်း ရန်ကုန်တွင် ရှိမနေ မလေး သိရသည်။ ဦးမန်းဖဲကိုလည်း ဆွေမျိုးအသိုင်းအဝန်းများက မကျေနပ်ကြ၍ သူ့တစ်မျက်နှာသာရှိသော အသုဘကိစ္စသို့ ညှော်သည် သွား ညှော်သည်လာလောက်သာ ရောက်ကြသည်။ ကြီးဆင့်သည် စီစဉ်ဖန်တီးနိုင်စွမ်းသော အမျိုးသမီးကြီး မဟုတ်ပါ။

"ကြီးဆင့်၊ မောင်တို့ မေမေ ဆုံးတော့ရော ဒီရောဂါနဲ့ပဲလား"

"ဟုတ်တယ်၊ တဖြည်းဖြည်း အားယုတ်လာတာပဲ၊ ဆရာ 'ဦးသာမြင့်'ရဲ့ ဆေးတွေက အစကတော့ သက်သာသား၊ နောက် ပိုင်းမှာ မတိုးတော့ဘူး၊ ပိုပိုတောင် ဆိုးလာပါသေးတယ်ကွယ်၊ လင်း သွားမပြောနဲ့နော် တူမကြီး"

"ဟုတ်ကဲ့၊ မပြောနဲ့ဆို မပြောပါဘူး"

"နောက်ဆုံး ဆေးတစ်ခွက် တိုက်ပြီး မေးစိသွားတာပဲ၊ အဲ ဖြေဆေးဆိုပြီး နောက်တစ်ခွက် ဆင့်အတိုက်လိုက်မှာ တစ်ခါတည်း သတိပြန်မလည်လာတော့ဘူး"

"အို၊ ဖြစ်မှဖြစ်ရလေ၊ ဆေးကို ဦးမန်းဖဲ တိုက်တာလား"

"မဟုတ်ဘူး၊ ကြီးဆင့်တိုက်တာ"

"ဆရာပေးခဲ့တဲ့ ဆေးပဲပေါ့နော်"

"ဒါပေါ့"

"ဆရာ ပြန်မခေါ်ဘူးလား"

"ခေါ်ပါတယ်၊ မမီတော့ဘူး"

ခြေရာလည်းပျောက် ရေလည်းနောက်ချေပြီ။ ဒေါ်ခင်ခင် မြင့်၏ အလောင်းမှ သဲလွန်စလည်း တစ်စမျှ မကျန်တော့ပြီ။ တူးဖော်စစ်ဆေး စရာလည်း မကျန်တော့။ ကိုယ်ခန္ဓာတစ်ခုလုံး ဖုတ်ကျည်းသဂြိုဟ်ပြီး လေပြီ။

ဒေါ်ခင်ခင်မြင့် သေဆုံးရပုံမှာ သနားစရာ ရင်နာစရာ ကောင်း လှခြင်းနှင့်အတူ သံသယဝင်စရာလည်း ကောင်းလှပေသည်။





အနားတွင် ချစ်လှစွာသော တစ်ဦးတည်းသော သားလည်း ရှိမနေ သလို၊ သူ ချစ်ခင်မြတ်နိုးစွာဖြင့် လက်ထပ်ထားသော ဦးမန်းဖဲလည်း မရှိ။ သူ့အလုပ်ရှိရာသို့ သွားနေခိုက် ဖြစ်သည်။

ညီအစ်မရင်းချင်းမို့ ကြီးဆင့်ပေါ်ဖြင့် မလေး သံသယ မဝင်လို သော်လည်း ဆေးတစ်ခွက်တိုက်အပြီးတွင် မေးစိသွားသည်။ ဒုတိယ တစ်ခွက်တွင် သတိပြန်မလည်လာတော့ဟု သိရသည်။

"ဒီဆေးမှာများ အို...အို...ငါနဲ့မဆိုင်ပါဘူးလေ၊ မမြင်ဖူး သိုက်ရတဲ့ ယောက္ခမအတွက် ငါအတွေးတွေများ လွန်သွားပြီလား"

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၃)

"ပြည့်"

"ရှင်"

"ပြည့်ကလည်းကွာ၊ ရှင်...ရှင်နဲ့၊ အရှင်သခင်ကို ထူးသလိုပဲ"

"ဩော်၊ ခင်ပွန်းဆိုတာလည်း အရှင်သခင်ပဲ မဟုတ်လား"

"မဟုတ်ဘူးပြည့်၊ ခင်ပွန်းဆိုတာ အရိအသေခံနေရမယ့် အရှင်သခင် မဟုတ်ဘူး"

"အိမ်ထောင် သဘာရင့်နေတဲ့ အမေကတော့ မှာလိုက် တာပဲ ခင်ပွန်းသည်ကို ရိုသေရမယ်၊ လေးစားရမယ်၊ အရာတိုင်းရဲ့ ရှေ့မှာ ထားရမယ်တဲ့"

"ဟား...ဟား၊ ဒါဖြင့် ဒီအဘွားကြီးတွေ မူအတိုင်း နေမယ်ပေါ့ မရဘူး၊ မောင့်ကို ရှေ့မှာချည်း မထားပါနဲ့ ပြည့်ရာ၊ ပြည့်ကိုလည်း မောင်က မြင်ချင်သေးတာပေါ့၊ ဘယ့်နဲ့၊ ရှေ့ကဆိုတော့ အမြဲ နောက်ခိုင်းကြီး နေနေရမှာ"

"အို မောင်ကလည်းလေ၊ သဘောကို ပြောပြတာပေါ့"

ရဲဇော်လင်းက မလေးကို မြတ်မြတ်နိုးနိုး ဖက်ပွေ့ထား ရှာသည်။ မလေး နောက်ပိုင်းတွင် ဘာ မြော်မြင်စရာမှ မရှိ။ မလေးကို တီးတိုး တွင်မြင်ခဲ့ရာမှ ချစ်မြတ်နိုးစိတ် သက်သက် ဖြင့် တောင်းရမ်းယူလေသည်။

"ကိုယ့်ခင်ပွန်းသည်ကို ချစ်နိုင်အောင် ကြိုးစားပါ သမီး" ဟူ၍ အမေ မှာကြားလိုက်သည့် စကားများက ထိမိလှပါသည်။ မလေး





အစွတ္တ နှလုံးသား အကြောင်းကို ကောင်းကောင်း သိနှင့်ပြီးသော အမေ၏ မှာကြားပုံက ပညာသား ပါလှပါပေသည်။

"ပြည့်"

"ရှင်"

"ဟော..."

"အို...မောင်...မောင်"

"ဒီလိုမှပေါ့ ပြည့်ရဲ့"

"မောင် ဘာပြောမလို့ ဒီလောက် ခေါ်နေတာလဲ"

"ဘာပဲဖြစ်ဖြစ်၊ ပြည့်နဲ့ပြောနေရရင် ပြည့်စုံပါပြီဗျား"

"မောင့်မှာ ဦးတည်ချက်စကား မရှိဘူးပေါ့နော်"

"စည်းဝေးပွဲမှ မဟုတ်ဘဲ ပြည့်ရဲ့၊ ညားကာစ လင်မယားပဲ၊ ကောမရှိ စကားရှာပြီး ပြောကြဆိုကြတာပေါ့"

"ဒီလိုဆိုရင် ပြည့်မှာ ပြောစရာ စကား ရှိနေပါတယ်"

"ပြောစေဗျား"

"အရှင်သခင် မဟုတ်ဘူး ဆိုသေးတယ်၊ ရှင်ဘုရင့် အိုက်တင်နဲ့"

"ဟဲ...ဟဲ"

"မောင်"

"ကဲ...ပြောပြော"

"ပြည့်တို့ ဘယ်တော့လောက် တီးတိန် ပြန်ကြမှာလဲ"

"ပြန်ချင်လှပြီလား"

"ဟုတ်တယ်၊ ပြန်ချင်ပြီ၊ ဒီအိမ်မှာ ပြည့် အကြာကြီးမနေချင်ဘူး"

"ဘာဖြစ်လို့လဲ ပြည့်ရဲ့"

"အမိက အကြောင်းကတော့ ပြစရာမရှိပါဘူး၊ ခုလို နွေရာသီမှာ သိပ်လှတဲ့ ချင်းတောင်ကိုလည်း လွမ်းတယ်၊ ပြီး တော့..."

"ဆက်လေ..."

"ဒီအိမ်မှာလည်း မနေချင်ဘူး၊ ဦးမန်းခံဆိုတဲ့ အဘိုးကြီးနဲ့ ဟိုတစ်နေ့က တစ်ခါဆုံတယ်၊ လန့်သွားတာပဲ"

"ဘာဆိုင်လဲ ပြည့်ရယ်၊ ဘာမှမဆိုင်ဘူး"

"ပြည့် သိတော့သိပါတယ်၊ ဒါပေမယ့် ဒီမှာနေရတာကိုစိတ်က



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးကြီးပဲ၊ မောင်လည်း မြို့ပြအင်ဂျင်နီယာအောင်ပြီး တီးတိန်မြို့... အောက်လုပ်ရေးဌာနမှာ တာဝန်ကျနေပြီပဲ၊ အားလုံး စိတ်အေးငြိမ်းသွား... ရအောင် ပြည့်တို့ တီးတိန် ပြန်ကြပါစို့ကွယ်”

မလေးမှာ အပျိုစင်ဘဝက စိတ်၏ယိုယွင်းမှုလေးများ အားလုံး... တွံတေးမြို့တွင် လည်းကောင်း၊ ရန်ကုန်မြို့တွင်လည်းကောင်း၊ ထား... ခဲ့ချင်ပါပြီ။

နှလုံးသားအသစ်ဖြင့် ခင်ပွန်းသည်ကို ချစ်သော အိမ်ရှင်မကောင်း... တစ်ယောက် အဖြစ်နှင့် ရပ်တည်နိုင်ဖို့ ကြိုးစားရန် မလေး သန္နိဋ္ဌာန်... ချပြီးဖြစ်ပေသည်။

‘ကိုထွေး’ ဆိုသည်ကိုဖြင့် မလေး၏ အသက်နှင့်အမျှ ချစ်... သံယောဇဉ် တွယ်နေမိမည် မှန်သော်လည်း မလေး စိတ်ပြောင်းနိုင်... ပါပြီ။ အဖြူသက်သက် မေတ္တာဖြင့် သွေးနှယ်သော ချစ်ခြင်းမျိုးဖြ... သန့်သန့်စင်စင် ချစ်၍ရခဲ့ပါပြီ။

သူက အရင်စ၍ လမ်းခွဲခဲ့သည်။ သူ လျှောက်သွားသော... လမ်းခွဲ၏ ထိပ်မှ မလေး မေးခဲ့ပါသေးသည်။ သား တစ်ယောက်အ... နံ့ချာလေသော သူ့ဘဝလမ်းတွင်းသို့ မလေးကို ဝင်ခွင့် မပြုခဲ့ရှာ...

သူကိုယ်တိုင် ညွှန်ပြခဲ့သောလမ်းသို့ မလေးလျှောက်ခဲ့ရပြီးလေပြီ...

မိဘများ ညွှန်ကြားလမ်းထွင်ခဲ့သည့် လမ်းအတိုင်း ရဲဇာလင်း... လက်တွဲလျက် မလေး လျှောက်လှမ်းလာခဲ့ပြီးလေပြီ။

ယင်းလမ်းအတိုင်းပင် ကောင်းအတူ ဆိုးမခွဲ ‘မောင်’ ကိုလက်တွဲ... သေတစ်ပန်သက်တစ်ဆုံး လျှောက်လှမ်းပါတော့မည် ဟူ၍ မလေ... အသေအချာ ဆုံးဖြတ်ခဲ့ပြီးပါပြီ။

သည့်အတွက်ကြောင့် “ပြည့်တို့ တီးတိန်ပြန်ကြပါစို့ကွယ်” ဟူ... ခင်ပွန်းသည်ကိုပူဆာမိလေပြီ။ တီးတိန်တွင် တစ်အိုးတစ်အိမ်ထူထောင်... ကိုယ့်အိမ်ထောင် သာယာရေးကိုသာ ရှေ့ရှုပါတော့မည်ဟူ၍ မလေ... ဆန္ဒကြီးစွာ ရှိနေမိပါပြီ။

“ဪ၊ ဒီမှာပြည့်”

“ဟုတ်ကဲ့ပါ မောင်”

လင်နဲ့မယား စကားပြောနေရာမှ အတွေးလွန်သွားမိသော...





...လေးမှာ ခင်ပွန်းသည်၏ စကားသံ၌ အာရုံပြန်စိုက်ရပါ၏။

“တီးတိန်ကိုတော့ လောလောဆယ် မပြန်ချင်ပါနဲ့ဦး၊ မောင် ...လည်း လက်ထပ်ဖို့ ခွင့်ယူထားတဲ့ ခွင့်ပြည့်လို့ အလုပ် ပြန်ဝင်တာနဲ့ ...တီးတိန်ပြောင်းရမှာနဲ့ အတော်ပဲ၊ ပြည့်လည်း ကျောင်းဖွင့်ဖို့ တစ်လနီးပါး ...ရှိသေးတာပဲ၊ မောင်တို့ လင်မယား ပျော်ပျော်ပါးပါး ရန်ကုန်မှာပဲ ...နေကြပါဦးစို့ရဲ့နော်”

“မောင့်သဘောပါပဲလေ”

သည်သို့ဖြင့် မလေးတို့၏ မင်္ဂလာဦးရက်များကို ရန်ကုန်တွင်ပင် ...ကုန်လွန်ခဲ့ရသည်။

သည်ရက်များအတွင်း မောင်နှင့် ရုပ်ရှင်သွား၊ ဘုရားတက်၊ ...စားသောက်ဆိုင်များဝင်နှင့် သွားကြလာကြ၊ လည်ပတ်ကြသည့်အချိန် ...များ၌သာ မောင့်မျက်နှာကို ရွှင်ရွှင်လန်းလန်း မြင်ရသည်။ တခြား ...အချိန်များ၌ မောင်သည် အမြဲ အလုပ်ရှုပ်နေသည်။ မျက်မှောင်ကုတ်၍ ...ကြေမချမ်း ဖြစ်နေတတ်သည်။ ဦးမန်းဇံနှင့် ပတ်သက်သောအမှုကိစ္စ ...ပြီးပြတ် မရှင်းလင်းသေး၍ပင် ဖြစ်မည် ထင်ပါ၏။

အပေါ်ထပ်သို့ ရေမလာသော နေ့တစ်နေ့တွင် မလေးမှာ ...ခွက်ဖေး လေကားမှဆင်း၍ ရေလှောင်အုတ်ကန်တွင် လျှော်ပြီး ...အဝတ်များကို ဆေးကြောနေမိသည်။

အိမ်မှုကိစ္စများကို မောင်မရှိသည့်အခါများတွင်သာ မလေး ...ဆောင်ရသည်။ မလေး အလုပ်လုပ်နေသည်ကို မောင်က မကြိုက်။ ...ဖော်ခေါ်၍လည်း မဖြစ်။ သည်အိမ်တွင် ဧည့်သည် အဖြစ်နှင့် ...သာ နေကြရမည်မို့ပါ။ မိခင်နီးပါး အရွယ်၊ ကြီးဆင့်ကိုလည်း ...လေး မခိုင်းရက်။ ယနေ့ဖြင့် မောင် မရှိခိုက် ချေးအလိမ်းလိမ်း ...နေသော ကန့်လန့်ကာများနှင့် အဝတ်အစား အနည်းငယ်ကို ...ပါထပ်တွင် လျှော်ခဲ့ပြီးလေပြီ။ ရေလှောင်ကန်မှ ရေများဖြင့်မလေး ...ကြောနေခိုက်...

“တူမကြီး”

“ဪ၊ ကြီးဆင့်၊ ဘာလဲဟင်”

“ခဏ စကားပြောချင်လို့တဲ့”



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်သူကလဲ”

“ကိုမန်းဇံက...”

“အို...”

“လာပါဦး၊ အဲဒါတွေ ခဏထားခဲ့ပါ”

“မလေးနဲ့ ပြောစရာ ဘာအကြောင်းမှ မရှိပါဘူး ကြီးဆင့် မောင်ပြန်လာမှပဲ ပြောစရာရှိတာ ပြောပါလို့ ပြောပေးပါ ကြီးဆင့်”

“မဟုတ်ဘူး၊ တူမကြီးရဲ့ လင်မရှိတုန်း ပြောချင်တာတဲ့၊ လာပါ ခဏလေးပါတဲ့”

ခက်ချေပြီ။ ဦးမန်းဇံဘက်ကပင် ရှိနေသလိုလို၊ ကြီးဆင့်... မလေး၏ လက်ကိုပင် လာဆွဲခေါ်နေပါ၏။ လက် ရေ စက်လက်... မလေးမှာ နောက်ဖေးခန်းမှ တစ်ဆင့် အိမ်ရှေ့သို့ ထွက်လာခဲ့ရသည်... ဒေါ်ခင်ခင်မြင့် မသေဆုံးမီက ကြီးဆင့်မှာ ဤအောက်ထပ်တွင်... ညီမနှင့်အတူနေသည်။ ယခုတိုင် သူ့ အဝတ်အစားနှင့် အိပ်... အောက်ထပ်မှာ ရှိသေးသည်။ မောင် အိမ်သို့ ပြန်ရောက်လာ၍... စားမှုသောက်မှုနှင့် အထွေထွေကိစ္စအတွက် သူ အိမ်ပေါ်တွင် တက်... သော်လည်း ကြီးဆင့်မှာ အောက်ထပ်တွင်လည်း အိမ်သားပမာ... ဦးမန်းဇံနှင့်လည်း အလျှဉ်းသင့်ပုံရပါ၏။

“ထိုင်ပါ ဆရာမ၊ အချိန် ခဏပေးပါ၊ ဆွေးနွေးစရာ... နည်းနည်း ရှိလို့ပါ”

ဦးမန်းဇံ၏ အသံက စည်ဟိန်းထွက်လာသည်။ မလေးပင်... အကြောင်းမဲ့ဖြင့် ရင်လှပ်လှပ် ခုန်လာမိသည်။ ကြောက်ရွံ့ လာမိသ... ဦးမန်းဇံမှာ အရပ်ရှည်၍ ကိုယ်ခန္ဓာ တုတ်ခိုင် သည်။ နဖူးပြောင်ပြော... နှာခေါင်းပေါ်ပေါ်ပင်။ နှုတ်ခမ်းက မလှပ၊ မျက်ခုံးမွေးကျဲကျဲ... စူးရှသော မျက်ဝန်းပေါ်၌ရွှေကိုင်း နှင့် မှန်ချည်းသာပါသော အကျ... မျက်မှန်ကို တပ်ဆင်ထားပါ၏။ အသက်ငါးဆယ် ဝန်းကျင်...

“ဒီလိုပါ ဆရာမ၊ မြင့် ဆုံးသွားပြီးတော့ အမွေကိစ္စ ရှင်းလ... ကျွန်တော်နဲ့ ကိုလင်းတို့ နှစ်ယောက်ပဲ ထိပ်တိုက် တွေ့ကြရမ... ရှိတယ်၊ တခြား ရှုပ်လာမယ့်လူ၊ ပါဝင်လာမယ့်လူ တစ်ယော... မရှိပါဘူး၊ ဒီတော့ ဒီလူနှစ်ဦး ပြေလည်မှု၊ ကြေအေးမှုရှိ...





...အားလုံး ပြီးပြေသွားကြရမယ့် ကိစ္စပါ”

“ဒီကိစ္စထဲမှာ ကျွန်မတော့ ဝင် မပါ၊ပါရစေနဲ့လားရှင်”

မလေးမှာ ဦးမန်းဇံ၏ ရှေ့မှောက်ရောက်နေသည်ကိုပင် ဘဝင် ...ကျနိုင်၊ မောင်နှင့် မုန်းတီးနေသူနှင့်လည်း မလေးအနေနှင့် ပြေပြေ ...သည်လည်း မဆက်ဆံထိုက်။ ပြီးတော့ ဦးမန်းဇံဆိုသူ၏ အကြောင်းကို ...သည်း မောင်နှင့် မတွေ့ဆုံ မပတ်သက်မီ အချိန်ကပင် ကြားဖူးခဲ့ပြီး ...ခဲ့ချေသည်။

“နေပါဦး တူမကြီးရဲ့၊ ကြီးဆင့်ကလည်း အပြတ် ဆွေးနွေးလိုက် ...ချင်ပါတယ်”

ဒေါ်ခင်ခင်ဆင့်သည်ပင်လျှင် ဦးမန်းဇံ၏ အကြံအစည်ကို ...ထောက်အကူပြု၍ နေလေပြီကော။

“ဒီလိုပါ ဆရာမ၊ နှစ်ယောက်တည်းရှင်းလို့ ရနိုင်တဲ့ ပြဿနာကို ...လကား တခြားလူတွေ ဝင်မပါလာရအောင်ပါ၊ အခု ကိုလင်းက ...နေတွေငှားပြီး တရားရုံးမှာဖြေရှင်းကြဖို့ စီစဉ်ပြီးနေပါပြီ၊ အဲဒါကြောင့် ...ရာမပဲ ကြားဝင်ပေးပါ၊ အခုချိန်မှာ ဆရာမရဲ့စကားဟာ အောင်မြင် ...မယ်လို့ ကျွန်တော် ယုံကြည်ထားပါတယ်”

“ကျွန်မက ဘာပြောပေးရမှာလဲရှင်”

မလေးမှာ ဤအကျဉ်းအကြပ်တွင်းမှ အမြန် လွတ်ကင်းစေလို ...ဖြင့် စကားနိဂုံးကို မေးလိုက်ရသည်။

“တိုတိုကြိုက်ရင်လည်း ပြောပါမယ်၊ ဒီလိုပါ ဆရာမ၊ အတွင်း ...ည်းတွေကတော့ သူ့ဆေးကုရတာနဲ့ ကုန်သလောက် ရှိပြီ ဆိုပါတော့၊ ...ဲ့ အနည်းအကျဉ်း အကုန်လုံးကို ပေးပါမယ်၊ အိမ်တွင်းပစ္စည်း ...လည်း အားလုံးယူပါ၊ ဆရာမတို့လည်း အိမ်ထောင်ထူကာစ ...တ်လား၊ ကျွန်တော် အကုန်ပေးပါ့မယ်”

“ဟုတ်ကဲ့၊ ဆက်ပြောပါ”

“အဲ၊ ဒီတိုက်နဲ့ မြေကိုတော့ ကျွန်တော့် မိန်းမ နာမည် နဲ့မို့ ...တော် ယူပါရစေ၊ ဒီအတွက်လည်း နစ်နာတယ်လို့ ထင်မှာစိုးလို့ ...တော် ငွေသား အသားတင် သုံးသောင်း ပေးပါ့မယ်၊ ကြေအေး ...ပါလို့ ပြောပေးစေချင်ပါတယ် ဆရာမ”

...ရ လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကောင်းပါပြီ၊ ဒီစကားအတိုင်း ကျွန်မ မောင် ဆက်ဆက် ပြောပေးပါ့မယ်၊ ဒါပဲ မဟုတ်လား"

"အို၊ ဒီလို မဟုတ်သေးဘူးလေ"

စကားပြောနေရင်း နေရာမှ ထလိုက်သော မလေးကို ဦးမန်း လက်ကာရင်း ပြောကြားသည်။ သူ့အမူအရာကလည်း စိတ်ပျက်ဟ စိတ်မကြည်သာဟန်မျိုးဖြင့်။

"ဟုတ်သားပဲ တူမကြီးရဲ့၊ ကိုယ့်ယောက်ျားကိုပြောတာ ဒီ တုံးတိတိကြီး ပြောလို့ ဘယ်ကောင်းမလဲ၊ အလိမ္မာနဲ့ ကြည့်ပြော ကိုလင်းက တူမကြီးကို သိပ်ချစ်တာ၊ တူမကြီး ပြီးရင် သူ ပြီးမှာ

"ဟုတ်ပါတယ် ဆရာမ၊ မမဆင့် ပြောသလိုပါပဲ၊ အိမ်ထော သည့် သဘာဝမှာ နေ့နီးသည်ရဲ့ စကားဟာ အောင်မြင်ရိုး ထုံးစံရှိပါတ ကျွန်တော်တို့လည်း တစ်ချိန်က 'မြင့်' ပြောရင် ပြီးခဲ့တာချည်းပ ဟဲ...ဟဲ၊ ဒီတော့ ဆရာမ အိမ်ထောင်ထူထောင်ရာမှာလည်း ငွေ ရော၊ အိမ်ထောင် ပရိဘောဂပါ ဖူလုံသွားရအောင် ကျွန်တော့်စကား လက်ခံ လိုက်ပါလို့ ပြောပေးပါ၊ ကျွန်တော်ဟာ ကျေးဇူးတရားကို တတ်သူပါ ဆရာမ၊ ကျွန်တော် ပြောချင်တာ ဒါပါပဲ"

"ဟုတ်ကဲ့၊ ဒါဖြင့် ကျွန်မကို ခွင့်ပြုပါတော့နော်"

ကြီးဆင့်က မလေး ကဲ့သို့ မတ်တတ်မရပ်ပါဘဲ ထိုင်နေ မလေး သူ့ကို မခေါ်တော့။ တိုက်တွင်းမှလည်း ဖြတ်၍ မသွား မလေးမှာ တိုက်ပြင်သို့ ထွက်၍ ခြံဝင်းအတွင်း လမ်းအတိုင်းကွေ့ပ ရေကန်ရှိရာသို့ လာခဲ့ရသည်။

"ကြီးဆင့်၊ ကြီးဆင့်ဟာ ကိုယ့်တူဘက်ကတော့ မ ဘယ်နဲ့ကြောင့်များ သူစိမ်းဘက်က ရပ်ပေးနေရတာပါလိမ့်"

* * *

"ဟုတ်တယ်၊ ကြီးဆင့်ဟာ ကိုယ့်တူဘက်က မရပ်ဘဲဘာ များ ဒီကောင်ကြီးဘက်က ရှိနေရတာလဲ"

မလေး၏ ရင်တွင်း တွေးခေါ်ချက်အတိုင်း မောင်က ပြော နေ လာပြီ။
မရှိပါဘူး





ဦးမန်းဖဲနှင့် ဆုံတွေ့ပြီးသည့် ညနေတွင်ပင် မောင့်ကို မလေး သေးစိတ် ပြန်လည် ပြောပြမိသည်။ ပြောပြသည် ဆိုရာ၌လည်း မိုက်တို့ သဘာဝအတိုင်း ခရီးရောက်မဆိုက် အမောတကော ပြောခြင်းမဟုတ်ပါ။ ပန်းလာသော မောင် လန်းသွားစေရန် ရေချိုးဖို့ ပေး၊ ထမင်းကျွေးပြီး၊ စိတ် အေးလက်အေး ရှိလောက်သည့် ချိန်အခါကျလေမှ ပြောပြ ခဲ့ခြင်း ဖြစ်ပါ၏။

"မောင်မရှိတဲ့အခါ ကြီးဆင့်အပေါ်မှာ နေလား၊ အောက်မှာ လား ပြည့်"

"မှန်တာ ပြောရရင်တော့ အပေါ်မှာအနေများပါတယ်၊ ဒါပေမယ့် န်းဖဲပြန်လာရင် သူ အောက်ဆင်းသွားတတ် ပါတယ် မောင်"

"အဲဒါသာ ကြည့်တော့ ပြည့်၊ ကြီးဆင့်ဟာ ဘယ်လောက် အသိဉာဏ် နည်းပါးလိုက်သလဲလို့၊ မဖြစ်ဘူး၊ သူ့ကို ဒီအိမ်မှာ ားလို့ မဖြစ်ဘူး"

"ကြီးဆင့်ကို သတိပေးရရင် မကောင်းဘူးလား မောင်ရယ်၊ ည့်နဲ့လည်း အဖော်ရတာပေါ့၊ ပြီးတော့ သူ ဘယ်မှာ သွားနေမှာလဲ၊ ာင်တို့နဲ့ပဲ တစ်သက်လုံး အတူနေခဲ့ကြတာဆို"

"ဟုတ်တယ် ပြည့်၊ ဒါပေမယ့် ကြီးဆင့်ဟာ မလွယ်ဘူး၊ ဘာမဆို လွယ်တဲ့လူဟာ အရာရာမှာ မလွယ်ဆုံးပဲ၊ သူ့ကို ဦးမန်းဖဲက မ်းမိုးထားနေပြီ၊ ကြီးဆင့်ကို အမြန်ဆုံး ခွဲထုတ်မှ ဖြစ်မယ် ပြည့်၊ င် သိတယ်"

သူတို့ တူဝရီးချင်း ပြဿနာကို မလေး ကြားမဝင်လိုတော့ပါ။ ခေါ်မှာ ချစ်ခင် သံယောဇဉ်စိတ် မကြီးမားခင် ကြီးဆင့် သွားချင် ည်းသွားပါစေတော့ ဟူသော အတွေးများဖြင့် မလေး ရေငုံနေ က်သည်။ ရှေ့ဆောင်နိုင်သော ခင်ပွန်းသည်၏နောက်မှ လိုက်လျော သည်သာ အသာယာဆုံးလမ်း ဖြစ်မှာပါ။ ယင်းသဘောတရား ကို ကြေညက်ခဲ့သော မလေးသည် အသက်နှင့်အမျှ "မလေးက" တင်စား သုံး နှုန်းခဲ့သော်လည်း ခင်ပွန်းသည် ခေါ်သည့်အတိုင်း စ်ဦး တည်းအတွက် 'ပြည့်' ဟူ၍ တုန့်ပြန်ခဲ့သည်ကိုသာကြည့်ပါ။

နောက်တစ်နေ့တွင်ပင် ကြီးဆင့်တစ်ယောက် ပြောင်းရ လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မောင်၏ ဘကြီး၊ ကြီးဆင့်၏ အစ်ကိုကြီးတစ်ယောက် အိမ်သို့ပို့ပါ၏
သွားရကာနီး ဆဲဆဲ၌ပင် ဦးမန်းဖံကို ဝင်၍ နှုတ်ဆက်သွား
သေးသည်။ မောင့်မှာ အံကို ကြိတ်ခဲထားသော်လည်း ကြီး ကြီးဆင့်
ဘာမှ မပြောတော့ပါဘဲနှင့် ဘကြီးဖြစ်သူလက်သို့ ထည့်ပေးလိုက်
တော့သည်။

"အဲဒါပဲကြည့်တော့ ပြည့်၊ ဦးမန်းဖံနဲ့ ဆက်သွယ်မှာ စိုး
ပို့တာပါလို့ သိရဲ့သားနဲ့ ဝင်ပြီး နှုတ်ဆက်ဖြစ်အောင် နှုတ်ဆက်လို
သေးတယ်၊ ဟိုက ဘာစကားတွေ မှာထည့်လိုက် သေးလဲ မသိ
ဘွာပြောပြော မောင် ဂရုမစိုက်ပါဘူး၊ မောင် စိတ်မကောင်းတာတစ်
ရှိတယ်"

"ဘာများလဲ မောင်"

"ဩော်၊ ပြည့်ကို လက်ထပ်လာပြီးတဲ့ ကြင်စဦး အချိန်လေး
စိတ်မကောင်းစရာတွေနဲ့ ကြုံနေရတဲ့အတွက် ပြည့်ကို မောင် သနား
တယ်ကွယ်"

"ပြည့်အတွက် စိတ်အနှောင့်အယှက် မဖြစ်ပါစေနဲ့မော
ကိုယ့်ခင်ပွန်းသည်နဲ့အတူ အေးအတူ ပူအမျှ ဆိုတဲ့ စကား အတိ
နေနိုင်အောင် ပြည့် အစွမ်းကုန် ကြိုးစားနေပါတယ်ရှင်"

"ပြည့်၊ မောင့်အချစ်ရယ်"

"ချစ်လှပါသည်"ဆိုသော စကားတစ်လုံးမျှ မပါ၊ပါဘဲ
မောင့်အတွက် ပြည့် အဖြေမှာ ပြီးပြည့်စုံနေပါပြီ။ ဆိုခဲ့သည့် အတိ
လည်း ကျင့်ကြံ နေထိုင်ပါတော့မည် ဟူ၍ မလေး ဆုံးဖြတ်ပြီးခဲ့ပါလေ
မောင်သည် စေတနာပါသော ဇနီးသည်၏စကားများကြောင့် မြတ်
နိုးနိုးဖြင့် နမ်းရှိုက်သည်။

မေတ္တာ မမြင့်မားလှသေး၍ ရင်တွင်းလှုပ်ရှားမှု နည်း
သေးသော်လည်း မလေးမှာ မောင်၏ရင်ခွင်မှာ သာယာခြင်း နိဒါ
လေးများ ယှက်သန်းစ ပြုလာခဲ့ပါပြီ။

"ပြည့်"

"မောင်"

"မောင့်အမွေကိစ္စ ပြီးပြတ်သွားရင် ပြည့်ပြည့်စုံစုံ တင့်တင့်တ





ဘယ် ထားနိုင်ပါပြီကွယ်၊ မောင် ပြည့်ကို ဆင်ချင်၊ ဝယ်ပေးချင်တာတွေ
ပြည့်လို့ပါ ပြည့်၊ ဒီကောင်ကြီး မတရား လိုချင်လေ မောင်မပေးချင်
လေပါ၊ မကြာခင် ရင်ဆိုင်ကြရမှာပဲ"

"ပြည့်ဟာ ငယ်ငယ်တည်းက တပ်မက်ခြင်း နည်းခဲ့တဲ့ မိန်းမ
တစ်ယောက်ပါမောင်၊ အိမ်ထောင်သည် ပြည့်အဖို့ ဘာမှ သိပ်ပြီး
လိုအပ်လှပါဘူး၊ ပြည့် စိတ်ချမ်းသာချင်တဲ့ ဆန္ဒပဲ ရှိပါတယ်၊
အပူတောက လာခဲ့ရတဲ့ ပြည့်အတွက် အေးငြိမ်းမှုလေးရရင်ပဲ ကျေနပ်
နှစ်သိမ့်လှပါပြီမောင်ရယ်"

"စိတ်ချ၊ စိတ်ချပါ၊ ပြည့် ဘယ်တော့မှ စိတ်မဆင်းရဲစေရပါဘူး"

"အပူတောမှ လာသူ" ဟူ၍ ထည့်သွင်း ပြောကြားမိသော်လည်း
ရဲအော်လင်းက မှတ်သား၍ သတိထားမိဟန် မတူ၊ ကြည်ဖြူစိတ်ဖြင့်
ကြည့်နေဆဲ ကာလမို့ အရာ အားလုံးသည် အဖြူရောင် မေတ္တာဦးတွင်
မှုန်းထင်းကွက်ပေရိုး ထုံးစံမရှိခဲ့။

မလေး အနေနှင့်လည်း ကြိုတင် ဖွင့်ဟ၍ ဝန်ခံရလောက်အောင်
မေတ္တာခရီးလမ်းက မကြမ်းတမ်းခဲ့ပါ။ သူငယ်ချင်း စိတ်ဖြင့် ကိုထွေးနှင့်
တွဲခဲ့ကြသည်။ ရင်တွင်း ခံစားစိတ်များဖြင့် ပေါက်ကွဲမတတ် ဖြစ်ခဲ့ရ
သည်မှ လွဲ၍ ဝန်ခံတင်ပြစရာ သက်သေမျှပင် မရှိခဲ့သော မလေး။

အိမ်ထောင်ရှင် တစ်ယောက် ဖြစ်လာခဲ့ပြီးသည့်နောက်တွင်
**'နှမ်းအတိတ်ဆီမှ'** ကိုထွေးသည် မလေး၏ ဘဝနှင့် တဖြည်းဖြည်း
ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့လေတော့မည် ဟူ၍ မလေး တစ်ထစ်ချ
တွေးခဲ့မိသော်လည်း...။

ငယ်စဉ်ဘဝ၊ အပျိုစင်ဘဝက တွဲခဲ့ကြသော ကိုထွေးနှင့်
ပတ်သက်ခဲ့မှုများသည် မလေး၏ အိမ်ထောင်ရေး ကမ်းပါးကြီး ကို
ထိပါး တိုက်စားမည့် လှိုင်းများပမာ ဖြစ်ထွန်းလာပေဦး မည်ဟူ၍
မလေးမှာ လုံးဝ မမျှော်လင့်ခဲ့ပါသော်လည်း...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၄)

အမေ ရောက်နေသည်ဆို၍ မရောက်သည်မှာ ကြာပြီ ဖြစ်သော မဟာဗန္ဓုလပန်းခြံလမ်းမှ 'အန်တီစုခင်'တို့ အိမ်သို့ မလေး လိုက်လာခဲ့ရသည်။

"ပြည့်ကို မောင် ဘယ်အချိန် လာခေါ်ရမလဲ"

"ပြည့်ဟာပြည့် ပြန်ခဲ့မယ်လေ"

"နီး၊ မရဘူး၊ စိတ်မချဘူး၊ မပြန်ရဘူး"

"ဩော်၊ မောင်ရယ်၊ ဒါဖြင့်လည်း မောင့်ကိစ္စ ပြီးတဲ့အချိန် လာလေ၊ ပြည့် ဒီမှာ တစ်ချိန်လုံး အမေနဲ့ ရှိနေမှာပါ၊ ဘယ်မှ မသွားပါဘူး"

"နေပါ၊ ဒါဖြင့် မောင် လေးနာရီလောက်မှ လာခေါ်မယ် ဟုတ်လား၊ မပြန်နှင့်နဲ့နော်"

"စိတ်ချပါ၊ မောင့်ဆန္ဒကို ဘယ်တော့မှ ကျော်လွန်ပြီး မလုပ်ပါဘူး"

"ဒါတွေကြောင့် သိပ်ချစ်(စ)"

မောင်က ကျီစယ်စကားဖြင့် မလေးနား ကပ်၍ မျက်စိတစ်ဖက် မှိတ်၍ ပြောကြားသည်။ လှေကားမှ ဆင်းသွားသော မောင့်ကိုမမြင်ရ မလေး တံခါးကို ပိတ်လိုက်သည်။

"သမီးကို မြင်ရတာ အမေ စိတ်ချမ်းသာလိုက်တာ"

ဖီးယက်ကားကြီး စီးပြီး ရောက်လာသော သမီး၊ ခင်ပွန်းသည်၏ သယမြတ်နိုးမှုကို ခံယူနေရသော သူ့ ချစ်သမီးကိုကြည့်၍ ခေါ်အေးသွယ် မှာ ပီတိတရားများဖြင့် ဖြာဖြာဝေနေ ရှာသည်။





အမေနှင့် စကားများ ပြောမကုန်နိုင်အောင် ရှိရသည်။ ကွဲကွာနေသည့် ဆယ်ရက်တာကို ကြာလှပြီထင်နေသော မလေး၏ အမေးများစွာကို အမေက စေ့စုံစွာ ဖြေကြားနေသည်။ အားလုံး ကောင်းသတင်းများချည်းပါ။

"အောင်ဒင်ရယ်လေ၊ အမေ့ကို ငွေသုံးရာ ပို့လိုက်ရှာတယ်၊ သူ ဒုဗိုလ်ဖြစ်ပြီးမှ ပထမဆုံးရတဲ့ လခထဲက အမေနဲ့ အဖေ့ကို ကန်တော့လိုက်ပါတယ်တဲ့၊ သူ့မိုက်ပြစ်တွေကို ခွင့်လွှတ် ပါတဲ့"

အမေက သူ့တစ်ဦးသော သားလေးအကြောင်းကို ပြုံး၍ ပြောသော်လည်း မျက်ရည်များ ဝိုင်းလာရှာသည်။

"ဩော်၊ အသက်စွန့်ပြီး ရှာရတဲ့ပိုက်ဆံ ပေးလိုက်ရှာတာ စားရက်ပါဘူး၊ ငါ့သားလေး ရန်သူ့ကျည်ဆံကလွတ်ပါစေ၊ ချမ်းသာပါစေ၊ ကျန်းမာပါစေ"

အမေက မေတ္တာတွေ ပို့ဝေပြီးမှ…

"အဲဒီငွေထဲက တစ်ရာကို အမေတို့မြို့က ရွှေဆံတော် ဘုရားကြီး ရှိသက်နံး ကပ်လှူတယ်၊ တစ်ရာကို သမီးတို့ အဖေ တစ်ထည်၊ အမေ တစ်ထည် လုံချည် ဝယ်ဝတ်တယ်၊ အဲ၊ နောက်ကျန်တဲ့ တစ်ရာကို 'ဦးဝိသုဒ္ဓ'ကို လှူဖို့ အမေ ရန်ကုန်လာခဲ့တာ၊ အမေတို့ ဆွာက်ထော် သွားကြရအောင်"

ဦးဝိသုဒ္ဓမှာ အမေတို့ ပဋ္ဌင်းတက်ထားသော ဦးဇင်း ဖြစ်ပြီး အသင်တိုက်တွင် ပညာသင်ကြားနေသော ဦးဇင်လေး ဖြစ်ပါ၏။

"အမေကလည်း စောစောက ပြောရောပေါ့၊ သမီး ဒီမှာ တစ်ချိန်လုံး ရှိနေမယ်လို့ မောင့်ကို ပြောလိုက်ပြီးပြီ၊ မတော်လို့ သူများ စောလာရင် သမီးကို မတွေ့တော့ မကောင်းဘူး အမေ"

"ဟုတ်တယ်…ဟုတ်တယ် သမီး၊ ကိုယ့်ဘက်က စကားရှိသည်မှ ကိုယ့်ခင်ပွန်းဘက်ကလည်း တည်လာမယ်၊ မှန်လာမယ်၊ ဒါဖြင့် ဒီမှာပဲ သမီးနေခဲ့၊ အမေ ဒီအိမ်က ညီမ စုစုခင်နဲ့ သွားဖို့ ပြောပြီးသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမေသွားလို့ဖြစ်တယ်ဆိုရင် နေခဲ့မယ်နော်"

"အေး...အေး"

"သြော်၊ အမေ၊ ကြီးကြီးငြိမ်းတို့ရော နေကောင်းကြလား"

မလေးက သိမ်းကြုံး၍ မေးလိုက်သည်။ ကိုထွေး၏ အခြေအနေကိုလည်း ရိုးသားစိတ်ဖြင့် မလေး သိချင်ပါသေးသည်။

"အင်း၊ နေတော့ ကောင်းပါရဲ့၊ မငြိမ်းစိုးက သားတွေချည်သုံးယောက် မွေးထားတော့ ကိုယ့်ကို ဘယ်သူမှ ပြန် မကူနိုင်ကြဘူး ပန်းရှာတယ်ကွယ်၊ သနားပါတယ်၊ သြော်၊ သမီး..."

အမေက ချင့်ချိန်ဟန်ဖြင့် ခေတ္တဆိုင်းငံ့လိုက်ပြီးမှ...

"ဟိုကောင်က စာတစ်စောင်တော့ ပေးလိုက်တယ်၊ သမီး ဖတ်ချင်လား"

'ဟိုကောင်' ဆိုသည်မှာ 'ကိုထွေး'ကို အမေ ရည်ညွှန်းသည်။ မလေး တီးတိန် လွင့်သွားရမှု၊ စိတ်၌ အနာတရ ဖြစ် ခဲ့ရမှုများသည် ကိုထွေးကြောင့်ပါဟု အမေက စိတ်နာနေဆဲ ရှိ သေးသည်။

"အမေ့ သဘောပဲ၊ အမေ ပေးရင်လည်း ဖတ်မယ်"

ကိုယ်တိုင် မဆုံးဖြတ်ရဲ၍ အမေ့ကို လွှဲချလိုက်ရသည်။ ကိုထွေး ဘာတွေများ ရေးထားသလဲဟူ၍ သိလိုစိတ် ရှိပါသော်လည်း သူ့ ရင်တွင်း ခံစားမှုတွေများ ကြားရလေမလားဟူ၍ လည်း မဝံ့မရဲ ရှိမိသည်။

"ကဲ၊ ရော့...ရော့၊ ဘာမှတော့ မပါလှဘူး"

အမေ့ ချွေးခံအင်္ကျီအိတ်တွင်းမှ စာအိတ်မပါသော စာရွက်ပြားလေး တစ်ရွက်ကို အမေက ထုတ်ပေးသည်။ မလေး မလိုက်ဖြစ်တော့ဆို၍ အမေတို့လည်း သွားရန် ဟန်ပြင်နေကြ လေပြီ။

မလေး...

*တို့တွေ ကျန်းမာကြပါတယ်။ နင် မင်္ဂလာဆောင်တဲ့ နေ့တုန်းက ကလေးတစ်ဖက်နဲ့မို့ ငါ ဘာမှ မကူညီနိုင်လို့ ငါ ကော့မှုး သွားနေခဲ့တာပါ။*

*အစ်ကိုအောင်ဒင်ကြီး ဆီကတောင် ငါ့ဆီ စာရှည်ရှင်းတမ်းကြီး တစ်စောင် ရေးပေးလိုက် သေးတယ်။ အခါသင့် အခွင့်ကြုံမှ ငါ ပြပါဦးမယ်။*





*နင်တို့ အိမ်ထောင်ရေး သာယာချမ်းမြေ့ ကြပါစေ၊ ကျန်းမာချမ်းသာကြပါစေလို့ ငါ နေ့ စဉ် ဆုတောင်း နေတယ် မလေး...*

*နင့်ရဲ့သူငယ်ချင်း...*

*ကိုထွေး*

သြော် အမည်းစွန်းလေး တစ်စက်သော်မှ မတင်ရှိလောက်အောင် သန့်စင်မွန်မြတ်လှတဲ့ စေတနာ စာလွှာလေး ကိုထွေးပါးလိုက်ရှာတယ်"

"ကိုထွေးရယ်၊ မလေး စိတ်ထဲမှာလည်း ကိုထွေး ကျန်းမာချမ်းသာပါစေ၊ ခုလို ငုပ်နေရတဲ့ ဘဝမျိုး မဟုတ်ဘဲ တိုးတက်ထွန်းပေါက်ပါစေ ဆိုတဲ့ စေတနာ မေတ္တာသန့်သန့်လေးတွေ မလေး ရင်ထဲမှာ ရှိနေဆဲပါရှင်"

"ဒါနဲ့ အစ်ကိုဆီက စာရှည်ရှင်းတမ်းကြီး ဆိုတာ ဘာများပါလိမ့်၊ အစ်ကိုနဲ့ ကိုထွေးမှာ ဘာပြဿနာများ ရှိနေကြ လို့ပါလိမ့်"

"အို၊ ငါ့အစ်ကို အရင်းဆီက စာပဲ၊ အကြောင်းအရာကြီးမားခဲ့ရင် အမေနဲ့ ပေးလိုက်မှာပဲပေါ့၊ ဒီအကြောင်းကို ခေါင်း တပ်ပြီး သူငါ့ဆီ စာရေးချင်လို့ နေမှာပါ၊ သူ့ရဲ့ သန့်စင်မွန်မြတ် တဲ့ ပန်ဆုလေးတွေ ပြချင်လို့ ဖြစ်မှာပါလေ"

ဤမျှလောက်သာ ကိုထွေးနှင့် ပတ်သက်၍ မလေး တွေးနိုင်ခဲ့ပါသည်။

"ဟာ၊ မပြည့်ပြည့်ဖြိုး ရောက်နေတယ်လား၊ နည်းနည်းငလာတယ်နော်၊ ခုမှ ပိုပြီး လှလာတယ်"

တွေးနေသော မလေးမှာ အသံကြားလေမှ လှည့်ကြည့် ရသည်။ သူ့အရပ်အမောင်းကို မမှတ်မိနိုင်။ ဖွံ့ထွားခြင်း မြန် ဆန်လှသည်။ သူ့မျက်နှာလေးကိုဖြင့် မလေး မမေ့ပါ။

ဇွန် ညီမလေး သီတာ။

စိတ်မှ မှတ်မိလာသည်နှင့် ပြုံး၍ပြလိုက်ရသည်။ တစ်ဆက်တည်းပင် တစ်ချိန်က ချစ်လှစွာသော သူငယ်ချင်း ဇွန်ကိုလည်း ပြန်လည် တမ်းတ အမှတ်ရလာမိသည်နှင့်...



www.burmeseclassic.com

www.burmeseclassic.com



"သီတာကို မြင်တော့ ဖွန့်ကို သတိရလိုက်တာကွယ်၊ မမလည်း ချင်းတောင်မှာ ဆရာမ သွားလုပ်နေတာနဲ့ အဆက်အသွယ် ပြတ်သွား ခဲ့ရတယ်၊ ဘယ်လို ဘယ်လို ဖြစ်သွားရ တာလဲဟင် ညီမသီတာ"

"ပြောရမှာတော့ အရှည်ကြီးပဲ မမ၊ သီတာတို့လည်း ဒီ ဖြစ်လိမ့်မယ်လို့ နည်းနည်းလေးမှ မထင်ကြပါဘူး၊ ဘယ် သူ့ မဆို သူက အမြဲကြောရတာချည်းပဲ၊ သူ့ကို သတ်လောက် အော ကြံစည်နေတာများ မမဖွန့် မရိပ်မိသွားဘူးလား မသိဘူး၊ မရှော နိုင်မတိမ်းနိုင်ဘဲ အသားလွတ် ခံသွားရတာ"

"ဘယ်သူ သတ်တာလဲ"

"သူ့သူငယ်ချင်းပဲ၊ သူနဲ့အမြဲတွဲနေတဲ့ 'မစ်ကီ' ..."

"အဲဒီလူကို မိပြီလား"

"မိထားပြီ မမပြည့်ပြည့်ဖြိုး"

"သူ သတ်တယ်လို့ ဝန်ခံတယ်လား၊ ဘာကြောင့် သတ်တာတဲ့ ဟင်"

"ဝန်မခံဘူး၊ တရားရုံးမှာ ငြင်းနေဆဲပဲ၊ အမှုက မပြီးသေးဘူး စစ်နေတုန်းပါ"

"ဪ..."

ဖွန့်မှာ ကိုထွေးနှင့် ကွဲလာပြီးနောက် ၃၈ လမ်း၊ လေးထပ်ပေါ် အခန်းတစ်ခန်း ငှား၍ နေထိုင်သည်။ ဖွန့်အသက် အရွယ်နှင့်မလိုက် ဖက်သော လုပ်ငန်းများကို ဖွန့် နိုင်နိုင်နင်းနင်း လုပ်ကိုင်ခဲ့သည်။

အိမ်တွင် ဂျင်ပိုင်း၊ ဖဲပိုင်းများဖြင့် စည်ကားနေသည်။ သည်း ပျော်ပါးစွာ လှုပ်ရှားနေရာမှ ဖြစ်သွားခဲ့ရခြင်း ဖြစ် သည်။ နာမည်တက် အမေရိကန် ရုပ်ရှင်မင်းသမီး "ရှရွန် တိတ်(ပ)"၏ အဖြစ်အပျက်မျိုးနှ ဆင်တူလှသည်။ မြန်မာ့ဟန်ကို ပစ်ပယ်၍ အနောက်တိုင်း ဆန်ခဲ့ သူသည် အနောက် တိုင်းသူ တစ်ယောက်၏ ဆုံးရှုံးမှုမျိုး အတိုင် ရင်ဆိုင်ခဲ့ရပါလားဟု မလေး တရားရမိသည်။ မြန်မာ့ဟန် ပုံသွင်းထ သော အမေတို့၏ ကျေးဇူးတရားကို မလေး ပိုမို၍ လေးစားမိရပါပြီ။ သီတာ မှီဘက်ခန်းသို့ ပြန်သွားပြီးသည်အထိ မလေးမှာ ဖွန့်အကြော များကို ကရုဏာတရားများနှင့် ရောယှက်ကာ တွေးနေမိဆဲပါ။





"မမပြည့်ပြည့်ဖြိုး၊ မာမီက ခဏတွေ့ပါရစေတဲ့"

"ဪ၊ သီတာတို့ မာမီ ဒီမှာပဲ ရှိနေတယ်လား"

"ဟုတ်တယ်၊ နေမကောင်းဘူး၊ ဖျားနေတယ်"

"အေးကွယ် မမယောက်ျား လာခါနီးပြီ၊ ပြန်ရတော့ မာမို့ နောက်မှပဲ လာပါရစေတော့လို့ သွားပြောပေးပါနော်"

အမှန်တော့ စောပါသေးသည်။ ဖွန့်မာမီ 'ဒေါ်ချိုမာဦး' တို့လို အရွယ်အထွေးများသော အမျိုးသမီးကြီးများနှင့် မလေး မဆက်ဆံလို၍ ငြင်းလိုက်ခြင်းသာဖြစ်ပါသည်။ အိမ်ထောင်ရှင် အမျိုးသမီး တစ်ယောက် သည် အပျိုစင်ထက်ပင် ကျစ်လျစ်သိပ်သည်းစွာ နေထိုင်ရမည်ဟူသော အမေ့ မှာစကားများကို မလေး မမေ့၊ လိုက်နာပါမည်။

သီတာ ပြန်သွားပြီး ဆယ့်ငါးမိနစ်ခန့်အကြာတွင် 'ဒေါ်ချိုမာဦး' ကိုယ်တိုင် မလေး ရှိရာဘက်ခန်းသို့ ကူးလာခဲ့ရှာသည်။ အသက် လေးဆယ်ကျော်အရွယ် ဆိုသော်လည်း ဆံပင်များက ဖြတ်ထားဆဲပါ။ ကျောလယ်မှ သူ့ဆံပင်များကို အနန်းမှုတ်ခွက် ဆံညှပ်ဖြင့် ဖိညှပ် ထားသည်။ အိပ်ရာမှ ထ,လာ ခြင်းမို့ ဆံနွယ်များက နဖူးတစ်ဝိုက်တွင် ဝဲပ်ခွေနေပေသည်။ ဘလောက်(စ)ဝါဝါအပေါ်မှ စွယ်တာ အင်္ကျီ အနက်ကို ထပ်ဝတ်ထားပါ၏။ တစ်ချိန်က ဒေါ်ချိုမာဦးမှာ အမျိုးသား များစွာ၏ အသည်းနှလုံးမှာ၊ နှုတ်ဖျားမှာ၊ ရေပန်းစားလောက်အောင် ချာမွေ့လှပခဲ့သည် မှန်သော်လည်း ယခုအချိန်တွင် သူ့အလှများစွာမှာ ဆုံးခဲ့ရှာပြီ။ အရိပ်အယောင်မျှလောက်သာ တင်ရှိ ကျန်ရစ်နေလေပြီ။ မမ အမှန်ပင် ကျန်းမာပုံမရ၊ အင်အား ချိနဲ့စွာ လှမ်းလာပါ၍...

"အို အန်တီ ကူးလာတယ်၊ အားနာလိုက်တာ"

မလေးမှာ တကယ့်ကို အားနာသွားမိသည်။ ဒေါ်ချိုမာဦးကို ကြိုဒေါ်မိသည်။ သူမလက်များက ပူခြောက်နေပေသည်။ ဖျားနေဆဲ ပင်။

"ပြည့်ပြည့်ဖြိုး အိမ်ထောင်ကျပြီနော်"

"ဟုတ်ကဲ့ အန်တီ၊ အမေတို့ စီစဉ်ပေးပါတယ်"

"လိမ္မာလိုက်တာကွယ်၊ ပြည့်ပြည့်ဖြိုးကို မြင်ရတော့ သမီး တော်လေး ဖွန့်ကို..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ချိုမာဦး စကား မဆက်နိုင်တော့။ မျက်ရည်များ ဖြိုင်ဖြိုင်ကျလာသည်။ မလေးမှာ ဝိုင်း၍ မငိုမိသော်လည်း ရင်ထဲ၌မူ ငိုလနီးပါးမျှ ခံစားရသည်၊ သနားမိလှပါသည်။

"သမီး မဆုံးခင်မှာ သူ့မှတ်တမ်းလွှာနဲ့ ပြည့်ပြည့်ဖြိုးဆီကိုရေးထားတဲ့စာကို သူ့ပစ္စည်းတွေ သိမ်းတော့ တွေ့ရတယ်"

"မလေးဆီကို ဇွန်က စာရေးထားတယ်"

မလေးက သူ့ ရင်ညွန့်လေးကို ထောက်တို့ပြီး တအံ့တဩနှင့်မေးသည်။

"ဟုတ်ပါတယ် မလေး၊ သမီးဇွန်ရဲ့ကိုယ်စား သူ တောင်းပန်မသွားရရှာတဲ့ စကားကို အန်တီကပဲ တောင်းပန်ပါရစေ၊ သူရေးခဲ့တဲ့စာတွေကိုလည်း ဖတ်ဖြစ်အောင် ဖတ်ကြည့်ပါလို့ အန်တီ ထပ်ဆင့်တောင်းပန်ပါရစေ ပြည့်ပြည့်ဖြိုး"

"အို၊ မလေးကို ဘာကြောင့်များ ဒီလောက် တောင်းပန်နေရတာလဲရှင်၊ ဇွန်က မလေးအတွက် စာရေးခဲ့တယ်ဆိုရင် မလေးဘာဖြစ်လို့ မဖတ်ဘဲ နေရမှာလဲ၊ ဇွန်နဲ့ မလေးရဲ့ကြားမှာ ကြီးမားတဲ့အာဃာတတရားတွေ မရှိကြပါဘူး အန်တီရယ်"

"ကြားရတာ ဝမ်းသာတယ် ပြည့်ပြည့်ဖြိုး၊ အန်တီမှာ သမီးလည်းဆုံး၊ နောက်ခင်ပွန်းကလည်း အထိန်းသိမ်း ခံရတယ်၊ လူကလည်းမကျန်းမာတော့ သိပ် စိတ်ဓာတ်ကျပြီး သိပ် အားငယ်နေတဲ့ အချိန်ပါကွယ်"

"အန်တီရယ်၊ ကြားရတာတွေအတွက် မလေးလည်း စိတ်မကောင်းပါဘူး"

"သမီးဇွန်ရဲ့ ဆန္ဒအရ အန်တီက ဘာကြောင့် တောင်းပန်ပေးရပါတယ် ဆိုတဲ့အကြောင်းတွေကိုတော့ အန်တီပေးမယ့် စာရွက်ကြီးထဲမှာ ပြည့်ပြည့်ဖြိုး တွေ့ရပါလိမ့်မယ်၊ ကဲ အန်တီကို ခွင့်ပြုပါဦး၊ သိတာကို စာပေးခိုင်းလိုက်မယ်နော်"

"ကောင်းပါပြီ အန်တီရှင့်"

* * *





## အခန်း(၂၅)

ယခုအတောအတွင်း ဇွန် ပတ်လည်မှ အမျိုးသား အားလုံးထဲတွင် ကိုကိုကျော်သည် အသားနားဆုံးနှင့် အထောဆုံးသော သူ။ မိဘများက နိုင်ငံခြားတွင် တာဝန်နှင့် ရောက် နေကြသည်။ သူကသာ သည်မှာ။ ကျော်မိမှာပင် သဘော်လိုက်ရန်လည်း ကမ်းလှမ်းထားပြီးလေသူ ဖြစ်နှင့် ဇွန် သိခဲ့ရသည်။

တစ်ချိန်က ခင်ပွန်းလောင်း လောကတွင် ဆရာဝန်နှင့်စစ်ဗိုလ် တို့ ထိပ်ဆုံးမှ နေရာရခဲ့ကြသော်လည်း သည်နေ့တွင် မူ နိုင်ငံခြား သင်္ဘောသားမှ အစ၊ အရာရှိ အင်ဂျင်နီယာတို့ အမြင့်မားဆုံး နေရာယူထားနေလေပြီ။ သို့မှသာ နိုင်ငံခြား ပစ္စည်းများကို ရရှိနိုင်မည်။ ဗီဒီယိုမှ အစ ကားအဆုံး အားလုံး မက်မောစရာချည်းများသာ။ ထို့ ခေတ်အမီဆုံး မျှော်လင့်ချက်များကို ထားခဲ့သော ဇွန်သည် ကိုကိုကျော့်လို လူကို ဇွန့်နားမှ ခွာသွားခွင့် မပေးနိုင်တော့ပါပေ။

"ဇွန်နဲ့ လက်ထပ်ပြီးရင် ကမ္ဘာတစ်ပတ် လည်ကြမယ်"

မလွယ်သော်လည်း ကိုကိုကျော့် မိဘများက နိုင်ငံခြားတွင် ဖြစ်၍ မဖြစ်နိုင်ဟု ဇွန်မထင်ရဲ။ ယင်းသို့သော မျှော်လင့်ချက်မက်လုံးဖြင့် ဇွန်တစ်ယောက် ကိုကိုကျော်၏ ရင်ခွင်သို့ ရောက်ခဲ့ရသည်။

ဇွန်ဆိုသည့် မိန်းကလေး၊ ဂျင်လေးလို လည်သော်လည်း၊ ဝိုင်းအတွင်း၌သာ ဖြစ်ပေသည်။ ဘောင်ကျဉ်းကျဉ်းလေး ထဲတွင်

www.burmeseclassic.com



သာ လည်ပတ်နှုန်း မြန်ရွာဖြင့် ဝေ့ကာဝိုက်ကာ လည်နိုင်သည့် စည်းဝိုင်း၏ အပြင်ဘက်၌မူ ကျယ်ပြန့်သော၊ သခင်မဲ့သော လွင်ပြ… ကျယ်၌ ကြာရှည် လည်နိုင်အား မရှိတော့။

နွန်တို့ လည်သည်ကလည်း သည်သဘောလောက်ပ… တက္ကသိုလ်ဝန်းကျင်၊ ရုပ်ရှင်၊ အင်းယားလိတ်၊ ကရဝိက်လောက်တွင်သာ… အမျိုးသား များစွာနှင့် တွဲသည့် အဆင့်လောက်ပါ။

ယခု ကိုကိုကျော်နှင့်မူ ကမ္ဘာသစ်သို့တိုင် လည်ပတ်မိ၍နွန်မ… သော ငှက်မလေး ဝေးဝေးသို့ မပြေးနိုင်မီ တောင်ပံ ကျိုးလေပြီတကား…

"မကောင်းဘူး၊ ကိုကိုကျော် မကောင်းဘူး၊ သွား… … လိမ်လူညာ…"

ပေးနေကျအတိုင်း ပေးပို့လာသော ပစ္စည်းလက်ဆောင် များ… ပစ်ပေါက်လွှင့်ပစ် အော်ဟစ် ငိုယိုရင်း နွန်မှာ ဆောက် တည်ရာမရနိုင်…

"နွန်…နွန်ကလည်းကွာ၊ ဩော်…နွန်ရယ်"

ဟူ၍လောက်သာ ကိုကိုကျော် ပြောနိုင်သည်။ … အဖြစ်ကိုလည်း သူ မလုံလဲ၍ အကြောက်အကန် ငြင်းဆန် … မပြုနိုင်ပါ။ မှော၍သာ လိုက်နေရသည်။ နွန် ဘာကြောင့် ဒီလော… 'ပေါက်'နေရသည်ဟု သူ မတွေးရဲ။

"မြစ်ကြီးနားကောလိပ်က ထရန်စဖာနဲ့ ပြောင်းလာခဲ့တဲ့ သူ… အခု သဒ်ရီးယားသမားတဲ့၊ နိုင်ငံခြားမှာ မိဘတွေတဲ့၊ တစ်ခုမှမဟုတ်… အလကား တောသား၊ ဖတ်(စ)ရီးယား… ထွီ…"

"ကိုကိုကျော် မငြင်းပါဘူး၊ ဒီတော့ နွန် ဘာလုပ်ချင်သ…"

"ဟင်…ဘာ…ဘာ လုပ်ချင်ရမလဲ၊ ရှင့် မျက်နှာ မကြည့်ချင်ဘူး၊ သတ်ချင်တယ်…သတ်ပစ်ချင်တယ်၊ သိလား"

"စဉ်းစဉ်းစားစား ပြော နွန်၊ ကိုကိုကျော်တို့ဟာ နွန် တို… မိန်းမလှလေးတွေနားကို ချဉ်းကပ်နိုင်ဖို့ ဒီလိုပဲ နည်း အမျိုးမျိုး ကြိုးစားကြရတာပဲ၊ မင်းတို့လေးတွေ အားလုံး၊ တက္ကသိုလ် တစ်ခေ… ဖောရင်းမိတ်နဲ့ ပြည်နေကြလေတော့ တောသားကြီး ကျွန်တော်ထ… ဖောရင်းမိတ်ကိုကိုကျော် ဖြစ်လိုက်ရတာပေါ့ဗျာ"

ကိုကိုကျော်ကပင်…





"ဒီမှာ မရွှေနွန်၊ ယုံအောင် ညာနိုင်တဲ့လူက ဆိုးသလား၊ …ရင် ယုံတတ်တဲ့လူက ဆိုးသလားလည်း စဉ်းစားစမ်းပါဦးဗျ။ ကဲ၊ …သွားစေချင်ရင် သွားပါတယ်၊ ဒါပေမယ့် နွန့်အတွက် အချိန်ပေးပါတယ်၊ …ပ် စဉ်းစားစမ်းပါဦး"

"မလိုဘူး…မလိုဘူး…သွား"

"တကယ် စဉ်းစားပြီးပြီလား နွန်၊ နွန်နဲ့ ကိုကိုကျော် တို့ရဲ့ …အတ္တာခရီးဟာ ဘယ်လောက်ထိ လျှောက်ကြပြီးပြီ ဆို တာလည်း …နွန် စဉ်းစားစမ်းပါဦး၊ ကိုကိုကျော် ညာခဲ့ပါတယ်၊ ဒါပေမယ့် နွန် …ခွင့်ပေးရင် အချိန်မရွေး လက်ထပ်ယူမှာပါ"

"ဟင်း…မလိုဘူး၊ ကိုကိုကျော်၊ နှစ်ဆယ်ရာစုနှစ်ရဲ့ နောက်ဆုံး …ငံ့အချိန်ကဲ အမျိုးသမီးတွေမှာ ဘဝကြေတာတို့၊ အသည်းကွဲတာတို့ …ရှိဘူး"

"အား…သွပ်…သွပ်၊ မိုက်တယ်နော်"

"ကဲ- ရှင့်ရဲ့ဇာတ်လမ်း ဒီနေရာမှာ တစ်ခန်းရပ်လိုက်ပြီ၊ …အခြားတစ်နေရာမှာသာ ဆက်ပြီး လိမ်လိုက်ပါဦးတဲ့ရှင်"

* * *

"မနွန်ရယ်၊ ကျွန်တော်တို့ အဖွေခြံထဲမှာလေ…"

"တောသားပဲဗျာ၊ ဒီလောက်တော့ နိုင်ပါတယ်၊ ခိုင်း စမ်းပါ"

"ဩော်၊ ကိုကိုကျော်လို လူလိမ်လူညာတွေရှိသလို သူ့ လို …သားတည်ကြည်တဲ့ လူတွေလည်း ရှိပါသေးသလားနော်"

'ကိုမြင့်ထွေးမောင်'

နွန်တို့ ပတ်ဝန်းကျင်တွင် ရမ္မက်လွှမ်းသောလှိုင်း၊ ပကာသန …မုန်တိုင်းတို့သည်သာ မွှေနှောက်နေရာမှ မြင့်ထွေးမောင်၏ စေတနာ …သပြည့်သွင်းသည် နွန့်အတွက် နုညက်ညင်သာလှချေသည်တကား။

"တော်မိတို့၊ မင်းမောင်ဦးတို့ ကားတွေနဲ့ လာခေါ်တာ …လိုက်ချင်လို့၊ ကိုမြင့်ထွေးမောင်နဲ့ပဲ နွန် လိုက်ခဲ့ပါရစေ"

ကျည်တတ်သော ကိုထွေးနှင့် ဘတ်စ်ကား ကျပ်ကျပ်ညပ်ညပ်ဖြင့် … ကျောင်းတက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအပတ်,ဝင်တဲ့ ကလင့်အီစဝုဒ် ကားကောင်းတယ်၊ သွားကြ
ကြရအောင်နော်"

"ဂျိုတီက ကုလားကား လိုက်ပြစမ်းပါ ကိုမြင့်ထွေးမောင်"

"ဖွန် စမ်းချောင်း သွားချင်လို့ အဖော်လိုက်ခဲ့ပေးပါနော်"

လှသော၊ သွက်သော၊ ရဲသော ဖွန်၏ ကွန့်ယက်အောက်မှကိုထွေ
ရုန်းမထွက်သာနိုင်။ မလေးအတွက် ပေးရမည့် အချိန်များထဲမှ ဖွန်
ဖဲ့ခြွေ ယူငင်၍ သွားတတ်လေပါ၏။

ဖွန်သို့မျှဝေပေးလိုက်ရသည့် အချိန်များကို ကိုထွေးမှာ နှမြေ
တ,သ နှောင်တ ရ,မနေမိပါ။ ဖွန်နှင့် နေရသည်ကိုပင် သာယ
လာမိသည်။ မိန်းမလှလေး ဖွန်၏ အဖော်ဖြစ်ရသည်ကိုပင် ဂုဏ်ယူ
လာမိသည်။

ကိုထွေးနှင့် ဖွန် အတွဲများနေဆဲ ကာလအတွင်း၌ပင်...

"ငါ့ရဲ့အခြေအနေက မကောင်းပါလား၊ ကိုကိုကျော်ရဲ့ မျိုးဆ
များ ငါ့ဆီမှာ ကျန်ရှိနေရစ်ပြီလား"

ယင်းသို့သော ထိတ်လန့်စရာ အတွေးများ ဝင်လာ သည်နှင့်

"ကိုကိုကျော်ကိုတော့ ငါ ဘယ်နည်းနဲ့မှ ပြန်မကာပ်ချင် ဘူ
ကိုမြင့်ထွေးမောင်ဟာ အရာရာမှာ ငါ့ရဲ့ အနွံ့အတာကို ခံတယ
သစ္စာရှိတယ်၊ ကြင်နာတယ်၊ တပ်မက်မှုနည်းတယ်၊ သူ့ကို
ရွေးရရင်ကောင်းမလား၊ ဒါပေမယ့် ပြည့်ပြည့်ဖြိုး ရှိသေးတယ
သူတို့ချင်းက သိပ်ချစ်တဲ့ သူငယ်ချင်း၊ ရိုးရိုး ချစ် တာထက်မှ
ကျော်လေမလား"

ယင်းအတွေးများဖြင့် မလေးကို ဖွန် မေးပါသေးသည
"ငယ်သူငယ်ချင်းလို ချစ်တာထက် မပိုပါဘူး" ဟူသော ကို ထွေ
စကားအတိုင်းမှ ဟုတ်ရဲ့လားလို့ မေးမိသည်။ ပြည့်ပြည့်ဖြိုး ကိုယ်တိုင်
"ကိုထွေး ပြောသည့်အတိုင်း ဟုတ်ပါသည်၊ သူ ငယ်ချင်းထ
မပိုကြသေးပါ" ဟူ၍ မလေး၏ အဖြေကို ရရှိလေမှ ဖွန်မှာ
တင်းတင်း ရင်းရင်းနှီးနှီး ကိုထွေးကို အခွင့်အရေး ပေး၍ ဆက်
လေတော့သည်။

ထိတွေ့လွန်း၊ နီးစပ်လွန်း၊ အခွင့်အရေး ရလွန်းသော ဖွန်





ထွေး မရှောင်နိုင်၊ မရှောင်ချင်။ ရက်ပိုင်းအတွင်းမှာ ပင် အတွေ့
ကြုံရင် ဖွန်၏ ဦးဆောင်မှုဖြင့် ကိုထွေးနှင့် ဖွန်တို့ ဤကမ္ဘာ၏
ခြားမဲ့၌ရှိသော အမှောင်ကမ္ဘာသို့ မကြာခဏ အလည် ရောက်မိကြ
တော့သည်။

"ဖွန်တို့ လက်ထပ်ကြပါစို့လားနော်ကွယ်"

ကိုထွေး မငြင်းနိုင်တော့ပါ။ တကယ်တမ်း ဖွန့်ကို လက်
ထပ်ရတော့မည်ဆိုမှ ကိုထွေးမှာ အိပ်မက်ကမ္ဘာမှ လန့်နိုးလာသူ
တစ်ယောက်ပမာလို ဖြစ်နေသည်။ အိပ်မက်တဲက အကြောင်းများသည်
ပြင်သို့တိုင် လိုက်လံ ဖြစ်ပျက်နေသည်၊ တကယ် ရင်ဆိုင်ဖြေရှင်း
တော့မည်၊ မလှုပ်သာ မလွန့်သာ ခေါင်းညိတ် ရမည့် အခြေအနေမှာ
နေသည်ဟု သိလာရသောအခါ ကိုထွေးမှာ ကမ္ဘာပျက်သည်သို့
ချောက်ချားမိသည်။

"ဖွန့် မာယာကွန်တွင်းသို့ တိုးဝင်လာမိပြီကော" ဟူသော
သိထက် 'ကိုထွေးရဲ့မလေး'ကို ထာဝရ ကျောခိုင်း ဖွန့်ခွာရတော့
ည်ဟူသည့် အဖြစ်ကို ကိုထွေးမှာ ရင်ကွဲသည်ထက် အခံရခက်လှပါ
သည်။

ဖွန့်ဘက်ကလည်း မတတ်သာတော့၊ ကမ္ဘာမီးလောင်လျှင်
ကောင်ပင် ချ၍နင်းကြသည်ဟု အဆိုရှိပါ၏။ ဖွန် ၏ ရင်တွင်း၌
ည်း ကမ္ဘာမီးတမျှ ကြီးမားလှသော နှလုံးအိမ် မီးလောင်ကျွမ်းနေပါပြီ။
မြင့်ထွေးမောင် သို့မဟုတ် တစ်ယောက်ယောက်ကိုမှ လက်မထပ်
င် မဖြစ်တော့၊ အခြေအနေက မကောင်းတော့ပါ။

ဖွန်၏ရမ္မက်မီးမှ စ၍ စွဲလောင်ခဲ့သော အသည်းကျွမ်း မီးထဲတွင်
ထွေးမှာ ဘဝပျောက်ခဲ့ရချေပြီတကား။

သူငယ်ချင်းပြည့်ပြည့်ဖြိုးရေ...

ဒီလို ဇာတ်လမ်း စပြီး ဒီလို ဇာတ်လမ်း ဆုံးခဲ့
ပါပြီ။ ဖွန်လေ အမှန်ကိုပဲ ဝန်ခံပါ့မယ်နော်။

ဖွန်က ကိုထွေးကို ချစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုထွေးက ဖွန့်ကို မချစ်ဘူး၊ မုန်းတယ်။

ကိုထွေးအမုန်းကို ဖွန် ခံယူထိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖွန့်ဘဝထဲကို ကိုထွေး ဝင်လာအောင် မတရား ဆွဲယူခဲ့တယ်၊ ရပါတယ်၊ ဖွန် ကိုထွေးကို ရယူနိုင်ခဲ့ပါတယ်။

ဒါပေမယ့် ကိုထွေးမှာ နှလုံးသား မပါ၊ အသည်း ဗလာနဲ့ ဖွန့်ဆီ ရောက်လာခဲ့တာပါ ပြည့်ပြည့်ဖြိုး...။

ဖွန့်ဆီ ပါမလာတဲ့ အသည်းနှလုံးဟာ ဘယ်မှာ ကျန်ရစ်ခဲ့သလဲ ဆိုတော့ သူ့ရဲ့ 'မလေး' ဆီ မှာပါ။

ပြည့်ပြည့်ဖြိုးလည်း ဘယ်လောက်အထိ ခံစား ရရှာမယ် ဆိုတာ ဖွန် ကိုယ်ချင်းစာ နားလည် မိပါရဲ့ကွယ်။

ကိုထွေးမှာ ဇဝေဇဝါနဲ့ မသဲမကွဲ ဖြစ်နေခဲ့ ရတဲ့ အကြောင်းတစ်ရပ် ရှိနေခဲ့ပါတယ်။

အဲဒါကတော့ သားလေး 'ထွေးအောင်ပြည့်'ဟာ သူ့သားမှ ဟုတ်ရဲ့လား ဆိုတဲ့ ပြဿနာပါပဲ။

ဘာပဲဖြစ်ဖြစ် သူ့မျက်စိရှေ့မှာ မွေးဖွားလာတဲ့ လူသားငယ်လေး တစ်ယောက်ကို ကိုထွေး လို နှလုံးသား နူးညံ့တဲ့ လူတစ်ယောက်ဟာ မချစ်ဘဲ၊ သံယောဇဉ် မတွယ်ဘဲ နေနိုင်မလား၊ ပြည့်ပြည့်ဖြိုး စဉ်းစားကြည့်ပါ။

ချစ်ပါစေတော့၊ ကြင်နာ သနားပါစေတော့ ကွယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ လက်မှာ သားကို ထားရစ်ခဲ့ရ မှာမို့ပါ။

ဖွန် မမွေးနိုင်တော့ဘူး သူငယ်ချင်း။ ဖွန့် တစ်ဘဝ ရှန်းကန်လှုပ်ရှားဖို့အတွက် သားတွဲလဲနဲ့လည်း မဖြစ် သေးဘူး။

ဖွန်နဲ့ ကိုထွေးတို့ကလည်း အသွင်မတူကြဘူး။ ပုံစံနဲ့ နေရ စားရတဲ့ စည်းကြီးကမ်းကြီးနဲ့ အိမ်ထောင် တစ်ခုမှာ ဖွန် မနေနိုင်တာလည်း ပါပါတယ်။

ဒါထက် အရေးကြီးတဲ့ အကြောင်းတစ်ချက်





ကတော့ ကိုထွေးနဲ့ ဖွန် အတူနေလို့ မဖြစ်တော့ပါဘူး။ သူဟာ မလေးကို တမ်းတတာနဲ့အမျှ ဖွန့်ကို စိတ်နာတယ်၊ မုန်းတယ်။

ကိုထွေးလောက် မေတ္တာတရား ကြီးမားတဲ့ ယောကျ်ားမျိုး ဖွန် မတွေ့ဖူးသေးပါဘူး။ မလေးပေါ်မှာ ထားရှိတဲ့ သူ့ရဲ့မေတ္တာတွေ၊ စေတနာတွေ၊ သံယောဇဉ် တွေဟာ ဒီကမ္ဘာပေါ်မှာ ရှာမှရှားတဲ့ အမြတ်တော မေတ္တာပါ ပဲကွယ်။

ပြည့်ပြည့်ဖြိုးလည်း ဘယ်လောက်များ ခံ စားရရှာ မလဲ။ တွဲတေးမြို့ကို မပြန်ဘဲ တီးတိန်ကို လွင့်ထွက်သွား ခဲ့ရတဲ့ အဖြစ်မျိုးအထိ ဖွန် ပြန်သိရတော့ မရိုးဘူး သူငယ်ချင်း။

ဖွန် တောင်းပန်ပါတယ်။ ဘယ်လိုနည်းနဲ့ တောင်း ပန်ရ တောင်းပန်ရ၊ ဖွန် တောင်းပန်ပါတယ်။

ပြည့်ပြည့်ဖြိုးရဲ့ ဘဝထဲကို သိပ်ပြီး ပြန်လာ ချင်ရှာတဲ့ ကိုထွေးကို ပြန်ပြီး လက်ခံလိုက်ပါလို့ နော်။

ဖွန့်ရဲ့ မိုက်မှားမှု အတွေ့တွေ့ကို ကိုထွေးနဲ့ ပြည့်ပြည့်ဖြိုးတို့က ကြေပေမယ့် အပြစ်ကတော့ မနေပါ ဘူး၊ ရပါစေ၊ ဖွန်ခံယူပါ့မယ်။

"ကိုထွေးနဲ့ ပြည့်ပြည့်ဖြိုးတို့ ကမ္ဘာသစ် ကလေး တစ်ခု တည်ဆောက်နိုင်ကြပါစေလို့..."

တစ်ခါက...

ဖွန်

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၆)

"သြော်...ဖွန်ရယ်၊ ဖွန် ဆန္ဒရှိတာတွေ ဘာမှ ဖြစ် မလာတော့ ပါဘူးကွယ်၊ မလေး မေးပါသေးတယ်၊ ကိုထွေးကို မလေး မေး သေးတယ်"

"သူ့ရဲ့ဆန္ဒအရ၊ အားလုံးရဲ့ သဘောတူညီချက်အရနဲ့ မလေး မောင့်ကို လက်ထပ်ဖြစ်ခဲ့ရပါတယ်"

"ဘာပဲဖြစ်ဖြစ်၊ အပြစ်မတင်ရက်တော့ပါဘူး၊ စိတ်မနာရက်တော့ ပါဘူးလေ၊ တမလွန်ရောက် ဖွန်တစ်ယောက်သာ ကောင်းရာ သုဂတိ လားပါစေကွယ်"

ဖွန့် မှတ်တမ်းလွှာနှင့် ဖွန့်စာက မလေး၏ ရင်ကို နွမ်းမောနံ့ စခဲ့သည်။ ထိုင်နေပါလျက်နှင့် မိုင်များစွာ ပြေးလွှားခဲ့ရသည့်ပ ရင်မှာ မောဟိုက်ပမ်းလျနေမိသည်။

"ပြည့်ပြည့်ဖြိုးရဲ့ မှတ်ချက်ကလေးကို အန်တီ သိပါရဲ့ လားကွယ်"

ဒေါ်ချိုမာဦး၏ အသံ ပျော့ပျော့လေးကို ကြားရလေမှ မလေး ဘေးသို့ သတိထားလာမိသည်။ ဒေါ်ချိုမာဦး တစ်ယောက် ပြန်လ ရောက်ရှိလာနေသည့်ကိုပင် မလေး မမြင်မိ၊ မသိရှိပါ။ အတွေးကန ဖွန့် မေတ္တာသံသရာ၌ လည်နေမိ၍ ဖြစ်ပါ၏။

"မလေးအနေနဲ့ ဖွန့်ပေါ်မှာ မြူတစ်မှုန်စာမှ အာဃာတ မထားတော့ပါဘူး၊ ခွင့်လွှတ်တယ်၊ ကြည်ဖြူတယ်၊ ကျေနပ် ပါတ





အန်တီရယ်၊ ဖွန် တစ်ယောက်သာ တမလွန်မှာ အေးငြိမ်းချမ်း သာခြင်းကို ပိုင်စိုးနိုင်ပါစေလို့ မေတ္တာ အမျှ ဝေပါတယ်ရှင်"

"သြော်၊ ဒါကြောင့်လည်း သမီးဖွန်က တဖွဖွ ပြောသွား တာကို၊ ပြည့်ပြည့်ဖြိုးဟာ အပြည့်ဝဆုံး စိတ်ထားရှင် တစ်ယောက် လို့"

"အန်တီရယ်၊ ဖွန်ဟာ အသက်ခံရလောက်အောင် ကြီးမားတဲ့ ပြဿနာကြီး ရှိနေခဲ့တယ်၊ အဲဒါ ဘာလဲဆိုတာ အန်တီ သိပါ သလားရှင်"

"အတိအကျ မဟုတ်ပေမယ့် အတော်အတန်တော့ သိပါတယ်၊ မစ်ကီ သတ်တာပါပဲ၊ သမီးကို မစ်ကီသတ်တာပါ"

"သီတာက ပြောတော့ တရားရုံးမှာ မစ်ကီက ငြင်း တယ်ဆို"

"ပထမ ဖြောင့်ချက် ပေးပြီးသားပါ၊ ရဲတွေရှေ့မှာ ဝန်ခံပြီးသားပါ၊ ဒါပေမယ့် သူ့ကို ခြိမ်းခြောက်လို့ ပြောရသလိုလို လုပ်ပြီး သူ့ ဖြောင့်ချက်ကို ပြန်ရုပ်သိမ်းပြီး ငြင်းတော့တာပါပဲ၊ သူတို့လည်း လူကြီးမျိုးကြီး၊ မိဘက တောင့်တင်းတော့ အင်နဲ့ အားနဲ့ လိုက်မှာ ပါလေ၊ ဒီဘက်ကတော့ မလိုက်နိုင်တော့ ပါဘူး"

"တရားကို တရားနဲ့ ဆုံးဖြတ်တဲ့ အချိန်ပါ အန်တီ၊ ငွေများ အရှုံးနိုင်တဲ့ခေတ် မဟုတ်တော့ပါဘူး၊ အမှန်တရား အတိုင်းတော့ ဖြစ်လာမှာပါပဲ"

"အင်း"

"မစ်ကီ သတ်တယ်လို့ အန်တီက ထင်နေတယ်ပေါ့နော်"

"ဟုတ်ကို ဟုတ်ပါတယ်"

"အကြောင်းရှိလို့လားဟင်၊ မလေး သိခွင့်ရှိရင် သိပါရစေ"

"အကြောင်းကတော့ သိပ် အရှုပ်ကြီး မဟုတ်ပါဘူး၊ ခပ်ရှင်းရှင်း လေးပါပဲ၊ သမီးဖွန်က မစ်ကီနဲ့ တွဲတယ်၊ တွဲရုံ မကပါဘူးလေ၊ ကလေးတစ်ယောက်အမေ ဖြစ်ပြီးတဲ့ သမီးဟာ သိပ်ပြီး ထိန်းသိမ်း နေတော့ဘဲ လွတ်လွတ်လပ်လပ် ဆက်ဆံတယ်ပေါ့၊ မစ်ကီက သမီးကိုတော့ တကယ် ချစ်ပါတယ်၊ သူက တီးဝိုင်းထောင်ထားတယ်၊ ဆိုရီယိုတေးသံတွေ သွင်းတယ်၊ ဝင်ငွေကလည်း မဆိုးပါဘူး၊ လူပုံ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဆံရှည်နဲ့၊ ဘဲ(လ်)နဲ့ပေမယ့် အတော်ချောတယ်"

"ဟုတ်ကဲ့"

"အဲဒီလို သူတို့ချင်း တတွဲတွဲနဲ့ လက်ထပ်ဖို့အထိ ရည်ရွယ်ခဲ့ ကြတုန်း သမီးက ဖောက်လာပါလေရော"

"ရှင်"

"ဟုတ်တယ်၊ ပိုက်ဆံရှိတဲ့ အဘိုးကြီး တစ်ယောက်နဲ့ နေ့တတွဲ ညတတွဲတွဲ ဖြစ်နေပြန်တယ်၊ ဒါကို မစ်ကီက မကြိုက်ဘူး၊ သူတို့ချင်း ခဏခဏ ပြဿနာတက်ကြတယ်"

"အို…ဖွန်ကလည်း"

"ဟုတ်တယ်၊ သမီးလည်း လွန်ပါတယ်၊ မစ်ကီက အန်တီ့ကို လာတိုင်တယ်လေ"

"အဲဒီ အဘိုးကြီးနဲ့ ကိစ္စကိုလား"

"ဟုတ်တယ်၊ အဲဒါကို သူ့ ပြန်မေးတော့ သူက ဘာပြောတယ် မှတ်လဲ၊ သမီး ဘယ်လောက်လျှင်တယ်ဆိုတာ မာမီ အသိဆုံးပါ၊ ဒီတော့ကြီးကို ကိစ္စရှိလို့ သမီးက တွဲနေတာ ပါ၊ သူနဲ့ ပူးပေါင်းလိုက်ရ သမီး အပြတ်ထောစရာ ရှိတယ်၊ သူ့ဒွေးမလေး နေ့ချင်းညချင်း ဖြစ်သွားမယ်တဲ့"

"ဘာကိစ္စတဲ့လဲ၊ ဘာအကြောင်းတဲ့လဲရှင်"

မလေးက စိတ်အားထက်သန်စွာ မေးမိသည်။

"သဘော်မြုပ်တဲ့အထဲမှာ ပါသွားတဲ့ ပစ္စည်းတွေကို ဖော်ယူဖို့ အဲဒါ သူနဲ့ အဲဒီအမျိုးသားကြီးနဲ့ နေ့မအားညမအား သွားနေကြ သမီးအသတ်ခံရတာပါပဲ၊ အဲဒီအချိန်မှာ သူ့ အဘိုးကြီးက ရန်ကုန် မရှိဘူး၊ မန္တလေးမှာ ရောက်နေကြောင်း သူက အလီဘိုင် ပြနိုင်တယ် ပြီးတော့ အဲဒီနေ့က မစ်ကီနဲ့ သမီးနဲ့ အတူ ရှိနေကြောင်းလည်း မျက်မြင်သက်သေတွေ ရှိတယ်"

"သြော်…သြော်၊ ဒါဖြင့် အဘိုးကြီးမဟုတ်တာတော့ သေချာ ပေါ့လေ၊ အဲဒီအဘိုးကြီးကရော မစ်ကီလိုပဲ အန်တီနဲ့ ခင်သလား"

"မခင်ဘူး၊ မြင်လည်းမမြင်ဖူးပါဘူး၊ မစ်ကီ လာတိုင် မှသာ နာမည် ကြားဖူးတာပဲ၊ ဦးမြဖဆိုလား၊ ဦးဘဖဆိုလား"





"ဦး…ဦးမန်းဖများလားရှင်"

"အဲ…အဲ၊ ဟုတ်တယ်…ဟုတ်တယ်၊ ဒီနာမည်ပဲ၊ ပြည့် ပြည့်ဖြိုးနဲ့လည်း သိတယ်လား၊ ဟုတ်လား"

"ရှင်…"

"ပြည့်ပြည့်ဖြိုးနဲ့ အဲဒီလူ သိတယ်လားဟင်"

"မ…မသိပါဘူး၊ ဖွန်နဲ့ ကျောင်းတုန်းကတည်းက အဆက် အသွယ် ရှိတာပါ၊ သူ ပြောပြဖူးပါတယ်"

မလေးမှာ အယောင်ယောင်အမှားမှား ဖြစ်သွားမိသည်။ ဒေါ်ချိုမာဦးက တကူးတကန့် စောင့်ကြည့်အကဲခတ်ခြင်း မရှိ၍သာ တော်ပါသေးသည်။

ရှုပ်ထွေးခြင်း များစွာဖြင့် လှုပ်ရှားနေသော ဦးမန်းဖ ဆိုသူ အမျိုးသားကြီး တစ်ယောက်မှာ မိမိ၏ ပထွေး ဖြစ်လာ လိမ့်မည်ဟု မလေး မမျှော်လင့်မိခဲ့ပါ။ လူ့ပတ်ဝန်းကျင်သည် ကျဉ်းမြောင်းလှချေ သည်။ သတင်းဆိုးတို့သည်လည်း လေမွှေ့ နေသည့်ပမာ တစ်ဆင့်ချင်း တစ်ဆင့်ချင်း ပျံ့လွင့်နေရာမှ တစ်ပတ်လည်ကာ ပြန်လည် ရောက်လာ တတ်ပါလား ဟူ၍လည်း မလေး ဆင်ခြင်အောက်မေ့မိပါ၏။

ဒေါ်ချိုမာဦးနှင့် မလေး အဒေါ် ဒေါ်စုစုခင်တို့သည် ဟိုဘက်ခန်း သည်ဘက်ခန်း နေကြပါလျက် ကူးယှက်ဆက်ဆံခြင်း သိပ်မရှိလှ။ ဒေါ်ချိုမာဦးက အသက်မငယ်သော်လည်း ဂေါ်သီ လေးလို လိမ့်နေရာမှ ကိုယ ခင်ပွန်း အဖမ်းခံရသဖြင့်သာ ဤတိုက်ခန်းသို့ မကြာမြင့်မီက ပြန်လည် ရောက်ရှိလာခြင်း ဖြစ်သည်ဟုလည်း သိရပါပြီ။ ဒေါ်ချိုမာဦး နှင့် ဒေါ်စုစုခင်တို့ သည်မလေး၏အကြောင်း စပ်မိကောင်း စပ်မိကြမည် ဖြစ် သော်လည်း မလေး၏ ပထွေး ယောက္ခမမှာ ဘယ်သူဘယ်ဝါ ဟူ၍ စေ့စပ်အောင် ပြောဆိုချိန် ရကြမည်မဟုတ်။ ဤမျှ အတိအကျ သိရအောင် ဒေါ်စုစုခင်က ပြောပြနေဖို့လည်း လိုမည် မဟုတ်ပါ။ ထို့သည့်အတွက် မလေး ထိန်ဖုံး၍ ရနိုင်ပါပြီ။ အကယ်၍ သိသွားစေဦး တော့၊ နာမည်တူပါဟု ပြောလျှင်လည်း ရနိုင်သည်။ ဦးမန်းဖဆိုသူကို ဒေါ်ချိုမာဦး မြင်ဖူးသည် မဟုတ်ပါချေ။

"ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ သမီးက မွေးခဲ့တဲ့ ကလေးလေး ကိုတော့



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ် ရှိမိပါတယ်၊ ဒါပေမယ့် အန်တီ့ဘဝက ကိုယ့်ကိုယ်ကိုတောင် အနိုင်နိုင်ဆိုတော့ မြေးကိုတောင် မတွေ့ချင်တော့ပါဘူး"

ကိုထွေး ရင်ခွင်ထဲမှ "ထွေးအောင်ပြည့်"၏ မျက်နှာ ချစ်သနား စရာလေးကို မလေး ပြန်လည် မြင်ယောင်လာမိသည်။ နှစ်ကြိမ်သာ ဤကလေးကို တွေ့ဖူးပါသော်လည်း "ကိုထွေး၏ သားလေးပါလား" ဟူသောအသိဖြင့် ကြာရှိးကြာစွယ် ချိုးဖြတ်သည့် အလယ်မှ နွယ်မှု တန်းလေးပမာ၊ သားလေးပေါ်တွင် သံယောဇဉ် တွယ်ခဲ့မိပါသေးသည်။

"အေးလေ၊ ပြည့်ပြည့်ဖြိုးအနေနဲ့ သမီးအပေါ်မှာ ခွင့် လွှတ်နိုင် ပါတယ် ဆိုရင် အန်တီ ကျေနပ်နှစ်သိမ့်ပါပြီ၊ သူ့အပြစ်ကို သူ ဝန်ခံ သွားရှာတဲ့ သမီးလေး ဖွန်ဟာ..."

ဒေါ်ချိုမာဦးက စကားကို မဆက်နိုင်ရှာတော့။ အားနွဲ့စွာ ငိုရှိုက်နေရှာပါ၍ မလေးက...

"ဟုတ်ပါတယ် အန်တီ၊ ဖွန့် အခြေအနေကြောင့်၊ ပတ်ဝန်းကျင် ကြောင့် အခုလို ရင်နာစရာတွေ ဆက်တိုက် ဖြစ်သွားရပေမယ့် သူဟာ သဘောကောင်း၊ မနောကောင်းမလေးပါ အန်တီရယ် မလေးတို့ကို အမြဲ ကူညီ ပေးကမ်းရှာခဲ့သူပါ၊ မလေးနဲ့ ပတ်သက်ပြီး ဖွန့်မှာ အပြစ်ရှိဦးတော့ မလေးခွင့်လွှတ်ပါတယ်၊ တမလွန်က ဖွန့်ကို မလေး ခွင့်လွှတ်ပါတယ်ရှင်"

* * *





## အခန်း(၂၇)

"အမလေး...ရှင်...ရှင်"

ကလေးမြို့မှ ခြေရာခံ၍ မလေးနောက်သို့ လိုက်ခဲ့သူ၊ လေယာဉ် တွေ စီးခဲ့သည့်သူ...။

"ဟဲ...ဟဲ၊ ကျွန်တော့်ကို လန့်နေပြီထင်တယ်"

သူက လေ့ကားထိပ်မှရပ်၍ အရယ်တစ်ဝက်ဖြင့် စကားပြောရင်း အခန်းတွင်းသို့ လှမ်းဝင်လာတော့သည်။

"ရှင်...ရှင် ဘာကိစ္စလဲ၊ ဘာ...ဘာလာလုပ်တာလဲ"

သူက မလေး၏ ကြောက်ကြောက်ရွံ့ရွံ့ အမူအရာကို ကြည့်ပြီး အရယ်ရပ်သွားသည်။

"ဟော့ကောင် ရဲဏီလင်း၊ ထွက်ခဲ့စမ်းပါဦးကွ"

"နေပါဦး၊ မင်းနဲ့ လိုက်ခဲ့ဖို့ ငါ အဝတ်လဲနေပြီ၊ ငါ့ မိန်းမနဲ့ စကားပြောနေစမ်းပါဦး"

"မောင်...မောင်ရေ"

"ဟော့ကောင်ရ၊ ခဏထွက်ခဲ့စမ်းပါဦးကွ"

ရှေ့ဆင့် နောက်ဆင့် အသံများကြောင့် အခန်းတွင်းမှ မောင် ချို့ဝတ်လျက်နှင့် ပြေးမတတ် ထွက်လာခဲ့တော့သည်။

"ဆရာမ ငါ လန့်နေပြီကွ"

မျက်နှာစိမ်းညှော့သည်နှင့် မောင်တို့၏ အချီအချ စကားများ ကြောင့် ကြောက်လန့်စိတ်တို့ ပြေလျော့ ကျဆင်းလာရသော်လည်း မလေး၏ ရင်ခုန်နှုန်းက မြန်နေဆဲပါ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်...မောင့်သူငယ်ချင်း ထင်ပါရဲ့နော်"

"ဟုတ်တယ်လေ ပြည့်ရဲ့၊ ဒီကောင်က သရဲနဲ့ တူတာ ကို ကြည့်ပါဦး၊ ငါ့ မိန်းမတောင် လန့်သွားပြီ၊ မင်းရုပ်က လည်းတုံးပါ့ကွာ"

"မ...မဟုတ်ပါဘူး၊ မောင်ကလည်းလေ..."

"မင်း ငါ့လောက်များ ချောရင် ခက်မယ်၊ ဒီမှာ ဆရာ လန့်သွားရတဲ့အကြောင်း မင်းသိလား"

"ဟင့်အင်း"

"ကလေးမြို့မှာ ငါ တကောက်ကောက် လျှောက်လိုက်နေလို့ လေယာဉ်လည်း အတူစီးလာကြတာ၊ ရန်ကုန်ရောက်လို့ လေယာ ပေါ်က ဆင်းခါနီးမှာ ငါက 'တွံတေးမြို့ကို တိုက်ရိုက် သွားမှာလား ရန်ကုန်မှာ နားဦးမှာလား'လို့လည်း မေးလိုက် ရော ခုန ဖြစ်သလို မျက်နှာလေးကို ဖြူသွားတာပဲ"

"မင်း တော်တော် ဆိုးတဲ့ကောင်ကွာ၊ ဒီမှာပြည့်၊ ဒါ မောင့် ဒုက္ခအပေးဆုံး သူငယ်ချင်း 'ဝင်းခိုင်'တဲ့၊ သူက ကလေးမြို့ လူဝင်မှုကြီးကြပ်ရေး အရာရှိပဲ၊ လဝကမှူးပေါ့၊ ချင်းပြည်နယ် တာဝန်ကျတယ်၊ နေတာကတော့ ကလေးမြို့မှာ၊ တီးတိန်ကို သူလည်း ပြောင်းရလိမ့်မယ်"

"ဟုတ်ကဲ့ပါရှင်"

မလေးက အကြောင်းမပြေသေးသော်လည်း ခေါင်း ကိုင်းညွတ်၍ ပြောလိုက်ရသည်။

"မောင် တီးတိန်ရောက်လာပြီး ပြည့်ကိုတွေ့တည်းက အသ စွဲချစ်လာမိတော့..."

"အဟင်း...ဟင်း"

"ဟောကောင် ဝင်းခိုင်၊ အလှအပကို ရအောင် မဖန်နိုင်တဲ့ကော အသာနေစမ်း"

"မောင်ကလည်းလေ..."

"အဲ၊ လိုရင်း မရောက်ဘူး၊ ဒီလို၊ မောင်က ပြည့်ကိုတွေ့ တွံတေးကလို့လည်း သိရော၊ မေမေ့ အမျိုးတွေ ရှိတဲ့မြို့မို့ ရ ဖန်မယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သူ့ကို အစောင့်ချထားခဲ့တာ





ပြည့် လေယာဉ်လက်မှတ် ဘွတ်ကင် လုပ်ခိုင်းထားတည်းက သူက သိနေပြီပဲ၊ တာဝန်ကျေပါတယ်၊ နောက်က တကောက်ကောက် လိုက်ရုံမကဘဲ ရန်ကုန် လာစရာ ရှိတာကိုတောင် တမင်စောင့်ပြီး ပြည့်နဲ့ တစ်ချိန်တည်းဖြစ်အောင် လိုက်လာရှာတာ၊ တော်တယ် ဝင်းခိုင်၊ ငါ မင်းကို တစ်စားပွဲစာ ဆုချပါ့မယ်"

"အမလေး...လေ၊ ပြည့်မှာဖြင့် လူဆိုးလား၊ ပြန်ပေး လားနဲ့ လန့်လိုက်ရတာ"

မလေးမှာ ရင်ဘတ်ကလေးကို လက်ဖြင့်ဖိနှိပ်ရင်း ပြောမိသည်။ အမှန်ပင် မလေး၏ ရင် မငြိမ်သေးပါ။ ကြောက်ရွံ့စိတ်ဖြင့် လှုပ်ခတ်နေဆဲပါ။

အကြီးအမား ထင်ခဲ့သော ပြဿနာတို့သည် အသေး အမွှား ဖြစ်လာ၍၊ အသေးအမွှားဟု မလေးမစား ထင်ခဲ့မိသော ပြဿနာတို့သည်လည်း ကြီးထွား ပြန့်ကျယ် လာတတ်သော သဘောရှိကြောင်း မလေးမှာ မျက်မြင်ဒိဋ္ဌ တွေ့ရပါလေပြီ။

"ပြည့် လိုက်ခဲ့မလား"

"ကြာမှာလား မောင်၊ အသားဟင်းအိုး မနွှေးသေးလို့ ချထားခဲ့ရ လား၊ ရေထည့်ထားခဲ့ရမလားလို့ပါ"

"ကြာမှာလား ဝင်းခိုင်"

မောင်က ကိုဝင်းခိုင်ကို ပြန်၍ မေးလိုက်သည်။

"အဘိုးကြီးနဲ့ တွေ့ရင်တော့ လေပေးရလိမ့်ဦးမယ် ထင်တယ်"

"မောင်တို့ အလုပ်ကိစ္စနဲ့ သွားကြမှာလား"

"ဟုတ်တယ် ပြည့်၊ မောင်တို့ရဲ့ လက်ထောက် ညွှန်ကြားရေးမှူး အိမ်ကို သွားကြမလို့၊ လုပ်ငန်း ကိစ္စ ဆွေးနွေး ကြဖို့ပါ"

"ဒါဖြင့် ပြည့် မလိုက်တော့ပါဘူးလေ၊ ဒီမှာ အိမ်အလုပ် ပြီးသေးတာထက် မောင်တို့မှာ ပြည့်ပါရင် ရှုပ်နေမှာပါ"

"ပြည့်ကို တစ်ယောက်တည်းလည်း ထားရမှာ စိတ် မချလို့"

"ရပါတယ်၊ ပြည့် မကြောက်ပါဘူး၊ တံခါးပိတ်ထား မှာပေါ့"

မောင်က မလေး၏ ပခုံးကို ကိုင်၍ ပြောကြားသည်ကို မလေးက ညိတ်အပြီးတွင် ကိုဝင်းခိုင်က...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလူကြီး တစ်ယောက်တည်း အောက်ထပ်မှာပဲလား"

"ဟုတ်တယ်၊ သူ ရှိနေလို့ ပြည့်ကို စိတ်မချတာ"

"မရှိဘူးကွ၊ ငါ တက်လာတော့ တံခါး သော့ခတ်ထားတယ်"

"ကဲပါ မောင်ရယ်၊ မောင်တို့လည်း ထမင်းစားမီ ပြန် လာခဲ့မှာပဲ၊ ပြည့် တံခါး ပိတ်ထားပြီး နေပါ့မယ်၊ ကိုဝင်း ခိုင်လည်း ပြန် လိုက်ခဲ့ပါနော်၊ ထမင်း အတူတူ စားကြရ အောင်ပါ"

"အားနာစရာကြီးဗျာ၊ ထမင်းများရဲ့လား"

ခင်မင်စရာကောင်းသော ကိုဝင်းခိုင်နှင့် မောင်တို့ အတူထွက်သွား ကြလေပြီ။ မောင့် ဖီးယက်ကားမလေး၏ မျက်စိအောက်မှ ပျောက်သွား လေမှ မလေးမှာ သံတံခါးပိတ်သော့ခတ်ပြီး မီးဖိုချောင်သို့ ဝင်လာခဲ့ တော့သည်။

ယနေ့ ဟင်းလျာက မောင်ကြိုက်လှပါသည်ဆိုသော အမဲပွဲတော် နှပ်၊ ဆူးပုပ်ရွက်နှင့် ပဲကြီးအရည်သောက် ခပ်ကျဲ ကျဲလေး၊ ပုစွန်မှ ကညွတ်ကြော်၊ သရက်ချဉ်ကို ဆီချက်၊ နှမ်း၊ ငံပြာရည်များဖြင့် သုတ်၊ ငါးရှင်ပါးပိကောင် အသားလွှာ၍ ပုစွန်ခြောက်နှင့် အစပ်ကြော်လ ဖြစ်ပေသည်။ ဟင်းကောင်း ကြိုက်တတ်သော မောင် ခံတွင်းတွေ့မည့် ဦးမည့် အဖြစ်ကို မလေး မှာ တွေး၍ ကြည်နူးနေမိသည်။ မောင်နှင့် လက်ထပ်စဉ်က လှိုက်လှဲချစ်ခြင်းများဖြင့် ချစ်၍ မရခဲ့သည် မှန်သော် လည်း မလေးကို ချစ်တတ်ရှာလွန်းသော မောင်၊ ကြင်နာတတ်ရှာ လွန်းသော မောင့်အပေါ်သို့ မလေး၏ စေတနာတရားတို့သည် တဖြည်းဖြည်းချင်း စိမ့်ကျ ယိုစီးခဲ့ရပါလေပြီ။

"ကင်...ကလင်"

"ဟော၊ အိမ်ရှေ့က ဘယ်သူပါလိမ့်"

လူခေါ်ခေါင်းလောင်းသံကို ကြား၍ ပြင်လက်စ ထမင်းပွဲ ပလတ်စတစ် အုပ်ဆောင်းဖြင့် အုပ်၍ မလေး ပြေးထွက်ခဲ့ ရသည်။

သံတံခါး၏ အပြင်ဘက်တွင် အပျံစား အမျိုးသမီး တစ်ယောက် ရပ်နေသည်။

"ပြည့်ပြည့်ဖြိုး၊ မမစိုးပါ"

မှတ်မိပုံ မရသော မလေး၏ ငေးကြောင်သော အကြည့်ကြောင့်





မမစိုး ဆိုသူက အမည်ဖော်ပြသည်။ ဆံပင်က အရင်လို မဟုတ်တော့၊ တိုတိုလေးဖြတ်ပြီး ပုံသွင်း၍ကောက်ကာ နောက်တွင်ချလျက် ဆံညှပ်ဖြင့် ညှပ်ထားသည်။ မျက်နှာက မိတ်ကပ်အပြည့်နှင့်။ လက်ပြတ်အင်္ကျီ နှင်စေ့နှင့်ဆင်တူ ဂျပန်ကီမိုနို အရောင်မျိုးစုံနှင့် လုံချည်။

"ဩော်-မမ... မေသန်းစိုးပါလား"

မှတ်မိသွားသော အသံဖြင့် တံခါးအနီးတိုင်မှ သော့ကို ဖြုတ်၍ တံခါးကို ဖွင့်လိုက်မိသည်။ တံခါး ပွင့်သွားပြီးလေမှ မလေး၏ ခေါင်းတွင်းသို့ အမှတ်သညာတစ်ခု ရောက်လာသည်။

"မေသန်းစိုး၊ မေသန်းစိုး၊ သူ...သူဟာ ဦးမန်းဇံရဲ့ တူမပါလား"

ယင်းအသိ ဝင်လာတော့ တံခါးက ဖွင့်ပြီးနေလေပြီ။

"တော်ပါသေးရဲ့၊ သူဌေးကတော်ကြီး ဖြစ်နေလို့ မမစိုး ကိုမှ မှတ်မိပါတော့မလားလို့"

"ထိုင်ပါ မမစိုး၊ တစ်ယောက်တည်းလား"

မလေးက ဧည့်ဝတ်စကားဆိုရင်း တံခါးသော့ကို ပြန်၍ပိတ်လိုက်သည်။ သော့ကို လက်က မချတော့။ မေသန်းစိုးနှင့် တစ်ယောက်ချင်း ပြဿနာကို ရှင်းနိုင်ပါသည်။ နောက်ထပ် တစ်ယောက်ယောက် ဘက်မလာဖို့သာ အရေးကြီးပါ၏။

"ပြည့်ပြည့်ဖြိုးတို့နဲ့ မတွေ့ရတာတောင် ကြာသွားပြီနော်"

"ဟုတ်ကဲ့၊ ဘီအက်စ် အောင်ပြီးတည်းက မလေး ချင်းတောင်မှာ သွား အလုပ်လုပ်နေလို့ပါ၊ ဒါနဲ့ မမစိုး တစ်ယောက်တည်းလား၊ မလေးဆီကို အလည်သက်သက် လာတာပဲလား ဟင်"

မလေး ဟန်ဆောင်မနေချင်တော့၊ အကြောင်းရင်းမှန်ကို သိလိုစိတ်က အောင့်အီး၍ မရတော့ပါ။

"အလည်သက်သက်တော့ မဟုတ်ဘူးကွယ့်၊ ကိစ္စလေး တစ်ခု ဆွေးနွေးစရာ ရှိလို့ပါပဲ၊ ပြည့်ပြည့်ဖြိုးကို မမစိုး တွေ့ ချင်တာလည်း ကြာပါတယ်လေ"

"မလေးကလည်း မမစိုးနဲ့ ပြန်တွေ့ရတာ ဝမ်းသာပါတယ်၊ မမစိုးရဲ့ လာရင်းကိစ္စကိုသာ မလေး သိပါရစေတော့"

"ဟုတ်တယ်၊ ပြည့်ပြည့်ဖြိုးရဲ့ ခင်ပွန်း ရောက်မလာခင် ဘဲ



www.burmeseclassic.com

www.burmeseclassic.com



မမစိုးကလည်း ပြောချင်ပါတယ်"

မောင်တို့ မရှိခိုက်နှင့် ကြုံကြိုက်အောင် တမင် ရောက်လာခဲ့ မေသန်းစိုးသည် မလေးတို့၏အိမ်တွင် လူ ရှိမရှိ ဆိုသည့် အကြောင်း တစ်နေရာရာ၊ သို့မဟုတ် တံခါးပိတ်ထားသော အောက်ထပ် အတွင်းပိုင်းမှ စောင့်ကြည့်နေပေ လိမ့်မည်သာ။ မြတ်စွာဘုရာ ဘာများပါလိမ့်၊ မလေး ရင် ထိတ်လိုက်ပါဘိခြင်း။

"ဟုတ်ကဲ့၊ ပြောပါ မမစိုး"

"ဒီလိုကွယ်၊ ဒီနယ်လေးမှာပဲ မမစိုးတို့ ပြည့်ပြည့်ဖြိုး တို့ အဖြစ်တွေက လှည့်နေကြတယ်နော်၊ မမစိုးရဲ့ ဦးလေး ဦးမန်းခ ပြည့်ပြည့်ဖြိုးရဲ့ ပထွေး လာဖြစ်နေတယ်၊ အဲ- ဆွေမျိုးဖြစ်လာ ပြည့်ပြည့်ဖြိုးနဲ့က ဘာပြဿနာမှ မရှိပေမယ့် ပြည့်ပြည့်ဖြိုးရဲ့ အချစ် သူငယ်ချင်း ဖွန်နဲ့ ဦးလေးနဲ့က ပြဿနာ ရှိခဲ့ကြတယ်"

"ဖွန်က သေပြီပဲ"

"ဟုတ်ပါတယ်၊ သူ ရှိနေရင်တော့ ပြဿနာက ပြည့်ပြည့် ဆီကို ရောက်မလာဘူးပေါ့၊ ခုတော့ ပြည့်ပြည့်ဖြိုး ပါဝင်ခဲ့ ပြဿနာမှာ ဖွန်မရှိတော့ ပြည့်ပြည့်ဖြိုးဆီပဲ တိုက်ရိုက် ရောက်လာ ပါတယ်"

"ဘာ...ဘာများလဲရှင်"

"စာပါ၊ ပြည့်ပြည့်ဖြိုးရဲ့ သူငယ်ချင်း ကိုမြင့်ထွေးမောင် ပေးထားခဲ့တဲ့ စာပြဿနာပါ"

"စာ..."

"ဟုတ်တယ်၊ ဖွန်နဲ့ မြင့်ထွေးမောင်တို့ ပေါင်းသင်းနေကြ အချိန်တုန်းက မမစိုး ဦးလေးအတွက် စာတစ်စောင်ကို ကိုမြင့်ထွေးမေ ဆီမှာ တွေ့ရတယ်တဲ့၊ အဲဒါ မလေးက ပေးထားတဲ့ စာဆို..."

"ရှင်..."

"အဲဒီစာကို အကြောင်းပြုပြီး ဖွန်ဟာ မမစိုး ဦးလေး အမျိုးမျိုး လှည့်ဖျားပြီး ငွေတွေယူ၊ အခွင့်အရေးတွေ ယူခဲ့တယ်၊ နောက်ဆုံးတော့ ဦးလေးက ဒီစာကို ပေးမလား မပေးဘူးလာ ခြိမ်းချောက်ပြီး အပြတ်မေးခဲ့ရတယ်၊ အဲဒီအချိန်မှာ ဖွန်ဟာ ကိုမြင့်





ောင်နဲ့ ကွဲပြီးနေပြီ"

"အို ဒါ...ဒါတွေ မလေး မသိရပါဘူးရှင်"

"ဟုတ်ပါလိမ့်မယ်၊ ဒီအချိန်မှာ ပြည့်ပြည့်ဖြိုးက ချင်းတောင် ာပဲ၊ ဖွန်က သိပ်လည်တယ်လေ၊ ဒါကြောင့်လည်း သူ ဒီလို ဖြစ်သွားရတာပဲ၊ အဲ၊ နောက်ဆုံးကိစ္စကို ပြောရရင်တော့ သူ ဒီစာကို ိုမြင့်ထွေးမောင်ဆီက သွားယူပေးပါမယ်လို့ ရက်ချိန်း ပေးတယ်၊ အတွင်း ဦးလေးကလည်း အလုပ်ကိစ္စနဲ့ မန္တလေး သွားနေရတယ်၊ က်ချိန်းမစေ့ခင်၊ ဦးလေး ပြန်မလာခင် ဖွန် ဟာ အသတ်ခံသွားရတယ်"

"စာက ဘယ်သူ့ဆီမှာလဲ"

ကိုထွေးထံမှာ ရှိနေပါလျှင် ရန်က လှည့်သွားလေဦး မလား ူသော သံယောဇဉ် စိတ်လေးများဖြင့် မလေး မေး မိသည်။

"အဲဒါ မသိလို့ အခု ပြည့်ပြည့်ဖြိုးဆီ ရောက်လာခဲ့ရ တာပေါ့၊ ိုမြင့်ထွေးမောင်ဆီလည်း ရောက်ခဲ့ပြီးပြီ"

"ဟင်...ဟုတ်...ဟုတ်လား၊ သူ...သူက ဘာပြော လိုက်လဲ"

"မမစိုးကို ဟောက်လွှတ်လိုက်တယ်ရှင့်၊ သူ မသိဘူးတဲ့၊ ဖွန် ်ခဲ့တဲ့ ပြဿနာတွေ သူ့ကို လာမမေးနဲ့တဲ့၊ မလေးနဲ့ လည်း ာမှမဆိုင်ဘူး၊ မလေးကိုလည်း သွားမမေးကြပါနဲ့တဲ့၊ ကိုမြင့်ထွေးမောင် ာ အရင်နဲ့တခြားစီပဲကွယ်၊ ရုပ်လည်း သိပ်ကျသွားတယ်၊ စိတ်ဓာတ် လည်း အရင်လို ပျော့ပျောင်းခြင်း မရှိတော့ဘူး၊ ဒါပေမယ့် အရှုပ် ထွေးတွေ သူ့ မလေး ဆီ ရောက်မှာတော့ သိပ်ပြီး စိုးရိမ်ပုံရတယ်၊ ာကွယ်ပြီး ပြောလိုက်တာ၊ ဒါပေမယ့် မတတ်နိုင်ဘူးလေ၊ ြဿနာ စ,လာ တဲ့ ပြည့်ပြည့်ဖြိုးဆီကိုပဲ လိုက်လာရတော့တာပဲ"

မေသန်းစိုး၏ ရှေ့မှောက်မှ ကိုယ်ရောင်ဖျောက်၍ ထွက်ပြေး ချင်လောက်အောင်ပင် မလေး စိတ်ကျဉ်းကျပ်လှသည်။ မကြီးကျယ် ်ရှိုင်းသော ပြဿနာ အသေးအဖွဲလေး တစ်ခုတွင် ပါဝင်ထားမိရာမှ ်ရှိုင်းကြီးကျယ်လာသော ပြဿနာ ကြီး ဖြစ်လာခဲ့လေပြီ။ မလေး စကားမျှ မပြောတတ် နိုင်အောင် ရှိနေရသည်။ အမှားတစ်ခုပ်ကို ည်း ထပ်၍ မကျူး လွန်ချင်တော့။

"အဲဒီတော့..."



www.burmeseclassic.com

www.burmeseclassic.com



ကျရောက်လာမည့် တာဝန်ပိုင်းကို ဆက်တော့မည် ဟူသော မေသန်းစိုး၏ နိဒါန်းစကားကြောင့် မလေး ရင်လှပ်လှပ် ခုန်ရပါလေပြီ

"ဒီစာဟာ မသက်ဆိုင်သူအတွက် စက္ကူတစ်ရွက် ဖြစ် ပေမယ့် မမစိုးရဲ့ ဦးလေးအတွက်တော့ အသက်ထက် တန်ဖိုးရှိတဲ့စာ ဖြစ်ပေ ပါတယ် ပြည့်ပြည့်ဖြိုး၊ ဒါကြောင့် ဒီစာဟာ မြင့်ထွေးမောင်ဆီမှာ သို့မဟုတ် ဖွန့်ပစ္စည်းတွေ သိမ်းဆည်းသွားတဲ့ ဖွန့် မာမီဆီမှာ သို့မဟုတ် ပြည့်ပြည့်ဖြိုးဆီမှာ..."

"အို...မရှိဘူး၊ မလေးဆီမှာ မရှိပါဘူး"

"မလေးဆီမှာ မရှိဘူး ဆိုခဲ့ရင်လည်း မလေးနဲ့ ပတ်သက်တဲ့ လူနှစ်ဦးဆီမှာ ရှိရမှာပဲ၊ မြင့်ထွေးမောင်ဆိုရင်လည်း ပြည့်ပြည့် ဖြိုးရဲ့ လူပါ၊ ဒေါ်ချိုမာဦးဟာလည်း ပြည့်ပြည့်ဖြိုးတို့ အဒေါ်ရဲ့ ဟိုဘက်ခန်းမှာ နေသူပဲ"

"သူတို့တွေနဲ့ မလေး ဘာမှ မပတ်သက်ပါဘူး မမစိုး"

"ဒါပေမယ့် မမစိုးထက်တော့ ကျွမ်းတာချည်းပါပဲ၊ မြင့်ထွေး မောင်နဲ့ ပြည့်ပြည့်ဖြိုးတို့ရဲ့ ဆက်ဆံရေးကိုလည်း မမစိုးတို့ သိခဲ့ပြီး သားပါ"

"မဆက်ပါနဲ့တော့လား မမစိုးရယ်"

"မဆက်ပါဘူး ပြည့်ပြည့်ဖြိုး၊ မမစိုး လာရင်းကိစ္စကိုပဲ ပြောပါ မယ်၊ အဲဒီစာကို ပြည့်ပြည့်ဖြိုး အနေနဲ့ ရအောင်ယူပေးပါ၊ ပိုင်ရှင့်စာကို ပိုင်ရှင်ရဲ့လက်ထဲ ပြန်ထည့်တာ ဘာမှ မဖြစ် လောက်တဲ့ ကိစ္စလေးပါ ပြည့်ပြည့်ဖြိုး၊ ဒါပေမယ့် ပြည့်ပြည့်ဖြိုး အတွက်တော့ အနင့်သား ကျေးဇူးဆပ်မှာပါ"

"အို ဒီကိစ္စထဲမှာ မလေး ဘာမှ မပါ၊ ပါရစေနဲ့၊ မမစိုးရဲ့ ဦးလေး ဦးမန်းဖေဟာ မလေး ခင်ပွန်းနဲ့ မတည့်တဲ့သူ ဖြစ်နေပါ တယ်ရှင်၊ ကိုယ့်ပြဿနာ ကိုယ် ဖြေရှင်းကြပါ"

"ဒီမှာ ညီမလေး၊ ညီမလေးဟာ တပ်မက်စိတ် နည်းတဲ့ သူမို့ ငွေကြေး စကားတော့ မပြောတော့ပါဘူး၊ ဒါပေမယ့် ပြည့်ပြည့်ဖြိုးရဲ့ ခင်ပွန်းနဲ့ မပြေလည်နေတဲ့ ကိစ္စလည်း ပြေလည်သွား ရပါစေမယ် ရသင့်တာထက် လျှော့ယူပြီး ဦးလေးက ဒီတိုက်ပေါ်က ဆင်းသွား





ဆးပါမယ်တဲ့၊ ဒါ အကောင်းမြတ်ဆုံးသော လိုက်လျောခြင်းပါပဲ၊ စဉ်းစားပါ ပြည့်ပြည့်ဖြိုး၊ ကိုရဲဇော်လင်း မသိအောင် ဒီစာကိုသာ ရအောင် ယူပေးပါ၊ ပြည့်ပြည့်ဖြိုးတို့ ဆင်းစေချင်တဲ့ပုံစံနဲ့ ဟောဒီတိုက် ပေါ်က ဆင်းသွားမယ်၊ ဟုတ်ပြီလား၊ ကဲ- မမစိုး ပြန်မယ်၊တော်ကြာ ကိုရဲဇော်လင်း ပြန်လာရင် မကောင်းဘူး"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

သူ ပြန်မည်ဆို၍ ဝမ်းပန်းတသာ ခေါင်းညိတ်မိသည်။ တံခါးဝနား အရောက်တွင် သားရေအိတ်ကို ဟန်ပါပါလေး ပခုံးထက်မှာလွယ်ရင်း က...

"ဒီစာလေး တစ်စောင်ဟာ ပြည့်ပြည့်ဖြိုးအတွက် တာဝတိံ သာနဲ့ အသူရကာယ်ဘုံတို့ရဲ့ လမ်းဆုံလမ်းခွပါပဲလို့၊ ဒါလောက် ပါပဲ၊ သွားမယ်နော်"

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၈)

"ရှ,လာလား ဝင်းနိုင်"

"အေး၊ သူ့ခမျာ မနည်း ရှာရတယ်၊ ဒါကြောင့် ငါ ကြာ
တာပေါ့"

"တို့ဖြင့် စိတ်ပူလို့"

"အေးကွာ၊ ဆရာမ သူငယ်ချင်းကတော့ တကယ်ပါပဲ
မေးလိုက်မြန်းလိုက်တာကို စုံလို့၊ ဆရာမ စာဟုတ်ရဲ့လားလို့ လည်း
အထပ်ထပ် အခါခါ ဖတ်သေးတယ်"

"သူ မလေး လက်ရေးကို သိပါတယ် ကိုဝင်းနိုင်"

"ဟုတ်တယ်၊ သိပေမယ့် သူ့ခမျာ မယုံရဲသလိုပဲ၊ မှာလိုက်တာ
လည်း တတွတ်တွတ်ပဲ၊ ကိုမြင့်ထွေးမောင်ဆိုတဲ့ ဆရာမရဲ့ သူငယ်
ချင်းဟာ ဆရာမအပေါ်မှာ တကယ်ပဲ သံယောဇဉ်ကြီးတယ်၊ အံ့ရော
မတွေ့ဖူးဘူး"

ကိုဝင်းနိုင်က လှိုင်နေအောင် အားပါးတရ ပြောနေသည်
မောင်က ဘယ်လိုပါလိမ့်ဟူသော သံသယတွေးလေးများ ရောယှက်
သည့် အကြည့်ဖြင့် ကြည့်နေလေသလားဟု မလေးစိတ်က မလုံမလဲ
တွေးနေမိသည်။

"စာက ဟောင်းစုတ်နေပါပြီကွာ၊ ကိုမြင့်ထွေးမောင်က အသေ
အချာ ပိတ်ပေးလိုက်တယ်၊ မင်းတို့ဟာမင်းတို့ ဖတ်ကြည့်၊ ဘာ
စာလဲတော့ ငါမသိဘူး"

အရှုပ်တော်ပုံ စာတစ်စောင်သည် အချိန်များစွာ ကြာပြီး ခါ





မလေးထံသို့ တစ်ပတ်ပြန်၍ လည်လာတော့သည်။ စာကို အရင်ဦးဆုံး
မောင်က ဖတ်သည်။ ဦးမန်းဖံနှင့် ပတ်သက်သည့် စာ ဖြစ်ကြောင်း
သိရှိရုံမှအပ စာကို မောင်က စေ့စုံ မိပုံမရ၊ မလေး၏လက်သို့
ကမ်းပေးလိုက်သည်။ မေ့နေပြီဖြစ်သော စာပါ အကြောင်းအရာကို
မလေးက ပြန်၍ ဖတ်ကြည့် မိရာတွင်...

ဦးမြဝင်း...

စိုးသိန်းနှင့်အတူ ပစ္စည်းများ အားလုံး ပါလာပြီ။

အထူး ဂရုစိုက်၍ ပြောင်းလဲပေးပါ။ အမြန် ဆုံး
လုပ်ပေးပါ။

ယခုကိစ္စတွင် ဦးမန်းဖံ မပါဝင်၊ သူ့ကို လုံးဝ
အသိမပေးပါနှင့်။

အလုပ်ပြီးလျှင် အကြောင်းကြားပါ။

အားလုံး သေသပ်ပိရိပါစေ။

စိတ်ချယုံကြည်လျက်...

'ဦးကျော်ဆင့်'

လျှို့ဝှက်စာ ဆိုသော်လည်း ထူးထူးခြားခြား လျှို့ဝှက်ထားခြင်း
မရှိပါ။ တိတ်တခိုး မှောင်ခိုလုပ်ငန်း တစ်ခုအတွက် သာမန်စာတစ်စောင်
သာ ဖြစ်နေပေသည်။ မလေးတို့ဘက်က သည်သို့မြင်သော်လည်း
ဦးမန်းဖံအတွက်မူ အသက်တမျှ အရေးကြီးလှပါသည် ဆိုသောစာ...။

ကိုဝင်းနိုင်က စောင့်နေသော်လည်း မောင့်လက်သို့သာ စာကို
ကမ်း၍ ပေးလိုက်သည်။

"ဝင်းနိုင်၊ မင်းကိုယ်တိုင် သွားယူလာတဲ့စာကို မင်း ဖတ်ကြည့်
ပါဦး၊ မင်း ဘယ်လို သဘောပေါက်လို့လဲ"

ကိုဝင်းနိုင်က စာကို စိတ်ဝင်စားစွာဖြင့် အသေအချာ ဖတ်သည်။

မလေးထံသို့ မေသန်းစိုး ရောက်လာသည့် အကြောင်းကို
မောင့်အား အသေးစိတ်ပင် ပြန်လည် ပြောပြမိသည်။ ပြဿနာ
ရှုပ်ရပ်ကို ကွယ်ဝှက်မထားလိုပါ။ ကိစ္စအဝဝကို ပေါ်ပြထားမှ



www.burmeseclassic.com

www.burmeseclassic.com



သာလျှင် နောင် အိမ်ထောင်ရေးလမ်းကြောင်းသည် ဆူးညှော ကင်းရှင်းပါလိမ့်မည်ဟု မလေး သိနားလည်ထားပေသည်။

"အေးကွာ၊ သူနဲ့မှ ကြုံကြုံဖန်ဖန် လာပြီး ပတ်သက်ရတယ်လ ဒီလူကြီး ဘာတွေများ ဒီလောက် ရှုပ်နေသလဲ မသိဘူး၊ ဘာပဲဖြစ်ဖြ သူ သေမလောက် လိုချင်နေတဲ့စာ တို့လက်ထဲမှာ ရှိနေတာ တစ်ပ သာတာပဲ"

မောင်က ကိုဝင်းခိုင်ကို လှမ်း၍ ပြောလိုက်သော်လည ကိုဝင်းခိုင်က မောင့်ကို ပြန်စကားမပြောနိုင်။ စာကိုသာ အလွ ကျက်သည့်ပမာ နှစ်ခါလောက် အာရုံစူးစိုက်၍ ဖတ်နေပုံရသည မောင်ရော မလေးပါ ကိုဝင်းခိုင်ကို ပြိုင်တူကြည့်နေမိကြသည သူ့ထံမှ ဘာဝေဖန်ချက်များ ရလာလေမလဲဟူ၍…

"ဒီစာ ဘယ်က ရလာတာလဲ"

"ငကြောင်ရယ်၊ မင်း ယူလာတာပဲ မဟုတ်လား"

"မဟုတ်ဘူး၊ ဒီစာရဲ့ ဇာတ်လမ်းအစ, ရရှိပုံကို ငါ သိချင်တ ဆရာမရဲ့ သူငယ်ချင်းက ဘယ်သူ့ဆီက ရ,ထား တာလဲ"

"အဲဒီအကြောင်းတွေ ကျွန်မ မောင့်ကို ပြောထားပါတယ်"

မလေး နှုတ်မှ မပြော။ မောင်တို့ သူငယ်ချင်း,ချင်း ကြည့်၍ ပြောကြပါစေ။

"ကြာပြီကွာ၊ အောက်က ဦးမန်းဓံရဲ့ မေ့ကျန်ပျောက်ဆုံး အိတ်တစ်လုံးကို သူငယ်ချင်းတစ်ယောက်က ကောက်ရတယ်၊ ဆုငွေ မယ်ဆိုလို့ သွားပြန်ပို့တယ်၊ မပြေလည်ကြဘူး၊ သူ ပြန်ပေးတဲ့အထဲ ဒီစာ ပါမသွားဘူး၊ အဲဒါနဲ့ မင်း သွားတွေ့တဲ့ ကိုမြင့်ထွေးမောင်ဆီ လူဆီမှာ အပ်ထားလိုက်မိတယ်၊ အခုမှ သူတို့ဘက်က လိုချင်လှတ ဆိုလို့ ဘာလဲ ဆိုတာ ငါ သိချင်တာနဲ့ ကိုမြင့်ထွေးမောင်ဆီကို လွှတ်ပြီး ယူခိုင်းတာပဲ"

မောင်က ဖြစ်ရပ်မှန်ကို အကျဉ်းရုန်း၍ ပြည့်စုံစွာ ပြောအပြီး ကိုဝင်းခိုင်က…

"ဟော့ ဒီမှာ၊ ဒီစာထဲက ဦးမြဝင်းတို့၊ ဦးကျော်ဆင့်တို့ ဆို တို့ မအူပင်ကပဲ၊ ရန်ကုန်မှာ ရွှေဆိုင် တည်ထားတာက ဦးကျော်ဆ





ဦးမြဝင်းကတော့ မအူပင်မှာ ပန်းထိမ်ဖိုပဲ၊ ဒီစာ အရ ဆိုရင်တော့ ဘာနာပစ္စည်းတစ်ခုခုကို ထုခွဲဖို့ ကိစ္စပဲ"

"ဟင်…"

တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာသော အကြောင်းအရာများ ကြောင့် လေးတို့ အံ့သြ၍ မဆုံးနိုင်ကြတော့။ ကိုဝင်းခိုင်မှာ မအူပင်သားဖြစ်ပြီး ရာရာဒ္ဓ နှံ့စပ်သည်၊ အသိအကျွမ်း ပေါသည်၊ ကူညီတတ်လေသည်။

"နေပါဦး၊ ဦးမန်းဓံ မသိပါစေနဲ့ဆိုမှ ဒီစာက ဘယ့်နဲ့ကြောင့် ဦးမန်းဓံဆီကို ရောက်သွားရတာလဲ ဆရာမ"

"ဒါတော့ ပြည့် ဘယ်သိမလဲကွ"

မောင်က ပြည့်ဘက်မှ လိုက်၍ပြောပေးသည်။ သည်တော့မှ ကိုဝင်းခိုင်က…

"အင်း၊ ဟုတ်သားပဲ၊ ဒီမှာ၊ ဟော့ကောင် ရဲဏီလင်း၊ ဒီစာကို ဦးမန်းဓံ မသိအောင် ပေးပေမယ့် သူ့ဟန် သူ့ဉာဏ်နဲ့ ဦးမန်းဓံစာ ရအောင် လုပ်ထားပြီးမှ ပြန်ပျောက်သွား လေတော့ အဘိုးကြီး ပြာနေတာပေါ့ကွ"

"ငါမှာ သူနဲ့ပဲ အမြဲ လားပတ်သက်နေရတယ် ဝင်းခိုင်ရာ"

"ဒီ စာထဲက လူတွေကိုလည်း ငါ သိတယ်၊ ဒီ စာထဲက အကြောင်းအရာကိုလည်း ငါ ရိပ်မိပါပြီ၊ ဒါတော့ ဒီလို လုပ်မယ်"

"အေး…ပြော"

"ဒီပြဿနာကို ငါ အရှင်းရှင်းမယ်၊ မင်းကတော့ မင်းဟာမင်း အဘိုးကြီးနဲ့ တစ်လိုင်းဖြေရှင်း၊ ငါ မပြန်ခင် မအူပင် တစ်ခေါက် ပြေးလိုက်ဦးမယ်၊ အကြောင်းစုံသာ သိရပြီးရင်တော့ မင်း အဘိုးကြီးကို ဒီ့စက်ကနေ ကိုင်ထားနိုင်ပါပြီ၊ မင်းလည်း စိတ်ညစ်စရာမလိုတော့ဘူး၊ ဟုတ်လား"

"အေး၊ ကောင်းပြီ၊ ဖြစ်မြောက်အောင် အကြံအဖန် လုပ်တဲ့ နေရာမှာ လိုအပ်တဲ့ အကူအညီ ပြောပေါ့"

"မလိုပါဘူးကွ၊ စိတ်ချ၊ ဝင်းခိုင် ဘာကောင်လဲ ဆိုတာ မင်းတို့ ကြာခင် မြင်တွေ့စေရမယ်"

ကိုဝင်းခိုင်မှာ သူ ပြောသလို စိတ်ချစရာကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက် ဖြစ်ကြောင်း မလေး ယုံကြည်ပါသည်။ မလေး
နောက်သို့ ထက်ကြပ် ဝတ္ထုရားကြေစွာ လိုက်ပါလာသည့် အဖြစ်
မလေး စံထားမိပါသည်။

"ဟော့ကောင်...ရဲဇော်လင်း၊ ငါ ထမင်းစားတော့မှ သတိရတ
မင်း မားသားကြီး မွေးထားတဲ့ 'အကြည်' ဆိုတဲ့ ကောင်မလေး
သူလည်း တကယ် ဟင်းချက်ကောင်းတယ်"

"အေး၊ ဒီကောင်မလေးတောင် ဘယ် ရောက်နေလဲ မသိ
ကြီးဆင့်တော့ သိမှာပေါ့"

"မင်း နည်းနည်း စုံစမ်းကြည့်စမ်း၊ အဲဒီကောင်မလေး
ဦးမန်းဖဲရဲ့အကြောင်းကို ကောင်းကောင်းသိနိုင်တယ်၊ မင်း စိတ်မကော
တော့ မဖြစ်နဲ့နော်"

ထမင်း အားပါးတရ စားနေသော မောင့်ထံသို့ စိတ် မကော
စရာ သတင်းစကားများ မကြားစေချင်သော်လည်း သူတို့ သူငယ်
နှစ်ယောက်ကြားသို့ မလေး ဝင်၍ မပါလိုပါ။ ထမင်းသာ ငုံ့၍စား
မိသည်။ ကိုဝင်းနိုင်က နဖူးပြင်မှ ချွေး များကို သုတ်ခါချလိုက်သည်
ဝ,စပြုနေသော သူများ ထမင်းအားပါးတရ စားသည့်အခါ ချွေးထွ
တတ်ကြသည်။ မလေးမှာ ကိုဝင်းနိုင် ပြောလာမည့်စကားကို နားစွင့်
မိဆဲ...

"ဦးမန်းဖဲနဲ့ အကြည်ရဲ့ ဆက်ဆံရေးကို ငါ သိပ်မကြ
ဘူးကွာ"

"ဒီကောင်ကြီးက ဘယ်သူ့မှ ချမ်းသာပေးမှာ မဟုတ်ဘူ
တို့မေမေကလည်း အ,တယ်လေ"

"အေး၊ ဦးမန်းဖဲကြီးဟာ ကြီးဆင့်ကိုပါ သိမ်းသွင်းထားနိုင်
သာ ကြည့်တော့၊ ငါတော့ ဒီအဘိုးကြီးကို နည်းနည်းမှ မသင်္ကာဘူ"

"ဘာလဲ၊ မေမေ သေရတဲ့ ကိစ္စလား"

"ဒီလောက်အထိတော့ ငါ ကြီးကြီးကျယ်ကျယ် မတွေးမိပါ
ဒါပေမယ့် တို့ အကြည်ကို မျက်ခြေပြတ် မခံသင့်ဘူး၊ အကြည်
ပြေလည်ရင် ဦးမန်းဖဲရဲ့ ကောက်ကျစ်မှု တစ်ခုခုကိုတော့ သိနိုင်လိမ့်
လို့ ငါ မျှော်လင့်မိတယ်"





"အေး၊ ကောင်းပြီလေ၊ အကြည်ကို တွေ့အောင်ရှာပြီး ငွေပေး
မယ်ကွာ၊ ငါ့ကို ကူညီနိုင်မယ့် ပြည့်လည်း ရှိနေပြီ၊ မင်းသာ အဲဒီ
ကျော်ဆင့်နဲ့ ဦးမြဝင်းဆိုတဲ့ လူတွေနောက်ကို ခြေရာကောက်ပါ၊
အားကိုးတယ် သူငယ်ချင်း"

"စိတ်ချပါ၊ ငါ လုပ်မယ်ဆိုတဲ့ ကိစ္စကို ဘယ်တော့မှ နောက်
ဆုတ်ဘူး၊ တို့နှစ်ယောက် ချင်းတောင်ကို မသွားခင် ဒီကိစ္စတွေ
ပြတ်ရှင်းသွားရအောင်ပါလေ"

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"ကျွန်တော်တို့မှာ လုပ်ရတာ သက်စွန့်ဆံဖျား ထောင် နှုတ်ခမ်း နင်းနေရတဲ့ အလုပ်၊ ဒါပေမယ့် ရတော့လည်း ဘာမှ သိပ်ပြီး ဖြစ်ဖြစ်မြောက်မြောက် မဟုတ်ပါလား ကိုမြဝင်း၊ ကျွန်တော်တော့ ဆက်ထောင် မလုပ်ချင်တော့ဘူး"

"အလုပ်ကတော့ တကယ်သူဌေးဖြစ်မယ့် အလုပ်ပါပဲ၊ ကျွန်တော် တို့မှာ 'ကြား' စားနေပြီ ထင်တယ်"

"ဟုတ်တယ်၊ ကျွန်တော့်စိတ်မှာလည်း မသင်္ကာနေတာတော့ ကြာပါပြီ၊ ဒါပေမယ့် 'ပါတနာ'မို့ ပြောရရင် မကောင်းလို့သာ ငြိမ်နေ ရတာပါ"

"ရှင်းရှင်းပဲ ဆွေးနွေးကြစို့ရဲ့၊ ကိုကျော်ဆင့် စိတ်ထဲမှာ ဘယ်သူ့ကို ဘယ်လို ထင်နေသလဲ"

"ကျွန်တော်ကလည်း ပြောချင်နေတာနဲ့ အတော်ပါပဲ၊ ကျွန်တော် တော့ ဦးမန်းဓံကို တယ်ပြီး မသင်္ကာချင်ဘူး"

မှောင်ခိုလုပ်ငန်းရှင် နှစ်ဦးလုံး၏ စိတ်ထဲတွင် တွဲဖက် ကိုမန်းဓံ အပေါ် သံသယစိတ်များ ဝင်နေကြပေသည်။ ကိုမန်းဓံက ကြား ဖြတ်စားနေ၍သာ ရသင့်သော ငွေကြေးအတိုင်း မရရှိဘဲ အကျိုးအမြတ် နည်းနေရပေသည်ဟု နှစ်ဦးလုံး၏ ရင် မှာ မခံချင်စိတ်၊ ဒေါသစိတ်များ ကိန်းဝပ်နေကြပေသည်။

သို့ပါသော်လည်း ဤအလုပ်ကိစ္စက ဦးမန်းဓံ၏အကြံ၊ ဦးမန်းဓံ





ခါ ဉာဏ်ဖြစ်ပေသည်။ ဝယ်ယူရေးထက်၊ ဖန်တီးရေးထက်၊ ရောင်းချရေး အပိုင်းက ပိုမို၍ ခက်ခဲလှပေသည်။ ရင့်ကျက်စွာ လျှို့ဝှက်သောအဖွဲ့၊ စီးပွားရေးကို သုံးလေးကွက် ကျော်မြင်သော အဖွဲ့များနှင့် ဆက်သွယ် နိုင်ရန် ရှာကြံရသူ ကား ဦးမန်းဓံ။

ဦးမန်းဓံဘက်ကလည်း သူတို့က လုပ်အားသာ စိုက်ထုတ် ရသည်။ ကိုယ့်ဘက်က ကိုယ်ပိုင် အကြံအဖန်နှင့် ရှုပ်ရှုပ်ချွံချွံ ကြိုးစား သားရသည့် နောက်သို့ သူတို့က မျှော၍ လိုက်ရုံသာ၊ ဘာမှဖန်တီးရ သည်မဟုတ် ဟူသော အတွေးများဖြင့် ရသမျှ ကြေးကို ဦးမန်းဓံက အပိုင်ကြံသည်။ အဆီအသားများစား၍ အရိုးအရင်းလေးသာ ဦးမြဝင်း နှင့် ဦးကျော်ဆင့်ကို မျှဝေ၍ စားစေခဲ့ပေသည်။

* * *

ညသည် တိတ်ဆိတ်နေပေသည်။

အိပ်မောကျနေသော ဒေါ်ခင်ခင်မြင့်၏ ဘေးမှ ဦးမန်းဓံခြေသံ မကြားရအောင် ထ,လျှောက်လာခဲ့ရသည်။

"အကြည်...အကြည်"

"အကြည်၊ အိပ်လှချည်လား"

နားနားကပ်၍ ခေါ်ရင်း လှုပ်နှိုးလေမှ အိမ်ဖော်မလေး အကြည် လူးလွန့်လာသည်။

"အစ်ကိုကြီးကို မျှော်ရင်း မျှော်ရင်းနဲ့ အကြည် အိပ်ပျော်သွားတာ၊ သာလေ အစ်ကိုကြီး"

"နေဦး အကြည်၊ ထစမ်းပါ၊ အစ်ကိုကြီးကို ကူညီစမ်း ပါဦး"

"ဟင်၊ လုပ်ပြီ"

"ဒီမှာခဏလေးပါ၊ အရေးကြီးလွန်းလို့ပါ၊ အကြည်နဲ့ အစ်ကို ကြီးနဲ့ ချမ်းသာဖို့၊ အေးအေးနေဖို့ပါ၊ အကြည်က လိမ္မာ သားနဲ့ သာ...ထပါဦးကွာနော်"

ဦးမန်းဓံ ပေးစွမ်းသော ရမ္မက်လှိုင်းတွင်း၌ နစ်မွန်းပြီးသား အကြည်မှာ ဦးမန်းဓံကို တပ်မက်စွဲလန်းနေရှာသည်။ ဦးမန်းဓံ၏



www.burmeseclassic.com

www.burmeseclassic.com



သားကောင် ဖြစ်နေရလေပြီ။

"အစ်ကိုကြီး ဘုရားခန်း ဝင်မယ်၊ အကြည်က ဒီမှာ စောင့်ပါ။ သူ လူးလွန့်လာတာနဲ့ ဒီလို အချက်ပြ၊ ပြီးတော့ အကြည်က ခုတင်အောက် ဝင်ပုန်းနေ၊ မှတ်မိပြီနော်"

အသေးစိတ် ချိန်ကိုက်ပြီးမှ ဦးမန်းဖဲမှာ သော့တူဖြင့် သူတို့ အိပ်ခန်း၏ ခေါင်းရင်းဘက်ရှိ ဘုရားဆောင် အခန်းကို ဖွင့်သည်။

အသက်ပင် မရှူဝံ့၊ အသံလေးတစ်ချက် မြည်သွားမှာကို လိပ်ပြာ လွင့်မတတ် ကြောက်ရွံ့စွာဖြင့် လုပ်ဆောင်နေသည့် အဖြစ်ကို ကြည့်ပြီး အကြည်ပင်ဖျှင် ဓာခွေး ပြန်လာမိသည်။ ဒေါ်ခင်ခင်မြင့်မှာ အကြည်၏ မျက်နှာစာရှေ့ နိုင်လွန် ဇာခြင်ထောင် အတွင်း၌ခွေခွေလေး အိပ်မောကျလျက်။ ငါးတိုင် အား အိပ်ခန်းမီး ပြာလဲ့လဲ့လေးအောက်တွင် ဦးမန်းဖဲ လုပ်ဆောင်သမျှ အကြည် မြင်ရပေသည်။

ရွှေသားစင်စစ် ဆင်းတုတော် ကိန်းဝပ်ရာ ပလ္လင်မှာ မြင့်မားခံ့ညားလှပေသည်။ ဤပလ္လင်၏ ဘေးနှစ်ဘက်နှင့် ရှေ့ပတ်လည်သို့ ဦးမန်းဖဲမှာ လက်နှိပ်ဓာတ်မီးဖြင့်ထိုး၍ အသေအချာ စေ့စေ့စပ်စပ် ရှာဖွေနေသည်။ ခဏအကြာတွင် ပလ္လင်၏ ဘေးဘက်၌ သော့ပေါက် တစ်ခုကို သူ တွေ့သွားခဲ့လေပြီ။

"အသာ ငြိမ်ငြိမ်နေ၊ ရှာလို့တွေ့ပြီ"

ဟူသော သဘောဆောင်သည့် အမူအရာဖြင့် ဦးမန်းဖဲက လက်ကာ၍ ပြသည်။

အကြည် ခြေဖွနင်း၍ ကဲကြည့်မိသည်။ မှန်စီရွှေချပလ္လင်၏ ပန်းပွင့်လေးအလယ် ကျောက်နီချယ်ထားသော နေရာမှ ကျောက်နီတစ်ခု ကို ဖယ်လိုက်ပြီးသည်နှင့် အပေါက်က ပွင့်လာသည်။ ဒေါ်ခင်ခင်မြင့်၏ အိတ်တွင်းမှ အကြည် ခိုးယူခဲ့ သော ရွှေသော့လေးဖြင့် ဖွင့်လိုက်သည်၊ ဦးမန်းဖဲ လက်လျှိုပြီး ပြန်ထွက်လာသည်နှင့် ယွန်းသေတ္တာငယ်လေး တစ်ခု ပါရှိလာတော့သည်။

* * *





"လောဘ မကြီးနဲ့ ကြည်ရဲ့၊ ဒါတွေကို ဒီမှာ ထုခွဲ လိုက်ရင် ခြေရာလည်း ခံမိသွားနိုင်တယ်၊ ဒီတော့ အစ်ကိုကြီး လုပ်နေကျအတိုင်း လက်ဝတ်လက်စားတွေကို ကြေးချွတ်၊ ရွှေစင်တုံးလုပ်ပြီး တစ်ဖက် ငင်ကိုပို့လိုက်ရင် အစ်ကိုကြီးတို့ သူဌေးဖြစ်ပြီ၊ အစ်ကိုကြီး သူဌေးကြီး ဖြစ်ရင် အကြည်က သူဌေး ကတော်ကြီးပေါ့ မဟုတ်ဘူးလားဟား... ဟား"

"ဒီအိမ်ကြီးက မေမေကြီး သိသွားရင် ဘယ့်နဲ့လုပ်မှာလဲ"

"အသာနေပါ၊ နောက်ကျရင်သာ ငါ့အစ်ကိုကြီး တယ်တော်ပါ လားလို့ မပြောနဲ့"

ထိုရက်ပိုင်းများ အတွင်း၌ ဦးမန်းဖဲတစ်ယောက် အလုပ်သိပ်ရှုပ် နေပေသည်။ ယင်းပစ္စည်းများ ထုခွဲရေးကိစ္စ လုပ်ဆောင် နေရသလို၊ တစ်ဖက်ကလည်း အကြည့်ကို သိမ်းသွင်းရ၊ ဒေါ် ခင်ခင်ဆင့်ကိုလည်း သာအောင် လိမ်ညာရနှင့်၊ နုံချာသော ဒေါ်ခင်ခင်ဆင့်နှင့် ရမ္မက်ဖြင့် စမ်းနေသော အကြည်တို့သည် ဦးမန်းဖဲ၏ သားကောင်များ ဖြစ်လာခဲ့လေပြီ။

ရိုးသား၍ ယုံလွယ်သော ဓနီးသည် ဒေါ်ခင်ခင်မြင့်သည်လည်း ဦးမန်းဖဲ၏ အမျိုးမျိုးသော လှည့်ကွက်တွင်း၌ မရုန်းသာ မလွတ်သာ ဘဲလည်း ယုံယုံကြည်ကြည် မြတ်မြတ်နိုးနိုးနှင့်ပင်။

* * *

"ကဲ- ကိုကျော်ဆင့်၊ ခင်ဗျားတို့ ပစ္စည်းတွေ ပါပေမယ့် တစ်ခါတော့ ကျုပ်က သုံးပုံ၊ ခင်ဗျားတို့ နှစ်ယောက်ပေါင်းမှ တစ်ပုံတည်းနော်၊ တော်ကြာမှ ကျွန်တော့်အပေါ် မကျေနပ်တဲ့လေသံတွေ ကြားချင်ဘူး၊ အခု တစ်ခါတည်း ပြော၊ ကျွန်တော်နဲ့ တွဲမလား၊ ကျားတို့ ခွဲထွက်ကြမလား"

ဦးမန်းဖဲ၏ စကားကြောင့် ဦးကျော်ဆင့်က အံကို ကြိတ် လိုက်သည်။

"ခင်ဗျားတို့ အခုလို ဘေးမသီ ရန်မခ,ဘဲ ကြီးပွား ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



နေတာ မန်းဓံကြောင့်ပါ ဆိုတာလည်း သတိရကြပါ ဦး၊ ခင်ဗျားတို့ အကြံဉာဏ်နည်းပုံနဲ့၊ ဆက်သွယ်မှု လာဘ် မမြင်ပုံနဲ့များ၊ ကျူ ခွဲကြည့်ကြစမ်းပါ၊ ဟင်း၊ မန်းဓံအကြောင်း သိရမယ်"

အသားလွတ် ကြိမ်းမောင်းရုံမက ကိုယ့်ကိုယ်ကို ဂုဏ် ဝင့်ကြွားလွန်းသော ဦးမန်းဓံကို ကြည့်ပြီး ဦးကျော်ဆင့်မှာ ရင်တွင် ဒေါသ ဂယက်များ ပြင်းထန်စွာ လှုပ်ရှားလာခဲ့တော့သည်။

ဦးမန်းဓံ အထင်က ဦးကျော်ဆင့်တို့သည် သူ့ကို ဘယ်သော အခါမှ အံမတုရဲ၊ မယှဉ်ရဲ၊ ထာဝရ သူ့ကိုသာ ချွင် ဆရာတင် နေကြရပေလိမ့်မည်ဟု အထင်ရှိခဲ့သော်လည်း...

တကယ်တမ်းတွင်မူ ဦးမန်းဓံ ထင်သလောက် ဦးကျော်ဆင့် မတုံးသေး၊ မညံ့သေးပါပေ။

"ကဲ၊ စိုးသိန်းရေ၊ တို့ လက်ထဲမှာတော့ ပစ္စည်းသေ ထားခဲ့ပြီး သော့ချောင်းသာ သူ ယူသွားတယ်၊ ဒီကောင်ကို မခံချင်ဘူးကွာ၊ သူ့ကို တို့ ဘာမှ မလုပ်ရဲပါဘူးလို့ သူ့ကိုယ် သိပ် အထင်ကြီးနေတယ်၊ ငါက လုပ်ရဲကြောင်း ပြလိုက် ချင်တယ်

"ဆရာ၊ ဒီတိုင်းတော့ သွား မလုပ်လိုက်နဲ့၊ အခုဟာ သူ့မိန်းမ ပစ္စည်းတွေ ပျောက်ပါတယ် ဆိုပြီး ရဲတိုင်မှ တန်းခန ဦးမယ်၊ ဒီတော့ သူ့သဘောနဲ့သူ ပစ္စည်းတွေကို ပြောင်းလဲပြီ 'တို' လိုက်ကြရအောင်၊ ဒါဆို သူ ဘာမှ မတတ် နိုင်တော့ဘူး"

"အေး၊ မင်း အကြံမဆိုးဘူး၊ လုပ်စမ်းပါဦးကွာ၊ ရခဲ့ မင်းနဲ့ ငါနဲ့ တစ်ဝက်စီ၊ ထက်ဝက်တိတိ ပေးမယ်ကွာ၊ နော်...စိုးသိန်

ဦးကျော်ဆင့်က လောဘအင်အားနှင့် အားပါးတရ ပြောလို သည်။ လည်ပတ်လွန်းသော၊ အားကိုးရလွန်းသော တပည့် ကိုစိုးသိ က...

"ဆရာနဲ့ ကျွန်တော် လက်တွဲလာတာ ကြာပြီပဲ၊ သူမှ ပေါ်သာ ချခဲ့ကြတာ၊ ကျွန်တော်တို့ချင်း သစ္စာရှိလို့သာ ခု လော ကြီးပွားကြတာပေါ့၊ ကဲ၊ အခု ဆရာ လုပ်ချင်တာ ဦးမန်းဓံရဲ့ ပစ္စ တွေကို အပျောက်ရှင်းနိုင်ဖို့ပဲ မဟုတ်လား"

"သိမ်ဟုတ်တာပေါ့ စိုးသိန်းရာ"





"ကောင်းပြီ၊ ကျွန်တော် အပိုင်ရိုဆုံး စီစဉ် ကြည့်မယ် ဆရာ"

* * *

ရန်ကုန်တွင် လုပ်နေကျ မလုပ်ဘဲ၊ မအူပင်မှ ဦးမြဝင်း၏ န်းတိမ်ဖိုတွင် ရှိသော စက်ဖြင့် အလုပ်လုပ်ကြမည်။ သို့မှသာ ရာရာ သိုဝှက် စိတ်ချရမည်ဟု ဦးကျော်ဆင့်၏ လှည့်ဖျားစကားမှုကို ဦးမန်းဓံက ယုံကြည်ပေသည်။ ထိုအဖွဲ့သည် ဘယ်သောအခါမှ သူ့ကို ကျော်မသွားနိုင်ပါဟုလည်း သူ့ကိုယ်သူ အထင်ကြီးလှသဖြင့် သည်ဆယ်လိမ်ညာ၍ ကောင်းလှပါ၏။

ကိုစိုးသိန်းတစ်ယောက် ရွှေတစ်ပိဿာခန့်နှင့် မအူပင်သို့ ထွက်ခွာ သွားခဲ့ပါလေပြီ။

ဦးမန်းဓံမှာ အကြံကြီးသူ ဖြစ်သော်လည်း ကုက္ကုစ္စထကမဟုတ်။ စ်ပါးသူကို သွန်ချပေးမတတ် ယုံကြည်လေ့ ရှိသည်။ ယခုလည်း ကိုစိုးသိန်းကို သူ စိတ်ချသည်။ သူ့ကိုကျော်၍ လုပ်မသွားရဲပါ ၍လည်း သူက တစ်ထစ်ချယုံကြည်၍ ဖြစ်ပေသည်။

"ဘယ့်နဲ့ ကိုကျော်ဆင့်..."

"အားလုံး ချောမွေ့ပါတယ်၊ နက်ဖြန် ပစ္စည်းတွေနဲ့အတူ သိန်း ပြန်ရောက်လာတော့မှာပါ၊ ကျွန်တော်တို့ သွားကြိုကြရ အောင်ပါ"

အမှန်က ကိုစိုးသိန်းသည် ဤသဘောလမ်းမှ ဘယ်သောအခါမှ န်လည် ရောက်ရှိလာတော့မည် မဟုတ်ပါပေ၊ ရွှေချောင်းများနှင့်အတူ ခြားသော ခရီးလမ်းမှလှည့်၍ ထုခွဲ မည်၊ ဦးမန်းဓံလို နယ်ကျယ်စရာ လို့၊ တစ်ဖက်နိုင်ငံအထိ မပို့၊ မြန်မာပြည်တွင်သာ ထုခွဲ၍ ဦးမြဝင်းကို ပ်အားခ၊ သူတို့နှစ်ယောက်က ထက်ဝက်စီ ခွဲယူကြမည်ဟု တိပြုခဲ့ကြသည့်အတိုင်း၊ စိုးသိန်းတစ်ယောက် ဖြစ်မြောက်အောင် ဆောင်ရွက် ပေတော့မည်။

"စိုးသိန်း တစ်ယောက် သစ္စာဖောက်၍ ထွက်ပြေးသွားလေပြီ"

ဟူ၍ ကြေညာမည်။ ဦးမန်းဓံကို ယင်းသို့ အသိပေးမည်။ မ်ထောင်ရက်သား မရှိသော စိုးသိန်းလို တစ်ကောင်ကြွက်အား ခြေရာခံ၍ လွယ်မည် မဟုတ်ပါပေ။

www.burmeseclassic.com

www.burmeseclassic.com



လောဘသားတို့၏ စီစဉ်ချက်များသည် အကုသိုလ်ဖိစီးလာသည့် အခါတွင် ဆိုးဆိုးရွားရွား အဖြစ်များနှင့် ကြုံကြိုက် တတ်ကြသည်

ကိုစိုးသိန်း တကယ် စီးလာရမည့် သင်္ဘောမှာ ဘေးမဲ့ ရန်မခ,ဘဲ ရန်ကုန်သို့ ချောမောစွာ ရောက်ရှိလာသော် လည်း...

'လှလွှန်းဆွေ' အမည်ရှိ ကုန်တင် တစ်ထပ်မော်တော်လေး တွံတေးတူးမြောင်းဝ,တွင် ဝမ်းဗိုက်ပေါက်၍ ရှုးထိုး နစ်ကာ စုံးစုံးမြုပ် သွားခဲ့ရလေပြီတည်း။

ယင်းနှင့်အတူ ကိုစိုးသိန်း၏ အသက်ဆုံးရှုံးခဲ့ရသလို မော်တော် စာရေးခန်း အတွင်း၌...

ဒေါ်ခင်ခင်မြင့်၏ ဘိုးဘွား မိဘနှင့် ခင်ပွန်းသည်တို့ လက်ထ ပွား ပစ္စည်းများ ဖြစ်သော ရွှေ တစ်ပိဿာခန့်မှာလည်း မည်သူ မသိပါဘဲနှင့် ပျောက်ဆုံးနစ်မြုပ်၍ နေခဲ့ပါ ပြီတည်း။

"ကိုစိုးသိန်း၏ အလောင်းကို ရှာ၍ မတွေ့ကြတော့ပါ"

လွှတ်မြောက်လာသော မော်တော်စာရေး 'ကိုလှထွန်း' မှာ ဆွဲယူ ရေကူးလာသော ကိုစိုးသိန်း၏ ခရီးဆောင် အိတ်ငယ်လေးတွင် ရရှိသော ဤစာ...။

ဦးကျော်ဆင့်တို့ လည်သည်ဆိုသော်လည်း ဦးမန်းဖဲကို မီ မထင်။ သူတို့ ကြိုဆိုသော ကြားသင်္ဘောတွင် ကိုစိုးသိန်း မပါရှိ သည်နှင့် ချက်ချင်းပင် သူ မအူပင်သို့ လိုက်သည်။

"ကျွန်တော့်ကို ကိုကျော်ဆင့်က ဘာမှ မခိုင်းပါဘူး"

"စိုးသိန်းလည်း မအူပင် ရောက်မလာပါလား"

ဟူ၍ မအူပင်မှ ပန်းတိမ်ဖိုပိုင်ရှင် ဦးမြဝင်းက အကြော ရိုက်လွှတ်လိုက်သည်။

မအူပင်မှ ဦးမြဝင်း လိမ်သလား၊ ရန်ကုန်မှ ဦးကျော်ဆ လိမ်လေသလား၊ မကွဲပြား၍ ဦးမန်းဖဲမှာ ဘာမှ မပြောပါဘဲ ရန်ကုန်သို့ ပြန်လိုက်ခဲ့သည်။

မနေ့ကနှင့် တစ်နေ့က မအူပင်မှ ရန်ကုန်မြို့သို့ ထွက်ခွာ သော သင်္ဘော မော်တော်များ၏ အမည် စာရင်းကို ယူလာခဲ့သည် ထိုသင်္ဘောများ၌ စိုးသိန်းတစ်ယောက် စီးနင်းလိုက်ပါလာခြင်း ရှိ





စုံစမ်းရန်ပင် မလိုတော့။ လှလွှန်းဆွေ မော်တော် နစ်မြုပ်သည့်အထဲတွင် ကိုစိုးသိန်းဆိုသူ ရန်ကုန်သား တစ်ယောက်၏ အလောင်းကို ရှာဖွေ၍ မတွေ့ကြသေးဟူသော သတင်းစကား ဦးမန်းဖဲ၏နားသို့ ကြားရောက် လာတော့သည်။

"ဟုတ်ကဲ့၊ ကျွန်တော် မော်တော်စာရေး လှထွန်းပါ၊ ကျွန်တော့် အခန်းမှာ ကိုစိုးသိန်းရဲ့ ပစ္စည်းကတော့ ဟောဒါ လေးပါပဲ၊ အဝတ် နှစ်စုံနဲ့ မျက်နှာသုတ်ပဝါ၊ သွားတိုက်ဆေး၊ စာလေးက တစ်စောင်၊ ဦးလေးက ကိုစိုးသိန်းရဲ့ ဦးလေး ဆိုရင် ဒီပစ္စည်းတွေ ယူသွားနိုင် ပါတယ်၊ သူ့အလောင်းကတော့ ပင်လယ်ရေကျနဲ့ ပါသွားပြီလို့ ယူဆရပါတယ်ခင်ဗျာ၊ ကျွန်တော် တို့လည်း စိတ်မကောင်းပါဘူး"

ဦးမန်းဖဲ၏ လက်ဝယ်ရှိသော စာက အသွားစာသာ။ အပြန်စာ မပါ၊ အလုပ်အပ်စဉ်က ပေးပို့ထားသော ဦးကျော် ဆင့်၏ စာ။

"ယခုကိစ္စတွင် ဦးမန်းဖဲ မပါဝင်၊ သူ့ကို လုံးဝ အသိ မပေး ပါနှင့်တဲ့၊ တောက်၊ မန်းဖဲကို ဒါမျိုး ကျော်လုပ်လို့ ဘယ် ရ,မလဲ၊ တွေ့ကြသေးတာပေါ့ ကျော်ဆင့်ရာ"

ဦးမန်းဖဲရှေ့တွင် ဦးကျော်ဆင့်သာ ရှိနေပါလျှင် အရိုး တခြား၊ အသားတခြား အပိုင်းပိုင်း အတစ်တစ် ဖြစ်လောက်ပေ ပြီ။ ဦးမန်းဖဲ၏ ရင်၌ ဒေါသတရားတို့ ပွက်ပွက် ဆူဝေနေ လေပြီ။

ဦးကျော်ဆင့်ထံမှ ပစ္စည်းတန်ဖိုး ပြန်ရလျှင်ရ၊ မရလျှင် အရှင် ထားချင်လောက်အောင်ပင် လက်စားချေလိုသော ဦးမန်းဖဲ လက်စား ချေလိုက်ရတော့။ ကျောက်စိမ်းမှုနှင့် ဦးကျော်ဆင့် တစ်ယောက် ထောင်ဒဏ် ခုနစ်နှစ် အပြစ်ပေး ခံလိုက်ရလေ ပြီတည်း။

ထောင်ထဲသို့တိုင် လိုက်၍ ဖြေရှင်းနိုင်သော ပြဿနာမျိုး မဟုတ်ပါ၍ ဦးမန်းဖဲမှာ ခုနစ်တာ ကာလကြီးကို စောင့်ဆိုင်းရန် သည်းမခံနိုင်တော့။

မော်တော်စာရေး ကိုလှထွန်းထံမှ ရရှိသော စာသည် သာလျှင် ဦးမန်းဖဲ၏ တစ်ခုတည်းသော လက်ဆုပ်လက်ကိုင်၊ တစ်ခုတည်းသော အားကိုးရာ။

ယင်းစာကို ကိုင်၍ ဦးမြဝင်းထံသို့ လိုက်ရှာသာ ရှာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြဝင်းထံသို့ သူပိုင် ပစ္စည်းများ စိုးသိန်းနှင့်အတူ ရောက်ရှိလေပြီ
ပေးပြီးလေပြီ ဆိုသည့် သက်သေခံပစ္စည်းမှာ ယင်း စာတစ်စောင်သာ
ရှိတော့သည်။

အရေးကြီးသည်က စိုးသိန်း။

စိုးသိန်းတစ်ယောက် အလောင်းအဖြစ်နှင့် ပင်လယ်ငါးစာဘ
ရောက်ရှိသွားလေပြီလား။ သို့မဟုတ် သူတို့တွေအားလုံးကို တစ်ပတ်ရိ
တစ်ကွက်လှည့်ပြီး ပစ္စည်းများကို ယူ၍ လစ်ထွက်ပြေးလေပြီလား
ဦးမန်းဖဲ မသိနိုင်တော့ပါ။

ဦးကျော်ဆင့်ကို မတွေ့နိုင်တော့သော်လည်း ကိုလှထွန်း ထံ
ရရှိသော စာက လက်ဆုပ်လက်ကိုင် ပြနိုင်သည်။ ဦးမြဝင်းထံ
သက်သေခံတင်၍ အနုနည်း၊ အကြမ်းနည်းများဖြင့် အမျိုးမျိုးတောင်း
နိုင်သည်။ ဦးမန်းဖဲ ပညာများစွာ တတ်ပါသည်။ လူတစ်ယော
ကျလာအောင်၊ ကြောက်လာ အောင် ပညာပြတတ်သော ဦးမန်းဖဲ

ယင်းစာကို ကိုင်၍ ဦးမြဝင်းထံ တစ်ခေါက်ပြန်၍ သွား
ဟူသော ရည်ရွယ်ချက် ရှိနေဆဲ၊ တစ်နေ့တွင်...

ဦးမန်းဖဲနှင့် အဖော်တစ်စု ထောက်ကြံ့သို့ သွားကြသ
အမျိုးသမီး တစ်ယောက် ပါသည်။ အရက်ပုလင်းများ ပါလာသ
ဆူဆူညံညံ မူးမူးယစ်ယစ်ဖြင့် ပြန်လာကြစဉ် ကား က ပျက်တော့သ
စက်ကမမှန်၊ ဘီးကပေါက်နှင့် ကသောင်းကနင်း လမ်းဆောမြက်ခင်း
ထိုင်ကြ နားကြရင်းက ယင်းအိတ်မဲကြီး မေ့ကျန်ရစ်ခဲ့ခြင်း ဖြစ်ပေသ

အိတ်တွင်း၌ ပါရှိသွားသော လျှော့က်လွှာများ၊ ပါမစ်မျ
အမှန်တကယ် ရောင်းစားရန် ဖြစ်ပေသည်။ သုံးစွဲရန် မဟုတ်
ဒါတွေက အရေးမကြီး။ မထုတ်ရ၊ မရောင်းရလျှင် မမြတ်ရုံသ

အရေးကြီးသည်က စာ။ ကြော်ငြာ ခေါ်ယူ၍ ရောက်
ပြန်တော့လည်း စာက ပါမလာ။ လာပို့သူ မိန်းမချော မိန်းမ
လေးနှင့်လည်း သိပ်ပြီး မပြေလည်ကြ။ ဤမိန်းကလေးက ခြေ
ပျောက်သွားခဲ့လေပြီ။

ယင်းသို့ဖြင့် အချိန်တို့သည် တစ်စစနှင့် ကုန်ဆုံးခဲ့ရ
ယိုအတွင်း 'ဒေါ်ခင်ခင်မြင့်၏ ပြဿနာဖြစ်ပြီးမှ' ဦးမန်းဖဲနှင့်





န်လည်း ဆုံတွေ့ကြခြင်း ဖြစ်ပေသည်။

ဗိုလ်ချုပ်ဈေးတွင် ဖြစ်ပါ၏။ ဦးမန်းဖဲနှင့် မေသန်းစိုးတို့
ခရီးနှစ်ယောက်သောမှ ဇွန် ဖြတ်လျှောက်သွားသည်။ မေ သန်းစိုးနှင့်
ဆက် ထွက်ခွာသွားပြီးလေမှ...

"ဒါ ငါ့ အိတ်ကြီးကို လာပို့ပြီး ငွေ တောင်းယူတဲ့မိန်းကလေးပဲ"

"မေသန်းစိုး၊ သူ ဘယ်သူလဲ၊ ဘယ်မှာနေလဲ၊ သူနဲ့
ကယ်(လ်) ဆက်သွယ်ချင်တယ်"

ဇွန် မြင်မသွားသော ဦးမန်းဖဲက မေသန်းစိုးမှတစ်ဆင့် ဇွန်နှင့်ကို
ဆက်သွယ်ယူသည်။

ခင်ပွန်းသည်နှင့် ကွဲ၍ တစ်ယောက်တည်း တစ်စင် ထောင်၍
သော ဇွန်နှင့် ဦးမန်းဖဲတို့ ခပ်လွယ်လွယ်ပင် တွေ့ဆုံ ပူးပေါင်း
းမိကြသည်။

"ဟုတ်တယ်၊ အန်ကယ်(လ်) မေးမှ သတိရတယ်၊ အဲဒီ
ကို ဇွန်နဲ့ ယောက်ျားဆီမှာ တွေ့မိတယ်၊ ဇွန်တို့ရဲ့ သူငယ်ချင်း
ပြည့်ဖြိုးက သူ့ကို ပေးထားတာတဲ့၊ အဲဒီ အန်ကယ့်(လ်)
ကြီးကို ဇွန်တို့နှစ်ယောက်အတူတူ ကောက်ခဲ့ကြတာ၊ ပြည့်ပြည့်ဖြိုး
ဘာဖြစ်လို့များ ဒီစာကို ချန်ထား ခဲ့ရပါလိမ့်"

"အန်ကယ့်(လ်)ဇနီး ကိစ္စကြောင့် အဲဒီ ပြဿနာကိုတောင်
ကယ်(လ်) မဖြေရှင်းနိုင်သေးဘူး၊ ဒီမှာ ဇွန်"

"ပြောပါ အန်ကယ်(လ်)"

"ဒီစာကို ရအောင် ပြန်ယူပေးနိုင်ရင် အန်ကယ်(လ်)တို့
က်တစ်ခု တိုးမယ်၊ ဇွန်ပါ ဝေစုရမယ်"

"ဇွန် ငွေလိုနေပါတယ် အန်ကယ်(လ်)၊ ဒါပေမယ့် ဇွန်နဲ့
ကျားရဲ့ အသိုင်းအဝိုင်းထဲကို ပြန် မသွားချင်တော့ဘူး၊ ဘယ်နည်း
န် မယူပေးနိုင်ပါဘူး၊ တခြား နည်းလမ်းနဲ့ ကြံကြရအောင်ပါလေ"

ဇွန်နှင့် ဦးမန်းဖဲတို့ နှစ်ယောက်တွဲ၍ ဦးမြဝင်း ရှိရာ မအူပင်သို့
သွားကြပါသေးသည်။

"ကျုပ် အခု ရပ်ကွက်လူကြီးတစ်ယောက်လည်း ဖြစ်နေ ပြီ၊
မှာ နာမည်တစ်လုံးနဲ့ လုပ်စားနေတာပါ၊ ကျုပ်ကို ဘာသက်သေ



www.burmeseclassic.com

www.burmeseclassic.com



အထောက်အထားမှ မရှိဘဲ မတရား လာပြီး မစွပ်စွဲကြပါနဲ့"

"ဒါဖြင့် သက်သေခံအထောက်အထား ရှိရင်ကော ဗျာ"

"အို- နာမည်ပျက် မခံဘူး၊ ကျုပ် လျော်မယ်"

ဦးမြဝင်းသည်လည်း ရုတ်တရက် ပြောမိပြောရာ ပြောလိုက်ခြင်းပါ။ တစ်ချိန်က သူလည်း မှောင်ခိုလုပ်ငန်းရှင်တစ်ဦးပါပင်၊

ထိုအချိန်က ဦးမန်းဖဲ ကိုယ်တိုင်လည်း ဇနီးသည် ဒေါ်ခင်ခင်မြင့်၏ ပြဿနာအတွက် ခေါင်း မီးတောက်နေရသော အချိန်ဖြစ်ပေသည်။

"စာကိုပဲ ရအောင်ယူပြီး ဦးမြဝင်းကို အကြပ်ကိုင်ရ ကောင်းမလား"

"မြုပ်သွားသော လှလွန်းဆွေ မော်တော်ကိုပင် ဖော်ယူခွင့်ရအောင် ကြံဆောင်ပြီး အတွင်းမှ ရွှေများကို ရှာကြံရရင် ကောင်းလေမလား"

လည်သော၊ လျင်သော ဇွန်နှင့်ခေါင်းချင်းဆိုင် တိုင်ပင်ကြသွားကြလာကြ၊ မော်တော်ဖော်ယူရေးအတွက် စုံစမ်းကြ၊မေးမြန်းကြ...

ယင်းသို့ ဦးမန်းဖဲနှင့် တပူးတွဲတွဲ ရှိနေသည်ကို ဇွန်၏လက်ထပ်မည် ရည်ရွယ်ပြီး တိတ်တခိုး ပေါင်းသင်းနေသော 'မစ်ကီ' နည်းနည်းလေးမှ မကျေနပ်။

နှစ်ညအိပ်ခရီး ဦးမန်းဖဲနှင့်အတူ မအူပင်သို့ သွားပြီး ပြန်အလာတွင် အကြီးအကျယ် ပြဿနာ တက်တော့သည်။ ဇွန် ဘယ်လိုပြေရှင်း၍မှ မရ။ ဇွန် ဒေါသထွက်လာသည်။ မစ်ကီလည်း ဒေါသငြိမ်း၍မသွား၊ ပို၍ တိုး၍သာ ရှိနေကြ သည်။ နှစ်ယောက်လုံးဒေါသတရားများ ပေါက်ကွဲကြသည့် အခါတွင်...

အားနွဲ့သော မိန်းမသား ဇွန်သည်သာလျှင် မစ်ကီ၏ ဓားချက်ဖြင့် အသက်စွန့်၍ သွားခဲ့ရလေပြီတကား။

* * *

ဇွန် မသေဆုံးမီမှာပင် ဦးမန်းဖဲ၌ ပြဿနာ တစ်ရပ်ရှိခဲ့သည်။

ဦးမန်းဖဲ ခိုးယူခဲ့သော ရွှေငွေရတနာသေတ္တာကို ဒေါ်ခင်ခင်မြင့် ထုတ်ယူကြည့်သည့်အခါ အားလုံးဗလာ...။





"လုပ်ရက်ပါပေ့ ကိုမန်းဖဲ၊ ဒါ...ဒါ သားအတွက်... ကျုပ်သားအတွက်ထားတာ၊ ရှင် မတရားယူလို့ မခံနိုင်ဘူး၊ သားကို သံကြိုးရိုက်ပြီး ရှင့်ကို တရားစွဲမယ်"

"မြင့်ရယ်၊ ဂျင်ဝိုင်းမှာ ရှုံးလို့ ခဏလေး ယူပေါင်ထားတာပါ၊ ကိုယ် ပြန်ရွေးပေးပါ့မယ်၊ အခု ခုနစ်ရက် အတွင်း ပြန်ရပါစေ့မယ်၊ ကိုယ် အကြံထုတ်ပါ့မယ်"

ဒေါ်ခင်ခင်မြင့်နှင့် ပတ်သက်သော ပြဿနာ အေးငြိမ်းသွားစေရန်မှာပင် ဦးမန်းဖဲ ကြံစည်ရလေပြီတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၀)

ဦးမန်းဖဲသည် တယ်လီဖုန်းဆီ၌သာ စိတ်အာရုံရောက်နေသည်[...] ဘယ်တော့ခေါ်မလဲ၊ ဘယ်တော့ မြည်မလဲ ဟူသော မျှော်လ[...] ချက်ကြီးဖြင့်...

"ကလင်...ကလင်"

"ဟဲလို၊ အ...အကြည်လား"

"ဆရာ၊ ကျွန်တော် စန်းမြင့်ပါ၊ ကားကလေ မီးမလာတော့ဘူ[...] ဘက်ထရီက..."

"ဟော့ကောင်၊ မီးမလာရင် မီးလာအောင် မီးသာ ရှို့ပစ်လိုက်[...] အရေးထဲမှာ၊ တောက်!"

'တောက်' ဆိုသော တက်ခေါက်သံနှင့်အတူ ဂျောက်ဆို[...] တယ်လီဖုန်း ဆောင့်ချသံက ဆက်တိုက်ထွက်လာသည်။

တိုက်ပုံအင်္ကျီတွင်းမှ လက်ကိုင်ပဝါကို ထုတ်၍ အဆီပြန်နေ[...] မျက်နှာကို တအား ပွတ်သုတ်ရင်း အခန်းတွင်းသို့ မသိမသာစေ့ကြ[...] မိသည်။

"အဘိုးကြီး နှာကောက်နေပြီ"

ဟူသော အကြည့်များဖြင့် အရာထမ်းနှင့် စာရေးမလေးမျာ[...] ပြုံးစိစိနှင့် သူတို့ ရုံးအုပ်ကြီးကို ကြည့်ကြသည်။

"အင်း- ငါ အိမ်ခြေဆည်နေမှပဲ၊ ငါ သိပ် စိတ်လောကြီးနေမိ[...] အကြည်လားလို့ စန်းမြင့်ကို မေးမိရက်သား ဖြစ်သွားတာ ကိုက[...] အမှားပဲ"



ဦးမန်းဖဲမှာ ယခုမှသတိနှင့်ယှဉ်၍ ဆင်ခြင်နေမိသည်။ စိတ်ဝင်စားသည်ဖြစ်စေ၊ မဝင်စားသည်ဖြစ်စေ၊ စာရင်းစာအုပ်ကြီးများကို ဖွင့်ရသည်။ မျက်မှန်ထူကြီး တပ်ရသည်။ ရှေ့တွင် လက်မှတ်ထိုးရန် တင်ထားသည့် ဖိုင်တွဲများကို ဆွဲ၍ တစ်ခုပြီးတစ်ခု လက်မှတ်ထိုးနေစဉ်...

"ကလင်...လင်"

ဖုန်းမြည်လာသော်လည်း မကိုင်သေး။ အလုပ် သိပ်များနေဟန်၊ သိပ် စိတ်ဝင်စားနေဟန်များဖြင့် လက်မှတ်နှစ်ခုကို ဆက်၍ ထိုးပြီးမှ ခပ်တည်တည် လေသံဖြင့်...

"မန်းဖဲပါ၊ အမိန့်ရှိပါ"

"ဦးလေး၊ ကျွန်မ အကြည်ပါ"

တစ်မနက်လုံး မျှော်နေသည့် ဖုန်းက ယခုမှ လာတော့သည်။ ရင်၌ လှိုက်ခုန်သွားသော်လည်း အသံငြိမ်ငြိမ်ထား၍...

"အေး...ပြော၊ ဘာလဲ"

"ဒေါ်လေးလေ...ဒေါ်လေး သိပ်နေမကောင်းဘူး"

"ဟုတ်လား"

ဝမ်းသာသံကို အံ့ဩစိုးရိမ်သံလုပ်၍ ပြောလိုက်ရသည်။

"အဲဒါ ကြီးဆင့်က အခု လာခဲ့ပါတဲ့၊ ဘယ်လိုဖြစ်မှန်း မသိဘူးတဲ့၊ အခု ကြီးဆင့်လည်း အနားမှာ ရှိနေတယ်"

"အေးအေး၊ လာပြီ...လာပြီ၊ သြော်...ဟော့၊ အကြည်၊ ငါလာမချင်း ဘယ်ဆရာမှ ခေါ်မထားနှင့်နဲ့ဦးလို့၊ အခုချက်ချင်း လာခဲ့ပြီလို့၊ ကြားလား"

"ဟုတ်ကဲ့ ဦးလေး"

"အေး၊ ဒါပဲ၊ နင့် ဒေါ်လေးနားမှာ သွားနေနော် ကြားလား"

စာရင်းစာအုပ်ကို ပိတ်သည်။ မျက်မှန်ကို ပြန်ချွတ်သည်။ ဆောင်ရွက်ဖွယ် ကိစ္စအရပ်ရပ်ကို ဆောင်ရွက်ပြီးသည်နှင့် ဦးမန်းဖဲမှာ ရုံးမှကားဖြင့် နေအိမ်ရှိရာ ချင်းချောင်းရိပ်သာလမ်းဆီသို့ အပြေးအလွှား ပြန်လာခဲ့ရချေပြီတကား။

* * *



www.burmeseclassic.com

www.burmeseclassic.com



"မောင်မန်းဖဲရယ်၊ ဒီလို ကြည့်နေလို့တော့ ကိုယ်ကျိုး နည်းလိမ့်မယ်ထင်တယ်၊ 'ဒေါက်တာအောင်တင့်'ဆီ တယ်လီဖုန်း ဆက်ခေါ်ရရင် မကောင်းဘူးလားဟင်"

သေငယ်ဖောင်း၍ အမောဆို့နေသော လူနာ၏ အသက်ရှုပုံမှာ ကုန်းပေါ်ရောက် ငါးတစ်ကောင်လို ပင်ပန်းလွန်းနေရှာသည်။

'ဒေါ်ခင်ခင်ဆင့်'က စိုးရိမ်တကြီးဖြင့် သူ့ညီမကို ဖွေ့ ထားရင်းက မျက်ကလဲဆံပြာ ပြောရှာသည်။

ဒေါ်ခင်ခင်ဆင့်၏ လက်တွင်းမှ လူနာ 'ဒေါ်ခင်ခင်မြင့်' မှာ ယခု ဘေးမှ ရပ်နေသူ ဦးမန်းဖဲ၏ ဇနီးဖြစ်သော်လည်း သူ့အမူအရာက မှာပျာသလဲ မရှိလှ။

"အစ်မတို့ပဲ မြန်မာဆရာနဲ့ ကုချင်လှချည်ရဲ့ဆိုလို့ ပြောင်းခေါ်ပြီးမှ သူ့ပြန်ခေါ်လို့ ဘယ်ဖြစ်တော့မှာလဲ အစ်မရဲ့"

"ဒါဖြင့် ဆေးရုံတင်ရရင် မကောင်းဘူးလားဟင်"

"အစ်မ ညီမက ဆေးရုံ သိပ်ကြောက်တာ၊ အစ်မလည်းအသိပဲ"

"ဒါဖြင့် ဘယ်လို လုပ်ကြမလဲ"

"ဆရာ ဦးသာမြင့်ပဲ ပြန်ပင့်ရင်ရော"

"သူ့ဆေး တိုက်ပြီးတည်းက အဲဒီလို ဖြစ်တာပဲ"

"အဲဒါကို သူပဲ ပြန်ဖြေတတ်မှာပေါ့ အစ်မရဲ့"

"အေး...အေး၊ ဒါဖြင့်လည်း အမြန် ခေါ်ချေပါ"

"တောက်၊ ခက်တာပဲ၊ အရေးထဲမှ ကားကလည်း ပျက်နေပြီ နေဦး၊ ကျွန်တော် ရုံးကို ဖုန်းဆက်ပြီး ကား မှာလိုက် ဦးမယ်"

"အမလေး၊ မြန်မြန် လုပ်ကြပါ"

ဒေါ်ခင်ခင်ဆင့်က တုန်ရီသော အသံဖြင့် ငိုရင်းပြော ရှာသည်။ ဦးမန်းဖဲသည် ဇနီးသည် ဒေါ်ခင်ခင်မြင့်၏ အခြေအနေကို အကဲခတ် ကြည့်လိုက်သည်။ တစ်နာရီ ပြည့်အောင် ခံတော့မည့် အခြေအနေ မရှိ။ စကားမေး မရတော့။ သူမ၏ ခံစားနေရသော အခြေအနေကို ဒေါ်ခင်ခင်မြင့်ခမျာတွင် တင်ပြနိုင်စွမ်း မရှိတော့။ သူမ၏ နောက်ဆုံး အချိန်လေးတွင် သူမမှာ 'လုပ်ကြံခံရ၍ သေဆုံးရပါကြောင်း' တစ်ခွန်း တစ်ယောက် ကိုမျှ ပြောပြသွားနိုင်ခြင်း မရှိပါလေတော့။





ဦးမန်းဖဲ စတင် လှုပ်ရှားပါပြီ။ တစ်ဖက်ခြံသို့ အိမ်ဖော်မလေး အကြည်အား ပြေးခေါ်ခိုင်းသည်။ ရှေ့အိမ်မှ ကားကို အကူအညီ တောင်း၍ ဗဟန်းနေ ဆရာဦးသာမြင့်ကို အပင့် ခိုင်းသည်။ ဆွေမျိုး သုံးလေးဦးနှင့် ဆွေမျိုးတမျှ ရင်းနှီးသော မိတ်ဆွေအချို့ထံသို့ တယ်လီဖုန်းနှင့် လှမ်း၍ အကြောင်းကြား သည်။ ရုံးမှ ကားမှာသည်။

"ဟယ်၊ ဘယ်လို ဖြစ်တာလဲ"

"မနေ့ကပဲ ထူထူထောင်ထောင်ပါ"

"ဆေးရုံပို့ကြရအောင်လား"

အိမ်နီးနားချင်းများ၏ စကားကြောင့် ဦးမန်းဖဲ ချောက်ချား မိသည်။ ဆေးရုံတင်လျှင်လည်း အသက်မရှင်နိုင်တော့ကြောင်းဖြင့် စိတ်ချရသည်။ ဒီအတွက်က အရေးမကြီးသော်လည်း ဒေါ်ခင်ခင် မြင့်၏ အလောင်းအား ရင်ခွဲကာ အကြောင်းရှာကြပေလိမ့်မည်။ သည်အခါ "မြန်မာဆေးနိုင်ငံများ အတွင်း အဆိပ်မှုန့် ခပ်ထားသည့် အဖြစ်ကို..."

ဦးမန်းဖဲ ဆက်၍ မတွေးဝံ့တော့၊ ပြေးကြားလာသူများဘက်သို့ မျက်နှာလှည့်လျက် အတတ်နိုင်ဆုံး အမူအရာကို ပြင်လျက် စိတ်ထိခိုက် လွန်းဟန် လေသံဖြင့်...

"ဆေးရုံကို သယ်ယူသွားတဲ့ ဒဏ်ကို သူ မခံနိုင်ရှာတော့ပါ ဘူးဗျာ၊ မြင်တဲ့အတိုင်း ရွှေ့ရက် မ,ရက်စရာ မရှိတော့ပါဘူး"

"ဟုတ်တာပဲ"

"သူ သိပ်အားကိုးတဲ့ ဆရာဦးသာမြင့်လည်း လာခါနီးပါပြီလေ"

လူဆယ်ယောက်ခန့်၏ ရှေ့တွင် ဒေါ်ခင်ခင်မြင့်မှာ ဖောချွေးများ ပြန်လျက် ပင်ပန်းကြီးလွန်းစွာ အသက်ရှုနေရရာမှ တဖြည်းဖြည်းချင်း ငြိမ်သက်လာသည်။ မျှဉ်းမျှဉ်းဖွေ့ဖွေ့လေးသာ ရှုရှိုက်နေရာမှ လုံးဝ ငြိမ်သက်သွားတော့သည်။ ထာဝရ ငြိမ် သက်ခြင်းဖြင့် ငြိမ်သက်သွားချေ ပြီတည်း။

"အမလေး ဆရာရဲ့၊ အလာကောင်းပေမယ့် အခါနှောင်းပါပြီ၊ ဆရာဆေး တိုက်ပြီးတည်းက..."

အစ်မကြီး ဒေါ်ခင်ခင်ဆင့်၏ ပူဆွေးရီး အသံ ငိုချင်း မဆုံးမီ



www.burmeseclassic.com

www.burmeseclassic.com



ဦးမန်းဖဲ ဆင်းပြေးရသည်။ သမားတော်ကြီး ဦးသာမြင့်ထံ ချဉ်းကပ်ရသည်။ ဆရာကြောင့် မဟုတ်ပါကြောင်း၊ သူ့ကံ ကုန်၍ ဖြစ်ရသဖြင့် ကျေနပ်ခွင့်လွှတ်ပါကြောင်း ပြောကြား၍ ဆရာဦးသာမြင့်ကို လိမ္မာယဉ်ကျေးစွာ နှင်၍ လွှတ်ရသည်။

ဒေါ်ခင်ခင်ဆင့်က သူ့ဆေးတိုက်ပြီးမှ ရောဂါဖောက် လာသည်ဟု ပြောလာလျှင် တကယ့် မြန်မာသမားတော်စစ် ဦးသာမြင့်က ခံမည် မဟုတ်။ သူ့ဆေးကြောင့် မဖြစ်နိုင်ပါဟု အငြင်းပွားပြီး ပြဿနာတက်လျှင် ခက်ရချည်ရဲ့။ မတော် တတ ဗေဒတွေ ဘာတွေ တင်ပြီး တတ်ခွဲကြည့်လျှင် ဘွားဘွားပေါ်ပေတော့မည်။ သည့်အတွက် ဦးသာမြင့်ကို အိမ်ထဲသို့ မဝင်ဖြစ်အောင် ဦးမန်းဖဲ ဆီးကြို၍ ပြောရသည်။

မြန်မာသမားတော်တို့၏ ထုံးစံအတိုင်း သေဆုံးသွားသူ ကိုယ့်လူနာ၏ အိမ်တွင် ပါရှိလာသမျှ ဆေးတို့သည် တန်ခိုး အာနိသင် ပြယ်တတ်သည်ဟူသော အယူအဆကြောင့် ဦးသာမြင့်ကလည်း အိမ်တွင်း မဝင်တော့။ မြန်မာဘယဆေးများကလည်း ရှားပါးလိုက်သည် ဖြစ်ခြင်း။

"အင်း၊ တော်ပါသေးရဲ့၊ အလောင်းစင် အမြန်ပြင်ဖြစ်အောင် ဆော်သြဦးမှ"

ရုံးမှ ရောက်ရှိလာသော တပည့်လက်သားများ၏ အကူအညီဖြင့် မြန်မာ့ ထုံးတမ်းစဉ်လာအတိုင်း အလောင်းရေချိုး၊ ခုတင်ပုံးလိုက်ဆင် ပိတ်ဖြူခင်းပြီး အလောင်းစင် ပြင်ဆင်ခြင်း ကိစ္စအဝဝသည် ထိုနေ့ညနေ ပိုင်းတွင် ပြီးဆုံးသွားရလေပြီ။

"ဆရာကူ့တော်ကို ဂူသွင်းမှာလား"

"ဟင့်အင်း၊ မီးပဲ သင်္ဂြိုဟ်မယ်"

အမလေး၊ ဂူသွင်း၍ ဘယ်နည်းနှင့်မှမဖြစ်။ ဒီ ရုပ် အလောင်းကြီး ကျန်နေလျှင် ပြဿနာတက်နိုင်သည်။ ဖြစ်နိုင်ပါလျှင် ယခုပင် မီးရှို့ ပစ်လိုက်ချင်သည်ဟု ဦးမန်းဖဲ ဓာတ်ရွေ့ ပျံရင်း တွေးနေမိသည်။

သုံးရက်ကြီးများတောင် စောင့်ရဦးမည်ဟူသော ရင်လေး ဖွယ် အတွေးများသည် ဦးမန်းဖဲထင်သလောက် မကြန့်ကြာလှ။ ဧည့်သည် များကိုဧည့်ခံရင်း၊ ကိစ္စအဝဝကို စီစဉ်ရင်းဖြင့် အချိန်တို့သည်



လွယ်လွယ်ကူကူ လျင်လျင်မြန်မြန် ကုန်ဆုံးသွားတော့သည်။

"သူ့သားကို မစောင့်တော့ဘူးလား"

ဟူသော အပြောရှင်များကို ဦးမန်းဖဲ မည်သို့ ချေပရ မည်မှန်း သိတတ်နိုင်အောင် အခက်တွေ့ရသည်။

မတတ်သာတော့။ ဒုတိယနေ့တွင် ခေါင်းသွင်း၍ တတိယ နေ့တွင် အသုဘကို အစောဆုံးအချိန်ယူ၍ ချဖြစ်အောင် ချ လိုက်ရ တော့သည်။

"လူလေးရေ၊ မင်းမေမေ အဖြစ်ကို ကြည့်လှည့်ပါဦးကွယ့်"

ဒေါ်ခင်ခင်ဆင့်က တူတော်မောင်ကို တိုင်တည်၍ ဟစ်ငိုလေမှ ဦးမန်းဖဲမှာ မိမိ၏ မယားပါသားအကြောင်းကို တွေးမိ လာပြီးကျောထဲမှ စိမ့်တက်လာသည်။

"ဒီကောင်သာ သိခဲ့ရင်..."

ဦးမန်းဖဲ ဆက်၍ မတွေးရဲ။ သူ့ကြမ္မာသည် ဒေါ်ခင်ခင်မြင့်ထက် အဆတစ်ရာ ဆိုးရွားမည့် အဖြစ်ကို သူ တွေးမိပါသည်။

"အို မသိနိုင်ပါဘူး၊ ဘယ်နည်းနဲ့မှ မပေါ်နိုင်ပါဘူး၊ ငါ ဘစ်ယောက်တည်းမှ တစ်ယောက်တည်းသာ သိတဲ့ ကိစ္စပဲ၊ ဘယ်သူ့ အကူအညီမှ မပါဘဲ သူ့ကို ပိပိရိရိ သတ်ပစ်ခဲ့တာပဲ၊ ခုထိလည်း ဘယ်သူကမှ သံသယ မရှိကြသေးဘူး၊ မဖြစ်နိုင်ဘူး၊ မပေါ်နိုင်ပါဘူး"

ကိုယ့်စိတ်ကို ကိုယ်တင်းရင်း ရှေ့မှသွားနေသော အသုဘ ရထားမဲမဲကြီးကို အာရုံစိုက်၍ ကြည့်နေမိသည်။

သုသာန်သို့ ရောက်ပါပြီ။

မိနစ်ပိုင်းပါ၊ မိနစ် အနည်းငယ်မျှလေးသာ လိုပါတော့သည်။ ကြောမီပင် ဒေါ်ခင်ခင်မြင့်ဆိုသော ရုပ်ကလာပ်မှာ ပြာအဖြစ်သို့ ရောက်ရှိသွားပေတော့မည်။ သူ့အစာအိမ်ကို မည်သူ မျှ ခွဲခွဲကြည့်၍ ရနိုင်တော့ပါ။

အသုဘရထားပေါ်မှ ခေါင်းကို သယ်မ,ချနေပြီ။ ဆွေမျိုး ရင်းချာ မရှိရှာသော ဒေါ်ခင်ခင်မြင့်ကို နိဗ္ဗာန်ယာဉ် လုပ်သားများကသာ သယ်ချကြပါ၏။

မီးလောင်တိုက် မသွင်းမီ နောက်ဆုံး တည်ရှိခြင်းအဖြစ် နှင့်

www.burmeseclassic.com



တွန်းလှည်းပေါ်တွင် ခေါင်းကို တင်ထားဆဲအချိန်တွင်...

"ဟိုက်..."

ဦးမန်းဖဲ့ အသံထွက်သွားရင်း အနီးရှိ ကားကို ယောင်ယမ်း၍ လှမ်းကိုင်ထားလိုက်မိသည်။

ဦးမန်းဖဲ့တို့၏ ကားတန်းကြီးများ မျက်နှာမူထားသည့် ဘက်မှ တည့်တည့်ကြီး မောင်းဝင်လာသော ရဲကားတစ်စီး။

စိတ်လှုပ်ရှားလွယ်သော ဦးမန်းဖဲ့ နောက်ဘက်သို့ လှည့်ထွက် ပြေးတော့သည်။

"သတိထားပါ၊ ဆရာ သတိထားပါ"

ဟပြည့်တပန်းများက ဝိုင်းဆွဲထားကြသည်။ ဖမ်းချုပ်ပေးထား သည်သို့ ရှိနေပါ၍ ဦးမန်းဖဲ့ အင်နှင့်အားနှင့် ရုန်းမိသည်။

"ကြည့်ပါဦး၊ အဘိုးကြီး အဖြစ်သည်းနေလိုက်တာ"

"ဒါတောင် ကြီးပေါင်းနော်"

"သူ့ ပထမ မယား သေတုန်းက ဒီလိုပဲလား မသိ"

"မယားသေလို့ သိပ်ငိုရင် မြန်မြန် မိန်းမယူရောတဲ့"

အသုဘရှုသူတို့၏ ထုံးစံအတိုင်း ဝေဖန်သံ စပ်စုသံများက လျှံထွက်လာသည်။

ကြောက်သည့်အရာကို မကြည့်ဘဲမနေနိုင်သည့် လူတို့၏သဘာ အတိုင်း ဝိုင်းဆွဲထားကြသည့် လူများကြားမှ ရဲကားကို ဦးမန်း ခိုးကြည့်မိသည်။

ရဲအရာရှိနှင့် ရဲသားတစ်ယောက်ကားပေါ်မှ ဆင်းလာသည် ဒေါ်ခင်ခင်မြင့် အလောင်းရှိရာ၊ မီးသင်္ဂြိုဟ်သည့်နေရာ တန်းတန်း မတ်မတ် လျှောက်လာနေပြီ။

"ဘုရား...ဘုရား"

ဦးမန်းဖဲ့ မလှုပ်ရှားတော့။ ကြောက်ရွံ့ခြင်း အရှိန်အဟုန် ကြီးစွာဖြင့် ဖမ်းထားသူများ လက်ထဲတွင် တောင့်တောင့်ကြီး ရပ်နေ မိသည်။

ရဲအရာရှိနှင့် သချိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်တို့ ဆွေးနွေး ပြောဆိုနေ ကြဟန် တူသည်။





အသုဘရှုသူ အားလုံး၏ မျက်လုံးပေါင်းများစွာက ဦးမန်းဖဲ့ ထံမှာ...။

ဤသည်ကိုလည်းသိ၊ ရဲအရာရှိကိုလည်း ကြည့်နေရသော ဦးမန်းဖဲ့၏ ရင်တွင်း ခံစားမှုဒုက္ခသည် သေဆုံးနေသူ ဒေါ်ခင်ခင်မြင့် ခံစားခဲ့ရသည့် ဝေဒနာထက် အဆရာထောင် သာပေလိမ့်မည်သာ။

"ဟင်၊ ပြန်ထွက်သွားပြီ"

ရဲအရာရှိနှင့် ရဲသားက ဦးမန်းဖဲ့ကို ငဲ့စောင်း၍မျှ ကြည့်မသွား။ ကားပေါ်သို့ ပြန်တက်ကြပြီးသည်နှင့် လာလမ်းအတိုင်း ပြန်လည် မောင်းနှင် ထွက်ခွာသွားတော့သည်။

"အမလေး၊ တော်ပါသေးရဲ့၊ သူတို့ကိစ္စနဲ့ သူတို့ လာကြ တာပါလား၊ ရဲအရာရှိနဲ့ပတ်သက်တဲ့သူ တစ်ယောက်ယောက် သေဆုံး တဲ့ကိစ္စမျိုး ဖြစ်ပါလိမ့်မယ်"ဟူသော အတွေးကြောင့် ဦးမန်းဖဲ့၏ ရင်မှာ တမုဟုတ်ချင်း သက်သာခွင့်ရရှိသွားသော်လည်း အကြောက်က မပြေ တတ်သေး၊ လှုပ်ရှား၍ဖြင့် ရပါပြီ။

"ပြာကျတဲ့အထိ သင်္ဂြိုဟ်ပါနော်၊ ရော့..."

ထို့နောက်မှာ အလောင်းကို တွန်းယူသွားကြပါပြီ။

အလျှံငြိးငြိး မီးစွယ်ကြီးများ ရှိရာနေရာသို့ ခေါင်းကို သွင်း၍ တံခါးပိတ်လိုက်လေမှ...

"အမလေး၊ ခုမှပဲ စိတ်အေးရတော့တယ်"

"သွားပြီ၊ ပြီးပြီ၊ ဘယ်သူက ဘာတတ်နိုင်ကြဦးမှာလဲ၊ မန်းဖဲ့တို့ အကြံ ဟန်လိုက်လေ၊ အောင်မြင်လိုက်လေကွာ"

စိတ်တွင်းမှ ကြုံးဝါးလျက် ကားပေါ်သို့ ပြန်တက်လာခဲ့သော ဦးမန်းဖဲ့မှာ မပြုံးမိအောင် မနည်းသတိထား နေရပါ၏။

ဦးမန်းဖဲ့၏ လှုပ်ရှားမှုအားလုံးကို အစမှ အဆုံးတိုင် အသေအချာ စိုက်ကြည့်နေသူ တစ်ယောက်ဖြင့် ရှိပါ၏။

သူကား၊ အိမ်ဖော်မလေး 'အကြည်'...။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၁)

"မောင်...မောင်ရယ်၊ သတိထားပါကွယ်"

"ဖယ်...ပြည့်၊ မောင် မကျေဘူး၊ ဒီခွေးကောင်ကြီးကို မောင် မကျေဘူး"

"အခုလည်း သူ့ အကုသိုလ်နဲ့သူ သွားပါပြီလေ၊ သူ့ကို အ‌‌ပေါင်းစုံနဲ့ ရဲက ဖမ်းသွားပြီပဲ မောင်ရယ်"

"မောင် မကျေဘူး၊ သူ ဒီလို ဖြစ်သွားတာကို မောင်မခံနိုင်ဘူး မောင့်မေမေကို ရက်ရက်စက်စက် သတ်ပစ်ရက်တဲ့ အကောင်ကို မောင်ကိုယ်တိုင် မောင့်လက်နဲ့ သတ်ပစ်ရမှ ကျေနပ်မယ်"

မောင်၏ ဒေါသသည်သာ ပေါက်ကွဲတတ်ပါလျှင် အနီးရှိ မလေးတို့ပင် လွင့်စဉ် ကြေမွကြပါလိမ့်မည်။

မောင် သည်သို့ ထိန်းမနိုင်သိမ်းမရ ဖြစ်လျှင်လည်း ဖြစ်ထိုက် လောက်အောင် ဦးမန်းဖဲက ယုတ်ကန်းလှသည်။ သူ့ ရက်စက်မှုက လူမဆန်လွန်းလေစွ။

ဤအကြောင်းအရာ ပြဿနာပေါင်းစုံကို စုစည်း၍ သိပြီးသွား ခဲ့လျှင် မောင်သည် ယခု ပုံစံအတိုင်း ဖြစ်လာလိမ့်မည်ဟု မလေး ကြိုတင် တွက်ဆ,ထားပြီးသားပါ။ မောင်သည် စိတ် ကောင်းရှိသည့် စေတနာထားတတ်သည် မှန်သော်လည်း တစ်ခါတစ်ရံ ဒေါသ အလွန်ကြီးတတ်ကြောင်း ပြည့် သိထား ပြီးပါပြီ"





သည့်အတွက် ဦးမန်းဖဲကို ရဲလက်သို့ ကြို၍အပ်ခဲ့သူမှာ မလေး ကိုယ်တိုင်ပင် ဖြစ်တော့သည်။

ယင်းအကြောင်းအရာများ အားလုံးကို တစ်ချိန်တည်း စုစည်း၍ သိခဲ့ကြရသည် မဟုတ်၊ အချိန်ကြာမြင့်စွာ တစ်ပိုင်းစီ တစ်ကန့်စီ ကောက်လံစုံစမ်းရာမှ အကြောင်းစုံ စုပေါင်း၍ တင်ပြနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ကိုဝင်းခိုင်၏ ကြီးမားသော ကြိုးပမ်းချက်ဖြင့် မအူပင်ရှိဦးမြဝင်း ထံမှ သိကြားခဲ့ရသော သတင်းစကားများက တစ်ပိုင်း၊ ယင်းအပိုင်းတွင် ဦးမြဝင်း ဝန်ခံသည်က သူ့ထံ ပစ္စည်းများ အမှန် ရောက်လာပါသည်။ ရွှေချောင်းများ ပြုလုပ်ပြီး စိုးသိန်းနှင့် ထည့်ပေးလိုက်သည်။ ယခု ကိုဝင်းခိုင်နှင့် တွေ့ခဲ့ရသော နောက်ဆုံးအချိန်ထိ ဦးမြဝင်းမှာ ယင်း လုပ်ငန်းပေါ်၌ တစ်ပြားတစ်ချပ်မှ မခံစားခဲ့ရသေးပါဟူ၍ ကျိန်ဆိုပြီး ဝန်ခံ လိုက်လေသည်။ ကိုစိုးသိန်းနှင့်အတူ ပါရှိသွားသော ပစ္စည်း များသည်လည်း ကိုစိုးသိန်းနှင့်အတူ စုန်းစုန်းမြုပ် ပျောက်ဆုံးခဲ့ရ ပြီတည်း။

မော်တော်လည်း ဖော်ပြီးပြီ၊ လုလွန်းဆွေ ပိုင်ရှင်ဆီကလည်း ဘာဆိုဘာမှ သတင်းစကားမကြားရဘူး၊ သူတို့ပဲ တွေ့ပြီး ပြန်မပေး လိုက်လေသလား၊ သို့မဟုတ် စိုးသိန်းနှင့် အတူပင် ပျောက်ဆုံးသွား လေပြီလားဖြင့် မသိ။

"ဘာပဲဖြစ်ဖြစ်ပါ ပြည့်၊ ဒီပစ္စည်းတွေ မောင် မရယူ ချင်ပါဘူး၊ ခိုးကုတ်သူစား၊ လည့်သူ ရ,ပဲ၊ မတမ်းတပါဘူး၊ ဘာကိုမှလည်း မောင် မျှော်မှန်းမောပါဘူး"

"ဒါပေါ့ မောင်ရယ်၊ စားဆိုက် သုံးထိုက်တဲ့လူ လက်ထဲကို ရောက်သွားပြီလို့ပဲ မှတ်ယူရမှာပေါ့၊ ပြည့်တို့နဲ့ မထိုက်လို့ ပစ္စည်းပျောင်း ရှင်ဆီ ပြန်သွားပြီလို့ ပြည့်တို့ တရားနဲ့ပဲ ဖြေကြပါစို့နော်"

မောင်က ပြည့်၏စကားကို နားထောင်ရှာပါသည်။ သူ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်လည်း ပစ္စည်း တပ်မက်စိတ်ဖြင့် ထောင်လွှားခြင်း မရှိရှာပ

ယခု ဖြစ်ရသည်က သူ့မိခင် အတွက်မို့ ဖြစ်သင့် ဖြစ်ထိုက်သေ ဒေါ်သူရင် မောင့်ကို ပြည့်အနေနှင့် ဖျောင်းဖျပေး ရုံသာပါ။

အမှန်က ဤလှို့ဝှက်မှုကြီး တစ်ခုလုံး ဘွားဘွားပေါ် လာ လေအောင် အစွမ်းကုန် ကြိုးပမ်းသူက 'ကိုဝင်းခိုင်'ပါ။

သူ့အကြံဉာဏ် နောက်သို့ ပြည့်တို့ မောင်တို့ လိုက်ခဲ့ကြရ ယခုလို အစမှ အဆုံးတိုင် အသေးစိတ် ပြန်လည်၍ သိခဲ့ရခြင်းသ ဖြစ်ပေသည်။

ခရေစေ့တွင်းကျ လုံးစေ့ပတ်စေ့ အသေးစိတ်ပြန်လည် တင် နိုင်သူက မောင့်မေမေ၏ မွေးစားသမီး အိမ်ဖော်မလေး 'အကြည်'

ဦးမန်းဖဲ၏ သိမ်းသွင်းမှုတွင်း၌ ပထမပိုင်းက အကြည်မ သာယာမိန်းမောစွာဖြင့် မျှောပါနေမိခဲ့သည်။ တစ်နေ့တွင် မယားကြ ဖြစ်သူကို မကွာနိုင်သည့်တိုင် မိမိကိုဖြင့် အိမ်တစ်ဆောင် မီးတစ်ပြေ ဖြင့် ထားပေးပေလိမ့်မည် ဟူ၍ ယုံစား ခဲ့မိသော်လည်း...

"ငါ့ကို အိမ်နဲ့ရာနဲ့ ထားမယ် ဆိုပြီး ဘာတစ်ခုမှလဲ မဆော ရွက်သေးဘူး၊ ငါ့ကို လှည့်ဖျားပြီး မတရားကြံစည်နေတာနဲ့ တူပါရဲ့"

ဟူသော အတွေး ဝင်လာခဲ့မိသည်နှင့် အကြည်မှာ ဦးမန်းဖဲ အလစ်မပေး၊ ထာဝရ သတိထား၍ စောင့်ကြည့်နေခဲ့ရာမှ...

"အစ်ကိုကြီး တိုက်ခိုင်းတဲ့ ဆေးလည်းတိုက်ပြီးရော ရောဂါလည သည်းတော့တာပဲ"

ဟူသော သံသယတွေးများ ဝင်လာခဲ့မိသည်နှင့် ဒေါ် ခင်ခင် သေဆုံးသွား၍ မသောက်ဖြစ်ဘဲ ကျန်ရစ်သော "ဆေး တစ်ထုပ်" လိုရမယ်ရ အကြည်က သိမ်းဆည်းထားခဲ့သည်။

ယင်းဆေးမှ သဲလွန်စ ရ၍ ဦးမန်းဖဲ၏ လူသတ်မှုကြီး ဘွားဘွားပေါ်ခဲ့ရခြင်း ဖြစ်ပေသည်။

မြန်မာ့သမားတော်ကြီး ဦးသာမြင့်ပင်လျှင် ပြဿနာတ





တိုက်ရသေးသည်။ သူ့ဆေးများကို စစ်ဆေးခံရပါသေး၏။ ဥပါဒ် ဖြစ်စေတတ်သော ဓာတ်သတ္တုဆေးဝါးများ မပါရှိပါဟူသော မှတ်ချက် ခြင်း ခံရပါ၏။ အကြည် သိမ်းဆည်း ထားသော ဆေးထုပ်တွင်မူ သေစေတတ်သော အဆိပ်မှုန့်များ ရောယှက်ထားသည်ဟူ၍ အဖြေရ ပါ၏။

မလေးတို့ ကိုရဲထိုက်လင်းတို့ ဘက်က သက်သေအဖြစ် ပါဝင်သူက အကြည်၊ နောက်တစ်ယောက်က ဒေါ်ခင်ခင်ဆင့် ဖြစ်နေ၍ မှုးဦး ကျည့်စရာ ဦးမန်းဖဲသာ ရှိတော့သည်။

ဦးမန်းဖဲကို အသေးစိတ် စိစစ်၍ ခြေရာခံလိုက်သည့် အခါတွင်မှ ငြင်းသာ မလှုပ်သာ၍ တိကျမှန်ကန်သော ဖြောင့်ချက်ကို သူပေးတော့ သည်။

"ဖနီးသည် ဒေါ်ခင်ခင်မြင့်ကို ပစ္စည်းရေးအတွက်နှင့် သူသတ်မိပါ သည်"

ဟူသော ဝန်ခံကတိနှင့်အတူ တရားဥပဒေ၏ အဆုံးအမ ကို ရုန် ဦးမန်းဖဲတစ်ယောက် ချုပ်နှောင်မှုအောက်သို့ ရောက်ရှိသွားခဲ့ သည်ပြီ။ လောဘ၏သားကောင် ဦးမန်းဖဲ၏ ဘဝမှာလည်း ကျဆုံးခြင်း ဖြင့် နိဂုံးချုပ်ခဲ့ရလေပြီတည်း။

* * *

"မောင်၊ သိပ် စိတ်ပင်ပန်းနေလားကွယ်"

"ဟုတ်တယ် ပြည့်၊ ရဲက သိပြီးမှ မောင် သိရတာကို မခံချင် ဘူးကွာ"

"ပြည့်ကတော့ အခုလို ဖြစ်ရတာကို ပိုပြီးဝမ်းသာတယ်"

"ဘာပြောတယ် ပြည့်"

"သြော်...ဟို...ဒီလိုပါ မောင်ရယ်၊ ဦးမန်းဖဲကို မောင့်လက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်စားချေဖြစ်လိုက်ရင် ခုလောက်ဆို မောင့်အဖြစ်ကို ပြည့်မတွေးဝံ့ဘူး အခု မောင်က အပြင်မှာနေပြီး ဦးမန်းစံက ထောင်ထဲ ဝင်သွားရတော့ လူမှန်နေရာမှန်မို့ ဝမ်းသာမိတယ်လို့ ပြောလိုက်မိတာပါ၊ ပြည့်ကို စိတ်ဆိုးသွားလား မောင်"

"ပြည့်ကို မောင် စိတ်မဆိုးရက်ပါဘူး"

"မောင် စဉ်းစားကြည့်ပါလေ၊ သူ့ကို သတ်မိရင် မောင် အပြစ်ရတော့မယ်၊ ဒါဆိုရင် သေဆုံးသွားပြီးတဲ့ မောင့်မေမေ အတွက် လည်း ကုသိုလ်ပြုပြီး ခုလို အမျှအတမ်း မဝေနိုင်တော့ ဘူးပေါ့နော် မောင်"

"အင်း၊ ဟုတ်ပါတယ် ပြည့်"

တစ်နေ့ကပင် ဒေါ်ခင်ခင်မြင့်၏ သက်စေ့၊ သံဃာတော်များ ပင့်ဖိတ်၍ ဆွမ်းကျွေး၊ သင်္ကန်းကပ်လှူ၍ အမျှအတမ်း ဝေခဲ့ပြီးသည်ကို မလေးက ရည်ညွှန်းပါသည်။

"ပြီးတော့ မောင့်ကို မိတွယ်လာရတဲ့ နွယ်တစ်ပင်လည်း ရှိနေပါပြီ မောင်၊ အဲဒါကတော့ ပြည့်ပါပဲ"

"အို...ပြည့်ရယ်၊ ဟုတ်တယ်နော်၊ မောင် ဒေါသ အလျောက်သာ လုပ်လိုက်မိရင် ပြည့်...ပြည့် တစ်ယောက် တည်း ကျန်ရစ်ခဲ့ရမှာ မောင့်ကို လမ်းပြတဲ့ ပြည့်ရယ်၊ မောင် ကျေးဇူးတင်လှပါတယ်"

"မလိုပါဘူး မောင်၊ မောင် ဒီလို မြင်လာတာကိုပဲ ပြည့် ကျေနပ်လှပါပြီရှင်"

"သြော်၊ လင်သားတွေရဲ့ ဒေါသကို တက်ကြွစေအောင် တွန်းတင်ပေးတတ်တဲ့ မိန်းမမိုက်များရှိသလို ခင်ပွန်းသည်ရဲ့ ဒေါသ မီးရှိန်ကို အညွန့်ကျိုးသွားစေအောင် စွမ်းဆောင် လမ်းပြနိုင်တဲ့ ပြည့် တို့လို ဇနီး အလိမ္မာလေးတွေလည်း ရှိပါသေး လားကွယ်"

"စေတနာပါ၊ ပြည့်ရဲ့ အရိုးခံ စေတနာပါရှင်"

"ပြည့်..."





"မောင်..."

"မောင့်ကို လက်ထပ်ရတာ ပြည့် စိတ်ိ မညစ်ဘူးလားဟင်၊ ပြည့်နဲ့ရမှ ဖြေရှင်းလိုက်ရတဲ့ ပြဿနာတွေ"

"မောင်နဲ့ လက်ထပ်ပြီးတဲ့နေ့ကစပြီး မောင်နဲ့ထပ်တူ အေးအတူ ပူအမျှ မျှဝေ ခံစားနေပါ့မယ်လို့ ပြည့် ဆုံးဖြတ်ခဲ့ပြီး သားပါ မောင်"

"တစ်ခါမှ မအေးရသေးတဲ့ မောင့်အတွက် ပြည့်စိတ်ညစ် လှရော့မယ်"

"မညစ်ပါဘူး၊ မောင် စိတ်တည်ငြိမ်အေးချမ်းလာပြီပဲ၊ ပြည့်လည်း အေးငြိမ်းဖို့ပဲ ရှိပါပြီ၊ ပြည့်အတွက် ထည့်မတွက်ပါနဲ့မောင်၊ ပြည့်ဟာ မောင့်အရိပ်လိုပဲ သဘောထားပါနော်၊ မောင် ရင်ငြိမ်းရင် ပြည့် ရင်ငြိမ်းပြီးသားပါ၊ လက်ထပ်တဲ့နေ့က စပြီး ပြည့်ဟာ မောင့်အတွက် ဖြစ်လာနိုင်အောင် အစွမ်းကုန် ကြိုးစားပါတော့မယ်ဆိုတဲ့ သန္နိဋ္ဌာန်တွေနဲ့ ပြည့် မောင့်ကို လက်ထပ်ခဲ့တာပါ"

မလေး၏စကားကြောင့် ရဲဇော်လင်းက မလေးကို မြတ်နိုးစွာ ဆွဲယူလိုက်သည်။ ညဦးပိုင်း မီးလင်းနေသော ခြင်ထောင်တွင်း၌ လေးတို့ စကားပြောနေကြခြင်း ဖြစ်သည်။ ရဲဇော်လင်းက မလေးကို နစ်နစ်နဲ့နဲ့ ပွေ့ဖက်ထားရာမှ...

"ပြည့်ကို မောင် မေးမလို့"

"မေးလေ မောင်"

"လက်ထပ်တဲ့နေ့ကစပြီး...လို့ ပြည့်ပြောမှ မောင် မေး ဖို့ သတိရလာတယ်"

"ဘာများလဲ မောင်ရဲ့"

"ပြည့် မောင့်ကို လက်ထပ်ရတုန်းက လုံးဝ မောင့်ကို မချစ် သေးဘူး၊ လူကြီးတွေ ကျေနပ်လို့သာ လက်ထပ်ခဲ့ရတာ မဟုတ်လား"

"ဟုတ်ပါတယ် မောင်"

"မောင် မေးရင် စိတ်မဆိုးရဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"မေးပါ"

"မောင်နဲ့ လက်မထပ်ခင်က ပြည့်မှာ ချစ်သူ ရှိခဲ့သေးလားဟင် ပြည့်"

ရင်ခွင်တွင်း၌ လဲလျောင်းနေသော မလေး၏ မေးစေ့ လေးကို ဆွဲယူ၍ မောင်ကမေးလိုက်သည်။ မလေးမှာ တည်ငြိမ်သော အကြည့်များဖြင့် မောင့်ကို အသေအချာ ကြည့်၍ သက်ပြင်း မှျင်မှျင်လေး ချပြီးမှ . . .

"ဒီစကားဟာ ပြည့်နဲ့ လက်မထပ်ခင်က မောင် မေးဖို့ကောင်းတဲ့ စကားပါ"

"သြော်- ဟိုတုန်းက ပြည့်နဲ့မောင်က တွေ့ခွင့်မှ မရကြဘဲ၊ ပြည့်က တွေ့ခွင့်မှ မပေးဘဲ၊ မောင် ရောက်လာရင် အိမ်ထဲဝင် ဝင်ပြေးပြီးတော့"

မောင်က ပြည့်၏ နှုတ်ခမ်းလေးကို သူ့လက်ညှိုးဖြင့် ရစ်ဝိုင်းတို့ထောက်ရင်းက ပြောလိုက်သည်။ မောင့်မျက်နှာက ကြည်ကြည်ရီရီနှင့်ပါ။

"ဒါဖြင့်လည်း အခုကျမှ မေးမနေပါနဲ့တော့လားရှင်"

"ပြည့်က အဖြေရ ခက်နေလို့လား၊ ဟုတ်လား"

"အမှန်အတိုင်း ပြောဖို့တော့ ပြည့် ဝန်မလေးပါဘူး၊ ဒါပေမယ့် အိမ်ထောင်ရေးဆိုတာ အင်မတန် နူးညံ့ညင်သာတဲ့ အရာပါ၊ အစွန်းအကွက်လေး တစ်စက်ထင်မိရင် ဖျက်ဖို့ ခက်လှပါတယ်"

"မောင့်အနေနဲ့ ဒီလောက်ကြီး အလေးအနက် မထားပါဘူးပြည့် သိချင်တာ တစ်ခုပါပဲ"

"မောင် သိချင်တယ် ဆိုရင်တော့ ပြည့်မှာ ပြောပြဖို့ တာဝန်ရှိပြီပေါ့လေ၊ ပြည့်အမှန်အတိုင်း ဝန်ခံပါ့မယ် မောင်၊ ပြည့် ငယ်ငယ်လေးတည်းက မြတ်မြတ်နိုးနိုး ချစ်ခဲ့ရတဲ့သူ တစ် ယောက်ရှိခဲ့ဖူးပါတယ်"

"ဟင်၊ ပြည့်မှာ ချစ်သူ ရှိတယ်"





အလေးအနက် မထားပါဘူးဆိုသော မောင် ပြည့်ကို ဖက်မွေ့ထားသော လက်သည်ပင် လျော့ရဲ၍ သွားလေပြီ။

"ပြည့်ရဲ့ စကားဆုံးအောင်တော့ မောင် နားထောင်ပါလေ၊ အဲဒီချစ်သူနဲ့ ပြည့်နဲ့ဟာ တစ်ယောက်နဲ့ တစ်ယောက် ဘာပွင့်လင်းမှုမှ မရှိခဲ့ကြပါဘူး၊ ပြည့်ကို သူက ချစ်လှပါချည့် ရဲ့လို့ ခုချိန်ထိတစ်ခါမှ ပါးစပ်က မပြောဖူးခဲ့ပါဘူး"

"အို ဒါဖြင့် ပြည့်ဘက်က တစ်ဖက်သတ် ချစ်ရတဲ့ အချစ်မျိုးလား၊ ဘယ်ကကောင်မို့လဲ ပြည့်ရယ်"

"ဘယ်သူ ဆိုတာတော့ ပြည့် မပြောပါရစေနဲ့တော့လေ၊ ပြည့်က မိန်းကလေးတန်မယ့် တစ်ဖက်သတ် ချစ်နေရတဲ့ အချစ်မျိုးကြီးတော့ မဟုတ်တာ အမှန်ပါပဲ မောင်"

"ပြည့်ဟာကလည်း အဆန်းပါလား"

"ဟုတ်တယ် မောင်၊ ပြည့်တို့နှစ်ယောက်ဟာ သန့်စင်တဲ့ မေတ္တာအများကြီးထဲမှာ မသန့်စင်တဲ့ မေတ္တာလေး နည်းနည်းရောထွေးသွားတာမျိုးပါ၊ ပြည့် သူ့အပေါ်မှာ သိပ်ပြီး တွယ်တာ မျှော်လင့်ခဲ့ဖူးတယ်လို့တော့ ဝန်ခံပါရစေ၊ ပြည့်တို့ နှစ်ယောက် ဘာစကားလုံးမှ ပြတ်သားကြခင်မှာ သူဟာ မိန်းမ ယူသွား ပါတယ်"

"ဒါ အမှန်ပဲနော် ပြည့်"

"ပြည့် သစ္စာဆိုပြီး ပြောရဲပါတယ် မောင်"

"နောက်ရော တွေ့ကြသေးလား"

"သူ့အဖေ ဆုံးတုန်းက တစ်ခါ မြင်လိုက်ပါတယ်၊ စကား ပြောဖြစ်ကြပါဘူး"

"သြော်၊ နောက် မတွေ့တော့ဘူးလား"

"တစ်ခါ ထပ်တွေ့ပါတယ်၊ ပြည့် လက်ထပ်တော့မယ့် အကြောင်း သူ့ကို ပြောပြမိပါတယ်"

"သူက မိန်းမ အရင်ယူသွားတဲ့ ကောင်ပဲ၊ ပြည့်က ခွင့်တောင်း



www.burmeseclassic.com

www.burmeseclassic.com



နေဖို့ လိုသေးလား"

မောင့်အသံက မာလာသည်။ အမည် မဖော်ပြ၍ သူ မသိသေး 'ကောင်'ကို ဒေါပွနေလေသလား၊ မလေးကို အပြစ် မြင်ချင် လေလားဖြင့် မလေး မသိ။

"ခွင့်တောင်းတယ်ရယ်တော့ မဟုတ်ပါဘူး၊ ပြည့်လူကြီးတွေ စကား နားထောင်လိုက်ရတော့မလားလို့တော့ မေးမိပါတယ်၊ သူ ပြည့်နဲ့ဟာ အသက်နဲ့အမျှ အတူနေလာခဲ့ကြတဲ့ သူငယ်ချင်း နှစ်ယောက် လည်း ဖြစ်ပါတယ် မောင်"

"သြော်...သြော်၊ သူက လက်ထပ်လိုက်တော့တဲ့လား"

"ဟုတ်ပါတယ်၊ ပြည့် မောင့်ကို ဝန်ခံစရာ အားလုံး ပြီးဆုံး သွားပါပြီ မောင်၊ မောင် ကြိုက်သလို ဆုံးဖြတ်တာကို ပြည့်နာယူပါ့မယ်"

"ဘာ ဆုံးဖြတ်ဖို့ လိုတော့လဲ၊ လက်ထပ်ပြီးနေမှပဲ"

"ပြည့်တို့နှစ်ယောက်ဟာ ငြိစွန်းတဲ့စကား တစ်ခွန်းမှလဲ မပြော ဖြစ်ကြဘူး၊ တဏှာစိတ်နဲ့လည်း လက်ဖျားလေးချင်းတောင် မထိ ခဲ့ကြဖူးပါဘူး၊ ဒါပေမယ့် ပြည့်ရင်ထဲက ဝေဒနာစိတ် ကလေးတွေ ကိုတောင် ချန်လှပ် မထားချင်လို့ မောင့်ကို တင်ပြမိ တာပါ"

မောင်က ငြိမ်နေသည်။ မလေးကပင် ဆက်ရပါ၏။

"ပြည့် မေမေမှာကြားတဲ့အတိုင်း ပြည့်ဟာ မောင်နဲ့ လက်ထပ် ပြီးတဲ့နေ့ကစပြီး မောင့်အတွက်ပဲ ဖြစ်ရပါစေမယ်လို့ ဆုံးဖြတ်ပြီးသားပါ ဆုံးဖြတ်တဲ့အတိုင်းလည်း မောင့်ကို ချစ်လာနိုင်အောင် ပြည့် အချိန်ပြည့် ကြိုးစားခဲ့ပါတယ်၊ ပြည့်ရဲ့ ဉာဏ်စွမ်းအား၊ ကာယစွမ်းအား အပြည့် မောင့်ကို ပြုစုခဲ့ပါတယ်"

"ခုအချိန်မှာ ပြည့်ဟာ မောင့်ကို ချစ်တတ်လာပါပြီ၊ အားကိုး စိတ်နဲ့ မြတ်နိုးတတ်လာပါပြီ မောင်၊ မောင့်ရဲ့ သုခ ဟာ ပြည့်ရဲ့သုခ မောင့်ရဲ့ ဒုက္ခဟာ ပြည့်ရဲ့ ဒုက္ခပါလို့ နှစ် ၁၀ ရောနှောခဲ့တာ မောင် အသိပါနော်၊ ဒါပေမယ့်လေ..."





"ပြည့်..."

"မောင့်သဘောပါ မောင်၊ လက်ထပ်ပြီးနေမှပဲ ဘာ ဆုံးဖြတ်ဖို့ လိုတော့လဲ ဆိုပေမယ့် မောင် ကြိုက်သလို ဆုံးဖြတ် ပါ၊ မောင့်ရင်ထဲမှာ မုအထစ်ကြီး ရှိနေပါရက်နဲ့တော့ ပြည့်ကို မောင့်ရင်ခွင်မှာ မထားပါနဲ့၊ မောင် ဆုံးဖြတ်ပါလေ၊ ပြည့် ပြန်ဆိုရင် ပြန်ပါ့မယ်"

"ဟင်...ပြည့်"

မလေး ဝမ်းနည်းလာမိသည်။ ကိုထွေးအကြောင်းပါလာ ၍ ဆဒနာဟောင်းက ရှင်သန်လာသည်ကလည်း တစ်ကြောင်းပါ။ ချစ်မြတ် နိုင်အောင် ကြိုးစားနေမိဆဲ ခင်ပွန်းသည်၏ လျော့နည်းလာသော စတ္တာစကားကြောင့်လည်း ပြည့်ဘဝကို ပြည့် ဝမ်းနည်းလာမိသည်။

"အာ...ပြည့် ငိုနေတယ်"

မောင့်ရင်ခွင်မှ မလေး လူးထမိသည်။ မောင့် ခြေရင်းဘက်တွင် ထောက်၍ ထိုင်ရာက မျက်နှာကို ထိန်ဖုက်ထား ရင်း...

"ပြည့် မျက်ရည်ခံထိုးတာ မဟုတ်ရပါဘူး၊ တကယ် ဝမ်းနည်း ပါ၊ မောင်နဲ့ပြည့်တို့ဟာ အဆင့်ချင်း သိပ်ကွာခြားပါတယ်မောင်၊ မောင့်ဘက်က သိပ်ပြီး အဆုံးရှုံး များနေခဲ့ ရင်ပြည့် ဖယ်ပေးပါ့မယ်၊ ပြည့် ပြန်ပါရစေ"

သည်တော့လည်း မောင်က ဆတ်ခနဲ ထထိုင်သည်။ ပြည့်၏ လက်ကို သိုင်းဖက်လိုက်သည်။ နဖူးချင်း ထိကပ်၊ ပါး ချင်းအပ်ရာက...

"ဖြစ်မှဖြစ်ရလေ ပြည့်ရယ်၊ ဘာတွေ ပြောနေတာလဲ၊ ပြည့် ရင် မောင် ရင်ကွဲ ကျန်နေမှာပေါ့၊ ပြည့်ကို မောင် ချစ်တယ်၊ ပြည့်ကို မောင် တကယ် မြတ်မြတ်နိုးနိုးနဲ့ ချစ်ခဲ့တာပါပြည့်၊ မငိုပါနဲ့ ချစ်ရယ်၊ မောင် ရင်နာတယ်၊ တိတ်တော့ နော်"

မောင် မျက်ရည်သုတ်ပေးခါမှ မျက်ရည်က ပိုကျလာသည်။

"မောင်နဲ့ လက်ထပ်တဲ့ ညက ပြည့် တိတ်တိတ်လေး တ်ငိုတာ မောင်သိတယ်၊ ဒီနောက် တစ်ခါမှ ပြည့် မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



မကျရဘူး၊ မောင့်အဖြစ်ကြောင့် စိတ်ပဲ ညစ်ရတယ်၊ ခုမှ ငိုလိုက်ရတာ တိတ်…တိတ်…တိတ်ပါတော့ကွယ်"

သည်တော့လည်း ပြည့် အငိုတိတ်ရပါ၏။ ကျပြီးသားမျက်ရည်များကိုမူ မောင်က တို့သုတ်ပေးရှာပါ၏။ မောင်က ခြင်ထောင်အပြင် ထွက်သွားပြီး ခဏအကြာတွင် ရေခဲရေနှင့် ဖျော်သော လိမ္မော်ရည် တစ်ဖန်ခွက် ယူလာသည်။ ရေခဲသေတ္တာ တွင်းမှ ကိတ်မုန့်ပန်းကန်လည်း ပါလိုက်သေးသည်။

"ရော့ ပြည့်၊ လိမ္မော်ရည်လေး သောက်လိုက်ပါဦး"

မလေးက ဖန်ခွက်ကိုယူ၍ သောက်လိုက်ရသည်။ ရင်တွင်း လှုပ်ရှားနေမှုများသည် အေးမြ ငြိမ်သက်သွားတော့သည်။ မောင့်မေရဲဟုပင် မလေး မှတ်ယူနိုင်အောင် ကြိုးစားရပါမည်။

"မုန့်ပါ စားလေ ပြည့်"

"တော်ပြီ၊ ပြည့် မစားနိုင်တော့လို့ပါ၊ ပေး၊ ပြည့် သွား ပြန်ထားပါ့မယ်"

"နေနေ…ပြည့်"

မောင်က ဆွဲယူ၍ အပြင် ထွက်သွားသည်။ နီးရာစားပွဲ ပေါ် တင်ခဲ့ဟန် ရှိပါ၏။ ခဏအတွင်း မောင် ပြန်ရောက်လာ ခဲ့သည်။

"ပြည့်ကို မောင်ပြောချင်သေးတယ်"

"ဟုတ်ကဲ့ပါ၊ ပြောပါ"

"မောင် ကျောင်းသားဘဝတုန်းက ရည်းစားတွေမှ အများပြီး နောက်တော့ သူတို့တွေလည်း အိမ်ထောင်ကျ၊ မောင် လည်းတကယ် ချစ်မြတ်နိုးတဲ့ ပြည့်ကို ယူ၊ ပြီးခဲ့တာတွေ သတိတောင် မရတော့ ဒါ ခမ္မတာလို ဖြစ်နေပါပြီ ပြည့်၊ အခု ပြည့်အဖြစ်က ချစ်သူရည်းစား ပါရယ်လို့တောင် မပီပြင်တဲ့အဖြစ်ပါ၊ ပြည့် ဝန်မခံရင်လည်းရပါတယ် ဘယ်သူ သိတာ မှတ်လို့၊ ဘာသက်သေမှ ပြစရာလဲ မရှိပါဘဲနဲ့ ပြည့် ရဲ့ ရင်ထဲက ဝေဒနာလေးကို ရိုးရိုးသားသား တင်ပြလာတဲ့ ပြည့်ရဲ့





မောင်က မလေးကို ထိုင်လျက်က ကလေးငယ် တစ်ယောက်လို ရင်ခွင်ထဲ ပွေ့ထည့်ထားလိုက်ပြီးမှ…

"ပြည့်ဟာ ဒီနေ့ခေတ်မှာ ရှာမှရှားတဲ့ အပြစ်မဲ့ ချစ်သူပါ၊ ခနီးသည် တစ်ယောက် အနေနဲ့လည်း ခင်ပွန်းသည့်ရဲ့ အကြိုက်နဲ့ အကိုက်ညီဆုံး နေနိုင်တဲ့ မိန်းကလေး၊ ပြီးတော့ ပြည့်ဟာ မောင့်ရဲ့ အတိုင်ပင်ခံ မိတ်ဆွေကောင်းလည်း မည်ပါတယ် ပြည့်ရယ်၊ ဒီလောက် ပြီးပြည့်စုံတဲ့ ရတနာတစ်ပါး ရထားပါရက်နဲ့ မောင် ပြန်လွှတ်ရက်ပါ့ မလား၊ မောင် ဒီ လောက် မိုက်ပါ့မလား၊ ဒီမှာ ပြည့်"

"ရှင်…"

"ခုချိန်ကစပြီး ပြည့် စိတ်ပင်ပန်းရမယ့် စကား၊ ဝမ်းနည်းရမယ့် စကားတွေ မောင် ဘယ်တော့မှ မပြောတော့ပါဘူးနော်၊ မောင့်ရင်ကွဲ ကျန်ရစ်ရမယ့် စကားလည်း ပြည့် မပြောပါနဲ့ တော့ကွယ်နော်"

"ပြည့်ကတော့ မောင် စိတ်ဆင်းရဲရမယ့် စကား ဘယ်တော့မှ မပြောရက်ပါဘူး"

"အဲ၊ 'ရက်' ကလေး တစ်လုံး ပါတာ ကြိုက်သွားပြီ၊ မပြောရက် ပါဘူး ဆိုတာကိုက မောင့်ကို ချစ်တဲ့၊ သနားတဲ့ စကား မဟုတ်ဘူးလား၊ ဒါ ကရုဏာရသ မြောက်တယ်"

"ဟုတ်ပါသတဲ့ရှင်"

"ကဲ၊ မောင်ကလည်း 'ရက်' တော့မယ်"

"အို…ဘာလဲ"

"မပြောရက်ဘူး၊ မဆိုရက်ဘူး၊ မျက်ရည်ကျအောင် မလုပ် ရက်ဘူး ဆိုတဲ့ ကရုဏာရသမြောက်တဲ့ စကားတွေ ပြောမလို့ပါပြည့်ရဲ့"

"ကျေးဇူးတင်ပါတယ် မောင်၊ ပြီးတော့ မောင့်ဘဝထဲကို ရောက်နေတဲ့ မောင့်ရဲ့ အစိမ်းခံပြည့်ကို မချစ်ရင် နေပါရှင်၊ သနားစိတ် ထင်ရင်ပဲ ကျေနပ်လှပါပြီ"

"အဲဒီလို ပြောတာလေးကိုတောင် မောင် သနားလှပါ ပြီဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ပြည့်...”

“ပြောပါ မောင်”

“မောင့်ကိစ္စ၊ မောင့်ပြဿနာတွေ ရှုပ်ထွေး နေတာနဲ့ ပြည့်ကိုတောင် မောင် မမေးမိသေးဘူး၊ အခုဆို ဦးမန်းဖဲ့ ပြဿနာလည်း ရှင်းသွားပြီ၊ ဒီ တိုက်၊ ကားနဲ့ ပစ္စည်း အနည်း အပါ မောင်တို့ ပိုင်ဆိုင်နိုင်ပါပြီ၊ ဒီတော့ မောင်တို့ရဲ့ ရှေ့ရေး ကို ဘယ်လို စီစဉ်မလဲ၊ ပြည့် ဘာလုပ်ချင်လဲ”

“ပြည့်တော့ ချင်းတောင်ကိုပဲ ပြန်ချင်ပါတယ် မောင်”

“ဟင်၊ ချင်းတောင်ကို ပြန်ချင်တယ်”

“ဟုတ်တယ် မောင်၊ ပြည့်ကို ပြည့်ရဲ့ တပည့်လေးတွေ ကလည်း မျှော်လင့်ရှာမယ်၊ မောင့် အလုပ် ပြောင်းရွှေ့ဖို့လည်း အမိန့်ထွက်လာပြီပဲ၊ ပြည့်တို့အတွက် ဘာအမွေတွေပဲ ရရ၊ ပြည့်တို့ တတ်ထားတဲ့ ပညာတွေနဲ့ စေတနာတွေ ပေါင်းစပ်ပြီး မောင်က အင်ဂျင်နီယာဆိုတော့ တောင်တွေဖြို၊ လမ်းတွေခင်း၊ ချင်း သွေးချင်း တွေရဲ့ လမ်းပန်းဆက်သွယ်ရေးကို တာဝန်ယူသလို၊ ပြည့်က နောင် ချင်းတောင်ကို စိုးမိုးမယ့် ချင်းလူငယ်လေး တွေကို ပညာပေးမယ် ပြည့်တို့ လူသားအကျိုးပြု လုပ်ငန်းတွေ မှာ ပါဝင်ကြပါစို့ရယ်နော် မောင်ရယ်”

“ကောင်းပါပြီဗျာ၊ ပြည့်သဘောကို မောင် လိုက်လျော ပါပဲ”

* * *





## အခန်း(၃၂)

“ဟယ်...အစ်ကို...ကိုအောင်ဒင်ပါလား”

“အေး...မလေး၊ ငါ နင်တို့မှ ရှိပါ့မလားလို့”

“ရှိပါတယ်၊ ကျောင်းပိတ်တယ်လေ၊ မလေး ယောက်ျားလည်း ...လာခါနီးပါပြီ၊ နေပါဦး၊ အစ်ကိုက ရှမ်းပြည်နယ်မှာ ဆိုပြီး ...ယ့်နဲ့ ချင်းတောင်ပေါ် ရောက်လာရတာလဲ”

“စစ်သားဆိုတာ ဒီလိုပေါ့ဟာ၊ ရန်သူရှိတဲ့နေရာကို ပြေးလာပြီး ...ကွယ်ပေးရတာပဲပေါ့”

“ဒါဖြင့် အစ်ကို ဒီ တိုးတိန်ကို ပြောင်းလာရတယ်လား”

“မဟုတ်ဘူး၊ တပ်က ကလေးမှာ၊ အိန္ဒိယနယ်စပ်က ‘မီဇို’တွေ ...နည်း လှုပ်ရှားလာလို့ တိုက်ဖို့ လာခဲ့တာ၊ ဒီနေ့ တော့ အားလို့ ...ကိုလည်း မတွေ့ရတာ ကြာလို့ တွေ့ချင်တာနဲ့ ငါ တက်လာခဲ့တာ”

“အမေတို့ဆီရော ရောက်သေးလား အစ်ကို”

“ဘယ်ရောက်မလဲ၊ ငါ ထွက်လာတည်းက တစ်ခါမှ အိမ်ပြန် ...ာက်သေးဘူး၊ ငွေတော့ မှန်မှန် ပို့တယ်၊ အဖေ့ဆီ ကလည်း စာ ...ပါတယ်”

“ကိုအောင်ကျော်ဇောသူ”ဟူ၍အမည်သညာယူပြီး ရန်ကုန် ...သိုလ် နယ်မြေမှာ ပွေချင်တိုင်းပွေ ရှုပ်ချင်တိုင်း ရှုပ်ခဲ့ သော်လည်း ... မလေး မြင်ရသော အစ်ကိုအောင်ဒင့် ရုပ် သွင်မှာ...



www.burmeseclassic.com

www.burmeseclassic.com



ယခင်လို ဆံရှည်နှင့် မဟုတ်။ သပ်ရပ်သော ဆံပင်ပုံ အသားညိုသွားသော်လည်း စိုစိုပြေပြေနှင့်၊ ကိုယ်ခန္ဓာပါ ကျစ်လ တောင့်မာလာသည်။ မျက်နှာထား ပြောင်းလဲမှုက ထူးခြားလှသည ယခင်လို ပြုံးပြောင်ပြောင် မဟုတ်တော့။ မတည်ငြိမ်သော အကြည့် ဖြင့် မိန်းကလေးလှလှနောက်သို့ သူ့အကြည့်က သံလိုက်ဓာတ်ဆွဲ သလို လိုက်ပါသွားတတ်သည့် အရွှေ့အလျားများသော အကြည့် မဟုတ်တော့ပါ။ တည်တည်ငြိမ်ငြိမ် အိန္ဒြေရရနှင့် ရင့်ကျက်သေ အမူအရာများ ပိုင်ရှင် အစ်ကိုအောင်ဒင် ဖြစ်နေလေပြီ။

"အစ်ကိုက အရင်လို မဟုတ်တော့ဘူး၊ သိပ်ပြီး လူကြီး လာပြီ"

"တပ်မတော်က ပေးလိုက်တဲ့ အသိပေါ့ဟာ"

"မလေး ဝမ်းသာပါတယ်"

"အေး အရင်တုန်းကတော့ တိုင်းပြည်ကို ချစ်ဖို့ မပြေ ကိုယ့်မိဘနဲ့ ကိုယ့် ညီအစ်ကို မောင်နှမကိုတောင် ချစ်ရ ကောင်းမှ သိတာ မဟုတ်ဘူး"

"မိန်းကလေး လှလှလေးတွေကိုပဲ ချစ်တယ် ဆိုပါတော့"

မလေးက ဝမ်းမြောက်ဝမ်းသာစွာဖြင့် အရွှန်းစကားလေး ပြေ ရယ်မောမိသည်။ အစ်ကိုအောင်ဒင်က နှုတ်ခမ်းလေး စေ့၍ တည်တ ငြိမ်ငြိမ် ပြုံးပြီး ခေါင်းတဆတ်ဆတ် ညိတ်သည်။ ပြတင်းမှ ကျေ ဝေးလံသော တောင်တန်းကြီးများ ဆီသို့ သူလှမ်းကြည့်နေသည်

"အစ်ကို မနက်စာ စားပြီးပြီလား"

"အေး၊ ဇါ သိုင်းငင်မှာ စားခဲ့တယ်"

ချင်းတောင်သို့ တက်သူတိုင်း လိုလိုပင် 'သိုင်းငင်'မှာ ထမင်း ဖြစ်ကြသည်။ သိုင်းငင်ဟူသော '၆၂၅၀'ပေ မြင့်သည့် ချင်းဝိသေ တိုင်း၏ တောင်ပေါ်ရွာလေးမှာ လမ်းခွဲရွာလေး ဖြစ်ပေသည်။ဖလ ဟားခါးသို့ သွားရာလမ်းနှင့် လက်ယာ ဘက်သို့ ချိုးကွေ့ရာ





း‌တီးတိန်သို့သွားရာ လမ်းခွဲနှစ်ခုသည် ဤသိုင်းငင်ရွာလေး၏ မျက်နှာ မှာ ဖြစ်ပေသည်။ ရွာဆိုသော်လည်း ကားလမ်းပေါ်မှ မျက်စိ မြင် သုံးလေးအိမ်ပင် ရှိသည်။ အပေါ်တွင် အိမ်ခြေနှစ်ဆယ်ခန့်နှင့် -လ-က စခန်းရှိပါ၏။ ထမင်းရောင်းသော အိမ်မှာလည်းထည်ဝါခြင်း ရှိ။ ရိုးသားသော အပြင်အဆင်ဖြင့်သာ တစ်ဆိုင်လုံး ဖြောင်းကြမ်း ားဖြင့် ပြည့်နေသည်။ ပြောင်းစေ့များ ထောင်း၊ အခွံချွတ်ပြီး ခွန်လောက်'ခေါ် ပဲ တစ်မျိုးဖြင့် ရောကျို ချက်စားလေ့ ရှိကြပါ၏။

ချင်းထုံးစံ အတိုင်း ဆီး၊ ဆား၊ ငရုတ် မပါသော ဝက်သား င်းလျှာနှင့် ရေနွေးတွင် မုံညင်းရွက်ခတ်ပြီး အချိုမှုန့်၊ ဆားမပါသော င်းချိုနှင့်သာ ဆားတစ်ခွက်၊ ဂျင်း၊ ငရုတ် ထောင်းထားသောအစပ် စ်ခွက် ပါသည်မို့ ကိုယ့်ဟာကိုယ် လိုသလို ဖြည့်စပ် စားရသော မင်းဆိုင် ဖြစ်ပါ၏။ တစ်ခါ တစ်ရံမှသာ ကြက်နှင့် အမဲတို့ ရရှိ တတ်လေသည်။

ကလေးမြို့မှ တာဟန်းကို ဖြတ်၍ ကြိုးသုံးပင်၊ ကိုးမိုင် စခန်း ားကို ဖြတ်ပြီးသည်နှင့် မြင့်မားမတ်စောက်၍ ကျယ်ဝန်း ပြန့်ပျောလှ သာ ချင်းဝိသေသတိုင်း၏ တောင်တန်းများ ကို စ၍ တက်ရသည်။ ဆား‌ဖံ'၊ 'ဖတ်ဖံ' စသော စခန်းရွာ လေးများကို ဖြတ်ပြီးသည်နှင့် ိုင်းငင်သို့ ရောက်လာသည်။

ကလေးနှင့် သိုင်းငင်က ၂၇ မိုင်၊ သိုင်းငင်မှ တီးတိန် သို့ ၂၆ ိုင် ဝေးကွာပြီး သိုင်းငင်လမ်းခွဲမှ ဖလမ်းသို့မူ ၄၇ မိုင် ဝေးကွာပါ၏။ ိုင်းငင်၏ တောင်ထိပ်ဆီမှ အောက်ခြေသို့ မျှော်ကြည့်လျှင် ချိုင့်တွင်းမှ ပျပျ ချင်းရွာလေးများ၊ တောင်ပေါ်မှ သစ်ပင် ညို့ညို့ အုပ်အုပ်ကြီး နှင့် သေသေးမျှင်မျှင် ဝေ့ဝေ့ဝိုက်ဝိုက်လေး ကွေ့ပတ်တက်လာသော တောင်ပေါ် ကားလမ်းလေးများကို လွမ်းမောဆွတ်ကြင်ဖွယ် မြင်ခဲ့ရသော င်းလေးများကို မလေးက တစ်ထိုင်တည်း တွေးလိုက်မိပြီးမှ...

"ထမင်းစားခဲ့ပြီးရင် အစ်ကို့အတွက် နေ့လယ်စာတစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



လုပ်လိုက်မယ်၊ အစ်ကို ဒီည ဒီမှာ အိပ်မှာမဟုတ်လား"

"အေးပေါ့၊ အဆင်းကား ဘယ် ရှိတော့မှာလဲ"

မြေပြန့် ကလေးမြို့နှင့် တီးတိန်မှာ မိုင်းငါးဆယ်ကျော်သာ ကွာသော်လည်း မြင့်မားမတ်စောက်လွန်းသော ပေ ၈၀၀၀ ကျော် လမ်းအထိ တက်ရပါသဖြင့် ကားတစ်စင်းတည်း အသွားအပြန် မမောင်းနှင်နိုင်။ နေ့တစ်ဝက်ကျော်ကျော် တက်ရ ဆင်း ရပေသည်။ အောက်ခြေကို မမြင်နိုင်အောင်ပင် မဲမှောင်၍နေ သော အသူ ချောက်ကြီးများဘေးမှ သေးငယ်လွန်းသော တောင်စောင်းလမ်းတွင် မောင်းနှင်ရသော ကားသမားအဖို့ သတိကြီးစွာ ထားရလွန်း၍ ခရီး မတွင်နိုင်တော့။

"နင့် တီးတိန်ကို တက်ရတဲ့ လမ်းကလည်း အမေ ပြောဖူး အသက် ဖက်နဲ့ ထုပ်ထားရတယ် ဆိုသလိုပဲ၊ တကယ် မလွယ်ပါလား"

"အစ်ကိုလည်း ကြောက်လာပြီလား"

"ငါက စစ်သားပဲ၊ ဒီလောက်တော့ ဘယ်ကြောက်မလဲ၊ တခြား ခရီးသွားတွေ အတွက် ပြောတာပေါ့"

"သွားနေကျပေမယ့် မလေးတော့ သံဗုဒ္ဓေရွတ်ပြီး ဆင်းရတာ တယ်၊ မလေးတို့ရဲ့ ချင်းသွေးချင်းတွေဟာ နေထိုင်မှုမှာ ပင်ပန်း မကဘူး၊ သွားလာမှု ခက်ခဲလှရှာတယ်၊ မလေးတော့ တကယ်သနား တယ်၊ သူတို့တွေကို တကယ် ချစ်မိတယ်"

"အေး၊ ခုလို ကွင်းဆင်းတော့မှ သွေးချင်းတွေကို ချစ်ရကောင်း မှန်း သိတတ်လှာကြတာပါ၊ တို့ဆိုရင် မြန်မာအတွက် ဆိုတာမရှိတော့ ဘူး၊ တိုင်းရင်းသား သွေးချင်းအားလုံးအတွက် တပ်မတော် ဖြစ်နေပါ တို့ လူမျိုးကို စော်ကားသူ ရန်အန္တရာယ် ပြုသူဟူသမျှဟာ တို့ရဲ့ ရန်သူ မြန်မာနဲ့ မြန်မာ့သွေးချင်း များအတွက် တို့လို တပ်မတော်သားတွေ အသက်ကို ပေးလှူပြီးသားပါ မလေး၊ ငါ့မှာ ဝါဒဖြန့်တို့ သဘောတရား ရေးတို့သာ မကြေညက်ရင် ရှိရမယ်၊ တိုင်းပြည်နဲ့လူမျိုးကို ချစ်တတ်





စိတ်တွေ တပ်မတော်က ခွဲဝေပေးတာ ငါရခဲ့ပါပြီ မလေး"

"အစ်ကို ပြောင်းလဲသွားတာကို မလေး သိပ်ဝမ်းသာ သွားတာပဲ၊ အမေတို့ အဖေတို့ မြင်စေချင်လိုက်တာ"

"အေး၊ ငါ တပ်မတော်ထဲ ရောက်မှ တစ်ခါမှ ခွင့်မယူဖူးသေးဘူး၊ ဒီတစ်ခါ မြန်မာနယ်ခြား မကျူးကျော်ရေးအတွက် တိုက်ပွဲဝင်ပြီးရင် ငါ ခွင့်ယူတော့မယ်၊ အမေတို့ဆီကို ပြန်လိုက် ဦးမယ်၊ ကန်တော့ဖို့လည်း ငါ့မှာ ငွေနဲ့ ပစ္စည်းလေးတွေ စု ဆောင်းထားပြီ"

"အို၊ အစ်ကို ပြန်သွားရင် အမေဖြင့် သိပ်ဝမ်းသာမှာပဲ"

"ဩော် မလေး၊ ငါ ခုမှ သတိရတယ်"

"ဘာလဲ အစ်ကို"

"ကျိုင်းတုံမှာ နေတုန်းက နင့်ဖို့ နာရီလေးတစ်လုံး ငါဝယ်ထား တာ ပေးမလို့"

သူ့လက်ဆွဲအိတ်လေးထဲမှ ဖွင့်ထုတ်၍ မိန်းမပတ် 'ဆီကို' ဒိုင်ခွက် အနက်နှင့် နာရီလုလုလေးကို ထုတ်ယူပေးလိုက်သည်။

"ဟယ်၊ တယ် လှပါလား၊ မလေး မယူရက်ပါဘူး အစ်ကိုရာ၊ အစ်ကို့ ကောင်မလေးတွေထဲက အချစ်ဆုံး တစ် ယောက်ယောက်ကို ပေးလိုက်ပါ"

"ငါ့မှာ ပေးစရာ မရှိတော့ပါဘူး"

"အမယ်၊ မယုံပါဘူး၊ စစ်ဗိုလ်ဖြစ်တော့ ပိုတောင် ကောင် မလေးတွေ များလာဦးမှာပါ"

"ငါ့မှာ ဓာတ်လမ်းတစ်ပုဒ် ရှိခဲ့လို့ အခုတော့ နောင်တတွေ ရနေပါပြီ မလေး၊ ငါ့မှာ လုပ်ချင်စရာ ပြောချင်စရာတွေ ရှိနေတယ်၊ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ငါ ညီမကို ပြောဆို တိုင်ပင် တောင်းပန်ချင် လို့လည်း ငါ လာခဲ့တာပါပဲ"

"ဘာများလဲ အစ်ကိုရယ်၊ ကဲပါ၊ ပြောတာလည်း ပြောတာပေါ့၊ ကော်ဖီနဲ့ ဘီစကစ်လေးတွေလည်း စားလိုက်ပါဦး၊ ဒီမှာတော့ အစား



www.burmeseclassic.com

www.burmeseclassic.com



အသောက်က တကယ့်ကို ရှားတယ်"

"နာရီ ဝတ်ကြည့်လေ"

နမကို ဝတ်စေချင်လွန်းသော စိတ်ဖြင့် အစ်ကိုအောင်ဒင် က ဆော်သြသည်။ မလေးမှာ နာရီလက်ပတ်ကြိုးကို ဖြုတ်သော်လည်း ကျပ်နေပါ၍ အစ်ကိုအောင်ဒင်က လှမ်းယူဖြုတ်ပေးရုံမက မလေး၏ လက်သို့ အရောက်လျှို၍ နာရီကို ပတ်ပေးနေဆဲ...

"ပြည့်"

အော်ခေါ်လိုက်သော ဒေါသသံ ကျယ်ကျယ်ကြီးကြောင့် မလေးရောအစ်ကိုအောင်ဒင်ပါ အလန့်လန့်အထိတ်ထိတ်ဖြင့် မော့ကြည့်မိကြသည်။

"ဘယ်...ဘယ်လို ဖြစ်နေတာလဲ"

မောင့်အသံက လှုပ်ရှားလွန်းရုံမက အမူအရာပါ ပျက်လွန်းလှသည်။ မဆင်ခြင်သော မောင်၏ ပုံပျက်ပန်းပျက် အမူအရာကြောင့် မလေးက အစ်ကိုအောင်ဒင်ကို အားနာလှစွာဖြင့်...

"သြော်၊ အစ်ကိုအောင်ဒင်၊ အစ်ကို့ ယောက်ဖ ရဲဇော်လင်း ဆိုတာ သူပါပဲ"

"ဟင်...ပြည့်...ပြည့်ရဲ့အစ်ကို...ဗိုလ်အောင်ဒင် ဆို တာ..."

မောင်၏ အမူအရာသည် သိသာလွန်းစွာဖြင့် ပြောင်းလဲသွားတော့သည်။ ဇနီးသည်၏ လက်ကို ဆွဲကိုင်နေသူအား သတ်တော့ဖြတ်တော့မည့် ပုံစံဖြင့်မှုန်နေသော မောင်သည် မလေး၏ အစ်ကိုအရင်းပါဟူ၍ သိလာသည်နှင့် ဒွိထိတ်ခြင်း၊ အားနာခြင်း၊ ရှက်ကြောက်ခြင်း စသော ခံစားမှုပေါင်းစုံဖြင့် မောင့်မျက်နှာ သေးငယ်သွားသဖြင့် မလေးက အခြေအနေကို ထိန်းလိုသော သဘောဖြင့်...

"ဟုတ်တယ်လေ မောင်၊ ဗိုလ်အောင်ဒင်က အခုမှ တကယ် ပြန်လာတာ၊ ခင်မောင်ရင်ရဲ့ ဗိုလ်အောင်ဒင်က ပြန်မလာ ဖြစ်လိုက်ဘူး ဒီ ဗိုလ်အောင်ဒင်ကမှ တကယ် ပြန်လာတာ၊ 'အစ်ကို ဗိုလ်အောင်ဒင်





ပြန်လာပြီ' ဇာတ်ကား အစ်ကိုနဲ့ ဆက် ရိုက်ပါလား"

သည့်တော့မှ သမီးယောက်ဖနှစ်ယောက် ရယ်မောစွာဖြင့်လက်ဆွဲနှုတ်ဆက်ကြသည်။ ပြေလည်စွာဖြင့် ဆက်ဆံကြသည်။ အပေးအယူ တည့်သော စကားများဖြင့် ရင်းနှီးစွာ ပြောဆိုနေကြတော့သည်။ အစ်ကို့အတွက် မောင်သည် အကောင်းဆုံးသော စီစဉ်ပေးမှုများဖြင့် ဧည့်ဝတ်ပြုရှာသည်။

"ပြည့်"

"ဟင်"

"မောင်ဖြင့် သေချင်ရောကွာ၊ တကယ်ပါပဲ"

မောင်က သူ့နံဖူး သူ ရိုက်ရင်း နေ့ခင်းက ကိစ္စကို အစ်ကို့ ကွယ်ရာမှာ ပြန်ဆက်သည်။

"ကောင်းတယ်၊ ကိုသဝန်တိုကြီး"

"အစ်ကိုရော လာလိမ့်မယ်လို့ လုံးဝ မထင်မိဘူးပေါ့၊ ပြည့်လက်ကို ဆွဲနေတာလည်း မြင်ရော မောင် ဘယ်လို ဖြစ် သွားမှန်းတောင် မသိပါဘူး ပြည့်ရာ"

"အဲဒါ ပြည့်ရဲ့ သိက္ခာကို ထိပါးတာပဲ၊ ပြည့် ဒီလောက် မိုက်ပါ့မလား မောင်ရယ်၊ လင်သားပေါ်မှာ သစ္စာတရား အရှိဆုံး မိန်းမပါလားလို့ ပြည့်ကို မှတ်တမ်းတင်ခံချင်တယ်"

"ဒီလိုပါ ပြည့်"

မောင်က ပြည့်၏ ပခုံးစွန်းလေးကို လက်နှစ်ဖက်ဖြင့် တင်ကိုင်၍ မျှော်ချင်းထိပ်ကပ်ပြီး...

"ပြည့်သစ္စာကို မယုံလို့၊ ပြည့်သိက္ခာကို စော်ကားချင် လို့ရယ် ဘာရယ် မဟုတ်ပါဘူး၊ ခုလို တခွတ်ထိုး ဖြစ်သွားရတာက ပြည့်ကို မောင် ချစ်လွန်းလို့ပါ၊ ပြည့်ကို ဘယ်ယောကျ်ားနဲ့မှ နီးစပ်တာ မောင် ကြိုက်ဘူး၊ မကြည့်နိုင်ဘူး၊ အဲဒါတွေ အားလုံးဟာ မောင့်ရဲ့မေတ္တာ မြင့်မားမှု၊ အိမ်ထောင်ရေး မျှော်လင့်ချက်ကြီး မြင့်မားလို့ ပြည့်



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်ပါ၊ ခံယူပါ အချစ်ရယ်နော်”

* * *

“အစ်ကိုရယ်၊ ခဏလေးတွေ့ပြီး ပြန်သွားရတော့ မလေး စိတ်မကောင်းဘူး၊ ကိုယ့်မိသားစုကိုလည်းပဲ လွမ်းတယ်၊ အစ်ကို့ကို လည်း အောက်မေ့တယ်”

“ဒီလိုပေါ့၊ ညီမလေးရယ်၊ ကိုယ်ပိုင်တာဝန်တွေနဲ့ အမေ့ရင်ခွင်က ခွာလာရတဲ့ အရွယ်တွေ ရောက်လာကြပြီကိုး၊ ဒီ တစ်ခါ ရှေ့တန်းက ပြန်ရင် အစ်ကို အိမ်ကို ပြန်လိုက်ဦးမယ်၊ အစ်ကိုလည်း လွမ်းလှပါပြီ”

“မလေးဆီကို ခုလိုပဲ ခရီးကြုံတိုင်း လာခဲ့ပါနော် အစ်ကို၊ အကျိုးအကြောင်းလည်း အားတဲ့အခါ စာရေးပါ”

“အေး…အေး”

အစ်ကိုအောင်ဒင်က ဆင်းရန် ပြင်ဆင်နေရာက တွေးတွေ ငေးငေးနိုင်ငိုင် ဖြစ်နေပါ၍…

“အစ်ကို၊ မလေးကိုများ ပြောစရာ ရှိသေးလား”

“မပြောတော့ပါဘူး မလေး”

“မောင်နှမ အရင်းချင်းပဲ၊ မလေးကို အစ်ကို အားမနာပါနဲ့ ပြောစရာရှိတာ ပြောခဲ့ပါ၊ ဘာလဲ၊ အစ်ကို့မှာ ငွေလိုလို့ လားဟင် မလေး ကိုယ်ပိုင် စုထားတဲ့ငွေ ရှိပါတယ်”

ခေါင်းရမ်းပြပြီး အစ်ကိုအောင်ဒင်က ရီဝေနေသော မျက်လုံး များဖြင့် ပြုံး၍ မလေး၏ ခေါင်းကို ပုတ်ကိုင်သည်။

“အစ်ကို မျှော်လင့်တာထက်တောင် မလေးရဲ့ အိမ်ထောင် ရေးဟာ သာယာနေပြီ၊ ပြည့်စုံနေပြီပဲ၊ ရဲဇော်လင်းဟာ ငါ့ ညီမကို တကယ်ပဲ ချစ်မြတ်နိုးရှာပါတယ်၊ ငါ့ညီမတို့ အိမ်ထောင် ရေးလေး ချမ်းမြေ့လက်စနဲ့ ဆက်ပြီး ချမ်းမြေ့ကြပါစေကွယ်”

“အစ်ကို၊ မလေးကို ဒီတိုင်း မထားပစ်ခဲ့ပါနဲ့၊ တစ်ခုခု





ပြောခဲ့ပါ အစ်ကို၊ မလေး သိချင်လှပါပြီ”

“အစ,ကတော့ မလေးကို အကူအညီ တောင်းမလို့ပါ၊ ငါ့ညီမဟာ မခင်မိုးတို့၊ မလတ်တို့ထက် ချစ်တတ်တယ်၊ ကူညီ တတ်တယ်၊ စိတ်ကောင်းရှိပြီး ညှာတာတတ်တယ်၊ ဒါတွေ အားကိုးနဲ့ အစ်ကို အကူအညီ တောင်းမလို့ပါ၊ ခုတော့လည်း ရှိပါစေတော့ကွယ်”

“မဟုတ်သေးပါဘူး အစ်ကိုရာ၊ ပြောမှာ ပြောခဲ့စမ်းပါ”

“သိပ်ပြီး စီးရီးယက်(စ)ဖြစ်တဲ့ ကိစ္စမျိုးလို့ တွေးမနေပါ နဲ့၊ ပေါ့ပေါ့လေးသာ သဘောထားလိုက်ပါ၊ ကဲ– ဒီမှာ အစ်ကို့ နှုတ်က အကူအညီတောင်းရမှာ အစ်ကို ပြောမထွက်တော့ဘူး၊ တပ်ကို ပြန်ရောက်ပြီးမှပဲ စာနဲ့ရေးပြောတော့မယ်၊ ဟုတ်လား”

“ငါ့ညီမတို့ အိမ်ထောင်ရေးလေး ချမ်းမြေ့လက်စနဲ့ ဆက် ပြီး ချမ်းမြေ့ကြပါစေကွယ်”

အစ်ကို့ဆုတောင်းမေတ္တာကို ထောက်ရှုခြင်းအားဖြင့် အစ်ကို တောင်းမည် ဆိုသော အကူအညီသည် မလေးတို့၏ အိမ်ထောင် ရေးကိုများ ရှုပ်ထွေး ပြောင်းလဲလာစရာ ရှိပါလေသလား။

အစ်ကို့ ဂျစ်ကားလေး တီးတိန်မြို့၏ အစွန်ဆုံး လေးလုမ်း(မ) ရပ်ကွက်မှ ကွေ့ပတ် ထွက်သွားပြီး တဖြည်းဖြည်း ဝေး၍ ဝေး၍ သေး၍ ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေမိသော မလေးမှာ…

အစ်ကို ပေးခဲ့သော ပဟေဠိ၏ အဖြေကို ကြိုတင် တွက် ချင့်ကြည့်၍ မသိနိုင်ခဲ့ပါချေတကား…။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၃)

တီးတိန်မြို့မှ ၂၆ မိုင် ဝေးသော 'တွန်းဇံမြို့'။

မြေပြန့်မှ လာသူများ အားလုံးလိုလိုသည် 'ဖလမ်း'၊ 'ဟားခါး' 'တီးတိန်'စသော မြောက်ပိုင်း ချင်းတောင်၏ မြို့များသို့သာ သွားလေ့ သွားထ ရှိတတ်ကြသည်။ တီးတိန်မြို့၏ အထက်ဘက်တွင် ရှိသော တွန်းဇံမြို့ကို အရောက်အပေါက် နည်းလှကြပါသည်။

မောင့်ရုံးကိစ္စနှင့် သွားစရာရှိသည်၊ မလေး လိုက်ခဲ့ပါဟုခေါ်၍ မရောက်ဖူးသော တွန်းဇံမြို့သို့ လိုက်ခဲ့ရခြင်း ဖြစ်ပေသည်။

"ပြည့်ရေ၊ ဟိုအိမ်ရှေ့မှာ ကျောက်ပြားနီနီ အချပ်ကြီးထောင် ထားတာ ဘာလဲဟင်၊ ပြည့် သိလား၊ အလာလမ်းတွေမှာလည်း မောင် တွေ့ခဲ့မိတယ်"

တီးတိန်မှ မထွက်မီပင် ကျောက်စာတိုင်လို ကျောက်ချပ်ပြား နီနီကြီးတစ်ခုကို ညွှန်ပြရင်း မောင်က မေးလှာသည်။

"သြော်- အဲဒါ ချင်းသူ့ရဲ့ကောင်းတွေရဲ့ အထိမ်းအမှတ် မောင်၊ အဲဒီအိမ်က အိမ်ထောင်ဦးစီး ချင်းအမျိုးသားကြီးဟာ ဆင် ဘယ်နကောင် ပစ်နိုင်တယ်၊ ကျား ဘယ်နကောင် သတ်နိုင်တယ် ကျားသစ်နဲ့ ဘယ်လို ရင်ဆိုင်ခဲ့ရတယ် ဆိုတာတွေကို မှတ်တမ်း တင်ထားတာပါ"





"သြော်- ဟုတ်ပြီ၊ ဆင်ရုပ်၊ ကျားရုပ်ကလေးတွေ ထွင်းထားတာ ဒီ အဓိပ္ပာယ်ကိုး"

"ဟုတ်ပါတယ်၊ ဒီမှာတော့ မုဆိုးကျော်တစ်ယောက်ရဲ့ သတ္တိကို ဂုဏ်ပြုကြတဲ့ ဓလေ့ ရှိပါတယ်၊ ပြီးတော့ အဲဒီ ကျောက်စာချပ်မှာ မိန်းမပုံ၊ သားသမီးပုံ၊ အိမ်ပိုင်၊ မြေပိုင်နဲ့ ကားပိုင်ရှိရင် ကားပုံပါ ထည့်ပြီး ထွင်းထုထားတာ မောင် မြင် မှာပေါ့"

"တွေ့တယ် ပြည့်၊ သူတို့ မှတ်တမ်းတင်ပုံလေးက ဆန်း ပြားတယ်နော်၊ ဟော၊ မောင်တို့ ဓါးတိန်က ထွက်လာကြပြီပဲ"

"တွန်းဇံနဲ့က ၂၆ မိုင်ပဲ ဝေးပေမယ့် လမ်းကကြမ်းတော့ အတော်လေး သွားရဦးမယ် ထင်တယ်နော် မောင်"

"ဟုတ်တယ်၊ ချင်းပြည်နယ်ရဲ့ အခက်ခဲဆုံး ပြဿနာဟာ လမ်းပန်းဆက်သွယ်ရေးပါပဲ၊ ဒါကြောင့် တခြား ပြည်နယ်တွေထက် ဖွံ့ဖြိုးမှု နောက်ကျနေရတာပါ၊ သက်ဆိုင်ရာကလည်း လမ်းတွေ ဖောက်ပေးကြဆဲပါပဲ၊ ဒါပေမယ့် ရာသီဥတု ပြင်းထန် လွန်းတာက တစ်ကြောင်း၊ ချင်းပြည်နယ်ကြီး တစ်ခုလုံးလိုလို တောင်ပေါ်မှာ တည်ရှိနေတော့ တောင်စောင်းမှာ လမ်းဖောက် ရတာ တစ်ကြောင်းမို့ ခက်ခက်ခဲခဲ ဖောက်ထားပေမယ့် တောင် ပြိုရင် ပါသွားတာမျိုးတွေလည်း မောင်တို့ ဌာနအနေနဲ့ မကြာ ခဏ တွေ့ရတာပေါ့ ပြည့်"

"ချင်းပြည်နယ်"

ဟူသော မောင့်စကားကို ကြားရလေမှ မလေးမှာ 'ချင်း ဒီသေသတိုင်း'မှသည် 'ချင်းပြည်နယ်' ဖြစ်လာပုံကို မလေး စိတ်မှ ပြန်လည် တွေးဆနေမိသည်။ ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်မှ ၂၂ ရက်နေ့အထိ ဖလမ်းမြို့မှာ ချင်းအမျိုးသား ကိုယ်စားလှယ် ၅,၀၀၀ ကျော်နှင့် ညီလာခံကြီး ကျင်းပခဲ့သည်။ ထိုမှ အခြေခံပြီး ပြည်နယ်အဆင့် မသတ်မှတ်သင့်သေးသည့်အတွက် အထူးတိုင်း 'ဒီသေသတိုင်း' အဖြစ် သတ်မှတ်လာခဲ့ရာမှ ၁၉၇၃ ခုနှစ် ပြည်လုံးကျွတ်



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒခံယူပွဲဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ အနည်းငယ် နိမ့်ကျသော အဆင့်မှ တစ်ဆင့် မြင့်တက်ခဲ့သည်ဟု ဆိုရပါမည်။ 'ချင်းဝိသေသတိုင်း'မှ 'ချင်းပြည်နယ်'အဖြစ် တိုးတက် သတ်မှတ်ခဲ့ပေသည်။ ချင်းပြည်နယ်နေ့ကိုလည်း ၁၉၄၈ ခုနှစ် အစည်းအဝေးကို မှတည်ပြီး နှစ်စဉ် 'ဖေဖော်ဝါရီ ၂၀ ရက်' နေ့ကို သတ်မှတ်ခဲ့ပါ၏။

"ပြည့်"

"မောင်"

"ဟောဒီ နယ်ကို ဟိုတလောက ဂျပန်ပြည်က အဖွဲ့ တစ်ဖွဲ့ လာပြီး အရိုးကောက်တယ်၊ ပြည့် သိလိုက်သေးလား"

"သိပါတယ် မောင်၊ ချင်းအမျိုးသားခေါင်းဆောင်တွေက နယ်ချဲ့ဖက်ဆစ်ဖြစ်တဲ့ ဂျပန်စစ်သားတွေကို ခုခံတိုက်ခိုက်လို့ ကျဆုံး ကျန်ရစ်ခဲ့တဲ့ ဂျပန်စစ်သားတွေရဲ့ အလောင်းတွေ မြှုပ်နှံထားတဲ့ နေရာမှာ အရိုး လာကောက်ကြတာပါ"

"ချင်း မျိုးချစ်တွေဟာ ဂျပန်သာမကဘဲ နယ်ချဲ့ အင်္ဂလိပ်တွေ လက်ထက်တည်းက ခုခံ တိုက်ခိုက်ခဲ့တာ မောင် မှတ်ထား ဖူးတယ်"

"ဟုတ်တယ် မောင်၊ ပြည့်လည်း ဒီ ချင်းတောင် ရောက်ပြီး ရှေးခေတ်မျိုးချစ် ချင်းတွေရဲ့ သူ့ကျွန်မခံချင်တဲ့ ရဲရဲတောက်စိတ်ဓာတ်ကို ကြားသိမှတ်သားရလေတော့ ချင်းအမျိုးသားတွေကို ပိုပြီး လေးစား မိပါတယ်"

"မျိုးချစ် ခေါင်းဆောင်တွေထဲမှာတော့ တောင်ပိုင်း ချင်းပြည်နယ် ဘက်မှာ 'ဦးဆွဲလွှေ'နဲ့ 'ဦးလုံထန်း'တို့ နာမည်ကြီးတယ် ပြည့် သူတို့လက်ချက်နဲ့ နယ်ချဲ့အင်္ဂလိပ်နဲ့ ဂေါ်ရခါး ကုလားစစ်သားတွေ အများအပြား ကျဆုံးပြီး ချင်းတောင်ကို တော်တော်နဲ့ မသိမ်းနိုင်ကြဘူး ဒါပေမယ့် ၁၈၉၁ ခုနှစ်မှာ အဲဒီ မျိုးချစ် ခေါင်းဆောင် နှစ်ဦးလုံး နယ်ချဲ့လက်ချက်နဲ့ တိုင်းပြည်နဲ့လူမျိုးအတွက် အသက် ပေးလှူသွား





ကြရတယ်၊ သူတို့ရဲ့ အထိမ်းအမှတ် ကျောက်တိုင်တွေ မင်းတပ်မြို့မှာ ရှိလေရဲ့"

"မောင်လည်း ချင်းတောင်အကြောင်း အတော်လေ့လာ ထားတာ ဒီ မြောက်ပိုင်းချင်းတောင်ရဲ့ မျိုးချစ်ခေါင်းဆောင်ကြီးတွေအကြောင်း ကို ပြည့်လည်း မေးမြန်းထားပါတယ်၊ 'ဟားခါး ချင်း'နဲ့ 'တာရှန်းချင်း' တို့ ပူးပေါင်းပြီး နယ်ချဲ့ကို အပြင်းအထန်ခုခံခဲ့ကြတယ်၊ အဲဒီမျိုးချစ် ချင်းတွေကို ခေါင်းဆောင်သူကတော့ တာရှန်းချင်း အမျိုးသား ဦးစွန်တိတ်' ပါပဲ"

"ဟုတ်တယ် ပြည့်၊ 'ဦးစွန်တိတ်'တို့ရဲ့ အဖွဲ့ကို ဘယ်လို တိုက်နိုင်လို့ 'ဒုဗိုလ်မှူးကြီးရန်ကီး'ဆိုတဲ့ 'အထက် ချင်းတွင်း ခရိုင် အရေးပိုင်'ဟာ ဦးစွန်တိတ်ကို ဖိတ်ခေါ် ဆွေးနွေးယူရတဲ့ အထိ ဖြစ်ခဲ့ကြရတယ်၊ ဒါပေမယ့် သူတို့ရဲ့ တောင်းဆိုချက်ကို မလိုက်လျောဘဲ ဆက်လက် ခုခံနေခဲ့ကြတာ ၁၉၀၀ ပြည့် နှစ်ဦးပိုင်း အထိဖြစ်ခဲ့တယ်"

"ချင်း အမျိုးသားတို့ရဲ့ သတ္တိနဲ့ ဇွဲဟာတော့ သမိုင်း တစ်လျှောက် လုံး အခုချိန်ထိ ရဲရဲတောက် ပြောင်မြောက်ခဲ့ကြပါတယ်လေ၊ ဟော၊ ရှေ့မှာ မြို့ မြင်ရပြီ၊ အဲဒါ တွန်းဇံမြို့ လားဟင် မောင်" -

"အို-၊ ဟုတ်တယ် ပြည့်၊ မောင်က တစ်ခေါက်ရောက်ဖူးပြီးပြီ၊ ကြည့်ကြည့်၊ မသိတာ မေး၊ မြို့က သိပ်လှတာပဲ"

မညီညာသော လမ်းပေါ်တွင် ကားက လူးနေသည်။ ယိမ်းထိုး နေသော မလေး၏ ကိုယ်ခန္ဓာလေးကို မောင်က သိမ်း ဖက်ထားရင်း တွန်းဇံမြို့ကို ညွှန်ပြနေပါ၏။

**'တွန်းဇံမြို့မှ လိုက်လှဲစွာ ကြိုဆိုပါ၏'**

ဟူသော ဆိုင်းဘုတ်ကို ကျော်ဖြတ်ပြီးသည်နှင့် လမ်း နှစ်သွယ်ကို လေး တွေ့လိုက်ရသည်။

လမ်းဆုံ ထိပ်နားတွင် တောင်တန်းသာသနာပြု ဘုန်းကြီး ကျောင်းကို မြင်ရ၍ မလေးတို့ ကြင်စဦး ဇနီးမောင်နှံ ဝင်ကန်တော့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုငွေများကို ဆက်ကပ်ခဲ့ကြပါသေးသည်။

မလေးတို့ ကားသည် လမ်းနှစ်သွယ် ရှိသည့်အနက် လမ်းနိမ့်ဘက်မှ မသွားဘဲ လမ်းမြင့်ဘက်အတိုင်း မောင်းနှင်၍ မြို့တွင်းသို့ ဝင်ခဲ့ကြသည်။ အနိမ့်အမြင့် များလွန်း၍ မြို့မှာ အဆင့်ဆင့်အထပ်ထပ် ဖြစ်နေသည်။ အိမ်ခြေ ၇၀၀ ကျော်မှာ ပြန့်နှံ့နေကြသည်။ လှ လွမ်းဆွတ်ဖွယ်ရာပါပေ။

"ဟိုမှာ ချပ်(ချ)ကြီးတွေ့လား ပြည့်၊ မြန်မာတွေ မရောက်

"ငါတို့က အရင် သာသနာပြုခွင့်ရတော့ ခရစ်ယာန် ဘာသာဝင်တွေ နိုင်ရတာပေါ့လေ၊ အဲဒီဘက်က ကုန်သွယ် ရေးရုံးနဲ့ လဝကရုံး"

မောင်က ညွှန်ပြရင်း၊ ရှင်းပြရင်း လိုက်ပါလာသည်။ သစ်သား မျှော်စင်မြင့်မြင့်ကြီးကို မြင်လိုက်ရ၍ မလေးက...

"အဲဒီ မျှော်စင်ကြီးနဲ့ခြံဝင်းခတ်ထားတာ ဘာလဲ မောင် အကျယ်ကြီးပဲ"

"အဲဒါ စော်ဘွားအိမ်ပဲ ပြည့်၊ ဟိုဘက်အထိ ရှည်တယ် တစ်ချိန်က ဘုန်းရှိန်ကြီးတဲ့ ချင်းစော်ဘွားရဲ့ အိမ်ပဲပေါ့၊ တွန်းခံ မှာ သူက ကျက်သရေဆောင်ပဲ"

မလေးတို့ ကားဆက်မောင်းသွားရသည့် နေရာမှာ တဖြည်းဖြည်း မြင့်တက်သွားသည့် တောင်ကုန်းလေး ဖြစ်လေ သည်။ တောင်ကုန်း ထိပ်ဆုံးတွင် စစ်တပ်နှင့်ရဲစခန်းရှိပါ၏။ ယင်းတောင်ကုန်းမှ လှမ်းကြည့် ပါလျှင် ခွဲထွက်သွားသော လမ်းသည် ပို၍ နိမ့်စောင်းလှပါ၏ အောက်ချိုင့်ထဲတွင် အထက ကျောင်းပရဝုဏ်ကို လှမ်း၍ မြင်နေရပါ၏

မောင်တို့ဌာနမှ မောင့်ကို အရေးတယူ ကြိုဆိုသည်။ မောင် အရေးပေးလွန်း၍ မောင့်အဖွဲ့သားများကလည်း မလေး ကို အရေး အရာထားကြလွန်းပါသည်။ စားကောင်းသောက်ဖွယ်များဖြင့်လည်း လိုလေသေးမရှိ ညှော်ခံကြပါ၏။

ဤလှပသော တွန်းခံမြို့လေးကို ရောက်လာရသောနေ့သည်





မလေး၏ စိတ်တွင် ရွှင်ကြည် လန်းဆန်းနေမိသည်။

ခင်ပွန်းသည်၏ အရှိန်အဝါကို ခိုလှုံခွင့်ရသော မလေးမှာ ကြည်နူးစွာ ခံယူမိပါသည်။

သြော်– မလေးကို ချစ်မြတ်နိုးရှာလွန်းသော မောင့်ကို မလေး၏ ကိုယ်ခန္ဓာနှင့် မလေး၏ ရိုကျိုးမှု၊ အလေးပေးမှုများနှင့် အတူအစွမ်းကုန် ပြုစုယုယနေပါတော့မည်ဟု မလေး သန္နိဋ္ဌာန်ချမိပါပြီ။

နှလုံးသား မဲ့သော အိမ်ထောင်ရေးမို့ မလေးဘက်က မသာယာ ချင် နေပါစေ...

ချစ်တတ်ရှာလွန်းသော မောင်၊ သူ့စေတနာအတိုင်း သာယာ ချမ်းမြေ့နိုင်ပါစေဟူ၍ ထိုနေ့က မလေးမှာ မောင့်ပေါ်တွင် စေတနာတွေ ဖြာဝေမိပါသတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၄)

တွန်းဖံမြို့မှ ပြန်လည်ရောက်ရှိလာသော ညနေပိုင်းတွင် ကိုထွေးတို့သားအဖကို မလေးတွေ့လိုက်ရခြင်း ဖြစ်ပေသည်။

"ဆရာမရဲ့ ဧည့်သည် ရောက်နေတယ်၊ အိမ်ကို ခဏလိုက်ခဲ့ပါဦး"

ဟူသော ကိုဝင်းနိုင်၏ဇနီးက လာရောက်ခေါ်ငင်သဖြင့် မေး မရှိနိုက် မလေးလိုက်လာခဲ့မိခြင်း ဖြစ်သည်။ ကလေးမြို့မှ လူဝင်မှုကြီးကြပ်ရေးမှူးအဖြစ်နှင့်ပင် တီးတိန်မြို့သို့ ပြောင်းရွှေ့လာသော ကိုဝင်းနိုင်တို့ မိသားစုနှင့် မလေးတို့မှာ နှစ်အိမ်တစ်အိမ် ဖြစ်နေကြရသည်။ ကိုဝင်းနိုင်၏အိမ်က မလေးတို့နေသော မြို့မရပ်မှာမဟုတ် 'လွယ်ဘွယ်' ရပ်ကွက်တွင် ဖြစ်သည်။ ကိုဝင်းနိုင်၏ဇနီးက ချင်းအမျိုးသမီး၊ အမည်က 'ကျင်ဟောက်ကျင်'။

"ဘယ်သူများပါလိမ့်"ဟူသော သိလိုစိတ်ဖြင့် မလေး လိုက်လာခဲ့သည်။ ကိုဝင်းနိုင်၏ မိတ်ဆွေအပေါင်းအသင်းထဲက ပင် ဖြစ်မည်ဟု ထင်၍ မလေး ခပ်အေးအေးပင် လာခဲ့မိရာမှ...

"ဟာ...ကိုထွေး...ကိုထွေး လိုက်လာတယ်"

အသက်နှင့်အမျှ စွဲလန်း ငြိတွယ်ခဲ့ဖူးသော သံယောဇဉ်တို့များက လှုပ်ခတ်လာသည်။ မလေးမှာ ကိုထွေးနားသို့ပြေး၍ ကပ်သွားမိသည်။ သားငယ်၏ လက်ကလေးကို ဆွဲကိုင်၍ ကိုထွေး





နီးကပ်စွာ ရပ်နေမိရာက...

"ကိုထွေး မလေးဆီကိုလာတာ မဟုတ်လား၊ အိမ်က နိုင်းလိုက်လို့လား၊ ဟုတ်လားဟင် ကိုထွေး"

သားလေး 'ထွေးအောင်ပြည့်'က မလေးထံမှ သူ့လက်ကိုရုန်း၍ သူ့ဖခင်ကို ပိုမို၍ ဖက်တွယ်ထားသည်။ မျက်နှာစိမ်း မလေးကို ကြောက်ရွံ့နေဟန် ရှိပါ၏။

"မလေး..."

ကိုထွေးက လေးလေးတွဲ့တွဲ့ခေါ်လိုက်သည်။ သားရော ကိုထွေးပါ များစွာညှိုးချုံး ပိန်လှီနေပေသည်။

"ပြောပါဦး၊ မလေးကို စကားပြောလေ ကိုထွေး"

ကိုထွေး အမူအရာက တုန်လှုပ်လွန်းလှသည်။ မျက်နှာအမူအရာကလည်း ဟန်မဆောင်နိုင်လောက်အောင်ပင် မှုပျက်နေပါ၍...

"ပြောလေ...ကိုထွေး...ကိုထွေး တစ်ခုခုဖြစ်လာခဲ့တယ် မဟုတ်လား၊ ဒီလောက် အဝေးကြီးမှာရှိတဲ့ မလေးဆီကို လိုက်လာရလောက်အောင် ကိုထွေးမှာ ဘာအကြောင်းရှိလဲဟင်၊ ပြောပါဦး"

"အ...အမေ...ဆုံးသွားပြီ၊ ပြီးတော့..."

"ဟယ်...ကြီးကြီးငြိမ်း ဆုံးသွားပြီ"

ဒုတိယမိခင်တစ်ဦး ဆုံးရှုံးခဲ့ရခြင်း အတွက် မလေး၏ ရင်၌ ဒိုလိုက်တက်လာမိသည်။ မလေးပေါ်တွင် စေတနာ များစွာဖြင့် ပြုစုစောင့်ရှောက်ခဲ့ရှာသော ကြီးကြီးငြိမ်းအတွက် မလေး ယူကြုံးမရ ဝမ်းနည်းလှပါဘိ။

"အမေဆုံးတော့ ငါ့မှာလည်း ဒီသားတစ်ယောက်နဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်းလဲ မသိ၊ သိပ်လည်း စိတ်ဓာတ်ကျနေ မိပါတယ် မလေး၊ ဒါကြောင့် သားကိုချီပြီး နင့်ဆီ ငါ လိုက် လာခဲ့မိတာပါ"

ကိုထွေး ငိုသည်။

နှစ်များစွာ ကြာသည့်တိုင် ကိုထွေး၏မျက်ရည်သည် မလေး၏

www.burmeseclassic.com



ရင်ကို ယခင်လိုပင် နွေးကျင်စေနိုင်ဆဲပါတကား။

မလေး အနေနှင့် ကိုထွေး ရင်အေးငြိမ်းဖွယ်ရာ ဖြစ်စေသော နှစ်သိမ့်မှုများ ပြုစွမ်းနိုင်သည့်ဘဝ မဟုတ်တော့ပါချေ။

ပျောက်ဆုံးနေသော မိခင်ကို ပြန်မြင်ရ၍ ဝမ်းပန်းတနည်း ငိုကြွေးနေသော ကလေးငယ်တစ်ယောက်ပမာလို ကိုထွေး ငုံ့၍ ငိုပုံလေးက နှစ်နှစ်နဲ့နဲ့ လှိုက်လှိုက်လှဲလှဲ ရှိလှသည်။

"ခွင့်လွှတ်ပါ မလေး၊ နင့်ကို မြင်လိုက်ရတော့ ငါ့ရင် ထဲမှာ ဝမ်းနည်းလွန်းလို့ပါဟာ"

မဲ့နေသော နှုတ်ခမ်းများ ဆတ်ဆတ်တုန်ရင်း ကိုထွေးက ပြောသည်။ သူ့မျက်ရည်ကို သုတ်သိမ်းသည်။ အံကိုကြိတ်ခဲ၍ ဝမ်းနည်းငိုရှိုက်ခြင်း ရပ်တန့်အောင် သူ အစွမ်းကုန် ကြိုးစားတော့သည်။

ငယ်စဉ်ကမှ အကြောင်းရှိလာလျှင် မလေးသာ ငိုရတတ်သည်။ ငိုသည်ကိုပင် ရှုံ့ချပြစ်တင်ချင်သော ကိုထွေးပါ။ သူ လှိုက်လှဲစွာ ငိုရှိုက်နေသည်ကို မလေး တစ်ခါမှ မမြင်ဖူးခဲ့။

အင်းယားဘေးတွင် တစ်ခါ၊ တွံတေးအိုးဖိုတွင် တစ်ကြိမ် ကိုထွေး မလေးရှေ့တွင် ငိုခဲ့ဖူးသော်လည်း ယခုလောက် မပြင်းထန်။ ကိုထွေးသည်၊ ငိုင်နေသော၊ မျက်ရည်ကို ထိန်းနေရသော မလေးအတွက် သူ့အငိုကို လုံးဝ ရပ်တန့်သွားအောင် ကြိုးစားရှာသည်။

"ကိုထွေး"

"ဟင်"

"ကဲ၊ လာလေ၊ သွားကြစို့၊ သားလေး လာ၊ အန်တီလေး ချီခဲ့မယ်"

"ဘယ်ကိုလဲ မလေး"

"တို့အိမ်ကိုပေါ့"

"နင်တို့အိမ်ကို ငါ မလိုက်ပါရစေနဲ့ မလေး"

"ဟဲ့၊ မဟုတ်တာ၊ ဒီအိမ်မှာ နေလို့ အားနာစရာကြီး၊ လာပါ။





မလေးဆီ ရောက်လာတဲ့ ကိုထွေးဟာ မလေးရဲ့ တာဝန် ပေါ့၊ မလေး ယောကျ်ားကလည်း ကိုထွေးကို ခင်မှာပါ"

မလေးက ကလေးကို လက်လှမ်းရင်း ပြောသည်။ ကလေးက ကိုထွေးနှင့် ခွဲထွက်ရမည်ကို စိုးကြောက်လွန်းဟန်ဖြင့် ရင်ခွင်တွင်း၌ အတင်း ဖက်တွယ်ထားရှာသည်။ ကိုထွေးက မလေးကို မကြည့်၊ အိမ်ပြင်သို့သာ ငေးကြည့်ရာက...

"မလေးတို့ အိမ်ကိုတော့ မလာပါရစေနဲ့၊ သာယာချမ်းမြေ့နေတဲ့ မလေးတို့ရဲ့ အိမ်ထောင်ထဲကို ငါလို အပုပ်သည်တစ်ယောက် ဝင်မရှုပ်ပါရစေနဲ့ မလေးရယ်"

"ဒါနဲ့ ကိုထွေးလာတာ မလေးဆီ လာတာဆို"

"ဟုတ်တယ်၊ ဒါပေမယ့် ကိုဝင်းခိုင်ဆီမှာ ခဏ တည်းခိုဖို့ စီစဉ်ပြီးပါပြီ၊ ငါ ဒီမှာပဲ နေပါရစေ၊ ဖြစ်နိုင်ရင် ဒီမှာပဲ ငါ့ကိုလာတွေ့ပါနော် မလေး"

ဦးမန်းဇ၏ စာကို ကိုထွေးထံမှ ကိုဝင်းခိုင့် သွားယူစဉ် ကပင် သူတို့ချင်း ရင်းနှီး ခင်မင်ခဲ့ပြီးဟန် ရှိသည်။ ဘယ်သူ့ ကိစ္စမဆို ကိုယ့်ကိစ္စထက် အရေးကြီးလေ့ရှိသော ကိုဝင်းခိုင်သည် ချင်းတောင်သို့ သွားချင်သည်ဆိုသော ကိုထွေးကို သူပင် ကူညီ ခေါ်ယူပါလိမ့်မည်။ သူ့လိပ်စာ၊ သူ့အလုပ်တို့ကိုလည်း ကိုထွေး နှင့် တွေ့ခဲ့ကြစဉ်ကပင် ပေးခဲ့ပြီးပေလိမ့်မည်။

မလေး အနေနှင့်လည်း ကိုထွေးကို အိမ်ပေါ်တွင် ခေါ်တင်ထားချင်ပါ၏။ မောင်နှင့် ကိုထွေးတို့ နှစ်ယောက်ကြားတွင် မလေး နေရဲ၏။

ကိုထွေး စီစဉ်သည့်အတိုင်းပင် ရှိပါစေတော့။ မခေါ်ယူတော့ပါ။ မောင့်သူငယ်ချင်း ကိုဝင်းခိုင်တို့ ဇနီးမောင်နှံ၏ ရှေ့တွင် ကိုထွေးနှင့် ပြောဆို ဆက်ဆံရမည်ဖြစ်၍ မလေး စိတ်လုံပါသည်။ မောင်သည်လည်း ခွင့်လွှတ်တန်ကောင်းပါ၏။ မလေး ပြောပြပါမည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုထွေး"

"ဟင်"

"မလေးကို ဘာပြောချင်စရာ ရှိလဲ၊ မလေး ဘာ ကူညီပေးရမလဲ ပြောပါဦး"

"လောလောဆယ်တော့ ဘာမှ မပြောချင်သေးဘူး၊ ဘာအကူအညီမှတော့ မယူပါဘူး မလေး၊ ဖြစ်စေချင်တာလေး တစ်ခုပဲရှိပါတယ်"

"ပြောပါ ကိုထွေး၊ ကိုထွေး ဘာဖြစ်စေချင်သလဲ"

"သားလေး ထွေးအောင်ပြည့်ကို မလေးနဲ့ ရင်းနှီးစေချင်တယ်၊ ကလေးက မလေးကို ခင်တွယ်စေချင်သလို မလေးကလည်း ငါ့သားလေးကို ချစ်ခင် သံယောဇဉ်စိတ် ဝင်စေချင်လှတယ် ကွယ်၊ အဲဒီ ဆန္ဒတွေနဲ့ မလေးရှိရာ ချင်းတောင်ပေါ်ကို ငါ လိုက်လာခဲ့တာပါ"

"သြော် ကိုထွေးရယ်"

မလေးမှာ ကိုထွေးကို ဖြူစင်သော ကြင်နာစိတ်များဖြင့် ကြည့်ရင်းက ညည်းတွားသလို ပြောလိုက်မိသည်။

အပေါ်ယံ မေတ္တာဖြင့်ချစ်ခဲ့ရသော ဇနီးသည် ဖွန့်ကို ခွဲခွာခဲ့ရသည်။ နှလုံးသား၏ နက်ရှိုင်းသောနေရာမှ နှစ်နှစ်ကာကာချစ်ခဲ့ရသော မိမိကိုလည်း ကိုထွေး စွန့်လွှတ်ခဲ့ရပြီးနောက် တစ်ဦးတည်းသော မှီတွယ်ရာ အမေဒေါ်ငြိမ်းစိုးလည်း ကွယ်လွန်ခဲ့ရသဖြင့်...

မေတ္တာငတ်နေသော ကိုထွေး၊ သူ့ကို ချစ်သူများအားလုံး သူက ချစ်ရသူများအားလုံးနှင့် ကွေကွင်း ခွဲခွာခဲ့ရသော ကိုထွေး မှာ တိကျသော ဆင်ခြင်နိုင်မှုမျိုး မရှိရှာတော့။ ဘာမဟုတ်သော ကိစ္စလေး ရှေ့တန်းတင်၍ သူ မလေးထံ ရောက်ရှိလာခဲ့ သည်။ ကလေးနှင့် ရင်းနှီးအောင်ဟူသော မခိုင်လုံသည့် အကြောင်း ပြချက်ကလေးဖြင့် သူ ရောက်လာခဲ့သည်။ အမှန်ကမူ သူ့မသိ စိတ်က 'အားကိုးရာခြင်း'

ဒဿနိကဗေဒပညာရှင် ပမာ ဤသို့ ဤပုံ မလေး၏ တွေးမြင် ချက်က ခိုင်လုံခြင်း၊ လျော့ကန်ခြင်း ရှိခဲ့သော်လည်း...





"ငါ ဒီကိုလာတာ အမေသွယ်တို့ မသိဘူး၊ ဒါကြောင့် ငါနဲ့ ဘာမှ မပါလာဘူး၊ သတိတော့ရတယ်၊ ဒါပေမယ့် နင် မကြိုက်မှာစိုးလို့ ငါ ဘာမှ ဝယ်မလာခဲ့ဘူး"

"အေးပါ၊ ရပါတယ်၊ မဝယ်လာတာပဲ ကောင်းတယ်၊ဝယ်ရတာ မလွယ်ပါဘူး"

မလေး အတွေးမဆုံးမီ တခြားသော စကားများဆီသို့ ရောက်သွားကြသည်။ အိမ်တွင် ကိုဝင်းခိုင် မရှိ၊ ကိုဝင်းခိုင်၏ ဇနီးသည်၊ မလေး နေခဲ့ရသော ဒေါ်လွှမ်းကျင်တို့လောက် ဖော်ရွေခြင်း မရှိ။ ဘာသိဘာသာ တော်ရာကနေပြီးသော မလေးတို့ကို တစ်ခါတစ်ခါ လှမ်း၍ ကြည့်နေသည်။

"ကိုထွေးကသာ သားကို မလေးနဲ့ ရင်းနှီးစေချင်တာ၊ သားကဖြင့် မလေး ခေါ်လို့တောင် မရဘူး"

"သားက သိပ်နားလည်တဲ့ သားပါ၊ မလေးရဲ့ မေတ္တာစေတနာတွေ သူရရင် သူက ချက်ချင်း တုန့်ပြန်လာမှာပါ"

"အေးလေ၊ တွေ့ကြဦးမှာပဲ၊ ဒါနဲ့ ကိုထွေး ထမင်းစားပြီးပြီလား၊ ဒီမှာ နေချင်နေလေ၊ အိမ်မှာ ထမင်းလာစားပါလား ကိုထွေး၊ မလေး ယောက်ျားက စေတနာ ကောင်းပါတယ်"

"နေပါစေ မလေး၊ ဒီမှာလည်း လိုအပ်တာ ဖြည့်ပြီးနေ မှာပါ၊ အားနာစရာ မရှိပါဘူး၊ ကိုဝင်းခိုင်က ငါ့ကိုလည်း ခင် ရှာပါတယ်"

"ဒါဖြင့် မလေး ပြန်လိုက်ဦးမယ်၊ သူ ရုံးဆင်းချိန် နီး နေပြီ၊ မလေး ကျောင်းက သုံးနာရီခွဲဆင်းလို့ အခု ရောက်ရောက် ချင်းလာ တာ"

"ပြန်တော့မလား၊ အေးလေ၊ သွား...သွား၊ မလေးရဲ့ ယောက်ျားပြန်လာရင် ပူစရာ တာဝန်တွေ ရှိဦးမှာပဲပေါ့"

"ဟုတ်ပါတယ် ကိုထွေး၊ မလေး သွားတော့မယ်နော်"

"ညနေ လာဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



"ညနေတော့ မအားတော့ဘူး၊ ဒီမှာက သိပ်ချမ်းတော့ အစောကြီး တံခါးပိတ်ကြရတယ်၊ လမ်းထွက်လျှော့ မရှိကြတော့ဘူး"

"ဒါဖြင့် နက်ဖြန်ရော"

"အခြေအနေ ကြည့်ပြီး လာခဲ့ပါ့မယ်၊ ကဲ– မလေး သွား မယ် ကိုထွေး၊ သား အန်တီလေး သွားမယ်နော်၊ တာ့တာလုပ်"

ဆွယ်တာဝါဝါ၊ လုံချည်အစိမ်းနှင့် ယခင်ထက် ဝ၍ စိုပြေ အိညက်သော အသားနှင့်ခံ့ညားတည်ငြိမ်သော အလှများစွာကို ပိုင်ဆိုင် သူမလေး၏ အပြန်လမ်းကို...

မှုန်ဝါးဝေသီသော အကြည့်များဖြင့် ပျောက်ကွယ်သည် အထိ ငေး၍ မျှော်၍ ကြည့်နေရှာသော ငယ်ချစ်ဦး ကိုထွေး၏ ရောက်လာ ခြင်းသည်...

တည်ကြည် ငြိမ်းအေးနေသော မလေး၏ အိမ်ထောင်ရေး ပြိုစေ၊ ပျက်စေ၊ လှုပ်ရှားစေဖို့များ ကိုထွေးရောက်လာခဲ့လေ သလား ကွယ်...။

* * *





## အခန်း(၃၅)

"ပြည့်ရေ..."

"ရှင်"

"သဘက်ခါကျရင် မောင် ကလေးမြို့ကို ဆင်းရလိမ့်မယ်၊ ပြည့် လိုက်ခဲ့မလား"

"မောင် ဘယ်လောက် ကြာမှာလဲ"

"မကြာပါဘူး၊ အလွန်ဆုံး နှစ်ညအိပ်ပဲ၊ တစ်ညအိပ်နဲ့ ပြန်ချင် လည်း ပြန်ရောက်မှာပဲ"

"ရုံးကိစ္စနဲ့ ဆိုတော့ ရုံးဖွင့်ရက်ပဲ၊ ပြည့်လည်း ကျောင်းမအားဘူး၊ လိုက်တော့ပါဘူးလေနော်၊ မောင် ဖြစ်တယ် မဟုတ်လား၊ လိုက်ခဲ့ရ မှာလား"

"တော်ပါပြီ၊ သူ့ကျောင်းသားတွေလောက်မှ မောင့်ကို မချစ်ဘဲ နေခဲ့ပေါ့"

"ပြည့် လိုက်ဖို့အကြောင်းလည်း မရှိ၊ ကလေးတွေကလည်း စာမေးပွဲ နီးလာပြီမို့ ပြည့် ကျောင်းမပျက်ချင်လို့ပါကွယ်၊ ဒါပေမယ့် မောင် မနေနဲ့ဆိုရင် ပြည့် လိုက်ခဲ့တာချည့်ပါပဲ"

"သိပါတယ် ပြည့်ရယ်၊ မခေါ်ထိုက်မှန်းသိပေမယ့် ပြည့်ကို ခေါ်နိုင်လို့၊ အောက်မေ့လို့"

www.burmeseclassic.com



"မောင်ရယ်၊ ခရီးသွားတိုင်း ပြည့်လည်း အောက်မေ့ တာပါပဲ။ အားလည်းငယ်မိတယ်၊ မောင့်ကိုလည်း စိတ်ပူမိတယ်၊ ချောချော မောမော ပြန်ရောက်ပါစေလို့ ဆုတောင်းလိုက်ရတာလဲ ဘုရားကို နားပူနေမှာပဲ"

ချစ်ဖွယ်သော စကားများ ဆိုမိလေတိုင်း မောင်သည် မလေးကို အရိုးကြေမတတ် ဖက်တွယ် ဖျစ်ညှစ်ထားတတ်လေသည်။ ပြည့်အနေနှင့် လည်း "မောင့်ကိုသိပ်ချစ်တာပဲ" ဆိုသော စကားများ ပြောကြားမိခြင်း နည်းပါးသော်လည်း အထက်ပါ စကားမျိုးလို အားကိုးတွယ်တာသော သဘောမျိုးဖြင့် ရိုးသားစွာ စိတ်ထဲ ရှိရင်းစွဲအတိုင်း ပြောပြမိတတ် လေသည်သာ။

"သြော်၊ မောင့်ကို ပြောမလို့"

"ဘာများလဲ ပြည့်ရဲ့"

"ပြည့်ရဲ့သူငယ်ချင်း တီးတိန်ကို ရောက်လာတယ်၊ ကိုဝင်းနိုင် အိမ်မှာ တည်းနေပါတယ် မောင်"

"ဟင်၊ ဝင်းနိုင်နဲ့လည်း သိတယ်လား"

"ဟုတ်ကဲ့"

"အိမ်လည်းခေါ်နေလ ပြည့်၊ ဒီမှာတည်းလည်း ဖြစ်သားပဲ"

"သူ့မှာ ကလေးတန်းလန်းနဲ့မို့ မောင် မျက်စိရှုပ်မှာ စိုးလို့ပါ ဟိုမှာပဲ တည်းပါစေ"

"သူ့ယောက်ျားပါ ပါလာသလား"

"ကလေး တန်းလန်းနဲ့ ဆိုလို့ မောင်က မိန်းကလေး ထင်နေ ပြီကိုး၊ အမျိုးသား မောင်ရဲ့၊ သူ့ဇနီးက ဆုံးသွားပြီ၊ ကလေးငယ်ငယ် ကျန်နေတာ"

"သြော်…ဟော်…မသိပါဘူး၊ ကလေးနဲ့ဆိုလို့၊ ကလေး အမေ လားလို့၊ ဘာဖြစ်လဲ ပြည့်ရဲ့၊ ခေါ်ပေါ့၊ တည်းဖို့ ခေါ်လို့ မရရင်တောင် တမင်းကျွေးပါ၊ ကိုယ့်ဆီရောက်လာတုန်း ကူညီပါ၊ မောင် မျက်စိ ရှုပ်ပါဘူး၊ ပြည့်သူငယ်ချင်းဟာ မောင့် သူငယ်ချင်းပဲပေါ့၊ မောင့်ကို နောက်ဆံမတင်းပါနဲ့၊ ရဲရဲတင်းတင်း နေပါ ပြည့်ရယ်၊ မောင့်ကို တကယ်အရိပ်ကြည့်တဲ့ဇနီး၊ တကယ်အပြုအစုကောင်းတဲ့ ဇနီး၊ မောင် သိပ်ချစ်တာပဲဗျာ"

သည်တစ်ခါဖြင့် ပြည့် ကိုယ်တိုင်ပါ မောင့်ကို မြတ်မြတ် နိုးနိုးဖြင့် ဖက်တွယ်ထားလိုက်မိပါတော့သည်။

* * *

"အန်တီရေး…တော်ပီ"

"ဟာ၊ သား ဝ,အောင်စားလေ၊ ထမင်းတွေ ကျန်သေးတယ်၊ ဟင်၊ တော်ပြီလား၊ ကဲ…ကဲ၊ ဒါဖြင့် လက်ဆေး၊ အန်တီလေး ငှက်ပျောသီးပေးမယ်၊ စားရမယ်နော်၊ ဟုတ်လား"

ကလေး၏ကိစ္စများ ပြီးဆုံးသွားလေမှ ကိုထွေးအတွက် မလေး ထမင်းပြင်ရသည်။

"မလေး အရင်စားပါ၊ ဆာနေရောပေါ့၊ ငါ နောက်မှစားပါ့မယ်"

အတူတူ စား၍ မသင့်လျော်သော အတွေးအခေါ် ကိုထွေးတွင် ရှိနေ၍ တော်ပါသေးသည်။ သူ့ကိုသာ အရင် အတင်း ကျွေးရပြီးမှ သိမ်းဆည်းရင်း မလေး စားပါတော့မည်။

"ကိုထွေးကို ကျွေးဖို့ ကြက်သားဟင်း 'ငွေမိုးထမင်းဆိုင်' က ဝယ်ထားရတယ်၊ ဒီမှာ ဈေးမရှိဘူး ကိုထွေး၊ စားချင် ကြက်သတ်စားမှ မလေး မရဲဘူးလေ၊ အဲဒါက ချင်းလူမျိုးတွေ ရဲ့ 'အွန်လောက်' ဆိုတဲ့ ဟင်းချက်စွပ် ပဲတစ်မျိုးပဲ၊ သူတို့ကတော့ အကြာကြီး ရေစိမ်ပြီး ပေါင်းထား ပြောင်းနဲ့ အသီးအရွက် တွေနဲ့ ရောစားကြတယ်၊ မလေးကတော့







www.burmeseclassic.com

www.burmeseclassic.com



အွန်လောက်ကို အရည်သောက် ကျော်ချက်သဘောလေး ချက်ထားပါတယ်၊ ကိုထွေး ဘာမှလဲ မစားနိုင်ပါလား"

မလေးက ကိုထွေးကို ထမင်းကျွေးရင်း ဟင်းအကြောင်း သားအကြောင်းများကို ပြောကြားပါသော်လည်း ကိုထွေးက စကားလည်း သိပ်မပြော၊ ထမင်းလည်း သိပ်မစားနိုင်ပါ။

အိမ်တွင် မောင် မရှိ၊ ကလေးသို့ သွားနေပါ၏။

မလေး ကိုယ်တိုင်က မောင်နှင့် ကိုထွေးကို ဆုံပေးစေချင်သော ဆန္ဒမရှိပါ။ ဤသို့သော မယုံရဲသည့် မလေး၏ စိတ်ကြောင့် မလေး၏ အမှားများ ဖြစ်လာခဲ့ရတော့သည်။

မောင် မရှိခိုက် မလေးက ကိုထွေးတို့သားအဖကို ထမင်းဖိတ်ကျွေးသည်။ ရင်တွင်း၌ အဖြူရောင်စေတနာများ ထားရှိပြီး သား မလေးကမူ ကိုထွေးပေါ်တွင် ယခင်ကလိုပင် ရင်းရင်းနှီးနှီး ဆက်ဆံပါသည်။ တက္ကသိုလ် ပရဝုဏ်ဆီမှ ကျန်ရစ်ခဲ့သော နှစ်များအကြောင်းကို မလေး ချန်လှပ်ထား၍ ရပါပြီ။

"သြော်- ကိုထွေးကို ပြောရဦးမယ်၊ အစ်ကိုအောင်ဒင် ရယ်လေ မလေးဆီ ရောက်လာတယ်ရှင့်၊ ပုံတွေ ပြောင်းလို့၊ အသွင်တွေပြောင်းလို့..."

"ဘာ...အစ်ကိုအောင်ဒင် ဒီမှာလား"

တုန့်နှေးစွာ လှုပ်ရှားနေသော ကိုထွေးသည် တောင့်မတ်သွားသည်။ အသံပင် ကျယ်လာသည်။

"ဒီ တီးတိန်မှာ မဟုတ်တော့ပါဘူး၊ သူ့တပ်က ကလော မှာ တမင် မလေးကို တွေ့ရအောင် သူ လာတာ"

"ဘာပြောသွားသေးလဲ"

"ဟင့်အင်း၊ ထူးထူးထွေထွေ ဘာမှ မပြောဘူး"

"တကယ် ဘာမှ မပြောသွားဘူးလား"

"ဟင့်အင်း၊ မပြောပါဘူး ဆိုမှ၊ ဘာဖြစ်လို့လဲ"





"သူ့မှာ မလေးကို ပြောစရာတွေ ရှိနေမှာပါ"

ကိုထွေးက အခိုင်အမာ ပြောလာသည်။

အစ်ကိုအောင်ဒင် ရောက်စဉ်က...

"အစ်ကို့ နှုတ်ကအကူအညီတောင်းရမှာ အစ်ကို ပြောမထွက်ဘူး၊ တပ်ကို ပြန်ရောက်ပြီးမှပဲ စာနဲ့ ရေးပြောတော့မယ်၊ ဟုတ်လား၊ ငါ့ညီမတို့ အိမ်ထောင်ရေးလေး ချမ်းမြေ့လက်စနဲ့ ဆက်ပြီး ချမ်းမြေ့ကြပါစေကွယ်"

ပြောကြားသွားသော စကားများကို မလေး ကြားယောင်လာမိသည်။

"ဟုတ်တယ် ကိုထွေး၊ သူ မလေးကို အကူအညီတောင်းမလို့တဲ့၊ ဒါပေမယ့် ဘာမှ ပြောမသွားဘူး၊ သူ မပြောဖြစ် သွားတဲ့စကားတွေ၊ သူ ပြောမယ့်စကားတွေကို ကိုထွေးက သိနေနှင့်သလားဟင် ကိုထွေး"

"သိပ်သိတာပေါ့ မလေးရယ်"

"ဘာများလဲ ပြောစမ်းပါဦး၊ ကိုထွေးနဲ့ အစ်ကိုနဲ့လည်း မတွေ့ကြရဘဲနဲ့၊ သြော်...ဟုတ်ပြီ၊ မလေးသတိရပြီ၊ မလေး အိမ်ထောင်ကျစက ကိုထွေး စာပေးတဲ့အထဲမှာ အစ်ကို့ရဲ့ ရှင်းတမ်းကြီး ကိုထွေးဆီမှာ ရှိနေတယ်ဆို၊ ပြောစမ်းပါဦး ကိုထွေး"

"သားက အိပ်ပျော်နေပြီ၊ ချသိပ်လိုက်ပါလား မလေး၊ ပြီးတော့ ကိုဝင်းခိုင်ရဲ့ ဖနီးမကျင်ဟောက်ကျင် ကြည့်ပေးပါလိမ့်မယ်၊ သူ့ရှေ့မှာ သည်း သိပ် စကားမပြောချင်ဘူး၊ ဒီ အမျိုးသမီး ကြည့်ပုံက တစ်မျိုးပဲ"

ကိုထွေး၏ တီးတိုးစကားကို နားထောင်ပြီး မလေးက ကလေးကို ချသိပ်လိုက်ရသည်။

"လွတ်လပ်မယ့် အပြင် တစ်နေရာရာကို သွားကြရအောင်ပါ၊ မလေးကို ပြောချင်စရာတွေ ရင်ထဲက လျှံကျလာနေပါပြီ မလေး"



www.burmeseclassic.com

www.burmeseclassic.com



"မလေးလည်း နားထောင်ချင်၊ သိချင်လှပါတယ် ကိုထွေး"

"သားလေး ထွေးအောင်ပြည့်ဟာ ဘယ်သူ့ကလေးလဲ ဆိုတာ မလေး သိရဲ့လား"

"ဘာ...ဘယ်လို ပြောလိုက်တာလဲ ကိုထွေး"

"သားဟာ...၊ ကိုထွေး ချစ်နေရတဲ့ သားဟာ ဒွန်နဲ့ အစ်ကို အောင်ဒင်တို့ နှစ်ယောက်ရဲ့သား"

* * *





## အခန်း(၃၆)

တီးတိန်မြို့ရှိ တစ်ဆူတည်းသော ဆုတောင်းပြည့် စေတီလေးမှာ မြို့၏ အမြင့်ဆုံးသော တောင်ထွတ် တစ်နေရာ၌ ကြည်နူးဖွယ်ရာ သပ်သပ်ရပ်ရပ်ကလေး တည်ရှိနေပေသည်။

ဗုဒ္ဓဘာသာ နည်းပါးလှသော ဤမြို့တွင် တစ်ပါးတည်းသော ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် တစ်ဆူတည်း ရှိသော ဘုရားကိုသာ လေးတို့ ဝတ်ပြု ကိုးကွယ်နေရပေသည်။

ထင်းရှူးပင်ငယ်လေးများကို သွယ်တန်း စိုက်ပျိုးထားသော တောင်တက်လမ်းလေးအတိုင်း ကိုထွေးနှင့် မလေးတို့ တက်လာခဲ့ကြသည်။

လူသူ မရှိ၊ ပကတိ တိတ်ဆိတ်ငြိမ်သက်လျက်၊ ဘေးပတ်လည်တွင် အလွှာအလွှာ အရစ်အထပ်များဖြင့် လဲလျောင်း တည်ရှိနေသော တောင်တန်းကြီးများက မျက်စိတစ်ဆုံး ပတ်ပတ်လည် ဝန်းရံ၍ နေပေသည်။

'မှိုင်းတိုက်သည်'ဟူ၍ အထက်ချင်းတွင် တစ်ခရိုင်လုံး အခေါ်ရှိသော တောင်ခိုးများက တစ်ပြန့်လုံး ဝေနေပေသည်။ အဆုပ်အပွင့် အညို့အမှိုင်းများက တိမ်သားများနှင့် ရောထွေးလျက် အာကာသယံတွင်း သို့ပင် ကျော့်လွှား ကျက်စား နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေသီမြင့်ခေါင်သော ချင်းတောင်တို့၏ အလယ်၊ ဝေမှိုင်းနေသော မြူခိုးများ၏ အကြားတွင် သမုဒ္ဒရာ ခြားနေရပါသည်ဆိုသော ကိုထွေးနှင့် မလေးတို့ယှဉ်တွဲ၍ ထုံးစေတီ ဖွေးဖွေးကို လေးစားရိုကျိုးစွာ ရှိခိုးကန်တော့နေမိကြသည်။

နှစ်ယောက်သား ဘာစကားမှ မပြောဖြစ်ကြပါဘဲနှင့် တန်ဆောင်းလေး အတွင်းသို့ ဝင်မိကြသည်။ ဘုရားရင်ပြင်မှ အလှူရှင် အမည်များကို ဖတ်နေကြသည်။ စိတ်လှုပ်ရှားခြင်းမှ ငြိမ်သက်စေရန် များလား။

"ကိုထွေး..."

မလေးက စတင် လှုပ်ခတ်ရသည်။

"ဘာတွေ ဘယ်လို ဖြစ်ကြရတာလဲ၊ မလေးကို ပြောပြ ပါတော့ ကိုထွေး၊ အစ်ကိုအောင်ဒင်ကလည်း ဒီအကြောင်းပဲ ပြောချင်လို့ မလေးဆီ ရောက်လာတာပဲ ဖြစ်မှာပဲနော်"

"ဒါပဲပေါ့"

"ဒါနဲ့ သူက ဘာဖြစ်လို့ ပြောမသွားရတာလဲ၊ သူနဲ့ ဖွန်နဲ့ ကလေးအကြောင်း ပြောမှာကို မလေးတို့ရဲ့ ချမ်းမြေ့တဲ့ အိမ်ထောင်ရေး ချမ်းမြေ့နေပါစေတော့လို့ ဆိုတာ သူ ဘာကို ရည်ရွယ် ပြောသွား တာလဲဟင် ကိုထွေး"

"ဩော်၊ မလေးရယ်၊ တကယ်ပဲ မသိတာလားကွယ်"

"တကယ် မသိတာပါ ကိုထွေး၊ ပြောစမ်းပါ"

"ဖွန့်ကို လက်ထပ်ဖို့ သူ့မှာ တာဝန်ရှိတယ် မဟုတ်လား မလေး"

"ဒါပေါ့၊ ကိုယ့်ရင်သွေးအတွက် ငွဲ့ရမှာပေါ့"

"ဒါပေမယ့် သူတို့နှစ်ယောက်က လျှင်ကြတယ်၊ တို့တွေ အဲလေ... ငါပါ၊ ငါက သိပ်ပြီး မိုက်မဲတဲ့ကောင်ပါ မလေး၊ ဒီ ဖွန့်တာဝန်ဟာ ငါ့ဆီ ရောက်လာခဲ့တယ်၊ ဘာမှ မသိရတဲ့ ငါ





ဖွန့်ကို လက်ထပ်လိုက်ရတယ်"

"ဟင်း..."

"ဒီတော့ ဘာတွေ ဖြစ်လာသလဲ၊ ဟင်...ငါ့ဘဝက ခု မလေး မြင်တဲ့အတိုင်း သုံးမရဘူး၊ ဒီထက်ဆိုးတာက ငါ့ရင်ထဲ က အသည်းတွေ ကြေရုံမကဘူး၊ ကြွေခဲ့ရပြီ၊ ပျက်စီးခဲ့ရပါပြီ မလေး၊ ငါ ဖွန့်ကို လက်ထပ်မယ်လို့ဆိုတော့ ငါ ခံစားရသလိုပဲ မလေးလည်း အသည်း ကြွေမတတ် ခံစားခဲ့ရတယ်ဆိုတာ..."

"တော်...တော်တော့ ကိုထွေး၊ ဒီအကြောင်းတွေ အစ ပြန် ကောက်ကြပါစို့နဲ့၊ မလေး ဟိုတုန်းက ဘာတွေပဲ ခံစားခဲ့ရခံစားခဲ့ရ၊ ချိန်မှာ မလေးဟာ အိမ်ထောင်သည် တစ်ယောက် ဖြစ်နေခဲ့ပါပြီ၊ လေးယောက်ျားကို မလေးကြည်ညိုတယ်၊ မြတ်နိုးတယ်၊ အားကိုး တယ်"

"မလေး စကားထဲ ချစ်မေတ္တာ မပါ,ပါလား"

"ဒီလောက်အထိ ကိုထွေး အနေနဲ့ ဘာမှ လိုက်ပြောစရာ လိုဘူး ကိုထွေး၊ မလေး ယောက်ျားကို မလေး သိပ်ပြီး ချစ်မြတ် နိုးထိုက်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့..."

မလေး အသက်ကို ပြင်းပြင်း ရှူလိုက်မိသည်။ အံကိုပင် ကြိတ်လိုက်မိပါသေးသည်။

"မလေးလို အနုပ်ပန်း၊ အညံ့ပန်းကို မြတ်နိုးချင်သူမှ မရှိဘဲ၊ ကိုယ့်ဘဝထဲကို ဝင်လာခွင့်မှ မပေးကြဘဲ၊ သူများ မနှစ် သက်ခဲ့တဲ့ ပန်းကို မြတ်မြတ်နိုးနိုး ယုယုယယနဲ့ ထားရှိနေဆဲ လူကို မလေး ဘာလို့ မချစ်နိုင်ရမှာလဲ ကိုထွေး"

သည်တစ်ခါ မျက်ရည်ကျရသူက မလေး...။

မလေး၏ မျက်ရည်စက်က ဝမ်းနည်းကြေကွဲစိတ်ကြောင့်ရွဲသား ကျလာရသော မျက်ရည်များ မဟုတ်ပါ။ နာကျည်းခြင်း အပေါ်ဖြင့် ပေါက်ယှက် ဖြည့်စွက်ထားသော မျက်ရည်စများပါ။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို မလေး ချက်ချင်းပင် ပြန်၍ ထိန်းလိုက် နိုင်ပါသည်။ မငိုထိုက်သော သူ့ရှေ့တွင် မငိုဖြစ်အောင် မလေး စွမ်းဆောင်နိုင်ခဲ့ပါပြီ။

"ပြောထိုက်ပါတယ် မလေး၊ ဒီထက် ပက်ပက်စက်စက် ငါ့ကို ပြောပစ်လိုက်စမ်းပါ မလေးရယ်၊ ငါ့လောက် မိုက်မဲတဲ့ ကောင်မျိုး လူသား ယောကျ်ား အားလုံးထဲမှာ ရှာကြည့်၊ မရှိ စေရဘူး၊ မလေး ပြောသလို မဟုတ်ပါဘူး၊ အနုပ်ပန်း၊ အညံ့ ပန်းကို ငါက အဟုတ်ထင်ပြီး၊ ရတနာပန်း၊ အသက်ထက် မြတ်နိုးထိုက်စရာ ပန်းကိုသာ ငါက ပစ်ပယ်ခဲ့မိသူပါ"

"ဒီမှာ...ကိုထွေး၊ မလေး အသည်းတွေ မာလာပါပြီ၊ ဒဏ်ရာကျက်တော့ ပိုပြီး မာကျောတာပေါ့ ရှင်ရယ်၊ ဒါတွေ မလေး မကြားချင်ဘူး၊ မနာယူထိုက်ဘူး၊ မလေးကလည်း မပြောအပ်ဘူး၊ မလေးတို့ တော်ကြပါစို့ရဲ့၊ ကဲ... ကိုထွေး ရောက်လာရင်း ဖြစ်တဲ့ ကလေးရဲ့ ကိစ္စ၊ သားလေး ထွေး အောင်ပြည့်ရဲ့ ပြဿနာကိုသာ ကိုထွေး ပြောမယ် ဆိုတာ ပြော စမ်းပါ"

ကိုထွေးက ဘာမှ မတုန့်ပြန်လာ။ မလေးကို ကျောခိုင်း၍ တောင်နိုးများကို စိုက်ကြည့်နေသည်။ ခံစားချက်ကြောင့် အငိုလွယ်သူ ဖြစ်သော ကိုထွေး ငိုနေသလား၊ မလေး မသိ။

"မလေး မပြောချင်ရင် ဘာမှ မပြောနဲ့တော့လေ"

"မလေး ပြောချင်တာ၊ မေးချင်တာတွေ အိုးဖိုမှာ ဆုံကြတုန်းက ပြောခဲ့၊ မေးခဲ့ပြီးပါပြီ၊ မလေး အနေနဲ့ ကိုထွေးကိုလည်း ဘာမှ ပြောစရာ မရှိတော့ပါဘူး၊ ပြီးဆုံးခဲ့ပြီပဲ"

"ဟုတ်ပါတယ် မလေး၊ ဒီတစ်ခါ တွေ့ဆုံခြင်းဟာ ကိုထွေးနဲ့ မလေးတို့ရဲ့ နောက်ဆုံး တွေ့ဆုံခြင်းပါ၊ နောက်ကို မလေးဆီ ဘယ်တော့မှ မလာတော့ဘူးလို့ ဘုရားရှေ့မှာ ပြောပါရစေ၊ ဒါကြောင့် တစ်သက်မှာတစ်ခါသာ ဆုံခွင့် ရရှိတော့မယ့် အချိန်လေးမှာ၊ မလေးကို





ငါ တောင်းပန်ပါတယ်၊ ငါ ပြောချင်တာလေးတွေကိုတော့ နားထောင်သွားပါဦးလို့"

ကိုထွေးက မလေးကို မကြည့်။ အဝေးသို့ ငေးနေမြဲ၊ မလေးကလည်း ကိုထွေးကို မြင်နေလျက်နှင့် မကြည့်မိပါ။ တိတ်ဆိတ်ငြိမ်သက်လွန်းသော တောတောင်၏အလယ်တွင် ကိုထွေး၏ နှလုံးသား ခံစားမှုများက အသံလှိုင်းများအဖြစ်နှင့် မြည်ဟိန်းထွက်လာသည်။

"ငါ့သူငယ်ချင်းရဲ့ သူငယ်ချင်းမလေး တစ်ယောက်အနေနဲ့ ငါ ဖွန့်ကို အစဦးပိုင်း လိုက်လျော ခင်မင်ခဲ့တာပါ၊ နောက်ပိုင်း မှာ ဖွန့်က ငါ့ကို အခွင့်အရေး သိပ်ပေးလွန်းတယ်၊ ဖွန့်ကို မလွန်ဆန်နိုင်တဲ့ ငါဟာ သူနဲ့ အနေနီးလွန်းလာရာက ဖန်တီးလာတဲ့ အခြေအနေတွေကြောင့် ငါနဲ့ ဖွန့် လွန်ကျူးခဲ့ကြပါတယ်၊ ဒါပေမယ့် မလေးရယ်၊ ပြောပါရစေတော့၊ 'ထွေး အောင်ပြည့်' ဖြစ်လာနိုင်အောင် အောင်မြင်ခြင်းမျိုး မဟုတ်ပါ ဘူး၊ ငါ့ရဲ့ အတွေ့အကြုံဦးမို့ ငါ နားမလည်ခဲ့ဘူး၊ အိမ်ထောင် သည် ဖြစ်လာပြီးမှ ဒါ ငါ့ ကလေး မဟုတ်ပါဘူးဆိုတာ သိ ခွင့်ရလာတာပါ"

"အစ်ကို့ သားပါလို့ ဖွန့်က ပြောသလား"

"ဘယ်ပြောလိမ့်မလဲ၊ အစ်ကိုအောင်ဒင်ကို 'ကိုကိုကျော်'အဖြစ်နဲ့ သူတွဲခဲ့တာပါ၊ အစ်ကိုအောင်ဒင်ကလည်း နင်နဲ့ တွဲတဲ့ သူငယ်ချင်းလေးက လှလို့ ရအောင် လိုက်ခဲ့ပေမယ့် မလေးရဲ့အစ်ကို တွံတေးသား ကိုအောင်ဒင်ပါရယ်လို့ မပြောဘဲ နိုင်ငံခြားရောက်မိဘများရဲ့ တစ်ဦးတည်းသောသား ကို ကိုကျော် အဖြစ်နဲ့ ဖွန့်ကို သူ အောင်နိုင်ခဲ့တယ်၊ နောက်ပိုင်း သူတို့ချင်း အဆင်မပြေတော့ နီးရာ ငမိုက်သားကိုလှမ်းဆွဲပြီး သားရဲ့ဖခင် အမည်ခံခဲ့တာပါပဲ"

"ဖွန့်က ထွေးအောင်ပြည့်ဟာ မလေး တူလေးပါရယ်လို့ မလေးကို ဝန်ခံမထားဘူး၊ ကိုထွေးကို လက်ထပ်တဲ့အတွက် ခွင့်လွှတ်ပါတော့ သူ့စာမှာ တောင်းပန်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖွန် ကိုယ်တိုင်က သူ့ ကိုကိုကျော်ဟာ တို့ရဲ့ အစ်ကိုအောင်ဒင်ပါရယ်လို့မှ သိမသွားတာ"

"ဟင်"

"ဖွန့်ကို ငါ့ဇနီးအဖြစ်နဲ့ အစ်ကိုအောင်ဒင်က အရင် မြင်ရတော့ သူ ရှောင်ပြေးသွားတာပေါ့၊ နောက်ပိုင်း ဖွန် ဆုံးပြီးမှ သူ့ဆီက တောင်းပန်စာ ငါ့ဆီ လာတယ်၊ ဒါ သူ့သားပါ ရယ်လို့လည်းဝန်ခံတယ် တစ်နေ့ သူ တွဲတေးကိုပြန်လာပြီး သားကို တရားဝင် တာဝန်ယူပ မယ်လို့လည်း သူ့စာမှာ ငါ့ကို ဝန်ခံထားခဲ့ပါတယ် မလေး၊ ပြီးတော့ တို့အကြောင်း…"

"တို့အကြောင်းကို အစ်ကိုက ဘာပြောလို့လဲ"

"ဩော်- သူ့ရဲ့ လည်ပတ်ရှုပ်ထွေးမှု၊ မိန်းကလေး တစ်ယောက်ကို ဖျက်ဆီးခဲ့မှုမှာ သူဟာ တရားခံ ဖြစ်ပေမယ့် သူ ကွင်းလုံးကျွတ် လွတ်ခဲ့ပါတယ်တဲ့၊ သူ့အပြစ်နဲ့ သူ့ဒုက္ခတွေ ကိုထွေးဆီ ရောက်သွား သူ လွတ်ပြီးတော့ မထင်လိုက်ပါ နဲ့တဲ့"

"မလွတ်လို့၊ သူ ဘာဖြစ်လို့လဲ"

"သူ ဘာမှ မဖြစ်ပေမယ့် သူ့နှမလေးဟာ သူ့ချစ်သူ စွန့်လွှတ်လိုက်ရတယ်၊ မလေးဘယ်လောက် ခံစားနေရတယ် ဆိုတာ သူ သိလေ မချိလေပါပဲတဲ့၊ ဒါကြောင့် သူ့ကိုယ်စား ဓားစာခံသွားရ အပြစ်မဲ့သော ကိုထွေးနဲ့ မလေးကို သူ တစ်ချိန်ချိန်မှာ ဝန်ချတောင်း ပါဦးမယ်တဲ့"

"ဩော်- အစ်ကို လာတုန်းက မလေးကို မပြောဖြစ်သွား စကားဟာ ဒါပဲ နေမှာပေါ့၊ သူ့ကြောင့် ကိုထွေး ဖွန့်ကို လက် လိုက်ရတယ်၊ မလေးက ကိုထွေးကို စွန့်လွှတ်ရတာ သူ့ကြောင့်ပ သူပြောလိုက်ရင် မလေးမှာ အသစ်ဖြစ်ရတော့မယ်၊ ခုတော့ မလေး ဘဝဟာ ငြိမ်သက်လာပြီ၊ ချမ်းမြေ့ လာပြီ၊ ဒါကြောင့် ဒီပြဿနာ သူ အစ မဖော်လိုတော့ ဘူး ထင်ပါရဲ့လေ"



ကိုထွေးရော မလေးပါ ပင်ပန်း နွမ်းနယ်သွားကြသလို စကား မပြောဖြစ်နိုင်ကြတော့။ မလေးက ငိုင်၍ ကိုထွေးက ငေးနေခဲ့သည်။

"ဒါနဲ့ ဖွန့်ကို သတ်တယ်ဆိုတဲ့ မစ်ကီရော"

"ထောင်တစ်သက်တဲ့၊ သတင်းစာထဲ တွေ့ရတာပဲ၊ ငါ စိတ်မဝင်စားဘူး၊ ဖွန်နဲ့ပတ်သက်လို့ ငါ မပြောချင်ဘူး မလေး"

"ဒါဖြင့် ထွေးအောင်ပြည့်ရဲ့ ပြဿနာကို ပြောပါ ကိုထွေး၊ မလေး ပြန်ချင်ပြီ"

"ငါ အမေ့ကို သိပ်ပြီး အားကိုး မှီတွယ်နေရတဲ့ အချိန်မှာ အမေ ရုတ်တရက် ဆုံးတော့ ငါလေ သိပ် စိတ်ထိခိုက်ရပါတယ်၊ အားလည်း ငယ်မိတယ်၊ ငါ ဆုံးဖြတ်ပြီးတဲ့ အချိန်မှာမှ…"

"ကိုထွေးက ဘာတွေ ဆုံးဖြတ်လို့လဲ"

"သူငယ်ချင်း တစ်ယောက်နဲ့ မြိတ်ဘက် သွားပြီး စက်လှေ လုပ်ငန်း လုပ်ကြဖို့ အသေးစိတ် စီစဉ်ပြီးပြီ၊ အမေနဲ့ ကလေးနဲ့ ထားခဲ့မယ်ပေါ့၊ နောင် အစ်ကိုအောင်ဒင် လာတော့မှ ကြည့်ရှင်းကြရုံပဲ၊ ခုတော့ အမေ အသေစောရတဲ့အတွက် ငါ့မှာ ခက်လွန်းလို့ သားကိုပိုက်ပြီး မလေးဆီ လိုက်လာခဲ့တာ ပါ၊ ဖြစ်စေချင်တာကတော့ မလေးက သားကို ယူထားလိုက် စေချင်တယ်"

"ကလေးပေါ်မှာ မလေး သံယောဇဉ် ရှိပါတယ်၊ ဒါပေမယ့် မလေး သဘောတစ်ခုတည်းနဲ့တော့ မွေးလို့မဖြစ်သေးဘူး ကိုထွေး၊ မလေးရဲ့ ယောကျ်ားကိုလည်း မေးကြည့်ရပါဦးမယ်၊ သူ သဘောတူမှ မလေး ယူလို့ ဖြစ်မှာပါ"

"အင်းပေါ့လေ…"

"အစ်ကိုအောင်ဒင်လည်း ဒီနယ်မှာ ရှိနေပြီပဲ၊ သူ့ရှေ့တန်း လာရင် အားလုံး ဆုံရှင်းလိုက်ကြတာပေါ့၊ သား ကို မလေးဆီမှာပဲ ထား၊ တွဲတေးက အမေ့ဆီပဲ ပို့ပို့ ဖြစ်ပါတယ်၊ အစ်ကိုအောင်ဒင် ရောက်လာအောင်သာ ကိုထွေး စောင့်ဦးပေါ့"

www.burmeseclassic.com



ကိုထွေးက ခေါင်းကို ခါယမ်းသည်။

"သားပြဿနာ ပြီးပြေတဲ့အထိ မလေးရှိတဲ့နေရာမှာ ငါ မနေ ပါရစေနဲ့တော့၊ မလေး သားကို ယူထားပြီး တစ်ခုခု စီစဉ်ချင်လည်း စီစဉ်ပါ၊ ဒါမှမဟုတ် ငါ ပြန်ခေါ်သွားရမှာလည်း ပြဿနာ မဟုတ်ပါဘူး မှန်တာပြောရရင်တော့ ကြားကောင်း အောင်သာ သား ပြဿနာကို ရှေ့တန်းတင်ရတာပါ၊ ငါ ပြောချင်တာက တခြားပါ၊ တစ်မျိုးပါ မလေးရယ်"

"ဘာများလဲ ကိုထွေးရယ်၊ မလေးအကြာကြီး ဒီမှာမနေချင်ဘူး"

"ခဏလေးပါ မလေး၊ ခဏလေးရယ်ပါ၊ အမေ ဆုံးပြီးတဲ့ နောက်ပိုင်းမှာ ငါ ဆုံးဖြတ်ချက်ချလိုက်ပါပြီ၊ လက်ရှိ အသိုင်းအဝိုင်းက ငါ ခွာတော့မယ်၊ အစိပ္ပာယ်မဲ့တဲ့ ငါ့ဘဝကို ဖြစ်ချင်ရာဖြစ် ပင်လယ်ပြင်မှာ လွှင့်တော့မယ်၊ ဒီလို အသေ အချာလည်း ဆုံးဖြတ်ပြီးရော ငါ နောက်ဆုံး အနေနဲ့ အလုပ် တစ်ခု လုပ်သွားချင်တယ်"

"ထွေးအောင်ပြည့် ကိစ္စလား"

"မဟုတ်ဘူး၊ မလေးကို တွေ့ချင်တဲ့ ဆန္ဒ"

မလေး ငြိမ်နေမိသည်။ ဘာမှ ဝင်၍ မပြောဖြစ်သည်က အကောင်းဆုံးပါ။ သူ ပြောချင်သည်များကိုသာ အမြန်ဆုံး ပြော သွားပါစေတော့။

"မလေးကိုလေ ငယ်သူငယ်ချင်းမို့ သာမန် တွယ်တာ ပုံမျိုးသာ ငါ ထင်ခဲ့မိတယ်၊ တစ်နေ့ကျရင် လက်ထပ်ယူ မယ်လို့လည်း စိတ် မကူးခဲ့မိဘူး၊ ချစ်လှပါချည်ရဲ့လို့လည်း မရိုးသားတဲ့စိတ်နဲ့ ဖွင့်မပြော မိခဲ့ဘူး၊ ဒါပေမယ့် မလေးဆိုတဲ့ မိန်းကလေးဟာ ငါ့ရင်ထဲမှာထာဝရ စွဲငြိ သန္ဓေတည်နေတဲ့ မိန်းကလေးဖြစ်မှန်း ဖွန့်ကို လက်ထပ်ရတော့မှ ဆိုမှ ငါ သိ လာခဲ့ရတယ်"

"မလေးကို ခွဲရတော့မယ်၊ မလေးနဲ့ ဝေးရတော့မယ် ဆိုတဲ့ အိမ်ထောင်ရေး ဘောင်စည်းကြီး တားလိုက်ရပြီးတည်းက ငါ့ရင်ထဲမှာ





အနာကျင်ဆုံး ဝေဒနာတွေနဲ့ ခန္ဓာကြွေတဲ့ အထိ ခံစားသွားရတော့မယ် ဆိုတာ ငါ သိလာရတော့တယ်"

"ဒီတော့မှ မလေးကို ငါ သိပ်ချစ်နေမိပါလား ဆိုတဲ့ အသိတွေနဲ့ မလေးရယ် ငါ ခံစားလိုက်ရတာတွေ၊ စကားအဖြစ်နဲ့ ချပြီး ပြောလို့ မရနိုင်တော့ပါဘူး"

"ဪ၊ ဒီကိစ္စတွေကို ချေဖျက်ပြီး ဟိုမှာဘက်နှစ်ကို ပြန် ရောက်စတမ်းဆိုရင် ဟောဒီတောင်ကြီးတွေကိုဖြစ်စေ၊ ပင်လယ်ပြင် ကြီးကို ဖြစ်စေ၊ ငါ့ခွန်အားတွေနဲ့ ကျော်ဖြတ်သွား နိုင်ပါတယ်၊ ဒီမှာ...မလေး"

"ကိုထွေးရယ်၊ တော်ပါတော့..."

"ဘယ်လို ဘဝမျိုးနဲ့ဖြစ်ဖြစ် မလေးကိုလေ ကိုထွေး ရင်ခွင်ထဲမှာ ဆွဲယူ ပွန်းဖက်ပြီး၊ ဟိုး...မိုးပေါ်မှာ တက်ပုန်းချင်တယ်၊ အောက်ဆုံးက ချောက်ကမ်းပါးထဲကို ခုန်ချ ထွက်ပြေးချင်မိတယ်၊ မလေးကို ကိုထွေး သိပ်ချစ်တယ်၊ သိပ်နှမြောမိတယ်"

"တော်ပါတော့ ကိုထွေး၊ မလေးကို ဒါတွေ လာပြောနေလို့ မလေး မယုံနိုင်တော့ပါဘူး"

"ဟုတ်တယ်၊ ဟိုတုန်းကတော့ ကိုယ့်မိုက်ပြစ်နဲ့ ကိုယ် မို့ မလေးနား မကပ်ရဲတော့ဘဲ မလေးဘဝ လှပပါစေ ဆိုတဲ့ စေတနာနဲ့ မလေးကို ကိုရဲဏီလင်းနဲ့ လက်ထပ်နိုင်းခဲ့မိတာ"

"ပထမအကြိမ် ဖွန့်နဲ့ ကိစ္စတုန်းက နောင်တရမိသလို ဒုတိယ အကြိမ်အတွက်လည်း နောင်တတွေ ရချင်နေမိတယ် မလေး၊ ငါ သတ္တိမနည်းဘူးဟာ၊ ကောင်းစားပါစေ ဆိုတဲ့ စေတနာတွေနဲ့ ငါ မင်းကို စွန့်လွှတ်လိုက်ရတာပါ"

"ကဲ...ကိုထွေး၊ ပြောရင်း နင် မျက်ရည်ကျလာပြန်ပြီ၊ ပြီးဆုံးခဲ့တဲ့ ကိစ္စနဲ့ ခဖြစ်နိုင်တော့တဲ့ ဘဝအကြောင်းတွေကို ဘာလို့ ပြောချင်နေရတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com

"ပြောမယ် မလေး၊ ပြောပါရစေ၊ ငါ နက်ဖြန် ပြန်တော့မယ်၊ ခုတစ်ကြိမ်ဟာ ငါ အသည်းကွဲမတတ် ချစ်ရတဲ့ မလေးကို နောက်ဆုံး အကြိမ် တွေ့ရခြင်းပါဗျူ"

"အို..."

ကိုထွေးက အံကြိတ်ခဲ၍ ပြောလိုက်ရင်းက မလေး၏ ပခုံးနှစ်ဖက်ကို ဖမ်းဆုပ် ညှစ်ကိုင်လိုက်သည်။

"ဘယ်လို ဝဋ်ကြွေးတွေကြောင့်များ အနီးလေးနဲ့ အလှမ်းတွေ ကွာဝေးသွားကြရတာလဲဟင်"

"ဖယ်ပါ၊ ဒီကံကြမ္မာ ဖြစ်လာအောင် ဘယ်သူ စီမံတာလဲ ကိုထွေး"

"ဟုတ်ပါတယ် မလေးရယ်၊ ဟုတ်ပါတယ်၊ ငါ့ကြောင့် ဖြစ်ရတာမို့ ငါ ဘယ်လောက်ထိ ခံစားနေရတယ်ဆိုတာ မြင်တဲ့အတိုင်းပါဗျာ"

ကိုထွေးက မလေး၏ပခုံးပေါ်တွင် တင်ထားသော သူ့လက်များကို ဖြေလျှော့ချလိုက်သည်။ သွယ်ရှူးသော လက်တံလေး များအတိုင်း လျှောတိုက် ကိုင်တွယ်လာပြီးမှ မလေး၏ လက်ဝါး လေးနှစ်ဖက်ကို ဖြည်းဖြည်းချင်း မ,ယူလာသည်။ သူ့ပါးနှစ်ဖက် ကို အပ်ဖိထားရင်း မလေးကို အနီးကပ် စိုက်ကြည့်နေသော ကိုထွေး၏ မျက်ဝန်းဝယ် မျက်ရည်များ လျှံဖိတ်လျက်...

"အချစ်တတ်ဆုံးယောက်ျား"

"အခံစားရဆုံးသောလူသား"

အဖြစ်နှင့် ကိုထွေးကို မလေး သိမှတ်ရပါပြီ။

မလေးလည်း ငိုချင်လာပြီ။ ကြာလျှင် ငိုမိပါလိမ့်မည်။

"ကိုထွေး"

"ဟင်"

"ဖယ်တော့ကွယ်၊ မလေး သွားတော့မယ်နော်"





ကိုထွေးက မလေးကို မလွှပ်မယှက် ငေးကြည့်နေရာမှ နာခံစွာဖြင့် လက်လေးများကို ဖြည်းဖြည်းချင်း လွှတ်ပေးသည်။

"မလေး...ကိုထွေးအချစ်ရယ်"

"သြော်- အနှစ်နှစ်ဆယ်ကျော်ကြာ အတူနေလာခဲ့ပေမယ့် ကိုထွေးနှုတ်က ဒီတစ်ကြိမ်သာ ကြားရဖူးတဲ့စကားပါလားနော်"

"မလေးရယ်..."

"နှုတ်ဆက်ကြပါစို့ ကိုထွေးရေ"

"ကောင်းပါပြီ အချစ်ရယ်၊ နောက်ဆုံး နှုတ်ဆက်ခြင်း အဖြစ်နဲ့ ကိုထွေး မလေးကို နှုတ်ဆက်လိုက်ပါပြီ၊ သွား...သွားတော့... သွားတော့ကွယ်"

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၇)

အိမ်ဝမှာ မောင်...။

"ပြည့်...ပြည့်၊ ဘယ်သွားနေတာလဲဟင်"

"ဟင်...မောင်...မောင် ပြန်ရောက်နေပြီ"

ခရီးမှ ပြန်ရောက်လာစ ခင်ပွန်းသည် မောင်၏ စိုးရိမ်တကြီး မျက်နှာ၊ မူပျက်နေသော အမူအရာကြောင့် မလေး၏ရင်၌ လျှင်ပြင်းစွာ လှုပ်ရုံမက မုန်တိုင်းပါ ကျရပါပြီ။

"ပြောလေ ပြည့်၊ ဘယ်သွားနေတာလဲလို့"

"ဟို...ဟို...ပြည့် သူငယ်ချင်းဆီပါ"

"ဘယ်က သူငယ်ချင်းလဲ"

မောင့်အသံက မာလှသည်။ မောင့် မျက်နှာများလည်း နီမြန်း နေပေသည်။ မောင့်ကိုယ်တွင် ဒေါသတရားတို့ အုံ့ဖွဲ့လွှမ်းမိုး နေကြောင်း သိမြင်ရလေ၊ မလေး ကြောက်ရွံ့လေမို့...

"ကျောင်း...ကျောင်းက...ဆရာမပါ"

"ပြည့် မညာနဲ့၊ လာစမ်းပါဦး"

မောင်က ပြည့်လက်မောင်းကို ကြမ်းတမ်းစွာဆွဲ၍ အိမ် ထဲသို့ ခေါ်လာသည်။ မောင်က ဒေါသဖြင့် တုန်ရီနေသလို မလေးမှာလည်း ကြောက်ရွံ့ခြင်းဖြင့် တုန်ရီနေပါပြီ။

"သူတို့ပြောတာတွေ မောင် မယုံပါရစေနဲ့၊ ပြည့် ပြောတာ မောင် ယုံစမ်းပါရစေ ပြည့်ရယ်၊ မောင့်ကို အမှန်အတိုင်း ပြောစမ်းပါ"





မောင့်လေသံက မချိတင်ကဲဟန် ရှိလှသည်။ ပြည့်မှာ မျက်လုံး အဝိုင်းသားဖြင့် မောင့်ကိုကြောက်ရွံ့စွာ ငေးကြည့်နေမိသည်။ ဘာပြော ရမှန်းကို မသိ။

"မကျင်ဟောက်ကျင်က ပြောတယ်၊ တွံတေးက လိုက်လာတဲ့ မြင့်ထွေးမောင် ဆိုတဲ့ ကောင်က မလေးကို ငိုပြီး တောင်းပန်တယ်၊ စကားတွေ အကြာကြီး ပြောကြတယ်ဆို ဟုတ်လား"

မလေး ခေါင်းငုံ့ချလိုက်မိသည်။

"မောင် မရှိတဲ့အချိန်မှ ဒီအိမ်မှာ ခေါ်တွေ့တယ်ဆို၊ ပြီးတော့ အခု ပြည့်နဲ့ အဲဒီကောင်နဲ့ တောင်ပေါ်က ဘုရားကို အတူတူသွားကြတာ ကြာလှပြီဆို ဟုတ်လား၊ အဲဒါတွေ ဟုတ်သလားဟင်"

အိမ်ထောင်ရှင် ခင်ပွန်းသည် တစ်ယောက် ပြန်၍ ကြားရသော စကားများက နားမခံသာစရာ ကောင်းလွန်းလှလေစွ။ ဒေါသအဟုန်တို့ တုန်ခါ ပေါက်ကွဲနိုင်လောက်သော သတင်း စကားများပါတကား။

"မောင်၊ ပြည့် ရှေလည်အောင် ပြောပါရစေရှင်"

"ရှင်းတာတွေ ထားစမ်းပါဦး ပြည့်၊ ဟိုအိမ်မှာ ငိုကြ သလား၊ ဒီအိမ်မှာ ဆုံကြသလား၊ လူမရှိတဲ့ ဘုရားကို သွားကြသလား၊ ဒါပဲပြော၊ ဒါပဲ မောင်သိချင်တယ် ပြည့်"

"ဒီ...ဒီလိုပါ...မောင်ရယ်၊ ပြည့်တူလေးကိစ္စ..."

"တော်၊ အဲဒီ သုံးခုကို မင်း လုပ်သလား၊ မလုပ်ဘူးလား၊ ဒါပဲပြော၊ ပြောစမ်းပါ"

မောင်က ပြည့် လက်မောင်းကို ကြမ်းတမ်းစွာ ဆုပ်ကိုင် ဆောင့်ခါရင်း အော်၍ မေးသည်။

"အဲဒီ သုံးနေရာလုံးမှာ ဆုံမိပါတယ်၊ ဒါပေ..."

"တော်...တော်"

မောင်က ကြုံးအော်သည်။ မီးဖိုဘေးမှ စားပွဲကို လက်ဝါး နှစ်ဖက်ဖြင့် ဖြိုင်တူ တအားရိုက်ချလိုက်ပြီး လက်ထောက်၍ ခေါင်းငုံ့



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ မလေးကိုမူ ကျောခိုင်းလျက်။

"မောင်ရယ်၊ ပြည့် မောင့်ကို ကြောက်လှပါပြီ၊ ပြည့် ရှင်းပြပါရစေ၊ တွေ့တယ် ဆိုပေမယ့်..."

"တော်ပါ ပြည့်၊ ဒီ ကိုထွေးဆိုတဲ့ ကောင်ဟာ ခင်ဗျား ရည်းစား မဟုတ်လား"

"မဟုတ်ဘူး မောင်၊ မဟုတ်ဘူး"

မောင်က ပြည့်ဘက်သို့ ဒေါသဖြင့် ဖျတ်ခနဲ လှည့်လာသည်။

"မျက်ခမ်းမှာလည်း မျက်ရည်စတွေနဲ့၊ ငါ့ ကွယ်ရာမှာ မင်း ဘာတွေ ဖြစ်လာသလဲ ပြည့်"

ဒေါသအတိုင်းသာ ပြုမူရက်ပါလျှင် မလေးသည် မောင် ၏ လက်တွင် ညက်ညက် ကြေနိုင်ပေသည်။

"သစ္စာတရားကို အသက်ထက် တန်ဖိုးထားတဲ့ မိန်းမစားပါ မောင်၊ ပြည့်ကို ဒီလို စွပ်စွဲမယ့်အစား သတ်ပစ်ပါလား မောင်၊ ပြည့်ကို သတ်ပစ်လိုက်စမ်းပါ"

"ပြည့်ကို မောင် ဘယ်လောက်ချစ်တယ်ဆိုတာ ပြည့် သိပါတယ်၊ ပြည့် ကိုယ်တိုင် ဝန်ခံနေတဲ့အဖြစ်ကြောင့် မောင့် ရင်ထဲမှာ ဘယ်လို ခံစားရမယ် ဆိုတာ ပြည့် စာနာကြည့်ပါ"

မောင်သည်လည်း ပြည့်အတွက် လှိုက်လှဲစွာ ပေါက်ကွဲရှာလေပြီ။

"ပြည့်ဟာ မေတ္တာတရားနဲ့ သစ္စာတရားကို ထိုက်ထိုက်တန်တန် တန်ဖိုးထားတဲ့ မိန်းမသား တစ်ယောက်ပါ မောင်၊ မောင့် ကွယ်ရာမှာ ပြည့် ဘာဆို ဘာမှ မဖြစ်ခဲ့ပါဘူး၊ ပြည့်တို့တွေ့ဆုံရခြင်း အကြောင်းကို မောင် နားထောင်မယ်ဆိုရင် ပြည့် အားလုံး အမှန်အတိုင်းပြောဝံ့ပါတယ်။ ပြည့်ကြောင့် မောင် စိတ်ဒုက္ခ ခံစားသွားရတာကို ပြည့် တောင်းပန် ပါတယ် မောင်ရယ်၊ ဘာပဲဖြစ်ဖြစ် ပြည့် ပြုမူခဲ့မှုအတွက် ခွင့်လွှတ်ပါ လို့ မောင့်ကို ပြည့် ရှိခိုးတောင်းပန်ပါတယ် မောင်"



ညစဉ် ရှိခိုးနေကျ မောင့်ကို မလေး ကန်တော့ရန် ဝန် မလေးတော့။ 'နှမ်းအတိတ်ဆိမ့်' အကြောင်းအရာများသည် ယခု တစ်ဖန် တစ်ကျော့ပြန်လာခဲ့သည့်အတွက် ချစ်ခင်ပွန်းသည်၏ စိတ်နှမ်းရမှု အတွက်လည်း ပြည့် ရှိခိုး၍ အပြစ်တွေ ကြေပါစေ ချင်သည်။

"မောင် ခွင့်လွှတ်ချင်ပါတယ်၊ ကုန်ကုန် ပြောလိုက်မယ်ပြည့်ရယ်၊ ပြည့် ရယ်...ဘယ်အခါပဲ ရောက်ခဲ့ ရောက်ခဲ့ မောင်ပြည့်ကို မစွန့် လွှတ်နိုင်ဘူး၊ ပြည့်ကို မောင် သိပ်ချစ် တယ်၊ ဒါပေမယ့် ပြည့်ကို သန့်စင်စေချင်လှတယ်"

"မောင်...မောင်ရယ်"

မလေးသည် မောင့်လက်မောင်းကို ဖက်တွယ်၍ နဖူးဖြင့် ထိကပ်ထားမိသည်။ မျက်ရည်များလည်း လိမ့်ဆင်းလာသည်။

"ထိုင်ပါဦး ပြည့်"

မီးဖိုရှေ့ ကြမ်းပြင်တွင်ပင် ပြည့်တို့နှစ်ယောက် ထိုင်ဖြစ်ကြသည်။ ရင်တွင်း၌မူ လေးလံသော သံသယ စိတ်များကို သယ်ပိုးထား ကြလျက်...။

"ပြည့်ကို ဟောဒီ တီးတိန်မှာ မောင် ပထမဆုံး စပြီးတွေ့တုန်းက ပြည့်ပြောတာ မောင် မှတ်မိတယ်၊ 'မလေးဟာ အသည်းနှလုံးသေပြီး ဘဝကြေခဲ့ရတဲ့ မိန်းကလေးတစ်ယောက်ပါ ကိုရဲဏီလင်း'တဲ့၊ ဒါပေမယ့် မောင် အလေးအနက်မထားပါဘူး၊ လက်ထပ်ပြီးတော့လည်း ပြည့်ရဲ့ ရင်ထဲမှာ သိုဝှက်ပြီး ချစ်ရဖူးတဲ့ ပြည့်ရဲ့ချစ်သူအကြောင်း မောင် သိရပေမယ့် မောင် မတုန်လှုပ်ခဲ့ပါဘူး ပြည့်၊ တစ်ခါ ဝင်းခိုင် တွံတေးက ကိုထွေးဆီ လိုက်သွားတော့ ဝင်းခိုင်ကို မေးလိုက်တာတဲ့၊ မလေးမျက်နှာ သာရဲ့လားက အစ၊ မောင်တို့ရဲ့ အိမ်ထောင်ရေးအခြေအနေတွေ အေးလွန်းလို့ ဝင်းခိုင်ကတောင် မသင်္ကာစကား မောင့်ကို ပြော သေးတယ်၊ မောင် မမှုခဲ့ပါဘူး ပြည့်ရယ်၊ ဒါပေမယ့် ခုတော့..."

မောင်က စကားကို ရပ်ထားသည်။ ဘာမှ ဆက်မပြောဘဲ



www.burmeseclassic.com

www.burmeseclassic.com



မီးစွဲစ ပြုနေသော မီးဖိုကို ငေးကြည့်နေသည်။ မလေး၏ ရင်၌လည်း မီးဖိုမှ မီးများ ကူးစက်ပြန့်ပွား၍ မီးတောက်အား ကြီး လာသည့်ပမာ ဤအမျိုးသားနှစ်ယောက်အတွက် အရှိန်ပြင်းစွာ ရင်၌ လောင်မြိုက်ရပါချေပြီ။

"ဒါပေမယ့် ခုတော့ ဝင်းခိုင်တို့ကိုတောင် မောင် ရှက်မိတယ်၊ သူ မှာလို့ မောင် ကလေးက ပြန်လာခဲ့ရတာ၊ မောင် မရှိတဲ့နေ့ အဲဒီသားအဖကို ဒီအိမ်မှာ ထမင်းကျွေးတယ်၊ ကလေး ကို ဝင်းခိုင်မိန်းမနဲ့ ထားခဲ့ပြီး ပြည့်တို့ တောင်ပေါ်သွားကြတယ်၊ မောင် ကြားကြားချင်း မယုံနိုင်ဘူး၊ မယုံချင်ဘူး၊ ဒါပေမယ့် ခုတော့ တကယ် ဖြစ်ပါတယ်လို့ ပြည့် ကိုယ်တိုင် ဝန်ခံလာတော့ မောင် ဘာလုပ်ရမလဲ ပြည့်"

နှစ်ယောက်လုံး သက်ပြင်း ချမိသည်။ ရင်တွင်းမီးနှင့် မီးဖိုမီး မည်သူက အားကြီးသည်ဟူ၍ ယှဉ်ပြိုင်ကြည့်နေကြ သလို မလေးတို့ ဇနီးမောင်နှံ မီးလျှံကိုသာ ငေးကြည့် နေမိ ကြသည်။

"ပြည့်သိက္ခာကို မောင် သိပ်အထင်ကြီးခဲ့တယ်၊ မောင် တို့ အိမ်ထောင်ရေးမှာ ဒီလိုပြဿနာတွေ ဝင်လာလိမ့်မယ်လို့ မောင် ဘယ်တုန်းကမှ မမျှော်လင့် မထင်မှတ်မိခဲ့ပါဘူး ပြည့်၊ ခုတော့ ပြည့်ကို သိပ် အထင်ကြီးပြီး လျှော့မတွက်ခဲ့မိတာ မောင့်ရဲ့ အမှားပါပဲ"

"ပြည့်ကို ဒီလောက်ထိအောင် မစွပ်စွဲပါနဲ့ မောင်၊ အဲဒီ သုံးနေရာမှာ ပြည့်တို့တွေ့ကြပေမယ့် 'နှမ်းအတိတ်ဆိမ့်' အကြောင်း အရာ တွေကိုချည်း လွမ်းသစ္စာတိုင်နေကြတာ မဟုတ်ပါဘူး၊ သားလေး ထွေးအောင်ပြည့်ရဲ့ ပြဿနာကိုပါ ဆွေးနွေးနေ ခဲ့ကြတာပါ"

"ဘာ...ဘယ်သူ"

"သြော်၊ ကိုထွေး သားလေးကို ပြောတာပါ"

"နာမည်က..."

"ထွေးအောင်ပြည့်"

"တောက်!"





မောင်က အနီးမှ သစ်သားတုံးတစ်ခုကို မီးဖိုတွင်းသို့ ပစ်ပေါက် ထည့်လိုက်သည်။ မီးပွားများက အလန့်တကြား ဖရိ ဖရဲ မီးဖိုထဲမှ ခုန်ပေါက်ထွက်လာကြပါ၏။ မောင့် နှုတ်က တက် ခတ်သည်နှင့် တစ်ဆက်တည်း နေရာမှ ဝုန်းခနဲ ထလိုက်သည်။

"နှစ်ယောက်နာမည် ပါအောင် မှည့်ထားတဲ့ သားလေးဆိုတာက ဘယ်လို အဓိပ္ပာယ်လဲဟင် မရွှေပြည့်"

"မသိဘူး၊ ပြည့် မှည့်တာလဲ မဟုတ်ဘူး"

"အဲဒါ ဘယ်သူ့ ကလေးလဲ"

"ဖွန်နဲ့...အို...ပြောရမှာ အရှည်ကြီးပါ မောင်"

အစ်ကိုဖြစ်သူ၏ သိက္ခာပါ ကျဆင်းစရာရှိလာသည့်ပြင် ဖွန် လည်လွန်းပုံ၊ ကိုထွေး ခံရပုံများကို ယခုလို သွေးဆူနေချိန် မျိုးတွင် မပြောချင်ပါ၍ မလေး ရပ်နားထားလိုက်ရသည်။

"မောင် သိချင်တယ် ပြည့်၊ အဲဒါ ဘယ်သူ့ကလေးလဲ"

"ပြည့်သူငယ်ချင်း ဖွန်နဲ့ အဲဒီ ကိုထွေးရဲ့ ကလေး ဆိုပါတော့"

"ပြည့်စကားက မရေရာလိုက်တာ၊ အဲဒါ ပြည့်ကလေးလား"

"ပြည့် ဘာလဲဆိုတာ မောင် ပိုသိရမှာပေါ့၊ ကျွမ်းကျင် ပြီးသား မောင်က အရိုင်းမလေး ပြည့်ပါရယ်လို့ မင်္ဂလာဦးအချိန် က တင်စားခဲ့တာ မေ့သွားပြီလား မောင်"

"ထားပါတော့..."

"ပြည့် စံရိပ်ငြိမ်မှာနေပြီး သဒ်(တ)ယီးယားဖြေတုန်းက အဲဒီ ကလေးကို ဖွန်က တွံတေးဆေးရုံမှာ လာမွေးသွားတာပါ"

"ဟုတ်ပြီ၊ ဒါတော့ လက်ခံတယ်၊ မင်းဟာ ကလေး အမေ တစ်ယောက် မဖြစ်နိုင်တာတော့ သေချာတယ် ပြည့်"

"မောင်ရယ်၊ ပြည့်စကားကို လက်ခံလက်စနဲ့ ပြည့် ဆက်ပြီး ရှင်းပြပါရစေ၊ ကိုထွေးနဲ့ ပြည့်နဲ့ တွေ့ကြရာမှာ ပြည့်ဟာ အိမ်ထောင်ရှင် တစ်ယောက်ရဲ့ စည်းဘောင်ကကျော်တဲ့ စကားမျိုးတစ်ခွန်းမှ မပြော

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါဘူး၊ မောင်ဟာ ချစ်မြတ်နိုး ထိုက်တဲ့ ယောကျ်ားတစ်ယောက်ပါလို့ ပြည့် ပြောခဲ့မိပါတယ်၊ သူ့ဘက်ကတော့ ပြည့်ကို ပြောတာတွေ ရှိပါတယ်၊ ပြည့် လိုက်လိုက်လျောလျော ပြန် မပြောခဲ့ပါဘူး၊ ယုံပါ မောင်ရယ်၊ ပြည့် "မညာပါဘူး"

"မောင့်ရင်ထဲမှာ သိပ်ပြီး ဆူဝေနေပါတယ် ပြည့်၊ ပြည့်ရှင်းပြလေ၊ မောင် ရင်နာရလေပဲ၊ ဒီတော့ မောင်တို့ရဲ့ ဆွေး နွေးပွဲကို ရပ်ပစ် လိုက်ကြပါစို့"

မောင်က နေရာမှ ထသည်။ အိပ်ခန်းတွင်းသို့ လှမ်းဝင်ပေတော့မည်။ လက်ထပ်ပြီးစ အချိန်က မောင့်အမွှေကိစ္စ၊ မောင့် မေမေကိစ္စတွေ ရှုပ်ထွေးနေစဉ်က မောင့် မျက်နှာ ညှိုညှိုမှိုင်းမှိုင်း ကို မြင်ရဖူးသော်လည်း ယခု မောင့်မျက်နှာ နှမ်းနေပုံမျိုးထက် လျော့နည်းပေလိမ့်မည်ဟု မလေး နှိုင်းစာကြည့်မိသည်။ အိပ်ခန်းထဲ ဝင်အံ့ဆဲဆဲမောင့်ကို မလေးပြေး ဆွဲရင်း....

"ပြည့်ရဲ့ ပြဿနာကို မောင်ကြိုက်သလို နောက်ပိုင်းမှ ဆုံးဖြတ်ပါ မောင်ရယ်၊ ခုတော့ မောင် ခရီးက အခုမှ ပြန် လာတာ၊ ညစာစားပါဦးနော်၊ ပြည့် ဟင်းနွှေးပြီး ထမင်း ပြင်ပေးပါရစေကွယ်"

"မောင် မစားလိုပါဘူး ပြည့်၊ ပြည့် ဧည့်သည်အတွက်ချက်ထားတဲ့ ဟင်းတွေပါ"

ပြည့်လက်မှ ရုန်းထွက်၍ မောင် အိပ်ခန်းတွင်း ဝင်တော့သည်။ မောင် ပြောသလို မှန်ပါသည်။ ယနေ့ချက်ထားသော ထမင်းဟင်းက ကိုထွေးနဲ့ သားအတွက်သာ။ မောင် ပြန်ရောက်မည် မထင်၍ပါ။ မောင့် အတွက် စားသောက်နေထိုင်မှုကို အချိန်မပြတ် ဂရုပြုနေသော မလေး သည်ပါ။ မောင် ထမင်းမစားရဘဲ အိပ်ရာထဲ ဝင်သွားခြင်းအတွက် ကိုယ့်ရင်၌ ဆာလောင် မွတ်သိပ် နေသည်ထက်ပင် အခံရခက်လှပါ ချေသည်။

မလေးမှာ ဒိုင်ရိုက်ရင်း ပြတင်းတံခါးများကို ပိတ်၊ သိမ်းဆည်းဖွယ်





ရာများကို သိမ်းဆည်းပြီး မီးဖိုမှ မီးများလျှော့လိုက်သည်။ အမှောင် ထဲတွင် တစ်ယောက်တည်း ထိုင်နေမိသည်။

မောင့်ကို အပြစ်မမြင်ရက်သည့်ပြင် မောင် ကျေနပ်မည့်ပုံစံမျိုးဖြင့် ပင် မလေး တောင်းပန်ချင်လှပါသည်။ ကျေးရွာရှင် ခင်ပွန်းသည့်သည် မိမိအတွက် စိတ်လက် မကြည်မွေ့ရခြင်းကို လည်း မလေးကိုယ် မလေး ခွင့်မလွှတ်ချင်ပါ။

လောမာသောစိတ်၊ ခင်ပွန်းကွယ်ရာတွင် ဖောက်ပြန်ချင် သော စိတ်မျိုးဖြင့် ကိုထွေးကို တွေ့ဆုံခြင်း မဟုတ်ပါကြောင်း မြတ်ဘုရားမှာ သစ္စာတိုင်ပြီး မောင့်ကို တောင်းပန်လိုမိသည်။ ယင်းအပြစ်များကို မောင် ကျေနပ်ခွင့်လွှတ်ပြီး မလေးတို့ အိမ်ထောင်ရေးလေး ယခင်လိုပင် ချမ်းမြေ့ငြိမ်းချမ်းစွာ တည်ရှိခွင့် ရမည်ဆိုလျှင် မလေး ဘာပဲလုပ်ရ လုပ်ရ မငြီးငြူဘဲ လုပ်ဆောင် ရန် အသင့်ပါ။

မလေး၏ခင်ပွန်းသည် ရင်ပန်းစေရအောင်၊ မလေးတို့၏ အိမ်ထောင်ရေး အဖြူပြင်တွင် အမည်း စွန်းထင်းစေရအောင် လုပ်ဆောင် သူ...

"ကိုထွေး"

တွေးမိလေတိုင်း ပေါ်လာသော ကိုထွေး၏မျက်နှာက ညှိုးနွမ်း အားငယ်လွန်းရုံမက မျက်ရည်စလေးများ ရစ်ဝဲလျက် လှိုက်လှဲသော အသည်းစကားများကို ပြောကြားနေရှာသည့်အဖြစ်ကို မလေး၏ အတွေးအာရုံထဲ၌ ရစ်ဝဲ၍ လာသည်။

"ဪ– တစ်ကွက် မှားတာနဲ့ တစ်သက်လုံး ခံစားနေ ရှာတဲ့ မလေးရဲ့ ကိုထွေးရယ်"

လော်လီ ယိမ်းချင်သော သဘောများ မဟုတ်ပါဘဲနှင့် ပကတိ ကြည်လင်သန့်စင်သော အဖြူရောင် မေတ္တာစေတနာများဖြင့် မလေး မြည်တမ်းမိသည်။

"သူ ငါ့ကို တကယ်ပဲ ချစ်မြတ်နိုးရှာတာ၊ ငါ့ အစ်ကိုနဲ့ ဖွန့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကွက်မှာ သဘောကောင်းတဲ့၊ ရိုးသားတဲ့ ကိုထွေး ပါသွားခဲ့ရရှာတာပါ၊ နောက်ပိုင်းမှာ ငါ လက်ထပ်ခါနီး သူနဲ့ ဆုံတဲ့အဖြစ်ကို တွေးလိုက်ရင် ကိုထွေးဟာလည်း ငါ့လိုပဲ စေတနာများစွာ ရောယှက်တဲ့ မေတ္တာတွေနဲ့ သူ့ဘဝထဲကို ဝင်ခွင့် မပေးရှာတဲ့ ကိုထွေးပါ၊ ခုချိန်မျိုးကျမှ ပိုင်ဆိုင် ရယူလိုခြင်း ဆိုတာကို သူ မမျှော်မှန်းရှာပါဘူး အခုလည်း နောက်ဆုံး တွေ့ဆုံရခြင်းပါ"

"ဪ- လွယ်လွယ်လေးနဲ့ ခက်ရတဲ့အဖြစ်၊ နီးနီးလေးနဲ့ ဝေးရတဲ့အဖြစ်ဟာ ရင်နာစရာ ကောင်းလှပါတယ်၊ ပြီးဆုံးခဲ့တဲ့ 'နှမ်းအတိတ်ဆိမ့်' ဇာတ်လမ်းတစ်ပုဒ်ကို ကိုထွေးက အစ ပြန်ကောက်လို့ ခုလို မလေးခင်ပွန်းရဲ့ အငြိုငြင်ကို ခံရပေမယ့်..."

"မလေးလေ ကိုထွေးကို အပြစ် မမြင်ရက်နိုင်ပါဘူးကွယ်"

ကိုထွေးနှင့် ပတ်သက်သော အတွေးများက ကိလေသာငြိစွန်းခြင်း မရှိပါ၍ ကိုယ့်စိတ် ကိုယ့်အတွေးကို လုံလစွာဖြင့် မလေး နေရာမှ ထသည်။

ခုတင်ပေါ်တွင် တစောင်း လှဲနေသော မောင့်ကိုယ်ပေါ် သို့ ဂွမ်းစောင် ထူထူ တစ်ထည်ကို ထပ်၍ လွှမ်းခြုံပေးလိုက် သည်။ အိပ်ပျော်ခြင်း ရှိမရှိ မသိရသော်လည်း မောင့်မျက်စိကမူ မှိတ်ထားပါ၏။ ချမ်းတတ်လွန်းသော မောင့်အတွက် ဝတ်ပေး နေရကျ ဖြစ်သော ခြေအိတ်အစုံက ခြေရင်းတွင် ပုံလျက်...။

နူးညံ့သော ကိုင်တွယ်မှုများဖြင့် အေးနေသော မောင့် ခြေဖျားလေးများကို ဆုပ်နယ်ပြီးမှ မလေး ခြေအိတ်ကို စွပ်ပေးမိ သည်။ ခုတင်အောက်မှ ဒူးထောက် ထိုင်နေသော မလေးမှာ မောင့်ခြေအစုံပေါ်သို့ ခေါင်းတင်၍ ရင်တွင်းမှ...

"ခွင့်လွှတ်ပါ မောင်ရယ်၊ ရင်တွင်း လှုပ်ရှားမှုလေးပါ၊ ကရုဏာတရားလောက် ကျရောက် သွားမိတဲ့ အဖြစ်မျိုးပါ၊ ပြည့်တို့ရဲ့ အိမ်ထောင်ရေး သက်တမ်းမှာ ခုလို အဖြစ်မျိုးဟာ ပထမဆုံးအကြိမ်၊





နောက်ဆုံးအကြိမ် ဖြစ်ရပါစေမယ်၊ ပြီးခဲ့ တဲ့ ပြည့်ရဲ့ အဖြစ်တွေကို မောင်ခွင့်လွှတ်ပါ၊ မောင် ခွင့်လွှတ်ပြီး ပြည့်ကို အရင်အတိုင်းပဲ ချစ်မြတ်နိုးနိုင်ပါစေလို့ ဆန္ဒကြီးမား စွာနဲ့ ပြည့် ဆုတောင်းပါတယ် မောင်ရယ်"

* * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃၈)

နှင်းစက်မြူငွေ့တို့ လွှမ်းမိုးသိုင်းခြုံထားသော အလှဆုံး နံနက်ဦးတွင်...

အနုဆုံး အသည်းနုလုံးပိုင်ရှင်၊ နုထွတ်ဦးသော အလှ များ၏ အရှင်သခင် မလေးထံသို့ သတင်းဆိုးများသည် ဆင့်ကာ ဆင့်ကာ ရောက်လာခဲ့ချေပြီတည်း။

**မောင့်ချစ်ပြည့်**

မောင် တစ်ညလုံး မအိပ်နိုင်ဘူး။

မောင့်ရင်ထဲမှာ ဆူဝေနေတဲ့ စိတ်တွေကို မောင် ကိုယ်တိုင်လည်း သရုပ်မခွဲနိုင်ဘူး၊ မောင် ဘာလုပ်လို့ ဘာ ဆုံးဖြတ်ရမှန်း မသိဘူး ပြည့်။

ပြည့်ကို မောင် သိပ်ချစ်ပါတယ်၊ မခွဲနိုင်ဘူး၊ မစွန့်လွှတ်နိုင်ဘူး။

ဒါပေမယ့် လောလောဆယ် မောင် ပြည့်နဲ့ ရင်မဆိုင်ချင်ဘူး၊ ဒီအကြောင်းတွေ မဆွေးနွေး ချင်ဘူး၊ ရင်နာတယ်ကွယ်။

ဒါကြောင့် မောင် စိတ်ရှုပ်ပေါက်ပြီး ထွက်သွား တယ်လို့သာ သတ်မှတ်ပါ။ မောင် ပြန်လာရင် ပြည့်ဟာ မောင့်တစ်ဦးတည်းအတွက် အပြည့်စုံဆုံး ပြည့် ဖြစ်နေနိုင်ပါစေလို့ မောင် ဆုတောင်းခဲ့မယ်။





ပြည့် အတွက် လှိုက်လှဲသော ခံစားမှုများ နှင့်...

မောင်

"ဖြစ်မှ ဖြစ်ရလေ မောင်ရယ်၊ မောင့်အတွက် ပြည့်ပါ၊ မောင့် အတွက် ထာဝရ ပြည့်ပါ၊ ပြည့် မနေပါဘူး၊ လိုက်ရှာ ပါမယ်၊ မောင် သွားတတ်မယ့် နေရာတွေကို ပြည့် လိုက်ရှာ ပါမယ်ရှင်"

"နှမ်းအတိတ်ဆိမှ ဇာတ်လမ်းက ပြီးဆုံးပါပြီ မောင်၊ မောင် မကျေနပ် မကြည်ဖြူသူနဲ့ တွေ့ဆုံစရာလည်း မရှိတော့ပါဘူး မောင်၊ ပြည့်လည်း ဘယ်တော့မှ သွား မတွေ့တော့ပါ ဘူးလို့ မောင့်ကို သတိပေးလိုက်ပါရဲ့ကွယ်"

မလေးမှာ စာကို ခေါင်းအုံးအောက်တွင် ထည့်လိုက်သည်။ အိပ်ရာထစမို့ ဖရိုဖရဲဖြစ်နေသော ရှပ်သွင်ကို တင့်တယ်စေရန်ပြင်ဆင်ပြီး မလေး လမ်းထွက်ပါမည်။ ကိုထွေး ရှိနေ မည်ဖြစ်သော ကိုဝင်းနိုင်တို့ အိမ်မှ လွဲ၍ တီးတိန်မြို့ အနှံ့ မလေး ရှာဖွေပါမည်။ ဆင်းသွားသော ကားများတွင် မောင် ပါသွားခြင်း ရှိမရှိ လိုက်လံ၍ မေးမြန်းပါမည်။ နေရာသိခဲ့လျှင် မလေး လိုက်သွားပြီး မောင့်ကို တောင်းပန်၍ ပြန်ခေါ်လာပါမည်။

"ဆရာမ...ဆရာမ"

"ဩော်၊ မကျင်ဟောက်ကျင်ပါလား၊ ကလေးကလည်း ငိုလို့"

"ဟုတ်တယ်၊ ညှေ့သည်က ပြန်သွားပြီ"

"ဟင်"

"ဒီ စာတစ်စောင်နဲ့ ကလေးတစ်ယောက်ထားခဲ့တယ်၊ ဆရာမ ဆီကို ပို့ပေးပါတဲ့၊ သူ့အဖေကို သိပ်ချစ်တာ၊ ငိုလိုက်တာ ကျိုကျိုတက် နေတာပဲ၊ တစ်ခါတည်း ထားခဲ့တယ်"

မကျင်ဟောက်ကျင် စူစူဆောင့်ဆောင့်ဖြင့် ကလေးနှင့် စာကို ချပေးခဲ့ပြီး ပြန်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီလေး၊ ဖေကြီးဆီ သွားမယ်"

"ဖေကြီးကို ခေါ်ပေးပါ...ဟင်း...ဟင်း"

ထွေးအောင်ပြည့် ရှိုက်၍ ရှိုက်၍ ငိုနေသည်။ ကလေး၏ ငိုပုံက ကြေကွဲစရာ ကောင်းလှသည်။ မကြည့်ရက်စရာပါ။

"ဖေဖေကြီးရေ၊ သားကို လာခေါ်ပါ...ဟင်း...ဟင်း"

ကိုယ့်တူ အရင်းလေး၏ အပြောအငိုလေးကြောင့် မလေးပင် မျက်ရည် စို့တက်လာမိသည်။

ကလေး၏ ကံကြမ္မာက ဆိုးရွားလွန်းလှသည်။ မိခင် မေတ္တာကို မရရှိပါဘဲ၊ သူစိမ်းပြင်ပြင် အိမ်ထောင်စုထဲ ဝင်၍ ကြီးပြင်းလာရ ရှာသူလေး။

ထွေးအောင်ပြည့် အနေနှင့်မူ လူမှန်း သိတတ်စ အရွယ်ကပင် ဖခင်ဟု သူ သိရသော ကိုထွေးကို ကြီးမားသော မေတ္တာ အားကိုးခြင်း များစွာဖြင့် သူ တွယ်တာနေခဲ့ရာမှ...

ယခုလို မျက်နှာစိမ်းများ အလယ်တွင် ထားပစ်ခဲ့ခြင်း အတွက် ကလေး၏ ကြောက်ရွံ့စိုးထိတ်ခြင်းနှင့် ကိုထွေးကို တမ်းတရသော ဝေဒနာမှာ ကလေး၏ နှလုံးသားလေးနှင့် မတန် ရာပါ။

"တူလေး ထွေးအောင်ပြည့်ရယ်၊ အန်တီလေး လိုက်ပို့ပေးပါမယ် မငိုနဲ့နော်"

ဤကလေးကို သူ ချစ်သောသူ၊ တမ်းတသောသူနှင့် ထာဝရ နေရစေလိုသော ဆန္ဒမလေးတွင် ရှိလာမိသည်။ ကို ထွေး ဘာရေးခဲ့လဲ ဆိုသော သိလိုဇောဖြင့် စာကို ဖွင့်ကြည့်မိ သောအခါတွင်...

မလေးရယ်

သားကို ထားပစ်ခဲ့ပြီ။

အစ်ကိုအောင်ဒင်လည်း စစ်မြေပြင်က မကြာခင် ပြန်လာတော့မှာဆို။





အမေအရင်း၊ အဒေါ်အရင်းနဲ့ အဘိုးအဘွား တွေကြားမှာ ငါ့သားလေး ပျော်ရွှင်သွားမှာပါ။

ဒါပေမယ့် ငါ့ရင်ထဲမှာတော့ မချိဘူး မလေး။ ဒီကလေးကို ငါ သိပ်ချစ်တယ်။

မလေးကို စွန့်လွှတ် ရစဉ်ကခံစားခဲ့ရ သလောက် နီးနီး ငါ့ရင်မှာ ထွေးအောင်ပြည့်အတွက် ခံစားရပါ တယ်ကွယ်။

မကြာခင် အစ်ကိုအောင်ဒင် ပြန်လာရင်သာ သား အတွက် တစ်ခုခု စီစဉ်ကြပါ။ တွဲတေး ပို့ချင်လည်းပို့ပေါ့၊

ဖြစ်နိုင်ရင်တော့ ကြင်နာတတ်တဲ့ မလေး ရယ်၊ ကလေးကို မလေးပဲ မွေးစေချင်လှတယ်။

ကိုထွေးဆိုတဲ့ မိုက်မှားခဲ့တဲ့ ငမိုက်သားတစ်ယောက် တော့ မလေးတို့ရဲ့ အသိုင်းအဝန်းနဲ့ ကိုယ့်ဇာတိမြေကိုပါ အပြီးပိုင် ခွဲခွာစွန့်လွှတ်ပြီး အဝေးဆုံးနေရာကို လွင့်သွား ပါပြီ။ ရှင်းသွား ပါပြီလို့သာ မလေးတို့ မှတ်ယူကြ ပါတော့။

သားလေး ထွေးအောင်ပြည့်နဲ့အတူ ချစ်စွမ်း နိုင်သမျှသော မေတ္တာတရားအားလုံးနဲ့ အသည်း နှလုံး တွေကို မလေးထံမှာအပ်နှံထားခဲ့ပြီး ကိုထွေးပြန်သွားပါပြီ။

အပြစ်မဲ့သော မလေးတို့ အိမ်ထောင်ရေး ချမ်းမြေ့ ကြပါစေ။

တစ်ချိန်သောအခါက

မလေးရဲ့

မြင့်ထွေးမောင်

စာကို တယုတယလေး ပြန်ခေါက်ပြီး ထွေးအောင်ပြည့် ကို အားကိုးတကြီးလို မလေး ဖက်တွယ်ထားမိသည်။ ကလေး၏ကိုယ်လေး



www.burmeseclassic.com

www.burmeseclassic.com



တုန်ခါ၍ ငိုရှိုက်နေဆဲပါ။ ကိုထွေးကို တမ်းတ နေဆဲပါ။

"ကိုထွေး...ကိုထွေးရယ်၊ မလေး ဘာမှ မတတ်နိုင်ပေမယ့် ကိုထွေးကို သနားလှပါတယ်ကွယ်၊ ကိုထွေး သွားရာလမ်း သည်သာ ဖြောင့်ဖြူးပါစေ"

မလေးမှာ ထွေးအောင်ပြည့်ကို ချော့နေရသည်နှင့် အပြင်သို့ ချက်ချင်း မထွက်ဖြစ်နိုင်ခဲ့။ ကလေးကိုချီ၍ မောင် ရှိရာသို့ လိုက်သွား၍ လည်း မဖြစ်သေးပါ။ ကိုထွေး၏ သားလေးပါ ဟုသာ သိရှာသော မောင်သည် ကလေးနှင့် မလေးကို အတူ တွေ့ဆုံလိုမည် မဟုတ်ပါပေ။ အိမ်တွင် ထားခဲ့၍လည်း အငို တိတ်စ ထွေးအောင်ပြည့်မှာ နေရဲရှာမည် မဟုတ်ပါပေ။

သည်လိုနှင့် အချိန်ကြန့်ကြာသွားရသည်။ အိမ်ရှေ့တွင် စစ်ကား တစ်စီး ထိုးဆိုက်လာသည်။ နိမ့်ချယဉ်ကျေးသော အမူ အရာများဖြင့် စစ်ဗိုလ် တစ်ယောက်နှင့် စစ်သား နှစ်ယောက် အိမ်ပေါ်သို့ တက်လာပြီး မလေး၏ အမည်ကို မေးသည်။

"ဆရာမ ပြည့်ပြည့်ဖြိုးဆိုတာ ကျွန်မပါရှင်၊ ဘာ... ဘာကိစ္စများ ရှိပါသလဲ"

တော်တော်နှင့် စကားမပြောကြ၊ မျက်နှာပျက်နေသော စစ်ဗိုလ်ကို ကြည့်ပြီး မလေးရင်ထိတ်မိသည်။ သတင်းဆိုး တစ်ခုခုဖြင့် သယ်ဆောင် လာချေပြီ။ ရုတ်တရက် ပြောမထွက်၍ သာဟု မလေး နားလည်လာ ရသည်။

"ပြောရမှာတော့ ဝမ်းနည်းပါတယ် ဒေါ်ပြည့်ပြည့်ဖြိုး"

"ရှင်...ဘာ...ဘာများလဲရှင်"

"ဗိုလ်အောင်ဒင်ဆိုတာ ဆရာမရဲ့ အစ်ကိုနော်"

"ဟုတ်ပါတယ်"

"တိုင်းပြည်တာဝန်ကို ထမ်းဆောင်ရင်း ရှေ့တန်း တစ်နေရာမှာ ကျဆုံးသွားခဲ့ပါပြီ၊ ဝမ်းနည်းစရာ သတင်းပေမယ့် တိုင်းပြည့် အတွက်





ဆက်စွန့်လှူသွားတဲ့ ဆရာမရဲ့ အစ်ကို အတွက် ဂုဏ်ယူပါလို့သာ ...ပါရစေ၊ ကျွန်တော်တို့ကိုခွင့်ပြုပါ"

"အစ်ကို...အစ်ကိုအောင်ဒင် ကျဆုံးသွားပြီ"

မလေးမှာ နှုတ်ကရွတ်ဆို၍ မော့ကြည့်နေသော ထွေး အောင်ပြည့် ...းကို အလန့်တကြား ဖက်တွယ်ထားမိသည်။

"ကံဆိုးလှချည်လား သားရယ်၊ မင်းလေး ကံဆိုးလှချည် ...းကွယ်"

"ဖေဖေကြီးဆီ လိုက်ပို့ပါ အန်တီလေး"

မလေးမှာ ကလေးကိုပင် မနှစ်သိမ့် မချော့မြှူနိုင်အား တော့။ ...ဆက်လုပ်ရမည်ကိုပင် မဝေခွဲနိုင်တော့ပါဘဲနှင့် သားကိုသာတအား ...တွယ်ရင်း သိမ့်သိမ့်ခါအောင် ငိုရှုံ လိုက်မိပါတော့သည်။

"ဩော်၊ ဘဝ အစဦးပိုင်းက ဆိုးခဲ့၊ ပေခဲ့၊ တေခဲ့၊ ပွေခဲ့တဲ့အတွက် ...ထွေးနဲ့ မလေးတို့ အပြစ်မဲ့ချစ်သူနှစ်ဦးမှာ ရှူး မတတ် ခံစားခဲ့ကြ ...ပါတယ်၊ ဒါ အစ်ကိုအောင်ဒင့်ကြောင့်၊ ဒါပေမယ့် မလေးတို့ ဒီလို ...ကြပါစေဆိုတဲ့ စိတ်စေတနာ ဆိုးနဲ့ အစ်ကို ပြုမူခဲ့တာ မဟုတ်ပါဘူး၊ ...သည်လွန်းတဲ့ ဖွန်နဲ့ တွေ့ရာက မမျှော်လင့် မထင်မှတ်တာတွေ ...သွား ခဲ့ရတဲ့ အတွက် အစ်ကို့ကို အပြစ်မယူရက်ပါဘူး၊ ညီမလေး ...လွှတ် လိုက်ပါတယ် အစ်ကိုရေ။

"အပြစ်တွေရှိတာထက် လွန်မြောက်ကျော်လွန်အောင် နောက် ...မှာ အစ်ကို ကောင်းလာခဲ့သူပါ၊ မိဘအတွက်တာ ဝန်ကျေသောသား၊ ...ပြည်အတွက် အသက်ကို ပေးဆပ်ပြီး ထိုက်ထိုက်တန်တန် ...ရား ကြေပွန်သွားခဲ့တဲ့ အစ်ကို့အတွက် မလေး တကယ်ပဲ ...ယူပါတယ် အစ်ကို"

ဩော်- နောက်ဆုံး ညီမလေးကို လာတွေ့ပြီး နာရီလေး ...လုံးတောင် ပေးခဲ့ရှာသေးတယ်၊ သူ့အပြစ်တွေကို ဝန်ခံပြီး သူ့ ...းလေးအကြောင်းကို မေးချင် ပြောချင်ရှာပေမယ့် သြောင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မတွေးချင်တဲ့ အကြောင်း မလေးသိပါတယ်၊ အစ်ကို့အပြစ်ကို ဝန်ခံတာ အမှု အပြစ်မဲ့ရှာတဲ့ ကိုထွေးရဲ့ အကြောင်းအရာ ပါလာမယ်၊ ဒီဒေ မလေး ခံစားမှုတွေအသစ် ဖြစ်လာမယ်၊ ဒါကြောင့် မလေး အိမ်ထောင်ရေး ချမ်းမြေ့လက်စနဲ့ ဆက် လက်ပြီး ချမ်းမြေ့ပါစေဒေ လေဆိုတဲ့ စေတနာနဲ့ရင်ထဲက ဝေဒနာတွေကို ပြန်လည် သယ်ယူသွား အစ်ကိုရယ်”

“ဩော် တစ်ဦးတည်းသားလေးမို့ အထွဋ်မြတ်ဆုံးဒေ ချစ်ခြင်းတွေနဲ့ ချစ်ရှာတဲ့ အဖေနဲ့ အမေတို့သာ သိခဲ့ကြရင် ဘယ်လို နေရှာမလဲကွယ်”

မလေးမှာ ပျောက်ဆုံးနေသော မောင့် အကြောင်းအရာ ခေတ္တချန်လှပ်ကာ ကိုယ့်မိသားစု၏ ပရိဒေဝ အတွင်းသို့ ဝင်ရော ခဲ့ရပြန်သည်။

ငိုနေသော သားလေး ထွေးအောင်ပြည့်မှာ မလေး ငိုနေသည် ကြည့်ပြီး သူ့အငို ရပ်သွားသည်။ ဘာမှန်းမှ မသိရှာသည့် အပြစ်က စင်သော မိဘမဲ့သားလေးကို မလေးမှာ ကရုဏာများစွာ ယှိဖိတ်လျက် ပွေ့ချီလိုက်မိသည်။

သွေး ဆိုသော စိတ်ကြောင့်လေလား၊ ရင်းနှီးစ ပြုနေဒေ မလေးကို အားကိုး အားထားစိတ်နှင့်လား မပြောတတ်၊ ထွေးအောင်ပြ သည် မလေးကို သူ့အင်အားလေး ရှိသလောက်နှင့် ဖက်တွယ်ဒေ ရှာသည်။

“ဩော်– ချစ်ရသူတွေနဲ့ မခွဲမခွာ နေရတဲ့ဘဝမျိုး ဖြစ် နိုင်ပါစေ သားလေး ထွေးအောင်ပြည့်ရယ်...”

* * *





## အခန်း(၃၉)

တီးတိန်မှ ထွက်ခွာသွားသော အာရ်တီစီ ကားသည် ‘ဖို့ဒ်ပွိုက်’ သွန် ‘ဟော့(ပ)စတော့’ အနီးကွေ့တွင် ချောက်ထဲသို့ ထိုးကျသွား သည်။ ‘ထုတ်လှိုင်’ မြို့နယ်ခွဲ လမ်းချိုးသို့ ရောက်ခါနီးတွင်ဖြစ်ပါ၏။

လမ်းခုလတ်တွင် ထင်းရှူးပင်ကြီးနှင့် တိုက်မိ၍ အားလုံး ာက်ထဲ ကျမသွား၊ တချို့ ဒဏ်ရာပြင်း၍ တချို့ ဒဏ်ရာပျော့သည်။ သည်နှင့် လူနာများ အားလုံးကို ဆယ်ယူပြီး ခဲ့ပြီ။ ဒဏ်ရာပြင်းသူ ကို နီးရာ ထုတ်လှိုင်မြို့နယ် ဆေးရုံ သို့ ပို့ပြီးလေပြီ။ အရေးကြီးသော ာများထဲတွင်...

‘လက်ထောက်အင်ဂျင်နီယာ ဦးရဲဏီလင်းမှာ ဒဏ်ရာ ပြင်းထန် ပြင့် ထုတ်လှိုင်ဆေးရုံတွင် ရောက်နေပြီ၊ သူ့ဇနီး အမြန်လိုက်ခဲ့ ရန်...’

အကြောင်းကြား၍ မှာယူသော သတင်းစကားများ မောင့်ရုံးမှ ဆင့် မလေးထံသို့ ရောက်ရှိလာခဲ့သည်။

“ဘုရား ကယ်တော်မူပါ၊ မောင် အသက် ချမ်းသာပါစေ”

“မောင် ဘာမှ မဖြစ်ပါစေနဲ့”

“ဒဏ်ရာ ရချင်သလောက် ရပါစေ၊ ခြေလက်တွေ ဖြတ်ရပါ ပြည့်ရဲ့ မောင် အသက်ရှင်ရင် တော်ပါပြီရှင်၊ ပြည့် တသက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပြုစုပါမယ် မောင်ရယ်၊ မောင် မှသေပါစေနဲ့၊ မောင့်ကို အသက်ရှင်လျ… တွေ့ပါရစေဘုရား"

တွေးအောင်မြည့်ကို ရင်ခွင်တွင် ပိုက်ချီလျက် လက်စုံ မ… မလေး ရှိခိုးတောင်းပန်ရင်း လိုက်လာခဲ့မိသည်။

ချင်းတောင် အဆင်းလမ်းတွင် မောင်တို့ရုံးမှ ကားက အ… မောင်းနှင်နေသော်လည်း မလေးစိတ်တွင် နှေးသေး သည် ထင်မိသ… တစ်ခါတစ်ရံ ဘရိတ်နင်း၍ ထိန်းပြီး ဆင်းရသည့်အခါမျိုး… မလေးဆင်း၍ပင် ပြေးသွားချင်မိသည်။ ကားကို အားမရ၊ မော… ရောက်ချင်သည့်အဖြစ် ခြေနှင့် ပြေးလျှင် ပို၍ပင် မြန်မလားမ… ထင်မိသည်။

"ထုတ်လှိုင်သို့ ၆ မိုင်"

တီးတိန်နှင့် သိုင်းငင် လမ်းခွဲ မရောက်မီ Hop-stop အလွ… ရှိသော ထုတ်လှိုင်လမ်းခွဲ မှတ်တိုင်လေးကို မြင်ရ ပါပြီ။

ထုတ်လှိုင်ရွာသည် ပညာတတ်များ၊ တပ်မတော် အရာရှိ… စစ်မှုထမ်းဟောင်းများ၏ ဇာတိရွာ ဖြစ်သဖြင့် တိုးတက်လှ သ… တီးတိန်တွင် အထက အဆင့် မရမီပင် ထုတ်လှိုင်မှ အထက်… ကျောင်း ရခဲ့သည်။ မြို့နယ်ခွဲအဆင့် အဖြစ်နှင့် ကျောင်း၊ ဆေး… ကုန်သယ်ရေးရုံး၊ ဘုရားရှိခိုးကျောင်းများ စသည်တို့ဖြင့် ဝေးခေါင်… တောတောင်အလယ်တွင် ထည်ဝါ စည်ပင်သော မြို့ကလေး တ… ဖြစ်နေပါ၏။

သွပ်မိုးအိမ် လက်လက်ကလေးများကို မြင်ရပြီး တိုက် မ… ရဲကင်းစခန်းကို ဖြတ်ကျော်ပြီးသည်နှင့် ထုတ်လှိုင်၏ မြို့နယ်ဆေး… ကို မလေး မြင်ရပါပြီ။ အထကကျောင်းနှင့် နီးပါ၏။ ချင်းအမျိုး… ဆရာဝန် တစ်ယောက်နှင့် ဆရာမ သုံးယောက် အမှုထမ်း… တောင်ပေါ်သားတို့၏ ကျန်းမာ ရေးကို ဖိဖိစီးစီး ဆောင်ရွက်ပေး… ဆေးရုံလေးတစ်ရုံ ဖြစ်ပေသည်။





မြေကွက်လပ်မှ လမ်းလေးအတိုင်း လျှောက်ပြီး အဖြူရောင် အုတ်တိုက်လေးထဲသို့ ဝင်ကာ ဆရာဝန်အခန်းကိုဖြတ်၍ အရေးကြီးသော လူနာများထားရာ အခန်းတွင်းသို့ မလေး ပြေးဝင်သွားမိသည်။

"သိပ် မဆူညံပါနဲ့ မစ္စစ်ရဲဏီလင်း၊ အခြေအနေဟာ အလယ်မှာ ရှိနေပါတယ်"

ဆရာဝန်က လက်ကာပြောပြီး ဖမောင့်နားသို့ ပြန်လျှောက်သွားသည်။ မလေးကို တီးတိန်တွင် မျက်မှန်းတန်းနေမိသော သူနာပြု ဆရာမလေး 'ဗုန်နုန်'က…

"အခု စိုးရိမ်ရတဲ့လူနာ နှစ်ယောက် ရှိနေတယ်၊ စောစော ကတော့ တစ်ယောက်ဆုံးသွားပြီ၊ ကျန်တဲ့ လူနာတွေကတော့ ဆေးထည့်ပြီး ပြန်လွှတ်လိုက်ပါပြီ၊ ဒီဘက်က ဆရာ့ရဲဏီလင်း ပါပဲ"

"မောင်…မောင်ရယ်"

မလေးမှာ တိုးတိုးလေး ခေါ်ရင်း မောင့်ကို မကြည့်ရဲကြည့်ရဲနှင့် ကြည့်ရသည်။

"အို…မောင့်တစ်ကိုယ်လုံး သွေးတွေနဲ့ပါလားရှင်"

ချင်းချင်းနီနေသော သွေးများနှင့်အတူ ခုတင်ပေါ်တွင် အသက်ကိုပင် ခက်ခဲစွာ ရှူနေရသော မောင်…။

"မောင်…မောင်ရေ…"

"ပြည့်…ပြည့်လား…"

"ဟုတ်တယ်…ဟုတ်တယ်…မောင်"

"ရှူး၊ လူနာကို စကားပြောခွင့် မပြုပါဘူး၊ ဆရာရဲဏီလင်း ခဏ မိန်းနေပါ၊ မစ္စစ်ရဲဏီလင်း ရောက်လာပြီ"

မောင့် လက်ကလေး ကြွမြောက်လာသည်။ ရွှေလျားရုံလေး…။ မလေးကို ထိတွေ့ကိုင်တွယ်ချင်၍များလား။ ဆရာဝန် တား၍ မလေး အနားမကပ်ရပါ။ မောင်လည်း ပြန်လည်၍ မိန်းမေ့သွားချေပြီ။

"ဒဏ်ရာအနေနဲ့ ကျွန်တော်တို့ ကြိုးစားယူနိုင်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သွေးထွက် သိပ်များနေပါတယ်၊ ခက်တာက သွေးပေးမယ့်လူရှိဦး၊ ကျွန်တော်တို့ ဆေးရုံမှာ တက်(က)နီရှင် မရှိတော့ သွေးအုပ်စုခွဲဖို့ အင်မတန် ခက်ခဲနေပါတယ်၊ သက် ဆိုင်ရာကို ပို့ပြီး စစ်ဆေးဖို့လည်း အချိန်မမီတော့ပါဘူး"

"သွေး...သွေး...သွေးလိုတယ်လား"

"ဟုတ်ပါတယ်၊ ဟောဒီ လူနာနှစ်ယောက်လုံးအတွက် သွေးပေးနိုင်ဖို့ သိပ်ပြီး လိုအပ်နေပါတယ်၊ သွေးရမှ အသက် ရှင် နိုင်တော့မယ့် အခြေအနေမျိုး နှစ်ယောက်လုံးမှာ ရှိနေ ပါပြီ"

ဆရာဝန် ညွှန်ပြလေမှ တစ်ဖက်လူကို ကြည့်မိသည်။

သူသည်လည်း သွေးသံရဲရဲနှင့်ပါ။

"ဒါ တီးတိန်ကို ခဏရောက်လာတဲ့ ဧည့်သည်ပါ၊ သူ့မှတ်ပုံတင်အရ သူ့အမည်က မြင့်ထွေးမောင်"

"အမယ်လေး...ကိုထွေးပါလား"

မလေးမှာ ပြာမိုက်၍ လဲကျမသွားအောင် အနီးမှ ဆရာမလေးကို လှမ်းကိုင် ထားလိုက်ရသည်။ ထွေးအောင်ပြည့်သည် လည်း မလေး၏ လုံချည်စကို ဆွဲလျက်ပါ။ သူချစ်သော ဖခင် မှန်း မသိရှာ။ သွေးများ၏ အလယ်တွင် ကိုထွေးလည်း မေ့ မြောနေရှာသည်။

"သွေး...သွေးလိုတယ်လား...ဆရာ"

"ဟုတ်ပါတယ်၊ သူတို့ နှစ်ယောက်ရဲ့ သွေးအုပ်စုကို မသိရလေတော့ ကျွန်တော်တို့မှာလည်း ခက်လှပါတယ်"

"ကျွန်မ သိပါတယ်ဆရာ၊ ကျွန်မက အို(ဂ)ပါ"

"ဟာ၊ 'အို'သွေးပိုင်ရှင်ဟာ ဘယ်သူ့မဆို ပေးလို့ရပါ တယ်"

"ဘယ်သူ့မဆို ပေးလို့ရတယ်..."

မလေး၏ သွေးသည် ခုတင် နှစ်လုံးတွင် ရှိနေသော ချစ်သူနှစ်ဦးလုံးကို ပေး၍ရနိုင်သည် ဆိုပါလား။

လူချင်းကူးဆက်၍ ပေးရမည်မို့ တစ်ယောက်တည်းသို့ သာ ပေး၍ ရပါလိမ့်မည်။





"မောင်နဲ့ကိုထွေး"

"ကိုထွေးနဲ့မောင်"

"မလေး ဘယ်သူ့ကို ပေးရမလဲရှင်"

တမုဟုတ်ချင်း မစဉ်းစားတတ်နိုင်တော့။ မလေး၏ ဦးနှောက်တို့ ပွက်ပွက်ဆူ၍ အသိဉာဏ်တို့သည်လည်း ပြာမှောင် ပိတ်ဖုံး၍ သွားခဲ့ရလေပြီ။

ကိုထွေး၏ သွေးက အေဘီ(AB)ပါ၊ မလေးတို့ သွေးအတူ စစ်ခဲ့ကြဖူးသည်ပါ။

မောင့်သွေးက ဘီ(B)ဟူ၍ မလေးအား ပြောပြဖူးသည်ကို မှတ်မိလာသည်။

"နှစ်ယောက်လုံးမှာ သွေးလိုတယ်"

"တစ်ယောက်ရဲ့အသက်ကို မလေး ကယ်ဖူးနိုင်တယ်"

"ဘယ်သူ့ကို ယူရမလဲ"

"ဘယ်သူ့ကို ရွေးရမလဲ"

မလေးမှာ မျက်နှာကို လက်ဝါးဖြင့်အုပ်ပြီး၊ ထိုင်ချလိုက်ရသည်။ မဟန်နိုင်တော့။ ငံ့လျှိုး၍ ငိုရှိုက်နေမိခိုက်...

"ဒါဖြင့် သွေးပေးနိုင်မလား မစ္စစ်ရဲ့ဇာလင်းခင်ဗျား"

"ရှင်..."

"ဆရာရဲ့ဇာလင်းအတွက် သွေးပေးနိုင်ပါရဲ့လား"

"ဆရာရဲ့ဇာလင်းအတွက် သွေး"

"မောင့်အတွက် သွေး"

ဟုတ်ပါသည်၊ မောင့်အတွက် ပြည့်ဟာ မောင့်အတွက် ထာဝရပြည့် ဖြစ်ရပါစေမယ်လို့ ကြုံးဝါးခဲ့ပြီးပြီပဲ။

"ငါ့ရဲ့ တရားဝင် လင်ယောကျ်ား၊ ငါ့ကို ချစ်မြတ်နိုး ရှာတဲ့ယောကျ်ား၊ ပြီးတော့ ငါ့ရဲ့ယိမ်းပါးမှုလေးကြောင့် ထွက် သွားရတဲ့မောင်၊ ငါ့အပြစ်ကြောင့် ဖြစ်ရရှာတဲ့ မောင်"

www.burmeseclassic.com



"ပေးမယ်၊ ငါ့သွေးကို မောင့်အတွက်ပဲ ပေးသင့်တယ်၊ ပေးထိုက်တယ်"

"မောင်ရယ်၊ ပြည့်ရဲ့နှလုံးသားက စိမ့်ကျလာတဲ့ သွေးတွေကို ယူပြီး မောင့်ရဲ့ အသက်ကိုပဲ ပြည့် ကယ်ပါတော့ မယ်ရှင်"

ဆရာဝန်နှင့်ဆရာမများ အလုပ် ရှုပ်သွားတော့သည်။ တစ်ဦးနှင့် တစ်ဦး သွေးဆက်သွင်းခြင်း ကိစ္စများကို ဆောင်ရွက် နေကြသည်။ သွေးများ သေချာခြင်းရှိမရှိ ထပ်မံ စစ်ဆေးပြီးမှ၊ မလေး၏လက်ဖျံကို အရက်ပျံနှင့်သုတ်၊ သန့်ပြီးမှ စတင်ဖောက်ယူသည်။ အစစ ချင့်ချိန်၍ သွေးလိုက်လာခြင်း ပုံမှန်သည်နှင့် တစ်ဖက်သော အပ်ဖြင့် လက်မှ တစ်ဆင့် ဖောက်ထွင်း၍ မောင့်ကိုယ်ခန္ဓာတွင်းသို့ မလေး၏ သွေးများ စတင် ဖြည့်လောင်းတော့သည်။

"မောင် ချစ်မြတ်နိုးလှပါတယ်ဆိုတဲ့ ပြည့်ရဲ့ 'ချစ်သွေး'တွေနဲ့ မောင့်အသက်ကို ပြည့် ကယ်လိုက်ပါပြီ မောင်၊ မောင် နေကောင်းလာရင် ပြည့်ကို ပိုပြီး တိုးပြီးတောင် ချစ်လာမှာ ပါနော်၊ သံသယတွေလည်း ပြီးပြေ လွင့်စဉ် ကုန်မှာပါနော် မောင်ရေ..."

* * *





## အခန်း(၄၀)

"ကိုမြင့်ထွေးမောင် ငြိမ်ငြိမ်နေပါ၊ ဆေးထိုးမယ်"

ဆရာမ၏အသံ အဆုံးတွင် ကိုထွေး၏ ငြီးငြူသံကို မလေး ကြားလိုက်ရသည်။

"သြော်...ကိုထွေးရယ်"

သွေးမရပါဘဲနှင့် အလူးအလဲ ဝေဒနာကို ခံစားနေရရှာသော ကိုထွေး၏ နောက်ဆုံး ငြီးငြူသံ သဲ့သဲ့လေးကို မလေး ကြားလိုက်ရသဖြင့် ရင်ထဲ၌ နင့်တက်လာမိသည်။

"သြော်၊ ပေးလို့သာ ရစတမ်းဆိုရင် မလေးရဲ့ သွေးတွေထပ်ပြီး ခွဲဝေပေးချင်ပါသေးတယ် ကိုထွေးရယ်"

"ဖြစ်များ ဖြစ်နိုင်ရင် အဖြူရောင်မေတ္တာတွေနဲ့ ကိုထွေးကို မလေးရဲ့ အသည်းနှလုံးများတောင် ထုတ်နှုတ်ပေးလိုက်ချင် ပါရဲ့ကွယ်"

"မလေး ကိုယ်ခန္ဓာက အသွေးအသား အသည်းနှလုံး များကို ထုတ်နှုတ်မျှယူပြီး ပထမ မောင့်အတွက်၊ ဒုတိယ ကို ထွေးအတွက် အဖြစ်နဲ့ မလေးလေ ကြည်ကြည်ဖြူဖြူ ပေးလှူ ချင်ပါရဲ့ရှင်"

ခုတော့လေ...

"ခွင့်လွှတ်ပါ ကိုထွေးရယ်"

"တမလွန် ဘဝကနေဖြစ်ဖြစ် မလေးကို ခွင့်လွှတ်ပါတော့..."

* * *



www.burmeseclassic.com

www.burmeseclassic.com



ပိုက်များကို ဖြုတ်သိမ်းပြီးချိန်တွင် မလေး၏မျက်ဝန်း၌ မျက်ရည်စများနှင့်ပါ။

သွေးပေးဆက်ခြင်း ကိစ္စ ပြီးစီးသွားလေပြီ။ ချင်းအမျိုးသား ဆရာဝန် 'ဒေါက်တာလမ်း(မ)ဇ'သည် မောင့်ကို နားကြပ်ဖြင့် ထောက်လျက် သွေးခုန်နှုန်းများ တိုင်းထွာလျက်ဖြင့် အရေးတကြီး ပြုစုစောင့်ရှောက်နေရှာသည်။

"ညောင်းလှရောပေါ့၊ အပြင်မှာ သွားနားနေပါ"

ဆရာမလေး ဗုန်နန်၏ စကားအတိုင်း မလေးမှာ လူနာခန်း၏ အပြင်သို့ ထွက်ခဲ့ရသည်။ မောင် သတိ မရသေး၍ မလေးစကားပြောခွင့် မရသေးပါ။ မောင်သည် အသက်ကို ပြင်းပျစွာ ရှူရှိုက်နေရဆဲပါ။

ကိုထွေးကို မမြင်ရတော့။ ကန့်လန့်ကာ အဖြူ၏ ဟိုမှာဘက် ခုတင်တွင် ကိုထွေး ရှိနေသည်။

"အရာရာမှာ ကံကြမ္မာဆိုးလွန်းတဲ့ ကိုထွေးရယ်၊ မောင် နဲ့မှ တိုက်တိုက်ဆိုင်ဆိုင် ယှဉ်ပြီး ဖြစ်ရလေခြင်းကွယ်"

မောင့်အတွက် စိတ်အေးသွားသော်လည်း ကိုထွေးအတွက် 'ဖြစ်ရလေခြင်း'များစွာဖြင့် မလေးမှာ အားနည်းယိုင်နဲ့စွာဖြင့် အခန်းပြင်ဘက်သို့ လှမ်းလာခဲ့ရသည်။

အပြင် ခုံတန်းလျားတွင် ထွေးအောင်ပြည့်မှာ အိပ်ပျော်နေရှာပြီး ကံခေရှာလွန်းသော တူလေးဘေးတွင် မလေး ဝင်ထိုင်လိုက်ရသည်။ ကိုထွေးအတွက် မကြားရက်သော သတင်းစကား များသည် မကြာမီမှာပင် ကြားနာလာရတော့မည်ဟူ၍ မလေး စိတ်လေးလှပါပြီ။

ဆေးရုံ၏ အပြင်တွင် မြူနှင်းငွေ့တို့ သိပ်သည်းလာချေပြီ။ နေ့သည် အိုမင်းပြီး ခန္ဓာကြွေခါနီးလေပြီ။ မှိုင်းညို့သော အမှောင်သည် မကြာမီမှာပင် မလေးတို့၏ ဝန်းကျင်တစ်ခုလုံး ကို ဝါးမြိုပစ်တော့ မည်။

အပြင်လောကမှ မှိုင်းပျညိုမှောင်နေသည်ကို ကြည့်ပြီး မလေး၏





ရင်၌လည်း ကမ္ဘာပျိုတော့မတတ်ပါ။

"ဖေ...ဖေကြီးရေ"

ထွေးအောင်ပြည့် လူးလွန့် နိုးထလာသည်။ သူ့ အသိ ဉာဏ် ပြန်ဝင်သည်နှင့် ဖခင်ဟူ၍ သူ သံယောဇဉ်ကြီးခဲ့ရှာသော သူ့ဖေဖေ ကိုထွေးကို တမ်းတ၍ ငိုရှိုက်လာတော့သည်။

"ကလေးကို ကိုထွေးနဲ့ မဆုံပေးတော့ဘူး၊ မပြတော့ဘူး၊ ငါကိုယ်တိုင်လည်း မကြည့်ရဲတော့ပါဘူးကွယ်"

"ကိုထွေးဟာ ငါ့ သွေးမရလို့ သေဆုံးသွားရရှာတယ်ဆိုတဲ့ အဖြစ်က ငါ့ဘဝကို အသက်နဲ့အမျှ ချောက်လှန့်နေတော့မှာပါ ကိုထွေးရယ်၊ အရာရာမှာ ကံကြမ္မာက မျက်နှာသာမပေးခဲ့တဲ့ ကိုထွေးကို မလေး သနားလှပါတယ်ကွယ်"

မောင့်ကို ထိုက်တန်သော မလေး၏သွေးများ ပေးပြီး၍ မောင့်အတွက် ရင်ငြိမ်းအေးသွားရပါလေပြီ။ မောင့် အတွက် အေးငြိမ်းမှု ရရှိပြီးသည်နှင့် ကိုထွေးအတွက် ပူလောင်လှသော ကရုဏာမုန်တိုင်းတို့ မလေး၏ အသည်းအိမ်ကို ဝိုင်း၍ ချေ ဖျက်ပါတော့မည်။

"ဒေါ်ပြည့်ပြည့်ဖြိုး၊ လာပါ၊ မြန်မြန်လာပါ"

"ဟင်...ဘာ...ဘာဖြစ်လို့လဲ"

မလေးမှာ ဆရာမလေး နောက်က ဘာမှန်းမသိဘဲနှင့် ပြေးလိုက် သွားရသည်။

"ဆရာရဲ့ဇာလင်း အခြေအနေ မကောင်းဘူး"

"အို..."

မလေး အခန်းတွင်းသို့ ပြန်ရောက်သွားသည့်အခါ ဆရာဝန် ကိုယ်တိုင် ခုတင်ပေါ်သို့တက်၍ မောင့်ရင်ကို ထောက်ဖိထား သည်။ နှလုံးသားနေရာကို ဖိနှိပ်ဆုပ်နယ်နေသည်။

မောင် အသက် ပြန်ရှူလာရန် ဆရာဝန် အစွမ်းကုန် ကြိုးပမ်းနေ ရှာသည်။ မောင့်ရင်သည် မြင့်မောက်လာရာမှ ငြိမ်ကျသွား တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထပ်မံ၍ မြင့်မောက်မလာတော့။ ဆရာဝန်သည် အတန်ကြာသည့်တိုင် မောင့်ရင်ကို ဖိထားပြီးမှ မောင့်လက်ကို ယူ၍ သွေးစမ်းလိုက်သည်။

"အများကြီး ဝမ်းနည်းပါတယ် မစ္စစ်ရဲဏီလင်း"

"ရှင်...ရှင်"

"သွေးရပေမယ့် ဒဏ်ရာရသွားတဲ့ သူ့ နှလုံးသားက ဖောက်ပြန်လာလို့ ကျွန်တော် ဘယ်လိုပဲ ကြိုးစားပေမယ့်..."

"အမယ်လေး...မောင်...မောင်...မောင်... အသက်မရှိတော့ဘူး...အာ..."

မလေးမှာ အရူးမလေးသဖွယ် မောင့်ထံသို့ ခုန်ပြေးမိသည်။ သက်မဲ့ခန္ဓာနှင့် မောင့်မျက်နှာတို့ကို ပွေ့ဖက်ထိတွေ့ရင်း ပြင်းထန်လိုက်လှဲစွာ ငိုရှိုက်ရပါပြီ။

"ပြည့်ကို ချစ်လှပါတယ်ဆိုတဲ့ မောင်ရယ်၊ ဖြစ်ရလေ ခြင်းကွယ်"

"ပြည့်ကြောင့်များလား၊ ပြည့်ကြောင့်များ မောင် သေရတာလားဟင်၊ ပြည့်ကို ခွင့်မလွှတ်နဲ့၊ ပြည့်ကို ခွင့်မလွှတ်ခဲ့နဲ့၊ ပြည့်ကို ချစ်ရှာလွန်းတဲ့ မောင်...မောင်...မောင်ရေ..."

* * *

"သားသား...ဒီမှာ အန်တီလေး"

"ဟင်...ထွေးအောင်ပြည့်"

"သား ဖေကြီးဆီမှာ၊ ဖေကြီးနဲ့ သား အိပ်မယ်နော်၊ အန်တီလေး"

ပတ်တီးများ ဖြူဖွေးနေသော ကိုထွေး၏ လက်ဖြင့် ထွေးအောင်ပြည့်ကို သိုင်းဖက်ထားရှာသည်။

ဝေဒနာ ခံစားနေရရှာသော်လည်း ကိုထွေး၏ မျက်နှာ ဖြူဖျော့မနေတော့ပါ။ သွေးရောင် လွှမ်းလျက်ပါ။ တောက်ပသော မျက်ဝန်းများဖြင့် မလေးနှင့် ထွေးအောင်ပြည့်ကို တစ်လှည့်စီ ကြည့်နေသည်။





မလေးမှာ ကိုထွေး၏ ခုတင်ခြေရင်းတွင် ကျောက်ရုပ်တု တစ်ခု တောင့်မတ်စွာ ရပ်နေမိသည်။ ကိုထွေးက အားယူပြီး ထထိုင်သည် ထွေးအောင်ပြည့်လေးက ရွှင်မြူး အားရစွာဖြင့် သူ့ ဖေကြီးကို ကူ ထူတွဲပေးရှာပါ၏။

"သိပ် စိတ်ပင်ပန်းနေလား မလေးရယ်"

"ကိုထွေး"

မလေးမှာ ခုတင်၏ ခြေရင်းတန်းကို အင်အားနှင့် ဆုပ်ကိုင် အက်ကွဲသော အသံနှင့် ခေါ်လိုက်ပြီးမှ...

"မောင်သေရတာ တို့ကြောင့်...တို့ကြောင့်များလားဟ ကိုထွေး"

"ထိုင်ပါဦး မလေး၊ နှင့် စိတ်တွေ တည်ငြိမ်အောင် နည်းနည်း လေး ထိန်းသိမ်းလိုက်ပါဦးကွယ်၊ သား အန်တီလေးကို တွဲခေါ်ခဲ့ ဒီခုံမှာ ထိုင်ခိုင်းနော်"

မလေးမှာ အသိဉာဏ် ကင်းမဲ့နေသောသူပမာ ခန္ဓာသည် သ ရွေ့လျားလာပြီး ခုံပေါ်သို့ ထိုင်လိုက်ရသည်။ ကိုယ့်ကိုယ် ကိုဘာလုပ် ဘယ်လို ရွေ့လျားနေမိမှန်း မသိ။

"မလေး"

"မောင် သေရတာ ငါ့ကြောင့်လား...ငါ့ကြောင့်လားဟင်"

"မဟုတ်ဘူး မလေး၊ မဟုတ်ပါဘူးကွယ်"

ကိုထွေးက သူ့အနာများကို အံ့ခဲ မဲတင်း၍ မလေးနား သို့ တိုးကပ်လာသည်။

"မလေးဟာ ဗုဒ္ဓဘာသာကို သိပ်ပြီး သက်ဝင်ယုံကြည်ပါ မိန်းကလေးပါ၊ 'ကံ'ဆိုတဲ့ တရားကို အမြဲတမ်း လက်ခံရတဲ့ တရားပ မလေး၊ ဒီတော့ ကိုရဲဏီလင်း သေဆုံးရခြင်းဟာ သူ့ ကံတရား ကြောင့်ပါလို့ မလေး အခိုင်အမာ ယုံကြည်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"မလေးကြောင့် ဖြစ်ရလို့ မလေး မောင့်ကို သနားလှတယ် ကိုထွေးရယ်"

"မလေးချစ်ထိုက်တယ်ဆိုတဲ့ ခင်ပွန်းသည်ကို သနားပါ လွမ်းပါ မလေး၊ ဒါပေမယ့် သူ သေဆုံးရခြင်းဟာ သူ့ရဲ့ အတိတ်ကံက စီမံတဲ့အတိုင်း ဖြစ်သွားရတာပါ၊ သူ့ရဲ့ အသက်ရှင်သန်မှုဟာ ဒီနေ့ ဒီရက်ထိသာ ပါလာတယ် ဆိုတာ မလေး ခိုင်မာစွာ စွဲမှတ်ပါကွယ်"

မလေး ဘာမှ မပြောနိုင်၊ မျက်ရည်များသည်သာ အိုင်ထွန်း မတတ် အဆက်မပြတ် ကျဆင်းနေတော့သည်။

"ဖြစ်ချင်တော့ ဒီကားမှ တို့နှစ်ယောက် ရွေးပြီး စီးမိကြကယ်၊ သူက မသိပါဘူး၊ ငါကတော့ တွဲတေးမှာ မြင်ဖူးလို့ သူ့ကိုသိနေပါပြီ"

ကိုထွေး စကားစပြတ်ပြီး ရပ်နားပြီးမှ...

"ဩော်...မလေး"

"ဟင်..."

"နင် တစ်ခု ဖြေသာနိုင်စရာ ရှိပါသေးတယ်ကွယ်"

"ဘာလဲ"

"မလေးရဲ့သွေး သူ့ကို ပေးခွင့်ရလိုက်သေးတယ်ဆို..."

"အင်း..."

"ကိုယ့် လင်သားအတွက် မလေးရဲ့ အမြင့်မြတ်ဆုံးသော ပူဇော် လိုက်ရခြင်းပါ မလေး၊ ဒီတစ်ချက်နဲ့ပဲ မလေး ဖြေသာ ထိုက်ပါတယ် ကွယ်"

ကိုထွေးနှင့် မောင်တို့နှစ်ယောက်ကို သွေးပေးရေးအတွက် မလေး၏ ရင်မှာ ယှဉ်ပြိုင်တိုက်ခိုက်ရသည့်အကြောင်း၊ နောက်ဆုံး မောင့်ဘက်က အလေးသာ၍ မောင့်အသက်ကိုသာ ကယ်ယူခဲ့ရသည့် အကြောင်းများကိုမူ ကိုထွေး မသိရှာ။

"ကံတရား ဆန်းကျယ်ပုံကိုကြည့်ပါ၊ ငါဟာ မျက်နှာ စိမ်းပါ၊ ငါ့အတွက်လည်း သွေးလိုကောင်း လိုမှာပါပဲ၊ ဒါပေမယ့် ငါ့ရဲ့ သွေး





အမျိုးအစားကို မသိ၊ ငါ ဘယ်သူမှန်းမသိလေတော့ ငါ့ထက် ကိုရဲ ဇာလင်းကို သူတို့ ပို့ပြီး ပူဇော်ခွင့် ရသွားကြတာပေါ့လေ၊ ဇနီးသည်ရဲ့ သွေးကိုလည်း သူ အချိန်မီ ရသွားနိုင်သားပဲ မလေးရယ်၊ ဖြေပါကွယ်"

"ဟင်း..."

"ဒါပေမယ့် ငါ ပြောသလို သူ ကံကုန်လို့သာလို့ မလေး မှတ်ယူပါ၊ ငါ့ဒဏ်ရာက သူ့လို အတွင်းပိုင်းအထိ မထိခိုက်ခဲ့လို့ ထင်ပါရဲ့၊ အပြင်ပန်း မြင်မကောင်းတာပဲ ရှိမယ်၊ သွေးမရပေမယ့် ဆရာဝန်များရဲ့ ပြုစုမှုလေးနဲ့သာ ငါ မသေခဲ့ရတာ၊ ငါ့ရဲ့ ကံတရားပါ၊ မလေး ဒီမှာ..."

"အင်..."

"ကိုရဲဇာလင်းအတွက် နင် လွမ်းပါ၊ ငိုပါ၊ နင့်ဆန္ဒအ သူ့အတွက် ပူဇော် လုပ်ကိုင်နိုင်ပါတယ် မလေး၊ ဒါပေမယ့် မလေးကြောင့် သူ သေရတာပါဆိုတဲ့ အစွဲကြီးကိုတော့ ဖြုတ်လိုက်ပါတော့နော်"

ကိုထွေး ပြောသလိုပင် ဖြစ်မည် ထင်ပါသည်။ မောင့်ကို သွေးပေးရန် ရွေးလိုက်ခြင်း အတွက် မောင့် အား...ခြင့် စိတ်ချရလေပြီ။

ကိုထွေး သေဆုံးမည်မှာ သေချာခဲ့ပါပြီ။ သည်အခါတွင်လည်း သခုလိုပင် မလေးရင်၌ မြည်တမ်းနေမိပါလိမ့်မည်။

"ကိုထွေး သေရတာ ငါ့ကြောင့်ပါ"ဟူ၍...

အပြင်တွင် မှောင်စပြုနေပြီမို့ မလေးမှာ အားခဲ၍ မျက်ရည် များကို သုတ်ပြီး...

"ဆရာမလေး ဗုန်နန်က သူ့အိမ်မှာ လိုက်အိပ်ဖို့ ခေါ်တယ်၊ သွားသား၊ အန်တီလေးတို့ ပြန်ကြပါစို့ကွယ်"

"ဟင့်အင်း...ပြန်ဘူး...ပြန်ဘူး... ဖေကြီးနဲ့ပဲ အိပ်မယ်"

ထွေးအောင်ပြည့် အော်ငိုသည်။ ကိုထွေးကိုလည်း မလွှတ်တမ်း ဖက်တွယ်ထားလျက်ပါ။

"ဩော်...ကိုထွေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်၊ ပြောပါ မလေး"

"အစ်ကိုအောင်ဒင်လည်း တိုက်ပွဲမှာ ကျသွားပြီ"

"ဟာ..."

ကိုထွေးက သားလေးကို ပြန်လည်၍ တင်းကြပ်စွာ ဖက်တွယ်ထားလိုက်ပြီး...

"သား...သားကို ငါပဲ ပြန်ခေါ်ထားပါတော့မယ် မလေးရယ်..."

"ဒါဖြင့် မလေး သွားတော့မယ်"

"မလေး..."

"ဟင်..."

"တို့သားအဖ မလေးရဲ့ဘဝကို ကူညီခွင့်လေးများ ပေးနိုင်မယ့်နေ့ကျရင် ပြေးလာခဲ့ပါရစေ မလေးရယ်နော်"

ဆေးရုံ၏ အပြင်ဘက်တွင် အမှောင်ထုက သိပ်သည်း နေသည်။ တီတီဆိတ်ခြင်းက လွှမ်းမိုးနေ၏။

"အပြင်မှာ သိပ်မှောင်နေပြီ ကိုထွေး"

မလေးက ရှားကန့်စွာ ထရင်း ပြောကြားသည်။

"မလေးရဲ့ ဘဝဟာလည်း ဒီလိုပဲ မှောင်အတိကျခဲ့ရပါပြီ၊ မလေးအတွက် ကိုထွေးတို့ သားအဖဟာ အလင်းရောင် ဖြစ်လာတန်ကောင်းပါရဲ့ကွယ်"

တရွေ့ရွေ့လှမ်းသွားသူ မလေး၏ နောက်ပိုင်းကို ကြည့်နေသော ကိုထွေးနှင့် ထွေးအောင်ပြည့်တို့မှာ မလေး ပြန်လာမည့် မျက်နှာစာလမ်းကို မျှော်လင့်ခြင်း ကြီးမားစွာဖြင့် တမ်းတရင်း၊ စောင့်စားရင်းဖြင့်သာ...။ ။

ပြီးပါပြီ။

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)

၁၉၇၇၊ မတ်လ ၂၂ ရက်



www.burmeseclassic.com